

# ဦးရာဇ်မြေမဂ္ဂဇင်း

## လက်ရွေးစင်ဆောင်းပါးများ

ဦးဦးသာထွန်း

# ဦးရာဇ်ဓါတ်စေတီတော်

ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ်)

ဦးရာဇ်စေတီတော်သည် ဓညဝတီ ရက္ခိုင်ပြည် ဂစ္ဆပနဒီမြစ် အနောက်ဘက် ကမ်းခြေ၊ သေလပိဋ္ဌပဗ္ဗတ တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ မြတ်စွာဘုရား၏ ဦးရာဇ်တော်ဓါတ်မြတ် ကိန်းဝပ်၍ ဦးရာဇ်တောင်စေတီဟု ခေါ်တွင်သည်။ မည်သည့် အချိန်မှစ၍ ခေါ်တွင်ခဲ့သနည်း။ ဓညဝတီခေတ်မှစ၍ ခေါ်တွင်ခဲ့သည်။ ယင်းခေတ်တွင် မည်သည့်မင်း၊ မည်သည့်သက္ကရာဇ်မှစ၍တည်ခဲ့သနည်း အစရှိသောမေးခွန်းများ ကို အကြင်သူတို့သည် မေးမြန်းကြသည်ရှိသော် မည်သို့ဖြေကြားမည်နည်း။ သူတစ်မျိုး ငါတစ်ဖုံ တွေ့ရာသောင်းပြောင်း ပြောဆိုနေကြမည်။ ယခုခေတ်သည်ကား စာပေ ပညာရှင်များ ထွန်းကားသောခေတ်ဖြစ်၏။ ယင်းကြောင့် ခေတ်မီသမိုင်းသုတေသီတို့ သည် သုတေသနနည်း၊ ယုတ္တိဗေဒနည်းတို့နှင့်ညီအောင် ဆန်းစစ်လေ့လာကြသည်။ သမိုင်းရုပ်ကြွင်း၊ သမိုင်းမှတ်တမ်းများနှင့် အထောက်အထားတို့နှင့် ညှိနှိုင်းတိုက်ဆိုင် ပြီးမှ ယုံကြည်ကြသည်။ ရက္ခိုင်သမိုင်းသုတေသီများသည်လည်း သမိုင်းများကို ရွှေပြား၊ ငွေပြား၊ ကြေးပြားစာ၊ ကျောက်စာ၊ ပေစာ၊ ပရပိုက်စာ စသည်တို့ဖြင့် အဆင့်ဆင့် လက်ဆင့်ကမ်း၍ ရေးကူးမှတ်တမ်းတင်ခဲ့ကြသည်။ ကာလကြာညောင်း သဖြင့် မှတ်တမ်းစာပေများ ပျက်စီးဆုံးပါးခြင်းများ ရှိနေကြသည်။ ကျောက်အဆောက်အအုံ ကြီးတို့မှာ ပျက်စီးယိုယွင်းနေကြငြားသော်လည်း ငါတို့သည် သမိုင်းမှတ်တိုင်ကြီး အနေဖြင့် ရှိနေကြသေးသည်ဟု မားမားစွင့်ကာ တည်ရှိနေကြသည်။ မြေအောက်မှ မှတ်တိုင်ရုပ်ကြွင်းများသည်လည်း တဖြည်းဖြည်းပေါ်ထွက်နေကြဆဲဖြစ်သည်။ ယင်းတို့ အထဲတွင် ဦးရာဇ်စေတီတော်မြတ်ကြီးမှာလည်း ဂစ္ဆပနဒီမြစ်ဝတွင် မားမားရပ်၍ တည်ရှိ ပါဝင်နေသည်။ သမိုင်းကြောင်းကို ခြေရာကောက် သုတေသနနည်းဖြင့် ကောက်ယူခဲ့သော် သမိုင်း အဆင့်ဆင့် အဆိုအားဖြင့် ဤသို့တွေ့ရှိရပါသည်။

သာသနာတော် သက္ကရာဇ် ၂၁၈ခု(အေဒီ ၃၀၀)ကျော်တွင် စေတီပေါင်း ရှစ်သောင်းလေးထောင်ကို တည်ထားတော်မူခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် ရှင်မဟာတိဿနှင့် အရှင်ဘာကုလတို့အား ဓါတ်စေတီတော် လေးဆယ့်ရှစ်ဆူတို့ကို  တည်ထားရန်လျှောက်ထားသဖြင့် ဓညဝတီသို့ ကြွလာတော်မူကြလေသည်။ ဓညဝတီပြည်ရှင် သူရိယစိတ္တယမင်းကြီးက ဗျာဒိတ်ဝင်ဓါတ်စေတီကို ဗျာဒိတ်ဝင်နေရာ လေးဆယ့်ရှစ်ဌာနတွင် ရဟန္တာများ ညွှန်ပြ၍တည်ထားတော်မူလေသည်။ ယင်းအခါမှ စ၍ ဦးရာဇ်ဓါတ်စေတီမြတ်တို့ ပါဝင်ခဲ့လေသည်။

သူရိယမင်းဆက်များ အဆက်ဆက်တို့ ပူဇော်ခဲ့ကြပြီးနောက် ဝေသာလီကျောက် လှေကားမြို့တော် မဟာသူရိယတိုင်းစိုင်းဒြား (ဒွေဥ္စန္ဒရား) မင်းသည် အေဒီ ၄ရာစု အစပိုင်းတွင် ထပ်မံပြုပြင်ခဲ့လေသည်။ ထို့နောက် နီတိ၊ ပြီတိ ဝီရစသော စိုင်းဒြား မင်းဆက်များ ပြုပြင်ပူဇော်ခဲ့ကြလေသည်။ ပထမခေတ်တွင် စတူပါပုံစံမျိုးဖြစ်သည်။ တစ်ဆင့်စီ တစ်ဆင့်စီ သူ့ခေတ်နှင်သူ ပုံစံအမျိုးမျိုးပြောင်းလဲလာသည်။ မြောက်ဦး ခေတ်သို့ရောက်ရှိလာသောအခါ ဂဇပတိ မင်းစောမွန်သည် (အေဒီ ၁၅၂၁ခု ကောဇာ သက္ကရာဇ် ၈၈၃)ခုတွင် ထပ်မံပြုပြင်သည်။

သက္ကရာဇ် ၉၄၁ခု၊ အေဒီ ၁၅၇၉ခုတွင်၊ ဘုရင်မင်းဖလောင်းကြီးသည် ပန်းရံတော် တစ်ထောင်တို့နှင့် ကျောက်တုံးကျောက်ခဲကြီးတို့ဖြင့် တည်ဆောက်တော်မူ လေသည်။ သမိုင်းအဆိုအရ မင်းလံ ၈ဝလုံးပတ်တော် ရှိသည်ဟု ဆိုသည်။ မြေပေါ်အမြင့်ကဲ့သို့ မြေအောက်ဌာပနာစေတီကိုလည်း အတူတူပြုတော်မူသည်ဟုဆိုသည်။

ယင်းကြောင့် သက္ကရာဇ် ၉၅၃ခု၊ တန်ခူးလဆုတ် (၁)ရက်၊ တနင်္ဂနွေနေ့၊ အေဒီ ၁၅၉၁ခုတွင် ဌာပနာသွင်း၍ အောင်မြင်ပြီးစီး ရေစက်သွန်းချခဲ့သည်ဟုဆို သည်။ သက္ကရာဇ် ၁၀၁၀ အေဒီ ၁၆၄၁ခုတွင် သတိုးမင်းတရား ပြုပြင်သည်။ သက္ကရာဇ် ၁၀၅၀၊ အေဒီ ၁၆၈၈ ခုတွင် ဝရဓမ္မရာဇာမင်း ပြုပြင်သည်။ သက္ကရာဇ် ၁၀၇၂ခု၊ အေဒီ ၁၇၁၀ခုတွင် ဘုရင်စန္ဒဝိဇယရာဇာ ထပ်မံပြုပြင်ခဲ့သည်။ ၁၁၄၆ခု၊ အေဒီ၁၇၈၄ခုတွင် ရက္ခိုင်ပြည် ပျက်စီးပြီးနောက် ပြုပြင်မည့်သူ မရှိဘဲ ပျက်စီးနေခဲ့ သည်။

သက္ကရာဇ် ၁၂၄၀၊ အေဒီ ၁၈၇၈ခုတွင် စစ်တွေမြို့၊ မောလိပ်ရပ်မှ (စစ်တွေခရိုင် မောလိပ်) ရပ်ကွက်ဟူ၍လည်း တွေ့ရှိရသည်။ ဇရပ်တကာ ဦးမောင်ချင်းတောင်၏ဇနီး မမြတ်ဦးက ထပ်မံပြုပြင်လှူဒါန်းခဲ့ကြောင်း၊ ဇရပ်တကာ ဦးမောင်ချင်းတောင် ကွယ်လွန်အနိစ္စရောက်သဖြင့် မိမိလင်အား ရည်မှန်း၍ ငွေတစ်သောင်းငါးထောင်ကျော် အကုန်အကျခံကာ ရွှေချပူဇော်ခဲ့ကြောင်း စသည်တို့ကို ရေးထိုးထားသော ကျောက်စာချပ်ကြီးတစ်ချပ် တွေ့ရှိခဲ့သည်။ စေတီတော်ကြီး၏အရှေ့ဘက် သူတို့၏ဇရပ်အနီးတွင် စိုက်ထူထားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗုံးထိမှန်၍ ပျက်စီးခဲ့ သည်။ ဤကျောက်စာ၏အဆိုအရ ဇရပ်တကာမ၊ မမြတ်ဦးသည် အင်္ဂလိပ်အစိုးရ လက်ထက် ထပ်မံပြုပြင်မွမ်းမံခဲ့ကြောင်း တွေ့ရှိရသည်။ မမြတ်ဦး၏ကျောက်စာ အကျိုးအပဲ့များကို ဆက်စပ်၍ ၁၉၄၇ခုတွင် စာရေးသူကိုယ်တိုင်ဆက်စပ်ရေးကူး ခဲ့သည်။ မူရင်းကျောက်စာ ပြီးစီးပြီးဖြစ်သော်လည်း သမိုင်းလေ့လာသူများအတွက်လည်းကောင်း၊ စာပေဝါသနာရှင်များအတွက်လည်းကောင်း၊ အပြီးအပြတ် ပျောက်ကွယ်ဆုံးရှုံးသွားရန် မသင့်သဖြင့် မူရင်းကို တင်ပြရခြင်းဖြစ်ပါသည်။

ဦးရာဇ်တောင် မဟာစေတီတော်မြတ်ဘုရား

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သံဃေနသဟဿ ယောရဋ္ဌံ၊ သဒ္ဓမ္မာသာသကာရဏံ၊ အနေက ဝါရဟံ တွာသဒ္ဓါတိဌတုသာသနံ။

ယောဇိနော၊ ငါးပါးအောင်မြင်၊ ဘုရားရှင်သည်၊ ရဋ္ဌံ၊ သုနာပရာန်၊ ကမ္ဗောဇ၊ နာမဝှန်းလှိုင်း၊ ဗြဟ္မာတိုင်းသို့၊ သံဃေန၊ ထေရ်မြတ် အရိယာ၊ သံဃာတော်နှင့်တကွ၊ အနေကဝါရံ၊ အကြိမ်များစွာ၊ အာဂန္တွာ၊ ကြွလာတော်မူ၍၊ သဒ္ဓမ္မာ၊ သာသကာရဏံ၊ သူတော်ကောင်းတရား၊ သုံးပါးသာသနာ၊ ထွန်းလင်းရာသောအကြောင်းကို၊ အကာပြုတော်မူလေပြီ၊ တာသဇိနဿ ထိုငါးပါးအောင်မြင်၊ ဘုရားရှင်၏၊ သာသနံ၊ မြင့်ရှည် နောက်နောင်၊ ငါးထောင်ပိုင်းခြား၊ ထားခဲ့မိန့်မှာ၊ သာသနာတော်မြတ်သည်၊ သဒ္ဓါ၊ အခါခပ်သိမ်း၊ တိဌတု၊ ထွန်းပရွှန်းဝေ၊ တက်သည့်နေသို့၊ ကြေညာအံ့နှီး၊ ပွားကြီး မြင့်မြတ်၊ တည်လတ်တော်မူသတည်း။

မင်္ဂလာတဆောင်၊ ထွန်းလင်းပြောင်စိမ့်၊ ခြောက်ရောင်ပြိုးပျက်၊ လျှပ်နယ် လက်သား၊ အထက်စိုးစွင့်၊ ဘဝဂ်မိုးမြင့်၊ ကိုးဂုဏ်ပွင့်၍၊ လေးဆင့်ဗဟိဒ္ဓိ၊ ရှိန်းရှိန်း ညိသား၊ မြတ်ဘုရား၏၊ တည်ထားသာသနာ၊ ငါးထောင်သာဝယ်၊ မြင့်ကြာရှည်စေ၊ ပန္နက်ချွေ၍၊ ထုထွေမှံ့လစ်၊ သက္ကရာဇ်လေးဆယ်၊ ပြည့်ကြွယ်မလွန်၊ အမွန်ကဲလှိုင်၊ ရခိုင်ပြည် ဓညဝတီ၊ သာစည်ပြန့်မှီး၊ တိုင်းပြည်ကြီး၌၊ သိမ်းပိုက်အဝင်၊ မည်တွင်ရန်နှိပ်၊ အင်္ဂလိပ်မင်း၊ ထပ်လျှဉ်းမသွေ၊ ပြုပြင်ပေသော၊ စစ်တွေမြို့ဝင်ပါ၊ မောလိပ်ဆိုသည့်၊ ဈေးဟောင်းရွာ၌၊ မွေးပိုက်မှန်စွာ၊ သဒ္ဓါသီလ၊ သုတစာဂ၊ ပညာဟီရိသြတ္တပ္ပ၊ စွန့်နှစ်ဖြာမှံ့လှ၊ မြတ်ဓမ္မကို၊ နိစ္စမသွေ၊ စောင့်စွဲနေသော၊ ဇရပ်တကာ၊ သဒ္ဓါပြည့်ဆောင်၊ မောင်ချင်းတောင်သည်၊ လူ့ဘုံဘဝ၊ စုတိကျ၍၊ ကြင်စဇနီး၊ ရှုမငြီးသည့်၊ မယားကြီး ကျော့မှူး၊

မမြတ်ဦးက၊ ကြည်နူးလှပါ၊ စေတနာနှင့်၊ နောင်ဝံသရာ၊ ကျိုးများစွာကို၊ တည်ပါရစ်စေ၊ ဇောစိတ်ချွေ၍၊ သေသူကိုယ်စား၊ ဖြစ်စေသားဟု၊ မိဌာန်ပြုသည်၊ နောင်သုံးလူထွေ၊ သမ္ဗုဒ္ဓေ၏၊ ရွှေကိုယ်တော်စား၊ ရုပ်ပွားတော်စစ်၊ ဦးရာဇ်တောင်ပေါ်၊ စေတီတော်မြတ်၊ သုံးလူနတ်ကို၊ နောင်မှတ်အစွန့်၊ ရှည်စေညွှန့်သာ၊ စိတ်ဝယ်ထား၍၊ ရွှေသားမွမ်းမံ၊ ထပ်ရံစုဆောင်း၊ သပြာပေါင်းရေ၊ ကုန်လေအကြောင်း၊ သောင်းငါးထောင်ကျော်ကုန်၊ လှူတုံခမ်းနား၊ စွန့်ကြဲပြန့်ပွား၊ အကျိုးအားကြောင်း၊ ပြောင်းသွားဘဝ၊ စုတိကျသည်၊ မောင်လှသက်ဝေ၊ ရွှေပြည်နိဗ္ဗာန်၊ သာထူးလွန်သည်၊ ပြည့်မွန်မှန်စွာ၊ နိဗ္ဗုတာသို့၊ ရောက်ပါစေကြောင်း၊ ဇောကောင်းမှန်စွာ၊ လှူတန်းရာသား၊ အကျိုးအားကြောင့်၊ လေးဝအပွါယ်၊ သုံးသွယ်သောကပ်၊ ငါးရပ်ရန်သူ၊ မပြုဝှန်ရှောင်း၊ သူတော်ကောင်းတို့၊ အလောင်းတကာ၊ တောင်ဘုံရာသား၊ ရေမြေသနင်း၊ မင်းဧကရာဇ် မှစ၍၊ တောင်ယာစံဒေဝီ၊ ဧသေနီ၊ ကေတညီ၊ ရွှေတညီ၊ ကြင်ဒေဝီ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်မတ်ရာ၊ သေနာပတိ၊ စရှိများစွာ၊ ဆရာ သမား၊ ဆွေဝါးမိတ၊ ညာတမိတ်ဆွေ၊ အိမ်နေသားချင်း၊ မယွင်းမှန်စွာ၊ ဝေဏေယျ သတ္တဝါတို့အား၊ ရညားပါစေ၊ အမျှဝေ၏၊ ဝသုန္ဒြေ၊ ဤမြေနတ်သား၊ တည်ပန်ကြား သည်၊ အများ သာဓု၊ သာဓုခေါ်စေသောဝ်။ ယခုအကျွန်ုပ်၊ အားထုတ်စိုက်မှု၊ ကြည်ဖြူ သဒ္ဓါ၊ စေတနာကြောင့်၊ ဉစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားမြင်းဆင်၊ လိုချင်ခပ်သိမ်း၊ မရိမ်းမှန်စွာ၊ ပြည့်စုံရာထွေ၊ ဝဏ္ဏေအဆင်း၊ ကောင်းခြင်းအသံ၊ ခြံရံတသီး၊ သားသမီး နှင့်၊ မညီးပြည့်စုံ လှူတံခမ်းနား၊ ကြီးမားမြင့်မြတ်၊ ဥဂ္ဂါတ်တိတိတ်၊ စိတ်သန္တေ၊ တည်နေ ရစေ၊ တောင်းဆုဝေ၏၊ တထွေထူးလည်၊ နတ်တို့ပြည်ဝယ်၊ လှူဘွယ်ဆန်းပြား၊ ပတ္တမြား စိန်ကျောက်၊ ဝင်းတောက်လျှံသိမ်၊ စွဲအိမ်ရွှေနန်း၊ စံခန်းမွေ့လျော်၊ စည်းစိမ် ပျော်၍၊ လူကျော်နတ်ကောင်း၊ ဖြစ်ရကြောင်းဟု၊ တောင်းဆုပန်ထွာ၊ လှူဒါန်းပါသည်၊ လျှင်စွာပြည့်စုံပါစေသောဝ်။ ။ နိဗ္ဗာန ပစ္စယော ဟောတု။

(ကျောက်စာ၏မူရင်းစာလုံးတို့သည် မန္တလေးတွင် ရေးထွင်း၍ မြန်မာအသံများ ဖြင့် ရေးထိုးထားသည်)။

နောက်ထပ်ပြုပြင်သူမှာ မြို့အုပ်ကြီး ဦးဘန်းဦး ခေါင်းဆောင်၍ ဦးရာဇ်တောင် မြို့နယ်တစ်ခုလုံး ရပ်ရွာများပါဝင်သော ဂေါပကအဖွဲ့ကို ဖွဲ့စည်းလျက် လုပ်ဆောင်ခဲ့ ကြသည်။ ၎င်းနောက် ဂေါပကအဆင့်ဆင့် ဖွဲ့စည်းလာခဲ့ရာ ဥက္ကဋ္ဌ ဦးရွှေသာဦးနှင့် ဦးမောင်ထွန်းဖြူတို့ ဦးဆောင်သော ဂေါပကအဖွဲ့က တန်ဆောင်းဇရပ်တို့ကို ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထီးတော်ကစ၍ သပိတ်မှောက်တိုင်အောင် ရွှေဆိုင်း ကပ်လှူတော်မူခြင်း ကိုလည်း ဆောင်ရွက်ခဲ့သည်။ ဦးရာဇ်တောင်ဘုရားကြီးသမိုင်းကို မြောက်ဦးမြို့သမိုင်းဆရာကြီး ဦးဦးသာထွန်းအား ပြုစုပေးရန် တောင်းဆို၍ (ဦးရာဇ်တောင်ဘုရားကြီးသမိုင်း) ကို ၁၃၁၃ခု၊ တန်ခူးလ၊ ရခိုင်ပြည် စာပုံနှိပ်တိုက် တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ယင်းအချိန်မှစ၍ ဂေါပကလူကြီးအဆက်ဆက်တို့သည် ယနေ့ထိ ပြုပြင်ပူဇော်နေ ကြဆဲဖြစ်သည်။ ဤဆောင်းပါး၌ အစပျိုးခဲ့သည့်အတိုင်း မည်သည့်ခုနှစ်၊ သက္ကရာဇ်တွင် မည်သည့်မင်း၊ မည်သည့် ဒါယကာတို့က စတင်တည်ဆောက်၍ အဆက်ဆက်ပြုပြင်လာခဲ့ကြောင်း အကျွန်သိသ၍ တင်ပြရပါသည်။

(သမိုင်းမှုကွဲများ ရှိနေသည်ကိုလည်း ညှိနှိုင်းကြပါရန် တောင်းပန်ပါသည်။)

ဦးဦးသာထွန်း<br>
ရခိုင်မြန်မာပဏ္ဍိတ်<br>
မြောက်ဦးမြို့

**<u>ကိုးကားသည့်ကျမ်းများ</u>**

၁။ ရခိုင်မဟာရာဇဝင်တော်ကြီး (ပေမူ)

၂။ ဝင်သုံးဆယ်ကျမ်း (ပေမူ)

၃။ မင်းဖလောင်းဓာတ်စဉ်သမိုင်းကျမ်း (ပေမူ)

၄။ ငမေရာဇဝင်(ပေမူ)

၅။ ရခိုင်မဟာရာဇဝင်တော်ကြီး ၊ ဦးသာထွန်းအောင် (ပုံနှိပ်မူ)

၆။ ရခိုင်ရာဇဝင်သစ်၊ ရမ်းပြဲတောင်ကျောင်းဆရာတော် (ပုံနှိပ်မူ)

၇။ မြောက်ဦးမြို့ ဦးဦးသာထွန်း၏ ဘုရားသမိုင်းနှင့် ဦးရာဇ်တောင်သမိုင်း (ပုံနှိပ်မူ)

၈။ ရခိုင်ပြည်သမိုင်း၊ ဒေါက်တာဖောချန်မာ (ပုံနှိပ်မူ-အင်္ဂလိပ်)

၉။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ (ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီထုတ်-ပုံနှိပ်မူ)

# ရခိုင်ပြည်ရောက် ယိုးဒယားသီချင်းများ

မောင်ကျော်ဇံ (မင်းပြား)

ရခိုင်တို့၏ ယဉ်ကျေးမှုဂီတ အနုပညာသည် အလွန်ရှေးကျသောခေတ်ကပင် ထွန်းကားခဲ့၏။ အထောက်အထားများအနေဖြင့် ဝေသာလီခေတ်၊ ယေဓမ္မာဂါထာတော် အကများကို တွေ့ရပါသည်။

ယင်းသို့အလွန်ရှေးကျသော ခေတ်များ၌ ရခိုင်ပြည်သို့ အိန္ဒိယယဉ်ကျေးမှု စောစီးစွာ ဝင်ရောက်ခဲ့သဖြင့် ရခိုင်တေးသံများသည်လည်း ဟိန္ဒီ၊ ဘင်္ဂါလီသံစဉ်များနှင့် ဆက်နွယ်နေသည်ကို တွေ့ကြရ၏။ အိန္ဒိယသံစဉ်ဆက်နွယ်သောတေးသံများသည် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်အစောပိုင်းကာလအထိ လွှမ်းမိုးခဲ့ကြောင်း ပင့်ကူအက၊ ပိုးဝါဖွဲ့စသော တေးများကို လေ့လာကြည့်က သိနိုင်လေသည်။

မြောက်ဦးခေတ်လယ်နှင့် ခေတ်နှောင်းပိုင်းတွင်ကား ရခိုင်ဂီတအနုပညာသည် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာပြီဖြစ်၏။ ယင်းခေတ်များ၌ဆိုခဲ့ပြီးသော တေးအဖွဲ့အနွဲ့များအပြင် ယိမ်း၊ ချင်း၊ နတ်ချင်း၊ ဒုံးချင်း၊ သိုင်းချင်း၊ ဝေစည်အက၊ ရတု၊ ရကန်၊ ဧ၊ အန် စသော ကဗျာဂီတများသည် အဘက်ဘက်မှ တိုးတက်လာခဲ့ပြီဖြစ်၏။

## မြောက်ဦးခေတ် ကပွဲများ

အနောက်နိုင်ငံသား၊ ဆီဘက်စတီယန်မန်နရိတ်၏ မှတ်တမ်းအရ သီရိသုဓမ္မရာဇာ ဘိသိက်ပွဲတွင် ဦးရာဇ်တောင်မြို့စား ထွန်းထန်စစ် ဘိသိက် မင်္ဂလာအခမ်းအနား (ပထမနေ့ ညစာစားပွဲ)၌ ကချေသည်နှစ်ဆယ့်လေးယောက်ဖြင့် ကပြဖျော်ဖြေကြောင်း၊ ထူးခြားသည်မှာ ရာဇဘိသေက မင်္ဂလာနေ့၌ ထီးသုံးနန်းသုံးသီချင်းကြီးများဖြင့် သီဆိုကပြကြောင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ယိုးဒယားသီချင်းကြီးများ ပါဝင်ကြောင်းနှင့် ဆိုထားပေသည်။

ဤအချက်အလက်များကို ကြည့်လျှင် ယိုးဒယားသီချင်းကြီးများသည် မြောက်ဦးခေတ်တွင် အတော်အတန်ရေပန်းစားနေပြီဟု ဆိုနိုင်လေသည်။ သို့ရာတွင် ရခိုင်သို့ မည်သည့်အချိန်ကစ၍ ယိုးဒယားသီချင်းများရောက်ရှိလာသည်ကိုကား တိကျစွာပြောဆိုရန် ခက်ခဲပေလိမ့်မည်။

## ယိုးဒယားသီချင်းသုံးပိုဒ်

မြန်မာဘုရင်တပင်ရွှေထီး (၁၅၃၁၊ ၁၅၅၁)လက်ထက်တွင် ယိုးဒယားသို့သွားရောက်တိုက်ခိုက်ခဲ့ကြောင်း ဆိုသည်။ တပင်ရွှေထီးသည် ရခိုင်ဘုရင်မင်းဗာကြီး (၁၅၃၁၊ ၁၅၅၃)နှင့် နန်းပြိုင်ဖြစ်သည်။ သို့တိုက်ခိုက်ရာတွင် ဘုရင်ပြည်သတိနှင့် အမဇ္ဈာမြို့ဝန်တို့မခုခံနိုင်၍ အမဇ္ဈာမြို့ဝန် ဘွန်စောမှိုင်း(သီချင်းထဲတွင် စောမှိုင်းမောင်ဟု သုံးနှုန်း ထားသည်ကို တွေ့ရပါသည်)သည် နောက်ပါရဲမက်များနှင့် ရခိုင်သို့ထွက်ပြေးလာခဲ့၏။ ထိုနောက် ရခိုင်အမတ် ပညာရှိ မဟာကျော်မှတစ်ဆင့် ဘုရင်မင်းဗာကြီးထံ၌ ခိုလှုံခွင့်ရခဲ့သည့်အပြင် ဘင်္ဂလားနယ် ကံသာမြို့ကို ပေးသနား ခြင်းလည်း ခံခဲ့ရ၏။ ယိုးဒယားမြို့ဝန် ရေးသားခဲ့သော ယိုးဒယားသီချင်းသုံးပိုဒ်ကိုမူကား တွေ့ကြရပြီဖြစ်သည်။ ယခုဖော်ပြသည့် အဆိုပါသီချင်းသုံးပိုဒ်ကို ထိုစဉ်က ကံသာမြို့ဆရာတော် အရှင်ဥတ္တမဆိုသော ရဟန်းပညာရှိ တစ်ဦးက ဘာသာပြန်ဆိုထားကြောင်း ပေမူအရ သိရှိရပေသည်။ သုတေသီတို့ ပိုင်းခြားလေ့လာနိုင်ရန် ဖော်ပြလို ပါသည်။

## ပထမပိုဒ် (ကံချပ်)

(ယိုးဒယားကချေသည်မ၊ မူရာဘီဆိုသော ယိုးဒယားသီချင်း)

"လေးရပ်ဝတီ၊ ရာဇဌာနီ၊ သာကီပျော်စံမြန်း၊ အံ့မခန်း၊ နတ်နန်းဝယန္တာ၊ ပုံပမာစုံစွာ မွမ်းထား၊ စိန်သာလည်းမသား ဂေါ်မုတ္တာ၊ နီလာကြောင်မျက်ရွဲ၊ လှမျိုးစုံစုံ၊ နန်းဘုံလွန်ထူးကဲ၊ မြင်သူမှိုင်းငဲ၊ အံ့အဲနတ်ရို့ ကူညီဖန်၊ ထက်များမိုယ်းစွန်၊ ရောက်လျှံထိန်ထိန်ညီး၊ တိုင်းပြည်တော်ကြီး၊ တိုးတက်စည်ပင်သာ၊ လူများစွာ နတ်ရွာနတ်ဘုံအလား၊ ပျော်ပါးပလွှား၊ ဝတ်စားဆင်ယင်ခါ၊ မြို့ရောတောပါ၊ ဇာခါပျင်းဖို့လဲ၊ နတ်မကူလူမက၊ နောက်စခလန်လန်၊ ဦးရစ်ဆံထုံးပြန်ပျိုဖြူများ၊ ယောကျ်ားလူပျိုချေ၊ တောင်နှစ်ဆယ်ခါးဝယ်ဝတ်ဆင်ထား၊ နှစ်ပါးလည်းမေပျို၊ မောင်ပျိုလှပါယှဲ့၊ ရပ်ရွာထိုထို၊ နှစ်ပါးလည်း၊ မေပျို မောင်ပျိုခေါ်ကြပါယှဲ့၊ ရပ်ရွာထိုထို၊ မိဖဖိုးအို၊ ထိုထိုကျောင်းကန်ဘုရားမာ၊ တရားကျင့်လို့သာ၊ တိုင်းကားပြည်ရွာ ပြည်ရွာ၊ မင်း၏ဘုန်းတော်၊ ဘုန်းတော် မိန်းမယောကျ်ား၊ တူပျော်ပျော်၊ မကြားမမြင်ဖူးယောင်၊ မကြားမမြင်ဖူး ယောင်၊ ထူးလည်းထူးရေ၊ ထူးရေနိုင်ငံတော်'

(ကားဆုံး)

## ဒုတိယပိုဒ် (ကူးချပ်)

(ကံသာမြို့ ဆရာတော် အရှင်ဥတ္တမအား တောင်းပန်သည့် ကျေးဇူးတင် အမျက်ပြေသီချင်း)

"ယိုးဒယားပူရာ၊ တိုင်းကြီးအောင်ချာ၊ ပြဿတိစံမြန်း၊ ရွှီနန်းထွက်ဝင်ခါ၊ အမဇ္ဇာကျွန့်မှာ မှုတော်ထမ်း၊ သာသနာရေလေးရောင်ဝါ နီသို့ထွန်း၊ တိုင်းပြည်လည်း အီးချမ်း စည်ပင်သာ၊ ပေါ့ဆစွာပျော်ပျော်နီကြငြား၊ မတ်ရွှိဝန်း ကိုယ်ရံတပ်ငယ်များရယ်နှင့် ဆီးတားခုခံခါ၊ တိုင်းပြည်တော်၊ ရဲဘော်လူသူများကို လားလို့စုဖို့ရာ၊ စိတ်ပျက်စရာ၊ စရာ၊ လားကွက်မသာ၊ မသာ သည်တစ်ခါ ကမ္ဘာမီးထက်ပြင်း၊ သည်မောင်ရင်တွင်းပူလောင်ကာ၊ မျိုးဆွိမပါ၊ ပြည်ရွာရပ်စုသင်း၊ မနီသာရေလေခွဲခွာလာရခြင်း၊ ဂနိုင်မြိုင်ခြေရင်းကပ်ချည်မှီးကာ၊ တောဝနာဟေမာ မြိုင်ခြေလှမ်း၊ ညှိုးငယ်စွာရေလေး၊ မောင့်မှာမျှော်လို့မှန်း၊ ရွှီဘုံနန်းတမ်းတမြင်ယောင်၊ တောသာခေါင်၊ တောင် လေတိမ်ကိုစူး၊ အို--အံ့မူး၊ ထူးကဲသေလာ၊ ယိမ်းယိုင်ကာ ဂန္ဓာစုံခြေလမ်း၊ တောင်မှွီးကိုင်ဗျာလေ၊ ယိမ်းယိုင်ကျော် ဖြတ်သန်း၊ သားရောသမီးပါလွမ်းပါလို့၊ ပင်ပန်းကြီးစွာ၊ အိမ်သူကြင်ယာ၊ လှကလျာကိုလေ၊ စိတ်မှာကြံဆတွေး၊ မျက်ရည်လဲယိုမစဲ၊ ငိုမဲငဲးမှိုင်၊ မကြံနိုင်ခွေယိုင်ကာနွမ်း၊ အစားအစာကိုလည်း နောက်ပါလူရို့ထမ်း၊ ရခိုင်တောင်ရိုး တန်းကိုလ၊ ဖြတ်သန်းကျော်ကာ၊ သက်ခန္ဓာငါ့မှာကြွင်းလေပြီ၊ ကိုယ်ရံစုံနှင့် ခိုလှုံနီဖို့ရီးကို၊ ဗျာမီးတောက်လောင်ပြီး၊ တွေးဆ၊ တွေးဆကြံစည်၊ ဆွေးရ၊ ဆွေးရပြန်ပြီ၊ မသာမအီဗျာ ပွေလီမရောက်ဖူးရေလေး၊ ကြောက်ဒူးလေးတုန်လှ ပြီ"

(ဤသီချင်းအစပိုင်းတွင် ချန်လှပ်ထားခဲ့သော စာသားများမှာ ချို့ယွင်းပျက်စီးနေပြီး ဖတ်မရနိုင်တော့ပါ။ စာရေးသူ)

## တတိယပိုဒ် (ကေချပ်)

"ရက္ခပူရီတိုင်းမဌာနီ ဓညဝတီသာဂီပျော်စံမြန်း၊ ဝိမလခေါ်၊ ပညာကျော်မှုတော်သူ့ဝန်ထမ်း၊ သူ၏သန်စွမ်း၊

အံ့မခန်းမိုးမြို စိုးမှိုင်းမောင်၊ ကောင်းအောင်သူ့ထံဗား၊ ငယ်ဆရာပုံသို့မခြား၊ စုံတရာမမှားစီရ၊ ကြိုးစားပြုပျင်၊ သူ ချစ်ခင်ဘုရင်ရှိတော်ပါး၊ ခေါ်ဆောင်ယူကာ လားပါလို့၊ မင်းဖျားစံပျော်၊ ရွှီနန်းတော်လွန်စွာရှုမဆုံး၊ နတ်မင်းအသွင် ဘုရင်သာလီဘုန်း၊ နန်းလုံးအံ့မဆုံး၊ နန်းလုံးထိန်ပြောင်၊ ဖလ်ရောင်ပတ္တမြား၊ လင်းပြောင်ထိန်ထိန်၊ နန်းရွှီအိမ်စည်းစိမ်ပျော်စံစား၊ ခြေတော်ဦးတိုက်ခစား၊ ကျွန့်ကိုမြင်ခါသနား၊ မိတ္တာတော်ထား၊ သားရင်းပမာ နောက်ပြည်ရွှာ၊ ကံသာမြို့ပြည်ရပ်၊ စောင့်ရှောက်စေအပ်ခါမှ၊ အမြတ်ရာဇာ၊ မတ်လှဆရာ၊ ဦးတင်ခါကောင်းစွာ မှုတော်ထမ်း၊ နောက်ပါကို စိတ်ခိုင်အားကျန်း၊ ကျွန့်မှာလည်းအီး၊ ချမ်းလွန်သာယာတိုင်းပြည်ရွှာ၊ စား စာစုံပြည့်ဖြိုး၊ ဘရာဇာမှာလည်း သက်တော်ရာကျော်တိုး၊ ရွှီမိုးငွီမိုးရွာပါစီ၊ ကျေးဇူးရှင်သခင်နှစ်ပါးကို အားထားခိုကာမှီ၊ အသက်ရှေစီ၊ ဘုန်းကြီးစီ၊ ကြီးစီအန္တရာယ်မျိုးကင်းစီ၊ ကင်းစီ၊ ဘေးမျိုးရှင်းစီ၊ ရှင်းစီ၊ စောမှိုင်း မောင်အယင်ပျောက် လို့ နောက်မှ နတ်ရွှာမှီကပ်ပါလီ”(ကဲဆုံး)

## ပေမူတွေ့ရှိပုံ

ဂျပန်ခေတ် ဘိန်းစား သူခိုး ဘယာရွှာသား ကျော်ဇံလှက ကျောက်ဖြူ နဂါးကျောင်း ပိဋကတ်တိုက်မှ စာစောင်ပေစောင်များကို ခိုးပြီး ရောင်းစားပစ်သည်။ ဤပေစောင်မှာ ထိုစဉ်က ဘုံဘွေ (ဇင်ချောင်း) ဆရာတော် (ကျောက်ဆောင်အရှေ့ဘက်ကျောင်း) သို့ ရောက်လာသည်တွင် အဖိုးတန်ပေစောင်ဖြစ်မှန်း သိရ၍ ဂျပန်ငွေ သုံးကျပ်ပေးပြီး ဝယ်ယူလိုက်ကြောင်း သိရှိရပါသည်။ ၁၃၃၆ခုနှစ်တွင် ကျောက်တော်မြို့ ညိုလှအောင်သားက ပြန်လည်ရရှိသည်။

ပေစောင်၏အလျား ၁၂ လက်မရှိပြီး၊ အနံ ၂လက်မ၊ စာကြောင်းရေ ၆ကြောင်းစီပါရှိ၍ က,အစ ခီးအဆုံး တစ်အင်္ဂါနှင့် ၄ရွက်ပါရှိ၏။

ယခုတင်ပြချက်မှာ ပေမူမှတဆင့် ကူးယူခဲ့သော လက်ရေးစာမူ ဖြစ်ပါသည်။ စာရေးဆရာ မင်းပြား မင်းသိဏ်းထွဏ်း၏ အထွေထွေမှတ်စုမှ ရှာဖွေတင်ပြခြင်း ဖြစ်ပါသည်။

## သီချင်းနှင့်ပတ်သက်၍

သီချင်းအရေးအသားနှင့် စာဆို၏လက်ရာများကိုကြည့်လျှင် ရှေးသီချင်းကြီးဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါ။ ပထမပိုဒ်တွင် ရခိုင်ပြည်၏သာယာအေးချမ်းပုံ၊ ရခိုင်ဓလေ့နှင့် ဝတ်စားဆင်ယင်ပုံတို့ကို ပေါ်လွင်စေ၏။ ကျန်သော သီချင်းနှစ်ပိုဒ်မှာ စာဆို၏ဘဝနှင့် ခံစားချက်ကို ဖော်ပြသည့်ပြင်၊ ရခိုင်ဘုရင်နှင့် ပညာရှိအမတ်ကြီး မဟာပညာကျော်တို့၏ စိတ်နေသဘာဝအမြော်အမြင် ကြီးမားပုံတို့ကို ချီးကျူးထား၏။ ကျေးဇူးတင်မဆုံး ဖြစ်ရပုံ လည်း ဖော်ပြထားပေသည်။

မည်သို့ဆိုစေ ယိုးဒယားသီချင်းများ ရခိုင်သို့ရောက်ရှိလာခြင်းသည် ရခိုင်တို့၏ အနုပညာဂီတနယ်ပယ်ကို တစ်နည်းတစ်ဖုံ ဆန်းသစ်စေပြီး၊ အရှေ့အနောက်ယဉ်ကျေးမှုတို့ ပေါင်းဆုံကာ တစ်ခေတ်တိုးတက်စေခဲ့ ကြောင်းကား ထင်ရှားလှပေသည်။

**မောင်ကျော်ဇံ(မြောက်ဦး)**

**ကျမ်းကိုး**

၁။ ရတနာရွှေမြေ ဦးလှဒင်(မြန်မာပြန်)

၂။ ရခိုင်ရာဇဝင်သစ် ဦးဦးသာထွန်း (မြန်မာ ပဏ္ဍိတ်)

၃။ မြန်မာရာဇဝင်များ

၄။ သီချင်းပေမူ(မိတ္တူ)

၅။ ဓညဝတီအရေးတော်ပုံ၊ အခန်း (၄၆၊ ၄၇) နဲ့သာပုံနှိပ်တိုက် (၁၉၆၇)ရန်ကုန်။

# ကိုလိုနီခေတ်ဦး လွတ်လပ်ရေးလှုပ်ရှားမှု

**စိန်သာလှ**

ရခိုင်လူမျိုးတို့သည် မိမိအသက်ထက် အမျိုးကို ချစ်ခင်တတ်ပါသည်။ ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့သော်လည်း ကိုလိုနီကျွန်ပြုသူများလက်အောက်တွင် ပြားပြားမှောက်ကာ နို့သက်မခံခဲ့ကြ။ သပေါက်ခံလိုသော စိတ်ဓာတ်များ ကင်းမဲ့ပြီး နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြသည်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ ဖြစ်စဉ်သမိုင်းတွင် မကြုံစဖူးသော အဖြစ်သနစ်ဆိုးများနှင့် ကြုံကြိုက်တွေ့ကြုံရမှုများ ရှိခဲ့၏။ အထူးသဖြင့် သက္ကရာဇ်တစ်ထောင်ကျော် နောက်ပိုင်းအခြေအနေပင်ဖြစ်သည်။ ယင်းအချိန်သမယက ရခိုင်ပြည်တွင် အုပ်ချုပ်ရေးတည်ငြိမ်မှုမရှိခြင်း၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အခြေအနေယိမ်းယိုင်လာခြင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုမှာ ဝါးအစည်းပြေကာ ပြည်တွင်း၌ ထင်ရာစိုင်း၊ မြင်ရာစိုင်းနှင့် သူတစ်ကိုယ် ငါတစ်မင်း၊ အချင်းချင်းသတ်ဖြတ်သောင်းကျန်းခဲ့မှုများကို တွေ့ရှိရပေမည်။ ရခိုင်ပြည်သူ ပြည်သားတို့မှာကား အတိဒုက္ခကပ်သုံးပါးတွင် လည်စင်းကာ ခံစားယင်း နစ်မွန်းခဲ့ကြရလေသည်။

## သမိုင်းအမြင်ပြန်ကြည့်လျှင်

သက္ကရာဇ် ၁၀၀၀ပြည့် နယုန်လဆုတ် ၂ရက် တနင်္ဂနွေနေ့တွင် သီရိသုဓမ္မရာဇာ နတ်ရွာစံပြီးနောက် ရခိုင်သမိုင်းကြောင်းတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဖခင်နန်းဆက်ကို လက်ခံခဲ့သော မင်းစနေသည်လည်း နန်းသက် ၂၀ရက်တွင် နတ်ရွာစံတော်မူ၏။ တင်ကြိုကြံစည်ပြီးဖြစ်သော လောင်းကြက်စား ငကုသလနှင့် နတ်သျှင်မယ်တို့ကား ထီးနန်းကို လက်ဦးသွားကြပြီး ငကုသလမှာ သက္ကရာဇ် ၁၀၀၀ပြည့် ဝါဆိုလဆုတ် ၂ရက် စနေနေ့နံနက် တစ်ဗဟိုရ်ကျော်တွင် ဘိသိက်ခံကာ နရပတိကြီးဟူသောဘွဲ့ကို ခံယူလေသည်။ နရပတိကြီးမှာ နန်းတက်သည်မှစ၍ နန်းတွင်းအရေးအရာများမှာ တည်ငြိမ်မှုမရှိတော့ပေ။ နရပတိသည် နေ့စဉ်ညဥ့်၌ မင်းသား၊ မင်းမြေး၊ မင်းမျိုး၊ မင်းဆွေတို့ကို ရှေ့၌နှစ်သတ်၏။ ပညာရှိတို့မှာကား လွတ်ရာအရပ်သို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ယင်းနန်းတွင်းအရေးတော်ပုံကြောင့် ဖြစ်ပေါ်လာသည့် ဆိုးပြစ်ကွင်းဆက်မှာ ရခိုင်ပြည်၏အုပ်ချုပ်ရေးမဏ္ဍိုင် ယိမ်းယိုင်လာခြင်းနှင့် စည်းလုံးညီညွတ်မှုတစတစပြိုကွဲလာခြင်းပင်ဖြစ်သည်။ ဤအခြေအနေများ

တည်ငြိမ်မှုနှင့် ငြိမ်ဝပ်ပိပြားအောင် သက္ကရာဇ် ၁၀၇၂ ခုနှစ်တွင် နန်းတက်သော စန္ဒဝိဇယမင်းသည် အစွမ်းကုန် ကြိုးပမ်းနိုင်သော်လည်း နောက်ဆက်ခံသော မင်းစဉ်တို့မှာကား နန်းတွင်းရေးနှင့်ပြည်သူတို့အပေါ် ဩဇာအာဏာ လွှမ်းမိုးနိုင်ခြင်း မရှိတော့ပေ။ ကိုယ်ရံတော်လေးသောင်းနှစ်ထောင်တို့၏ အလိုတော်ကျ သဘောအတိုင်း နန်းတင် နန်းချခြင်းတို့ ခံကြရလေသည်။

## ထီးကျိုးစည်ပေါက် ရွှေနန်းပျောက်

ရခိုင်ပြည်၏နိုင်ငံရေးမတည်ငြိမ်မှုများ အခြေအနေအတွင်း ဓမ္မရာဇ်ရာဇာမင်း နန်းတက်ကွယ်လွန်ပြီး နောက် ထိုမင်း၏တူမလင်ဖြစ်သော လက်ဝဲမြန်သတိုးအောင်သည် မိဖုရားစောမယ်ပုံနှင့် ဘိသိက်ခံ၍ သက္ကရာဇ် ၁၁၄၄ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက် တနင်္လာနေ့တွင် နန်းတက်လေသည်။ ပြည်သူပြည်သားများ ညီညွတ်ကာ မင်းမြှောက်သဖြင့် မဟာသမတရာဇာမင်းဟု အမည်တွင်သည်။ ဘွဲ့နာမည်မှာ အဂ္ဂေပုညစောရာဇာ ဖြစ်သည်။ ထိုမင်းနန်းသက် ၂နှစ်ပြည့်တွင် အမရပူရဘိုးတော်မင်းသည် သက္ကရာဇ် ၁၁၄၆ခု၊ တန်ဆောင်မုန်း လဆန်း ၄ရက် စနေနေ့ (ခရစ်သက္ကရာဇ် ၁၇၈၄ခု အောက်တိုဘာလ)၌ ရခိုင်ချီတပ်ကို ဖွဲ့စည်းခဲ့လေသည်။ ယင်းရခိုင်ချီတပ်တွင် တပ်ပေါင်း ၃၃တပ်၊ တိုက်ဆင် ၃၃၀၊ စစ်မြင်း ၃၃၀၀၀၊ စစ်သည်သူရဲပေါင်း ၃၃၀၀၀ ပါဝင်၍ သားတော်အိမ်ရှေ့မင်းကို ဦးဆောင်စေသည်။ ရခိုင်ချီတပ်သည် ရမိုး၊ မင်းဘူး၊ ဘားအိုင်တစ်ကြောင်း၊ ကြံခင်းလင်းပတေ့တစ်ကြောင်း၊ ပန်းတောင်း၊ ဥယျာဉ်ပျိုး၊ တောင်ကုတ်တစ်ကြောင်း၊ မော်တင်စွန်းပတ်၍၊ ပင်လယ်ကြောင်းတစ်ကြောင်း၊ စစ်ကြောင်းကြီးလေးကြောင်းခွဲလျက် ရခိုင်ပြည်သို့ ကြေးကြောင်း၊ ရေကြောင်းနှစ် ကြောင်းဖြင့်၊ ချီတက်သိမ်းပိုက်သည်မှစ၍ သက္ကရာဇ် ၁၁၄၆ခု၊ ပြာသိုလပြည့်ကျော် ၇ရက်၊ စနေနေ့၊ (ခရာဇ်သက္ကရာဇ် ၁၇၈၄ခု ဒီဇင်ဘာလ ၂၇ရက်) ညဉ့်နှစ်ပိုရ်အချိန်တွင် ရခိုင်မင်းဆက်ပြတ်သည်။

## ကိုလိုနီလက်အောက် ကျွန်သပေါက်

ကျွဲတစ်ကောင်နိုင်၊ ငခွက်ပေါက်၊ လက်ရုံးပေါ်ကျော်အောင်၊ ချင်းပျံအရေးအခင်း အပါအဝင် ၁၁၈၅ခု၊ (၁၈၂၄)ခု ရှင်မဖြူကျွန်းအရေးအခင်းနောက်ပိုင်း မြန်မာမင်းနှင့် အရှေ့အိန္ဒိယကုမ္ပဏီတို့ မသင့်မတင့် အခင်းများ ၍ နယ်စပ်ပြဿနာဖြစ်ခဲ့ရာမှ စစ်တကောင်းစား အင်္ဂလိပ် ရာပသိန်သတ်သည် သက္ကရာဇ် ၁၁၈၆ခု၊ တန်ခူးလဆန်း ၁၄ရက်၊ သောကြာနေ့ (၁၈၂၅ခု၊ ဧပြီလ ၂၇ရက်)တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့တော်ကို သိမ်းပိုက်ခဲ့လေသည်။ ထို့နောက် ရာပသိန်သတ်သည် မြောက်ဦးမြို့တွင် အစောင့်စစ်တပ်များကို နေရာချထားခဲ့ပြီး ဆက်လက်၍ ရမ်းဗြဲမြို့ကို ဧပြီလ ၂၂ရက်နေ့တွင်လည်းကောင်း၊ မာန်အောင်မြို့ကို မေလ ၆ရက်နေ့နှင့် သံတွဲမြို့ကို သိမ်းယူပြန် သည်။ မြန်မာဗိုလ်မှူး၊ တပ်မှူး၊ မြို့ဝန်၊ မြို့စောင့်စသော သူရဲ၊ သူခက်တို့မှာ ခုခံတိုက်ခိုက်ရန် မစွမ်းဆောင်နိုင်ကြ ဘဲ ရပ်တည်ရာမရ ဖရိုဖရဲ ဆုတ်ခွာခဲ့ကြလေသည်။ ၁၈၂၆ခု ဖေဖော်ဝါရီလ ၂၄ရက်နေ့ မြန်မာမင်းနှင့် အရှေ့ အိန္ဒိယကုမ္ပဏီတို့ စစ်ပြေငြိမ်း၍ ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ်အရ ရခိုင်ပြည်သည် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ခံ နယ်မြေတစ်ခု ဖြစ်လာခဲ့လေသည်။

## လွတ်လပ်ရေးကို တောင်းဆိုကြ

အင်္ဂလိပ်တို့သည် ရခိုင်ပြည်ကို သိမ်းယူပြီး စစ်တွေမြို့ကို ၁၈၂၆ခု၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တည်ထောင်လေသည်။ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံသည့် ကိုလိုနီတို့၏ အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်မှ အမြော်အမြင်ရှိသော ပုဂ္ဂိုလ်များကို ရာထူးဌာနန္တရပေးသည်။ ၁၁၉၀ပြည့်နှစ်တွင် ကျွန်းအုပ်အောင်ကျော်ဇံမှာ မြို့သူကြီးအဖြစ် ခန့်ထားခြင်းခံရ၍ ဒေးဝန်းကြီးအောင်ကျော်ရွှီကို ပီချောင်းကျွန်းအုပ်အဖြစ် ချီးမြှင့်ခြင်းခံရလေသည်။ သော်ဒလီမောင်ညိုမှာ ရသေ့တောင်တိုက်နယ် ကျွန်းအုပ်အဖြစ် လက်ခံခဲ့လေသည်။ ဒေးဝန်းကြီးမှာ ချင်းပျံ၏ ယောက်ဖဖြစ်ပြီး မြို့သူကြီးအောင်ကျော်ဇံမှာ ကျော်အောင်၏သားဖြစ် သည်။ ဗြိတိသျှအင်္ဂလိပ်တို့မှာ စစ်အတွင်း ကုန်ကျခဲ့သော စစ်စရိတ်ကာမိစေရန်နှင့် အရင်းရှင်စီးပွား ရေးစနစ် တောင့်တင်းခိုင်မာလာစေရေးတို့ကို ရည်ရွယ်ကာ ရခိုင်ပြည်နယ်အတွင်း ငါးနှစ်သားလူခွန်မှ အစ အခွန်အမျိုးမျိုးကို စည်းကြပ်ကောက်ခံစေသည်။ ဤအခွန်ကောက်မှုကို မကျေနပ်သော အောင်ကျော်ရွှီမှာ ကျွန်းအုပ်ရာထူးကို စွန့်လွှတ်ခဲ့လေသည်။

သက္ကရာဇ် ၁၈၃၄ခု၊ အောက်တိုဘာလ (၃)ရက်နေ့ (၁၁၉၆ခု၊ ဝါကျွတ်လ)တွင် မင်းကြီးဒီကိန်း (ဒီသျှိန်းသတ်)သည် စစ်တွေမြို့တွင်နေ၍ ရုံးစိုက်အုပ်ချုပ်သည်။ ရခိုင်ပြည်နယ်မှ ခေါင်းဆောင်ကြီးများဖြစ်ကြသော မင်းသားကြီးရွှေပန်း၊ မြို့သူကြီးအောင်ကျော်ဇံ၊ ဒေးဝန်းအောင်ကျော်ရွှီတို့သည် ရခိုင်ပြည် ၏ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ရရှိရန်အတွက် ယခင်စာချုပ်ထားခဲ့သည့် ကတိအတိုင်း မင်းကြီး ဒီကိန်းထံတွင် ပထမအကြိမ် အရေးဆိုကြသည်။ ကိုလိုနီနယ်ချဲ့စနစ်ကို ကျင့်သုံးသော အင်္ဂလိပ်အစိုးရပီပီ မိမိမှာ မပေးနိုင်ကြောင်း အိန္ဒိယဘုရင်ခံချုပ်သာပေးနိုင်ကြောင်း ကတိစကားကို မသိကျိုးကျွန်ပြုခဲ့သည်။ သက္ကရာဇ် ၁၈၃၅ခုနှစ်တွင် မင်းသားကြီးတို့၏အတိုင်ပင်ခံဖြစ်သော ဦးသာပန်းသည် ဝေလာဒင်္ဂါးအတုသွန်းလုပ်သဖြင့် ထောင်ဒဏ် ၃နှစ်ကျခံရလေသည်။ ခေါင်းဆောင်ကြီးတို့မှာလည်း ရခိုင်ပြည်လွတ်မြောက်ရေးအတွက် တော်လှန်ရန်အကြံအစည် ပျက်ပြားလုနီးပါးဖြစ်ရလေသည်။

## လွတ်လပ်ရေးလမ်း ဆက်ကြိုးပမ်း

ပထမအကြိမ် လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အထမြောက် မအောင်မြင်ခဲ့သော်လည်း ခေါင်းဆောင်ကြီးတို့သည် အင်္ဂလိပ်အစိုးရအား တော်လှန်ရန် စိုင်းပြင်းခဲ့ကြသည်။ မြေအောက် ဆွေးနွေးမှုများကို လှုပ်ရှားခဲ့ကြ၏။ သက္ကရာဇ် ၁၁၉၉ခုနှစ်တွင် ဒုတိယအကြိမ် ရခိုင်ပြည် လွတ်လပ်ရေးကို ရရှိရန် တော်လှန်ရေးအတွက် ကြိုးပမ်းနေကြစဉ် မသမာသူလူတစ်စု၏လက်ချက် ကြောင့် မင်းသားကြီးရွှေပန်း၊ မြို့သူကြီးအောင်ကျော်ဇံနှင့် ဒေးဝန်းကြီးအောင်ကျော်ရွှီတို့မှာ အင်္ဂလိပ်အစိုးရ၏ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရလေသည်။ ကိုလိုနီအစိုးရသည် ရခိုင်မှခေါင်းဆောင်ကြီးတို့အား နဂါဝါသင်္ဘောဖြင့် ကာလကတ္တားထောင်သို့ ပို့၍ အကျဉ်းချလိုက်၏။ မင်းသားကြီးရွှေပန်းမှာ အစာမစားဘဲဆန္ဒပြလေတော့၏။ ၄၅ရက်မြောက် (အချို့ ၄၁၊ ၄၂)တွင် ကွယ်လွန်လေ၏။ မကွယ်လွန်မီ မိမိ၏ဘယ်ဖက်လက်မောင်းသွေးကို ပါးစပ်ဖြင့် ကိုက်ဖောက်၍ ထောင်နံရံတွင် သွေးနှင့်သေတမ်းစာ ရေးသားခဲ့လေသည်။ ထို့နောက် အင်္ဂလိပ်အစိုးရသည်

ခေါင်းဆောင်ကြီးတို့အား ခုံရုံးတင်စစ်ဆေးရာ ပြင်မှုမထင်ရှားသဖြင့် ထောင်မှလွတ်ငြိမ်းခဲ့လေသည်။ ခေါင်းဆောင်ကြီးနှစ်ဦးမှာ ထောင်ကျနေစဉ်အတွင်း မိမိတို့တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များနှင့် ခံစားချက်များကို ရတုကဗျာ၊ လင်္ကာမော်ကွန်း၊ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို ရေးသားမှတ်တမ်းတင်ခဲ့၏။

## ကျောက်တော် အစည်းအရုံးကြီး

ထို့နောက် သက္ကရာဇ် ၁၂၀၀ပြည့် ဝါကျွတ်လဆန်း ၁၃ရက်နေ့ ကျောက်တော်လမ်းမတော်ရွာ ၌ ဘုန်းတော်ကြီး ဦးသာဂရကျောင်းဝင်းသို့ အင်္ဂလိပ်ရဲတပ်သား ပန်ဂျာပီကုလားများ ဝင်လာ၍ ခွေးဟောင်သဖြင့် ဘုန်းတော်ကြီး ဦးသာဂရ၏ ညီတော်ကျော်ဝနှင့် ရန်ပွားလျက် ကုလား ရဲတပ်က ဖမ်းဆီးပြီးလျှင် လူဆိုးအမှုပြုလျက် သတ်ပုတ်ထောင်းထု၍ အချုပ်တွင်ထားလေ၏။ ဘုန်းတော်ကြီးလည်း ညီဖြစ်သူ ကျော်ဝကို နောက်နောင် အပြစ်မပေါ်ရ ပေါ်လျှင်ဖမ်း၍ပို့လိုက်မည်ဟု လက်ခံ တာဝန်ယူသော်လည်း မရသဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရအား စိတ်နာ၍ သင်္ကန်းကို ညောင်ပင်မှာတင်ပြီး တပည့်တကာများနှင့် စစ်တွေမြို့သို့လာပြီး မြို့သူကြီးအား လျှောက်ထား လေသည်။ မြို့သူကြီး ကျွန်ုပ် ညီတော်ကို အင်္ဂလိပ်ရဲတပ်မှ ကုလားတို့သည် မတရားဖမ်းဆီးချုပ်နှောင် သတ်ပုတ်အချုပ်၌ ထားပါသည်ဟု ပြောပြရာ မြို့သူကြီးမှာ အင်္ဂလိပ်အစိုးရမင်းကို ကတိမတည်သောကြောင့်လည်း တစ်ကြောင်း၊ ကိုယ့်အမျိုးကို မတရားနှိပ်စက်ခြင်းလည်းတစ်ကြောင်း၊ လွတ်လပ်ရေးကို တောင်းခံ၍ မရသည်လည်း တစ်ကြောင်း၊ ထိုအကြောင်းနှင့်ပတ်သက်၍ သူ့ထံအမှုထမ်းခဲ့သော်လည်း မကျေနပ်သောကြောင့် ဘုန်းကြီး လူထွက်ပြောလာသည်ကို ချက်ချင်းခေါင်းဆောင်ကြီးတို့သည် အချင်းချင်း တိုင်ပင်ပြီး အိန္ဒိယဘုရင်ခံချုပ်ထံလာ၍ ရခိုင်ပြည်လွတ်လပ်ရေးကို တတိယအကြိမ်တောင်းဆိုပြန် သည်။ အိန္ဒိယဘုရင်ခံချုပ်လည်း ခေါင်းဆောင်ကြီး များအား သင်တို့သည် သင်တို့ပြည်ကိုလိုလျှင် စစ်စရိတ် ၂သန်းနှင့် ပြည်သူလူထုညီညွတ်လျှင်ပေးမည်ဟု လိမ်လည် ၍ ပြောလိုက်၏။

ခေါင်းဆောင်ကြီးများသည် အဟုတ်ထင်မှတ်၍ စစ်စရိတ်ငွေများကို ပြည်သူလူထုထံ ကောက်ခံလျက် စစ်စရိတ်နှစ်သန်းငွေတွင် တစ်သန်းငွေကိုပေးသွင်းမည် ကျန်ငွေများကို နောက်တစ်နှစ်တွင် ပေးသွင်းပါမည်ဟု ကတိပြုသော်လည်း ဗြိတိသျှအစိုးရမှာ ပြည်သူပြည်သား သဘောကျနှစ်သက်သည်ရှိသော် ပေးမည်ဟု ပြောလိုက် ပြန်၏။

ရခိုင်ခေါင်းဆောင်များတို့လည်း အင်္ဂလိပ်လူမျိုးလိမ်လည်ပြောသောစကားကို သိပြီးဖြစ်သော ကြောင့် အင်္ဂလိပ်သစ္စာဖောက်လူမျိုးတို့ကို မောင်းထုတ်ရန် ရခိုင်ပြည်နယ်မြောက်ပိုင်း တောင်ပိုင်းမှ သတ္တိဗျတ္တိရှိသော ပုဂ္ဂိုလ်များနှင့် သက္ကရာဇ် ၁၂၀၀ ပြည့် ပြာသိုလဆန်း ၁၃ရက်နေ့တွင် ဆွေးနွေးကြ လေသည်။

## တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်

တိုင်ပင်ဆွေးနွေးကြသော ခေါင်းဆောင်ကြီးများတို့သည် လက်မောင်းသွေးကို ဖောက်ကာ သစ္စာပြု၍ လက်နက်ကိရိယာများကို ရရာမှ ရှာဖွေစုဆောင်းပြီး အင်္ဂလိပ်ရဲတပ်၊ စစ်တပ်ရှိသော မြို့များကို ချဉ်းကပ်၍ တိုက်ထုတ်ရန် မြောက်ဦးဘောင်းဒွတ်က တစ်တပ်၊ ကျောက်တော်ဇီးချောင်းက တစ်တပ်၊ ရသေ့တောင်

ပြင်ခေါင်ကျွန်းက တစ်တပ်၊ စစ်တွေကျွန်း၊ ကြက်ကိုင်းတန်က တစ်တပ်၊ ယင်းသို့အသီးသီးချထားပြီးမှ တော်လှန်ပုန်ကန်သော် လက်နက်ကိရိယာခဲယမ်းမီးကျောက် မလုံလောက်သောကြောင့် ပြင်သစ်ပိုင် အိန္ဒိယ ပင်ဒီချယ်ရီနယ်မှ ယူဆောင်လာသော လက်နက်များကိစ္စနှင့် သင်္ဘောထားကွဲလွဲရာမှ စုံရဖွေလူစုနှင့် အပေါင်းပါ ၁၆ယောက်တို့သည် သစ္စာဖောက်ခဲ့ကြလေ သည်။

ထိုသစ္စာဖောက်မှုကြောင့် ခေါင်းဆောင်ကြီးနှစ်ဦးအား ဖမ်းဆီးချုပ်နှောင်၍ ကလကတ္တားမှ တစ်ဆင့် စင်ကာပူသို့ ပို့လေသည်။

နောက်တစ်ဖန် အိန္ဒိယပြည်သို့ ဒက္ကာနယ်ရှိ ကလိန်ခေါ်သော ထောင်တွင် တတိယအကြိမ်မြောက် အကျဉ်းချခြင်းကိုခံရ၍ ရုံးတင်စစ်ဆေးမေးမြန်းလျှင် အင်္ဂလိပ်အစိုးရမင်းအား တော်လှန်ပုန်ကန်သည် မှန်သော ကြောင့် ခေါင်းဆောင်ကြီးနှစ်ဦးစလုံးမှာ သက္ကရာဇ် ၁၂၀၁ ခု နှစ်ဆန်းတွင် ကြိုးစင်တင်၍ သတ်ပစ်ခြင်းကို ခံရလေသည်။

သစ္စာဖောက်တစ်စုကြောင့် ကိုလိုနီခေတ်ဦး လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရခိုင်အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့သော်လည်း သူတို့၏သွေးနှင့်ရေးခဲ့သော မော်ကွန်းစာများ၊ ခံစားချက်၊ နာကျည်းချက်အပြည့်နှင့် ရေးသားစပ်ဆိုခဲ့သောရတု၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းတို့မှာ ယနေ့ထက်တိုင် ရခိုင်ပြည်သူ ပြည်သားတို့၏ အသည်းနှလုံးထဲ၌ ကိန်းဝပ်ရှင်သန်လျှက်ရှိကြလေ သည်။ ထိုအာဇာနည်များမှာကား ကမ္ဘာကြေ၍ ဥဒါန်းမကြေသော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

(ဤဆောင်းပါးသည် ကျွန်ုပ်တို့၏ မျိုးရိုးစဉ်လာ မော်ကွန်းစာမှ ကောက်နှုတ်ရေးသား ဖော်ပြထားပါသည်)

**စိန်သာလှ**

**လမ္ဘတော် မြောက်**

**စစ်တွေမြို့။**

**<u>မှီငြမ်းကိုးကားချက်များ</u>**

၁။ ဓညဝတီရာဇဝင်သစ်ကျမ်း (ပဲခူးမင်းကျောင်း)

၂။ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယတွဲ)

၃။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း(ဒုတိယတွဲ)

# ဦးရာဇ်မြေမှ ကွယ်ပျောက်နေသောကျောက်စာ

**ဆရာချစ် (စစ်တွေ)**

ဗုဒ္ဓ၏ဗျာဒိတ်တော်အရ ရက္ခိုင်ပြည်ရှင် ဘုရင်မင်းများသည် ဗုဒ္ဓနုစဥ်ဘဝ ဖြစ်ခဲ့ဖူးသောနေရာဌာနတို့၌ ဓာတ်တော်မွေတော်စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ကြရာတွင် ဤကျောက်စာတွေ့ရှိရသော တောင်တန်း နေရာဌာနသည်လည်း အပါအဝင်ဖြစ်သည်။ နေရာမှာ ဦးရာဇ်မြေ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ရွာ တောင်တန်း၊ တစ်နည်းအားဖြင့် ဘဲငါးရာတောင်တန်းသွယ်ပင်ဖြစ်သည်။ ယခုလက်ရှိ ကျောက်ဆိပ်ရွာဘုန်းကြီး ကျောင်းအနီး မြောက်ဘက်ရှိ တောင်ဦး ယခုစေတီငယ်ရှိရာမှ (၁၅)မိနစ်ခန့်မြောက်ဘက် တောင်ရိုးအတိုင်း သွားလျှင် ဤကျောက်စာရှိရာနေရာသို့ ရောက်ရှိနိုင်ပါသည်။ ထိုနေရာတွင် အောက်ခြေလုံးပတ် (၉၂)ပေရှိသော ရှေးဟောင်းသမိုင်းဝင် ကျောက်စေတီတစ်ဆူကို ဖူးတွေ့ရမည်ဖြစ်သည်။ စေတီ၏ကျောက်တံတိုင်းနံရံအတွင်း မြေခပျက်စီးလျက်ရှိသော (၇)ပေနှင့် အချင်း (၃)ပေ (၁)လက်မရှိသော ကျောက်ထီးတော်ကိုလည်း တွေ့ရှိနိုင်ပါ သည်။ ယခင်ရှေးဟောင်းစေတီတော်ကြီးမှာမူ မသမာသူ သိုက်ဆရာအချို့က တူးဖော်ဖျက်ဆီးခြင်းကို ၁၃၁၇ခုနှစ် တွင် ခံလိုက်ရ၍ မရှုမလှပျက်စီးနေပါပြီ။ ရေးထိုးထားသောကျောက်စာချပ်ကြီးမှာ အလျား (၄)ပေ၊ အနံ(၂)ပေ (၁)လက်မ၊ ထု (၁၀)လက်မရှိပြီး ကျောက်စာမှာလည်း ကြောင်းရေ (၂၀)ခန့်တွင် (၄)ကြောင်းသာထင်ရှားပြီး (၇)ကြောင်းမှာ လုံးဝပျက်စီးလျက် ကျန်ကြောင်းရေများမှာလည်း အချို့အဝက် ပျက်စီးနေပြီဖြစ်သည်။

မြောက်ဦးမြို့မှ ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ကျောက်စာကို လေ့လာချက်အရ ဝတ္တက မြေအဖြစ် လျှုဒါန်းသော နောက်ဆက်တွဲ ကျောက်စာတစ်ချပ်ရှိရပေဦးမည်။ ကျောက်စာချပ်များမှာ တောင်ရိုးပေါ် သစ်ပင်တစ်ပင်အောက်တွင် ရှိခဲ့ရာမှ မြေပြိုရာတွင် ပါဝင်သွားကြောင်း သိရှိရသည်။ ဤဓာတ်စေတီကို ဗြိတိသျှ ခေတ် လွန်ခဲ့သော နှစ်ပေါင်း (၇၀)ကျော်ခန့်အချိန်က ကျောက်ဆိပ်ကျောင်းပထမဆရာတော်ဘုရားကြီး ဦးဝဏ္ဏ မထေရ်က ပြိုပျက်နေသောစေတီ၏အထက်ပိုင် ဌာပနာတိုက်များကို ထပ်မံ၍ ၎င်းအရပ်နေ လက်သမားကြီး ဦးပေါက်ဆိန်တို့နှင့် ပြုပြင်မွမ်းမံခဲ့ကြောင်း သိရသည်။ ဤဓာတ်စေတီနေရာအနီးတွင် ထိုဆရာတော်ဘုရားကြီး သည် တောရကျောင်းဆောက်တည်၍ သီတင်းသုံးခဲ့ဖူးကြောင်းနှင့် ဗြိတိသျှခေတ်က ဘုရားစေတီပွဲတော်ကျင်းပ သော နေရာများ၊ ရခိုင်ရိုးရာကျင်ပွဲပြုလုပ်သောနေရာများလည်း တောင်ထိပ်ပြင်ကျယ်တွင် ရှိပါသည်။ ရိုးရာကျင်ပွဲ ပြုလုပ်သောနေရာကို အရပ်လူများက ကျင်တလင်းဟု ခေါ်နေကြသေး၏။ ဤတောင်ကိုလည်း ဓာတ်စေတီကို အစွဲပြု၍ ယခင် ဓာတ်တောင်ဟု ခေါ်ခဲ့ကြရာမှ ကာလတာရှည်လာသောကြောင့် ယခုအခါ တပ်တောင်ဟု ခေါ်နေကြသည်။

ရေးထိုးထားခဲ့သောကျောက်စာပါ သက္ကရာဇ်မှာ (၉၆၄)ခု ပါရှိသဖြင့် ရခိုင်ပြည် မြောက်ဦးခေတ် မင်းရာဇာကြီး (၉၅၅-၉၇၄)လက်ထက်တွင် ဖြစ်ကြောင်း သိရှိရပါသည်။ ကျောက်စာမှာ အပျက်အစီးများနေ၍ အကြောင်းစုံလင်အောင် မသိရသော်လည်း ဤဓာတ်စေတီနှင့်ပတ်သက်၍ ရခိုင်ပြည် ဘုရားသမိုင်းကျမ်းကို လေ့လာကြည့်ရှုရာတွင် ဦးရာဇ်နယ်မြေအတွင်း သမိုင်းဝင်ဓာတ်စေတီမြောက်များစွာ တည်ရှိ၍ ဤစေတီလည်း တစ်ဆူပါဝင်ကြောင်း သိရသည်။ ဗုဒ္ဓ၏ဗျာဒိတ်တော်လာ ဤဓာတ်စေတီတည်ရှိရာ ကိန္နပဗ္ဗတတောင်ပေါ်၌ ကြက်မင်းတစ်ဇာတ်ဖြစ်ခဲ့ဖူး၍ တန်းတောင်တော်ဓာတ်စေတီဟု ခေါ်တွင်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်တွင် ဘုရားသမိုင်းကျမ်းအရ ရှေးရခိုင်ဘုရင်များ တည်ထားကိုးကွယ်ခဲ့ကြသော ဓာတ်စေတီများမှာ နေရာဒေသအလိုက် မြောက်များစွာပင် ရှိကြသည်။ အချို့သော ဓာတ်စေတီများမှာ ရပ်ရွာများနှင့် အလှမ်းကွာဝေး၍ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မည့်သူ မရှိ၍ မသမာသူ သိုက်ဆရာတို့၏ လက်ချက်ကြောင့် သမိုင်းဝင်ဘုရားပုထိုးများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မိမိတို့လက်လှမ်းမှီရာ ဒေသဌာနအလိုက် စုပေါင်းထိန်းသိမ်းနိုင်မှ သမိုင်းအမွေအနှစ်များ ဆက်လက်တည်ရှိနိုင်မည်ဖြစ်ပါသည်။ ကျောက်စာကို လေ့လာနိုင်ရန် ကူးယူရရှိထားသမျှကို ဖော်ပြအပ်ပါသည်။

၁။ × × × ၉၆၄ ခု သကြစ် × × × မိပတိ × × ×
၂။ × × × အစိုဝ်ရတော်ပြုသောအ × × ×
၃။ သျှင် × × × တကာတိုဝ့်ထက် အလွန်ဘုန်း × × ×
၄။ တန်ခိုကျက်သရေတော်နှင်ပြုံစုံစွာထသော × × ×
၅။ တိုဝ်ဖြင့် မင်တရာကြီဖြစ်သော အသျှင်မင်းဖလောင် × × ×
၆။ ၏မျောက်သာတော်ဖြစ်သော မြောက်ဦမိဖုရာ၏သွ
၇။ က်တော်သည် အနောက်တရိမင်တချိုကပ × × ×
၈။ ခဲသိုဝ် × × × × × × × × ×
၉။ × × × × × × × × × × × × × × × × × × ×
၁၀။ × × × × × × ဖြစ်သောတောင်၏စ
၁၁။ × × × × × × × × × × × × × × × ×
၁၂။ × × × × × × × × × × × × × × × ×
၁၃။ × × × × × × × × × × × × × × × ×
၁၄။ × × × × × × × × × × × × × × × ×
၁၅။ × × × × × × × × × × × × × × × ×
၁၆။ × × × × × ဦးရာဇ်တော်ရွာ × × × × ×
၁၇။ × × × × × × × × × × × × × × × × × × × ×
၁၈။ × × × × × တတော်ပြု၏
၁၉။ × × × × × ပြသို × × × × × အထက် × × × × × ကိုစေ
၂၀။ × × × × × တိုသ × × × × × × × × × × × × × × ×

(ယခုအခါ ဤကျောက်စာကို ပုဏ္ဏားကျွန်းမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ(ဟောင်း) ဗိုလ်ကြီးနိုင်လင်း၏စီစဉ်ညွှန်ကြားမှုအရ မြို့နယ်စာပေကော်မီတီမှ တာဝန်ရှိသူများက ကိန္နပဗ္ဗတတောင်ပေါ်မှသည်

ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်သယ်ယူကာ မြို့မစေတီဘုရားရင်ပြင်၌ စိုက်ထူထားပေရာ ကျောက်စာကို ထပ်မံပြီး သုတေသနပြုလုပ်ဖော်ထုတ်လိုသူများ လေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသတည်း။ စာတည်းအဖွဲ့)

ဆရာချစ် (စစ်တွေ)

<u>**ရည်ညွှန်းကိုးကားချက်များ**</u>


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ရမ်းဗြဲတောင်ကျောင်းဆရာတော်၊ ဦးစန္ဒမာလာလင်္ကာရ)

၂။ ရခိုင်ပြည်နယ် ဘုရားသမိုင်းကျမ်း (လက်ရေးမူ)

၃။ ကျောက်ဆိပ်ရပ်ရွာနှင့် အနီးကပ်လေ့လာသုတေသနပြုချက်များ။


# ကျမ်းသစ္စာကျိန်ဆိုမှုဓလေ့နှင့် ကျမ်းသစ္စာကျိန်ဆိုမြဲကျမ်းစာ

မဟာပညာကျော်

ကျမ်းသစ္စာကျိန်ဆိုမှုအလုပ်သည် လူသားတို့အတွက် အဓိကအားဖြင့် အုပ်ချုပ်ရေးအပိုင်း လူသားတို့အတွက် မလုပ်မဖြစ်သည့် အလုပ်တစ်ခုဖြစ်လေသည်။ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဖောက်ဖျက်သောသူတို့သည်လည်း သစ္စာဖောက်အဖြစ် ဝိုင်းပယ်မှုကို ခံရလျှက် ကျမ်းစူးမှုကြောင့်၊ ဆင်းရဲဒုက္ခအဖုံဖုံတို့ ရောက်ကြရလေသည်။ ယင်းကြောင့် ကျမ်းကျိန်မှုအလုပ်ကို ပြုလုပ်မည်ဆိုလျှင် သတိထားဆင်ခြင်၍ ပြုလုပ်ကြရလေသည်။ "မင်းမှာသစ္စာဆိုသောစကားအတိုင်း ရှေးအခါက တိုင်းပြည်အုပ်ချုပ်သည့် ဘုရင်မင်းများကို ပြည်သူလူထုက ဘိသိက်ရေစင်သွန်းလောင်းခြင်းသည် အပြစ်မရှိသော ပြည်သူလူထုကို မညှင်းဆဲရ၊ ပြည်သူလူထု၏လုပ်အားခွန်ကို အကြောင်းမဲ့ အပိုအမိုမတောင်းယူရ၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကဲ့သို့ အမြဲစောင့်ရှောက်ရမည်။ ပြည်သူလူထုကို မိမိရင်၌ဖြစ်သော သားသမီးပမာ မေတ္တာကရုဏာဖြင့် ချစ်ခင်သနားပါမည် အစရှိသဖြင့် ဝန်ခံချက်ကတိသစ္စာ ပြုစေပြီး မဟာကျိန်ဘုရားကို ဦးခေါင်းထက်ရွက်လျက် ကျိန်သစ္စာတိုင်စေခြင်းဖြစ်လေသည်။ ရခိုင်ဘုရင်မင်းအဆက်ဆက် ဘိသိက်မင်္ဂလာခံယူရာ၌ ဦးခေါင်းထက်ရွက်ခါ ကျိန်ဆိုရန် အသုံးပြုသွန်းခဲ့သည့် မဟာကျိန်ဘုရားရုပ်တုများသည် ရခိုင်ပြည်နယ်အနှံ့အပြားတွင် ကြေးဖြင့်တစ်မျိုး၊ ကျောက်ဖြင့်တစ်ဖုံ၊ သစ်သားဖြင့် တစ်တန်၊ အလွန်များပြား ဆန်းပြားစုံအောင်ပင် ယခုတိုင်ဖူးမြင်တွေ့ရှိနေသေးသည်။ ကြေးဆင်းတု မဟာကျိန်ကြီးငယ်များစွာတို့မှာလည်း သစ္စာဖောက် စီးပွားရေးသမားတို့ကြောင့် ပြည်နယ်ပြည်ပသို့ များစွာရောက်သွားရလေသည်။ ရှေးကာလဘိသိက်ခံဘုရင်နှင့် မှူးမတ်များသည် ပြည်သူလူထုအား မည်သည့်အခါမျှ နှိပ်စက်ကလူ မပြုခဲ့ကြပါ။ ကျိန်သစ္စာစကားကို ရင်ဝယ်ပိုက်ပြီး ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို ထာဝစဉ် စောင့်ရှောက်ခဲ့ကြရလေသည်။ ယင်းကြောင့် ရှေးခေတ်ကာလရခိုင်တို့သည် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှာန်းဖြင့် အေးချမ်းသာယာစွာဖြင့် အသက်မွေးဝမ်းကြောင်း နိုင်လာခဲ့ကြပေသည်။ ယင်းခေတ်ကာလဝယ်

ရခိုင်ဘုရင်များက သစ္စာရှိရှိအုပ်ချုပ်မှုကြောင့် မှူးမတ်နှင့် ပြည်သူလူထုကလည်း ကတိသစ္စာတည်ကြည်ခဲ့ကြလေသည်။

ကျိန်စာဆိုမှုဓလေ့လည်း ခေတ်စားခဲ့လေသောကြောင့် ယနေ့တိုင် ရခိုင်တို့လက်ခံ ကျင့်သုံးကြပေသည်။ အငြင်းအခုံဖြစ်လာလျှင် ဘုရားသတ်စီ၊ မိုးကြိုးပစ်စီ၊ တောကိုလားကေ ဆင်နင်းစီ၊ ကျားကိုက်စီ၊ ရီကိုဆင်းကေ မီးကျောင်းကိုက်စီ၊ လုပ်သမျှကောင်းမှုဆုံးပါစီ၊ တစ်သက်လုပ်လို့ တစ်ဆုပ်မစား ရပဲရှိပါစီ”ဟူ၍ ကျိန်ဆိုမှုပြုကြလေသည်။ ရခိုင်တို့သည် ဘုရားစေတီတည်ရာ၌လည်း ကျိန်စာများကို ရေးထိုးထားခဲ့သည်များကို တွေ့ရပေသည်။ ဥပမာအားဖြင့် တင်ပြရသော် သကြစ် (၁၀၀၂)ခု တပိုးတွဲလဆန်း (၁၃)ရက်ကြာသပတေးနေ့ထိုးထားခဲ့သည့် မြောက်ဦးနန်းသျှင် မိဖုရား သျှင်ထွေး၏ အလှူကောင်းမှုကျောက်စာအဆုံး၌ ကျိန်စာကို အောက်ပါအတိုင်း တွေ့ရလေသည်။

## မြောက်ဦးနန်းရှင် မိဖုရားသျှင်ထွေး၏ကျိန်စာ

ဤကောင်းမှုမျိုးတို့ကို သာသနာတော် ၅၀၀၀ပတ်လုံးရွတ်၍ တည်တော်ပြု၏။ ဤဝတ္ထုတို့ကို အကြင်မတရားသောမင်း၊ အိမ်ရှေ့အမတ်၊ စစ်သူကြီး၊ စစ်သည်စစ်တပ်၊ စစ်ချီ စသောသူတို့သည် ဖျက်ဆီးသည်ရှိသော သဋ္ဌိဉ်းကာလသို့ သန်တ၊ စူဠရောရုဝ၊ မဟာရောရုဝ၊ တပန္န၊ မဟာတာပန္န၊ အဝီစိတည်းဟူသော ငရဲကြီးနှင့် ငရဲငယ်ကား ဗင်ပုတ်ငရဲ၊ ပြာပူငရဲ၊ ခွေးနှင့်ပြေးသောငရဲ၊ ကျောက်ယန္တရာဖြင့်ပြီးသောငရဲ၊ သံလျက်ဓားဖြင့် ကြိမ်းသောငရဲ၊ လက်ပံပင်တောငရဲ၊ သားဖျင်ငရဲ၊ ငရဲသစ်ငုပ်၊ အသွားသဏၭငရဲ၊ သံချောင်းအတိပြည့်သော ငရဲ၊ တောင်ဖြင့်ကြိတ်သောငရဲ၊ ဥသာဒရက်ငရဲ၊ နရသိက္ခငရဲ၊ ယမလေထိက ငရဲ၊ စသောငရဲငယ် (၃၂၀)နှစ် လောဟကုမ္ဘီငရဲတို့နှိုက်လည်း သေစေသော်၊ နှုတ်စည်းပြတ်တေးပြိတ္တာ၊ ဗင်ဗုတ်မစင်ကို စားသောပြိတ္တာ၊ လူကောင်ဆင်ကောင်အညစ်အကြေးတို့ကို စားသောပြိတ္တာ၊ အပ်ဖျားတို့ ခံတွင်းရှိသော ပြိတ္တာ၊ ရေသို့ တဆိတ်ဖိတ်သော ပြိတ္တာ၊ ဓားသွားခဲ့ကသို့ လက်သဲဖြင့် မိမိအသားကို လိုလိုစားသော ပြိတ္တာ၊ တောင်လောက်ကိုယ်ရှိလျက် ကိုယ်ထက်၌လေးရှိသော ပြိတ္တာ၊ အလွန်ဆင်းရဲလျက် ချမ်းသာကင်းသောပြိတ္တာ၊ သျှည်ပြိတ္တာတို့ကို အစိုးရလျှက် ကောင်းသောအရပ်တို့ဖြင့် နေလျက် စက်ဆုပ်ဖွယ်အတိဖြစ်၍ သူတောင်းစားရသောပြိတ္တာ၊ အပ်အတိ အမွေးယောက်သော ပြိတ္တာ၊ ခြေတစ်ဖက်သာရှိသော ပြိတ္တာ၊ ခြေများသောပြိတ္တာ၊ လက်များသောပြိတ္တာ၊ လက်တစ်ဖက်သာရှိသောပြိတ္တာ၊ မျက်စိတစ်ဖက်သာရှိသော ပြိတ္တာ၊ မျက်စိများသောပြိတ္တာ၊ ခံတွင်းမှ မီးရှူးကဲ့သို့ထွက်သောပြိတ္တာ၊ အဥ အိုးစရည်းလောက်ရှိသော ပြိတ္တာ၊ သည်အဖြစ်တို့ကိုလည်း ကျလွယ်စေသော် အတ္တံအတ္တပဒုတတ္တံ ချမ္ပိကျန္တိသဃိကံ၊ ရေတတောတတာ၊ ကီမိလိကာဟူသော ဂါထာနှင့်ညီစွာ ငရဲကျပြီးမှ ထိုကျလေစေသောပြိတ္တာအဖြစ်မှ လွတ်လျှင်လည်း ကိုးဆယ့်ခြောက်ပါးသောအနာ၊ သာသတိဘယာ၊ (၂၁)ပါးသောဘေးဒဏ်အပေါင်းနှင့် ဥပ္ပဒ္ဒဝေါ (၁၀)ပါးသော ဥပါဒ်အပေါင်း၊ ဒွတ္တိံသကမ္မကရဏ (၃၂)ပါးသော ကံကြမ္မာအပေါင်းနှင့်တကွ ပျက်စီးရသော သစ္စာအပေါင်း၊ သူမကောင်းတို့ စွပ်စွဲခြင်း၊ ဆင်းရဲမျိုးအပေါင်းတို့သည်လည်း ရောက်လွယ်စေသော်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်၂၀၀၀၌ စောင့်သောနတ်၊ ဘီလူးမြစ်ကြီးငါးစင်း၊ မြစ်ငယ်ငါးရာ၌စောင့်သောနတ်နဂါး၊ ဟေမဝန္တာ၊ မြင့်မိုရ်၊ သတ္တရဘန်၊ တောင်စဉ်ခုနှစ်ထပ်တို့၌ စောင့်သောနတ်ဘီလူး၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည် တစ်ဆယ့်ခြောက်ဘုံ၌ နေသောနတ်ဗြဟ္မာတို့သည် ကျက်လွယ်စေသော်၊ သဲနှင့်အမျှလာလတ္တံ့သော ဘုရားမြတ်တို့ချွတ်သော်လည်း မကျွတ်စေလေသတည်း။ ဤတည်ထော်ပြုသည်တို့ကို မဖျက်သည့်သူ လေးဘဝကြီး၊ ဘဝငယ်တို့၌ လူမင်းချမ်းသာ၊ နတ်မင်းချမ်းသာ ခံရစေလေသော်၊ သူဌေးကြီးအပေါင်းတို့၏ ဆုသည်လည်း

ပြည့်စေသတည်းဟူ၍ အဆုံးသတ်ထားလေသည်။

ဤသည်ကျိန်စာကို ထောက်ရှုသဖြင့် ရခိုင်ပြည်အနှံ့အပြားရှိ စေတီ၊ ပုထိုး၊ ဂူဘုရားတို့ကို တည်ထားခဲ့သော မင်း၊ မိဖုရား၊ မှူးမတ် ပြည်သူလူထုတို့ကား မိဖုရားသျှင်ထွေးကဲ့သို့ မိမိကောင်းမှုအတွက် ရတက်မအေး ကျိန်စာ ပေးခဲ့မည်မှာ သေချာလေသည်။ လူထုကောင်းမှုတို့မှာ ကျိန်စာများစွာ တွေ့ကြုံရသည်မှာ မဆန်းလှပါ။ သံဃာတော်တို့၏ကောင်းမှု ဘုရားတည်ကျောက်စာတို့၌ပင် ကျိန်စာများကို တွေ့ရပေသေးသည်။ သို့ကြောင့် ရခိုင်ပြည် အနှံ့အပြား၌ရှိသော စေတီပုထိုး၊ ဂူဘုရားတို့ကို တူးဖြိုချိုးဖဲ့ကြသော လူယုတ်မာ၊ သိုက်သမား၊ ဘာသာဖျက်၊ မျိုးနွယ်ဖျက် စီးပွားရေးသမားတို့အဖို့တို့ကား ပစ္စက္ခသံသရာမှာ အရိပ်ပမာလိုက်ပါတတ်သော အကုသိုလ်ကံကြောင့် ဒုက္ခပေါင်းများစွာနှင့် ကြုံတွေ့ရကာ သံသရာသစ်ငုတ်ဖြစ်ရန်မှာ ယမမင်းနှင့် ကျိန်းသေစာချုပ်ပြုလုပ်ထားပြီး သကဲ့သို့ပင် ဖြစ်နေလေသည်။ ရှေးဟောင်းစေတီပုထိုး ဂူဘုရားတို့ကို ရိုးသားမွန်မြတ်သောစေတနာ သဒ္ဓာစစ်စစ်ဖြင့် မွမ်းမံပြုလုပ်သူတို့အဖို့ကား ဘဝများစွာ သံသရာ၌ ချမ်းသာသုခမျိုးစုံ စံစားရကုန်မည်မှာ သေချာနေသည်။ သို့ကြောင့် တိုင်းခြားပြည်ရွာ ချမ်းသာစေလိုသော် ရှေးဟောင်းဘုရားပုထိုး၊ စေတီဂူများကို ဖျက်ဆီးတူးဖြိုလျက် ရခိုင်လူမျိုးတို့၏ သာသာယဉ်ကျေးမှုအမွေအနှစ်တို့ကို ခိုးယူထုတ်ရောင်း စီးပွားရေး သောင်းကျန်းနေသော ဝိသမလောဘသမားတို့အား အပြုတ်တိုက်ထုတ်ရှင်းလင်း ဖော်ထုတ်သုတ်သင်ပြီး အပျက်စီး ရှေးဟောင်း အမွေ ဘုရား၊ ပုထိုးဂူ စေတီများကို ရှေးမူမပျက် ပြုလုပ်ကြလေလော့။

## ကျိန်ဆိုမှုကို ရှေးခေတ်ကပင် အလေးပြုခဲ့ကြပုံ

မဟာသုတသောမဇာတ်တော် ဘုရားအလောင်းသုတသောမမင်းကို အင်္ဂုလိမာလအလောင်း ပေါရိသာဒ လူသားစားသည် ယဇ်နတ်ပူဇော်ရန် ဖမ်းယူသွားစဉ်အခါဝယ် သုတသောမမင်းမှာ အာနန္ဒာအလောင်း၊ နန္ဒပုဏ္ဏား၏ဟောကြားမည့် တစ်ရာတန်ဂါထာကို နာကြားရန် အချိန်းအချက်ရှိမှုကြောင့် နန္ဒပုဏ္ဏား၏ တစ်ရာတန်ဂါထာ တရားကို နာကြားလိုသေးသဖြင့် ခဏလွှတ်ပေးစေလိုသေးကြောင်း၊ တရားနာပြီးနောက် ပြန်လာလျှင် သင်၏ သဘောအတိုင်း ယဇ်ပူဇော်ရန်ခံမည်ဖြစ်ကြောင်းတို့ကို ပြောဆိုတောင်းပန်သော်လည်း ပေါရိသာဒ(လူသားစား) မင်းက မယုံလေသောကြောင့် အသင်ပေါရိသာဒသည် ငါ၏နှုတ်ဖြင့် ဝန်ခံချက်ကတိသစ္စာကို မယုံကြည်လေလျှင် ငါကျိန်ဆိုမည်။ သံလျှက်ဓားကိုလည်း သုံးသပ်မည်၊ လှံကိုလည်း သုံးသပ်မည်၊ ငါသာ ပြန်မလာလို့ရှိပါက သံလျက်ဓား၊ လှံဘေးသင့်ပြီး သေပါရစေဟုကျိန်ဆိုပြီး ခွင့်တောင်းမှ တရားနာရန် ပြန်သွားခွင့်ပေး၍ နန္ဒပုဏ္ဏား၏တရားကို နာကြားပြီးလျှင် သုတသောမမင်းသည် ပေါရိသာ(လူသားစား) ထံသို့ ယဇ်ပူဇော်ခံရန် ပြန်လာဖူးလေသည်။

ဗုဒ္ဓဂေါတမအရှင် သက်တော်ထင်ရှားရှိစဉ်ကလည်း သာဝတ္ထိပြည်၌ စဏ္ဍကာဠီမည်သော ဘိက္ခုနီမ၏ မိမိကိုယ်ကိုလည်းကောင်း၊ သူတပါးကိုယ်ကိုလည်းကောင်း၊ ငရဲဖြင့်လည်းကောင်း၊ မြတ်သောအကျင့်ဖြင့်လည်း ကောင်း၊ ကျိန်ဆိုမှုကို အကြောင်းပြုပြီး ပရံအဘိသပန သိက္ခာပုဒ်ကို ပညက်ခဲလျက် ကျိန်ဆိုမှုပြုသော ဘိက္ခုနီမ အား သုဒ္ဓပါစိတ် အာပတ်သင့်စေဟု အပြစ်ပေးခဲ့လေသည်။ ဤကဲ့သို့ ဗုဒ္ဓသျှင်ပညတ်ခဲ့ရခြင်းသည် ကျိန်သစ္စာတို့ ၏ အစွမ်းသတ္တိထက်မြက်မှုကြောင့် ဇောက်ဒုက္ခကြုံတွေ့ရမည်ကို မြင်တော်မူ၍ ပညတ်ခဲ့ခြင်းဖြစ်လေသည်။ ကျိန်စာ ကိုင်ခြင်းသည် ဝန်ခံချက် ကတိသစ္စာထက် အစွမ်းသတ္တိထက်မြက်လေသည်။ ဝန်ခံချက်ကတိသစ္စာမှာ မူလ ကတည်းကပင် စေတနာရိုးရိုးဖြင့် ဝန်ခံခဲ့သော်လည်း အကြောင်းမညီညွတ်၍ ပျက်ကွက်ရလျှင် မုသဝါဒကံမထိုက် ဘဲ ကတိသစ္စာပျက်ရုံလောက်သာ ဖြစ်လေသည်။ မူလကတည်းက ရိုးသားမှုမရှိ၊ ကတိသစ္စာကို ဖျက်လိုသော စေတနာနှင့် ဝန်ခံခဲ့လျှင် ဝန်ခံကတည်းကပင် မုသဝါဒကံလည်း ထိုက်သည်။ ဝန်ခံအတိုင်းမဆောင်ရွက်နိုင်က သစ္စာလည်း ပျက်ကွက်လှလေသည်။ ကျိန်စာသည်ကား ကတိသစ္စာထက် အစွမ်းသတ္တိထက်မြက်မှုကြောင့် ရှေးကာလကပင် အလေးထားခဲ့ကြပါသည်။ ရှေးရခိုင်ဇာတ်လမ်းဖွဲ့တို့၌ ချစ်သူရည်းစားတို့ပင် မကွဲမကွာ ရာသက် ပန်ချစ်ကြမည်ကို 'ဂေါင်း'(ဦးခေါင်း)ရဝ်းမာနိန်၊ မဟာကျိန်ကို ကိုင်မည်လော့' ပြော့ဦးမာနိန်၊ မဟာကျိန်ကို ကိုင်မည် လော့ စသည်ဖြင့် ကျိန်သစ္စာတိုက်လေ့ရှိကြောင်း တွေ့ရပါသည်။ ရှေးအခါက ကျိန်သစ္စာကိုင်ရန်အလို့ငှါ

'ကျမ်းသစ္စာကျိန်ဆိုမြဲကျမ်း' ကိုလည်း ရေးသားပြုစုထားခဲ့သည်ကို တွေ့ရလေသည်။ ယင်းကျမ်းကို ရိုသေစွာ ကိုင်တွယ်၍ ကျမ်းသစ္စာကျိန်ဆိုကြရလေသည်။ အင်္ဂလိပ်လက်ထက်က ဘာသာရေးဆိုင်ရာ ကျိန်သစ္စာကျိန်စေရန် သတ်မှတ်ချက်ပြုခဲ့ရာ ကျမ်းမရှိသောနေရာများတွင် ဘုရားစေတီ၌ သစ္စာခံကြလေသည်။ ဥပမာတင်ပြရလျှင် ဖလောင်းချိပ်မြို့ (ကော့စ်ဘဇာရ်)တွင် ကျမ်းသစ္စာကျိန်ရသော သစ္စာတိုင်စေတီဟူ၍ ယခုထိပင် အစိုးရရုံးထဲ၌ ရှိနေတုန်းဖြစ်နေသည်။ အင်္ဂလိပ်ကိုလိုနီခေတ်တို့၌ တရားရုံးတို့တွင် ကျမ်းကျိန်ဓလေ့ကို ဆက်လက်ကျင့်သုံးခဲ့ကြရာ ဖော်ပြပါ မဟာကျိန်ဘုရားစေတီပုထိုးများ၌ ကျိန်ဆိုခြင်းတို့မှာ တာဝန်ကြီးလေးခြင်းတို့ကြောင့် ကျမ်းစာပေမူ ပေါ်လာရဟန်တူပေသည်။ ထို့ကြောင့် ကျမ်းသစ္စာကျိန်ဆိုမြဲကျမ်းဟု တွေ့ရသည်ကို နမူနာအဖြစ် သိကြရအောင် ရှေးမူမပျက်တင်ပြလိုက်ပါသည်။

## ကျမ်းသစ္စာကျိန်ဆိုမြဲကျမ်း (ပေမူအတိုင်း)

စိန္တိတုံသတ္တသချေ်ယျံ၊ နဝသချေ်ယဝါစကံ၊ ကာယဝါစာစတုချာတိ၊ ဗုဒ္ဓတ္တံသမုပါကတံ၊ ဟူဆောပါဌ်ဂါထာနှင့်လျော်စွာလေးသချေ်နှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ ဒါနပါရမီ၊ သီလပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး၊ တရားတို့ကိုဖြည့်တော်မူ၍ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးတရားတို့ကို သိတော်မူ၍ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကုန်သော ပညာဓိကဘုရား၊ ဝိရိယာဓိကဘုရား၊ သဒ္ဓာဓိကဘုရားအပေါင်းတို့ကို စောင့်ရှောက်ကုန်သော သမာဓိတည်သော စန္ဒီပရမိသွာ မဟာပိန္နဲ၊ ကုတဲ၊ ဂေါရမန္ဒနတ်ကြီး၊ သာသနာတော်စောင့်သောနတ်ကြီး၊ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံကို စောင့်သောနတ်ကြီး၊ စတုလောကပါလနတ်ကြီး၊ မဟာမေခလာနတ်ကြီး၊ ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ လေးမျက်နှာစောင့်သောနတ်၊ ရှစ်မျက်နှာစောင့်သောနတ်အပေါင်းတို့သည်. . . အမြဲ စောင့်ရှောက်တော် မူစေသတည်း။ ဟုတ်မှန်သည်ကို ဆိုပါမည်၊ မဟုတ်မမှန်ဆိုပါချေလျှင် လေးသချေ်နှင့် ကမ္ဘာတစ်သိန်း၊ တွက်ကိန်းပြည့် ထလုံးလသဲးစွာ၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ဝိရိယပါရမီ၊ ခန္တီပါရမီ၊ ပညာပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်၍ ပြည့်တကျင်သော ဘုရားရှင်ကိုယ်တော်မြတ်ကို စောင့်သောနတ်လည်း သတ်၍ မနေသေစေသောဟူလေ။ သွားတော်လေးဆယ် စွယ်တော်လေးချောင်း၊ ညှပ်ရိုးတော် နှစ်ချောင်း ဓာတ်ပေါင်း ရှစ်စရွတ်ကိုစောင့်သော နတ်လည်းသတ်၍မနေ သေစေသောဟူလေ၊ လက်ျာရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံ ရှင်မောဂ္ဂလန် စသောအသီတိ ရှစ်ကျိပ်သော ရဟန္တာမြတ်တို့၏ ဓာတ်တော်မွေတော်တို့ကို စောင့်သော နတ်၊ လဲးသတ်၍မနေ သေစေသောဟူ လေ။ ထိုမှတပါး ဘုရားသခင် ဟောတော်မူသော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနှစ်ကျမ်း၊ ပိဋကတ် သုံးပုံ၊ ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်ကျမ်း ကုန်အောင်ကို စောင့်သော နတ်လည်းသတ်၍ မနေသေ စေသောဟူလေ။ ထိုမှတပါး သာသနာတော်ငါးထောင်ကို စောင့်သော နတ်လည်းသတ်၍ မနေသေစောသော ဟူလေ။ ထိုမှတပါး ဇမ္ဗူဒီပါ အပရဂေါယာ ခုဒင်္ဂရုပြုပွဝိဒေဟာကျမ်းကြီးလဲးကျွန်း၊ ကျွန်းငယ်နှစ်ထောင်အရံ ××××××ကာ ဆောင်သောကျွန်းအပေါင်းကို စောင့်သောနတ်လည်း သတ်၍မနေသေစေ သောဟူလေ။ ထိုမှတပါး မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ၊ ဂင်္ဂါ၊ ယမုံနာ၊ အစီရဝဒီ၊ မဟီ၊ သရဘူ၊ ဟူသည်မကြွင်း၊ အိုဝ်အင်းချောင်းမြောင်း၊ အပေါင်းစောင့်မှတ်၊ ခပ်သိမ်းနတ်လည်း သတ်၍မနေသေစေသောဟူလေ။ ဟိမဝန္တာ တောသုံးထောင်ကို ကုန်အောင်စောင့်သော အာကာသစိုး ပိဿနိုးမလွတ်၊ ဘုတ်ပြိတ်နတ်လည်း သတ်၍မနေ၊ သေစေသောဟူလေ။ ထိုမှတပါး အာကာမုက္ခိ၊ စန္ဒီပရမီသွိ၊ မဟာဂိရိ စသောအရှိန်ပြင်းထန်စေသော ဝဏနှင့်၊ ဂုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗတစသည့် တေဝိန်အသူရိန်အလား၊ ကျော်ထင်ရှားသည့်နတ်များလည်း သတ်၍မနေ သေစေ သောဟူလေ။ ထိုမှတစ်ပါး သွေးခဲသွေးနက်၊ ပွက်ပွက်ထွက်၍ ကိုယ်လက်ပြောင်းပြန်၊ သွေးခဲအန်၍ လေစေသော ဟူလေ။

ထိုမှတစ်ပါး ဘေးရှစ်ပါးဒဏ် ဆယ်ပါးလည်း ထင်ရှားသတ်၍ လတ်လတ်ချက်ချင်းသေစေသောဟူလေ၊

ထိုမှတစ်ပါး သားမြေးဥစ္စာ၊ မကြာပျက်စီး၊ ဆီမီးတန်ဆောင်၊ ထွန်းသောရောင်သို့၊ ကုန်အောင်မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်စေသော ဟူလေ။ ထိုမှတစ်ပါး ရေဝယ်သွားလည်း ရေသားများထွေ၊ ဆယ်ကုဋေ့တွင်၊ ရေနေအပေါင်း၊ မိကျောင်း လပိုင် ညံ့ထိကိုင်၍ မကာန်းလိပ်ငါး စား၍မနေ သေစေသောဟူလေ။ ထိုမှတစ်ပါး ကြည်းဝယ်သွားလည်း ကြည်းသားအပြားများသည် အနေကိုးကုဋေ့တွင်၊ သစ်ကျားဆင်းရဲ၊ စိုင်းတီးမွေ့၊ ဝက်ရဲစား၍ ထွားထွား ညက်ညက် ကိုယ်လုံးပျက်၍ သေစေသောဟူလေ။ ထိုမှတစ်ပါး မြွေပွေး၊ မြွေဟောက် ငန်းပြောက် ငန်းကျား၊ ငန်းငါးပါးလေးပေါက် ထမနေသေစေသောဟူလေ။ ထိုမှတစ်ပါး သေကုန်ငြားလည်း ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ရာ့နှစ်ဆယ့်ရှစ်ထပ် တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်၊ အပယ်လေးပါး၊ လားသေသော ဟူလေ။ ထိုမှတစ်ပါး လူဖြစ်ငြားလည်း လူချင်းမတူ လူနူလူဆွတ်၊ ပုညင်းပွတ်အဆင်း၊ ခရုသင်းမလွတ်၊ ဘက်သကတ်၊ ဘက်သချာ၊ ထိုအနာလည်း စွဲကပ်စေသောဟူလေ။ ထိုမှတစ်ပါး မိခင် ဘခင် ခေါင်ငင်ပြင်းထန်၊ ဆန့်တုန်ခြေလက်၊ မကွေး မိခင် သေစေသောဟူလေ။ ထိုမှတစ်ပါး မင်းကမလွတ်၊ အမတ်ဗိုလ်ပါ၊ စွဲစရာသား၊ အိမ်ထက်လက်နက်၊ သုံးမည် စက်နှင့် ခြေလက်တောင်းလောင်း၊ လိဉ်ဦးခေါင်းလည်း ထောင်းထောင်းပြတ်၍ သေစေသောဟူလေ။ ထိုမှတစ်ပါး မဟာသမုဒ္ဒရာ ပင်လယ်ကြောဝယ်၊ သင်္ဘောလှေကြီး၊ ပျက်စီးမျောပါး၊ ကွဲသောလက်သို့၊ ထွားထွားညက်ညက်၊ ပျက်စေသောဟူလေ။ ထိုမှတစ်ပါး ဂွမ်းတလှည်းကို အကျွမ်းဘုတ်သော်၊ တဆုတ်လျှောက်မျှ၊ ဂွမ်းမရသို့ ဖြစ်စေ သောဟူလေ။ ထိုမှတစ်ပါး သားမြေးကျွဲကျွန်၊ ထွန်သည်ကျွဲနွား၊ ခမ်းနားမကြွင်း၊ ပြုံမ်းတီးခြင်းနှင့် ဆင်းရဲကြီးသည်၊ မြေကြီးဝက်ခွဲး ခွက်လက်စွဲ၍၊ ငရဲအရှင်၊ စားကျင်လှည့်ကာ၊ ဘုန်းစားရာတဝ၊ တွင်းဆုံးကျ၍၊ အလှမဲ့ပါး၊ လူပြိတ္တာ လည်း ဖြစ်စေသောဟူလေ။ ထိုမှတစ်ပါး မင်းနန်းသူကိန်ခြင်းထုံးနှယ် ဆင်းသည်ထင်းမီးစသို့ တစတစတိုစေသော ဟူလေ။ ဟုတ်မှန်ဝန်သည်အတိုင်း ဆိုချေဥ်လျှင်၊ မှာန်သောသစ္စာ၊ အာနုဘော် အကျိုးစက်ကြောင့်၊ ယခင်ရေရွတ် ဆိုခဲ့ပြီးသော နတ်ကောင်းနတ်မြတ်အပေါင်းတို့သည် ကောင်းသောကြည့်ခြင်းဖြင့် ကြည့်မြင်ကာ × × × × ကိ။ လျှက်စောင့်ရှောက်တော်မူကြသည်ဖြစ်၍၊ ကာယသုက္ခ၊ စိတ္တသုက္ခ၊ ချမ်းသာခြင်းဖြစ်စေသတည်း။ ထိုမှတစ်ပါး မှန်သောသစ္စာ အာနုဘော်အကျိုးအဆက်ကြောင့် အရှင်မင်းစသော မြို့ကွက်ပြည်စိုး အမှုးအမတ် သူရဲးသူခက် အပေါင်းတို့နှင့် ဆိုခဲ့သမျှ ကြည်းနေရေနေ သတ္တဝါအပေါင်းတို့သည် ရင်ဝယ်ဖြစ်သော သားကဲ့သို့သနားချစ်ခြင်း ရှိကြကုန်လျက်၊ ကိုယ်မှစ၍ သားမြေးမြစ်အဆွေ ခုနစ်ဆက်တို့သည် ဓာတ်လေးပါးတို့ ကောင်းသော တယ်ကြည် ခြင်းဖြင့် တည်ကြည်ညီညွတ်၍၊ ကြမ္မာအပေါင်း၊ အပြစ်ဒဏ်ဟူသမျှ ရောဂါအနာအမျိုးမျိုး ကိုးဆယ့်ခြောက်ပါး တို့သည် မထိမရောက် မကွပ်မစွမ်းမငြိ၊ ချမ်းသာပြည့်စုံ၊ ကုန်လုံကြွယ်ဝလျက်၊ အသဒိဿသဘွယ်ဖြစ်သော အလှူကြီးကို၊ ကြိမ်ဖန်များစွာ၊ ဒါနသီလတို့ကို၊ မပြတ်ဖြည့်စွန်းနိုင်၍၊ သာသနာတော်မြတ်ကို ပင့်နိုင်သူဖြစ်စေ သတည်း။ သေတုံသော်လည်း အပါယ်လဲးပါး၊ ကပ်သုံးပါး၊ အရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးတို့ကို မလားမကပ်၊ မရောက်သည်ဖြစ်၍၊ လူ့ပြည်နတ်ရွာ၊ နိဗ္ဗာန်ချမ်းသာကြီးသုံးပါးကို ရသည်ဖြစ်စေသတည်း။ ထိုမှစ၍ သားမြေး ဥစ္စာရတနာမျိုး၊ တက်တိုးချမ်းသာ၊ မင်္ဂလာအပေါင်း၊ ကောင်းမြတ်သော ဂုဏ်ကျက်သရေ တစ်နေ့တစ်ဆင့် ဆန်လမြင့်သို့ ဖြစ်စေသောဝ်း။ ဤအတ္တုပတ္တိ ရွှေကျမ်းကို ဆင်ခြင်မှတ်ယူတော်မူကြသာစေသောဝ်း။ မောင်တို့ သတိထား၊ ဗုဒ္ဓပိမ္မံ။ ကို။ ။

မှတ်ချက်။ ။ ဤကား ပေစာမူအတိုင်း တင်ပြလိုက်ရခြင်းဖြစ်လေသည်၊ ယင်းစာပေကို ရေးကူးခဲ့သည့် ခုနှစ်သက္ကရာဇ်ကိုလည်း မတွေ့ရ။ သို့သော် ပေစာကား ဟောင်းရင့်အိုမင်းပြီဟု ခန့်မှန်းရသည်။ စာရေးနည်းမှာ လည်း ရခိုင်အထွက်အတိုင်း 'လဲး၊ လေး၊ လည်း' တို့မှာ ရခိုင်အသံထွက်တူသော ကြောင်းခွဲခြားမှု မပြုဘဲ သုံးစွဲထားသည်ကို တွေ့နိုင်ပေမည်။

**မဟာပညာကျော်(ရခိုင်မြို့)**

# ဦးရာဇ်တော်စေတီမြတ်အား နိုင်ငံခြား သုတေသီတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း

အောင်သူရကျော် (ရခိုင်)

(ဂျာမန်လူမျိုး ဒေါက်တာ ဖော်ချမ်မာသည် ဗြိတိသျှခေတ်တွင် မြန်မာနိုင်ငံကျောက်စာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။ မိမိတာဝန်အရ ရခိုင်ပြည်နယ် ရှေးဟောင်းလက်ရာများနှင့် အဆောက်အဦး၊ စေတီ၊ ပုထိုးများကို လေ့လာ၍မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းစာအုပ်ကို ခရစ်နှစ် ၁၈၉၀ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဒေါက်တာဖော်ချမ်မာက ဦးရာဇ်တော်ဓာတ် စေတီမြတ်သမိုင်းနှင့် သူမြင်တွေ့ခဲ့သော အခြေအနေများကို E. Forshemmar, Papers on Subjects Relating to the Archaeology of Burma including Arakan Rangoon 1891.)

စာ ၅၅-၅၈)တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။ ၎င်း၏ဖော်ပြချက်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဘာသာပြန်သူ)

ဦးရာဇ်တော်ဓာတ်စေတီမြတ်သည် ပုဏ္ဏားကျွန်းမြို့ တစ်ဖက်ကမ်းရှိ မတ်စောက်သောကျောက်တောင်ခပ်နိမ့်နိမ့် တစ်ခုပေါ်တွင် တည်ရှိ၏။ ဂေါတမမြတ်စွာဘုရား သခင်သည် နှစဉ်ဘဝက ဤတောင်ပေါ်၌ အမျိုးမြတ်သော ပုဏ္ဏားတစ်ဇစ်ဖြစ်ခဲ့ဘူးလေသည်။ မြတ်စွာဘုရားသခင်သည် သေလာဂီရိတောင်ပေါ်၌ ဆင်းသက်ရပ်နားစဉ် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ငါ၏ဦးခွံတော်ကို ဤတောင်ပေါ်၌ တွေ့ရ၍ ၎င်းအပေါ်၌ စေတီတစ်ဆူတည်ထားကိုးကွယ်လတ္တံ့’ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့လေ၏။

ဒေသဆိုင်ရာမှတ်တမ်းအရ စေတီတော်ကြီး၏ မူလကုသိုလ်ရှင်ကို ဖော်ပြထားခြင်းမတွေ့ရပေ။ ပထမဦးဆုံး ဖော်ပြချက်တစ်ရပ်မှာကား ကောဇာသက္ကရာဇ် ၈၈၃ခု၊ အေဒီ ၁၅၂၁တွင် မြောက်ဦးမင်းဆက်၏ဘုရင်ဖြစ်သော ဂဇာပတိဘုရင်သည် ကစ္ဆပနဒီ (ကုလားတန်မြစ်)ကို စုန်ဆင်းလာပြီး စေတီတော်ကြီးကို ပြုပြင်မွမ်းမံခဲ့သည်ဟူ၍ ဖြစ်ပေသည်။ ကောဇာသက္ကရာဇ် ၉၅၃ခု၊ အေဒီ ၁၅၉၁တွင် ဘုရင်မင်းဖလောင်း၏အမိန့်အရ ကြီးစွာသောစေတီတော်အဖြစ် ပြန်လည်တည်ဆောက်ခဲ့လေသည်။

ရာဇဝံသ(ရာဇဝင်)လာ ဖော်ပြချက်အကြောင်းအရာများကား ဤရခိုင်ရွှေပြည်တွင် ဓမ္မသောကဘုရင်လက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတုဓာတ်တော်များကို ဌာပနာ၍ စေတီပုထိုးများစွာတည်ထားကိုးကွယ်ခဲ့လေသည်။ ဘုရင်မင်းဖလောင်းသည် ဤကဲ့သို့သော စေတီတော်အားလုံးကို ပြန်လည်ပြုပြင်စေခဲ့၏။

ဘုရင်မင်းမြတ်သည် စစ်သည်တော်တို့ကို ဦးဆောင်ဦးရွက်ပြုလျက် မြုပြည်သို့ စစ်ချီတော်မူစဉ် အောင်ပွဲနှင့်အတူ ပြန်လာနိုင်မည်ဆိုပါက သေလပဗ္ဗတတောင်ပေါ်ရှိ ဦးရာဇ်တော်စေတီမြတ်ကို ပြန်လည်ပြုပြင်ပါမည်အကြောင်း တိုင်တည်ကတိထားတော်မူလေသည်။ မြုပြည်ကို အောင်နိုင်၍ပြန်လာသည့်အခါ သူ့ကတိအတိုင်း သေလာပဗ္ဗတတောင်ထိပ်ကို မြေညီအောင် ညှိပြီး အမှိုက်သရိုက်များကို ရှင်းလင်းစေသည်။ ထို့နောက် သားတော်ဦးရာဇ်တောင်စားကို ကြီးကြပ်စေလျက် များစွာသော ပန်းရံကျော်များနှင့် ဗိသုကာပညာရှင်တို့အား စီမံဆောင်ရွက်စေလေ၏။ စေတီတော်ကြီး၏အဝန်းမှာ ဖိနပ်တော် (ပန်းတင်ခုံ) ၌ မင်းလံ ၈၀ (တစ်လံ=၄တောင်) အတိုင်းအတာ

ထိ ထူထဲသော အစိမ်းရောင်ကျောက်တုံးများဖြင့် တည်ဆောက်စေလေ၏။ ထိုသို့ဆောင်ရွက်ပြီးသည့်အခါ ဘုရင်မင်းမြတ်သည် ကြီးစွာသော အသဒိဿအလှူအတွက် စီမံဆောင်ရွက်စေလေသည်။

ဘုရင်မင်းမြတ်သည် လှေပေါင်းများစွာ ခြံရံစေလျက် ရေမျှောနန်းတော်၌ စံမြန်းကာ ကစ္ဆပနဒီမြစ်ကို စုန်ဆင်းလာတော်မူ၏။ ဦးရာဇ်တော်ဓာတ်နှင့် စမြုံတော်ဓာတ်အကြားရှိ လမ်းပိုက်ချောင်းဝအရောက်တွင် ယာယီစံနန်းဆောက်လုပ်စေပြီး မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် ရေတည်းဟူသောအလှူအဖြစ် ရေကန်များစွာကို တူးဖော်စေလေ၏။ ရဟန်းပုဏ္ဏားတို့အားလည်း ရက်ရောစွာ ပေးလှူစေလေ၏၊

ဦးရာဇ်တော်ဘုရားရင်ပြင်နှင့် ယာယီစံနန်းတော်အကြား ဥဿဘ-၉၀(၁၂၆၀၀)တောင်အကွာအဝေးခရီး၌ ဆင်များ၊ မြင်းများ၊ မြင်းလှည်းများနှင့် ခြေလျင်စစ်သည်တော်များ လွယ်ကူစွာ သွားလာဖြတ်ကျော်နိုင်အောင် လမ်းများကို ပြုပြင်စေလေ၏။ ဦးရာဇ်တော်ဓာတ်နှင့် စမြုံတော်ဓာတ်အကြား လမ်းတစ်လျှောက်တွင် လူမျိုးတစ်ရာတစ်မျိုး၏ ကိုယ်စားပြုအရုပ်များ၊ ငါးရာ့ငါးဆယ် ဇာတ်တော်လာဖြစ်ရပ်တော်ပြကွက်များ၊ ရေ၌ ကျက်စားတတ်သောသတ္တဝါတို့၏ အရုပ်များဖြင့် ခင်းကျင်းပြသထားလေ၏။ လမ်းများတွင် အောင်လံများ၊ တံခွန်၊ ကုက္ကားများနှင့် ကြာပန်းများထည့်ထားသည့်ပန်းအိုးများ ညောင်ရေအိုးများဖြင့် အလှဆင်ထားစေလေ၏။

ကောဇာသက္ကရာဇ် ၉၅၃ခု၊ သာသနာသက္ကရာဇ် ၂၁၃၅ခု၊ တန်ခူးလဆုတ် (၁)ရက်တနင်္ဂနွေနေ့တွင် ဌာပနာသွင်း အခမ်းအနားပွဲတော် ကျင်းပလေ၏။ ထို့နောက် ထောင်သောင်းမကသော ရဟန်းသံဃာတော်အရှင်မြတ်တို့အား ပရိက္ခရာရှစ်ပါးကို ပေးလှူတော်မူလေ၏။ ပွဲတော်ကို (၇)ရက်တိုင်တိုင် ကျင်းပခဲ့ရာ ငွေကိုးသိန်းတန်ဘိုးထိ လှူဒါန်းခဲ့လေ၏။ ထို့နောက် ဘဝရှင်မင်းဖလောင်းသည် နေပြည်တော်သို့ ပြန်တော်မူလေသည်။ ဘုရင်မင်းဖလောင်းသည် ကောဇာသက္ကရာဇ် ၉၅၅ခု၊ ဝါဆိုလဆန်း (၆)ရက် တနင်္ဂနွေနေ့၌ သက်တော် (၅၉)နှစ်အရွယ်တွင် နတ်ရွာစံတော်မူလေသည်။

လွန်ခဲ့သော ရှစ်နှစ်ခန့်တွင် မမြတ်ဦးဆိုသူက စေတီတော်တစ်ခုလုံးကို ပြုပြင်မွမ်းမံခြင်း၊ ရွှေချခြင်းတို့ ပြုလုပ်ခဲ့သည်။ ၎င်းကုသိုလ်ကောင်းမှုကို စေတီတော်အနီး၌ ကျောက်သလင်းဖြင့် ပြုလုပ်ထားသည့် ကျောက်စာတစ်ချပ်ရေးထိုးထားခဲ့သည်။ ကျောက်စာပါအကြောင်းအရာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဦးရာဇ်တောင် မဟာစေတီတော်မြတ်ဘုရား။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သံဃေနသဟဿယောရဋ္ဌ၊ သဒ္ဓမ္မောသာသကရဏံ၊ အနေကဝါရဟန္တာသဒ္ဓါတိဌာတုယသနံ၊ ယောဇိနော၊ ငါးပါးအောင်မြင် ဘုရားရှင်သည်။ ရဋ္ဌ၊ သုနာပရာန်၊ တမ္ပဒီပ၊ နာမဝှန်လှိုင်း၊ ပြဟ္မာတိုင်းသို့၊ သံဃေန၊ ထေရ်မြတ်အရိယာ၊ သံဃာတော်နှင့်တကွ။ အနေကဝါရံ၊ အကြိမ်များစွာ။ အာဂန္တာ၊ ကြွလာတော်မူ၍။ သဒ္ဓမ္မော၊ သာသကရဏံ၊ သူတော်ကောင်းတရား သုံးပါး သာသနာ၊ ထွန်းလင်းရာသော အကြောင်းကို အကာပြုတော်မူလေပြီ။ တဿဇိနဿ၊ ထိုငါးပါးအောင်မြင်၊ ဘုရားရှင်၏သာသနံ၊ မြင့်ရှည်နောင်နောင်၊ ငါးထောင်ပိုင်းခြား၊ ထားခဲ့မိန့်မှာ၊ သာသနာတော်မြတ်သည်၊ သဒ္ဓါ၊ အခါခပ်သိမ်း။ တိဌတု၊ ထွန်းပရွှန်းဝေ၊ တက်သည့်နေသို့၊ ကြေငြာအံ့နှီး၊ ပွားကြီးမြင့်မြတ်၊ တည်လတ်တော်မူစေသတည်း။ မင်္ဂလာတန်ဆောင်၊ ထွန်းလင်းပြောင်စိမ့်၊ ခြောက်ရောင်ပြိုးပြက်၊ လျှပ်နေလက်သား၊ အထက်စိုးစွင့်၊ ဘဝဂ်မိုးမြင့်၊ ကိုးဂုဏ်ပွင့်၍၊ လေးဆင့် မဟိဒ္ဓိ၊ ရှိန်းရှိန်းညိသား၊

မြတ်ဘုရား၏၊ တည်ထားသာသနာ၊ ငါးထောင်သာဝယ်၊ မြင့်ကြာရှည်စေ၊ ပန္နက်ခြေ၍၊ လူ့ထွေမှန်လစ်၊ သက္ကရာဇ် လေးဆယ် ပြည့်ကြွယ်မလွန်၊ အမွန်ကဲလှိုင်၊ ရခိုင်မြို့ဧည့ဝတီ၊ သာစည်ပြန့်မှီး၊ တိုင်းပြည်ကြီးနှိုက်၊ သိမ်းပိုက်အဝင်၊ မည်တွင်ရန်နိုက်၊ အင်္ဂလိပ်မင်း၊ တပ်လျှင်းမသွေ၊ ပြုပြင်ပေသော စစ်တွေမြို့ဝင်ပါ၊ မောလိပ်ဆိုသည့် ဈေးဟောင်းရွာ၌၊ မွေးပိုက်မှံ့စွာ၊ သဒ္ဓါသီလ၊ သုဘစာက၊ ပညာဟိရိသြတ္တပ္ပါ၊ ခွန်နှစ်ဖြာမှံ့လှ၊ မြတ်ဓမ္မကို၊ နိစ္စမသွေ၊ စောင့်စွဲနေသော၊ ဇရပ်တကာ၊ သဒ္ဓါပြည့်ဆောင်၊ မောင်ချင်းတောင်သည်၊ လုဘုံဘဝ၊ စုတိကျ၍၊ ကြင်စ ဇနီး၊ ရှုမညီးသည့် မယားကြီးကြော့မှုး၊ မမြတ်ဦးက၊ ကြည်နူးလှပါ၊ စေတနာနှင့်၊ နောင်သံသရာ၊ ကျိုးများစွာကို၊ တည်ပါရစ်စေ၊ ဇောစိတ်ချေ၍၊ သေသူကိုယ်စား၊ ဖြစ်စေသားဟု၊ မိဌာန်ပြုသည်၊ နောင်သုံးလုဆွေ၊ သမ္ဗုဒ္ဓေ၏၊ ရွှေကိုယ်တော်စား၊ ရုပ်ပွားတော်စစ်၊ ဦးရာဇ်တောင်ပေါ်၊ စေတီတော်မြတ်၊ သုံးလှ့နတ်ကို၊ နောင်မှတ်အစွန့်ရှည်စေညွှန့်သား၊ စိတ်ဝယ်ထား၍၊ ရွှေသားမွမ်းမံ၊ တပ်ရံစုဆောင်း၊ သပျှာပေါင်းရေ၊ ကုန်လေအကြောင်း၊ သောင်းငါးထောင်ကျော်တုံ၊ လှျုတုံခမ်းနား၊ စွန့်ကြဲပြန့်ပွား၊ အကျိုးအားကြောင့်၊ ပြောင်းသွားဘဝ၊ စုတိကျသည့်၊ မောင်လှသက်ဝေ၊ ရွှေပြည်နိဗ္ဗာန်၊ သာထူးလွန်သည့်၊ ပြည်မွန်မှံ့စွာ၊ နိဗ္ဗူတာသို့၊ ရောက်ပါစေကြောင်း၊ ဇောကောင်းမှန်စွာ၊ လှျုဒါန်းရာသား၊ အကျိုးအားကြောင့်၊ လေးဝအပါယ်၊ သုံးသွယ်သောကပ်၊ ငါးရပ်ရံသူ၊ မပြုဝ့န်းရှောင်း၊ သူတော်ကောင်းတို့၊ အလောင်းတကာ၊ တောင်းကုရာသား၊ ပဌနာစု၊ အာရုဝဏ္ဏာ၊ သုခဗလ၊ ပတိပ္ပန္နာ၊ ပြည့်စုံပါစေ၊ တောင်းဆုဝေ၏၊ ရေမြေသနင်း၊ မင်းဧကရာဇ်မှစ၍၊ တောင်ညာစံဒေဝီ၊ ဒသနီ၊ ကေတညီ၊ ဆွေမျိုးတော်၊ မှုးတော် မတ်ရာ၊ သေနာပတိ၊ စရှိများစွာ၊ ဆရာသမား၊ ဆွေဝါးမိဘ၊ ညာတမိတ်ဆွေ၊ အိမ်နေသားချင်း၊ မရှင်းမှန်စွာ၊ ဝေနေယျ သတ္တဝါတို့အား၊ ရညားပါစေ၊ အမျှဝေ၏၊ ဝသုန္ဒြေ၊ ဤမြေနတ်သား၊ တည်ပုံကြားသည်၊ အများ သာခု သာခု ခေါ်စေသော၊ ယခု အကျွန်ုပ် အားထုတ်စိုက်လှျု ကြည်ဖြူသဒ္ဓါ၊ စေတနာကြောင့်၊ ဥစ္စာ ရွှေ ငွေ၊ ဆန်ရေစပါး၊ ကျွဲ နွား မြင်း ဆင်၊ လိုချင်ခပ်သိမ်း၊ မရိမ်းမှံ့စွာ၊ ပြည့်စုံရာတွေ၊ ဝဏ္ဏောအဆင်း၊ ကောင်းချင်းအသံ၊ ချံရံတသီး၊ သားသမီးနှင့်၊ မညီးပြည့်စုံ၊ လှျုတုံခမ်းနား၊ ကြီးမားမြင့်မြတ်၊ ဥဂ္ဂါတိဟိတ်၊ စိတ်သန္ဓေ၊ တည်နေရစေ၊ တောင်းဆုဝေ၏၊ တထွေထူးလည်၊ နတ်တို့ပြည်ဝယ်၊ ရှုဘွယ်ဆန်းပြား၊ ပတ္တမြားစိန်ကျောက်၊ ဝင်းတောက်လျှံထိမ်၊ စွဲအိမ်ရွှေနန်း၊ စံခန်းမွှေ့လျော်၊ စည်းစိမ်ပြော်၍၊ လူကျော်နတ်ကောင်း၊ ဖြစ်ရကြောင်းဟု၊ ဆုတောင်းပထွာ၊ လှျုဒါန်းပါသည်၊ ။ လျှင်စွာပြည့်စုံပါသော။ ။ နိဗ္ဗါနပစ္စယော ဟောတု။ ။

ခရစ်သက္ကရာဇ် ၁၈၈၂ခုတွင် အနယ်နယ်အရပ်ရပ်မှ ငွေကြေးကောက်ခံ၍ ထီးတော်ကို အသစ်တင်ပြီး ကျပ်တစ်သောင်းတန်ဘိုးရွှေချခဲ့သည်။ ထိုအချိန်မှစ၍ ရင်ပြင်တော်၌ အုတ်လမ်းခင်းရန်၊ ဘုရားပရဝုဏ်တစ်ခုလုံး၊ မဟာရံတံတိုင်း တည်ဆောက်ရန်နှင့် တောင်ခြေမှတောင်ထိပ်သို့ လှေကားအသစ် တည်ဆောက်ရန်တို့အတွက် ရံပုံငွေများ အဆက်မပြတ် ကောက်ခံလာခဲ့ကြပါသည်။

စေတီတော်မြတ်တည်ရှိသောတောင်ကုန်းမှာ အရှေ့ဘက်နှင့် အနောက်မြောက်ဘက်တို့၌ အလွန်မတ်စောက်ပြီး ကျောက်ထူထပ်၏။ တောင်ဘက်တွင် အလွန်မတ်စောက်ပြီး ကျောက်ထူထပ်၏။ တောင်ဘက်တွင် ဆင်ခြေလျှောမှာ တဖြည်းဖြည်း ပြေပြစ်လာကာ မြေပြန့်အဖြစ်ပြောင်းလဲသွားသည်။ တောင်ဘက်စွန်းတွင် ဘုရင်မင်းဖလောင်း၏ ယာယီစံနန်းတော်ရှိသည်။ ကုန်းတန်းတစ်ခုလုံးသည် အပေါ်ပိုင်းတွင် ညီညာသွား၍ ဘုရင်တည်

ဆောက်ခဲ့သောလမ်းဆီသို့ ဦးတည်နေ၏။ ဦးရာဇ်တော်စေတီမြတ်မှာ တောင်ကုန်း၏မြောက်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။

စေတီတော်ပန္နက်မှာ ရိုးရိုးစက်ဝိုင်းပုံဖြစ်၏။ စေတီတော်ကိုယ်ထည်၌ လိုဏ်ဂူငယ်များ၊ မုခ်လှိုင်များမရှိပါ။ ဘိနပ်တော် (ပန်းတင်ခုံ)သည် (၃၈၇)ပေအတိုင်းအတာ ပမာဏရှိပြီး ဝန်းဝိုင်းနေ၏။ ဘိနပ်တော်၏အောက်ခြေမှ (၈)ပေအမြင့်ထိ တဖြောင့်တည်းတက်သွားပြီးမှ ဖောင်းရစ်တစ်ဆင့်ခံကာ အပေါ်တွင် တဖြည်းဖြည်း ကျဉ်းမြောင်းသွားပါသည်။ ခေါင်းလောင်းတော်၏အထက်ပိုင်း၌ အဖျားရှူးသွားပြီး အမြင့်ပေ(၁၉၄)ရှိသည်။ စေတီတော်၏မူလထီးတော်မှာ ပျက်စီးနေပါသည်။ သို့ဖြစ်ရရာ အပေါ်ပိုင်းတွင် ရွှေချမထားဘဲ ခေါင်းလောင်းတော်မှစ၍သာ ရွှေချထားသည်ကို တွေ့ရပါသည်။ ဘိနပ်တော်ကို (၁၀)လက်မအကျယ်၊ (၆)လက်မအမြင့်ရှိသော ဆစ်ကျောက်များဖြင့် ဆောက်ထားပြီး အပေါ်ပိုင်းတွင် အုတ်သုံးထားပါသည်။ စေတီတော်တစ်ခုလုံးကို အင်္ဂတေအုပ်ထားပြီး နေရာအနှံ့အပြားတွင် လေးထောင့်မှန်ကွက်များ ကပ်ထားပါသည်။

စေတီတော်၏ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် အင်္ဂတေအုပ်၍ အဖြူရောင်ဆေးသုတ်ထားသော အဆောက်အဦးငယ်နှစ်ခုမှာ အမြင့် (၈)ပေ၊ အရှည် (၁၂)ပေ၊ အနက် (၉) ပေစီရှိပါသည်။ ၎င်းအဆောက်အဦးများ၏နောက်ပိုင်းများမှာ စေတီတော်ကြီးနှင့် ထိစပ်နေကြ၏။ ၎င်းအဆောက်အဦးငယ်များနှင့် ခေါင်မိုးမျက်နှာကြက်မှာ ပြားသောပုံသဏ္ဍာန်ရှိပြီး အပေါ်ပိုင်းတွင် မညီညာသော လိုင်းကြောင်းများဖြင့် ဖောင်းကြွပုံစံဖော်ထားသည်ကိုတွေ့ရ၏။ အဆောက်အဦး၏ဝင်ပေါက်မှာ အောက်ခြေမှ မျဉ်းမတ်တက်သွားပြီး နောက်အနားနှစ်ခု ထိစပ်ကာ ဦးချွန်းပုံဖြစ်နေ၏။ လေးထောင့်ပုံသဏ္ဍာန်ခန်းမ၏ ရှေ့ဘက်မျက်နှာစာမှ ဝင်သွားမည်ဆိုပါက အထဲတွင် အုတ်ခုံငယ်(ပန်းတင်ခုံ)တစ်ခုတွေ့ရပြီး ၎င်းအပေါ်၌ ပန်းပွင့်များနှင့် အခြားလှူဖွယ်ဝတ္ထုများ တင်ထားသည်ကို တွေ့ရ၏။ ဘုရားဆင်းတုတော်ကိုမူကား မတွေ့ရချေ။ ဤအဆောက် အဦးများမှ ရခိုင်ပြည်နယ်တွင် အများအားဖြင့် တွေ့ရလေ့ရှိသော ဟိန္ဒူဘုရားရှိခိုးကျောင်း အဆောက်အဦးပုံစံကို နမူနာယူထားခြင်းမျိုးဖြစ်၏။ ဧရာဝတီမြစ်ကမ်းတစ်ဖက်တစ်ချက်တွင် ရှိကြသောစေတီပုထိုးကြီးအားလုံးလိုလို၌ အရပ်လေးမျက်နှာတွင် ခေတ်မီလှပသော ပြသာဒ်တန်ဆောင်းများ ရှိကြသည်ကို တွေ့ရ၏။

ရင်ပြင်တော်မှာ ညီညာနေသော်လည်း လမ်းမရှိပါ။ ပုံစံမကျ ကွေ့ကွေ့ကောက်ကောက်ဖြစ်နေပြီး မဟာရံတံတိုင်းအဖြစ်လည်း သတ်သတ်မှတ်မှတ် မတွေ့ရချေ။ အရှေ့ဘက်ခြမ်းတွင် သွပ်မိုးထားသော ဇရပ်သစ်တစ်ဆောင်ရှိပြီး ၎င်းဇရပ်၏ရှေ့တွင် ကျောက်တိုင်နှစ်ခုအကြား၌ မြန်မာဘာသာဖြင့် ကျောက်စာရေးထိုးထားသော ကျောက်သလင်းကျောက်စာတစ်ချပ်ကို တွေ့ရ၏။ ကျောက်စာပါအကြောင်းအရာကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျောက်စာ၏အတိုင်းအတာမှာ အပေါ်ပိုင်းဆော့ကစ် (စွပ်စရာအခေါင်း)ရှိ အလျား (၃)ပေ (၇)လက်မ၊ အနံ(၂)ပေ (၄)လက်မနှင့် အထု (၅)လက်မရှိ၏။ ကျောက်စာ၏ထိပ်ပိုင်းတွင် သေသပ်စွာ ထုထွင်းထားပြီး အပေါ်ဆုံး၌ ပန်းကနုတ်ဖော်ထားသည်။ အလားတူစွာပင် ကျောက်တိုင်ထိပ်ပိုင်းတွင်လည်း သေသပ်စွာ ထုထွင်း၍ ပန်းကနုတ်ဖော်ထား၏။

ရင်ပြင်တော်၏ အရှေ့မြောက်ထောင့်တွင် သစ်သားတိုင်ပေါ်၌ ဂရုဒါငှက် (ဂဋုန်ငှက်) တစ်ကောင်ရှိပြီး သစ်သားတိုင်ခြေတွင် လူအရွယ်အစား နီးပါးမျှရှိသော သစ်သားရုပ်ထုလေးခုကို သစ်သားငုပ်တိုင်ပေါ်တွင် တွေ့ရ

သည်။ ရုပ်ထုများ၏ ဦးခေါင်းမကိုင့်နှင့် အဝတ်အစားအနားစွန်းများတွင် ရောင်စုံမှန်ကွက်ငယ်များ တပ်ဆင်ထား၏။ စေတီတော်၏မြောက်ဘက်တွင် တောင်ခြေမှ ရင်ပြင်တော်ထိ တဖြောင့်တည်းဦးတည်နေသော ဘုရင်မင်းဖလောင်း တည်ဆောက်ခဲ့သည့် လမ်းတစ်လမ်းမှာ ယခုအခါ သုံးမရအောင် ပျက်စီးနေပြီဖြစ်ပါသည်။ ထိုလမ်းရှိလှေခါးထစ်များမှာ (၄)ပေကျယ်ပြီး တစ်ဘက်တစ်ချက်စီ၌ (၁)ပေ (၆)လက်မမြင့်သော အုတ်နံရံရှိ၏။ လှေခါးထစ်များကိုအုတ်ဖြင့် အတန်းလိုက်စီထားပါသည်။

ရင်ပြင်တော်၏တောင်ဘက်ခြမ်း၌ အဆောက်အဦးငယ်တစ်ခုတွင် (၄)ပေအမြင့်ရှိသော ထိုင်တော်မူခြေချချက် ကျောက်ဆင်းတု ဘုရားတစ်ဆူကို တွေ့ရ၏။

ရခိုင်ရိုးမ၏အရှေ့ဘက်တွင် အများအားဖြင့် တွေ့ရလေ့ရှိသော ဘာသာရေးအဆောက်အဦးများနှင့် နှိုင်းယှဉ်ကြည့်ပါက မဟာမုနိဘုရားနှင့် ဦးရာဇ်တော်စေတီမြတ်တို့မှာ အင်္ဂတေပန်းဒီဇိုင်းမှုတပါး တန်ဆာဆင်ထားမှု ကင်းမဲ့ခြင်းကြောင့် တစ်မူထူးခြားလှပါသည်။ ရခိုင်ပြည်နယ်တွင် အခြားသော ဘုရားပုထိုးများအားလုံးလိုလိုကို လွန်ခဲ့သောနှစ် (၅၀)ခန့်က ပြန်လည်ပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အနောက်ဘက်ကမ်းမြောင်ဒေသတွင် ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ဖြစ်စေ၊ သတ္တုဖြင့်ဖြစ်စေ၊ တည်ဆောက်ပြုလုပ်တတ်သော အနုပညာလက်ရာများမှာ ပျောက်ကွယ်လုနီးပါး ရှိနေပြီဖြစ်သော်လည်း (၁၅)ရာစုနှင့် (၁၆)ရာစု ခေတ်အတွင်းက အဆင့်အတန်းမြင့်မားလှသော အနုပညာလက်ရာများကို တွေ့မြင်နိုင်ပါသေးသည်။

ရခိုင်ပြည်နယ်တစ်ခုလုံးမှ ဘုရားဖူးပရိသတ်များသည် ဦးရာဇ်တော်ဓာတ်စေတီမြတ်သို့ လာရောက်ဖူးမြော်ကြ၏။ ထို့ကြောင့် ရင်ပြင်တော်အားပြုပြင်ရန် စေတီတော်အား ရွှေအသစ်ချရန် ထီးတော်ကို ပြင်ဆင်ရန်၊ ဘုရားပရဝုဏ်တစ်ခုလုံး လမ်းခင်းရန်၊ မဟာရံတံတိုင်းကာရန် တောင်ခြေမှ ရင်ပြင်တော်ထိ အမိုးရှိသောတက်လမ်းသစ်တစ်ခု တည်ဆောက်ရန်နှင့် စေတီတော်၏မြောက်ဘက်မျက်နှာစာ၌ ဓမ္မာရုံတစ်ခု တည်ဆောက်ရန်တို့ကို ယခုအခါ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

အောင်သူရကျော်(ရခိုင်)

# တန်ခိုးဆရာထွန်း၏ ဦးရာဇ်တော်ဘုရားပူဇော

မင်းရွှေ (ပုဏ္ဏားကျွန်း)

ဆရာထွန်းကို ရခိုင်ယဉ်ကျေးမှု စာပေလောကတွင် လူသိများလှသည်။ ကိုလိုနီခေတ်တွင် ထွန်းပေါ် ကျော်ကြားခဲ့သော စာပေပညာရှင်တစ်ဦးဖြစ်သည်။

ဦးရာဇ်တော် ဓာတ်တော်ကြီးမှာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၏ ချောင်းတစ်ဖက်ကမ်းတွင် တည်ရှိသည်။ ဂေါတမဗုဒ္ဓဘုရားရှင်၏ ဦးခွံတော်ဓါတ် ကိန်းဝပ်စံပါယ်ရာဖြစ်သည်။ ရခိုင်ပြည်နယ်၏ ဥာဏ်တော် အမြင့်ဆုံးသောစေတီတော်ကြီး တစ်ဆူလည်းဖြစ်သည်။

ဆရာထွန်း၏မွေးရပ်ဇာတိ တန်းခိုးရွာနှင့် ဦးရာဇ်တော်ဘုရားကြီးမှာ (၅)မိုင်ခန့်သာ ကွာဝေးသည်။ ဆရာထွန်းသည် ကျောင်းဆရာဘဝနှင့် ကျင်လည်ခဲ့စဉ် နတ်ဆိပ်ကျေးရွာ မူလတန်းကျောင်းအုပ်ဆရာကြီး တာဝန်ကို ထမ်းဆောင်ခဲ့သည်။

နတ်ဆိပ်ရွာမှာ ဦးရာဇ်တော်ဘုရား၏ တောင်ခြေရင်းတွင် တည်ရှိသည်။ သို့ဖြစ်၍ ဆရာထွန်းအဖို့ ဦးရာဇ်တော်ဘုရားသည် နေ့စဉ်ဖူးမျှော်ရာ ကုသိုလ်ဒါနပွားများရာ ဖြစ်ခဲ့မည်။

သူ၏စာပေပညာနှင့် ဦးရာဇ်တော်ဘုရားကြီးအား မည်သို့ ပူဇော်ကန်တော့ပုံများကို တင်ပြသွားမည်ဖြစ်ပါသည်။

ဆရာထွန်းသည် သူ၏တပည့်များအား ဦးရာဇ်တော်ဘုရားရှိခိုးကို နှုတ်တိုက်အာဂုံသင်ပေးခဲ့သည်။ ၎င်းဘုရားရှိခိုးကို ဆရာထွန်း၏သားဖြစ်သူ ကျောင်းဆရာ ဦးလှကျော်ဇံက တစ်ဖန်သူ၏ တပည့်များအား သင်ကြားပေးခဲ့ပြန်သည်။ ယင်းဆရာထံ၌ မူလတန်းပညာသင်ကြားခဲ့ဘူးသော ယခု ပုဏ္ဏားကျွန်းမြို့ ရွာဟောင်း ရပ်ကွက်နေ အငြိမ်းစားမူလတန်းဆရာကြီး ဦးလှကျော်ဇံထံမှ ၎င်း၏လက်ရေးမူဖြင့် ရေးကူးပေးသည်။ သို့သော် စာလုံးပေါင်းနှင့် ကာရံအနည်းငယ် မှားယွင်းနေသည်ကို တွေ့ရှိရပါသည်။ တစ်ဖန် ဆရာတော်အသျှင်စက္ကိန္ဒက ပုဏ္ဏားကျွန်းမြို့သို့ ဦးရာဇ်တော်သမိုင်းပြုစုရေးကိစ္စ ရောက်ရှိလာရာ ဆရာတော်ထံမှရရှိသော ရခိုင်ဘုရားရှိခိုး စာအုပ်တွင် တန်းခိုးဆရာထွန်း၏ ဦးရာဇ်တော်ဘုရားရှိခိုးကို ဖတ်ရှုရပါသည်။

ယင်းစာအုပ်တွင်လည်း သတ်ပုံကာရံ အနည်းငယ်မှားယွင်းနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ထိုဘုရားရှိခိုးစာ စာမူနှစ်ခုကို ဆရာတော်ဘုရား၏ရှေ့မှောက်တွင်ပင် (၂၂-၁၁-၆၂) နေ့က ညှိနှိုင်းစိစစ်လျက် တန်းခိုးဆရာထွန်းရေးသားပူဇော်ခဲ့သော ဦးရာဇ်တော်ဘုရားရှိခိုးအဖြစ် အောက်ပါအတိုင်း ပြန်လည်ဖော်ပြအပ်ပါသည်။

အစိန္တိယ၊ အစိန္တိယ၊ မုနိန္ဒဟု၊ ဇိနအာရဟံ၊ နာမံတော်သစ်၊ မြတ်သျှင်ချစ်လျှင်၊ တက်သစ်နေဝန်း၊ ပွင့်သစ် ပန်သို့၊ ဆန်းသစ်စန္ဒာ၊ ထွန်းသစ်ကြာသို့၊ သမန္တစက်၊ ဘုံသုံးကွတ်၌၊ ပေါ်ထွက်ကွန်းငြား၊ နတ်လူများကို သားလှ ရတနာ၊ ရာဟုလာသို့၊ ဂရုနာသဇဉ်၊ စပ်ယှဉ်တိုးပွား၊ သဘောထား၍၊ တရားရှိအေး၊ ဟောတိုက်ကျွေးလျှက်၊ ချမ်းအေးနိဗ္ဗာန်၊ ပျော်ငြိမ်းစံသော်၊ အသမ္မိန၊ သမ္မိနဟု၊ စရိယဒါတု၊ ဓာတ်တော်စုလျှင်၊ ဦးရာဇ်မြတ်စွာ၊ ဓာတ်မဟာ အား၊ ဓမ္မသောက၊ အရင်းစ၍၊ သီသဗ္ဗတာ တောင်တော်သာ၌၊ ဌာပနာခိဋ္ဌာန်၊ ကြည်စိတ်သန်လျှက်၊ မင်းလံနှစ် ဆယ်၊ စေတီတည်၍၊ သပ္ပာယ်ခဲ့ရာ၊ နောက်တခါ၌၊ အာဏာထန်ပြင်း၊ ဖလောင်းမင်းက၊ အရင်း ပထမ၊ သမ္မတသို့၊

ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်ကို၊ ရခိုင်မက၊ မဇ္ဈိမတိုင်၊ ပိုင်သအာဏာ၊ စိုးစဉ်ခါဝယ်၊ နာဂရဋ္ဌာနေ၊ မြို့တိုင်းပြည်ကို၊ လိုသည်တွက်တာ၊ ချီခဲ့လာသော်၊ ဗိုလ်ပါသိန်းသောင်း၊ သူရဲပေါင်းနှင့်၊ ကင်းချောင်းကမ်းစပ်၊ ကင်းတပ်ချလျက်၊ ကြပ်မတ်နှိုးဆော်၊ နေသရောင်၌၊ တည်ဖော်ကြီးမြတ်၊ ဦးရာဇ်ဓာတ်က၊ လျှပ်စစ်ပမာ၊ ထွန်းလင်းဖြာသို့ ရောင်ဝါခြောက်သွယ်၊ ထွန်းတောက်တေကို၊ မြင်လေသောအခါ၊ မင်းရာဇာလျှင်၊ သဒ္ဓါဖိတ်လျှံ၊ စိတ်အကြံဖြင့်၊ မိဋ္ဌာန်သဗ္ဗာ၊ ပြုပြီးခါမှ ချီကာသွားလေ၊ မြို့တိုင်းပြည်ကို၊ အလွယ်တကူ၊ အောင်တော်မူ၍၊ ဗိုလ်လူနှင့်သာ၊ ပြန်ခဲ့လာလျှက်၊ ကိုးရာ့ကိုးဆယ်၊ သုံးခုဝယ်တွင်၊ ဓာတ်မွေတော်စစ်၊ မြတ်ဦးရာဇ်ကို၊ အသစ်ထပ်မံ၊ နတ်ပန်းရံ၍၊ (နံပတ်ရံ၍) မင်းလံရှစ်ဆယ်၊ လုံးပတ်ဝယ်တည်း၊ မြင့်ရေထက်မှာ၊ တုသီတာထိ၊ တစ်ရာသံတောင်၊ အစောက်ဆောင်လျက်၊ ဘုန်းခေါင်မြတ်စွာ၊ ဓာတ်မဟာအား၊ တကာတော်ကောင်း၊ မင်းဖလောင်းလျှင်၊ အပေါင်းနတ်လူ၊ ထောက်ပံ့ကူ၍၊ သယမ္ဘူမြတ်။ တစ်ဆူဓာတ်ကို၊ လူနတ်ပြဟ္မာကိုးကွယ်ဋ္ဌာသား၊ မဟာစေတီ၊ မဟေသီဟု၊ လုံးညီကြက်သရေ၊ သင့်သပ္ပါယ်သား၊ ဓာတ်မွေတော်စု၊ သဗ္ဗညုလည်း၊ ယခုတိုင်အောင်၊ ဦးရာဇ်တောင်စု၊ ငါးထောင်သာသနာ၊ ရှည်မြင့်ကြာအောင်၊ တည်တာကြီးမြတ်၊ ဦးရာဇ်ဓာတ်ကို၊ ဓာတ်ဦးရာဇ်တော်၊ သူမမျှော်အား၊ သက်တော်ထင်ရှား၊ မြတ်စွာဘုရားကို မျက်ဝါးထင်ထင်၊ ဖူးတွေ့မြင်သို့၊ ကျွန်လျှင်ညွတ်ကျိုး၊ မပြတ်ကိုးသည့်၊ ကောင်းကျိုးကိုယ်၌၊ တည်စေသား၊ ဩကာသ၊ ဩကာသ၊ အရှင်ဘုရား . . . . ။

ယင်းကဲ့သို့ ဆရာထွန်းသည် ဦးရာဇ်တော်ဘုရားသမိုင်းကို ဖော်ကျူးရာ ဘုရားရှိခိုးလင်္ကာဖြင့် တပည့်များကို ကုသိုလ်ပွားစေခဲ့သည်။ မိမိကိုယ်တိုင်လည်း ဦးရာဇ်တော်ဘုရားအား နေ့စဉ်ပင် ရှိခိုးပူဇော်ခဲ့ပေလိမ့်မည်။

ရခိုင်ပြည် မဟာမုနိဘုရားသမိုင်းနှင့် ဦးရာဇ်တော်ဘုရားကြီးသမိုင်းကိုလည်း လင်္ကာဖွဲ့၍ ရေးသားပုံနှိပ်ပူဇော်ခဲ့သည်။

ဆရာထွန်း၏ဦးရာဇ်တော်ဘုရားသမိုင်းလင်္ကာနိဂုံးပိုင်းတွင်-

ဤသည်လင်္ကာ၊ သမိုင်းစာကို၊ တိုင်းထွာဆင်ခြင်၊ ပြုစီရင်သည်၊ မျက်မြင်ထင်ရှား၊ ဖြစ်ခဲ့ပြား၊ စကားမပို၊ စာဆိုမကိုင်၊ ရိုက်ရိုက်မှန်ကန်၊ စပ်ရံဖြင့်၊ ပစ္စုပ္ပန်မျက်မှောက်၊ ဤမျှလောက်၊ နောင်နောင်ကြာအောင်၊ အနာဂါတ်ကို၊ စာပြုခြင်းငှာ၊ မသင့်ရာတည်း၊ ဤစာပြုရ၊ ကုသလကြောင့်၊ ဗုဒ္ဓသာသနာ၊ စည်ပင်လာလျက်၊ ရောင်ဝါပွင့်လင်း၊ တဝင်းဝင်းဖြင့်၊ မင်းနှင့်ပြည်သူ၊ ကြည်ဖြူ၍၊ တအူဖြောင့်ဖြောင့်၊ ကိုယ်စောင့်တရား သဘောထားနှင့်၊ အများသတ္တဝါ၊ ဘေးဘီရံလျက်၊ ချမ်းသာသုခ၊ ကုသလကြောင့်၊ ရကြပါစေ၊ ပန်ဆုရည်၏၊ ပြုသည်ကုသလ၊ ဤပုညကို၊ ဆရာ၊ ညာတကာနှင့်၊ သုံးရွာသုံးဆူ၊ အမျှယူလေ၊ ကြည်ဖြူစိတ်သန်၊ မိမိဉာဏ်ဖြင့် စီမံပြုလုပ်၊ အကျွန်အားလည်း၊ အားထုတ်လုံ့လ၊ ဝီရိယနှင့်၊ ဓမ္မ ပါရမီကြောင့်၊ ဤသာသနာ၊ အတွင်းမှာ၌၊ ဝိစ္စာစရဏ၊ သမ္မနနှင့်၊ ညီမျှသည့်ကိုယ်၊ ဖြစ်ရလို၊သံချိုသာယာ၊ ပျို့ကဗျာဖြင့်၊ မြတ်စွာသုံးလူ၊ ဂုဏ်ကျေးဇူးနှင့်၊ ဓာတုတော်စစ်၊ တုမကိုင်၊ ဦးရာဇ်ရတနာ၊ သမိုင်းစာကို၊ ဇေယျာချီးကျူး၊ စီကုံးပြုသည်ဟူ၍ ရေးသားစပ်ဆိုခဲ့သည်။

ဆိုလိုသည် ဗုဒ္ဓသာသနာ ထွန်းလင်းလာစေရန် ရည်သန်လျှက် ဤဦးရာဇ်တော်ဘုရားသမိုင်းကို လင်္ကာဖွဲ့၍ စီကုံးရေးသားပူဇော်ခဲ့ပါသည်။

ဤကုသိုလ်ကြောင်း အကျွန်ုပ်သည် ကောင်းရာသုဂတိဘုံသို့ ရောက်ရပါလို၏။

မိဘဆရာညာတကာ အပေါင်းကိုလည်း အမျှပေးဝေလိုပါ၏ဟု စပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

တန်းခိုးဆရာထွန်းသည် ငယ်စဉ်ကပင် ဉာဏ်ထက်သည်၊ ထိုးထွင်းဉာဏ်ရှိသည်။

အဝိဇ္ဇန်းရှင်သည်၊ ဟာသနှော၍လည်း ပြောတတ်သည်၊ ကျောင်းဆရာသာမဟုတ်၊ စာစီဆရာ၊ စာဟော ဆရာ တစ်ဦးလည်းဖြစ်သည်။ စာပေပညာအရပ်ရပ် အတပ်မျိုးမျိုး ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဘုရား ဟောဇာတ်၊ နိပါတ်တော်များကိုလည်း ကောင်းစွာလေ့လာခဲ့သည်။ ထိုသို့လေ့လာပြီး မိမိကိုယ်ပိုင် အတွေးအခေါ် အရေးအသားဖြင့် ကဗျာ၊ လင်္ကာ၊ သဖြန်၊ ဟောစာ၊ မော်ကွန်း၊ ရတု၊ သံပေါက်၊ ငိုခြင်းမျှင်၊ ဆုတောင်း၊ ဆုပေး၊ ကထိန်နတ်ထွက်ခန်းစာ၊ သာသနာကျောင်း၊ ဝပ်ကပ္ပကရဏစာတမ်း၊ ဘုန်းကြီးပျံငိုခြင်းမျှင်၊ ယောကျ်ား၊ မိန်းမ အခြေအတင်ဆိုသောတိုက်သာခြင်း၊ အလှ အာမခံသာခြင်း၊ အထောက်နာရီချ၊ ပတ်တိုက်ပြဇာတ်၊ မပတ္တနိတမ်း သာခြင်း၊ ထို့အပြင် ရခိုင်ဒုံးအက သံချပ်များနှင့် ပြိုင်လောင်းသံချပ်အမျိုးမျိုးကိုပါ ရေးသားစပ်ဆိုခဲ့ပေသည်။

ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော် ဘုရားပွဲတော် ပြိုင်လောင်းပြိုင်ပွဲများ၌ တန်းခိုးရွာ၏ပြိုင်လောင်းဘက်မှနေ၍ ကိုယ်တိုင်သံချပ်ဆရာအဖြစ် ပါဝင်သံချပ်ထိုးခဲ့သည်။ ဆရာထွန်းသည် ပြိုင်လောင်းထက်မှနေ၍ ဦးရာဇ်တောင် ဘုရားအား သံချပ်ဖြင့် ပူဇော်ခဲ့ပုံများမှာ 'ဒေါင်းစက်ပျံမှာ၊ ရောင်လျံညီးသို့၊ ဟုတ်မှန်လုပ်ဟန်၊ မုခ်ပျံစီးသည်၊ စံရာပြည်ကြီး၊ ထွဋ်မှမဟာ၊ တရားမင်းမြတ်၊ ညွှတ်ပဏ္ဏာ၊ ရွှေပြည်အောင်ချာ၊ ရက္ခိုင်တိုင်းဟု၊ နတ်ရွာကန္နိုင်း၊ သမိုင်းတည်၊ တိုင်းရွှေခိုင်ပြည်၊ ဌာနေရပ်တွင်၊ ဦးရာဇ်မြတ်စွာ၊ မယာဓာတ်ကို၊ ပြဟ္မာလူနတ်၊ ညွှတ်ပူဇော်၊ သီသဗ္ဗတာ၊ သောလာယဉ်၊ ဓာတ်ရောင်ထွန်းလို့၊ သာသနာပြောင်စွာ၊ ရောင်ဝါလျှမ်းကော၊ မြေကွက်ကျယ်ဝန်း၊ ကျွန်းတောင်မြေတွင် စသည်ဖြင့်လည်းကောင်း၊

၁။ ဇေယျမင်္ဂလာ၊ ရတနာအောင်ပန်း၊ မြရောင်ဝေကော၊ သပြေကျွန်းလေ၊ ဟန်းဇီးလေ (ဟင်းဇီးလေ၊ ဟမ်းဇားလေ)။

၂။ သပြေကျွန်းမှာ၊ နေဝန်းပမာ၊ သတင်းကျော်ဇော၊ သညာရာမ ရက္ခမဏ္ဍိုင်၊ ရန့်လှိုင်တော၊ မြို့ဓညာလေ၊ ဟမ်းဇီးလေ၊ (ဟင်းဇီးလေ၊ ဟမ်းဇားလေ)။

၃။ မြို့ဓညမှာ၊ ဂစ္ဆပနဒီ၊ မြစ်မရီလျှင်၊ ရစ်ခွိပတ်ဝန်း၊ ဦးရာဇ်တောင်ကော၊ မြတ်ခေါင်ကျွန်းလေ၊ ဟမ်းဇီးလေ (ဟင်းဇီးလေ၊ ဟမ်းဇားလေ)။

စသည်ဖြင့် ပြိုင်လောင်း ဟင်းဇီးလေဖွဲ့တစ်မျိုးဖြင့် တစ်သွယ်၊ ဆရာထွန်း၏ ဦးရာဇ်တော်ဘုရား ပူဇနိယ များကို ရွေးထုတ်တင်ပြလိုက်ပါသည်။

မှီငြမ်း

၁။ တန်းခိုးဆရာထွန်း၏ ဦးရာဇ်တော်ဘုရားသမိုင်း လက်ဘုံနှိပ်စာအုပ်။

၂။ တက္ကသိုလ်များ၊ ရန်ကုန် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီမှ (၁၉၇၁/၇၂)ခုနှစ် ထုတ်ဝေသည့် ရခိုင့်တန်ဆောင်မဂ္ဂဇင်း။

၃။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ (၁၉၈၃)ခုနှစ်ထုတ်ဝေသည့် ရခိုင်ပြည်နယ်စာစောင်။

၄။ ပုဏ္ဏားကျွန်းမြို့ ရွာဟောင်းရပ်ကွက်နေ အငြိမ်းစားမူလတန်းဆရာကြီး ဦးလှကျော်ဇံထံမှ ဆရာထွန်း၏ ဦးရာဇ်တော်ဘုရားရှိခိုး။

၅။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်) ၏ ၁၉၉၁ခုနှစ်၊ ထုတ်ဝေသည့် ရခိုင်ပြည် ဘုရားရှိခိုး။

ရက်စွဲ၊ ၁၉၉၂ခု၊ နိုဝင်ဘာ(၂၀)ရက်။

# မင်းဟာရီ၏ ဘိသိက်ဒင်္ဂါး

ကိုသာနိုင် (ဝေသာလီ)

နွေရာသီတစ်ရက်၌ မြောက်ဦးမြို့ ကျောက်ရစ်ကေရပ်ကွက်မှ အဘွားအိုတစ်ယောက် ငွေဒင်္ဂါးတစ်ပြား ရောင်းချရန်အတွက် ကျွန်ုပ်ထံသို့ ရောက်ရှိလာပါသည်။

မြေးငယ်တစ်ယောက် နေမကောင်းသဖြင့် ဆေးဝါးတိုက်ကျွေးရန် ငွေလိုအပ်၍ ဤပစ္စည်းကို ရောင်းချလိုကြောင်း၊ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့သောပစ္စည်းဖြစ်ကြောင်း၊ ပစ္စည်းသခင်ရှိရ လူသခင်ရှိရစသည့် လူအိုတို့၏ လေသံဖြင့် ပြောပြရာ ကျွန်ုပ်လည်း ကာလပေါက်ဈေးပေးဝယ်ပြီး မိမိတတ်နိုင်သလောက်ငွေအချို့ကို လှူလိုက်ပါသည်။

ထို့နောက် ဤဒင်္ဂါးကို လေ့လာကြည့်ရာ ဒင်္ဂါးမှာ ရခိုင်ဒင်္ဂါးများစာအုပ်၌ ဖော်ပြထားခြင်းမရှိသေးကြောင်း တွေ့ရပါသည်။

ဦးထွန်းရွှေခိုင် စစ်တွေကောလိပ်၏ ၁၉၈၅ခုနှစ်ထုတ် ရခိုင်ရှေးဟောင်းမြို့တော်များ စာမျက်နှာ ၁၈၇တွင် မြောက်ဦးမြို့ သချိုင်းကုန်းတစ်ခုမှ ဤဒင်္ဂါးမျိုးကို ရရှိခဲ့သည်ဟု အနည်းငယ်ဖော်ပြထားပါသည်။ သို့သော်လည်း ပုံနှင့်တကွ သီးသန့်ဖော်ပြထားခြင်းမရှိချေ။

ဆရာကြီးဦးစံသာအောင်သည် ၁၉၇၉-ခုနှစ်တွင် သူလေ့လာတွေ့ရှိခဲ့သမျှသော ရခိုင်ဒင်္ဂါးများကို ရှာဖွေစုဆောင်းပြီး ရခိုင်ဒင်္ဂါးများစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဆရာကြီးကွယ်လွန်သည့်နောက်ပိုင်းတွင် ရခိုင်ဒင်္ဂါးများကို ရှာဖွေစုဆောင်းကာ သမိုင်းကွင်းဆက်များကို ဖော်ထုတ်မှတ်တမ်းတင်ကြရန် ကျွန်ုပ်တို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။

ယခုတင်ပြလိုသော မင်းဟာရီ၏ ဘိသိက်ဒင်္ဂါးအကြောင်းမှာ သမိုင်းကွင်းဆက်တစ်ခုကို ဖြည့်စွက်ပေးခြင်းဖြစ်ပါသည်။ မင်းဟာရီ၏ဒင်္ဂါးများကို စာရှုသူတို့ လေ့လာကြည့်ရှုနိုင်စေရန် အောက်ပါအတိုင်း ပုံနှင့်တကွ ဖော်ပြအပ်ပါသည်။

## ဒင်္ဂါး၏ထူးခြားသောလက္ခဏာများ

ဒင်္ဂါးမှာ ငွေသားစစ်စစ်ဖြစ်၍ ရွှေလေးချိန် (၉)ပဲ (၃)ရွေးရှိပါသည်။ အချင်း (၃ဒသမ ၁)စင်တီမီတာရှိ၍ မျက်နှာနှစ်ဘက်စလုံးတွင် '၉၉၆ ဆင်နီသခင် ဆင်ဖြူသခင် မဟာသီရိသုဓမ္မရာဇာ'ဟု ရခိုင်အက္ခရာဖြင့် မျက်နှာပြည့် ရေးထိုးခပ်နှိပ်ထားပါသည်။ စာများကို ကွင်းတစ်ခုဖြင့် ဝန်းရံထားပြီး ကွင်း၏အပြင်ဘက်တွင် ဗိန္ဒုပြောက်များကိုလည်း တွေ့ရပါသည်။

ကိုင်ကြည့်လျှင် အထူအပါး ညီညာပြီး စာလုံးအရေးအသားများမှာလည်း ပုံတွင်မြင်ရသည့်အတိုင်း ညီညာလှပကြောင်း တွေ့ရပါသည်။

ဤဒင်္ဂါးမှာ မင်းဟာရီ၏ နန်းတက်ဒင်္ဂါးဖြစ်သော '၉၈၄-ဆင်ဖြူသခင်၊ ဆင်နီသခင်၊ သီရိသုဓမ္မာရာဇာ'ဒင်္ဂါးနှင့် သက္ကရာဇ်ချင်း ကွာနေသောကြောင့် ရာဇဘိသေကမင်္ဂလာပွဲကြီး ကျင်းပသည့်အထိမ်းအမှတ်ကို ရည်စူး၍ပြု

လုပ်ထားသော ဒင်္ဂါးဖြစ်ကြောင်း ထင်ရှားနေပါသည်။

သုတေသီတို့ အဆိုအမိန့်အရ သက္ကရာဇ် ၁၀၀၀ နရပတိကြီးလက်ထက်မှစ၍ မြောက်ဦးခေတ် နောက်ဆုံးမင်းဖြစ်သော မဟာသမတရာဇာထိတိုင်အောင် သုံးစွဲခဲ့သော ဒင်္ဂါးများတွင် ပါရှန်နှင့် နာဂရိအက္ခရာများကို မသုံးပေ၊ ရခိုင်အက္ခရာဖြင့် ရေးထိုးခဲ့ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် သက္ကရာဇ် (၁၀၀၀)ထက်စောသော ဒင်္ဂါးများသည် ပါရှန်နှင့် နာဂရီအက္ခရာများပါသော ဒင်္ဂါးများဟု သုတေသီတို့က မှတ်ချက်ချထားသည်ကို တွေ့ရပါသည်။

ဤသို့ မှတ်ချက်ချထားခြင်းမှာ သက္ကရာဇ် (၁၀၀၀)ထက်စောသော (၉၉၆)ခုတွင် ရိုက်နှိပ်ထားသည့် မင်းဟာရီ၏ ဘိသိက်ဒင်္ဂါးကို မတွေ့ရှိသေး၍ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဤဒင်္ဂါးသည် ပါရှန်နှင့် နာဂရီအက္ခရာများမပါသော ဒင်္ဂါးများတွင် အစောဆုံး တွေ့ရှိရသော ဒင်္ဂါးများဖြစ်သည်ဟု မှတ်ယူရပေမည်။

## တဘောင်နိမိတ်နှင့်ဘိသိက်

ကောဇာသက္ကရာဇ် (၉၈၄)ခုနှစ်တွင် မင်းဟာရီသည် သီရိသုဓမ္မရာဇာဘွဲ့အမည်ကို ခံယူလျက် နန်းတက်ခဲ့သည်။ နန်းတက်သောခုနှစ်တွင် ဘိသိက်ခံယူခြင်း မပြုပါ၊ ဘိသိက်မခံဘဲ မင်းပြုသောဘုရင်သည် ရှေးဘေးလောင်းတော် ဘိုးလောင်းတော်များ၏ အစဉ်အလာကို အကြီးအကျယ် ချိုးဖောက်သည်ဟူ၏။

ထို့ကြောင့် ဘုရင်၏အချုပ်အချာအာဏာပိုင်ဆိုင်မှု ယန္တယားကိုလည်း ရှုတ်ထွေးစေ၏။ ပြည်သူများ၏ ဆန္ဒမှာလည်း ဘုရင်ကြီးကို ဘိသိက်ခံပွဲ ကျင်းပလိုသော ဆန္ဒများရှိနေကြသည်။

ဤကဲ့သို့ ဘိသိက်ခံယူခြင်းမပြုပဲ နေရခြင်းမှာ ဘုရင်၏ ကိုယ်ရေးကိုယ်တာအတွက်သော်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက်သော်လည်းကောင်း၊ ထူးခြားမှုတစ်ခု ရှိနေ၍ဖြစ်သည်။

ဟာရီမှောက်မှား၊ အလားလား၊
ဟာရီလည်းသေ၊ ပြည်လည်းကြေ။
ကျွန်နန့်မတန် မင်းဖြစ်ကြံသည်၊
အမှန်တန်တန် ခုနှစ်လတွင် မင်းဖြစ်အံ့။
ဖွတ်က မိချောင်းဖြစ် ချောင်းမြစ်မခံသာ၊
ကျွန်ကသကောင်းဖြစ် တိုင်းပြည်မစည်ရာ။

စသည်ဖြင့် ထိတ်လန့်စရာ တဘောင်နိမိတ်များသည် ကလေးသူငယ်တို့၏နှုတ်ဖျားမှ ထွက်ဆိုနေကြပါသည်။

၎င်းတဘောင်နိမိတ်များကို ပညာရှိအတော်များများနှင့် တိုင်ပင်ကြရာ ဘုရင်အတွက်သော်လည်းကောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက်သော်လည်းကောင်း၊ ဘေးဘယာဖြစ်ဖွယ်ရှိသည်။ ဘိသိက်ခံယူခြင်းမပြုပဲ ရွှေ့ဆိုင်းနိုင်သရွေ့ ကောင်းမည်၊ မင်းဆက်ပြတ်လျှင် တိုင်းကားပြည်ရွာပျက်မည်၊ အစရှိသည်အကြောင်းများကြောင့် မင်းဟာရီမှာ ဘိသိက်ခံယူခြင်းမပြုဘဲ ရွှေ့ဆိုင်းခဲ့ရာ (၁၂)နှစ်ကြာညောင်းခဲ့လေသည်။

"မင်းမှာဘိသိက်၊ ရဟန်းမှာ သိက္ခာ"ဆိုသည့်စကားနှင့်အညီ ဘုရင်အား ဘိသိက်ခံပွဲပြုလုပ်ရန် ပြည်သူလူထုက အကြိမ်ကြိမ် တောင်းဆိုကြပြန်သည်။ နောက်ဆုံးတွင် ပြည်သူများ၏အလိုဆန္ဒကို ဘုရင်ကြီးက လိုက်လျောရလေသည်။

ထိုအခါမှ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်များ၏ ရိုးရာအစဉ်အလာ ကျင်းပလေ့ရှိသော ရာဇဘိသေက မင်္ဂလာအခမ်းအနားပွဲကြီးကို ကြီးကျယ်စွာ ကျင်းပလေတော့သည်။

ဤပွဲအကြောင်းကို ကိုယ်တိုင်မျက်မြင်ကြုံတွေ့ခဲ့သော ပေါ်တူဂီဘုန်းတော်ကြီး မာန်နရစ်က သူ၏ခရီးသွားမှတ်တမ်းတွင် ပြည့်စုံစွာ ရေးသားထားခဲ့သည်။

## ဘိသိက်အထိမ်းအမှတ် ဒင်္ဂါး

သီရိသုဓမ္မရာဇာသည် ဤကမ္ဘာမြေပြင်ပေါ်တွင် လက်အောက်ခံဘုရင် (၁၂)ပါးရှိ ဧကရာဇ်ဘုရင်အဖြစ် ခံယူထားသော ဘုရင်တစ်ပါးဖြစ်သည်။

သူ၏ရာဇဘိသေက မင်္ဂလာပွဲကြီး၌ ဘုရင်တစ်ပါးတည်းကိုသာ ဘိသိက်သရဖူဆောင်းခြင်း မဟုတ်ပဲ လက်အောက်ခံဘုရင်များကိုပါ တပါတည်းဘိသိက်ခံသောပွဲလည်းဖြစ်သည်။

ဤပွဲတွင် ပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲ စည်ကားလျက် တိုင်းခမ်းလှည့်လည်ခြင်းနှင့် အဆက်မပြတ် ကျင်းပလေသည်။ လက်အောက်ခံဘုရင် (၁၂)ပါးရှိရာ ဘုရင်တစ်ပါးစီကို (၁၂)ရက်စီကြာသည်။

ဘုရင် (၁၂)ပါးအတွက် ပွဲပြီးမြောက်အောင် (၃)လကျော်ကြာ ကျင်းပရလေသည်။ ဘိသိက်ပွဲပြီးသောအခါ ရွှေနန်းတော်ပြတင်းပေါက်တွင် မိဖုရားကြီးနှင့်အတူရပ်ကာ ဘိသိက်ပွဲတော်နှင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေး အထိမ်းအမှတ်အဖြစ် အထူးပြုလုပ်ထားသော ငွေသားဒင်္ဂါးများကို လက်ခုပ်အပြည့်စီယူ၍ လူအုပ်ကြီးပေါ်သို့ နောက်ဆုံးအစီအစဉ်အနေဖြင့် ကြဲချလိုက်လေသည်။

ဘိသိက်ပွဲတော်အတွက် အထူးပြုလုပ်ထားသော ဒင်္ဂါးမှာ ယခုတင်ပြသော သက္ကရာဇ် (၉၆၆)ခုနှစ် ခတ်နှိပ်ထားသော ဒင်္ဂါးပင် ဖြစ်ပါသည်။

## မင်းဟရီ၏ ဘိသိက်ဒင်္ဂါး

သီရိသုဓမ္မရာဇာခေါ် မင်းဟရီသည် နန်းတက်နှစ် (၉၈၄)ခုတွင် နန်းတက်ဒင်္ဂါးကို ရိုက်နှိပ်၍ (၉၉၆)ခုတွင် ဘိသိက်ဒင်္ဂါးကို ခပ်နှိပ်ခဲ့သည်။ ဤဒင်္ဂါးမျိုးလွန်စွာ ရှားပါးသည်။

ထို့ကြောင့် ဒင်္ဂါးသမိုင်းကို လေ့လာလိုကြသော သုတေသီများ သုတေသနပြုနိုင်ရန်အတွက် မြောက်ဦးမြို့ ရှေးဟောင်း သုတေသနပြတိုက်မှ လက်ထောက်သုတေသနမှူး ဦးကျော်ထွန်းအောင်ထံသို့ ၁၃-၇-၉၂ နေ့က သွားရောက် လှူဒါန်းလိုက်ပါပြီ။ နောက်မတွေ့ရှိပဲ ရှားပါးသော ရခိုင်ဒင်္ဂါးများလည်း ရှိနေပါမည်။ သုတေသီတို့ ဆက်လက်ပြီး ဖော်ထုတ်တင်ပြကြပါရန် တိုက်တွန်းလျက် ဤဆောင်းပါးကို ရေးသားလိုက်ရပါသတည်း။

**ကိုသာခိုင်(ဝေသာလီ)**

**မှီငြမ်းကိုးကားသောစာအုပ်များ**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း(စန္ဒမာလာလင်္ကာရ အသျှင်) တောင်ကျောင်း ဆရာတော် ရမ်းဗြဲမြို့ (၁၂၉၃)

၂။ ရခိုင်ဒင်္ဂါးများ (၁၉၇၉)၊ ဦးစံသာအောင် (ညွှန်ကြားရေးမှူးချုပ်)

၃။ ရှေးဟောင်းမြို့တော်များ (၁၉၈၅) ၊ ထွန်းရွှေခိုင်၊ စစ်တွေကောလိပ်။

၄။ မိဖုရားသျှင်ထွေး၊ အလယ် ကျောက်စာ (တက်ထွန်းနီ) ရခိုင်မဂ္ဂဇင်း အမှတ် (၁၁)

# အကျိုးမျှော်ကိုး ဗျဉ်းအင်းရှိခိုး

**နတ်မြစ်–ဦးဝါသဝ**

"ဘေးတော်ဘိုးတော် ရှင်ပျော်စံသည်၊ မြောက်ဦးပြည်တည်း၊ တည်ရင်းကာလ၊ ဝဿရှည်ကြာ နှစ်တစ်ရာဟု မြို့သက်ပြုရှင်၊ ယခု ငါကား၊ ထောင်ကိန်းထားအံ့၊ ကြီးမားကြံသော်၊ အရှည်မျှော်၍၊ ရှေးသော် အခါ၊ ထုံးစဉ်လာဟု၊ နမန္တကျမ်း၊ ထုံးတမ်းယှဉ်လျက်၊ ဓာတ်ဘက်မိတ်စစ်၊ ဥစ်ကသစ်နံ၊ ခံမြွေတိထီ၊ နာရီနေ့ရက်၊ တွက်ချက်ရာလျှင်၊ သိမ်မွေ့ထုံလှိုင်း၊ အင်းအိုင်ရုပ်မျိုး၊ ကောင်းကျိုးတမူ၊ ကြေးဖြူငွေသား၊ ရေးထားမြှုပ်နှံ၊ စီမံ ယတြာ၊ ဖြာတိုင်စွာရွေး၊ မိစ္ဆာမွေးကူး၊ ရန်သူအရိုင်း၊ တွေဝေမှိုင်းအောင်၊ ကြံဆောင်သောအား၊ သိကြားနေရာ၊ အယုဇ္ဈပူရ၊ ပြည်မတမွတ်မြို့ ရွာဓာတ်ကို ယုတ်မြတ်လေးပါး၊ လူများတကာ၊ ချမ်းငြိမ်းသာသည်၊ နှစ်ဖြာကြည်းရေ၊ အုတ်ကျက်တည်း"

(ရမ်းဗြဲ-ဦးစံတင်)

အင်းအိုင်ယတြာအစီအရင်သည် ဝေဒခေတ်ကပင် ရှိလာခဲ့သည်။ လောကီဆိုင်ရာ အစီအမံဖြစ်၍ လောကသားတို့နှင့် ဆက်စပ်မှုမကင်းခဲ့ကြချေ။ ရခိုင်ပြည်နယ်၌ မာရယုခေတ် နာဂိန္ဒရသေ့၊ ဒွါရာဝတီ၌ ကဏှာ ဒီပါယနရသေ့တို့သည် ဘူမိဝါလစသော မန္တာန်တို့ဖြင့် တိုင်းပြည်ရေးရာတွင် ဝင်ရောက်ကူညီခဲ့ကြသည်ကို တွေ့ရသည်။ တိုင်းပြည်၏ရန်သူ ဘီလူးသားရဲတို့ကို ကာကွယ်ပေးခဲ့ကြလေသည်။ မာရယုမင်းဆက်တွင် စေတရာဇ် မင်းဆိုလျှင် အထူးထူးသော အတတ်ပညာ၊ ဗေဒင်ကျမ်းဂန်တို့ တတ်မြောက်လိမ္မာခဲ့သည်ဟု ဆို၏။

ရခိုင်ရာဇဝင်တို့တွင် မြို့တည်၊ မြို့ချရာ၌ဖြစ်စေ၊ နန်းတည် နန်းဆောက်ရာ၌ဖြစ်စေ၊ ဘုရားကြီး၊ မဏ္ဍပ်၊ သိမ်၊ တန်ဆောင်း၊ ကျောင်းဆောက်ရာတို့၌ဖြစ်စေ၊ ထိုလောကီအစီအမံတို့သည် မဖြစ်မနေပါဝင်ခဲ့ရမြဲ ဖြစ်သည်။ ဘူမိနက်သန်၊ မြေကြန်အတတ်၊ သစ်ကြန်အတတ်တို့ဖြင့် မြေနေရာ သစ်ဝါးတို့ကို ရွေးချယ်ခဲ့ကြရလေသည်။ ဓညဝတီမြို့တည်စဉ်၊ ဝေသာလီမြို့တည်စဉ်ကလည်း ထိုလောကီအစီအမံတို့ကို မလွဲမသွေ ပြုလုပ်ခဲ့ရသည်သာ တည်း။

အင်းအိုင်အစီအရင်ကို ရသေ့တို့က စတင်ခဲ့သည်ဟု အယူရှိကြသည်။ ထိုရသေ့တို့သည် စကြာဝဠာ တံတိုင်း၌ ရေးမှတ်ထားသောအက္ခရာ စာတို့ကို ယူဆောင်ကာ လူသားတို့အား သင်ကြားပေးခဲ့ကြသည်။ အက္ခရာ

အတတ်၊ ဂဏန်းအတတ်တို့ကို ကြံဆောင်ပေးခဲ့ကြသည်။ ဂဏန်းဖြင့် ဖြစ်စေ၊ အက္ခရာဖြင့်ဖြစ်စေ၊ အကွက်သတ်၍ အင်းအိုင်ကဲ့သို့ပြုလျက် ဂါထာမန္တာန်ရွတ်ဖတ်၍ စီရင်ခဲ့ကြသည်။ အင်းကွက်ကိုလည်း အမျိုးမျိုးစီရင်ခဲ့ကြပြီး အင်းဆံမှာ ဖော်ပြပါ ဂဏန်းကိုဖြစ်စေ၊ အက္ခရာကိုဖြစ်စေ၊ သွတ်သွင်းရေးထိုးခြင်းဖြင့် အင်းအိုင်တစ်မျိုးမျိုးဖြစ်လာခဲ့ရသည်။ ဗျည်းအက္ခရာသွင်းသောအင်းကို "စမ"အင်းဟု ခေါ်လေသည်။

ဘုရင်ခေတ်၊ ရခိုင်၌ မဟာမုနိသိမ်ကို ဆောက်လုပ်ခဲ့ကြစဉ်ကလည်း ယတြာအင်းများကို အစီအမံတကျ အသုံးချခဲ့ကြသည်။ ဗိသုကာကျမ်းတို့၌ ထိုသို့အစီအမံပြုရိုးစနစ်ကို တွေ့ရသည်။ မဟာမုနိဗိသုကာကျမ်း၊ မြောက်ဦးမြို့ ယတြာကျမ်း၊ မြို့တံဆိပ်ခတ်ကျမ်းများ အထင်အရှား ရှိကြချေသေး၏။

ဝေသာလီခေတ် စန္ဒရားမင်းများဆိုလျှင် မီးစွဲလောင်ခံရသော သိမ်တော်ကြီးအသစ်ဆောက်စဉ် ဗိသုကာကျမ်းနှင့်အညီ အင်းဟောင်းတို့ကို ပယ်လျှက် အသစ်ချစေခဲ့သည်ဆို၏။ ထို့ပြင် မဟာမုနိသိမ်တော်ဝယ် ခေါင်းလောင်းချိတ်ဆွဲထားခဲ့ရာ၌လည်း အင်းအစီအမံများကို အသုံးပြုခဲ့ကြလေသည်။ ထိုခေါင်းလောင်းကို ယတြာခေါင်းလောင်းဟု အမည်ရှိလေသည်။ ယခုပျောက်ဆုံးလျက်ရှိနေရာ ဒေါက်တာဖိုချမာ၏ စာအုပ်တွင်သာ တွေ့မြင်နိုင်တော့၏။

ဖိုချမာသည် ဤခေါင်းလောင်းကို နှစ်တစ်ရာကျော်လောက်က မှတ်တမ်းတင်ခဲ့ဖူးသည်။ မြောက်ဦးခေတ် စန္ဒသူရိယရာဇာလက်ထက်ကျရောက်သော ကောဇာ ၁၀၉၅ ခုနှစ်က သွန်းနိုင်ခဲ့ရာသည်ဟုလည်း ပြောရိုးစဉ်လာ ရှိဖူးကြသည်။ အကြောင်းကား ငကုသလသည် ယတြာကိန်းခန်းစသော ပညာအရာ၌ ကျွမ်းကျင်သဖြင့် မင်းဟရီကို ငစည်ယတြာဖြင့် လုပ်ကြံနိုင်ခဲ့သူတည်း။ ငကုသလမှာသည် နရပတိဘွဲ့ခံ၍ မင်းဖြစ်ခဲ့ရလေ၏။

ထိုခေါင်းလောင်းတွင် အင်းကွက်ကြီး(၈)၊ အသေး (၃၈)ကွက်ရှိ၍ အက္ခရာသွင်းထားရှိ၏။ ထိုအင်းပါခေါင်းလောင်းကို တီးလိုက်ပါက ရန်သူနိုင်ငံများ ပျက်စီးနိုင်၏။ ကျူးကျော်ရန်ပြုလာသူများလည်း ရန်စစ်ပျက်စီးရသည်။ ရန်ပြုကြံစည်နေသော တိုင်းပြည်များကိုလည်း ကြိုတင်ကာကွယ်နိုင်သည်ဆို၏။ ထိုခေါင်းလောင်းယတြာအင်း အစီအမံဖြင့် ၁၅ပြည်၊ (၁၅)လူမျိုးကိုပင် ကာကွယ်နိုင်မည်ဆို၏။

မြောက်ဦးခေတ်တွင် လောကီအစီအမံတို့ကို တွေ့ရ၏။ ကျောက်ပြား၊ နံရံ၊ အုတ်ခွက်တို့၌ အက္ခရာ၊ ဂဏန်းပါသော အင်းများထားရှိခဲ့ကြ၏။ လက်ဝအင်း၊ လက်ျာအင်းဟူ၍ ခွဲခြားစိုက်ထူခဲ့ကြသေး၏။ သျှစ်သောင်းကျောင်းအင်း၊ နန်းရေကန်အင်းနှင့် အခြားဘုရားစေတီ၊ တောတောင်၊ ခံတပ်၊ ရေတံခါး၊ ကျုံးမြောင်း၊ ရေတွင်း ရေကန်စသည်တို့၌ အနှံ့အပြားတွေ့နိုင်ပေ၏။

ထိုအင်းတို့တွင် အမည်များကိုလည်း သတ်မှတ်ရှိလေသည်။ လောကပါလစာမှတ်အင်း၊ စက္ကရဝတီတံခွန်အင်း၊ အဌမုခ်အင်း၊ ဖီလာအင်း၊ စကြဝဠာအင်း၊ ပိဋကတ်သုံးပုံအင်း၊ သက်တော်ရှစ်ဆယ်အင်း၊ စွယ်တော်အင်း၊ နေအင်း၊ လအင်း၊ ဗျည်း ၃၃လုံးအင်းဟူ၍ အမည်များ တွေ့ရလေသည်။

ထိုဗျည်း ၃၃လုံးအင်းကား ဂန္ဓာရီပညာရှင်များ အသုံးပြုခဲ့ကြသည်ဆို၏။ ထွက်ရပ်ပေါက်လုပ်ငန်း၌ ၃၃လုံးဗျည်းအင်းမှ ခွာ၍ဆေးဝါးစီရင်လေ့ရှိသည်။ ဦးရာဇ်တော်ခတ်၌ ဗျည်း ၃၃လုံးအင်း အစီအမံပြုထားသော စေတီရှိနေသေးသည်။

အင်းကို စီရင်ရာ၌ အင်းမန္တာန်များ၊ ကမ္မဝါစာဖတ်၊ ပရိတ်ရွတ်ခြင်းများလည်း ပြုကြရလေ၏။ အင်းသည်

ရောဂါဝေဒနာ၌ဖြစ်စေ၊ အတိုက်အမှောင့် ပယောဂ၌ဖြစ်စေ၊ အကာအကွယ်အတွက်အချက်ဖြစ်စေ၊ အဖျက်အဆီး၌ဖြစ်စေ အသုံးချခဲ့ကြသည်ဆို၏။ ရခိုင်ပြည်သို့ ရန်သူမပြုနိုင်ရန် မြစ်ချောင်းဝတို့၌ ထိုအင်းအကာများ စီမံထားရှိလေသည်ဆို၏။ စစ်တွေအနီးတွင် အင်းဖြင့် အစီအမံပြုခဲ့ရာဖြစ်၍ အင်းပေါက်ဝ(အင်းပိတ်ဝ)ဟူ၍ အမည်တွင်ရှိပေသေး၏။ ထိုအင်းတို့ကို စစ်ချီ၊ စစ်တက်စဉ်ဖြစ်စေ၊ အရေးအရာနှင့် ဆောင်ရွက်ကြရစဉ်ဖြစ်စေ၊ နှိုးပေးအသက်သွင်းပေးကြရလေ့ရှိလေသည်။

ရခိုင်ပြည်၌ မြောက်ဦးခေတ်တွင် ထင်ရှားခဲ့ကြသော သိုက်၊ ဓာတ်၊ ယတြာ၊ အင်း၊ အိုင်၊ မန္တရားပညာရှင်များစွာ ပေါ်ခဲ့ကြ၏။ ထင်ရှားသော ပညာရှင်များဆိုလျှင် ဗားကရာတိုက်ဆရာတော် အရှင်အဂ္ဂမုနိ၊ ရှင်ငယ်ဆရာမြဝါ၊ သိုက်တတ်ငလက်ရုံး၊ လောင်းကြက်စား ငကုသလအမတ်၊ ဟူးရားတတ်ရဲထွဋ်၊ နရက်စား၊ စစ်ကွပ်ဆရာဘုန်းတော်ကြီး ပရက္ကမတိုက်ဘုန်းတော်ကြီး စသည်တို့ဖြစ်ကြသည်။

ထိုထိုဆရာတို့၏ အစီအမံပြုလာခဲ့ကြသော အင်းများက ယနေ့ တစတစဆိတ်သုဉ်းခဲ့ကြလေပြီဖြစ်၏။ မှော်ဆရာ ဗေဒင်ဆရာတို့ အနည်းအပါးသာ အသုံးပြုလေ့ရှိကြလေသည်။ ဗျည်း ၃၃လုံးတွင် ဘုရားငါးဆူအင်းသည်လည်း အရေးပါသည်။ ကက္ကုသန(သ)၊ ဂေါဏဂုံ(ဂုံ)၊ ကဿပ(ပ)၊ ဂေါတမ(မ)၊ မိတ္တေယျ(ယျ)ဘုရားငါးဆူအမည်မှ နာမည်အဖျားဆွတ်ကိုယူ၍ သံ၊ ဂုံ၊ ပ၊ မ၊ ယျ ဟူ၍ ငါးကွက်အင်း စီမံခဲ့ခြင်းဖြစ်သည်။ ကမ္ဘဝါစာမှ ဧသောဥတ္တိကိုလည်း အင်းကွက်ပြု၍ အသုံးချလေ့ရှိသည်။ ဣတိပိစသော ဘုရားဂုဏ်တော်ကိုလည်း အင်းကွက်ချလေသည်။ မင်္ဂလာသုတ်လာ ဖုဋ္ဌဿဂါထာကိုလည်း အင်းဆံသွင်း၍ အင်းကွက်ပြုလေသည်။ အန္တရာယ်မရှိ၊ ဘေးမငြိဘူးခဲ့ရာ ကြိုးကြာ ၁၆ဖြစ်စေသော ဗုဒ္ဓလောင်းလျာအဖြစ်ကိုလည်း ဂဏန်းသွင်း၍ အင်းကွက်ဖန်တီးခဲ့ကြလေသည်။ ဘုရားဂုဏ်တော်တို့ကို ဖွဲ့ဆိုသော စက္ခုမာစရဂါထာကို အရင်းစာလုံးကိုယူ၍ စ-ခ-ဗ-ဝ အင်းဟူ၍ စီရင်အသုံးချခဲ့ကြလေသည်။

ဖော်ပြပါအင်းတို့တွင် အက္ခရာ ၃၃လုံး (ကမှ အ ထိ)သည် အင်းဆံအင်းကွက် ဖြည့်ရာဝမ်းစာတည်း။ ယင်း ၃၃လုံးဗျည်းသည် အရာကျယ်၏။ မကုန်ဆုံးနိုင်၍ အက္ခရာဟူ၍ ခေါ်ခဲ့ကြလေသည်။ ပိဋကတ်သုံးဖုံ၊ ဗေဒင်လေးဖုံတို့ကိုပင် ထိုအက္ခရာ ၃၃လုံးတို့ဖြင့် ရေးမှတ်ခဲ့ကြရသည်သာတည်း။ ထို့ကြောင့် ၃၃လုံးအက္ခရာဗျည်းကို ဝေသာလီခေတ်တွင် အစရင်းဖော်၍ ဟန်ချင်းရေးစပ်ခဲ့ကြလေသည်။ ဥပမာ. . . ကကို မူက ကဍ္ဍန ပဗ္ဗတာ၊ ငွေတောင်သာက ဟသ်ာ၊ ဝမ်းဘဲ၊ ပျံဝဲကြသည် မစဲရန်ကား ရန်ကာသော်လည်း ဟန်စိလေ၊ ဟန်စွလေ စသည်တို့ဖြစ်၏။

ထို့ပြင် ဘုရားဂုဏ်တော်ကို ဖော်လျှက် "ကဟူသည်ကား ကိလေသာမာန်ကို အောင်တော်မူသော မြတ်စွာဘုရား"စသည်ဖြင့် ဘုရားအဆူဆူတို့ကို စပ်ဆိုခဲ့ကြ၏။ ဘုရားရှိခိုးအမည်ပေး၍လည်း အက္ခရာတစ်လုံး ဘုရားတစ်ဆူအဖြစ် သမုတ်မှည့်ခေါ်ခြင်း ပြုခဲ့သည်တကား။ ထို့ကြောင့် ရှေးကဆရာတို့သည် ဘုရားရှိခိုးလိုကလည်းကောင်း၊ ဂါထာအစား အင်းဆံသွတ်ရာ၌လည်းကောင်း အသုံးပြုခဲ့ကြောင်းကို တွေ့ကြရ၏။

ဤ၌ မြောက်ဦးခေတ် ရခိုင်ဗားကရာဆရာတော်၏ ဗျည်း ၃၃လုံး ဘုရားရှိခိုးကို ရွတ်ဆို၍ ဗျည်း ၃၃လုံးကို အင်းဆံအင်းကွက်သွတ်လျှင် အင်း အိုင်၊ အစီအမံတို့တွင် သုံးစွဲခဲ့ကြောင်းကို အောက်ပါအတိုင်း တင်ပြလိုက်ရပေသည်။

ဆရာတော်သည်ကား တစ်လုံးစီအဓိပ္ပါယ်ဖော်၍ ဂါထာစီကုံးခဲ့၏။

က - ကာရော ကရုဏာဥေယျော၊ ကရုဏာသိတဖါနသော ကတွါန ပါရမီ ဗုဒ္ဓေါ၊ ကရောဟိ သဗ္ဗ ဟိ တတ္ထံ။

က ကဏာရော၊ မဟာကရုဏာသမာပတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု ဆိုအပ်သော က အက္ခရာကို၊ ကရုဏာသိတဖါနသော၊ မဟာကရုဏာသမာပတ်နှင့်ယှဉ်သော စိတ်ရှိတော်မူသော ကရုဏာဥေယျော မဟာကရုဏာ သမာပတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု သိအပ်၏။ ပါရမီဆယ်ပါး၊ အပြား သုံးဆယ်တို့ကို ကတွန၊ ဘာဝနာလေးမျိုးတို့ဖြင့် ဖြည့်ကျင့်ပွားများတော်မူပြီး၍ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ထင်ရှားသိတော်မူသည်ဖြစ်၍ သဗ္ဗဟိတတ္ထံ၊ လူနတ်ပြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ကရောတိ၊ လေးဆယ့်ငါးဝါကာလကြာအောင် ပြုကျင့်တော်မူပါပေ၏။ တံ့ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွာသဒ္ဒါခါခါ မြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ခ - ကာရော၊ ခမန်သေဠ၊ ခမန်ဟိန္နဝစနံ။

ခမန် ဗောဓိသမ္ဘာရံ၊ ခမန် မောက္ခလာဘကံ။

ခ ခကာရော၊ သည်းခံခြင်းနှင့်ပြည့်စုံတော်မူထသော မြတ်စွာဘုရားဟု ဆိုအပ်သော ခ အက္ခရာကို။ သေဠ၊ မြင့်မြတ်သောပုဂ္ဂိုလ်တို့ထက် အထူးမြင့်မြတ်တော်မူထသော။ ခမန်၊ သည်းခံခြင်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား ဟူ၍လည်းကောင်း၊ ဟိန္နဝစနံကဲ့ရဲ့ရှုတ်ချ ဟိန္နမြစ်တင် အမျက်ဝင်သောစကားကို ခမန်၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟူ၍လည်းကောင်း၊ (ဗောဓိသမ္ဘာရံ၊ သဗ္ဗညုတဉာဏ်ရရန်အကြောင်း ပါရမီအဆောက်အဦးအပေါင်းကို၊ ခမန် သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟူ၍လည်းကောင်း) မောက္ခလာဘကံ နိဗ္ဗာန်ရောက်ကြောင်း ဒုက္ကရစရိယ အစရှိသော ကျင့်ဝတ်အပေါင်းကို ခမန် သည်းညည်းခံ ကျင့်ကြံတော်မူတတ်သော မြတ်စွာဘုရားဟူ၍လည်းကောင်း၊ ဝုစ္စတိကျူးရင့်သံချို ခေါ်ဆိုတော်မူအပ်ပါပေ၏။ တံ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါခါခါ မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဂ - ကာရောစ ဂတိဥေယျော၊ ဂတိသေဌော၊ တထာဂတော၊

ဝတိသေဠ၊ ဒဿယိတွာ၊ ဂစ္ဆ တိ အမတံ မဂ္ဂံ။

ဂ ဂဏာရော၊ လူမင်းစကြာ၊ နတ်မှာသိကြား၊ ပြဟ္မာအားဖြင့် မြင့်မြတ်သောဘဝတို့၌ ကျင်လည်တတ် ဖြစ်တော်မူတတ်သော မြတ်စွာဘုရားဟု ဆိုအပ်သော ဂအက္ခရာကို (ဆွေမျိုးအပေါင်းကို ကယ်တင်ချီးမြှောက်လို ၍ တိရစ္ဆာန်ဘဝတို့၌ ဖြစ်ဖူးသည့်များစွာ မပြောပလောက် အပ္ပကသာ) ဂတိဥေယျောမြင့်မြတ်သော ဘဝဟူ၍ သိအပ်၏။ ဂတိသေဌော မြင့်မြတ်သောဘဝတို့၌သာ ဖြစ်တော်မူတတ်သည်ဖြစ်၍ တထာဂတော၊ ဝိပဿိ စသား မြတ်ဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူတတ်၏။ ဂတိသေဠ မြင့်မြတ်သောဘဝ၌ဖြစ်တော်မူခြင်းကို ဒဿယိ တွာ ပြတော်မူပြီး၍ အမတံ မသေရာမှန် ဇကန်ဖြစ်သော (ဝါ) မအို၊ မနာ၊ မသေရာဖြစ်သော မဂ္ဂံ ရှေးရှေးဘုရား ကောင်းစွာလား ကြောင်လမ်းခရီးကောင်းသို့ ဂစ္ဆတိ ကောင်းစွာမသွေ ကြွတော်မူတတ်ပါပေ၏။ တံ၊ ထိုမြတ်စွာ

ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဒါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဃ - ကာရောစ၊ ဃဏောဧဝေယျော၊ ဃဏ္ဍော ဓမ္မောတိဝုစ္စတိ။

ယဏ္ဍိတွာ သဗ္ဗသတ္တာနံ၊ ဃဏ္ဍော် ပါဂေတိ နိဗ္ဗုတိ။

ဃ ဃကာရောစ၊ တရားစည်တော် ဟောဖော်တီးခတ်၊ ဘုရားမြတ်ဟု ဆိုအပ်သော ဃ အက္ခရာကို ကား၊ ဃဏ္ဍော တရားစည်မောင်း ရွှေခေါင်းလောင်းနှင့်တူ၏ဟူ၍ ဧဝေယျော၊ သိအပ်၏။ ဃဏ္ဍောစ၊ တရားစည်မောင်း ရွှေခေါင်းလောင်းဟူသည်ကိုလည်း ဓမ္မောတိ ၃၇ပါး ဗောဓိပက္ခိယတရားဟူ၍။ ဝုစ္စတိ၊ ကျူးရင့်သံချိုမိန့်ဆိုတော်မူအပ်ပါပေ၏။ သဗ္ဗသတ္တာနံ၊ လူနတ်ပြဟ္မာအလုံးစုံသော သတ္တဝါတို့အား ဃဏ္ဍံ၊ တရားစည်မောင်းရွှေခေါင်းလောင်းကို ဃဏ္ဍိတွာ၊ တီးခတ်ရိုက်ဆော်၊ ဟောကြားတော်မူပြီး၍၊ နိဗ္ဗုတံ၊ ငြိမ်းအေးရာအမှန်၊ မြတ်နိဗ္ဗာန်သို့ ပါဂေတိ၊ လျှင်စွာမသွေ ရောက်စေတော်မူပြီး ထံ ထိုမြတ်စွာဘုရားကို ဝန္ဒါမိ ကြည်စွသဒ္ဒါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

င - ကာရော ပဥ္စမက္ခရော၊ ငကာရော၊ ဝဂ္ဂနာမကော။

ငကာရော ပဥ္စကပ္ပေါစ၊ ငကာရော၊ ဗုဒ္ဓပဥ္စကော။

င ငကာရော၊ ငါးပါးကမ္ဘာ၊ သာထက်သာထည့်၊ ကမ္ဘာဘဒ္ဒ၊ ငါးဝဘုရားဟုဆိုအပ်သော။ င အက္ခရာသည် ပဥ္စမက္ခရော၊ က ဝဂ်အစု၊ ခေါ်တွင်မှုဖြင့် ၅ခုမြောက်အက္ခရာ မည်ပါပေ၏။ ငကာရော၊ ငါးခုမြောက်သော င အက္ခရာသည် ဝဂ္ဂနာမကော၊ က ဝဂ်အက္ခရာ၊ ငါးဖြာအဆုံး၊ နိဂုံးလည်း မည်ပါပေ၏။ ငကာရော၊ င အက္ခရာသည် ပဥ္စကပ္ပေါစ၊ သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ ဘဒ္ဒကမ္ဘာလည်း မည်ပါပေ၏။ ငကာရော၊ ဘုရားပွင့်ရာ ကမ္ဘာငါးပါး ထင်ရှားခေါ်ရာ င အက္ခရာသည်၊ ဗုဒ္ဓပဥ္စမော၊ က, ကော, က, ဂေါ လေးပါးလွန်ပြီးနောက် ငါးခုမြောက်သော အရိမေတ္တယျမြတ်စွာဘုရားသည်လည်း မည်ပါပေ ၏။ တံ၊ ထိုငါးပါးကမ္ဘာသာထက်သာသည့် ဘဒ္ဒကမ္ဘာ ငါးဖြာထင်ရှား မြတ်ဘုရားအပေါင်းတို့ကို ဝန္ဒာမိ၊ ကြည်စွ သဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါပေ၏။

စ - ကာရော စရိယာတိသော၊ စရသီလော တထာဂတော။

စရိတွာ သဗ္ဗဟိတတံ စတုတ္တ ဝဂ္ဂလေဋ္ဌိတော

စ စကာရော၊ စရိယာသုံးပါးပြည့်စုံငြား၍ ဘုရားခေါ်ရာ စ အက္ခရာကို တိသောစရိယာ၊

လောကအတ္ထ၊ ဉာတတ္ထာနှင့် ဗုဒ္ဓတ္ထာမည်သုံးသွယ်သုံးဖြာ ကျင့်အပ်ရာဟူ၍ ဝုစ္စတိ-ဘုရားဆူဆူဟောတော်မူအပ်ပါပေ၏။ စရသီလော ပါရမီစာဂ၊ စရိယကို ကျင့်တော်မူပြီးသောမြတ်စွာဘုရားသည် တထာဂတော ဝိပဿီစသော မြတ်ဘုရားကဲ့သို့ လာခြင်းကောင်းတော်မူတတ်၏။ သဗ္ဗဟိတတ္တံ အလုံးစုံသော လူနတ်ပြဟ္မာသတ္တဝါတို့၏ အကျိုးငှာ စရိတ္တာ၊ ပါရမီစာဂ၊ စရိယကိုကျင့်တော်မူပြီး၍ စတုတ္ထဝဂ္ဂလေ၊ စတုတ္ထ အရိယာပုဂ္ဂိုလ်၏အဖို့ကို အစုကို ယူရာယူကြောင်းဖြစ်သော အရဟတ္တဖိုလ်၌ ဌိတော၊ တည်တော်မူ၏။ တံ၊ ထိုမြတ်စွာသဘုရားကို ဝန္ဒာမိကြည်စွ သဒ္ဓါ၊ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ဆ - ကာရော၊ ဆဒန်ဥေယျံ၊ ဆဒန် မောက္ခလာဘကံ။

ဆဒန် သီတဥဏှာသ ဆဒနဥ္စ အတိဆတ္တံ

ဆ ဆကာရောအရဟတ္တဖိုလ်၊ ထီးဖြူအမိုးကို ဆောင်းတော် မူတတ်သော မြတ်စွာဘုရားဟု ဆိုအပ်သော၊ ဆ အက္ခရာကို ဆဒန် ကိလေသာ မိုးဆွေဖြိုခြင်းမှ လွတ်မြောက်နိုင်သောအမိုးဟူ၍ ဥေယျံသိအပ်၏။ ဆဒန်၊ အရဟတ္တဖိုလ်ဟုဆိုအပ်သော ထီးဖြူအမိုးသည် မောက္ခလာဘကံ၊ လွတ်မြောက်မှုမှန်၊ မြတ်နိဗ္ဗာန်ကို ဧကန်ရစေတော်မူအပ်ပါပေ၏။ သီတဥဏှာသ၊ လောဘ၊ ဒေါသဟုဆိုအပ်သော အချမ်းအပူကို ဆဒန်၊ လုံခြုံစေကြောင်း အမိုးကောင်းဟူ၍လည်းကောင်း၊ ဆဒနဥ္စအမိုးကိုလည်း အတိဆတ္တံ၊ အလွန်မြင့်မြတ်သော အရဟတ္တဖိုလ်ထီးဖြူဟူ၍လည်းကောင်း၊ ဝုစ္စတိကျူးရင့်သံချိုမိန့်ဆိုတော်မူအပ်ပါပေ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒမိ ကြည်စွသဒ္ဓါ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ဇာ - ကာရော၊ ဇနပါမောက္ခော၊ ဇနသေဋ္ဌော တထာဂတော၊ ဇနာနံဓမ္မံ ဒေသေတွာ၊ ဇနေတိတိဝိခံ သုခံ။

ဇ ဇကာရော၊ လက္ခဏာကြီးငယ်၊ ပြည့်စုံပေရာ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်ဘုရားဟု ဆိုအပ်သော ဇ အက္ခရာကို၊ ဇနပါမောက္ခော၊ ကြီးမှူးရှေ့သွားယောကျ်ားထူး၊ ယောကျ်ားမြတ်ဟုရာ၊ ဥေယျော သိအပ်၏။ ဇနသေဋ္ဌော၊ ယောကျ်ားထူးမှတ်၊ မြတ်ထက်မြတ်၍၊ တထာဂတော၊ ဝိပဿီစသား၊ မြတ်ဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူတတ်၏။ ဇနာနံ၊ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့ကို။ ဓမ္မံ၊ လူနတ်နိဗ္ဗာန်၊ သုံးတန်ရောက်ကြောင်း တရားကောင်းကို၊ ဒေသေတွာ ဟောကြားတော်မူပြီး၍။ တိဝိခံသုခံ + လူနတ်နိဗ္ဗာန်၊ သုံးတန်ပွားတိုး၊ ချမ်းသာမျိုးတို့။ ဇနေတိ၊ အမြဲမသွေဖြစ်စေတော်မူတတ်ပါပေ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိ ကြည်စွသဒ္ဓါ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ဈ - ကာရော ဈာနဓမ္မောတိ၊ ဈာနလာဘော နရာသဘော။

ဈာနံလောကဿ လာဘေတွာ၊ ဈာနယာနောဓိ နိဗ္ဗာယိ။

ဈ ဈကာရော၊ အမြဲမပြတ် ဈာန်သမာပတ် ဝင်စားတော်မူတတ်သော မြတ်စွာဘုရားဟု ဆိုအပ်သော ဈ အက္ခရာကို၊ ဈာနဓမ္မောတိ၊ ဈာန်အဘိဉာဏ်၊ သမာပတ်ဝိမောက္ခတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဈာနလာဘော၊ ဈာန်အဘိဉာဏ်သမာပတ် ဝိမောက္ခတရားတို့ကို ရရှိတော်မူသည်ဖြစ်ရာ၊ နရာသဘော၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူ၏။ လောကဿ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို။ ဈာနံ၊ ဈာန်အဘိဉာဏ်၊ သမာပတ် ဝိမောက္ခတရားအပေါင်းကို လာဘေတွာ၊ ရရှိစေပြီး၍ ဈာနယာနောဓိနိဗ္ဗာသိ၊ ဈာန်သမာပတ်တရားတို့၌ ဝင်စားခြင်းလျှင် အပိုင်းအခြားရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူလေပြီး။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ၊ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ည - ကာရော၊ ဉာဏဓမ္မောတိ၊ ဉာဏသေဋ္ဌော တထာဂတော။

ဉာဏာသတ္တေန ကိလေသံ၊ ဉာဏာလောကံ ဝိစ္ဆိန္ဒတိ။

ည ညကာရော၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဟုဆိုအပ်သော ည-အက္ခရာကို ဉာဏဓမ္မောတိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ရွှေဉာဏ်တော်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဉာဏသေဋ္ဌော၊ မြတ်သောအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတရွှေဉာဏ်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ တထာဂတော၊ ဝိပဿီစသား၊ မြတ်ဘုရားကဲ့သို့လာခြင်းကောင်းတော်မူတတ်၏။ ဉာဏသစ္ဆေန၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတရွှေဉာဏ်တော်တည်းဟူသော လက်နက်ဖြင့်။ ဉာဏာလောကံ၊ ဉာဏ်တည်းဟူသော အလင်း ရောင်ကို။ ဥပ္ပါဒေတွာ၊ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုကာ ဖြစ်စေတော်မူ၍။ ကိလေသံ၊ တစ်ဆယ့်တစ်သီး ကိလေသာမီးကို။ ဝိစ္ဆိန္ဒတိ၊ မကြွင်းမကျန်၊ ပယ်ဖြတ်တော်မူတတ်ပါပေ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွ သဒ္ဓါ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ဋ - ကောရော ဋ္ဌက္ကမှိမာ ဥေယျ၊ ဋ္ဌက္ကမှိမာ ဓမ္မဒေသနာ။ ဋ္ဌက္ကမှိမာ ယသ ဒေဝကံ၊ ဋ္ဌာရေတိ အမတံ မဒံ။ ဋကာရော၊ တရားစည်မောင်း၊ ငြိမ့်ညောင်းမပြတ်၊ ဟောတော်မူတတ်သော မြတ်စွာဘုရားဟုဆိုအပ်သော၊ ဋ အက္ခရာကို၊ ဋ္ဌက္ကမှိမာ၊ တရားစည်မောင်း၊ ငြိမ့်ညောင်းဗုံသား တူရိယာနှင့် တူ၏ဟူရာ၊ ဥေယျောဥပမာဟိ၏။ နိမိတ်ဗျပ္ပတ်၊ သိသင့်သိအပ်၏။ ဋ္ဌက္ကမှိမာ၊ တရားစည်မောင်း၊ ငြိမ့်ညောင်းဗုံသား၊ တူရိယာဟူသည်၊ ဓမ္မဒေသနာ၊ တရားစည်မောင်း၊ ငြိမ့်ညောင်းနှိုးဆော် ဟောတော်မူခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊ ဋ္ဌက္ကမှိမာ၊ တရားစည်မောင်း၊ ငြိမ့်ညောင်းမပြတ်၊ ဟောတော်မူတတ်သော မြတ်ဘုရားသည်။ ယသံ၊ လူနတ်ပြဟ္မာများစွာသောင်းသောင်း၊ ပရိသတ်အပေါင်းကို။ ဒေဝကံ၊ ဒေဝသိကံ၊ မချွတ်မှန်စွာ။ နေ့တိုင်းသာလျှင်၊ ဒေသေတွာ၊ ကရုဝိတ်ကြိုးကြာ၊ ပြဟ္မာမင်းဟန်၊ ရှစ်ပါးအသံဖြင့် ဟောကြားတော်မူပြီး၍။ အမတံပဒံ၊ မသေရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ဝါ၊ မအို၊ မ နာ မသေရာမှန်၊ မြတ်နိဗ္ဗာန်ကို ဋ္ဌာရေတိ၊ ကူးခတ်ထွက်ရောက် လွတ်မြောက်စေတော်မူ၏။ တံ၊ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုးလက်စုံမိုးကာ ရှိခိုးပါ၏။

ဌ - ကာရော အဌမံဥေယျံ၊ အဌမံ မဂ္ဂစတုတ္ထံ။ အဌမ မဂ္ဂဖလဓါရော၊ အဌရိယာတိ ဝုစ္စတိ။

ဌ ဌကာရော၊ ရှစ်ခုဖိုလ်မြတ်၊ ပြည့်စုံလတ်၍ ရှစ်ယောက်မြောက် အရိယာမြတ်စွာဘုရားဟုဆိုအပ် သော ဌ-အက္ခရာကို၊ အဌမံ၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ဟူ၍။ ဥေယျော၊ သိအပ်၏။ အဌမံ၊ ရှစ်ခုမြောက်ဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ မဂ္ဂစတုတ္ထံ၊ လေးခုမြောက်အရ ဟတ္တမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ အဌမ မဂ္ဂဖလဓါရော၊ အရဟတ္တမဂ်၏အခြားမဲ့ဖြစ်သော အရဟတ္တဖိုလ်ကို ဆောင်တော်မူတတ်သည်ဖြစ်၍။ အဌရိယာတိ၊ ရှစ်ယောက်မြောက်အရိယာပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိ ကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဍ - ကာရော ဍာဟော ဥေယျော၊ ဍါဟောရောဂေါတိ ဝုစ္စတိ။

ဍာ ဟံသီတေန သိဥ္စိတွာ၊ ဍာဟံမုဋ္ဌေတိ ဇနကံ။

ဍ ဍကာရောဓ၊ ကိလေသာပူပင်၊ မဂ်ရေစင်ဖြင့်၊ သွန်းလျှင်ငြိမ်းအေး ပူပင်ဝေးတတ်၊ မြတ်စွာဘုရား ဟု ဆိုအပ်သော ဍ-အက္ခရာကိုလည်း။ ဍာဟော၊ တစ်ဆယ့်တစ်သီး အပူမီးဟူ၍။ ဥဒေယျော၊ သိအပ်၏။ ဍာဟော၊ တစ်ဆယ့်တစ်သီး အပူမီးဟူသည်။ ရာဂေါတိ၊ သမုဒယဒုက္ခဖြစ်ကြောင်း လောဘကိလေသာအပေါင်းဟူ၍။ ဝုစ္စတိ၊ အနွယ်ငင်ငင်၊ တစင်လုံးဝင်သို့၊ သူလျှင်ပဓာနဟု မုချမသွေဆိုအပ်ပေ၏။ ဍာဟံ၊ သမုဒယအစများစွာ ကိလေသာအပူကို၊ သီတေန၊ အရဟတ္တမဂ်ပန်း၊ မြတ်ရေချမ်းဖြင့်၊ ဘိဋ္ဌိတွာ၊ သွန်းလောင်းရှင်လန်း၊ ဆွတ်မြန်းတော်မူပြီး၍။ ဇနကံ၊ ကျွတ်ထိုက်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါ အပေါင်းကို။ ဍာတံ၊ သမုဒယအစများစွာ ကိလေသာအပူကို။ မုဥ္စကို၊ ကျွတ်စေလွတ်စေ ထွက်မြောက်စေတော်မူ ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ပ - ကာရော၊ အမ္ဗ လောမန္တိ၊ အမ္ဗ ဗျာမပ မာဏကံ။

အမ္ဗ ဥဏ္ဏာ မုနိလောမံ၊ အမ္ဗနလာတေ ဝိရူပတိ။

ပ ပ-ကာရော၊ ဥဏ္ဏာ လုံမွေးရှင်တော်မြတ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော ပ အက္ခရာကို။ အမ္ဗဗျာပမာဏကံ၊ လံခွဲခန့်မျှ ပမာဏရှိတော်မူသော ၊ အမ္ဗလောမန္တိ၊ လံခွဲမျှပမာဏရှိသော ဥဏ္ဏာလုံးမွေးရှင်တော်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ အမ္ဗဥ္ဏဏ္ဏာမုနိလောမံ၊ လံခွဲမျှမဏာဖြင့် လက်ယာရစ်လည် ကောင်းစွာ တည်၍ ဖြူမွေးမြင့်ဖော် မြတ်စွာဘုရား၏ ဥဏ္ဏာလုံမွေးရှင်တော်သည်။ အမ္ဗ နလာဋေ၊ လံခွဲခန့်မျှ ပမာဏဖြင့် ဖြူဆွမြင့်ပေါ် ပေါက်ရှိတော်မူ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဏ - ကာရော၊ ဏာယကော ဥဒေယျော၊ ဏာယကောစ မဟာမုနိ။

ဏာယကော ပဋိသြရ ဏော၊ ဏာယကော မောက္ခ ဒါယကော။

ဏ ဏကာရော၊ သုံးလောကခေါင်ဦး နိဗ္ဗာန်မျှုးဖြစ်တော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော ဏ-အက္ခရာကို ဏာယကော၊ သုံးလောကခေါင်ဦး နိဗ္ဗာန်မျှုးဟူ၍။ ဥဒေယျော၊ သိအပ်သော။ ကာယကောစ၊ သုံးလောကဦးခေါင်း၊ နိဗ္ဗာန်မျှုးဖြစ်၍သာလျှင်၊ မဟာမုနိ၊ အာဂါရိကမုနိ၊ အနာဂါရိကမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေက မုနိတို့ထက် သာလွန်မြင့်မြတ်သော မဟာမုနိလည်းမည်တော်မူ၏။ ဏာယကော၊ သုံးလောကခေါင်ဦး၊ နိဗ္ဗာန်မျှုးဖြစ်တော်မူ၍၊ ပဋိသြရဏော အဖန်ဖန်အထပ်ထပ် ကိုးကွယ်ဆည်းကပ်ရာလည်း ဖြစ်တော်မူ၏။ ဏာယကော သုံးလောကခေါင်ဦး၊ နိဗ္ဗာန်မျှုးဖြစ်တော်မူ၍၊ မောက္ခဒါယကော၊ ကိလေသာခပ်သိမ်းအပူမီးမှ လွတ် ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို ဧကန်မသွေ ဟောတော်မူတတ်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

တ - ကာရောစ တထာဂတော၊ တထာဂတော မဟာဝီရော။ တထာကာရေ နယောကဿတန် လေနံ ပရာယေနံ။

တ		တကာရောစ၊ ဝိပဿီစသား မြတ်စွာဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား ဟုဆိုအပ်သော တ အက္ခရာကိုကား၊ တထာဂတောဝိပဿီ စသား မြတ်စွာဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူ ၏ဟူ၍ ဝုစ္စတိဆိုအပ်၏။ တထာဂတော ဝိပဿီစသား မြတ်စွာဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသည်ဖြစ် ၍၊ မဟာဝီရောကြီးမားမြင့်မှန် သမ္မပ္ပဓျာန်လုံ့လ ဝီရိယနှင့်ပြည့်စုံတော်မူ၏။ တထာကာရေန၊ ဝိပဿီစသား မြတ်ဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူခြင်းဖြင့် လောကဿ၊ လူနတ်ပြဟ္မာသတ္တဝါအပေါင်း၏ တာဏံ အန္တရာယ်အပေါင်းကင်းကြောင်း ထွေထွေကိုးကွယ်ဆည်းကပ်ရာလည်း ဖြစ်တော်မူထသော လေဏံ၊ လိုဏ်ဂူပမာ ပုန်းအောင်းရာလည်း ဖြစ်တော်မူထသော ပရာယနံ၊ ကိုင်းကျွန်းပမာ လဲလျောင်းရာလည်း ဖြစ်တော်မူထသော တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ထ	-	ကာရော တိနမိဒ္ဓတ္တိ၊ ထိနမိဒ္ဓ မဟာဇနံ ထိနမိဒ္ဓ ပဖေါဇေတွာ၊ ထလဌာနံ၊ ဓါရယတိ။

ထ		ထကာရော၊ နိဗ္ဗာန်ခေါ် ချက်ကြည်းကုန်းထက်၌ တည်စေတော်မူတတ်သော မြတ်စွာဘုရားဟု ဆိုအပ်သော ထ-အက္ခရာကို ထိနမိဒ္ဓတ္တိ၊ စိတ်စေတသိတ်တို့ ထိုင်းမှိုင်းမူ ထိနမိဒ္ဓဟူ၍၊ ဝုတ္တောဆိုအပ်၏။ ထိုထိနမိဒ္ဓ၊ ထိနမိဒ္ဓနှင့်တကွဖြစ်သော မဟာဇနံများစွာ သောင်းသောင်းလူနတ် အပေါင်းကို၊ ထိနမိဒ္ဓ၊ ထိုင်းမှိုင်းတွေ ဝေခြင်းမှ ပဖေါစေတွာ နိုးကြားထရောက် လွတ်မြောက်စေတော်မူပြီး၍၊ ထလဌာနံ၊ နိဗ္ဗာန်ခေါ် ချက်ကြည်းကုန်း ထက်သို့ ဓါရယတိ ကောင်းစွာဆောင်လေ၊ လွတ်မြောက်စေတော်မူ၏။ တံ၊ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွ သဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဒ	-	ကာရော ဒါနမုတ္တမံ၊ ဒါနဥ္စဒါနပါရမီ။ ဒါနံသတ္တဿသောပါနံ၊ ဒါနံဗုဒ္ဓါန မာဒိကံ။

ဒ		ဒကာရော၊ ဒါနပါရမီ၏အထွတ်အထိပ်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားဟုဆိုအပ်သော ဒ အက္ခရာကို ဝုတ္တမံ၊ အမြတ်ဆုံးဖြစ်သော။ ဒါနံ၊ သဒ္ဓါဖြူဖွေး စွန့်ကြဲခြင်းဟူ၏။ ဝုတ္တံ ဆိုအပ်၏။ ဒါနဥ္စ သဒ္ဓါဖြူ ဖွေး စွန့်ကြဲခြင်းကိုလည်း ဒါနပါရမီ၊ ဒါနပါရမီ၊ ဒါနဥပ ပါရမီ၊ ဒါနပရမတ္တပါရမီဟူ၍ ဝုတ္တံဆိုအပ်၏။ ဒါနံဖြူဖွေး သဒ္ဓါ စေတနာအစ မြတ်ဒါနသည် သဂ္ဂဿနတ် ရွာနတ်နန်း အထက်လမ်း၏။ သောပါဏံ၊ ဇကန်ရောက်ကြောင်း၊ စောင်းတန်းကောင်းမည်၏။ ဒါနံ ဘဝသံသရာ ချမ်းသာဖွံ့ဖြိုး ဒါနမျိုးသည် ဗုဒ္ဓါနံ၊ အဆူဆူထင်ရှား မြတ်ဘုရား တို့၏ အာဒိကံ ပါရမီအစ ပဓါနလည်းမည်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဓ	-	ကာရောစ အဓိဌာနံ၊ အဓိဌာယ တထာဂတော။ ဓါရေတွာ ဗောဓိသမ္ဘာရေ၊ ဓမ္မံ သဗ္ဗဝိဗုဇ္ဈတိ။

ဓ		ဓကာရောစ၊ တရားလုံးစုံ အကုန်သိပြား မြတ်ဘုရားဟု ဆိုအပ်သော ဓ-အက္ခရာကိုကား၊ အဓိ ဌာနံ၊ ကိစ္စလိုရာများစွာပြီးရန်၊ အဓိဋ္ဌာန်ဖော်၊ ဝသီတော်ဟူ၍၊ ဥဒယျော-သိအပ်၏။ တထာဂတောဝိပဿီစသား မြတ်ဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူတတ်သော မြတ်စွာဘုရားသည်။ အဓိဌာယ၊ ဘုရားဖြစ်ရန်။ အဓိဌာန် ဖြင့် ဗောဓိသမ္ဘာရေ၊ သဗ္ဗညုဉာဏ်၊ ရရန်အကြောင်း ပါရမီအဆောက်အအုံအပေါင်းတို့ကို၊ ဓါရေတွာ၊

ဘာဝနာလေးပါး၊ မပြတ်ပွားစေ ဆောင်ယူလေပြီး၍ သဗ္ဗဓမ္မံ+ သိသင့်များပြား၊ တရားငါးတန် ဥဒေယျဓမ်ကို ဝိဗုဇ္ဈတိ၊ မဟာဝဇီရဝိပဿနာ၊ မဂ်ပညာဖြင့် ထိုးထွင်းပိုင်ပိုင် သိမြင်တော်မူနိုင်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

န - ကာရော နိက္ခမနန္တိ၊ နိက္ခမိတ္ဂာ နရာဒိဗ္ဗော နတ္တိတုလောသဒေဝသု၊ နရာသဘောဘဇေဇိနော။

နကာရော၊ လူနတ်ပြဟ္မာသတ္တဝါဟူဟူ၊ အတုမရှိသော မြတ်စွာဘုရားဟုဆိုအပ်သော၊ န-အက္ခရာကို၊ နိက္ခမနန္တိ၊ ငါးဖြာအာရုံကာမဂုဏ်မှ ထွက်မြောက်ခြင်းဟူ၍ ဥဒေယျာ၊ သိအပ်၏။ နရာဒိဗ္ဗော လူထက်သာလွန် နတ်ကဲ့သို့ဖြစ်သော ချမ်းသာမွန်ကို၊ နိက္ခမိတွာ၊ မငဲ့မညှာ စွန့်ပစ်ခွာ၍၊ နရာသဘော၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူထသော။ ဘဝေ၊ ဘဝသုံးရပ် ဘုံသုံးထပ်၌။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ သဒေဝေသု၊ နတ်ပြဟ္မာနှင့်တကွဖြစ်သော လောကသုံးပါးတို့၌ တုလော-တုသူ နှိုင်းသူပြိုင်ဆိုင်သူသည်။ နတ္ထိ၊ မရှိသည်သာလျှင်တည်း။ (ဇဝအကျိုးရှိစနိုးသည့်ရိုး ဇဝကို။ နိယံ) တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ပ - ကာရော ပညာဝန္တောတိ၊ ပညာဝါစ မဟာဝီရော။ ပညာပါရမိတံဂန္ဒာ၊ ပဒီပေါစ ဝိရောစတိ။

ပ ပကာရော၊ ပညာထွန်းပြောင်၊ နေမင်းရောင်သို့ ထွန်းပတော်မူတတ်သော မြတ်စွာဘုရားဟုဆိုအပ်သော၊ ပ-အက္ခရာကို ပညာဝန္တောတိ၊ ပါရမီဉာဏ်အရင်းခံ၍၊ သဗ္ဗညုတ ရွှေဉာဏ်တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ ပညာဝါစ၊ သဗ္ဗညုတ ရွှေဉာဏ်တော်နှင့်ပြည့်စုံသည်ဖြစ်၍သာလျှင် မဟာဝီရော၊ ဗုဒ္ဓကိစ္စဆောင်ရ ငါးဖြာနေ့တိုင်းသာလျှင် မဟာလုံ့လဝီရိယဖြင့်၊ မုချမသွေ၊ ဆောင်ရွက်တော်မူတတ်သော။ ပညာပါရမီ တံဂန္ဒာ၊ ပညာပါရမီ၊ ဝသီတုလွတ်၊ အထွတ်အမြတ်သို့ ရောက်တော်မူသည်ဖြစ်၍၊ မဒီပေါစ၊ ဆီမီးသာခေါင် နေမင်းအရောင်ကဲ့သို့၊ ဝိရောစတိ၊ သုံးလောကအလယ် တင့်တယ်တော်မူ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဖ - ကာရောစ၊ ဖလံဥဒေယျံ၊ ဖလံမဂ္ဂဿ ပါကဇံ။ ဖလံဝူပသမံဒုက္ခံ၊ ဖလံလော ကေအနုတ္တရံ။

ဖ ဖကာရော၊ အမြတ်ဆုံးကောင်းကျိုးဖြစ်သော၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားဟု ဆိုအပ်သော ဖအက္ခရာကို ဖလံ၊ အရဟတ္တဖိုလ်ဟူသောအကျိုးဟူ၍ ဥဒေယျံ၊ သိအပ်၏။ ဖလံ၊ အရဟတ္တဖိုလ်ဟူသည်။ မဂ္ဂဿ၊ အရဟတ္တမဂ်ဉာဏ်၏ ပါကဇံ၊ အခြားမဲ့ဖြစ်သော အကျိုးဖြစ်၍ဖြစ်၏။ ဖလံ၊ အရဟတ္တဖိုလ်သည် ဒုက္ခံ၊ ဘဝခန္ဓာ ဂတိယောနိသတ္တဝါသ သတ္တနိကာယဟု ဆိုအပ်သောဆင်းရဲကို ဝူပသမံ၊ ငြိမ်းအေးစေနိုင်သော၊ လောကဘဝသုံးရပ်ဘုံ သုံးထပ်၌ အနုတ္တရံဖလံ၊ တုပြိုင်ကင်းလွတ်မြတ်ထက်မြတ်ရာ ဓမ္မရတနာဖြစ်သော အကျိုးလည်းမည်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဗ - ကာရောစ ဗလံဥဒေယျံ၊ ဗလံသတ္တဝိမံဘဝေ။ ဗလံသတ္တာရိယံခန့်၊ ဗလံဘဂဝတိဇေဒသ။

ဗ ဗကာရော၊ ဗောဓိပက္ခိယတရား ၃၇ပါးနှင့်တကွ ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု ဆိုအပ်သော ဗ-အက္ခရာကို။ ဗလံ၊ အားတော်အပေါင်းဟူ၍။ ဥဒယျံ၊ သိအပ်၏။ ဗလံ၊ အားတော်အပေါင်းသည် သတ္တရိယံခနံဗလံ၊ သူတော်ကောင်းဥစ္စာရတနာခုနစ်ပါးအားတော်ဟူ၍။ သတ္တဝိခံ၊ ခုနစ်ပါးအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ ဘဂဝတိ၊ ဘုန်းတော်ခြောက်ပါး၊ ဘုရားသခင်ရှင်၌။ ဗလံ၊ ကိုယ်တော်အား၊ ဉာဏ်တော်အားသည်၊ ဒသ၊ ဆယ်ပါးဆယ်ပါးစီ အပြားရှိ၏။ (ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အား ဆယ်ပါးဖြစ်၍၊ ဒသ သဒ္ဒါတစ်ခုကျေသည်(က်) တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဘ - ကာရောဘဂဝါဥဒယျော၊ ဘဂဝါစရဏဥ္စဟော။ ဘဥ္စတိ သဗ္ဗကိလေသေ၊ ဘဝါတေနံ ပါကတော။

ဘ ဘကာရော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော၊ ဘ-အက္ခရာကို၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟူ၍ ဥဒယျော၊ သိအပ်၏။ ဘဂဝါစ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ဖြစ်၍သာလျှင်၊ ရဏဥ္စဟော၊ ဒုတ် ခါးလက်နက်တို့ဖြင့် စစ်ထိုးခြင်းကို ပယ်စွန့်တော်မူ၏။ (ပါရမီဘုန်းတော်ကြောင့် အောင်တော်မူ၏ အောင်ခြင်းရှစ်ပါးရှု)။ ရဏဥ္စဟော ကိလေသာဖြင့် မြူးတူးပျော်ပါးခြင်းကို ပယ်စွန့်တော်မူ၏။ သဗ္ဗကိလေသေ ဝါသနာနှင့်တကွ အလုံးစုံသောကိလေသာတို့ကို ဘဥ္စတိ ပယ်ချိုးဖျက်ဆီးတော်မူတတ်၏။ တေန၊ ထိုသို့ပေါင်းအပ်၊ ဂုဏ်သကတ်ကြောင့်၊ ဘဂဝါ၊ ဘဂဝါ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

မ - ကာရော၊ မေတ္တစိဝန္တိ၊ မေတ္တာယုတ္တေါ တထာဂတော။ မေတ္တောဒကေန၊ သဥ္စိတွာ၊ မဟာဇနံ၊ ပမုဥ္စတိ။

မ မကာရော၊ ရန်သူသားချင်း၊ ချစ်ခြင်းမေတ္တာတူမျှစွာသား ဘုရားဟုဆိုအပ်သော၊ မ-အက္ခရာကို မေတ္တာစိတ္တန္တိ၊ မေတ္တာနှင့်ယှဉ်သောစိတ်ဟူ၍လည်းကောင်း၊ မေတ္တာယုတ္တော၊ မေတ္တာနှင့်ယှဉ်သောစိတ်ရှိတော်မူသော ၊ တထာဂတော၊ ဝိပဿီစသား မြတ်ဘုရားသို့ကဲ့သို့လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားဟူ၍လည်းကောင်း၊ ဝုစ္စတိဆိုအပ်၏။ မေတ္တောဒကေန၊ မေတ္တာတည်းဟူသော ရေစင်ရေချမ်းဖြင့်၊ မဟာဇနံ၊ များစွာသောင်းသောင်း လူအပေါင်းကို (ဝါ) လူနတ်ပြဟ္မာသတ္တဝါအပေါင်းကို၊ သဥ္စိတွာ၊ အေးမြကြည်ဖြန်းဆွတ်ဖြန်းတော်မူပြီး၍၊ ပဗုဉ္စတိ အကြမ်းပယ်ချ၊ ဒေါသကိုခွာ၊ သစ္စာတည်ထား၊ နိုးကြားစေတော်မူ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ယ - ကာရော ယမကံ ဥဒယျံ၊ ယမကံ ပါဋိဟာရိယံ၊ ယမကံဓမ္မဒေသဥ္စ၊ ယတိသေဌောပကာသယိ။

ယ ယကာရော၊ ရေအစုံ၊ မီးအစုံ တန်ခိုးတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော ယ-အက္ခရာကို၊ ယမကံ၊ ရေအစုံ၊ မီးအစုံ တန်ခိုးတော်ဂုဏ်ဟူ၍ ဥဒယျံ၊ သိအပ်၏။ ယမကံ ရေအစုံ၊

မီးအစုံ တန်ခိုးတော်ဂုဏ်ဟူသည်ကို ပါဠိဟာရိယံ၊ သမာဓိအားတော်၏ အထွတ်အထိပ်သို့ရောက်သော တန်ခိုးတော်ဟူ၍ ဥေယျံ၊ သိအပ်၏။ ယမကံ ရေအစုံ၊ မီးအစုံ တန်ခိုးတော်ဂုဏ်ကို ဒသောတွာ၊ အဘိဉာဏ် တန်ခိုးစွမ်းဟုန်နိုးကာ ပြတော်မူ၍လည်းကောင်း၊ ဓမ္မတန်ခိုးလည်းပြ ကြားကာလ၌ဖြစ်သော တရားတော်ကို ဒေသဥ္စာ ဟောတော်မူသည်ဖြစ်၍လည်းကောင်း၊ ယတိသေဌော သုံးလောကအထွတ်ရဟန်းမြတ်၏အဖြစ်ကို ပကာသလိ၊ ဘုရားတို့အလေ့အကြောင်း တွေ့သဖြင့် သိစေမြင်စေ ပြတော်မူခဲ့လေပြီ။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ရ - ကာရော၊ ရတနံဥေယျံ၊ ရနတ္တယသမ္ဗုတ္တိ။ ရတနံ တိသုလောကသု၊ ရတနာနဥ္စဥတ္တမံ။

ရ ရကာရော၊ အတုမဲ့ရတနာ၊ဘုရား တရား သံဃာဟုဆိုအပ်သော ရ အက္ခရာကို ရတနံကိုးကွယ် ကြသူ အပူကင်းဝေး ရန်မျိုးအေးရာ ချမ်းသာရကြောင်း ရတနာကောင်းဟူ၍ ဥေယျံ-ဥေယျော၊ ဆည်းကပ်ဖွယ်ရာ သိအပ်စွာ၏။ ရတနတ္တသမ္ဗုတ္တိ ရတနာတော်ထွတ်အမြတ်သုံးပါးဟူ၍ သမုတ်ခေါ်ဆိုအပ်သော ရတနံ၊ ဘုရား၊ တရား၊ သံဃာ ရတနာတော်သည် တိသုလောကေသု လူ့ပြည်၊ နတ်ပြည် (ဂဠုန်ပြည်၊ နဂါးပြည်) ဗြဟ္မာပြည်တို့၌ ရတနာနဥ္စ၊ လောကီဥစ္စာ၊ ရတနာခုနစ်ပါးတို့ထက်လည်း ဥတ္တမံ၊ အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူ၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

လ - ကာရော၊ လက္ခဏံ ဥေယျံ၊ လက္ခနံတိသရဋ္ဌကံ။ လက္ခနံဗျဥ္ဇနာနဥ္စ၊ လက္ခိတဗ္ဗာသိတာဇိနေ။

လ လကာရော၊ လက္ခဏာကြီးငယ်အသွယ်သွယ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ် သော လ-အက္ခရာကို လက္ခဏံ၊ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်လက္ခဏာဟူ၍ ဥေယျံ၊ သိအပ်၏။ လက္ခဏံ၊ ယောက်ျားမြတ်လက္ခဏာသည် တိသရဋ္ဌကံ၊ လေးကျွန်းလုံးနှင့် လောကသုံးပါးကို အစိုးရခြင်း လက္ခဏာရှိ၏။ လက္ခဏံ၊ လက္ခဏာကြီးကို လည်းကောင်း၊ ဗျဥ္ဇနာနဥ္စ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့၏လည်းကောင်း၊ လက္ခိတဗ္ဗါသိတာ၊ ပုဂ္ဂိုလ်ထူးမြတ်၊ မှတ်အပ်သည်၏ အဖြစ်နှင့်စပ်ရာ ဖြစ်ကုန်၏။ ဇိနေ၊ ငါးမာရ်အောင်မြင် ဘုရားရှင်တို့ကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဝ - ကာရော၊ ဝီရိယံ ဥေယျံ၊ ဝီရိယာ ရမ္ဘကာရဏံ။ ဝီရိယ ပါရမီဂန္တွာ၊ ဝရဗောဓိ သဝေလာဘိ။

ဝ ကာရော၊ သမ္မပဓါန် လုံ့လ၊ ဝီရိယနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော ဝ- အက္ခရာကို ဝီရိယံ၊ သမ္မပဓါန် လုံ့လ၊ ဝီရိယဟူ၍ ဥေယျံ၊ သိအပ်၏။ ဝီရိယာရမ္ဘကာရဏံ၊ သမ္မပဓါန် လုံ့လ၊ ဝီရိယတို့ အားထုတ်ခြင်းလျှင် အကြောင်းရှိသည်ဖြစ်၍၊ ဝီရိယပါရမီ၊ ဝီရိယ ဥပပါရမီ၊ ဝီရိယ ပရမတ္တပါရမီအပေါင်းတို့၊ ဂန္တွာ၊ ရောက်ရှိရတော်မူပြီး၍ ဘသော၊ ထိုမြတ်စွာဘုရားသည် ဝေ၊ စင်စစ်ဧကန်အမှန်ပင်၊ ဝရဗောဓိ၊ မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ရွှေဉာဏ်တော်ကို၊ လဘိ၊ ရရှိတော် မူလေပြီ။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

သ - ကာရံ သီလသစ္စဥ္စ၊ သီလသစ္စံ အနုတ္တရံ။ သီလသစ္စေ ပတိဠိယ၊ သစ္စါနိ စတုပုဗ္ဗတိ။

သ သကာရံ၊ သီလသစ္စာအသိဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော သ-အက္ခရာကို သီလသစ္စဥ္စ၊ သီလသစ္စါဟူ၍လည်းကောင်း၊ အနုတ္တရံ၊ အတုမရှိ မြတ်သောသီလသစ္စာဟူ၍လည်းကောင်း၊ ဝုတ္တံဆိုအပ်၏။ သီလသစ္စေ စင်ကြယ်မြင့်မြတ်သော သီလသစ္စါတရား၌ ပတိဋ္ဌိယ၊ ကောင်းစွာတည်ရာ၊ စတုသစ္စာနိ၊ လေးပါးအပြား သစ္စါတရားတို့ကို ပုဗ္ဗတိ၊ ထိုးထွင်း၍၊ သိတတ်တော်မူတတ်၏။ တံ၊ ထိုမြတ်စွာဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဟ - ကာရော၊ ဟရဏံ ဥေယျံ၊ ဟရဏံ ဓမ္မမုတ္တမံ။ ဟာရေတွာ၊ လောကသမူဟော၊ ဟိတက်ရော သုခံဂတော။

ဟ ဟကာရော၊ မြတ်သောတရားအပေါင်းကို ဆောင်ယူတော်မူတတ်သော မြတ်စွာဘုရားဟု ဆိုအပ်သော ဟ-အက္ခရာကို၊ ဟရဏံ၊ မြတ်သောတရားအပေါင်းကို ဆောင်ယူခြင်းဟူ၍၊ ဉေယျံ၊ သိအပ်၏၊ ဥတ္တမံ၊ မြတ်သော၊ ဓမ္မံတရားအပေါင်းကို၊ ဟရဏံ၊ ဆောင်ယူခြင်းတည်း။ လောကသမူဟော၊ လူနတ်ပြဟ္မာသတ္တဝါအပေါင်းကို ဟာရေတွာ၊ ကိုယ်တော်နှင့်အတူ ဆောင်ယူတော်မူစေပြီး၍၊ ဟိတက်ရော၊ သတ္တဝါတို့၏အစီးအပွားကို ပြုတော်မူတတ်သော မြတ်စွာဘုရားသည်၊ သုခံဂတော၊ အေးငြိမ်းရာမှန်၊ နိဗ္ဗာန်စခန်းသို့ ကြွမြန်းတော်မူလေပြီ။ တံ၊ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

ဠ - ကာရံ ဥဠါရံ ဉေယျံ၊ ဥဠါရောစ မဟာမုနိ။

ဥဠါရဈ္ဈာနယာနဥ္စ၊ ဥဠါယ မာနိတိသုခံ။

ဠ ဠကာရံ၊ မြင့်မြတ်သော စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော ဠ-အက္ခရာကို၊ ဥဠါရံ၊ မြင့်မြတ်သောသီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တော်ဟူ၍၊ ဉေယျံ၊ သိအပ်၏။ မဟာမုနိ၊ မုနိငါးဖြာ၊ သာထက်သာ၍ မဟာမုနိမည်သော မြတ်စွာဘုရားသည် ဥဠါရောစ၊ သီလအစရှိသော ဂုဏ်တို့ဖြင့် အမြင့်မြတ်ဆုံးလည်း ဖြစ်တော်မူ၏။ ဥဠါရဈ္ဈာနယာ နဥ္စ၊ မြင့်မြတ်သည်၏အဖြစ်ဟု ဆိုအပ်သော ဈာန်အဘိဉာဏ် သမာပတ်ဝိမောက္ခတည်းဟူသော ယာဉ်တို့၏လည်း ဥဠါယ၊ မြင့်မြတ်တော်မူသည်၏အဖြစ်ကြောင့် ၊ မာနိတိသုခံ၊ ဈာန်အဘိဉာဏ်သမာပတ် ဝိမောက္ခတို့ကို ဝင်စားနိုင်ခြင်းဖြစ်သော စိတ်၌ဖြစ်သော အမြတ်ဆုံး ချမ်းသာကို လဘိ၊ ရရှိတော်မူလေပြီ။ တံ၊ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

အ - ကာရံ၊ သမ္ဗုတိဥေယျံ၊ သမ္ဗုသန္တံ ဥပေက္ခတံ။ အမ္ဗုပေက္ခံ သမာဂန္တံ၊ အမ္ဗရေ ပါကဋော မုနိ။

အ အကာရံ၊ ကောင်းကင်ပြင်ဝယ် ထင်ရှားတော်မူသော မြတ်စွာဘုရားဟုဆိုအပ်သော အ-အက္ခရာကို၊ အမ္ဗုတိ ကောင်းကင်အပြင်ဟူ၍၊ ဉေယျံ၊ သိအပ်၏။ အမ္ဗုသန္တံ၊ ကောင်းကင်အထက် ငြိမ်သက်ခြင်းရှိသည်ဖြစ်၍၊ ဥပေက္ခက်၊ ပဥ္စမဈာန် အဘိဉာဏ်ဟူသော ဈာနုပေက္ခာနှင့် ပြည့်စုံတော်မူ၏။ မုနိ မြတ်စွာဘုရားသည်၊ အမ္ဗုပေက္ခံ၊ ကောင်းကင်အပြင်၌ ဈာနပေက္ခနှင့်ပြည့်စုံခြင်းသို့ သမာဂန္တာ၊ ကောင်းစွာရောက်ရှိတော်မူ၍၊ အမ္ဗရေ၊ ကောင်းကင်ပြင်၌ ပါကဋော၊ သုံးလောကအလယ် ထင်ရှားတော်မူ၏။ တံ၊ ထိုမြတ်စွာ ဘုရားကို ဝန္ဒာမိကြည်စွသဒ္ဓါ ခါခါမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

**နတ်မြစ်-ဦးဝါသဝ**

# သိပ္ပလိနှင့် ဘုမ္မိဒေဝ နတ်ရှစ်သောင်းတို့ အမွန်ပူဇော်ရာ စကြာပုထိုး

ရွှေသာခိုင်

"ပြဟ္မာသက်ရှည်၊ ဇာနည်သည်တို့၊ မှတ်ရည်ယူဆွတ်၊ တို့တိုက်မြတ်တွင်၊ ခေါင်ထွင့်ရှုံစံပါယ်၊ လေးမည် ထွန်ဦး၊ မြင့်ဖူးယောက်နေ၊ ပဒေသာထိန်၊ ရိပ်ငြိမ်ကုက္ကို၊ မြညိုဇမ္ဗူ၊ သပြေဟူသည်၊ လေးဆူသစ်ပင်၊ လေးကျွန်းတွင်၌၊ စည်ပင်ရွှင်လန်း၊ လေးရောင်ထွန်းလျက်၊ သောင်းထွန်းဗဟို၊ မြင်းမိုရ်လကျာ၊ မြစ်သာဖြောင့်တန်း၊ ဆိပ်ကမ်းသာလှ၊ ဗုဒ္ဓပစ္စေ၊ မြူတေရတနာ၊ တည်ရာသောင်းကွက်၊ ဇမ္ဗူချက်၌၊ ဇမြေချမ်းမြိုင်၊ ခုနစ်အိုင်တွင်၊ ညွှန့်ဆိုင်မိတ်ဖုံး၊ ငါးလုံး တောင်ယံ၊ ဝန်းရံချီချက်၊ တောင်ဘက်ကဆင်၊ ရှေ့ပြင်ခြသေ့်၊ မရွေ့စည်လျှောက်၊ မြောက်ကဥဿဘ၊ နောက်က မြင်းမွန်၊ နှုတ်ပြွန်မုခ်ဝ၊ သမုဒ္ဒရာ၊ လေးမျက်နှာဝယ်၊ လေးဖြာကျလျှက်။"

ဟူ၍ စစ်တွေမြို့ ရွှေစေတီမူလဆရာတော်ကြီး စပ်ဆိုခဲ့သည့်အတိုင်း ဗုဒ္ဓစာပေတွင် ဇမ္ဗူဒိတ်ကျွန်း၏ အလယ်ဖြစ်သော မဇ္ဈိမဒေသကို ခြံရံ၍ တောင်ကြီးခုနစ်တန်ရှိပေသည်။ ထိုတောင်ခုနစ်တန်အနက်တွင် သုဝဏ္ဏ ခေါ် နေရုတောင်သည်ရှိ၏။ (၂၄)ယူဇနာမြင့်ပြီး ရွှေစိုင်နှင့်တူသည်။ ထိုရွှေတောင်ကြီးမှလွန်သော် အနောတတ္တ အိုင်နှင့် အိုင်ကြီးခုနစ်တွေ့ရှိရလေသည်။ ထိုရွှေတောင်ကြီး၏တောင်ဘက်က ဥပေါသထဆင်မွန်တို့နှင့် အခြား ဆင်တို့ နေကြ၍ လူယောင်ဖန်ဆင်းနိုင်ကြသည်။ ရွှေတောင်ကြီး၏အရှေ့ဘက်တွင် ခြသေ့်မင်းကေသရာတို့နေ သည်။ ထိုရွှေတောင်ကြီး၏မြောက်ဘက်တွင် ဝေဟင်ပျံနိုင်သော ဥဿဘနွားမင်း၏နေရာဖြစ်သည်။ ဥဿဘ သည်လည်း စကြာမင်း၏အသုံးအဆောင်ဖြစ်၏။ အနောတတ်အိုင်မင်း၏အနောက်ဘက်တွင် နတ်မြင်းဝဠာတက နေပြီး၊ စကြာမင်းတို့နှင့်သာထိုက်သော မြင်းအာဇာနည်ရှိလေသည်။ သက်တင်ရေးကဲ့သို့ သေးသွယ်လှပသော လည်မွေးမင်ဆံရှိပြီး၊ ခရုသင်းပွတ်သကဲ့သို့ ဖြူနစ်သောကိုယ်အဆင်းရှိလေသည်။ တိမ်ညွှန့်ခံဖြစ်သည်။

(စကြာမင်းတို့အသုံးအဆောင် နွားလားနှင့် ဥပေါသထဆင်မွန်၊ နတ်မြင်းတို့ကို ရှစ်သောင်းဘုရား၌ စာရှုသူကိုယ်တိုင် ရှာဖွေပါ။ ဤကား စကားချပ်မျှသာ။)

တစ်ဖန်စကြာဝဠာအနန္တဟူသောအယူအဆသည်လည်း ဗုဒ္ဓဘာသာစာပေတွင်ရှိ၏။ စကြာဝဠာတစ်ခုစီ သည် နေ၊ လနှင့် လေးကျွန်းတစ်မြင်းမိုရ်ကို ဆိုသည်။ ကျွန်ုပ်တို့နေထိုင်သော စကြာဝဠာတွင်လည်း ကျွန်းကြီး လေးကျွန်းနှင့် မြင့်မိုရ်တောင်တစ်ခု၊ နေ၊ လ တို့ပါရှိသည်။

ထိုကျွန်းလေးကျွန်းတွင် တောင်ဇမ္ဗူဒိတ်ကျွန်းသည် ယူဇနာတစ်သောင်းကျယ်၏။ လှည်းဦးတပ်သဏ္ဌာန် ရှိလေသည်။ အရှေ့ပုဗ္ဗဝိဒေဟကျွန်းသည် ယူဇနာရှစ်ထောင်ကျယ်၏။ လဝန်းသဏ္ဌာန်ရှိသည်။ မြောက်ဥတ္တရကုရု ကျွန်းသည် ယူဇနာရှစ်ထောင်ရှိ၏။ လေးထောင့်အင်းမျဉ်းသဏ္ဌာန်ရှိသည်။ အနောက်အပရဂေါရာကျွန်းမူကား ယူဇနာခုနစ်ထောင်ကျယ်ဝန်းလေသည်။ လခြမ်းသဏ္ဌာန်ရှိသည်။

ဇမ္ဗူဒိပါ ကျွန်းသားတို့သည် အဆင်းအပြင်မှာ အချို့က အသားဖြူ၍၊ အချို့ကမဲကာ၊ အချို့မှာ ညိုတိုတို ရှိကြသည်။

ထို့အတူ ပုဗ္ဗဝိဒေဟကျွန်းနှင့် အပရဂေါရာကျွန်းသားတို့သည် အထူးထူးအပြားပြားသော အသားအရောင်

ရှိ၏။ ဥတ္တရကုရုကျွန်းသားတို့ကား ဖြူစင်သောအသားအရေရှိလေကြောင်း၊ လောကပညာတ္တိကျမ်း၌ ပါရှိလေသည်။

ဥတ္တရကုရုခေါ် မြောက်ကျွန်းနှင့် အရှေ့ကျွန်းအကြား၌လည်းကောင်း၊ ပုဗ္ဗဝိဒေဟအရှေ့ကျွန်းနှင့် တောင်ကျွန်းအကြား၌လည်းကောင်း၊ တောင်ဇမ္ဗူဒီပကျွန်းနှင့် အနောက်ကျွန်းတို့အကြား၌လည်းကောင်း၊ အနောက်အပရဂေါယာကျွန်းနှင့် မြောက်ကျွန်းတို့အကြား၌လည်းကောင်း၊ ယူဇနာတစ်ထောင်မျှစီကျယ်သော သုပဏ္ဏဒီပ ဂဠုန်ကျွန်းတို့ရှိကြလေကြောင်း လောကပညတ္တိကျမ်း၌ ဖော်ပြထားလေသည်။

ထိုဂဠုန်ကျွန်းလေးကျွန်းတွင် လက်ပန်ပင်တောဝယ် ဂဠုန်တို့နေကြလေသည်။ ထိုဂဠုန်တို့သည် အလွန်ကြီးမားကြလေသည်။ အချို့သောဂဠုန်တို့သည် နာနာရုပ်ဖန်ဆင်းနိုင်ကြပြီး လူယောင်ဖန်ဆင်းနိုင်သော တန်ခိုးရှိကြလေသည်။ ဂဠုန်တို့သည် နာနာရုပ်ဖန်ဆင်းနိုင်ကြောင်း အောက်ပါဇာတ်တော်ဖြင့် သိအပ်လေသည်။

ဂေါတမမြတ်စွာဘုရားအလောင်းတော် နုစဉ်ဘဝတွင် ပြဟ္မဒတ်မင်းဖြစ်လေရာ အဂ္ဂမဟေသီမိဖုရားမှာ ကာကဝတီဖြစ်လေသည်။ ထိုမင်းသည် ပြည်ထောင်ချင်းမင်းတို့နှင့် ကြွေအံကစားလေ့ရှိ၏၊ ဂဠုန်မင်းသည် မိဖုရားကာကဝတီကို တစ်ခါတွေ့မြင်ဖြင့် စွဲလမ်းလေ၏။ ဂဠုန်မင်းသည် ပြဟ္မဒတ်မင်း၏ အရုပ်အဝါကို ဖန်ဆင်းပြီး မိဖုရားကို နှစ်သက်စေ၏။ ထိုနောက် ဂဠုန်ပြည်သို့ ယူဆောင်သွား၏။ မင်းကြီးက နဋ္ဋကုဝေရဆိုသူ စောင်းသမားအား မိဖုရားကို ရှာဖွေစေ၏။ နဋ္ဋကုဝေရသည် ထိုလူယောင်ဆောင်ယောကျ်ားအား သံသယဝင်ပြီး နောက်ကလိုက်ချောင်းကြည့်လေသော် ရေအိုင်တစ်ခုအနီး အိပ်နေသည်ကို တွေ့ရ၏။ အိပ်ပျော်နေစဉ် ဂဠုန်အသွင်ဖြစ်လေ၏။ မကြာမီ နိုးထ၍ ဂဠုန်အသွင်ဖြင့် ပျံသွားလေသော် စောင်းသမားလည်း တောင်ပန်ကြား၌ ဝှက်ကွယ်၍လိုက်ပါသွားလေသည်။ ဂဠုန်ပြည်သို့ရောက်လျှင် မိဖုရားကို တွေ့ရ၏။ မိဖုရားကတွေ့၍ သဘောတူသဖြင့် စောင်းသမားနှင့် ကိလေသာပျော်ပါးလေသည်။ စောင်းသမားသည် တစ်ဖန်ပြန်၍ ဂဠုန်ကိုယ်၌ လျှို့ဝှက်၍ စီးလာ၏။ နန်းတော်သို့ရောက်သောအခါ ကြွေအန်ကစားရန်လာသော ဂဠုန်မင်းအား ကာကဝတီမိဖုရားသည် ဂဠုန်ပြည်၌ရှိကြောင်း၊ ကိုယ်နံ့သင်းသောကာကဝတီကို မိမိစောင်းသမားက လက်ပံနန်းတွင် ပျော်ခဲ့ပြီဖြစ်ကြောင်း၊ ဂဠုန်မင်း၏ကိုယ်ကိုစီး၍ မိမိစောင်းသမားလိုက်သွားကြောင်း၊ နှစ်ကိုယ်ကြားပြောလေသော် ဂဠုန်မင်းက စိတ်ပျက်ပြီး ကာကဝတီကိုတစ်ဖန်ဆောင်ခဲ့၍ မင်းကြီးထံဆက်သလေသည်။

ကျွန်ုပ်သည် ဤကာကဝတီဇာတ်ကို အဘယ်ကြောင့် ရေးပြရသနည်းဟူမူ သျှစ်သောင်းဘုရား တောင်ဘက် လှိုဏ်ပတ်လမ်းအထက်တွင် မိန်းမတစ်ဦး၏ရင်ခွင်၌ ချီထားသော ဂဠုန်ရုပ်ကြီးတစ်ခုရှိသည်။ နံရံကပ်ရုပ်ကြွမဟုတ်ဘဲ ရုပ်လုံးရုပ်တုတစ်ခုဖြစ်ပြီး (၃)ပေခန့်ဖြစ်ပါသည်။ ဘုရား၏စနေထောင့်အနီးတွင်ရှိ၍ မြင်လွယ်ပြီး ကာကဝတီဇာတ်တော်ကြောင့် ဤအရုပ်မှာ ဂဠုန်မင်း သုပဏ္ဏာရုပ် ဖြစ်ကြောင်းသိရလေ၏။

တောင်ဘက်မျက်နှာတွင် အခြားဂဠုန်ရုပ်ကြီးတစ်ခုလည်း နံရံလက်ခုပ်တစ်ဖောင်အမြင့်တွင် ပြိုင်၍ထုလုပ်ထားသည်။ ၎င်းဂဠုန်ရုပ်သည် အဘယ်သို့သော ဂဠုန်ဖြစ်လေသနည်း။

စိန္တမဏိမန္တာန်အဖုံး ဂါထာ၌၊ သုပဏ္ဏော ငှက်အပေါင်းတို့၏ မင်းဖြစ်သော ဂဠုန်မင်းသည်လည်းကောင်း၊ သပ္ပလိ = ဂဠုန်ပြည် လက်ပံပင်စောင့်နတ်သည်လည်းကောင်း၊ မံ=ကျွန်ုပ်ကို၊ သမ္မာလေတ္တု= ကောင်းစွာ

စောင့်ရှောက်စေသတည်းဟု ပါရှိလေရာ သျှစ်သောင်းတောင်ဘက်မျက်နှာမှ အခြားဂဠုန်ရုပ်တစ်ခုမှာ သပ္ပလီနတ်ဖြစ်ကြောင်း စိန္တမုဏိမန္တာန်ဖြင့် သိအပ်လေသည်။

ဗုဒ္ဓဘာသာစာပေတွင် ဇမ္ဗူဒိတ်ကျွန်း မြောက်ဘက်အစွန်းတွင် ဇမ္ဗူသပြေပင်သည် ယူဇနာတစ်ရာရှိသော နတ်သစ်ပင်ရှိ၏။ ကမ္ဘာပတ်လုံးတည်သော နတ်သစ်ပင်ဖြစ်၏။ စိန္တမုဏိမန္တာန်၌ ဤယူဇနာတစ်ရာမြင့်သော သပြေပင်စောင့်နတ်ကို ဇမ္ဗူရုက္ခောဟူ၍ခေါ်၏။ ၎င်း ဇမ္ဗူရုက္ခောနတ်သည်လည်း ကမ္ဘာအတိုင်းအတာအရ အသက်ရှည်လေသည်။

ထို့အတူ အရှေ့ကျွန်း၌ ထိန်ပင်၊ မြောက်ကျွန်း၌ ပဒေသာပင်၊ အနောက်တွင် ကုက္ကိုလ်ပင် စသော ယူဇနာတစ်ရာအမြင့်ရှိ နတ်သစ်ပင်တို့၌လည်း ကမ္ဘာပတ်လုံး အသက်ရှည်သည့် သစ်ပင်စောင့်နတ်များ အသီးသီးကို စိန္တမုဏိမန္တာန်တွင် ဖော်ပြထားပေသည်။ သျှစ်သောင်းဘုရား၌ အဆိုပါနတ်ရုပ်တို့ကို သစ်ပင်များနှင့်တွဲ၍ သရုပ်ဖော်ထားလေသည်။ ရှေးသူကောင်းတို့သည် ဤဘုရား၌ စိန္တမုဏိမန္တာန် အဖိုအမ နှစ်ဂါထာကို၊ အင်းနိုးသော အခါ ထည့်သွင်းပူဇော်မှု အစိပ္ပါယ်ကို သဘောပေါက်လောက်ပေပြီ။

အမှန်မှာ သုပဏ္ဏောခေါ် ဂဠုန်မင်း၊ သပ္ပလီခေါ် လက်ပံပင်စောင့်နတ်၊ ပါဠက်ခေါ် အသူရာပြည် သခွတ်ပင်စောင့်နတ် စသောနတ်တို့သည် စိန္တမုဏိမန္တာန်တွင် ပါရုံဖြင့် ဤသျှစ်သောင်းဘုရား၌ ထုလုပ်ထားသည် တော့မဟုတ်ပေ။ ဤထက်ပိုမိုသော အဓိပ္ပါယ်ရှိပါသေးသည်။ ထိုအဓိပ္ပါယ်ကို သိလိုလျှင်မူ သမိုင်းအကြောင်းကို ဆက်စပ်လေ့လာသင့်ပါသည်။

"ကွက်ကားသုံးမည်၊ ရှေ့ကတည်၊ ကြံစည်ကောင်းခြင်း၊ သံတွဲမင်း"

သက္ကရာဇ်(၉၈၇)ခုတွင် မင်းပင်ခေါ် မင်းဗာကြီးမည်သော သံတွဲမြို့စား အလိုပြည့်ထီးနန်းရလေသည်။ ထိုဘုရင်ကား မြောက်ဦးစစ်ဘုရင်များတွင် အလွန်ထင်ရှားသော စစ်ဘုရင်သာသနာပြု မင်းကောင်းဖြစ်လေသည်။

ထီးနန်းရရှိပြီး မကြာမီ ဘုရင်မင်းဗာသည် တပ်သားသုံးသိန်းခြောက်သောင်းဖြင့် သက်၊ မြို အပါအဝင် (သျှီလက်) ရောင်ဖြူ မောက်သူဇာမြို့ထိ အစဉ်အတိုင်း ချီတက်သိမ်းယူတော်မူပြီး အနောက်မျက်နှာ ရက္ခပူရ နယ်နိမိတ်ကို ရှေးဘိုးဘေးလက်ထက်ကအတိုင်း ထားရှိခဲ့လေသည်။ မင်းဗာဘုရင်သည် အရှေ့ရန်ကိုလည်း အောင်နိုင်ခဲ့သဖြင့် ရန်အောင်အထိမ်းအမှတ် စေတီသျှစ်သောင်းဘုရားကို ဦးမြဝါနှင့်တိုင်ပင်ပြီး တည်တော်မူရန် စီမံလေသည်။

သက္ကရာဇ် (၇၉၂)ခုမြောက်ဦးကို မင်းစောမွန်တည်သောအခါ ဟူးရားတတ်ဗေဒင်ယတြာဆရာမှာ နာရိန္ဒသူနှင့် ရာဇသူတို့ဖြစ်ကြောင်း မြို့တံဆိပ်ခတ်ကျမ်း၌ ပါရှိသည်။ အဆိုပါပုဂ္ဂိုလ်နှစ်ဦးလုံးသည် ရမ်းဗြဲဇာတိများဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်၏ သမထကျင့်စဉ်များကြောင့် လောကီအဘိဉာဏ် အဆင့်ရှိသူများ ဖြစ်လေသည်။ အဆိုပါ ဟူးရားတတ်နှစ်ဦး မြောက်ဦးမြို့တည် အစီအရင်မြဲသောအခါ ကတ္တျာတောင်၊ ဦးဂေါင်းတောင်၊ ကျောက်အုပ်တောင်၊ ငွေတောင်၊ ဖိုးခေါင်တောင်၊ ခြသေ့်တောင်၊ သဘင်တောင်၊ တို့ကို မင်္ဂလာတောင် အဖြစ် သတ်မှတ်ထားရှိခဲ့လေသည်။ ထိုတောင်တွင် ချုံနွယ်ပတ်ပေါင်း မရောက်စေရ သုတ်သင်၍ ထားရမြဲဖြစ်လေ၏။ (နရိန္ဒသူ ဦးစီး၍ ရမ်းဗြဲမြို့၌ တည်ထားသောကန်ရှင်ပင်ဘုရားမှာ ယခုတိုင် ရှေးမူမပျက် အကောင်းအတိုင်း ရှိဆဲဖြစ်၏။ )မင်းစောမွန်နန်းတက်ဘုရား မဟာကျန်ကို ဤဘုရား၌ ဌာပနာခဲ့ရာ ဒုတိယကမ္ဘာစစ်မတိုင်မီက

ဤဘုရားပြုပြင်ရာတွင်တွေ့ရှိခဲ့ပြီး ပလ္လင်တွင် ဥဿဖယား ကျောက်ကောင်းတစ်ရာကျော်ပါဝင်သော ဤဘုရားမှာ ကျောက်ဖြူမြို့ နဂါးကျောင်းတိုက်ဆရာတော် အရှင်သူမြတ် သိမ်းဆည်းလျက် လက်ရှိကိုးကွယ်လျက် ရှိလေသည်။ အမြင့်(၁၂)လက်မခန့်ရှိပြီး နောက်ကျောဘက်၌ ကမ္ပည်းစာထိုးထားလေသည်။ ရွှေဟောင်းဝါးပျံဘုရားတစ်ဆူလည်း အမြင့်လူကြီးတစ်ရပ်ခန့်ရှိပြီး ကျောက်ဖြူမြို့ နဂါးကျောင်းတွင်ပင် ရှိလေသည်။

ဖိုးခေါင်တောင်၌တည်မည့် သျှစ်သောင်းဘုရားမှာ နရိန္ဒသူ လက်ထက်ကတည်းက စီမံချက်အဖြစ် ထားရှိခဲ့ဟန်တူလေသည်။

ဆိုခဲ့ပြီးအတိုင်း မင်းဗာသည် ရန်သူခပင်းကို အောင်နိုင်သည့်ထိမ်းအမှတ် စေတီတည်ရာတွင် နရိန္ဒသူ စီမံချက်ဖြစ်သော သျှစ်သောင်းဘုရားတည်ရန် ဖိုးခေါင်တောင်ကို ရှာကြလေသည်။ ဆရာဦးမြဝါရသေ့သည် ကတ္တာတောင်ကို ဘိုးခေါင်တောင်အမှတ်မှားပြီး မြေအောက်ဌာပနာအစီအရင်များ စီရင်လေသည်။ ကတ္တာတောင်မှာ မြောက်ဦးရတနာမာန်အောင် စေတီအနောက်ဘက် တောင်ချိုင့်တွင် ရှိလေသည်။ ကတ္တာတောင်ကို ဖိုးခေါင်တောင် အမှတ်မှား၍ အင်းအစီအရင်နှင့် နတ်ကြွက်ဖြူကို ချိုင်တော်မူပြီးမှ မင်းနှင့်ဆရာတွက်ဆကြလေသော် မိမိတို့သည် အမှတ်မှားကြလေပြီဟု ကတ္တာတောင်ကို ပြစ်ထားခဲ့တော့၏။ ထို့ကြောင့် ကတ္တာတောင်ကလပ်သည် ယခုအခါ စည်မျက်နှာ ကဲ့သို့ ညီညာ၍ရှိနေလေ၏။ ဤကတ္တာတောင်၌ တရားကျင့်က စတုတ္ထစျာန်ရလေ၏။ ဦးမြဝါနှင့် မင်းဗာကြီးဘုရင် တို့မှာ မင်းဆွေမင်းမျိုးများဖြစ်ကြပြီး ငယ်စဉ်က နာလန္ဒအိန္ဒိယပြည်က တက္ကသိုလ်တွင် ပညာသင်ခဲ့ကြ၏။ တက္ကသိုလ်မှထွက်၍ မင်းဗာကြီး ရခိုင်ပြည်သို့ပြန်လာသော်လည်း မြဝါမှာ အိန္ဒိယတွင် ဗိဿနအမည်ရသော ရသေ့ထံတွင် လောကီပညာရပ်များ လေ့လာသင်ကြားခဲ့၏။ ဦးမြဝါအရှင်တို့ သျှစ်သောင်းဘုရားတည်ရန် တောင်အရွေးမှားသဖြင့် မကြံတတ်ရှိကြသော်လည်း ဦးမြဝါသည် အုပ်ချပ်တစ်ခုတွင် အင်းချ၍ အရှေ့သို့ မျှော လိုက်လေသည်။ ထိုမျှောလိုက်သော အုပ်ချပ်သည် ဆရာရှိရာသို့ရောက်လေ၏။ ဆရာဖြစ်သူ ဗိဿနုမှာ အရှေ့ နိုင်ငံတစ်ခုသို့ရောက်နေရာ မိမိရှိရာအရပ် ရေလျှံတက်လာသည်ကို တွေ့၍ တပည့်ခေါ်ကြောင်း သိလေသည်။ ဗိဿနုသည် မြောက်ဦးသို့ရောက်မှ ဖိုးခေါင်တောင်ကို ညွှန်ပြ၏။ ဖိုးခေါင်တောင် ခါးပတ်ကို ခုတ်ထစ်ပြီး ညီတော် မူ၍ ရန်အောင်ဇေယျပုထိုးတော်ကို တည်၏။ လောကီအစီအရင်များအဖြစ် အဋ္ဌမုတ်၊ ဖီလာမုတ်၊ စတုရင်က မုတ်အင်းများနှင့် ဇမ္ဗူဒီပအင်း၊ လေးကျွန်းအင်း၊ အရှေ့အနောက်တောင်မြောက် လေးမျက်နှာရှိသော စကြာ်ဝဠာအင်းတို့ကို ကျောက်ချပ်များတွင် အခိုင်အမာပြု၍ချကာ၊ မြေအောက်ဌာပနာတွင် တည်ထားခဲ့၏။ သျှစ်သောင်းပုထိုးတည်တော်မူသော ခုနှစ်မှာ (၈၉၇)ခု ဖြစ်လေသည်။ ဖိုးခေါင်တောင်၌နေသောဘီလူးကို ဦးခေါင်းလက်ထိပ် ခတ်၍ အစောင့်ချလေသည်။

ရန်အောင်ဇေယျပုထိုးတော်ကြီးအား သျှစ်သောင်းဟု ခေါ်ကြရသောအကြောင်းရင်းအမှန်မှာ မြေအောက်ဌာပနာတွင် နတ်ရုပ်ရှစ်သောင်းထည့်သွင်းပူဇော်ထားသဖြင့် သျှစ်သောင်းဟု ခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း ယတြာရာဇဝင်ကို ကျမ်းကိုးယူ၍ ရေးသားရပါသည်။

အဘယ်ကြောင့် နတ်ရုပ်သျှစ်သောင်း ထည့်ခဲ့လေသနည်းဆိုသည်ကို ယနေ့ထိ ရှေးခေတ်ရေးပေထုတ် စာပေတို့ကို မတွေ့ရှိသေးပါ။ ဖြစ်နိုင်ဖွယ်ရှိသောအယူအဆ တစ်ခုကိုမူ အနီးစပ်ဆုံးတွေးဆနိုင်သည်ဟု ထင်မိ၏။ ဤဘုရား၌ ပြိတ်သျှခေတ် ဂေါပကလူကြီးများဖြစ်ကြသော ဦးသာထွန်းအောင်ကြီး၊ ဦးသာထွန်းအောင်သျှေတို့

ခေတ်၊ စစ်ပြီးခေတ် ဦးရဲဘော်နှင့် ဦးဦးသာထွန်းတို့ခေတ်မှသည် မျက်မှောက်ခေတ် ဦးဦးကျော်သာ၊ ဦးကျော်ကျော်လှတို့ခေတ်ထိ၊ မဟာသမယသုတ် အခါတော်နေ့တိုင်း မဟာသမယသုတ်ကို ရှစ်သောင်းဘုရား၌ နှစ်စဉ်ရွတ်ကြလေသည်။ သို့ဖြစ်၍ ရှစ်သောင်းဘုရား၌ နတ်ရုပ် ရှစ်သောင်းဌာပနာထားခြင်းမှာ မဟာသမယသုတ်တော်လာ နတ်ရှစ်သောင်းကို ထည့်သွင်းပူဇော်ထားခြင်းဖြစ် သည်ဟု သာမန်အားဖြင့် ဆိုပါက မမှားပေ။

သို့ရာတွင် ဤဘုရား၌ အင်းနိုးသောအခါတွင် ရွတ်သော စိန္တမုဏိမန္တာန်အပြင် ဘုမ္မိမန္တာန်ဟူ၍ အသီးအခြားရှိသေး၏။ ရခိုင်သားတို့အသုံးပြုသော မန္တာန်ထူးတစ်ခုဖြစ်ပါသည်။

ထိုမန္တာန်တွင် ဘုမ္မစိုးနတ်တို့ကို အလေးထားလေသည်။ ဤမန္တာန်ကို အင်းနှိုးဆရာတို့ လက်ဆွဲဖြစ်သည်။ သို့ဖြစ်၍ ဘုမ္မစိုးဟူသောစကားကို ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုလ်ဘာသာဋီကာ (နှာ ၂၇၃-၂၇၇)အထိမှ ကောက်နုတ်၍ပြလိုသဖြင့် အောက်ပါအတိုင်း အကျဉ်းမျှဖော်ပြအပ်ပါသည်။ ဘုမ္မိမန္တာန်ကို ရှစ်သောင်းကဲ့သို့သော ဘုရား၌ရွတ်ရိုးထုံးစံ ဖြစ်လေရာ ဘုမ္မိဒေဝကို ရှင်းလင်းစွာသဘောပေါက်ရန် လိုအပ်ပါသည်။

မာဃလုလင်နှင့် ကောင်းမှုပြုဘက်(၃)ကျိတ်(၃)ယောက်သော အမျိုးသားတို့ဖြစ်၍ တာဝတိံသာဟုခေါ်သော နတ်ပြည်သည် မြင့်မိုရ်တောင်ထိပ်၌တည်၏။ သိကြားမင်းနှင့်တကွ တာဝတိံသာဘုံသားနတ်တို့မှာ ဘုမ္မိဒေဝများဖြစ်၏။ အကြောင်းမူ ယူဇနာရှစ်သောင်းလေးထောင်အမြင့်တွင် မြေနှင့်စပ်သည့် တောင်ထိပ်၌ရှိ၍ ဖြစ်ပါသည်။

မြင့်မိုရ်တောင်ထိပ်မှ ယူဇနာလေးသောင်းနှစ်ထောင်အကွာ တောင်ထက်ဝက်တွင် တည်သော စတုမဟာရာဇ်နတ်တို့သည်လည်း မြင့်မိုရ်တောင်မြေနှင့် ဆက်သွယ်၍တည်ရှိကြသော ဘုမဋ္ဌက ဗိမာန်များတည်း။ ထိုဘုမဋ္ဌကနတ်တို့ဗိမာန်သည် ယာမာစသောကောင်းကင်း၌တည်သော အာကာသဋ္ဌနတ်ဗိမာန်တို့မဟုတ်ကြကုန်၊ ခွဲခြား၍ သိအပ်သည်။

လူတို့ပြည်ဝယ် မြေကြီးနှင့် ဆက်သွယ်လျက်ရှိသော နေနတ်သားအားလုံးကို ဘုမ္မိဒေဝဟုခေါ်၏။ မာဃဒေဝကို မာဃဇိုဝ်းဟု မြန်မာပြန်သကဲ့သို့ ဘုမ္မဒေဝကို ဘုမ္မဇိုဝ်းဟု မြန်မာပြန်သည်။

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ(ဝေသဝဏ် ဟူ၍လည်း ခေါ်သည်)စသည် ထိုနတ်မင်းကြီးလေးယောက်ကို စတုမဟာရာဇိကဟု ခေါ်ပါသည်။ လက်အောက်ခံနတ်တို့ကို စတုမဟာရာဇာဟုခေါ်လေသည်။ ထိုစတုမဟာရာဇ်ဘုံသည် မြင့်မိုရ်တောင်၏အလယ်လောက်မှစ၍ အောက်တစ်လျှောက်၌တည်၏။ ထိုစတုမဟာရာဇ်ဘုံ၌ ပါဝင်သော နတ်တို့ကား အလွန်များလေသည်။

ဤကမ္ဘာမြေပြင်နှင့်မှီသော နတ်အားလုံးကို ဘုမ္မဒေဝဟူ၍ ခေါ်၏။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ သစ်ပင်စောင့်နတ်တို့လည်း ဘုမ္မဒေဝချည်းဖြစ်၏။ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်များလည်း ဘုမ္မဒေဝများပင်ဖြစ်၏။ ဂန္ဓဗ္ဗနတ်တို့ကို ဝေဒကျမ်းဟိန္ဒူတို့က ယောဂိနီ(ဇော်ဂီနီ)ဟု ခေါ်၏။ ဥစ္စာစောင့်မြေကြီးအတွင်း၌နေသော မြေစောင့်နတ်အချို့ကား နဂါးမျိုး၌ပါသော်လည်း ဘုမ္မိဒေဝများပင်ဖြစ်၏။

မြင်းမိုရ်တောင်ခြေ၌နေသော နတ်များကို အသူရာဟူ၍ ခေါ်၏။ ၎င်းတို့လည်း ဘုမ္မိဒေဝများသာဖြစ်၏။

တန်ခိုးကြီးသော မြင်းမိုရ်တောင်အလယ်မှ စတုမဟာရာဇ်နတ်တို့အသက်ကား လူ့ပြည်၌ အနှစ်(၅၀)သည်

စတုမဟာရာဇ်ဘုံ၌ တစ်ရက်မည်၏။ ထိုမျှရှည်သောရက်မျိုး နှစ်(၅၀၀)သည် သက်တမ်းဖြစ်၍ လူတို့နှစ်ဖြင့် အနှစ်ကိုးသန်း ရှည်လေသည်။

ဆရာတော်အရှင်၏မိန့်ဆိုချက်များအရ ဘုမ္မိဒေဝသည် တာဝတိံသာနှင့် စတုမဟာရာဇ်ဘုံသားအပါ အဝင် မြေစောင့်နတ်များထိ ဖြစ်နိုင်ရာ အရေအတွက်အားဖြင့် ရေတွက်၍ပင်မရနိုင်အောင် များပြား၏။

သျှစ်သောင်းဘုရားမြေအောက်ဌာပနာတွင် နတ်ရုပ်ရှစ်သောင်းထည့်ကြောင်း မြောက်ဦးယတြာရာဇဝင် ပေချပ်(ကံ/ကား)တွင် အခိုင်အမာဆိုလေ၏။

ရှစ်သောင်းကဲ့သို့သော ဘုရားမျိုး၌ ဘုမ္မိမန္တာန်ရွတ်ရန် ရှေးဆရာတို့က တိုက်တွန်းချက်သည် မြောက်ဦး ယတြာရာဇဝင်ပေချပ်(ကု)တွင် အခိုင်အမာပါ၏။ ထိုမန္တာန်မှာ ဘုမ္မိဒေဝများကိုသာ အလေးထားသော မန္တာန်ဖြစ် လေသည်။

သို့ဖြစ်၍ သျှစ်သောင်းဘုရားမြေအောက် ဌာပနာ၌ထည့်သော နတ်ရုပ်ရှစ်သောင်းမှာ ဘုမ္မိဒေဝများ ဖြစ်သည်ဟု ဘုမ္မိမန္တာန်ကို အခြေခံ၍ ကောက်ချက်ဆွဲနိုင်၏။

တစ်ဖန် တာဝတိံသာနတ်ပြည်မှ မြင်းမိုရ်တောင်အောက် ကုမ္ဘာန်၊ ယက္ခတို့ထိ နတ်တို့ကို ဘုမ္မိဒေဝဟု ခေါ်နိုင်ရာ အရေအတွက်အလွန်များပေလိမ့်မည်။

သို့ဖြစ်၍ သျှစ်သောင်းဘုရား၌ အစဉ်အလာရွတ်ဆိုသော မဟာသမယသုတ်ကို အခြေခံ၍သျှစ်သောင်း ဘုရားရှိ နတ်ရုပ်ရှစ်သောင်းမှာ ဘုရားရှင်ထံမှ မဟာသမယသုတ်နာကြားခဲ့သည့် ဘုမ္မိဒေဝနတ်ရှစ်သောင်းဟု ကောက်ချက်ဆွဲနိုင်၏။

မဟာသမယသုတ်လာ ဘုမ္မိဒေဝနတ်ကိုးသောင်း ထည့်မည်ဆိုကလည်း ဖြစ်နိုင်မည်သာ။ သို့ရာတွင် နတ်ရုပ်ရှစ်သောင်းသာ ဤရန်အောင်ဇေယျပုထိုး၌ ထည့်သွင်းပူဇော်ထားရှိခဲ့လေရာ ဗေဒင်ကိန်းများဖြင့် အန္တော၊ တေဇော(၁၇)ဂဏန်းသည်ပင် ရှစ်ဂဏန်းယူသည်ဟု ပညာရှင်တို့က ဆိုကြပြီ။ (ယာမာစသော ကောင်းကင်၌ တည်သော အာကာသဋ္ဌနတ်မင်းတို့ကို သျှစ်သောင်းဘုရားပြင်ပတ်လမ်း နံရံအထက်နား၌ ရုပ်ကြွင်းထည့်သွင်း ပူဇော်၏။ ဌာပနာရှစ်သောင်းသော နတ်တို့နှင့် တခြားယူလေသည်။)

သပ္ပလိဂဋ္ဌုန်၊ သုပဏ္ဏောဂဋ္ဌုန်ရုပ် စသည်တို့ကိုမြင်၍ စိန္တာမုဏိမန္တာန်ကို အဓိပ္ပါယ်သိရှိ ရွတ်သူများက ရှစ်သောင်းဘုရားကြီးရှိ ရုပ်ကြွအများအပြားမှာ စိန္တာမုဏိမန္တာန်မှ ရုပ်ကြွများဟု ပြောပေလိမ့်မည်။ တစ်ဖန် ကဝိကဏ္ဌာကဲ့သို့သော ကဗျာကျမ်းတတ်များနှင့် ဆန်းကျမ်းတတ်အင်းဆရာတို့က သျှစ်သောင်းဘုရားကြီးတွင် ပါရှိသော အင်းအမည်များကိုကြည့်၍ အဆိုပါရုပ်ကွက်အများအပြားမှာ အသုံးပြုအင်းနိမိတ်ဟု ဆိုပေလိမ့်မည်။ တစ်နွယ်ငင်တစ်စဉ်ပါ ဆိုသလိုဖြစ်၏။

မြောက်ဦးယတြာရာဇဝင်ကို ဖတ်မိသူများက ဤဘုရား၌ နတ်ရုပ်ရှစ်သောင်းပါရှိသည်ဟု သာမန် ပြောမည်ဖြစ်သော်လည်း ရခိုင်တို့ အင်းနှီးဓလေ့အတိုင်း မဟာသမယသုတ်ရွတ်ပြီး ဘုမ္မိမန္တာန်ရွတ်၍ အင်းနှီးသူ များက အဆိုပါနတ်ရုပ်ရှစ်သောင်းမှာ မဟာသမသုတ်ကြားနာခဲ့သော ဘုမ္မိဒေဝများဟု မြင်သိကြပေလိမ့်မည်။ ဒါကလည်း အဆန်းမဟုတ်၊ တစ်နွယ်ငင်တစ်စဉ်ပါ ဖြစ်ပေ၏။

အကယ်၍ စာရှုသူသည် ရခိုင်တို့ အင်းနှီးဓလေ့ကို သိလိုပါက ကျွန်ုပ်ရေးသား၍ သလုံးတော်စေတီသို့ ပူဇော်ထားသော မဟာဝိပဿိကနာမသတင်းကောင်းနှံ့ သင်း အခန်းကို (၁၉၉၄)ခုထုတ် သလုံးတော်ဓာတ်သမိုင်းမှ ရှာဖွေဖတ်ရှုပါလေ။

**ရွှေသာခိုင်**

# ဆရာထွန်း၏ဆုံးမစာ

**နတ်မြစ် စန်းအောင်**

ဦးရာဇ်တောင်ကျွန်း၊ တန်ခိုးရှာက ဆရာထွန်း၏စာပေလက်ရာများကား အများပင်ရှိချေ၏။ အများအား ဖြင့် လုံးချင်းစာအုပ်များ၊ ဘုရားသမိုင်း၊ အတ္ထုပ္ပတ္တိဖွဲ့လင်္ကာများ၊ ရတုများကိုသာ လူသိများလေသည်။ ဆရာ၏ထိုထို ရာရာ ဖွဲ့ကဗျာတို့ကား ဖွာကြဲရှိနေ၏။ (၁၉၆၆)ခုနှစ်က မိမိသည် ဆရာထွန်း၏သား လှကျော်ဇံနှင့် တွေ့ဆုံဖူး သည်။ ၎င်းသား (ဆရာထွန်း၏မြေး) မောင်စောအောင်နှင့် ရင်းနှီးဖူးသည်။ ဆရာထွန်း၏သား မြေးတို့ကာည်း ထုတ်ဝေခဲ့ဖူးသောစာအုပ်၊ လက်ရေးများ၊ အတိုအထွာများကို အမြတ်တနိုးသိုသိပ်ထိန်းသိမ်းစုစည်းထားရှိကြလေ သည်။ ယခုဆိုလျှင် ထိုသား၊ မြေးများလည်း မစိစစ်နိုင်တော့ဘဲ မျက်နှာကွယ်သွားခဲ့ရလေပြီ။ သူတို့၏မျက်ကွယ် တွင် ဆရာ၏ စာပေများကား မည်သို့အခြေအနေရှိနေမည်နည်း။ ဆက်ခံထိန်းသိမ်းသောသူမြစ်၊ တီများရှိလေ သလော၊ ထိန်းသိမ်းမှု၊ တန်ဖိုးထားမှုကား ရှိခဲ့ကြလေသလား။ ဤသို့ တွေ့ရာစိတ်ကူးမှု ဖြစ်မိလေသေးသည်။

ကျွန်ုပ်သည် ဆရာထွန်း၊ ဆရာအောင်ထွန်း စသော ရခိုင်နောက်ခေတ် သားချင်းစာဆိုများ၏ စာပေများ ကို လေ့လာခဲ့ဖူးသည်။ ရခိုင်ဝေါဟာရအဘိဓါန်ပြုရန် ဝေါဟာရထုတ်ယူစုဆောင်းခဲ့သည်။ အတိုအစသဘောကျ ရာတွေကို ကူးယူထားခဲ့လေသည်။ သာချင်းလောကကို ခြုံငုံ၍ အာရုံခံစားနိုင်ရန် မည်သို့ကြံစည်ရအံ့နည်းဟု တွေးခေါ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ရခိုင်တို့၏ အရွေ့သာချင်းများဟူ၍ စာမူတစ်ခုစီစဉ်ခဲ့ပါသည်။ သမုဒ္ဒရာပြင်ကျယ် ကို လှေနံစောင်းနှင့် ကူးဘိသလော ဆိုလောက်၏။ သို့သော် ထိုဆရာများ၏လက်ရာများမှာ မြည်းစမ်းစေခြင်း ဖြင့် အရသာတွေ့ရှိနိုင်ချေသော် ငါ၏ကြိုးပမ်းမှုအကျိုးသက်ရောက်ပြီဟု ယူဆထားပေ၏။ ထို့ကြောင့် စာမူကို ရခိုင်ညွန့်ဖူးမဂ္ဂဇင်းကော်မတီမှ ၎င်းတို့ထုတ် မဂ္ဂဇင်းစာအုပ် နောက်ကျောဖုံးတွင် ကြော်ငြာခဲ့ဖူး၏။ သို့သော် ထုတ်ဝေမှုကား မပြုနိုင်ခဲ့ပါ။ ရန်ကုန်သို့ပို့၍ နှစ်အတန်ကြာသည့်အခါ ညောင်းခဲ့ရချေပြီ။ ကာလကြာကာ ထိုစာမူ မှာ ဖြည့်စွက်ပြင်ဆင်လာချင်စရာဖြစ်လာသည်။ အချို့သာချင်းစု (ပိုဒ်စုံသာချင်း၊ သဇင်ပန်းဖွဲ့၊ ပင်လယ်ရှူခင်းဖွဲ့၊ တိုက်သာချင်း၊ ကလေးချော့ပုခက်လွှဲသာချင်း) စသည်များကို မဂ္ဂဇင်းဂျာနယ်တို့တွင် ဖော်ပြခဲ့ဖူးပါ၏။ သာချင်းစု ကား အတော်ကျန်ပါသေး၏။ ရမ်းပြည့်ကျွန်းမှ သာချင်းဆရာတို့၏ လက်ရာများလည်း တိုးချဲ့နိုင်ခဲ့ပါသေး၏။

ထိုအရွေ့ဆို သာချင်းများစာအုပ်သည် ဘယ်သောကာလအစီအစဉ်တကျ လက်ရာအစုဖြင့် စားပွဲတွင် မြည်းစမ်းအရသာ ခံနိုင်စေအံ့နည်း။ အခေါင်းဖြတ် မြီးတုံးညှပ်၍ ရခိုင်ယဉ်ကျေးမှုများ အမှတ်(၃)တွင်လည်း လိုရာထည့်သွင်းဖော်ပြခဲ့ဖူးပါပြီ။ မည်သို့ဆိုစေ၊ ငါ၏စေတနာ၊ စာပေအစီအစဉ်တင်ပြလိုခြင်း၊ သာချင်းဆိုင်ရာ မြည်းစမ်းစရာ၊ သာချင်းနှင့်ဖြစ်ရပ်အထွေထွေတို့ကိုကား တစ်စုတစ်လုံးတည်း စာတစ်အုပ်ဖြစ်စေ၊ ထုတ်ဝေမှုပြုစေ နိုင်က ကျေးဇူးများစရာရှိမည်ဟု တွေးထင်မြော်မြင်ရှိနေလေပြီ။ သို့သော် အကြောင်းကိစ္စများ၊ အရေးပေါ်ဆောင် ရွက်ချက်များက ရှေ့ကပြေးနေသည်။ သူကိုကျော်လွှား၊ အရေးမထား၊ ပစ်ရှောင်ရှားသလို ရှိလာခဲ့ရသည်။ ရှိပါစေ။ ဆရာထွန်း၏ဇာတိမြေက ဖော်ထုတ်ခွင့်ရသော ဤမဂ္ဂဇင်းတွင် အသို့ပေးရခြင်းကပင် ကျေနပ်ရမည်သာဖြစ်၏။ ယခုဆရာထွန်း၏လက်ရာများမှ ဆုံးမစာတစ်ပုဒ်ကို တင်ပြလို၏။ ၎င်းမှာ မိန်းမအပြား (၄)ပါးကို ဖွဲ့ဆိုထားခြင်း ပင်ဖြစ်၏။ လောကီသျှတ္တရကျမ်းလာ မိန်းမအပြားကို ပြဆိုထားချေ၏။

(၁) ပဒုမ္မနိ = ဤမိန်းမမျိုးကား ခါးစည်း၊ ရင်ကျယ်၊ သေးသွယ်ချောမောသော လက်ချောင်းများ၊ အသားဖြူ ကိုယ်ရနံ့ကြာညိုကဲ့သို့မွှေး၊ ရသာချိုအေး၊ သံသာမြည်ကြွေး၊ စက္ကဝတ်ငှက်မကဲ့သို့ သွားလာမှုယဉ်ကျေးခြင်း၊ လက္ခဏာရှိ၏။ ဆင်ကဲ့သို့ ကြည့်တတ်သည်ဟူ၏။

(၂) သခ်ီနီ = ဤမိန်းမမျိုးကား အသားညိုညက်၊ ကိုယ်ရနံ့ကား ငရုတ်ပန်းနံ့ ပျံ့ပျံ့သင်း၏။ ရသာ ချဉ်၏။ ဟင်္သာမကဲ့သို့ သွားလာတတ်၏။ လက်ချောင်းကြီး၏။ မျက်နှာထူ၊ လည်ကုတ်တို၊ ရင်ကြားစေ့၊ ဆံပင်နီ ရှိတတ်သည်။ ကျားကဲ့သို့ ကြည့်တတ်သည်ဟူ၏။

(၃) စိတြိနီ = ဤမိန်းမမျိုးကား အသားရောင်ဝါရွှေစင်း၏။ ကျင်ငယ်နံ့ကဲ့သို့ ရနံ့ရှိ၏။ ရသာဖန်ဖန်၊ ဒါနာ ညှင်းငှက်ပမာသွားလာ၏။ ကျီးကန်းကဲ့သို့ ကြည့်တတ်၏။ ရင်ကုန်းတင်ကျယ်၏။ ချက်နက်၊ ဖမိုးမွေး လက်မွေး ရှည်၊ လက်သည်းအိမ်တို၍ ဒူးဆစ်အောက်ပိုင်းတိုတတ်၏။ ဆန်းကြယ်စွာ ပြင်ဆင်ဝတ်စားတတ်သည်ဟူ၏။

(၄) ဟတ္ထိနီ = ဤမိန်းမမျိုးကား အသားနီ၊ ပန်းရောင်၊ ကိုယ်နံ့ညှီဟောင်၏။ အရသာစပ်ရှားရှား၊ ဆင်ကဲ့သို့ သွားလာ၏။ ယင်ကောင်ကဲ့သို့ ကြည့်တတ်၏။ ဝမ်းပြင်ဗိုက်ကျယ်၊ သားမြတ်ရှည်တွဲ၊ ခေါင်းသီးကြီး၏။ ဆံကောက် ၍ မေးရိုးကြီးကြီး ရှိတတ်သည်ဟူ၏။

ထိုလေးယောက်တို့ကို ဤသို့ဆရာထွန်းသည် ဂါထာဖြင့် အစချီ၍ စပ်ဆိုခဲ့လေသည်။ သို့သော် ဆရာကား လေးယောက်စလုံးကို စာဖွဲ့ခဲ့သည်မဟုတ်။ နောက်ဆုံး ဟတ္ထနီတစ်ယောက်ကိုသာ စာဖွဲ့ခဲ့၏။ ဟတ္ထိနီသည် မိန်းမယုတ်၊ မိန်းမပုတ်၊ အရာရောက်၍ ဆရာက ထိုမိန်းမကြံအင်ကို အန်ချင်စဖွယ် လက်စွမ်းပြခဲ့သည်ကား ထို့ကြောင့်ဆရာ၏ မိန်းမဗွေကိုဖတ်ရှုခြင်းဖြင့် အမျိုးသမီးများကို သတိရစေခဲ့သည်။ သားလင်တို့ကို ချစ်ခင်ရိုသေ တတ်ရန် ရည်ရွယ်၍ထားလေသည်။ ဆရာကား မိန်းမယုတ်၏ အမူအရာ၊ အပြုအမူ၊ အကျင့်စရိုက်တို့ကို ပြောင်ချော်သရော်၊ ကလော်ခနဲ့၊ အရွဲ့အစောင်းဖြင့် စပ်ဆိုထားရာ၌ စေ့ငုလေသည်။ အတွက်အချက်ပိုင်နိုင်လှ၍ ဟာသရသ၊ ရုဒ္ဒရသမြောက်လေသည်။ ရခိုင်စကားသုံးဝေါဟာရများလည်း ပါဝင်စပ်ဆိုထားသည်။ အရပ်သုံး၊ ပြောဆိုပုံများကိုပေါ်လွင်စေသည်။ ဆရာ၏ဖွဲ့စပ်များမှ ဝေါဟာရများကို ခက်ဆစ်ဖော်ပေးနိုင်လျှင် ပို၍အများ နားလည်မည်။ ဝေါဟာရစုဆောင်းလိုသူ၊ ဝေါဟာရလေ့လာကြသူများအတွက် တန်ဖိုးရှိလေ၏။ ဆရာ့အရေး အသား အစပ်အဟပ်များကား နဘေကာရံများဖြင့် စပ်ထား၏။ ဆုံးမစာ၊ မေတ္တာစာရေးနည်းအတိုင်း ဆိုနိုင်၏။

မူအတိုင်းတင်ပြခြင်းကပင် အကောင်းဆုံး၊ ရှုထောင့်အမျိုးမျိုး၊ ဝေဖန်သုံးသပ်တွေးမြင်စေနိုင်ရာ၏။

ပဒုမ္မိနိသဝဏ္ဏာဠ္ဌ၊ ရတ္တနိဟိစ သခ်ီနီ။

ကာလဝဏ္ဏော ဟိစိတြာနိ၊ ဟတ္ထိနိမာပိစတ္တာရီ။

ထိုမိန်းမလေးလီတို့တွင်၊ ဟတ္ထိနိမိန်းမ၏ သရုပ်ကို ဖော်ထုတ်၍ပြရလျှင်- အကြင်ရှိထ၊ ဣတ္ထိယ၊ မိန်းမ တို့ဘာသာမှာ၊ ဓမ္မတာအားဖြင့် လင်သားတည်ထောင်ပြုလျက်၊ မှုကိစ္စအဖြာဖြာတို့ကို၊ မလိမ္မာမနှံ့စပ်၊ မတတ် မကျွမ်း၊ အယမ်းယမ်း၊ အယောင်ယောင်၊ အိမ်ထောင်ဘောဂများကို၊ ကရားကထား၊ လဘောသရော၊ အထားအသို၊ ဝန်ဆန်တို့ကို၊ ဂရုမစိုက်၊ မိုက်လှသောမိန်းမ၊ ဣတ္ထိယ၊ ဒုက္ခ၌နစ်မည့်သူတို့မှာ၊ အခြုံခြုံအရှက်ရှက်၊ သူ့အိမ်ထက် တွင်၊ အချက်အပြုတ် ထမင်းထုတ်သည်၊ လက်ခုပ်မှာ ထမိန်ဆိုး၊ ထင်းစမီးစ အဖြိုးဖြိုးနှင့်၊ မွှေထိုးသောယောက်မကို နနွင်းဝါတွင်၊ စဖိုပြာအရောရောနှင့်၊ အိုးတစ်ခြား၊ ခွက်တစ်စ၊ လမ်းဝတိုင်းချပြီးလျှင်၊ ထရံစဖျဉ်းခြမ်းခွဲတို့တွင်၊

သုံးစွဲ၍အမြတ်၊ ငါးပိတစ်ဖဲ့ကတ်လို့၊ မအပ်မရာ၊ ဖောင်သာဝမှာ၊ ဒေါက်လှန်း၊ မှန်ဝန်းလည် ယင်းတွင်ပင်ပက်လက်။ ကွမ်းညှပ်တစ်လက်နှင့်၊ ဖန်ခွက်ကြီးဖလားတို့လည်း၊ ဖောင်သာနားမှာပင်၊ ပြောထက်နှင့် ယောင်ပြင်ဝယ်၊ စပါးပုတ်တွင် ကြက်ဥတင်း၊ ခေါင်းရင်းမှာ ငပိကိုင်၊ ကျောက်ပျဉ်မှာရေခါးရင်း၊ တန်းပျင်စွန်အဆုံး၊ အုပ်တစ်လုံးတွင်၊ အဖုံးက ပက်လက်လန်၊ အလယ်အံတစ်ခြား၊ ထမင်းချမ်းတစ်ဖဲ့စာကို၊ ထည့်စရာရှားသကဲ့သို့၊ အိုးခွက်ရေအိုးအကြားတို့၌၊ ကျီးကန်း၊ ကြက်ငှက်၊ တက်သက်၍စားသောကြောင့်၊ အချောချောအကျိကျိ၊ ထမင်းစိ ငရုပ်စိ၊ ကျီးကန်းချီးတို့နှင့်၊ ခရမ်းချဉ်သီးတစ်လုံးပါ၊ ရေသောက်ရာမှာ ဖိနပ်၊ အစွတ်စွတ်အစိုစို၊ ထားအသိုမထား၊ ပန်းကန်ပြားတို့မှာ ကျောက်ကြောလက်သုတ်၊ အကပ်ကပ်တို့နှင့်၊ ပြုတ်ဖတ်အကျိကျိ ချီးလာပုပ်မှာ တစ်စိမြုပ်လို့၊ မှုတ်လာခွန်တန်ပျင်း အဆုံးမှာ၊ အိုးအနားတိုတစ်လုံးတွင်၊ ထုံးဘာသာထုံးခြောက်၊ ရေတစ်ပေါက်မှမရှိ၊ အသွိသွိအကပ်ကပ်၊ လက်ညိုးသာညွှတ်တော့သည်။ ထွတ်လို့မှမရ၊ ဝင်လမ်းဝမှာ၊ ချားနှင်လုပ်ထား၊ ယဉ်သွားယဉ်ဘောင်၊ အိမ်တစ်ဆောင်မှာ၊ ထိုင်နီစောင်မရ၊ အရှုတ်ရှုတ်။ အခြုံဖြုံနှင့်၊ ဗရပူထားပြီလျှင်၊ ပုတ်ဆိုးခရင်း၊ စပါးကြွင်းနှင့်၊ စံကိုးဆန်ခါ၊ ဖီလာစောင်းကန်း၊ ရောပွန်းယှက်တင်၊ ကြက်ဥစင်မှာ၊ အိုးတွင်ကြက်ချီး၊ ဟင်းငါးကပ်အထွီးထွီးဖြင့်၊ ဦးဖြီး(ဦးဘီး)နှင့်ဆံကျွတ်၊ တံခါးခုံးကျော်၊ လမ်းမှာချပ်လို့၊ မအပ်မရာ၊ အထဲမှာလည်း၊ ဝတ်တန်ဆာထပိန်ဆိုး၊ ဒေါင့်ကြားတိုင်းထိုး၊ ပြီးလျှင် ပုဆိုးအကျိ၊ ထပိန်ဒူးယား၊ အရောရောနှင့်၊ ထားခြင်းမသေချာ၊ အိပ်ရာပေါ်မှာ၊ ခြုံခြာမရ၊ ခေါင်းအုံးကခြီရင်းမှာ၊ ခေါင်းရင်းပေါ်တွင် ချီးနှီးဟပ်၊ မစင်ချီးအကပ်ကပ်နှင့်၊ အဝတ်ပုဆိုးတို့ကို၊ မဖွပ်လျှော်သောကြောင့်၊ အစိုစိုအစွတ်စွတ်၊ ခြုံဝတ်ဖွယ်မကောင်း၊ ကမ္ဗလာပင် အသစ်အကောင်းဖြစ်သော်လည်း မကြာခင်ညစ်နွမ်း၍ ဟောင်းပြီးလျှင်၊ ကထောင်ကပါး၊ အလားလားနှင့်၊ ဟင်းစားလောင်ပွန်း၊ မသန့်မစင်၊ အိမ်တွင်းဝန်ဆန်၊ ဓားလှန်ဆောက်စူး၊ ပေါက်တူးပရဝါ၊ သံစဖြာနှင့်၊ ဗူးဖာတစ၊ ပျောက်ရှုစိုင်လွတ်၊ ကွဲပြတ်စုတ်ပဲ့၊ အချည်းနှီးဖြစ်သောကြောင့်၊ ယောကျ်ားအားထုတ်၍ လုပ်ချင်သမျှလုပ်၊ တစ်ဆုပ်မစားရ၊ စုတ်စုတ်သာမြုပ်ရတော့မည်၊ မဟုတ်သောသားမယားတို့ကြောင့်၊ လောကတွင်လည်း၊ မချမ်းမသာ၊ သံသရာမှာလည်း အကျိုးမရှိ၊ ထိုမိန်းမမဒိဋ္ဌိတို့မှာ၊ ညဥ့်ကစောစောနိုးသောအချိန်ကျ၊ အိပ်ရာကထသောအခါ၊ အမင်္ဂလာချီးချဉ်ခါပြီးလျှင်၊ ခွပစာထမင်းချက်ဖို့ကိုပင်၊ ငါအမြင်ကင်းလှသည့်၊ မြင်ပျင်းစရာ၊ လင်ပြောလည်း၊ ငါးမရှာ၊ ဟင်းမခူး၊ တစ်ခုမလုပ်၊ ငါချက်စွာကို၊ တက်ကာစီစုတ်တေဟု၊ အယုတ်ယုတ်အပတ်ပတ်၊ ပုတ်ခတ်ဆဲဆို၊ သားသမီးတို့ကိုလည်း၊ ဆောင့်လိုဆောင့်အုံးလိုအုံး၊ ဆောင့်ခြောင့်ကြီးထိုင်၊ တင်ပျဉ်တစ်ထောင်လောက်နှင့် ကြောက်ကောင်းထနန်း၊ မြည်းတမ်းဆဲဆို၊ နှုတ်ခွန်းကိုတယွဲ့ချင်း၊ ယွဲ့လို့၊ အညည့်စို့စို့ သူ့နဖူးပြင်တွင်၊ ယိုစီးသည်ချွေးစိုစိုနှင့်၊ စဖိုတွင် ပြာကိုယက်၊ ချက်ပြုတ်စရာ၊ မီးထင်းကို ဖော်ရာ၌၊ စွာရာဖင်ပေါက်၊ ထမိန်ဆိုးခေါက်တို့ကလည်း၊ ရှောက်၍၊ မလုံတလုံ၊ အိုးခွက်တိုင်းရစ်ခြုံလျှက်၊ သူ့ရုပ်ပုံကဆိုး၊ ရေတစ်ခါမချိုးဘဲ၊ သိုးသိုးအူအူ၊ အစူနံနံ၊ ရွံ့ဖွယ်မဆုံး၊ သူ့ကိုယ်လုံးတွင်၊ အညည့်အတင်တင်နှင့်၊ ဆံပင်မှာခြုံဆောင်း၊ သန်းဥဗောင်းနှင့် ဦးခေါင်း၊ စမ်းခြစ်၊ သန်းရစွာကို၊ ပစမှာကိုက်ပြီးလျှင်၊ မိုက်လှသောမိန်းမကုတ္တိယမှာ၊ လင်တစ်ယောက်ကို၊ ခံ့ဒေါက်လောက်မမှတ်၊ လင်ဝတ်ငါးပါး ထိုတရားကို၊ နားလည်မည်ထား၍၊ ပြောသံလည်းမကြားဖူး၊ လွန်ကျူးတရား၊ တချို့မိန်းမများလည်း၊ သားတစ်ယောက်မြင်လျှင်၊ ရင်ကိုမစစ်၊ လမ်းခွဆုံကြားမှာ၊ သားငယ်ကို နို့တိုက်လျှက်၊ မစစ်ဝတ်စား၊ မျက်နှာထရမ်းကားနှင့် ယောကျ်ားများ လာသည်ကိုမြင်လျှင်၊ ငယ်ကလင်ကဲ့သို့၊ ရင်ကို မဖုံး၊ နှလုံးသားမြတ်၊ ပေါက်ပက်ခတ်လျက်၊ အလွတ်ပလာ၊ နှစ်မြွာတွဲလွဲ၊ သွားကိုဖြဲလျက်၊

ကြဲစဲမျက်ခွက်၊ မရှက်မသရီ၊ ထပိန်တခြား၊ ကားရားဆောင့်ခြောင်၊ ပဇောင်မသိ၊ ထိုမိန်းမဒိဋ္ဌိတို့မှာ၊ သာမိကတွင်၊ လင်သခင်က၊ သွန်သင်ပြသား၊ တရားချသည်များကို၊ မယားကနား မနာ၊ ချီးချိုင်ခါပြီးလျှင်၊ မကောင်းလျှင်ကွာဟု၊ စက္ကူလွှာနှင့် ကွာစာကိုတောင်းပြီးလျှင်၊ ခြေစောင့်လက်ခါ မာန်ပါခေါက်ခေါက်၊ အိပ်ရာပေါ်မှာ တအုံးအုံးလဲပြီးလျှင်၊ ချီးတပုံပုံပေါက်လို့၊ မှောက်ခါမှောက်လှန်ခါလှန်၊ ပြန်ခါပြန်၊ ပြောင်းခါပြောင်း၊ စောင်းခါစောင်း၊ လှည့်ခါလှည့်၊ နေ့ညဥ့်မပျက်၊ မချက်မပြုတ်၊ မလုပ်မကြံ၊ လင်ယောကျ်ားပြောပြန်လျှင်လည်း မခံအက်တက်၊ တပြန်တခြက်ခြက်နှင့်၊ နှုတ်ခက်အာကြမ်း၊ ဆိုးသွမ်းညှစ်မြဲ၊ အချည်းနှီးဖြစ်သောကြောင့်၊ လင်ယောကျ်ားများကို၊ မရိုသေလျှင်၊ အပယ်ကျမည်ကြောင့်၊ ဆုံးမခြင်းရာ၊ ဤသည်စာကို၊ ကြားနာကြငြား၊ မိန်းမများတို့ မှတ်သားစေဌာ၊ မိန်းမကောင်းလက္ခဏာနှင့် ညီညာကြစေ၊ လင်ရိုသေမှု၊ နတ်ပြည်ရောက်ကြောင်း၊ စာဟောင်းဓမ္မခဏ်၊ ကျမ်းဂန်ပါဋ္ဌိ၊ လာရှိသည်တိုင်း၊ မရိုင်းစေရန်၊ ကဗျာညွှန်းပြီးလျှင်၊ ဆရာထွန်းပြသောကြောင့်၊ သာမိကတွင် လင်သခင်ကို ချစ်ခင်ရိုသေလျက်၊ ကိုယ်ကျင့်တရားများကို နားလည်စေရမည်။

**နတ်မြစ် စန်းအောင်**

၅၅

# ရခိုင်ရွှေခွက်အုပ် အပေဟာ

**မဟာပညာကျော်(ရခိုင်မြို့)**

ရှေးဦးစွာ ရခိုင်ဟုခေါ်ဝေါ်ပုံနှင့် ရွှေခွက်အုပ်အပေဟာမှည့်ခေါ်ရပုံတို့ကို ရှင်းပြပါဦးမည်။ ရခိုင်ဟူသော ဝေါဟာရသည် ရက္ခဟူသော ပါဠိမဂဓဘာသာမှ ဆင့်ကဲဆင့်ကဲပြောင်းလဲလာသော ဝေါဟာရတစ်ရပ်ဖြစ်လေသည်။ ရက္ခဟူသည်မှာ စောင့်ရှောက်ခြင်းအနက်အဓိပ္ပါယ်ကိုပင် ဆောင်လေသည်။ ရခိုင်တို့သည် လွန်ခဲ့သော ၂နှစ်ပေါင်း ငါးထောင်ခန့်ကပင် စတင်ပေါ်ထွန်းလာသော လူမျိုးတစ်မျိုးဖြစ်ကြောင်းကို သမိုင်းက သက်သေထူလျက်ရှိနေလေသည်။

ရခိုင်တို့သည် အိန္ဒိယမာဂဓတိုင်းမှ ထွက်ခွာလာသော အင်ဒိုအာရိယန်သက္ကနွယ်များ ဖြစ်ကြလေသည်။ မာဂဓတိုင်းပြည်ကြီးရှင် ဘုရင် မဟာသမ္မတမင်းကြီး၏ သားတို့သည် အသီးသီးတိုင်းပြည်သစ် ထူထောင်ရန် ရေကြည်ရာ မြက်နုရာ လိုက်လံရှာဖွေ၍ ထူထောင်နေထိုင်ကြလေသဖြင့်၊ ဒေဝသာဂရမင်းသားသည်လည်း မိမိ၏ အခြွေအရံ ပရိသတ် ဗိုလ်ခြေတို့နှင့်တကွ ဆရာမုနိကိုပါ ပင့်ခေါ်၍ ယူဆောင်လျက် မာဂဓတိုင်းမှ မြောက်စူးစူးသို့ထွက်ခွာလာရာ ကစ္ဆပနဒီ (ကုလားတန်)မြစ်၏လက်ယာဘက်တစ်နေရာ (ယခု ဥဿလင်းစေတီတော်တည်ရာ အနီးတစ်ဝိုက်)သို့ ရောက်ခိုက် လန်းဆန်းနုပျိုစွာ ပေါက်ရောက်ကြီးထွား အသီးအပွင့်များပြားနေသော သစ်ပင်တို့မှ အလွန်ချိုမြိန်ကောင်းမွန်အရသာရှိသည်တို့ကို စားသောက်မိလေသောကြောင့် “ဓညာဝတဘော၊ ဓညာဝတဘော” ဘော-အချင်းတို့၊ မယံ ငါတို့သည် ဓညာဝတ ဘုန်းကံတန်ခိုးကြီးမားလေစွတကား။

ဤကဲ့သို့ မြေဆီသြဇာတိုးပွားကြီးထွားနေသော နယ်မြေအရပ်ဒေသသို့ရောက်နေသည့် ဘုန်းတန်ခိုးကြီးမားသောငါတို့သည် ဤအရပ်ဒေသ၌ပင် တိုင်းပြည်သစ် ထူထောင်ကုန်အံ့ဟု တိုင်ပင်ဆုံးဖြတ်ကြလျက် ကောင်းမွန်သောနေရာတစ်ခုကို ရွေးချယ်ပြီး မြက်သစ်ပင်တို့ကို ခုတ်ထွင်၍ ဗုဒ္ဓဟူးနေ့ မွန်းလွဲချိန်တွင် နန်း၊ မြို့ ပန္နက်ချကြလေသည်။

မြို့တော်၏နာမည်ကိုကား မဂဓတိုင်းပြည်မှ မြောက်စူးစူးသို့ထွက်ခွာလာရလေသောကြောင့် ဥတ္တရဟူ၍လည်းကောင်း၊ ချိုမြိန်ကောင်းမွန်သော အသီးအပွင့်အစုတို့ကို ဖြစ်ထွန်းစေသော အရပ်ဒေသဖြစ်သောကြောင့် မဓူဟူ၍လည်းကောင်း၊ ဝေါဟာရနှစ်မျိုးတို့ကို တွဲစပ်လျက် ဥတ္တရမဓူမြို့ဟု နာမည်မှည့်လေသည်။

လူမျိုး၏နာမည်ကိုကား အမျိုးအနွယ်နှင့် သီလကျင့်ဝတ်တို့ကို စောင့်ထိန်းတတ်သော လူမျိုးအဖြစ် ကမ္ဘာကြေ၍ ဥဒါန်းမကြေဖြစ်စေခြင်းငှာ ရက္ခ၊ ရက္ခိုင်၊ ရခိုင်ဟု ဆရာမုနိက မှည့်ခေါ်တွင်စေလေသည်။ ထိုအခါမှစ၍ “ဓညဝတီ-ဘုန်းကံတန်ခိုးကြီးမားသူတို့၏ နေရာဌာနတိုင်းပြည်ဟူ၍လည်းကောင်း၊ ဥတ္တရမဓူ-ချိုမြိန်ကောင်းမွန်သောအရသာရှိသည့် အသီးအပွင့်အစုတို့ကို ဆောင်စွမ်းနိုင်သောကြောင့် မြောက်ပိုင်းတိုင်းပြည်ဟူ၍လည်းကောင်း၊ ရက္ခပူရ အမျိုးသီလနှစ်ဌာနကို မုချပိုင်ပိုင်စောင့်ထိန်းခြင်းငှာ စွမ်းနိုင်သောတိုင်းပြည်ဟူ၍လည်းကောင်း၊ ခေါ်တွင်လာခဲ့ကြလေသည်။

ရက္ခ၊ ရက္ခိုင်၊ ရခိုင်ဟူသော စာနှစ်လုံးတို့သည် လေးနက်သော အနက်နှစ်ထွေ ဆောင်နေသည်ကို တွေ့ရမည်။ ပထမအမျိုးအစားမှာ မိမိတို့မျိုးနွယ်နှင့် လူ့ကျင့်ဝတ်ငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အနက်အဓိပ္ပါယ်ကိုဆောင်လေသည်။ သို့ဖြစ်၍ အသျှင် နာဂိန္ဒမော်ကွန်းတွင် အမျိုးသီလနှစ်ဌာနကို၊ ပြည့်ဝမဏ္ဍိုင်၊

စောင့်စွမ်းနိုင်သည်၊ ရခိုင်နာမ၊ ဘွဲ့မည်လှနှင့် အနွတသညာ၊ ခေါ်အပ်ရာတည်း”ဟုရေးသားစပ်ဆိုထားခဲ့သည်ကို တွေ့ရသည်။ ဗုဒ္ဓဝင်လင်္ကာ၌လည်း ကျွန်းတွင် ဇမ္ဗူ လူတွင်ရခိုင်၊ ကြိုင်ဘိသတင်း၊ ကင်းဘိအပြစ်၊ ချစ်သည်အမျိုး၊ ကြိုးသည့်လုံ့လ၊ မြတ်စာဂနှင့် နှစ်ဝနတ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်းပြည့်အံ့တည်း”ဟုလည်း စပ်ဆိုထားသည်ကို တွေ့ရသည်။

ဒုတိယအမျိုးအစားမှာ “ရ ဟူသောအက္ခရာနှင့် “က္ခ”“ကွိုင်” “ခိုင်”ဟူသောအက္ခရာတို့သည် လောကီဗေဒင်ကျမ်းအလို အလွန်လေးနက်ပြောင်မြောက်ထူးဆန်းသော အနက်အဓိပ္ပါယ်ကိုဆောင်နေလေသည်။ “ရ”အက္ခရာကား ရာဟုဂြိုဟ်ပိုင် နက္ခတ်ဖြစ်လေသည်။ ရာဟုဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့သည် “ကို-ရှား”ဟူသော ဗေဒင်ဆောင်ပုဒ်အရ မိတ်ဖက်ဖြစ်နေသည်ကို တွေ့ရလေသည်။ မိတ်ဖက်အက္ခရာတို့ တွဲစပ်မှည့်ခေါ်သော နာမည်ပိုင် သက်ရှိဟူသမျှတို့သည် ထူးချွန်ပြောင်မြောက်သော သတ္တိဂုဏ်ပိုင်ရှင်များ ဖြစ်ကြရလေသည်။

သူတစ်ပါးကို ကိုယ်စွမ်းဉာဏ်စွမ်း အမျိုးမျိုးဖြင့် ချိုးနှိမ်ဖိနှိပ်ထားငြားသော်လည်း ခဏသာစွမ်းနိုင်လျက် ချိုးနှိမ်ဖိနှိပ် မရ၊ တိုးတက်ပေါ်လွင်ပြောင်မြောက်လာရမည် အမှန်ပင်ဖြစ်လေသည်၊ ရှေးခေတ်ဗေဒင်ကျမ်း၏ တော်စပ်မှုအညွှန်းတွင်ကား ဤသို့တွေ့ရလေသည်။ “ခုနစ်ရက်သား၊ မေးလာငြားမူ၊ ရက်သားရဝိ၊ ဆိုဘိအဖ၊ စန္ဒအမိ၊ ကျဘိဘောမာ၊ ကျွန်ယူပါလော့၊ ဗုဒ္ဓါကားသား၊ ဂုရုညားမူ၊ ခင်ပွန်းဟူ၏၊ မှတ်ယူသောကြာ၊ မယားသာတည့်၊ သောရာအမျိုး၊ ဆိုးရိုးတွင်ဘိ”ဟု လာရှိသော ကျမ်းစာအဆိုအရဆိုလျှင် ယ၊ ရ၊ လ၊ ဝ အက္ခရာတို့ကို ဗုဒ္ဓဟူးဂြိုဟ်ဟု ယူထားရာ တော်စပ်မှုတွင် “ရ”ကားသား၊ က္ခ၊ ကွိုင်၊ ခိုင်၊ ကား အမိဖြစ်နေသောကြောင့် “ရခိုင်” ဟူသောနာမည်သည် သားအမိနာမည်ဖြစ်လေရာကား သားနှင့်အမိတို့တစ်ဦးကိုတစ်ဦး မည်မျှမေတ္တာရှိကြသည်ကို လည်းကောင်း၊ အကျိုးစီးပွားကို လိုလားမှုရှိကြသည်ကိုလည်းကောင်း၊ လူတိုင်းအသိပင်ဖြစ်လေသည်။

ထိုမှတစ်ဖန် ရခိုင်ကိုဝေဖန်လျှင် “ရ”အရ ရာဟုဂြိုဟ်ဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်၊ ခိုင်အရ တနင်္လာ ဂြိုဟ်ဖြစ်၍ အသက်တစ်ဆယ့်ငါးနှစ်၊ နှစ်ရပ်ပေါင်းလျှင် နှစ်ဆယ့်ခုနစ်ဖြစ်သောကြောင့် “ရခိုင်”ဟူသောဝေါဟာရ သည် နက္ခတ်ကြေ၊ နဝင်းကြေဖြစ်လေသည်။ ရှေးခေတ်ရခိုင်တို့သည် နက္ခတ်ဗေဒင်ကို ခေတ်အဆက်ဆက် မျိုးရိုးပိုင် ပညာတစ်ရပ်အဖြစ် သင်ကြားတတ်မြောက်ကျွမ်းကျင်ကြပြီး တန်ဖိုးကြီးကြီးထားလျက် လက်ခံကျင့်သုံး ထားခဲ့ကြသည်ကို တွေ့ရလေသည်။

ဥပမာ-မြောက်ဦးမြို့တော်ကို စတင်တည်ပြုခဲ့သော စောမွန်နာမည်ကို စဉ်းစားကြည့်ပါ။ စောကား အင်္ဂါ၊ မွန်ကား ကြာသပတေးဖြစ်၍ “စိန်ပန်း”ဟူသော ဗေဒင်ဆောင်ပုဒ်အရ မိတ်ဖက်ဖြစ်လျက် စောအရ အင်္ဂါဂြိုဟ် သက် ရှစ်နှစ်၊ မွန်အရ ကြာသပတေးဂြိုဟ်သက် တစ်ဆယ့်ကိုးနှစ်တို့ကို ပေါင်းလျှင် စောမွန်နာမည်သည် နက္ခတ် ကြေ၊ နဝင်းကြေဖြစ်လေသည်။ သို့ကြောင့် စောမွန်ဘုရင်အား လောင်းကြက်ထီးနန်းမှ တိုက်ထုတ်လုပ်သော်လည်း နောင်တစ်ချိန်တွင် ပြန်လည်၍ လောင်းကြက်ထီးနန်းကို ရရှိပြီး မြောက်ဦးမြို့တော်ကို စတင်ထူထောင်ခဲ့လေသည်။

“ရွှေခွက်အုပ် အဟော”ဟု နာမည်ပေးခြင်းတွင် “ရွှေခွက်”မှာ ရခိုင်နာမည်ကဲ့သို့ပင် အဓိပ္ပါယ်အကျယ်ကို မှတ်ပါလေကုန်။ အုပ်၊ အ၊ အက္ခရာတို့မှာ တနင်္ဂနွေဖြစ်ခြင်း၊ “ဟော”မှာ သောကြာဖြစ်ခြင်းကြောင့် မိတ်ဖက်ကျ ခြင်း၊ တနင်္ဂနွေဂြိုဟ်သက်နှင့် သောကြာဂြိုဟ်သက် နှစ်ရပ်ပေါင်းစပ်လျှင် နက္ခတ်ကြေ၊ နဝင်းကြေဖြစ်ခြင်းတို့ကို တွေ့ရလေသောကြောင့် ရှေးခေတ်ရခိုင်တို့သည် ကျမ်းနာမည်ကိုပင် မိတ်ဖက်ကျရန်နှင့် နက္ခတ်ကြေ၊ နဝင်းကြေ

ရွေးချယ်နာမည်ပေးကြောင်းကို တွေ့နိုင်လေသည်။

ရခိုင်တို့၏ရှေးခေတ်က ဗေဒင်ကျမ်းပေါင်းမှာ ငါးဆယ့်ခြောက်ကျမ်းရှိခဲ့သည်ကို ၁၁၄၉ခုနှစ်၊ မြောက်ဦးမြို့ဝန်၊ နန္ဒပကျော်က အမရပူရဘုရင်ထံသို့ ပို့ဆက်လိုက်ရကြောင်း သမိုင်းမှတ်တမ်းတွေ့ရလေသည်၊ ယင်းငါးဆယ့်ခြောက်ကျမ်းတွင် ပုံနှိပ်စက်သို့ မတင်သေးဘဲလည်း များစွာရှိနေဦးမည်ဖြစ်ရာ "ရွှေခွက်အုပ်အဟော"ကျမ်းလည်း တစ်စောင်ပါဝင်လိမ့်မည်။ ယခု ကျွန်ုပ်တွေ့ရသော ရခိုင်ရွှေခွက်အုပ်အဟောကျမ်းမှာ လင်္ကာဖြစ်၍ ကာရန်စပ်ထားမှုလည်း ရခိုင်ကာရန်များ ပါဝင်နေသည်ကို တွေ့ရလေသည်။ လင်္ကာစာသွားကို တစ်ပိုင်းတစ်စလေ့လာနိုင်ရန် တင်ပြပါမည်။

## ရခိုင်ရွှေခွက်အုပ်အဟောလင်္ကာ

နမောတာတိ၊ ဝန္ဒ တုသဗ္ဗမင်္ဂလံ

နြို့စမ်း၊ နိဒါန်းခဏ်း

ရွှေခွက်အုပ်ရ၊ နာရီချ၍၊ ကာလဇာတာ၊ အခါဆင်ခြင်၊ ဗေဒင်တတ်လှ၊ တွက်ဆကြံစည်၊ မြတ်သည်ဆရာ၊ သူရိယာကို၊ ဦးစွာ ရဝိ၊ ချဘိမှန်လှ၊ ဘောမသောကြာ၊ ဂုရုဝါဗုဒ္ဓ၊ စန္ဒရသောရီ၊ တလီရာဟု၊ ဂြိုဟ်ရှစ်ခုကို ရှု၍ နြို့ (နျာရီ)၊ ချလျှင်လီမှ စန္ဒရတွင်၊ ကျလှာကျင်က၊ မညီမှန်၊ ငထံလာခါ၊ လူမှာသုံးယောက်၊ ဆိုမြောက်စကား၊ သူတစ်ပါးနှင့်၊ ချန်ငြားလက်ဆောင်၊ မာန်စောင်အမျက်၊ ထွက်ခါတုံပြီး၊ မုဆိုးနီလည်း၊ မြင်ပြီခဲ့ဟန်၊ တစ်ဖန်ဘောမ၊ သာသည်ညခါ၊ သုပဝါကို၊ ငှားကာကိုင်ဆုပ်၊ ကွမ်းယာထုပ်လျက်၊ သတ်ပုတ်ဆဲရဲ၊ မလွဲအမှန်၊ ဟစ်ကြော်သံလည်း၊ ကြားပြန်တုံလေ၊ တစ်ထွေသောကြာ၊ အိမ်ကလာခိုက်၊ လမ်းထက်၌တွင်၊ မြွေကိုက်ဖားသံ၊ တရံသင့်နား၊ ကြား၏လည်းဟူ၊ ရေမူချိုးလျက်၊ ငသို့တက်၏၊ တစ်ချက်ဂုရု၊ ကြိုင်မှုသင့်စွာ၊ သူမေးလာသော်၊ ဖုံးဖာပချုပ်၊ ကိုင်ထုတ်ဖွင့်ဟ၊ မျက်ရည်ကျ၏၊ ဆိုထစကား၊ မိမသားလျှင်၊ မှာလိုက်ကျင်၏၊ လမ်းတွင်တထို့၊ ခန္ဓာကြို့၍၊ အသီကောင်မှာ၊ သတ္တဝါကို၊ မြင်ပါခဲ့ရ၊ ဗုဒ္ဓအခါ၊ လာ၍ကြင်သူ၊ မေးလှာမူကား၊ အယူမစွ၊ မိမစေကာ၊ ငသို့လာ၏၊ သင့်မှာတင်ပါး၊ ပွေးများအန ၁၊ ရှိရာမပျက်၊ လက်ဆောင်ချန်လျက်၊ စွဲဟန်ကိုင်ကာ၊ ပဝါအနီး၊ မှန်ပြီမုချ၊ စန္ဒရ၌ ရောက်ဆငမှာ၊ ပချုပ်ဖာကို၊ ဖွင့်ကာခဲတန်၊ ချန်သည်လက်ဆောင်၊ လာပြီးနောက်မှ၊ ပြန်ထကွက်လှည့်၊ ဝင်သည့်အခါ သောကြာဂြိုဟ်၌၊ နြို့ကြိုက်ထွေ၊ မေးလှာပေက၊ လာထသော ခါ၊ ကြောင်းလမ်းသာတွင်၊ လူရှင်စုဝေး၊ မလွှဲအမှန်၊ မြန်ပြန်တကား၊ အခြားဆိုမှု၊ ရာဟုအခါ၊ သူမေးလှာသော်၊ စေကာမိမ၊ လှာတတ်ရ၏၊ ချန်ထလက်ဆောင်၊ ထိုနောင်တလီ၊ ပုဆိုးနီလည်း၊ မြင်ပြီအဟန်၊ အမှန်မယွန်း၊ နြို့စမ်းသည်၊ ရှစ်ခန်းရွှေခွက်အုပ်လျှင်တည်း။ ။

ဤလင်္ကာ၏ဆိုလိုရင်းအဓိပ္ပါယ်မှာ ဗေဒင်ဟောလိုသောဆရာသည် ဗေဒင်မေးရန်လာသောသူ မိမိထံရောက်လာသောအချိန်နာရီကို ရှစ်ပိုင်းခွဲခြားသိထားရမည်။

| | | | |
|---|---|---|---|
| (၁) | သူရဇ္ဇ (နံနက်) | - | အချိန်နံနက်ခြောက်နာရီခွဲမှ ခုနစ်နာရီခွဲထိ |
| (၂) | သောကြာအချိန် | - | နံနက် ခုနစ်နာရီခွဲမှ ကိုးနာရီထိ |
| (၃) | ဗုဒ္ဓအချိန် | - | နံနက်ကိုးနာရီမှ ဆယ်နာရီခွဲထိ |
| (၄) | စန္ဒရောအချိန် | - | နံနက်ဆယ်နာရီခွဲမှ တစ်ဆယ့်နှစ်နာရီထိ |

(၅) သောရီအချိန် - တစ်ဆယ့်နှစ်နာရီမှ နေလွဲတစ်နာရီခွဲထိ
(၆) သောရီအချိန် - တစ်ဆယ့်နှစ်နာရီမှ နေလွဲတစ်နာရီခွဲထိ
(၆) ဂုရုအချိန် - နေလွဲတစ်နေရာရီခွဲမှ သုံးနာရီထိ
(၇) ဘောမအချိန် - သုံးနာရီမှ လေးနာရီခွဲထိ
(၈) သူရဇ္ဇ(ညနေ)အချိန် - ညနေလေးနာရီခွဲမှ ခြောက်နာရီထိ

ဤကဲ့သို့ ရှစ်ပိုင်းခွဲခြားသတ်မှတ်ထားလျက် ဗေဒင်မေးလာခိုက်မှာ အချိန်ကြည့်လျက် အဟောထုတ်ဆိုရလေသည်။ ဩစမ်းနိဒါန်းခန်းမှာ ဗေဒင်မေးလိုသူ လာရောက်ခိုက်တွင် အလိုရှိသည်တို့ကို မမေးမီ၊ သို့မဟုတ် မေးပြီးသော်လည်း သူ့အမေးကို မဖြေမီ သူ၏စိတ်ဓာတ်ကို ဆွဲဆောင်သည့် အနေနှင့်လည်းကောင်း၊ မိမိကိုယ်ကို အထင်ကြီးစေလိုသောကြောင့်လည်းကောင်း၊ စမ်းသပ်သည့်အနေနှင့် ဗေဒင်မေးရန် မိမိထံသို့ လာလိုက်ကြုံကြိုက်တွေ့ဆုံခဲ့ရသည့် အချက်အလက်တို့ကို ရှေးဦးစွာ အဟောထုတ်ပြောဆို ခြင်းဖြစ်သည်။

(၁) သူရဇ္ဇအချိန်တွင် ရောက်လာ၍ မေးလျှင် မင်း(နင်)ငါ့ထံသို့လာသောအခါ လူသုံးယောက်ဖြစ်မည်။ သို့မဟုတ် လူသုံးယောက်နှင့်တွေ့ဆုံစကားပြောခဲ့ရဦးမည်။ ဒေါသအမျက် ထွက်ခဲ့ရဦးမည်။ သူတစ်ပါးအတွက် လက်ဆောင်ကို မေ့ချန်ခဲ့မည်။ နီမြန်းသောပုဆိုးတို့ကိုလည်း မြင်ခဲ့ရမည်ဟု ဟောဆိုနိုင်သည်။

(၂) သောကြအချိန်တွင် ရောက်လာ၍မေးလျှင် အိမ်မှထွက်ခွာ၍ ငါ့ထံလာခိုက်လမ်းတွင် ဖားကိုမြွေကိုက်သော အသံကိုကြားခဲ့ရမည်။ ရေချိုးပြီးမှ ငါ့ထံသို့ လာခြင်းဖြစ်မည်ဟု ဟောဆိုနိုင်သည်။

(၃) ဗုဒ္ဓအချိန်တွင် ရောက်လာ၍မေးလျှင် သင်သည်ယုံမှားသံသယဖြစ်နေမှုဖြင့် မိမကစေခိုင်းသောကြောင့် လာရခြင်းဖြစ်မည်။ သင်၏တင်မှာ ပွေးများ၊ အနာများ ရှိနေမည်ဟု ဟောနိုင်သည်။ လက်ဆောင်ယူမည့် ပစ္စည်းကို မေ့ချန်ထားခဲ့မည်ဟု ဟောနိုင်သည်။

(၄) စန္ဒရောအချိန်တွင်ရောက်လာ၍ မေးလျှင် ဖာချုပ်ကို ဖွင့်၍ ခဲတံကိုယူခဲ့မည်။ လက်ဆောင်ယူမည့်ဝတ္ထုကို မေ့ချန်ထားခဲ့လျက်လာပြီးမှ ပြန်လှည့်သွားယူခဲ့ရမည်ဟု ဟောနိုင်သည်။

(၅) သောရီအချိန်တွင် ရောက်လာ၍မေးလျှင် ငါ့ထံသို့လာသောအခါ ကြောင်းလမ်းဇရပ်တွင် လူရှင်များ စုဝေးနေထိုင်သွားလာမှုတို့ကို မြင်ခဲ့လိမ့်မည် ဟောဆိုနိုင်သည်။

(၆) ဂုရုအချိန်တွင် ရောက်လာ၍မေးလျှင် အိမ်တွင်ရှိသော ဖာချုပ် သို့မဟုတ် သေတ္တာကိုဖွင့်ခဲ့စဉ် မျက်ရည်ကျ ဝမ်းနည်းခဲ့မည်။ မိမသားစကားမှာလိုက်မည်။ လမ်းတွင် အသေကောင်သတ္တဝါတို့ကို မြင်ခဲ့မည်ဟု ဟောနိုင်သည်။

(၇) ဘောမအချိန်တွင် ရောက်လာ၍မေးလျှင် ညအခါ သူတစ်ပါး ပဝါကို ငှား၍ ကွမ်းယာထုပ်ယူခဲ့မည်။ သတ်ပုတ်ဆဲရဲသောအသံကိုလည်း ကြားခဲ့မည်ဟု ဟောနိုင်သည်။

(၈) သူရဇ္ဇအချိန်တွင် (ညနေတွင်)လာရောက်မေးလျှင် ယခင် သူရဇ္ဇ (နံနက်)အချိန်ကဲ့သို့ ဟောလေကုန်။ အဆိုပါရွှေအုပ်အဟောတွင်. . .

(၁) ဩစမ်းနိဒါန်းခန်းပြီးလျှင်

(၂) ဆရာအစမ်းဟောခန်းဟူ၍ ပေဒင်လာမေးသူ၏မွေးဖွားချိန်ကာလဖြစ်သမျှကို ဟောဆိုသောအခန်းကို လည်းကောင်း

(၃) ဥစ္စာပျောက်ကိုမေးလျှင် ဟောနိုင်သောအခန်းကိုလည်းကောင်း၊

(၄) အဖျားအနာရောဂါများသူများအား ယတြာပြုမည့်ဟောခန်းကိုလည်းကောင်း၊

(၅) ခရီးသွားသူတို့အား ဟောဆိုသောခန်းကိုလည်းကောင်း၊ တွေ့ရလေကား ဤတစ်ကျမ်းတည်းဖြင့်ပင် လိုရာမျိုးစုံကို မှန်ကန်အောင် ဟောဆိုနိုင်သဖြင့် ပေဒင်ဟောစားလိုသူတို့အဖို့ တန်ဖိုးမဖြတ်နိုင်လောက်သော ကျမ်းတစ်ခုဖြစ်လေသည်။ ဖော်ပြပါကျမ်းစာအပါအဝင် ကျယ်ပြန့်သော တွက်ချက်မှုနှင့် ဟောဆိုမှုတို့ ပါဝင်စေလျက် မူလတန်းပေဒင်၊ အလယ်တန်းပေဒင်ဟုနှစ်ပိုင်းခွဲခြားထားသော ပေဒင်ကျမ်း တစ်စောင်ကို ပြုစုရေးသားနေသဖြင့် မကြာမီထုတ်ဝေနိုင်လိမ့်မည်ဟု ယုံကြည်ထားပါသည်။

**မဟာပညာကျော် (ရခိုင်မြို့)**

**ကိုးကားမှီငြမ်းပြုကျမ်းများ**

(၁) ရခိုင်ရာဇဝင်ကျမ်းများ

(၂) ရခိုင်ရွှေခွက်အုပ်အဟောလက်ရေးမူ

၇

# ဦးရာဇ်တော်စေတီ၏ အတိတ်မှ ပုံရိပ်များ

ဒေါက်တာစောထွန်းအောင်

ဝရစ်တောင်စာတီ၊ လုံးပတ်ညီ

လုံးညီပွတ်တိုက်၊ အဖျားစွန်မှာ

ရှိနန့်ငှီနန့်၊ ရောပျာပွတ်တေ

ဇာနိဇာရက်၊ ဖူးရပါမေ

သခွားချေပွင့်စုံ၊ ဖရုံချေပွင့်သစ်

နှင်းစစိုကေ၊ ပြာသိုလမှာ ဖူးရမယ်လေ. . .။

(ရခိုင်သဘာဝတေးကဗျာ)

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးတည်ရှိရာ မြောက်ဦး၊ ဝေသာလီ၊ ကျောက်တော်စသည်တို့သို့ စစ်တွေမှ ဂစ္ဆပနဒီမြစ်ကြောင်းအတိုင်း ခရီးထွက်ခွာလာပါက ကမ်း၏လက်ဝဲဘက်တွင် ပထမဆုံးဖူးတွေ့ရမည့် စေတီကား ဦးရာဇ်တော်စေတီပင်ဖြစ်သည်။ ဦးရာဇ်တော်စေတီသည်ကား မြောက်ဦးမြို့တော်နှင့် မလှမ်းမကမ်း တွင် တည်ရှိနေသော်လည်း မြောက်ဦးရှိ စေတီပုထိုးများကဲ့သို့ပင် နာမည်ကျော်ကြားလှပါသည်။ ထို့အပြင် ဦးရာဇ်တော်စေတီ တည်ရှိရာနေရာဝန်းကျင်သည် ဂစ္ဆပနဒီမြစ်၏အဆုံး ပင်လယ်ဝနှင့်မဝေးကွာသဖြင့် ရခိုင်မင်း များလက်ထက်က တိုင်းပြည်၏ အရေးပါသောအစိတ်အပိုင်းဖြစ်နေသည်မှာ မလွဲဧကန်ပင်ဖြစ်တော့သည်။

ဦးရာဇ်တော်စေတီ၏သမိုင်းနှင့် စပ်လျဉ်း၍ ရာဇဝံသကျမ်းတွင် အောက်ပါအတိုင်းရေးသားထား လေသည်။ “ဤရခိုင်ပြည်နယ်တွင် မြတ်စွာဘုရား၏သရီရဓာတ်တော်များကို သီရိဓမ္မသောကမင်းကြီးက စေတီများ စွာတွင် ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့လေသည်။ ရခိုင်ပြည့်ရှင် ဘုရင်မင်းဖလောင်း (အေဒီ ၁၅၇၁-၁၅၉၃) )သည် အထက်ပါစေတီများကို ပြုပြင်မွမ်းမံရန် အမိန့်တော်ချမှတ်ခဲ့၏။ အရှင်မင်းကြီးသည် မြုပြည်သို့ စစ်ချီမထက်မီကပင် မိမိ၏ရည်မှန်းချက်အောင်မြင်ပါက သေလာဝီဌပဗ္ဗတတောင်ပေါ်တွင် ရှိနေသော ဦးရာဇ်တော်စေတီကို ပြန်လည်တည်ဆောက်ရန် ကတိပြုထားခဲ့ပါသည်။ စစ်ချီရာမှပြန်ခဲ့ပြီး ရခိုင်သက္ကရာဇ် ၉၅၃ (ခရစ်သက္ကရာဇ် ၁၅၉၁)ခုနှစ်တွင် မင်းဖလောင်းသည် ကြီးကျယ်ခမ်းနားသော ပွဲလမ်းသဘင်များကို ခုနင်ရက် တိုင်တိုင် ကျင်းပပြီး မြတ်စွာဘုရား၏ ဦးခွံတော်ဓာတ်နှင့်အတူ ရတနာကိုးပါးဖြင့် စီချယ်ထားအပ်သောဆင်းတုများ၊ မင်းအဆက်ဆက်သိမ်းဆည်းထားခဲ့သော သဃ်ယနာတင် ရွှေပုရပိုက်များကို ဌာပနာ၍ စေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့လေသည်။ မင်းဖလောင်းသည် စေတီတော်မြတ်ကို တည်ထား၍အပြီး နှစ်နှစ်အကြာ (အေဒီ ၁၅၉၃)တွင် နတ်ရွာစံခဲ့ရာ မင်းဖလောင်းလွန်ပြီးနောက် သတိုးမင်းတရား (အေဒီ ၁၆၄၅-၁၆၅၂) နှင့် ဝရဓမ္မရာဇာ (အေဒီ ၁၆၈၅-၁၆၉၂)တို့ကလည်း ဆက်လက် ပြုပြင်မွမ်းမံခဲ့ကြ၏။

ဦးရာဇ်တော်စေတီကို ပြန်လည်တည်ထားကိုးကွယ်ခဲ့သည့် မင်းဖလောင်းလက်ထက်သည်ကား မြောက်ဦး ခေတ်၏ ကြီးကျယ်ထွန်းကားသော အခါသမယပင်ဖြစ်၏။ မင်းဖလောင်း၏မင်းနှစ်ဆက်ခြားသော သီရိသုဓမ္မ ရာဇာ (အေဒီ ၁၆၂၂-၁၆၃၈) လက်ထက်တွင် ရခိုင်သို့လာရောက်ခဲ့ကြသော ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်၏ ခရီးသွားမှတ်တမ်းတွင် -

၎င်းတို့သည် ဦးရာဇ်တော်အကောက်တော်ဌာနသို့ ရောက်ရှိဆိုက်ကပ်ခဲ့ကြကြောင်း ဖော်ပြပါရှိပါသည်။ ထို့အပြင် ဦးရာဇ်တော်တောင်နှင့် မျက်နှာချင်းဆိုင် ဂစ္ဆပနဒီမြစ် တစ်ဖက်ကမ်း၌ "ဒိုဘာဈေး"အရပ်ရှိပြီး ၎င်းအရပ်တွင် နိုင်ငံခြားသားကုန်သည်များ စခန်းချကြလေသည်။

မန်နရစ်၏မှတ်တမ်းအရ ဦးရာဇ်တော်စေတီတည်ရှိရာ ဦးရာဇ်တောင်မြို့တွင် သင်္ဘောအစင်းရေ ၃၅၀ရှိသည်ဟု ဖော်ပြပါရှိလေသည်။ မန်နရစ်ရောက်ရှိစဉ်က နိုင်ငံကိုအုပ်ချုပ်သော ရခိုင်ဘုရင် သီရိသုဓမ္မရာဇာသည် ပြည်ပရောင်းဝယ်ရေးကို အလွန်လိုလားခဲ့လေသည်။ ထိုစဉ်က ရခိုင်တို့သည် ပေါ်တူဂီ၊ ဒတ်ချ်၊ အိန္ဒိယ၊ ဘင်္ဂလား၊ သီဟိုဠ်စသည့်နိုင်ငံများနှင့် ကုန်သွယ်ခဲ့ကြလေသည်။

ထိုသို့လျှင် ကုန်သွယ်ရန်အလို့ငှာ ရခိုင်မြို့တော် မြောက်ဦးသို့ ဝင်ထွက်သွားလာကြသော လှေသင်္ဘောများကို ဦးရာဇ်တော်စေတီခြေရင်းရှိ ဂစ္ဆပနဒီကမ်းခြေတွင် အကောက်စခန်းဖွင့်၍ အခွန်ကောက်ခံခဲ့ခြင်းဖြစ်ပေမည်။ ဦးရာဇ်တော်စေတီတည်ရှိရာ သေလဝိဠ်ပဗ္ဗတတောင်၏ဝန်းကျင်သည် ပင်လယ်နှင့်နီးရုံသာမက ကုလားတန်မြစ်၊ လေးမြို့မြစ်နှင့် မယူမြစ်တို့မှ ပို့ချလိုက်သော နုန်းတင်မြေနုများကြောင့် မြေဆီ မြေဩဇာထက်သန်သဖြင့် ဆန်စပါးကောင်းစွာထွက်ရှိရသာ ဒေသလည်းဖြစ်ပေသည်။ မန်နရစ်၏မှတ်တမ်းတွင် ဦးရာဇ်တော်တောင်အနီး၌ မြောက်မှတောင်သို့ ရှစ်မိုင်ခန့် ရှည်လျားပြီး ပင်လယ်မှ တောင်တန်းများအထိ ခြောက်မိုင်ခန့်ကျယ်ဝန်းသော လယ်ကွင်းပြင်ကြီးရှိကြောင်း ဖော်ပြထားလေသည်။

ပင်လယ်ရေကြောင်းလမ်းပေါ်တွင် ရှိနေသော အဆိုပါ ဦးရာဇ်တော်တောင်ခြေရင်း၌ပင် မြောက်ဦးခေတ်တွင် အလွန်ထင်ရှားခဲ့သော ရခိုင်ရေတပ်မတော် စခန်းချခဲ့လေသည်။ ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်သည် ဦးရာဇ်တော်တောင်ခြေရင်းတွင် ရခိုင်ရေတပ်ဗိုလ်ချုပ်ကြီးကို တွေ့ဆုံခဲ့လေသည်။

ထိုအရပ်တွင် ရခိုင်ရေတပ်ဗိုလ်ချုပ်ကြီးသည် တိုက်လှေအစင်းပေါင်း ငါးရာကျော်ကို ထိန်းသိမ်းကွပ်ကဲလျက်ရှိကြောင်း မန်နရစ်က မှတ်တမ်းတင်ခဲ့လေသည်။ ထိုစဉ်က ရခိုင်ရေတပ်မတော်သည် အလွန်အင်အားကြီးမားခဲ့ပေသည်။ မြောက်ဦးခေတ်တွင် ထင်ရှားခဲ့သော မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)လက်ထက်က ရခိုင်ရေတပ်မှ တိုက်သင်္ဘောများသည် အိန္ဒိယနိုင်ငံအနောက်တောင်ဘက်ရှိ မော်လာဒိုက်ကျွန်းစုအထိပင် လှုပ်ရှားသွားလာခဲ့ကြောင်း ပြင်သစ်ခရီးသည် ပိုင်းရက်က မှတ်တမ်းတင်ခဲ့ဖူးလေသည်။ မင်းရာဇာကြီး၏သားတော် မင်းခမောင်း (အေဒီ ၁၆၁၂-၁၆၂၂)လက်ထက်တွင် ပေါ်တူဂီဗိုလ် ဆီယက်တီယိုဂွန် ဇာလစ်တီဘာအိုသျှည် မြောက်ဦးကိုလုပ်ကြံရန် သင်္ဘောကြီး (၁၅)စီးနှင့် ဂစ္ဆပနဒီကို ဆန်၍အလာ ဦးရာဇ်တော်တောင်အနီးရှိ ရခိုင်ရေတပ်မှ ဆီးကြိုခုခံတိုက်ခိုက်ခြင်းကို ခံခဲ့ရပါသည်။

ရခိုင်တိုက်သင်္ဘောများသည် ဆုတ်ခွာသွားသော ပေါ်တူဂီသင်္ဘောများကို လိုက်လံတိုက်ခိုက်ပြီး စစ်တကောင်းအနီးရှိ သောင်းတီးကျွန်းသို့တိုင်အောင် ဖျက်ဆီးချေမှုန်းခဲ့ပါသည်။ အထက်ပါဖြစ်ရပ်များအရ ရခိုင်သမိုင်းတွင် ဦးရာဇ်တော်တောင်၏ဝန်းကျင်ဒေသ၏ အရေးပါပုံ၊ အချက်အချာကျပုံတို့ကို ကောင်းစွာ မှန်းဆ၍ရနိုင်ပါသည်။

ယင်းသည့်နောက်ပိုင်း ဗြိတိသျှကိုလိုနီခေတ်ရောက်သည့်အခါ ကျောက်စာဝန် ဒေါက်တာဖော်ချမ်မာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ခန့်က ဦးရာဇ်တော်စေတီကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

"ဦးရာဇ်တော်စေတီသည် တောင်ကုန်း၏မြောက်ဘက်အစွန်း၌ တည်ရှိပါသည်။ အဆိုပါ တောင်ကုန်း၏ မြောက်ဘက်၊ အနောက်ဘက်နှင့် အရှေ့ဘက်တို့သည် မက်စောက်၍ ကျောက်သားထူထပ်ပြီး တောင်ဘက်အခြမ်းသည်သာ ပြေလျော၍မြေပြင်နှင့် အလိုက်တသင့် ဆက်စပ်လျက်ရှိနေပါသည်။ စေတီကို စက်ဝိုင်းပုံသဏ္ဍာန်တည်ထားပြီး စေတီအလယ်ဗဟိုတွင် နံရံကပ်လိုက်မုခ်ရုပ်ထွင်းပန်းပုစသည်တို့ကို မတွေ့ရပါ။

စေတီ၏အောက်ခြေသည် လုံးပတ် ၃၈၇ပေရှိပါသည်။ လုံးပတ်၏အမြင့်မှာ ၈ပေရှိပြီး ယင်း၏အထက်တွင်ရှိသော အပိုင်း၌အရစ်များ ပါဝင်လေသည်။ ထိုအရစ်များ၏အရွယ်အစားသည် အထက်သို့ရောက်လေ သေးလေဖြစ်၏။ ဤအရစ်များပါသောအပိုင်း၏ အထက်တွင် ခေါင်းလောင်း (သို့မဟုတ်) ဂဗ္ဘရှိ၏။ ဤအပိုင်းမှ စ၍ အထက်သို့ ရှူးသွားလေသည်။ ထိုသို့ ရှူးသွားသောအပိုင်းသည် အမြင့် ၁၉၀ ပေရှိလေသည်။ ထိပ်ဆုံးပိုင်းရှိ ထီးတော်ထိပ်မှ ခေါင်းမှာ ပျောက်ဆုံးနေလေသည်။ စေတီကို ခေါင်းလောင်း (သို့မဟုတ်) ဂဗ္ဘအပိုင်းမှအစပြု၍ ရွှေချထားလေသည်။ စေတီ၏အောက်ခြေပန္နက်ကို အလျား ၁၀လက်မ၊ အနံ ၆လက်မရှိသော ကျောက်တုံးများဖြင့်လည်းကောင်း၊ အထက်ပိုင်းကိုမူ အုတ်များကို စီ၍လည်းကောင်း၊ တည်ဆောက်ထားပါသည်။ စေတီတစ်ခုလုံးကို အင်္ဂတေဖြင့် မံထားပြီး မှန်စများကို နေရာအနှံ့တွင် ထည့်သွင်းထားပါသည်။

စေတီ၏မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် အုတ်ဖြင့် တည်ထားသော အဆောက်အအုံငယ်နှစ်ခု ရှိနေပါသည်။ အဆိုပါအဆောက်အအုံများ၏ နောက်ကျောသည် စေတီ၏အောက်ခြေနှင့် တစ်ဆက်တည်းဖြစ်ပါသည်။ ခေါင်မိုးနှင့် မျက်နှာကျက်များမှာ ပြင်ညီဖြစ်ပြီး အဆောက်အအုံအတွင်းသို့ဝင်ရန် ချွန်နေသောပေါင်းမိုးသဏ္ဍာန် ဝင်ပေါက်နှစ်ခုရှိပါသည်။ အဆိုပါ ဝင်ပေါက်မှဝင်လာပါက လေးထောင့်ညီခန်းမသို့ ရောက်ရှိပါလိမ့်မည်။ ယင်းခန်းမတွင် အုတ်ခုံငယ်တစ်ခုရှိပြီး ပန်းအစရှိသည် ပူဇော်ပစ္စည်းများကို တွေ့ရပါသည်။ သို့သော် ဆင်းတုကိုမူ မတွေ့ရပါ။ အဆိုပါအဆောက်အအုံ၏ပုံစံမှာ အငယ်စား ဟိန္ဒူဘုရားကျောင်းနှင့် ခပ်ဆင်ဆင်တူပါသည်။

လူသွားစင်္ကြံသည် မြေပြင်ညီအပိုင်းတွင် ရှိနေပြီး ကျောက်ပြားခင်းထားခြင်းမရှိပါ။ စင်္ကြံ၏ပုံစံသည် တစ်ညီတည်းမရှိဘဲ တံတိုင်းကာရံထားခြင်းလည်း မရှိပါ။ အရှေ့ဘက်တွင် သွပ်မိုးဇရပ်တစ်ခုရှိပြီး ယင်း၏အရှေ့ရှိ ကျောက်တိုင်နှစ်ခုကြားတွင် မြန်မာအက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာတိုင်တစ်ခုရှိပါသည်။ ယင်းကျောက်စာသည် ၃ပေ ၇လက်မမြင့်ပြီး မျက်နှာပြင် ၂ပေ ၄လက်မကျယ်ဝန်း၍ ၅လက်မထူပါသည်။ ကျောက်စာ၏အထက်ပိုင်းကို လက်ရာမြောက်စွာ ထုဆစ်ထားပြီး ဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်တိုင်များ၏ထိပ်ပိုင်းများကိုလည်း ကြာပွင့်သဏ္ဍာန်ထုလုပ်ထားပါသည်။

(ကျောက်စာတွင် အလှူရှင် စစ်တွေမြို့ မောလိပ်ရပ်နေ မမြတ်ဦးက ကွယ်လွန်သူ ခင်ပွန်းမောင်ချင်းတောင်အား ရည်စူး၍ ရှူးပီးငွေတစ်သောင်းငါးထောင် အကုန်အကျခံ၍ စေတီတော်ကို ရွှေချလှူဒါန်းကြောင်း ကမ္ဗည်းတင် ရေးထိုးထားပါသည်။)

စေတီ၏အရှေ့မြောက်ထောင့်တွင် သစ်သားဖြင့် ပြုလုပ်ထားသော ဂဠုန်ရုပ်(ဂဠုန်တိုင်)ကို တွေ့ရပါသည်။ ဂဠုန်ရုပ်၏အောက်ခံတွင် သစ်သားရုပ်လေးရုပ်ကို ထွင်းထုထားပါသည်။ အဆိုပါအရုပ်များကို သေသပ်စွာ ထုလုပ်ထာသည်သာမက ရွှေပါချထားလေသည်။ ထိုအရုပ်များ၏ဆံထုံးများ၊ အနားမြစ်များတွင် ရောင်စုံမှန်စများကို ထည့်သွင်းထားလေသည်။

မြောက်ဘက်တွင် ဖြောင့်တန်းသောလှေကားထစ်များရှိပြီး စေတီ၏စကြံ နှင့် တောင်ခြေကို ဆက်သွယ်ထားလေသည်။ ဤလှေကားကို မင်းဖလောင်းကပင် တည်ထားခဲ့ခြင်းဖြစ်လေသည်။ လှေကားထစ်များသည် လေးပေကျယ်ပြီး ဘေးတစ်ဖက်တစ်ချက်စီတွင် တစ်ပေခြောက်လက်မမြင့်သော အုတ်တံတိုင်း ရှိလေသည်။ လှေကားထစ်များကိုလည်း အုတ်ဖြင့်ပင် တည်ဆောက်ထားလေသည်။

စကြံ ၏ တောင်ဘက်ခြမ်းတွင် မြတ်စွာဘုရားဆင်းတုတော်ကို ဖူးတွေ့ရပါသည်။ ဆင်းတု၏ဉာဏ်တော်မှာ လေးပေအမြင့်ရှိပြီး ခြေနှစ်ဖက်ကို တင်ပျဉ်ခွေချိတ်လျက် ထိုင်တော်မူနေသောဟန်ပန်ဖြင့် ထုလုပ်ထားပါသည်။

ဤသည်တို့မှာ ဒေါက်တာဖော်ချမ်မာ ရေးသားတင်ပြချက်ဖြစ်ပါသည်။

သူ၏မှတ်တမ်းတွင်ပင် ယခုအခါ ဦးရာဇ်တော်စေတီသို့ ရခိုင်ပြည်အရပ်ရပ်မှ ဘုရားဖူးများ မပြတ်လာရောက်ဖူးမြော်လျက်ရှိသဖြင့် အထွေထွေပြုပြင်မွမ်းမံမှုများကို အပူတပြင်းဆောင်ရွက်လျက်ရှိသဖြင့် အထွေထွေပြုပြင်မွမ်းမံမှုများကို အပူတပြင်းဆောင်ရွက်နေရသည်ဟု ဆက်လက်ဖော်ပြထားပါသည်။

ရှည်လျားလှစွာသော သမိုင်းကြောင်းကို ဖြတ်သန်းလာသည့် ဦးရာဇ်တော်စေတီသည် ယနေ့ထက်တိုင် အထင်အရှားရှိနေဆဲပင် ဖြစ်ပါသည်။ ထို့အတူ ဦးရာဇ်တော်စေတီကို တည်ထားရာ သေလာဝိဌပဗ္ဗတတောင် ဝန်းကျင်၏ ဦးရာဇ်တော်တောင်၏ အတိတ်ပုံရိပ်များ ထင်ဟပ်၍ ကျန်နေဆဲပင်ဖြစ်ပါသည်။

ထိုနည်းတူစွာ ဦးရာဇ်တော်စေတီနှင့်အတူ အနီးပတ်ဝန်းကျင်ဒေသတစ်ခုလုံးသည် ရခိုင်မြေ၏အရေးပါပြီး အချက်အချာကျနေဆဲပင်ဖြစ်သည်။ ဦးရာဇ်တော်စေတီ၏ မလှမ်းမကမ်းရှိ ဂစ္ဆပနဒီရေပြင်သည်ကား တရွေ့ရွေ့ပြောင်းလဲနေသော အချိန်ကာလနှင့်အတူပင် အမြဲမပြတ်ပင် ရွေ့လျောစီးဆင်းနေဦးမည်သာ ဖြစ်ပေတော့သည်။

**ဒေါက်တာ စောထွန်းအောင်**

**အကိုးအကား**

| | | | |
|---|---|---|---|
| - | ဦးစံသာအောင် | ရခိုင်ဒင်္ဂါးများ |
| - | ဒေါက်တာခင်မောင်ညွန့် | ဒတ်ချ်-ရခိုင်ဆက်ဆံရေး (တက္ကသိုလ်ပညာပဒေသာစာစောင်-၁၉၇၂) |
| - | ဦးလှဒင် | ရတနာရွှေမြေ |
| - | Dr. Forchammer | Arakan |

# သံတွဲမြို့ အံတော်စေတီမှ စန္ဒြသီရိမိဖုရားကျောက်စာ

အရှင်ကောသလ္လ (ဂဝေသီ)

ရခိုင်ဝေသာလီခေတ်၏ယဉ်ကျေးမှုများဖြစ်သည့် ကျောက်စာ၊ အုပ်ချပ်စာ၊ ကြေးနီပြားစာ စသည်တို့ကို ယခုထိတိုင်အောင်ပင် ရခိုင်ပြည်နယ်အနှံ့ တွေ့ရှိနေရပေသည်။

ယင်းဝေသာလီကို အေဒီ လေးရာစုအစပိုင်းမှ အေဒီ ခုနှစ်ရာစု ကုန်သည်အထိ ပထမဝေသာလီခေတ် သို့မဟုတ် ဝေသာလီပထမပိုင်း၊ အေဒီ ရှစ်ရာစုမှ ကိုးရာစု ပထမပိုင်းအထိ ဒုတိယပိုင်းဝေသာလီဟု ရာစုနှစ်ပိုင်း၍ သတ်မှတ်ထားကြလေသည်။

## ရခိုင်ပြည်သုံးစာပေ

ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းစာပေတို့ကို သုတေသနပြုရှာဖွေလိုက်သော် ဓညဝတီခေတ်တွင် မာဂဓ စာပေ (ဗြဟ္မီအက္ခရာ) ဝေသာလီပထမခေတ်တွင် ဂုပ္ပတစာပေ၊ နောက်ပိုင်း ဝေသာလီခေတ်တွင် သက္ကတစာပေ တွေ့ရပြီး ယင်းမှတစ်ဆင့် ရက္ခဝဏ္ဏအက္ခရာစာပေတို့ကို တွေ့ရှိရလေသည်။

## သက်မဲ့သက်သေများ

ဝေသာလီခေတ်အကြောင်းကို ပြန်ပြောင်းပြောပြနေသော သက်မဲ့သက်သေကျောက်စာများကို ဝေသာလီ မြို့တော်ဟောင်းတည်ရှိရာ ရခိုင်မြောက်ပိုင်း၌ တွေ့ရှိရမှုများသော်လည်း ရခိုင်တောင်ပိုင်းတွင် တွေ့ရှိရမှု နည်းပါးလှသည်။ ထိုသို့နည်းပါးရခြင်းမှာ ယဉ်ကျေးမှုနားမလည်သော ပုဂ္ဂိုလ်အချို့နှင့် လေ့လာလိုက်စားမှုနည်းပါးခြင်း၊ ဖော်ထုတ်မှုမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

သံတွဲခရိုင်မှာပင် ယဉ်ကျေးမှုကို တန်ဖိုးထားရကောင်းမှန်း မသိသော လူအချို့ကြောင့် ဖျက်ဆီးခံရသဖြင့် ပျက်စီးသွားသော ကျောက်စာများ အတော်များများ ရှိနေခဲ့သည်။ သို့သော် ရခိုင်တောင်ပိုင်းတွင် ယခုတွေ့ရှိထားပြီးဖြစ်သော ဝေသာလီခေတ်ကျောက်စာများမှာ -

၁။ ကျောက်ဖြူမြို့မှ ရရှိသောကျောက်စာ

၂။ သံတွဲခရိုင်တောင်ကုတ်မြို့မှ ငလုံးမော်ကျောက်စာ

၃။ သံတွဲပြည့်ဝကျောက်စာ

၄။ တောင်ကုတ်မြို့မှ အိုးထိန်းကျောက်စာ

၅။ သံတွဲမြို့ စန္ဒြားစေတီအုပ်ချပ်စာ

၆။ သံတွဲမြို့ အံတော်စေတီမှ စန္ဒြသီရိမိဖုရားကျောက်စာတို့ ဖြစ်ကြပေသည်။

ယင်းကျောက်စာများထဲမှ အံတော်စေတီမှ စန္ဒြသီရိမိဖုရားကျောက်စာတစ်ချပ်ကို တင်ပြလိုပါသည်။

## အံတော်စေတီ စန္ဒြသီရိကျောက်စာ၊ သံတွဲမြို့

ယင်းကျောက်စာကို ၂၀-၁၁-၉၄ နေ့တွင် စေတီတော်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ကြရာ စေတီတော်၏ အနောက်ဘက် အုတ်တံတိုင်းအနီးတွင် အံတော်ကျေးရွာမှ ဦးအေးသန်းမှ တွေ့ရှိခဲ့သည်။ အလျား ၁၆လက်မ၊ အနံ ၁၀လက်မ၊ ထု ၂လက်မရှိပြီး စာကြောင်းရေ ရှစ်ကြောင်းပါရှိ၏။ မူရင်းအက္ခရာကို မင်ကူးပုံတွင် ကြည့်ပါ။

### လက်ငင်းအက္ခရာ

၁။ ယေဓမ္မာ ဟေတုပြဘဝါ
၂။ ဟေတုံတေသံ တထာဂတော တျဝေါ
၃။ ဒတ္တေသဥ္စ ယောနိရောဓော
၄။ ဧဝံ ဝါဒီ မဟာသမဏ
၅။ ဒေဝီသာဝိတာ စန္ဒြသျှီယာနာမ
၆။ ပရမေ ပါသကသျ ဒေယျဓမ္မော
၇။ ယံမသစ္စာ သတ္တာနာမနု
၈။ ကတ္တမ

ရှေးဦးစွာ စာကြောင်းရေ တစ် မှလေးအထ ယေဓမ္မာဂါထာကို သုံးသပ်တင်ပြပါမည်။ ယေဓမ္မာဂါထာမှာ ပါဠိဂါထာ၊ ပါဠိဘာသာဖြစ်၍ သက္ကတအသုံးအနှုန်း ပြနှင့် ဟျဟု ပါဝင်နေသည်။ ပဘဝါကို ပြဘဝါ၊ အာဟကို ဟျဟု သုံးထားခြင်းသာ ရှိလေသည်။ ဝေါဒတ္တေသဥ္စမှာ "ဝဒထတေသဥ္စ"ပင်ဖြစ်၍ အခြားဝေသာလီမြို့ဟောင်း ကျောက်စာနှင့် သံတွဲမြို့ စန္ဒြားစေတီအုပ်ချပ်စာစသော ကျောက်စာများ၌လည်း ဝဒထတေသဥ္စ တွေ့ရှိနိုင်သည်။ ရှေးခေတ်အသုံးအနှုန်းများပင် ဖြစ်ချိမ့်မည်။ ရေးထိုးသူများ၏ ချွတ်ယွင်းမှုလည်း ဖြစ်ကောင်းဖြစ်နိုင်လေသည်။

စာကြောင်းရေ ငါးမှရှစ်အထိ ပါဠိနှင့် သက္ကတရောထွေးသုံးနှုန်းထားကြောင်း တွေ့ရသည်။ ယင်းကျောက်စာအား ခြုံငုံ၍ ကောက်ချက်ချသော် ပါဠိဘာသာတွင် သက္ကတရောနှောရေးထိုးသောကျောက်စာဖြစ်၏။

## ကျောက်စာအဓိပ္ပါယ်

စာကြောင်းရေ ငါးမှရှစ်အထိမှာ "ဤစေတီတော် သည် သာဝိတ စန္ဒြသီရိယ အမည်ရှိသော မိဖုရား၏ ကောင်းမှုအလှူတော်ဖြစ်၏။ မိဖုရားသည် မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံသော ဥပါသိကာမတစ်ယောက်ဖြစ်သည့်အလျောက် သတ္တဝါအပေါင်းတို့သည် အမြတ်ဆုံးသော သစ္စာဉာဏ်ကို ရစေခြင်းအကျိုးငှာ ဓမ္မအလှူတော်ကို ပြုလုပ်လှူဒါန်းပါသတည်း"ဟူ၍ဖြစ်သည်။

## ကျောက်စာရှင်

ကျောက်စာမှာပါရှိသည့်စကားအရ ရခိုင်ဝေသာလီပြည့်ရှင် နီတိစန္ဒြမင်းကြီး၏ ကြင်ယာတော် စန္ဒြသီရိ မိဖုရားဖြစ်၏။ နီတိစန္ဒြမင်းကြီးသည် အေဒီ ၅၂၀မှ ၅၇၀အထိ ဝေသာလီတွင် နန်းစံ၍ ယင်းကာလ အေဒီ ၆ရာစုတွင် ရေးထိုးသည့်ကျောက်စာဖြစ်၏။ ဝေသာလီမြို့ဟောင်း ဥဏ္ဏိုသကတောင်မှ ရရှိသော ယင်းမိဖုရား

ကျောက်စာထက် စာလုံးရေ ၁၃လုံး လျော့နည်းလေသည်။

## သုံးသပ်ချက်

ကျောက်စာတွင် "ပရမေပါ သိကသယ ဒေယျဓမ္မော"မြတ်စွာဘုရား၌ ကြည်ညိုသော ဉပါသိကာမ တစ်ယောက်ဖြစ်ကြောင်း၊ အမြတ်ဆုံးတရားကို ပေးလှူကြောင်း တွေ့ရပြီး "ယံသစ္စာ၊ သတ္တဝါနံ"သတ္တဝါများ သစ္စာဉာဏ်ရရှိစေရန် ရည်သန်ကြောင်း တွေ့ရှိရသဖြင့် ထေရဝါဒ အသုံးအနှုန်းများ ဖြစ်နေလေသည်။

ဓမ္မာစရိယ ဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဝင် အရိယာစာအုပ်များတွင် ရခိုင်ဝေသာလီသာသနာ ခေါင်းစဉ်ဖြင့် ဖော်ပြထားချက်ပါရှိသည်။ ယင်းတွင် နီတိစန္ဒြမင်း မိဖုရားကျောက်စာမှ ယေဓမ္မါဂါထာနှင့် အလှူ မှတ်တမ်းများကို ထောက်ပြ၍ ထေရဝါဒသာသနာပြုမင်းဆက်များ ရှိရမည်ဖြစ်ကြောင်း ရေးသားထားသည်။

ယခု သံတွဲမြို့ အံတော်စေတီမှ နီတိစန္ဒြမင်း၏ မိဖုရား စန္ဒြသီရိ၏ကျောက်စာကိုလည်း ယင်းသို့ပင် ကောက်ချက်ချပေမည်။ သို့ဖြစ်၍ ရခိုင်တောင်ပိုင်း၊ မြောက်ပိုင်း၊ ထေရဝါဒသာသနာပြန့်နှံ့နေကြောင်း သိသာလှပေ သည်။

အေဒီ ၆ရာစုရေးထိုးသော ကျောက်စာဖြစ်၍ ပါဠိဘာသာတွင် သက္ကတများ အတော်အတန် နေရာယူ လာပုံ ပေါ်လွင်သည်။ ထေရဝါဒတောင်ပိုင်းသာသနာ၌ ခရစ်နှစ် လေးရာစုတွင် ပါဠိဘာသာဖြင့် ရေးသားသော သီဟိုဠ်သမိုင်းအဖွင့် "ဒီပဝံသကျမ်း"နှင့် ခရစ်နှစ် ငါးရာစုတွင် ပါဠိဘာသာဖြင့် ရေးသားသည့် သီဟိုဠ်သမိုင်း မဟာဝံသကျမ်းအပြင် ဋီကာများ၊ အလင်္ကာကျမ်းတို့၌ပင်လျှင်၊ သက္ကတအသုံးအနှုန်းများ ပါဝင်လာပြီဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယမြောက်ပိုင်းနှင့် ရခိုင်ဝေသာလီတို့ နိုင်ငံရေး၊ စီးပွားရေး ဆက်နွယ်မှုရှိနေသဖြင့် ထိုမှတစ်ဆင့် ကူးဆက်ပြန့်ပွားလာပုံ ပေါ်လွင်သည်။ သို့ဖြစ်၍ ဉာဝတီခေတ်တွင် သုံးစွဲသည့် မာဂဓ (ဗြဟ္မီ) စာပေမှာ ဝေသာလီ ပထမခေတ်နှောင်းပိုင်းတွင် သက္ကတများ ရောထွေးခဲ့တော့သည်။ ဝေသာလီဒုတိယပိုင်းခေတ်အစတွင် သက္ကတအဖြစ်သို့ ရောက်ရှိခဲ့ပြီး ဝေသာလီဒုတိယခေတ်နှောင်းပိုင်းတွင် ရက္ခဝဏ္ဏစာပေအဖြစ် ပြောင်းလဲရောက်ရှိ ခဲ့လေသည်။

### ဒေသသုံးဘာသာစကား

ဝေသာလီပထမခေတ်နှောင်းပိုင်းတွင် ပါဠိဘာသာ၌ သက္ကတများ အနည်းငယ်ပါဝင်လာခြင်း၊ ဝေသာလီ ဒုတိယခေတ် အစပိုင်းတွင် သက္ကတများ သုံးစွဲလာမှုရှိခဲ့ရာ ယင်းတို့တွင် ဒေသသုံး ဒေသိယဘာသာစကားများ ရောထွေးပါဝင်နေကြောင်း သတိပြုရပေသည်။

ဘာသာဗေဒပညာရှင် ဂျေလေဒန်မှ ရခိုင်ဘာသာစကားသည် အင်ဒိုချိုင်းနားဘာသာစကားထဲ၌ ထိပ်ဆုံး မှပါဝင်ကြောင်း အင်ဒိုင်ချိုင်းနား ဘာသာစကားမျိုးသုံးသော ဒေသများတွင် ပါဠိဘာသာကို ဗဟုသုတပြည့်စုံသည့် စကားအဖြစ် လက်ခံထားကြောင်း၊ အင်ဒိုချိုင်းနား ဘာသာစကားတွင် ပါဠိဝေါဟာရကို များစွာယူသုံးထား ကြောင်း (၁၈၁၁) ခုနှစ်ထုတ် အာရှတိုက်သုတေသနစာစောင်အတွဲ (၁၀)တွင် ဖော်ပြပါရှိကြောင်း သိရသည်။

ယင်းအပြင် ပင်မလာဂတ်မင်က အေဒီ ခြောက်ရာစု ဝေသာလီမင်းတစ်ပါး၏အမိန့်မှတ်တမ်းပါကြေးနီပြားရှိ မင်းနှင့် မယ်တော်တို့၏ အမည်များကို အစီအစဉ်ချပြ၏။

| **မင်းအမည်** | **မယ်တော်အမည်** |
|---|---|
| ဒေဝစန္ဒြ | ကင်(မ) တိုဒေဝီ |
| ယင်ညစန္ဒြ | ကင်(မ)ဒါလ်ဒေဝီ |
| စန္ဒြဗန္ဓု | ဆုကညာဒေဝီ |
| ဘူမိစန္ဒြ | ချောဒေဝီ |
| ဘူတိစန္ဒြန | ကလျာဏဒေဝီ |
| နီတိစန္ဒြ | ကုမ်မာဇိုစ်ဒေဝီ |

ယင်းသို့ အစီအစဉ်ချပြပြီး ဝေသာလီခေတ် အေဒီ ခြောက်ရာစုတွင် ရခိုင်ပြည် အနောက်ပိုင်း တိဗက်မြန်မာစကားပြောဆိုကြကြောင်း၊ သက္ကတအမည်များ မဟုတ်ကြောင်း ဒေသသုံးတိဗက်ဘာသာစကား အသုံးအနှုန်းများသာ ဖြစ်ကြောင်း ထုတ်နှုတ်တင်ပြခဲ့သည်။

ပင်မလာဂတ်မင်တင်ပြမှုမှာ နိုင်ငံခြားသားလေသံနှင့် အသံထွက်၍တင်ပြထားမှုဖြစ်၏။ စာရေးသူက ဝေသာလီကြေးနီပြားရှိ မူရင်းအက္ခရာစာလုံးများကို မြန်မာပြည်သုံး အသံထွက်လေသံဖြင့် ပီပီသသထွက်၍ ဖြည့်စွက်တင်ပြလိုပါသည်။

မင်ကူးကြေးနီပြား မျက်နှာဘက်မှ ဖော်ပြထားသော မူရင်းအက္ခရာတို့နှင့်လည်း တိုက်ဆိုင်၍ ကြည့်ကြစေလိုပါသည်။

ဝေသာလီမင်းတစ်ပါး၏ မြေလှူအမိန့် မှတ်တမ်း ကြေးနီပြား (မျက်နှာဘက်)

| စာကြောင်းရေ | ဘာသာပြန်အက္ခရာ | မြန်မာပြည်သုံးအသံထွက် |
|---|---|---|
| ၂။ | ကိမ္ဘောမဒ္ဒေဝျာ | ကိမ်တောမဒေဝီ |
| ၃။ | ပိမ္ဒလဒ္ဒေဝျာ | ကိမ်ဒလဒေဝီ |
| ၄။ | သုကန္ယာဒေဝျာ | သုကန်ယာဒေဝီ |
| ၅။ | ကျော်ဒေဝျာ | ကျော်ဒေဝီ |
| ၆။ | ကလျာဏဒေဝျာ | ကလျာဏဒေဝီ (ကလယာဏဒေဝီ) |

အထက်ပါဝေသာလီကြေးနီပြား လက်ရေးနှင့် ထပ်တူထပ်မျှတူနေပြီး အိန္ဒိယရှေးဟောင်းသုတေသန မှ အေဒီခြောက်ရာစုဟု ခန့်မှန်းသော ဝေသာလီဒုတိယခေါင်းလောင်း၌. . .

| မူရင်းအက္ခရာ | ဘာသာပြန်အက္ခရာ | အသံထွက် |
|---|---|---|
| ကိမ္ဘာယန္န | ကိမ်အာယန္န | (ကိမ်အာယန်န) |

ကြေးနီပြားနှင့် ခေါင်းလောင်းစာမှာ (ကိမ်) ဟု အသံထွက်တူညီနေသည်ကို တွေ့ရသည်။ ပင်မလာဂတ်မင်မှ (ကင်)ဟု အသံထွက်သော်လည်း စာလုံးအနေအထားနှင့် မြန်မာအသံထွက်မှာ

(ကိမ်)ဟုသာထွက်၍ရသည်။

(ကင်)ဟူသော အနောက်ပိုင်း တိဗက်မြန်မာစကားအရ အိမ်ဟုအဓိပ္ပါယ်ရကြောင်း ကောက်ချက်ချပြ၏။ သို့သော် မြန်မာအသံထွက်မှာ (ကိမ်)ဟုသာ ထွက်၍ရရှိပြီး ဝေသာလီခေတ်တွင် အမျိုးသမီးများ၌ "ကိမ်"ဟု အသုံးအနှုန်းများခဲ့လိမ့်မည်။

(ကိမ်) မှ အိမ်ဖြစ်လာစရာအကြောင်းလည်း များစွာရှိသည်။ ယခုခေတ်တွင် အိမ်စိုးဖြူ မအိမ်သာ၊ မအိမ်စိုး၊ အိမ်ကျော့ဖြူ မအိမ်မြ စသည်ဖြင့် ရခိုင်အမျိုးသမီးများ အမည်မှည့်ခေါ်ကြရာ (ကိမ်)မှ ဆင်းသက်ရွေ့လျောလာသော စကားအသုံးအနှုန်းသာ ဖြစ်ဖွယ်ရာရှိနေသည်။

အာနန္ဒစန္ဒြကျောက်စာတွင် "အာရက္ခဒေသျှ"ဟုပါရှိရာ ယင်းမှ အာရကံ ဖြစ်လာကြောင်း သုတေသီများမှ ယူဆကြရာ နှိုင်းယှဉ်သုံးသပ်ရာ၏။ ထို့အပြင် ငါးပါးနီမှ ငပလီဟု ရွေ့လျားလာပုံ၊ တရက်ကူမှ တရကူရွာဖြစ်လာကြောင်း စသည်ကို သတိပြုဆင်ခြင်ကြရာ၏။

## သတိပြုရမည်အချက်များ

သို့ဖြစ်၍ ဝေသာလီခေတ် စာပေများကို လေ့လာသုံးသပ်လိုသော်

(က) ဝေသာလီပထမခေတ် ဒုတိယခေတ် (ရာစုလိုက်၍)

(ခ) ရခိုင်ပြည်သုံးစာပေ (ခေတ်အလိုက် သုံးစွဲမှုအက္ခရာစာပေ)

(ဂ) ဒေသသုံး ဒေသိယဘာသာစကားအသုံးအနှုန်းများကို သတိပြုရမည်သာ ဖြစ်သည်။

နိဂုံးစကား

ရခိုင်ဝေသာလီ၏ယဉ်ကျေးမှုမှာ နက်ရှိုင်းကျယ်ဝန်းစွာ ရှိနေသေးရာ လက်လှမ်းမီသရွေ့ ဖော်ထုတ်ရမည်သာ ဖြစ်၏။ နိုင်ငံရေး၊ စီးပွားရေးနှင့် ခေတ်ကာလကိုလိုက်၍ စာပေအဆင့်ဆင့် ပြောင်းလဲသုံးစွဲလာသော်လည်း ဘာသာရေးမှာ မပြောင်းလဲဘဲ ထေရဝါဒသာဖြစ်နိုင်ကြောင်း အထောက်အထားများစွာ ရှိနေလေသည်။

မည်သို့ဆိုစေ ထေရဝါဒသာသနာ၏ သစ္စာလေးပါးအနှစ်ချုပ် ယေဓမ္မာဂါထာများကား ရခိုင် တောင်ပိုင်း၊ မြောက်ပိုင်းတွင် ဆက်လက်တွေ့ရှိနေဦးမည်သာ ဖြစ်ပါသတည်း။

**အရှင်ကောသလ္လ (ဂဝေသီ)**

## ရည်ညွှန်း


၁။ အေဒီခြောက်ရာစု ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ၊ ဦးစံသာအောင်

၂။ ရခိုင်တန်ဆောင်ဆောင်းပါးများ ဦးဦးသာထွန်း

၃။ သံတွဲမြို့ရှိ စေတီပုထိုးများသမိုင်း၊ အရှင်ကောသလ္လ (ဂဝေသီ)

၄။ ဗုဒ္ဓသာသနာ (၂၅၀၀) ခရီး၊ မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)

၅။ ဝေသာလီခေတ် ယေဓမ္မာကျောက်စာများ (ရိုက်နှိပ်ဆဲ) အရှင်ကောသလ္လ (ဂဝေသီ)

၆။ ဒေါက်တာစောထွန်းအောင်၏ ဝေသာလီဆိုင်ရာ ဆောင်းပါးများ။

# မြောက်ဦးခေတ် ပညာရှိကြီး သိုက်တတ်လေက်ရုံး၏လျှောက်တင်ချက်များ

ဆရာချစ်

## အခန်း(၁)

ရခိုင်လူမျိုးတို့၏ ထီးနန်းထွန်းကား စည်ပင်ချိန်၊ မြောက်ဦးခေတ် ရွှေရောင်လွှမ်းချိန်ကာလကို သက္ကရာဇ် ၉၆၂-၁၀၀၀) (အေဒီ ၁၆၀၀-၁၆၃၈) ခုနှစ်တိုင် ပညာရှင်များ ဖော်ပြထားရှိသည်ကို တွေ့ရှိရပေသည်။ ယင်းကာလအတွင်း သီရိသုဓမ္မမင်းလက်ထက်တွင် ထင်ပေါ်ကျော်ကြားခဲ့ကြသော စစ်ကွပ်ဆရာတော်နှင့် ရှစ်သောင်းဆရာတော် အရှင်ဂုဏမဉ္ဇူဟူးရားသူကြီးမင်းကျော်၊ လောင်းကြက်စားအမတ်ကြီး ငကုသလနှင့် လေးမြို့စားအမတ်ကြီး ငလေက်ရုံးတို့သည် ထင်ပေါ်ကျော်ကြားခဲ့ကြသော ပညာရှိကြီးများ ဖြစ်ခဲ့ကြလေသည်။ ယင်းပညာရှိကြီးများတို့တွင်လည်း ငလေက်ရုံးပညာရှိအမတ်ကြီးသည်ကား သီရိသုဓမ္မမင်းလက်ထက် နန်းတွင်း အရေးတော်ပုံပေါ်ပေါက်ရာတွင်လည်းကောင်း ယင်းမင်းနောက် နရပတိမင်းလက်ထက်တွင်လည်းကောင်း သိုက်ဇာတ်နမန္တာ၊ ယတြာတရင်း၊ တပေါင်များနှင့် ပတ်သက်၍ အများဆုံး မိမိ၏တတ်မြောက်သောပညာစွမ်းရည်ကို ဖော်ပြခဲ့ပြီး လျှောက်တင်ခဲ့ရသော ဖြေရှင်းလင်းပေးခဲ့ရသော အမတ်ပညာရှိကြီးတစ်ဦး ဖြစ်လေသည်။ သိုက်နိဒါန်း တပေါင်အစရှိသည့် ပညာရပ်များတွင် သူမတူအောင် ပညာစွမ်းရည်ဖြင့် မှန်ကန်တိကျစွာ ဖြေရှင်းပေးနိုင်ခဲ့၍ သိုက်တတ်လေက်ရုံးဟုပင် အမည်တွင်ခဲ့ကြကြောင်း တွေ့ရှိရပေသည်။ ဆရာကြီးသိုက်တတ်လေက်ရုံးသည်ကား သီရိသုဓမ္မမင်း၏ဘိုးတော် မင်းရာဇာကြီး သက္ကရာဇ် ၉၅၅-၉၇၄ (အေဒီ ၁၅၉၃-၁၆၁၂)လက်ထက်တွင် ထင်ပေါ်ကျော်ကြားခဲ့သော အမတ်ပညာရှိကြီး ပညာဝံသ၏သားပင်ဖြစ်၍ ပညာရှိအမတ်မျိုးရိုးအနွယ်ထဲမှ ဆင်းသက်လာခဲ့သူ ဖြစ်လေသည်။ လောင်းကြက်စားအမတ်ကြီး ငကုသလသည်လည်း အင်းအိုင်မန္တာန် သိုက်နိဒါန်း၊ ယတြာပညာများတွင် ကျွမ်းကျင်တတ်မြောက်သူတစ်ဦးဖြစ်၍ မင်းဗာ၏မြစ်တော် ဖြစ်ကြောင်း သိရှိရပေသည်။ သီရိသုဓမ္မမင်း ၉၈၄-၁၀၀၀(အေဒီ ၁၆၂၂-၁၆၃၈)လက်ထက် လောင်းကြက်စား အမတ်ကြီး ငကုသလနှင့် သီရိသုဓမ္မမင်းတို့၏ အတိတ်ကာလဘဝဖြစ်စဉ် အကြောင်းတရား၊ ဘဝကံအကျိုးပေးများမှာ ရာဇဝင်များတွင် ဖော်ပြချက်အရ အလွန်ဆန်းကြယ်လှပေသည်။ နန်းကျဘုရင်ကြီး ဖြစ်ခဲ့ဖူးသော အချိန်ကာလက စိတ္တရနှင့် နာရဒရှင်ငယ်တို့ထံ အသတ်ခံရခါနီးဆဲဆဲတွင် လက်ယာနားမှ ယိုကျသော ဒဏ်ရာသွေးတို့ဖြင့် ဘုရားရုပ်တုပေါ်ပေါင်ပေါ်တွင် လိမ်းကျံ၍ လက်ဝါးစုံကပ်ပြီး သွေးဖြင့်လျှုဒါန်းကာ ကျွန်ုပ်တစ်ဖန် ဤပြည်တွင် မင်းဖြစ်ပါလျှင် အကျွန်ုပ်၏ရန်သူဆွေမျိုး စသောသူတို့ကို သတ်ဖြတ်ရပါမှ ဤသွေးတော်သည် ကြေပျက်ပါစေဟု သစ္စာဓိဋ္ဌာန်ပြုခဲ့သောကြောင့် သီရိသုဓမ္မမင်း၏နန်းတွင်းအရေးတော်ပုံ ပေါ်ပေါက်လာခဲ့ရကြောင်း၊ ထိုဖြစ်စဉ်ဖြစ်ရပ်များသည် ရခိုင်လူမျိုးတို့၏ သမိုင်းဖြစ်စဉ်ကိုပါ ဖောက်ပြန်ပြောင်းလဲရခြင်း၏ နိဒါန်းတစ်ရပ်ပင်ဖြစ်ကြောင်းဖြင့် တွေ့ရှိရပေသည်။ လောင်းကြက်စားအမတ်ကြီး ငကုသလသည် သီရိသုဓမ္မာ ဘုရင်မင်း၏မိဖုရား နတ်ရှင်မယ်နှင့် ချစ်ကြိုးသွယ်ပြီး မင်းကြီးအား သေကြေပျက်စီးစေရန်နှင့် မိမိမင်းပြုလုပ်ရန်အတွက် အင်းအိုင် မန္တာန်စသည် စီရင်ကာ ကျိန်းကျွန်းမင်းပြား ဗူးပင်ရွာမှ ဘာရဲဘကို တန်စိုးလက်ဆောင်ပေး၍ မင်းကြီး၏အင်္ဂါနံ ငစွေကို

ရှာဖွေရန်ဖန်တီးပြီး ငွေစွန့်မိခြင်း၊ အရွှေ့သာခြင်းများ ပြုလုပ်လျက် ယတြာလုပ်ဆောင်လေသည်။ မင်းကြီးအား လည်း အရှင်မင်းကြီးလက်ထက်တွင် ဆင်ဖြူတော်ရောက်လာပါမည်ဟု လျှောက်တင်၍ ရေကန်တူး၍ ဆင်စာ စပါးဟိန်စွကို ချစေလေသည်။ သူငယ်တို့ကိုလည်း ညောင်ပင်ကြီးရင်း ဟိန်းစွချင်း၊ မင်းထီးတို့ရှင်ဘုရင် နန်းရ ဖြစ်လိမ့်မည်ဟု တပေါင်ဖော်၍ သီဆိုစေလေသည်။

## သိုက်တက်လေက်ရုံး ပညာရှိအမတ်ကြီးလျှောက်တင်ချက်

အမတ်ကြီးသိုက်တက်လေက်ရုံးသည် သူငယ်တို့ဆိုသော စကားကိုကြားလေ၍ သီရိသုဓမ္မမင်းအား လျှောက်ထားလေသည်မှာ . . .

အရှင်မင်းကြီး ဟိန်စွသည် အင်္ဂါနံဖြစ်၍ ဟီနဟူသည်မှာ ယုတ်သောအမှုစကားပင် ဖြစ်ပါသည်။ အရှင် မင်းကြီးလည်း အင်္ဂါနံသားဖြစ်၍ အင်္ဂါနံကို ဆင်စီးနိုင်သည်ဖြစ်၍ ဆင်နံဗုဒ္ဓဟူးသား ငကုသလမင်းဖြစ်လိုသော ကြောင့် တပေါင်ဖော်ခြင်းဖြစ်ပါကြောင်း၊ အရှင်မင်းကြီးလည်း နာမကျန်းဖြစ်၍နေသည်မှာ လောင်းကြက်စား ငကုသလ ယတြာမန္တာန်ဆေးဝါး၊ ပယောဂနှင့် ပြုလုပ်ထား၍ဖြစ်နေပါကြောင်း လျှောက်တင်လေသည်။ မင်းကြီး လည်း မယုံကြည်၍ ငါ့ကိုထင်မြင်သိသာအောင် ပြရဦးမည်ဟု လေက်ရုံးအမတ်ကြီးအား အမိန့်ချမှတ်လေသည်။

## သိုက်တတ်လေက်ရုံး တရင်းနာစေ၍ လျှောက်ထားခြင်း

သိုက်တတ်လေက်ရုံးသည် မင်းကြီးမယုံလျှင် ငါထင်ရှားအောင် ပြဦးအံ့ဟုကြံ၍ လူတစ်ယောက်အား မြို့တွင်း မြို့ပြင် တရင်းနာချေဟု စေလွှတ်လိုက်ရာ တရင်းနာသူ ကြားခဲ့ရသော တြင်းသံတို့မှာ. . .

| | |
|---|---|
| ပထမတြင်းသံ ။ | မင်းဟရီမှောက်မှား အလားလား၊ ဟရီလည်းသေ ပြည်လည်းကြေ |
| ဒုတိယတြင်းသံ ။ | ကျွန်နှင့်မတန် မင်းဖြစ်ကြံသည် အမှန်တန်တန် ခုနှစ်လတွင် မင်းဖြစ်အံ့ |
| တတိယတြင်းသံ ။ | ဖွတ်ကမီးကျောင်းဖြစ်လျှင် ချောင်းမြောင်းမခံသာ၊ ကျွန်ကသူကောင်းဖြစ်လျှင် တိုင်းပြည် မစည်ရာ |

ဟူသော တြင်းသံသုံးချက်ကို ကြားခဲ့ရ၍၊ တြင်းသုံးရပ်အရ လေက်ရုံးအမတ် လျှောက်ထားသည်မှာ အရှင်မင်းကြီး အမည်တော်သည် မင်းဟရီဖြစ်ပါသည်။ အရှင်မင်းလည်း သေလျှင် တိုင်းပြည်လည်း ကြေပျက်ရ လိမ့်မည်။ ကျွန်က သူကောင်းဖြစ်မည်မှာ ငကုသလဆင်မင်းနံဖြစ်ပါသည်။ ငကုသလလက်ထက် နိုင်ငံသူ နိုင်ငံ သားတို့ မီးကဲ့သို့ ပူပါမည်ဟု လျှောက်ထားလေသည်။ ဘုရင်မင်းလည်း မိဖုရားနတ်သျှင်မယ် လှည့်ဖြားလျှောက် ထား၍ နေမြဲအတိုင်း နေတော်မူသည်။

## မင်းကြီး အမေးရှိ၍ သိုက်တတ်လေက်ရုံးနှင့် ဟူးရားသူကြီးမင်းကျော်တို့ လျှောက်ထားခြင်း

တစ်ရံသောအခါ၌ သိုက်တတ်လေက်ရုံးနှင့် ဟူးရာသူကြီးမင်းကျော်တို့ကို ခေါ်၍ မင်းကြီးမေးတော်မူသည်မှာ ငါ၏အနွယ်တော် အဘယ်သူအဆက်တွင် ပြတ်မည်နည်း။ အဘယ်သူလျှင် အဘယ်အရပ်က အဘယ်ရက်သား ဖြစ်လတ္တံ့မည်နည်းဟု မေးတော်မူလေသည်။ အရှင်မင်းကြီးအနွယ်တော်သည် စနေသားလက်ထက်တွင် ပြတ်ပါ

မည်။ တောင်အရပ်က ဗုဒ္ဓဟူးသား ဖြစ်ပါလိမ့်မည်ဟု သိုက်တတ်လေက်ရုံးနှင့် ဟူးရာသူကြီးမင်းကျော်တို့ လျှောက်ထားကြလေသည်။ မင်းကြီးက ငါ၏လက်ထက်တွင် ဖြစ်လတ္တံ့လောဟု အမေးရှိလေရာ၊ အရှင်မင်းကြီး၏ လက်ထက်တွင်မဖြစ်သေး၊ သားတော်မင်းစနေလက်ထက်တွင် ဖြစ်ပါမည်ဟု လျှောက်ကြလေသည်။ မင်းကြီးလည်း ဟယ် သိုက်တတ်လေက်ရုံး ငါ၏အနွယ်တော်ပြတ်လျှင် အဘယ်အနွယ်က အဘယ်ရက်သား ဖြစ်လတ္တံ့နည်းဟု မေးတော်မူလေရာ သိုက်တတ်လေက်ရုံးလည်း အရှင်မင်းကြီး အနွယ်တော်ကို ကျွန်မျိုး ဗုဒ္ဓဟူးသား ဖြတ်လတ္တံ့ သည့်အကြောင်းကို ငှက်တွင် ငှက်ပုတ် ငှက်ခေါင်ပုတ်ကို ငှက်များ ခြံရံပြုလိမ့်မည်။ လူတွင် လူယုတ် လူစက်ဆုတ် ကို လူများရိုသေပြုလိမ့်မည်ဟု သိုက်ကျမ်းလာကြောင်းနှင့် လျှောက်ပြီးလျှင် . . . အရှင်မင်းကြီး အနွယ်တော်ကို ဖြတ်လတ္တံ့သော မင်းတို့၏ ရက်စဉ်တို့မှာ စနေသားကို ဗုဒ္ဓဟူးသား ဖြတ်လိမ့်မည်။ ဗုဒ္ဓဟူးသားကို စနေသား ၊ စနေသားကို တနင်္လာ၊ တနင်္လာသားကို သောကြာ၊ သောကြာသားကို ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးသားကို စနေ၊ စနေသားကို အင်္ဂါ၊ အင်္ဂါသားကို ကြာသပတေး၊ ကြာသပတေးသားကို တနင်္လာ၊ တနင်္လာသားကို စနေ၊ စနေသားကို ရာဟုသား ဖြတ်ပါလိမ့်မည်။ တစ်ရာ့ရှစ်ဆယ်တိုင်ပြီးမှသာ စနေသားတစ်ယောက် ဖြစ်လိမ့်မည်ဟု လျှောက်တင်လေရာ မင်းကြီးလည်း ဆိတ်ဆိတ်နေလေ၏။ ထိုနောက် ဟူးရားသူကြီး မင်းကျော် ကွယ်လွန်သဖြင့် သိုက်တက်လေက်ရုံး တစ်ဦးတည်းသာ ဘုရင်နှင့် တိုင်ပင်ဖော်တိုင်ပင်ဖက်ရလေသည်ဟူ၏။

လောင်းကြက်စား ငကုသလလည်း မိဖုရားနှင့် သင့်မြတ်ချစ်ကြိုးသွယ်ပြီး မိမိမင်းဖြစ်ရန် အင်းအိုင်မန္တာန် အမျိုးမျိုး ကို စီရင်လေသည်။ မိမိနံ ဗုဒ္ဓဟူးသားပေါ်စေရန် ဆင်အိုးကို မင်းအား ပြုလုပ်စေ၏။ ဆင်ဝင်သောအခါ ရေအိုင် ဝယ် ကစားနိုင်အောင် ကန်တူးစေသည်။ ကျောက်စာတိုင်၌ ဘီလူးရုပ်၊ နတ်ရုပ်ထုလုပ်စေသည်။ ကန်လေးထောင့် တွင် စိုက်စေ၍ ဆင်ကိုလည်း နယုန်လတွင် ဆင်းစေသည်။ ဝင်သောအခါ ဆင်စားရန်အတွက် ဟိန်းစောစပါး ခင်းကို ကန်၏မြောက်ဘက်က စိုက်ပျိုးစေသည်။ ဘုရင်မင်းလည်း မိဖုရားဖြားယောင်းလှည့်ပတ်၍ဆိုတိုင်း ပြုလုပ် စေခဲ့သည်။

## လေက်ရုံးနှင့် စစ်ကွပ်ဆရာတို့ သိုက်စာပြု၍ လျှောက်ထားခြင်း

လေက်ရုံးနှင့် စစ်ကွပ်ဆရာတော်တို့သည် ထိုအချိန်အခါတွင် သိုက်ကျမ်းစာကိုပြု၍ လေက်ရုံးလျှောက်တင် သည်မှာ အရှင်မင်းကြီး သိုက်ကျမ်းစာတွင် နဂါးအနွယ်အကယ် ကိုးဆက်မြောက်ဦးတွင် ဖြစ်လိမ့်မည်။ အဆုံး နဂါးတိုင်လေငြား နဂါးအနွယ်ပြတ်လိမ့်မည်။ ဆန္ဒန်တောင်သို့ နဂါးမျိုးကို ဖြတ်လိမ့်မည်ဟု သိုက်စာတွင် ရှိပါ၍ ဗုဒ္ဓဟူးသား ဘိုးတော်လောင်းကြက်စား ငကုသလသည် အနွယ်တော်ကို ဖြတ်ပါလိမ့်မည်. . . အရှင်မင်းကြီး သတိထား၍ စဉ်းစားတော်မူပါ၊ အရှင်မင်းကြီး မနာယူ မပြုလုပ်လျှင် အကျွန်ုပ်လည်း တစ်ပြည်တစ်ရွာသို့ ပြေးရ ပါမည်သာ။ သိကြားမင်းကဲ့သို့သော စည်းစိမ်ကိုသာ ခံစား၍မနေပါနှင့်။ မယုံလျှင် ကျောက်ဆိပ်နတ်ရုပ်၊ စောရွှေ ပန်းနတ်၊ ကျောက်ဖီလာတွင် သတင်းနာပါလေဟု လျှောက်တင်လေသည်။

## သီရိသုဓမ္မမင်း သတင်း(တြင်း)နာစေခြင်း

သီရိသုဓမ္မမင်းလည်း၊ နန်းရှင်လုလင်ထောင်စားနှင့် ဘုန်းတော်စားတို့ကို တြင်းနာစေသော် ကျောက်ဆိတ် နတ်ရုပ်သည် မင်းဟရီကို ပြည်စောင့်ထားသည်။ ဟရိလည်းသေ-ပြည်လည်းကြေဟု ငိုသံကြားခဲ့၏။ စောရွှေပန်း နတ်တွင် တြင်းနာသော် စောရွှေပန်းနတ်လည်း ကျွန်ကလူးသည် အကယ်တန်တန် တစ်ထောင့်စေ့တွင် မင်းဖြစ်လတ္တံ့၊ ဟူ၍ ဆိုသံကြားခဲ့၏။ ကျောက်ဖီလာတွင် တြင်းနာသော်-ဖွတ်ကမီးကျောင်းဖြစ် ချောင်းမြောင်း

မချမ်းသာ၊ ကျွန်က သူကောင်းဖြစ် ပြည်ရွာမချမ်းသာ၊ ဟူသောသတင်း(တြင်း) ကို ကြားခဲ့ရ၍ ကြားခဲ့သည့်အတိုင်း နားတော်လျှောက်လေသည်။ မင်းကြီးလည်း လန့်၍ သိုက်တတ်ငလက်ရုံးကို ခေါ်၍မေးတော်မူလေသည်။

## သိုက်တတ်ငလက်ရုံးလျှောက်ထားချက်

သိုက်တတ်ငလက်ရုံးလည်း အရှင်မင်းကြီး ကျောက်ဆိတ်နတ်ရုပ်ငိုသည်အလိုမှာ- အရှင်မင်းကြီး ပျက်စီးသောအကြောင်း၊ စောရွှေပန်းနတ်ဆိုသောသတင်းမှာ ကျွန်ကမင်းဖြစ်လျှင် ပြည်ရွာ မချမ်းသာ၊ ပျက်စီးသိမ်ဖျင်းခြင်း၏အကြောင်း ဖြစ်ပါသည်ဟုလျှောက်ထားလေ၏။ မင်းကြီးလည်း ဆိတ်ဆိတ်နေ၍ သိုက်တတ်ငလက်ရုံးကို သိုက်ဓာတ်ကျမ်းခန်းတို့နှင့် တွက်ချက်၍ကြည့်ပါဟု မိန့်တော်မူ၏။ ငလက်ရုံးလည်း ဓာတ်ကိန်းခန်းသိုက်တို့ဖြင့် တွက်ချက်ကြည့်ရှုရာ . . .

သကြိစ်တစ်ထောင့်စေ့တွင် တောင်ဘက်အရပ်က ဗုဒ္ဓဟူးသား အနွယ်ဆယ့်တစ်ဆက် မင်းတို့ဖြစ်လိမ့်မည်။ ပြည်ရွာပျက်လိမ့်မည်ဟု လျှောက်တင်ရာ မင်းကြီးလည်း ဆိတ်ဆိတ်နေလေ၏။

သိုက်တတ်ငလက်ရုံးသည် ခေါသုံးဆယ်တွင် ပန်းဖွာသုံးဆယ်နှင့် လောင်းကြက်စားအိမ်တွင် ယတြာကို ပတြာပြုမည်အကြံဖြင့် ငစွေဟူသောပတ္တရာကို ဆိုလေသည်ဟူ၏။ ယင်းနောက် သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်းလက်ထက် လာရောက်သီတင်းသုံးနေထိုင်ကြသော ပရက္ကမကျောင်းတိုက်မှ သိုက်စာဆက်သသော ရခိုင်စစ်ကွပ်ဆရာတော်ကြီးအား အိမ်သို့ပင့်ဖိတ်၍ ငကုသလသည် အကြံဉာဏ်ကူညီပေးရန် တောင်းခံလေသည်။ စစ်ကွပ်ဘုန်းကြီးလည်း သင်မင်းဖြစ်လျှင် ပြည်ပျက်လိမ့်မည်။ သင့်အနွယ်ကား ဆယ့်တစ်ဆက်ဖြစ်လိမ့်မည်ဟုဆို၏။

လောင်းကြက်စား ငကုသလလည်း စစ်ကွပ်ဘုန်းကြီးအား ဆင်အိုးပြီး၍ ဆင်တို့ဝင်လာလျှင် ဆင်စာသည် အဘယ်ကိုပေးရမည်နည်းဟု မေးလျှောက်ရာ ဆင်စာစပါး ဟိန်စောကို နတ်သားကန်မြောက်ဘက်က ကြပြီးသော် အရှေ့တံခါးက ထွက်လတ်လျှင် တြင်းတစ်ခု ကြားလိမ့်မည်။ ယင်းတြင်းသံအတိုင်းပင် သင်မင်းဖြစ်လိမ့်မည်ဟု အကြံပေးလေ၏။ လောင်းကြက်စားသည် ထိုနေ့ပင်လျှင် ဆင်စာစပါးကို ကြလေ၏။ စပါးကြ၍လာလတ်လျှင် စစ်ကွပ်ဆရာတော်ဆိုသည့်အတိုင်း အရှေ့တံခါးဝတွင်ရပ်၍ တြင်းနာသော် သူငယ်တို့ဆိုသော တြင်းသံကား တောင်ပြိန်းပြိန်းပြောင်း ဝန်လေးကောင်း၊ ကန်ပေါင်း ကန်ရင်း ဟိန်စောခင်း နှင်းအကယ်လုပ် အကြံထုတ်၍ လက်လုပ်ဟန်လို ထိုသူအိုနှင့် ဝါဆိုလတွင် စမ်းကြမည်ဆိုသော တြင်းစကားကို လက်ဝဲဘက်က ကြားခဲ့၍ စစ်ကွပ်ဆရာတော်အား အကြောင်းကို ဤစကားအတိုင်းဖြစ်သော် မချွတ်မင်းဖြစ်လတ်မည်ဟု မိန့်လေသည်။ လောင်းကြက်စားလည်း ဒင်္ဂါးငါးရာယူလျက် လက်ထောင့်ကြားတွင် ထည့်ပေးလိုက်လေသည်။

လောင်းကြက်စားငကုသလသည် ငစည်အခြင်းအရာကို ဆို၍သီဆိုကစေသောအခါ တခါမျှမကြားဖူးသောကြောင့် ပြည်သူပြည်သားများသည် လက်ဆုတ်တဖြောက်ဖြောက်နှင့် တီးလျက်ဆိုကြကုန်လေ၏။ ထိုငစည်အခြင်းအရာကခြင်းမှာ ယခုတိုင် သီးခြားစာတစ်စောင် ပေတစ်စောင်အဖြစ်ဖြင့် လူသိများနေဆဲပင်ဖြစ်သည်။

## သိုက်တတ်ငလက်ရုံး ထပ်မံလျှောက်တင်ခြင်း

ငစည်အခြင်းအရာကို သိုက်တတ်ငလက်ရုံးအမတ်ကြီး ကြားလေလျှင် သီရိသုဓမ္မာဘုရင်အား တစ်ဖန်လျှောက်ထားလေသည်မှာ- အရှင်မင်းကြီး ဘိုးတော်ငကုသလ လောင်းကြက်စားသည် ဘိုးတော်ကိုယ်ရုံကြီးငလုံးတင် ကွယ်လွန်တော်မူလေလျှင် အထူးထူးသောယတြာကို ကြံဆ၍ စီစဥ်ပြုလုပ်နေပါသည်။ အရှင်မင်းကြီးမသိလေသလော၊ ပြည်စည်းစိမ်ကိုသာ ခံစားနေပါသည် အရှင်မင်းကြီး အနွယ်ပြတ်ပါလိမ့်မည်။ တိုင်းပြည်အလွန်နစ်နာ ပျက်စီးပါမည်။ ယခုအခါ အရှင်မင်းကြီး အင်္ဂါနံကို နင်း၍ ငစည်ခြင်းဆိုပါသည်။ အရှင်မင်းကြီးနာခံတော်မမူပါနှင့်ဟု လျှောက်တင်လေသည်။ လောင်းကြက်စား ငကုသလလည်း ငစည်ခြင်းနှစ်သားအား ခေါ်၍ ငွေပေးနှုတ်ပိတ်ပြီး ငါမနက်စောစော မင်းအိမ်သို့တက်မည်၊ သင်သည်ဆည်းဝတွင် လေ့ရုံး၍ ငစည်အခြင်းအရာကို ပြ၍ နေနှင့်လေဟု မှာကြားပြီး မနက်စောစော မင်းအိမ်သို့ တက်လေ၏။

ဧည်ဆရာလည်း ဆည်းဝလေ့ရုံးတွင် မှာထားသည့်အတိုင်း ဧည်အခြင်းအရာကို ပြ၍နေလေသည်။ လောင်းကြက်စား ငကုသလသည် မင်းအိမ်သို့တက်၍ ဘုရင်မင်းအား မိမိတစ်သက်တာဘဝတွင် တစ်ခါမျှမကြုံခဲ့ရဖူးသော ထူးဆန်းအံ့သြဖွယ်ကောင်း၍ ပြည်သူများက ချီးမွမ်းကြသော ဧည်အခြင်းအရာပြပွဲကို ကြည့်ရှုစားတော်မူပါရန် လျှောက်တင်လိုက်လေသည်။ ယင်းသို့လျှောက်တင်ချိန်တွင် ရှစ်သောင်းဆရာတော် အသျှင်ဂုဏမဥ္ဇူနှင့် သိုက်တတ်ငလက်ရုံးတို့လည်း ရှိနေကြလေရာ ရှစ်သောင်းဘုန်းတော်ကြီးက ဤဧည်စကားကို မင်းကြီးကြားက ခုနစ်ရက်အတွင်း မင်းကြီးပျက်စီးအံ့ဟု မိန့်တော်မူလေသည်။

သိုက်တတ်ငလက်ရုံးကလည်း အရှင်မင်းကြီး ဆရာတော် ဘုရားမိန့်သည့်အတိုင်း မှန်ကောင်းမှန်မည်ထင်ပါ၏ဟုလျှောက်တင်လေသည်။ မင်းကြီးလည်း ရှစ်သောင်းဆရာတော်ဘုရားနှင့် ငလက်ရုံးစကားတို့ကို အလေးမထားဘဲ မိဖုရားနတ်သျှင်မယ် ပရိယာယ်မာယာဖြင့် လှည့်ပတ်ဖြားယောင်းမှု တဏှာကျော့ကွင်းကို ရှောင်လွှဲမရသဖြင့် နန်းရင်ပြင်ပေါ်သို့ သွင်းစေပြီးလျှင် မြေပြင်တလင်း၌ မိဖုရားနတ်သျှင်မယ်နှင့်တကွ မောင်းမမိဿံတို့နှင့်အတူထွက်၍ ဧည်အခြင်းအရာပြပွဲကို ကြည့်ရှုတော်မူလေသည်။

ထိုဧည်အခြင်းအရာကို မြင်ကြား၍ သီရိသုဓမ္မာမင်းကြီးသည် သကြစ်တစ်ထောင်ပြည့် နယုန်လဆုတ်နှစ်ရက် တနင်္လာနေ့တွင် လွန်တော်မူလေသည်။ သီရိသုဓမ္မာမင်းလက်ထက် နန်းတွင်းအရေးတော်ပုံ ပေါ်ပေါက်ခဲ့ရာ ပညာရှိကြီး သိုက်တတ်ငလက်ရုံးသည်ကား မိမိ၏ပညာစွမ်းဖြင့် တိုင်းသူပြည်သားဘက်မှ ရပ်တည်၍ ဟုတ်တိုင်းမှန်ရာကို လျှောက်တင်ခဲ့ဖူးသော ပညာရှိကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရှိရသည်သာမက နရပတိမင်း (ငကုသလ) လက်ထက်တွင်လည်း သိုက်ဓာတ်နိဒါန်း တပေါင်စသည်တို့နှင့်ပတ်သက်၍ တိုင်းရေးပြည်ရွာတို့ကို လျှောက်တင်ခဲ့ရသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ကြောင်း သိရှိရလေသည်။

ဆရာကြီးသိုက်တတ်ငလက်ရုံး၏ တိုင်းရေးပြည်ရွာနှင့် ပတ်သက်၍လျှောက်တင်ချက်များသည် မင်းခြောက်ဆက်တိုင်အောင် အမှုထမ်းရွက်ခဲ့ရသော အမတ်ကြီး မဟာပညာကျော်၏ တရားရေးရာ အဆုံးအဖြတ်လျှောက်ထုံးကဲ့သို့ မဟုတ်ငြားသော်လည်း တိုင်းရေးပြည်ရွာ အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးလုံးအတွက် အလွန်အဖိုးတန် မှတ်သားဖွယ်ရာကောင်းသော လောကီပညာရပ်တစ်မျိုးပင်ဖြစ်ကြောင်း သံသယယုံမှားရှိဖွယ်ရာ မလိုပေ။

ယနေ့တိုင်အောင်ပင် ငလက်ရုံးသစ်၊ ငလက်ရုံးရာဇဝင်ဟူ၍ ထင်ရှားကျော်ကြားနေဆဲပင် ဖြစ်၏။ နက်နဲကျယ်ဝန်းသော ပညာရပ်တစ်မျိုးလည်းဖြစ်သဖြင့် ယခုခေတ်ပညာရှိတို့လည်း သိမြင်နိုင်ရန် ခက်ခဲလှပေသည်။ သို့အတွက် ဆရာကြီးသိုက်တတ်ငလက်ရုံး၏ ပညာစွမ်းရည်ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ဗဟုသုတဖြစ်ကြစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ရာဇဝင်သိုက်နိဒါန်း စသည်တို့မှ ထုတ်နုတ်ရေးသားလိုက်ရပေသည်။ နရပတိမင်း(ငကုသလ) လက်ထက် ဆရာကြီး သိုက်တတ်ငလက်ရုံး၏ သိုက်နိဒါန်းလျှောက်တင်ချက်များကို အခန်း (၂)အနေဖြင့် အမှတ် (၅) ဦးရာဇ်မြေမဂ္ဂဇင်းတွင် ဆက်လက်ရှုစားတော်မူကြစေလိုပါကြောင်းဖြင့် နိဂုံးချုပ်လိုက်ရပေသတည်း။

**ဆရာချစ် (စစ်တွေ)**

**၂၃-၁၁-၁၉၉၄**

၃၄
# ရခိုင်ဝါးတောနှင့် အလားအလာ

ရွှေဒံ

ဦးရာဇ်မြေမဂ္ဂဇင်းကော်မတီဥက္ကဋ္ဌက စာမူတစ်စောင်ပေးပါရန် မေတ္တာရပ်ခံချက်ကို အကြောင်းပြု၍ ကျွန်တော်စဉ်းစားရင်း မြောက်ဦးခေတ် သီရိသုဓမ္မရာဇာမင်းလက်ထက် ပေါ်တူဂီဘုန်းတော်ကြီး၏ ရခိုင်ခရီးစဉ်မှတ်တမ်းကို သွားသတိရပါတယ်။ မှတ်တမ်းအရဆိုပါလျှင် ထိုစဉ်က ပုဏ္ဏားကျွန်း (ဦးရာဇ်မြေ)နေရာဟာ ရခိုင်ရေတပ်မတော်စခန်းကြီးတစ်ခုဖြစ်ပြီး မြောက်ဦးခေတ် ဘုရင်ငယ်တစ်ပါး နန်းစိုက်ရာနေရာလည်း ဖြစ်၍ စည်ကားရာနေရာတစ်ခုဖြစ်ကြောင်း သတိရစေပါတယ်။

ပုဏ္ဏားကျွန်းသည် ဆိုခဲ့သည့်အတိုင်း ရှေးခေတ်ဘုရင်ခေတ်ကပင် ရှိခဲ့ပါသည်။ ပုဏ္ဏားကျွန်းဟုခေါ်ခြင်းမှာ ယင်းအရပ်၌ မြတ်စွာဘုရားအလောင်းတော်သည် ပုဏ္ဏားဘဝဖြင့်လည်းကောင်း၊ ရခိုင်ဘုရင်ခေတ်၌ ပုဏ္ဏားများနေထိုင်ခဲ့၍လည်းကောင်း၊ ခေါ်တွင်ခြင်းဖြစ်သည်။ လက်ရှိပုဏ္ဏားကျွန်းမြို့ကို ဗြိတိသျှတို့သည် ၁၉၀၅ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် တည်ထောင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးကို ရခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရသည် မိမိနိုင်ငံကို စက်မှုနိုင်ငံထူထောင်ရန်အတွက် စိုင်းပြင်းခဲ့ပါသည်။ စီမံကိန်းအမျိုးမျိုးကိုလည်း ချမှတ်ခဲ့ပါသည်။ စက်မှုနိုင်ငံထူထောင်ရန်အတွက် လေ့လာရာ၌ ရခိုင်တိုင်း(ယခု ရခိုင်ပြည်နယ်)တွင်လည်း စက်ရုံများထူထောင်ရန် ကြိုးပမ်းလေ့လာခဲ့ကြောင်း တွေ့ရပါသည်။ စိုင်းတင်၊ ကုလားတန်၊ လေးမြို့နှင့် အမ်းဒေသတစ်ဝိုက်တွင် သဘာဝအလျောက် ပေါများလှသော ဝါးတောများ၊ ကျောက်ဖြူဒေသရှိ ပင်လယ်ဆား၊ ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်ဒေသရှိ ထုံးကျောက်။ ကျောက်တော်၊ ဘူးသီးတောင်၊ ရသေ့တောင်၊ တောင်တောဒေသတွင် စမ်းသပ်စိုက်ပျိုး၍ အထူးအောင်မြင်ခဲ့သော ဂုန်လျှော်၊ စစ်တွေ၊ ပုဏ္ဏားကျွန်းဒေသရှိ သဘာဝရွှံ့စေးမြေ စသည့်အခြေခံ သယံဇာတပစ္စည်းများကို အသုံးပြု၍ စက်မှုလုပ်ငန်းများထူထောင်ပြီး စက်ရုံကြီးများ တည်ဆောက်ရန် လေ့လာ ခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၅၃ခုနှစ်တွင် လေ့လာအစီရင်ခံထားသော “ကေတီအေ”အစီရင်ခံစာအရဆိုပါလျှင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်မြို့နယ် စိုင်းတင်ဒေသတို့ကို အခြေခံ၍ စက်မှုဒေသထူထောင်ရန် စီမံကိန်း များ ချမှတ်ခဲ့သည်ကို တွေ့ရပါသည်။ တည်ဆောက်ရန် မရည်ရွယ်ခဲ့သော စက်ရုံများမှာ (၁) ဝါးပျော့ဖတ်စက်နှင့် စက္ကူစက်ရုံ (၂) ဂုန်နီအိတ်စက်ရုံ (၃) အုတ်နှင့်အုတ်ကျွတ်အမိုးပြားစက်ရုံ (၄) ကာဘိုက်နှင့် အခြားဓာတုဗေဒထုတ်လုပ်မည့် စက်ရုံ(၅)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စသည်တို့ဖြစ်ပါသည်။ စက်မှုနယ်မြေတည်ဆောက်ရေးအတွက် အခြေခံအရေးကြီးသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စိုင်းတင်ရေတံခွန်အနီးတွင် တည်ဆောက်ရန် ရည်ရွယ်ခဲ့ပါသည်။ စစ်တွေမြို့နှင့် (၅၀)မိုင်ခန့် ဝေးကွာ၍ ဘူးသီးတောင်မြို့နှင့် (၁၀)မိုင်ခန့် ကွာဝေးပါသည်။ စိုင်းတင်ရေခံနယ်တွင် ရေလှောင်ကန်ဆည်ကြီး တည်ဆောက်၍ ရေအားလျှပ်စစ်ဓာတ်အားကို ရယူရန်ပင်ဖြစ်ပါသည်။ စစ်တွေနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် မဟာဓာတ်အားပေးလိုင်းကြီးများဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေသွားရန် ဖြစ်ပါသည်။ ဓာတ်အားခန့်မှန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးနိုင်

ရန် မျှော်မှန်းခဲ့ပါသည်။ ရေအားလျှပ်စစ်ဓာတ်အားပေးရေးအတွက် (၇၀)ပေမြင့်သော စိုင်းတင်ရေတံခွန်နှင့် စိုင်းတင်တောင်ပေါ်ရှိ(၃၅)မိုင်ခန့်ရှည်လျားပြီး ကျယ်ပြန့်သော ရေခံနယ်မြေကို အသုံးပြု၍ ရေကာတာကြီးများ တည်ဆောက်ပေးခြင်းအားဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်း၊ သီးထပ်-သီးညှပ်စိုက်ပျိုးရေးအတွက် အရေးပါလှသည့် ဆည်ရေသောက်လုပ်ငန်းအတွက်တို့ကိုပါ တစ်ပါတည်း အကျိုးရှိရှိ ဆောင်ရွက်သွားရန်ကိုလည်းကောင်း၊ စစ်တွေနှင့် ရခိုင်တိုင်း (ရခိုင်ပြည်နယ်) မြောက်ပိုင်းဒေသတစ်ဝိုက်တွင် လိုအပ်သောပြည်သူလူထုသောက်သုံးရေ ဖူလုံရေးကိုပါ ဆောင်ရွက်သွားပေးရန်ကိုလည်း ရည်ရွယ်ခဲ့ကြောင်း တွေ့ရပါသည်။ စက်ရုံကြီးများ တည်ဆောက်ခြင်းအားဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများမှ ရရှိသောပျော့ဖတ်၊ စက္ကူ ဓာတုဗေဒပစ္စည်း၊ ဂုန်အိတ်၊ အုတ်ကြွပ်နှင့် အမိုးပြားများကို ပြည်တွင်းဖူလုံရေးအတွက် အသုံးပြုရန်ဖြစ်ပါသည်။ ပိုလျှံသောကုန်ပစ္စည်းများကို နိုင်ငံခြားငွေရရှိရေးအတွက် ပင်လယ်ဆိပ်ကမ်းကောင်းသည့် စစ်တွေဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံခြားသို့တင်ပို့ရောင်းချရန်ကိုလည်း ရည်ရွယ်ခဲ့ပါသည်။ သို့သော် ဤရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပါ၍ ရည်ရွယ်ချက်အထမမြောက်ခဲ့ကြောင်း တွေ့ရပေသည်။

အထက်ပါစီမံကိန်းအရ ပျော့ဖတ်နှင့် စက္ကူစက်ကို တည်ဆောက်ရန်ရွေးချယ်ခဲ့သောနေရာမှာ ပုဏ္ဏားကျွန်းမြို့အထက်နားရှိ ကျောက်ဆိပ်ကျေးရွာတစ်ဝိုက်ကို ရွေးချယ်ရာထားခဲ့ကြောင်း တွေ့ရပါသည်။ ဤနေရာသည် မြစ်ကြောင်းများအရ အချက်အချာကျလှပေသည်။ စိုင်းတင်ဘက်ကသော်လည်းကောင်း၊ ကုလားတန်ဘက်ကသော်လည်းကောင်း၊ ဒလက်မေနှင့် အမ်းဘက်မှသော်လည်းကောင်း ဝါးများကို ဖောင်မျှောယူလာနိုင်သည့်နေရာဖြစ်ပေသည်။

ဤနေရာတွင် အလျဉ်းသင့်လို့ ၁၉၈၁ခုနှစ်က စစ်ဦးစီးတက္ကသိုလ်တွင် ရခိုင်ဝါးတောအကြောင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှူး ဦးစန်းမောင်၏ဆွေးနွေးချက်စာတမ်းမှ ကောက်နှုတ်ချက်အချို့ကို တင်ပြလိုပါသည်။

"ကျွန်တော်တို့တိုင်းပြည်မှာ သစ်တောသယံဇာတ တော်တော်ပေါပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာဆိုရင် ဝါးတောတွေ စတုရန်းမိုင် ၁၂၀၀ခန့်မှန်းရပါတယ်။ ဧကအားဖြင့် ၇၅၀၀၀၀ဧကလောက် ဝါးတောတွေ သန့်သန့်ရှိပါတယ်။ ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံးနှင့် အကြီးအကျယ်ဆုံး ဝါးတောလို့ဆိုပါတယ်။ ဘယ်တိုင်း၊ နိုင်ငံမှာမှ ဒီလောက်ကျယ်တဲ့ဝါးတောမရှိပါဘူး။ စစ်တောင်းစက္ကူစက်ဟာဆိုရင် ဝါးကုန်ကြမ်းကို အခြေပြုပြီး တည်ထားတဲ့စက်ဖြစ်ပါတယ်။ တစ်နေ့စက္ကူ ၄၀တန်ကျော်၊ တစ်နှစ်တန် (၁၂၀၀၀)ကျော်လောက် ထုတ်ပေးနိုင်ပါတယ်။ ရခိုင်ပြည်နယ်ဘက်က ဝါးတောဟာ နှစ်စဉ်ဝါးတန်ချိန် ၁၅သိန်း၊ စက္ကူပျော့ဖတ်အနေနဲ့ တန် (၆၀၀၀၀၀)ရနိုင်တဲ့အတွက် စစ်တောင်းစက္ကူစက်လိုမျိုး စက်လုံး (၄၀-၅၀) စာလောက်တည်နိုင်မယ့် အခြေအနေရှိတဲ့သဘောပါပဲ"။

တစ်ဆက်တည်းမှာပဲ ရခိုင်ဝါးတောနှင့်ပတ်သက်၍ ၁၉၇၇ခု၊ မတ်လ ၂၁ရက်နေ့က စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာထွန်းဆွေးနွေးချက်မှတ်တမ်း ကောက်နှုတ်ချက်ကို ဖော်ပြလိုပါတယ်။

ကျွန်တော်တို့ရဲ့ ရေမြေအနေအထားကိုကြည့်ရင် သစ်တောရဲ့အကျယ်အဝန်းဟာ စတုရန်းမိုင်ပေါင်း

(တစ်သိန်းကိုးသောင်းကျော်)ရှိတဲ့အတွက် သစ်တောဟာနိုင်ငံရဲ့ (၇၅)ရာခိုင်နှုန်းရှိနေပါတယ်။ ဒါကြောင့် ဒီသဘာဝကပေးထားတဲ့ သစ်တောကို အကျိုးရှိရှိ သုံးကြဖို့လိုပါတယ်။ ဒီနေ့ထိ သစ်တောထဲက ကျွန်းသစ်နဲ့သစ်မာကိုပဲ နိုင်ငံခြားငွေရရှိဖို့အတွက် အသုံးပြုနေကြပါတယ်။ ဝါးကို အသုံးမပြုကြသေးပါဘူး။

"ကျွန်တော်တို့မှာ အင်မတန်ကျယ်ပြန့်တဲ့ ဝါးတောကြီးတွေ ရှိပါတယ်။ အဲဒီဝါးတောကြီးတွေကတော့ ရခိုင်သစ်တောတိုင်း၊ တနင်္သာရီသစ်တောတိုင်းနဲ့ ပဲခူးရိုးမဒေသ/ စစ်တောင်းသစ်တောတိုင်းတို့မှာ ရှိပါတယ်။

အဲဒီသစ်တောတိုင်း (၃)ခုအနက် ရခိုင်သစ်တောတိုင်းရဲ့ထူးခြားချက်ကတော့ ဝါးတောဟာ တစ်ခြားသစ်ပင်များနဲ့ ရောနှောပေါက်လေ့မရှိဘဲ လူတွေအစီအစဉ်နဲ့ စိုက်ပျိုးထားသလို ဝါးချည်းသက်သက်ပေါက်ရောက်နေခြင်းပါဘဲ။ နောက်ပြီးတော့ အဲဒီပေါက်နေတဲ့ ဝါးတွေဟာလည်း အမျိုးမျိုးရောနှောခြင်းမရှိဘဲ (Melocarna Bambusoides) လို့ခေါ်တဲ့ ခရိုင်ဝါးတစ်မျိုးတည်း ပေါက်ရောက်နေခြင်း ဖြစ်ပါတယ်။ ဒီခရိုင်ဝါးရဲ့ ထူးခြားချက်တစ်ရပ်ကတော့ နယ်ချဲ့နိုင်တဲ့သတ္တိပါပဲ။ ဆိုလိုတာက တောထဲမှာ မြေကွက်လပ်တစ်ခု ဖြစ်ပေါ်လာလို့ရှိရင် ဒီခရိုင်ဝါးမျိုးက အခြားသစ်ပင်တွေထက် အပေါက်မြန်တဲ့အတွက် အဲဒီကွက်လပ်ဟာ ခရိုင်ဝါးတောချက်ချင်းဖြစ်သွားပါတယ်။

ဒီလိုအခြားသစ်ပင်တွေနဲ့ ရောနှောခြင်းမရှိဘဲ ဝါးတောသက်သက်အဖြစ် တည်ရှိတဲ့ ဧရိယာအကျယ်အဝန်းဟာ စတုရန်းမိုင်ပေါင်း (၃၀၀၀)ခန့်ရှိလို့ ဝါးတောတစ်ခုချင်းရဲ့အကျယ်အဝန်း အတိုင်းအတာအရဆိုလျှင် ရခိုင်ပြည်နယ်ရှိ ဝါးတောများဟာ ကမ္ဘာပေါ်မှာပင် အကျယ်ပြန့်ဆုံးသောဝါးတောများ ဖြစ်တယ်လို့ နိုင်ငံခြားသားမှတ်တမ်းများက ဖော်ပြထားပါတယ်။

The area covered by This Bamboo is of the order of about 3000 Sq: miles which probably makes it the largest single patch of Bamboo in the world.

ရခိုင်သစ်တောတိုင်းမှာဆိုရင် ဝါးတွေဟာ ဝါးသန့်သန့်ပေါက်ရောက်တတ်လို့ ဝါးတောတစ်ဧကမှာ ဝါးခြောက်(၁၀)တန်ခန့် ရရှိနိုင်ပါတယ်။

ရခိုင်သစ်တောတိုင်းမှာ ရရှိနိုင်တဲ့ ဝါးပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

| **ဒေသ** | **ဧက** | **ဝါးခြောက်တန် (နှစ်နှစ်လျှင်)** | **ပျော့ဖတ်တန်** | **ရာနှုန်း** |
|---|---|---|---|---|
| ရခိုင် | ၂၀၅၄၄၀၀ | ၂၀၅၀၀၀၀ | ၈၂၀၀၀၀ | ၆၈. ၃ |

လက်ရှိဝါးပျော့ဖတ်တစ်တန်ရဲ့ ဈေးဟာ အမေရိကန်ဒေါ်လာ (၂၀၀)ခန့်ဖြစ်တဲ့အတွက် ဝါးတွေရဲ့သဘာဝအလျောက် ရှင်သန်မှုကို မထိခိုက်စေဘဲ (၁၀)နှစ်စေ့လို့ အလိုအလျောက်သေဆုံး ပြုန်းတီးသွားရမယ့် ဝါးတွေကိုပဲ ထုတ်လုပ်မယ်ဆိုလို့ရှိရင် တစ်နှစ်မှာ ဝါးခြောက်တန် ၃၀၀၃၀၀၀ (သိန်း ၃၀) ဒါမှမဟုတ် ပျော့ဖတ်တန်ချိန် ၁၂၀၀၀၀၀(တစ်ဆယ့်နှစ်သိန်း)ခန့် ရရှိနိုင်မည်ဖြစ်ပါတယ်။ ပျော့ဖတ်တန် (၁၂)သိန်းအတွက် အမေရိကန်ဒေါ်လာ (၂၄ကုဋေ) သို့မဟုတ် မြန်မာငွေကျပ် (တစ်ဒေါ်လာလျှင် ၆ကျပ် ၂၅ပြား)ကုဋေ ၁၅၀ကို ရရှိနိုင်မည်ဖြစ်ပါတယ်"

အကယ်၍သာ ရေးဆွဲခဲ့သော စီမံကိန်းအကောင်အထည်သာ ဖော်ဖြစ်ခဲ့ပါလျှင် ယခုအချိန်မှာဆိုလျှင် ပုဏ္ဏား

ကျွန်းနယ်ဒေသဟာ တိုးတက်ဖွံ့ဖြိုးနေသော စက်မှုဒေသတစ်ခု ဖြစ်နေမည်မှာ မလွဲပေဟုသာ။

**ရွှေဇံ**

**ရည်ညွှန်းချက်**


၁။ ရခိုင်ပြည်နယ်မဂ္ဂဇင်း(၁၀)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထူးထုတ်၊ ၁၉၈၄ ခု၊ ဒီဇင်ဘာလ ၁၅ရက်။

၂။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း တတိယတွဲ၊ စီးပွားရေးကဏ္ဍ (လျှပ်စစ်၊ စက်မှု၊ သတ္တုကဏ္ဍ)

၃။ စစ်ဦးစီးတက္ကသိုလ်တွင် ရခိုင်ဝါးတောများအကြောင်း ဆွေးနွေးသည့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှူး ဦးစန်းမောင်၏ စာတမ်း (၁၂-၁-၈၁)

၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာထွန်း၏ဆွေးနွေးချက် (၂၃-၃-၇၇)

၅။ Collie, Mauric.'The Loud of the Great Image.'

၆။ The Golden Mrauk U, an ancient Capital of Rakhine by U Shwe Zan.


း

၂

# မြောက်ဦးမြို့ရှိ ရှေးဟောင်းတံခါးပေါက်များ

စောမင်းနွယ်(မြောက်ဦး)



မြောက်ဦးမြို့တော်ဟောင်းသည် ရခိုင်ယဉ်ကျေးမှု ဂုဏ်ဆောင် ရှေးဟောင်းအမွေအနှစ်များ စုဝေးရာ ရာဇဌာနေဟောင်းဖြစ်သည်။ မြောက်ဦးမြို့တော်ဟောင်းကို လေ့လာခြင်းသည်ပင် ယဉ်ကျေးမှု သုတရတနာသိုက်ကို လေ့လာသည်နှင့်အသွင်တူသည်။ သုတေသီများက နှောင်းအတိတ်မှ ယဉ်ကျေးမှုကြေးမုံတစ်ချပ်ဟူ၍ပင် တင်စားသုံးနှုန်းကြသည်။

အေဒီ ၁၄၃၀မှ ၁၇၈၅ခုနှစ်ထိ မြို့သက်ပေါင်း ၃၅၅နှစ် မင်းဆက်ပေါင်း ၄၈ဆက်တိုင်အောင် ရှည်ကြာခဲ့သော မြို့တော်ဟောင်းတွင် ယနေ့တိုင်အောင်ပင် ဘုရား၊ ပုထိုး၊ စေတီများ၊ ကျောင်းတော်ရာ၊ နန်းတော်ရာ၊ အိမ်တော်ရာ၊ ကျီတော်ရာများ၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ ခံတပ်များ၊ ရေလှောင်မြောင်း၊ ရေကျုံး၊ နံကျုံး၊ ကျုံးရှင်၊ ကျုံးခြောက်၊ ကျုံးပင်လယ်များ၊ တံခါးကွေ့၊ တံခါးကောက်၊ တံခါးမ စသည်တို့မှာ အထင်အရှား ထုနှင့်ထည်နှင့် ကျန်ရှိနေသေးသည်။ ဤရှေးဟောင်းအမွေအနှစ်များအနက်မှ သိကောင်းစရာအဖြစ် ရှေးဟောင်းတံခါးပေါက်များ အကြောင်းကို အကျွန်သိသမျှ လေ့လာတင်ပြလိုက်ပါသည်။

မြောက်ဦးမြို့တော်ဟောင်း၌ (၁)နန်းတော်မြို့ရိုး၊ (၂) မြို့တော်မြို့ရိုးနှင့် (၃) မြို့တော်နယ်နိမိတ်မြို့ရိုး (အပြင်မြို့ရိုး) ဟူ၍ မြို့ရိုးသုံးထပ်ကာရံထားပါသည်။ ဤမြို့ရိုးတို့၏ စုပေါင်းအရှည်မှာ ၁၉မိုင်ခန့်ရှည်သည်ဟု သိရပါသည်။ ဤမြို့ရိုးတံတိုင်းတို့၌ တံခါးကွေ့၊ တံခါးကောက်၊ တံခါးမများနှင့် ဆည်တံခါး (ရေတံခါး) စသော တံခါးကြီးငယ် အသွယ်သွယ်တို့ကို စီရင်ထားပါသည်။ သို့သော် မည်သည့်တံခါးပေါက်သည် မြို့တော်၏မည်သည့်ဘက်တွင်ရှိပြီး မည်သည့်တံတိုင်းထပ်တွင် ရှိသည်၊ မည်သည့်တံခါးပေါက်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်များသာ ဝင်ထွက်သွားလာရသည်။ မည်သည့်ကြောင့် ခေါ်တွင်သည် စသည်တို့ကို သိရှိရန်လိုအပ်ပေလိမ့်မည်။

## နန်းတော်တံခါးများ

နန်းတော်၌ ဝင်းတော် ၃ထပ်ရှိသည်။ ယင်းဝင်းတော်တို့ကို တံတိုင်း ၃ထပ်ကာရံထားသည်။ အဆိုပါ

တံတိုင်းတို့၌ (၁)မင်္ဂလာ (၂) အပယ် (၃) နန်းသားကန် (၄) တောင်နန်း (၅) ပန်းခုံတော် (၆) စည်တော် (၇) အရှေ့ (၈) အနောက်တံခါး စသည်တို့ကို စီမံတပ်ဆင်ထားလေသည်။ ယင်းတံခါးများမှ ထင်ရှားသော တံခါး တချို့ကိုဖော်ပြရလျှင်-

**မင်္ဂလာတံခါး**

နန်းတော်ကုန်း၏ မြောက်ဘက်၊ ဒုတိယဝင်းတော်၏ အရှေ့မြောက်ဘက်ရှိ တံခါးဖြစ်သည်။ (မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၏ တောင်ဘက်ကိုက် အနည်းငယ်ခန့်တွင်ရှိသည်။ နန်းသူ နန်းသားများ မင်္ဂလာအမှုကိစ္စကြီးငယ်တို့အတွက် အသုံးပြုသောတံခါးဖြစ်သည်။

**အပယ်တံခါး**

နန်းတော်ကုန်း၏ မြောက်ဘက် ဒုတိယဝင်းတော်၏ အနောက်ဘက်ရှိ တံခါးဖြစ်သည်။ (မင်္ဂလာတံခါး ၏ အနောက်ဘက်၌ရှိသည်။) နန်းသူနန်းသားများ အသုဘအခမ်းအနားအတွက် အသုံးပြုရသောတံခါးဖြစ်သည်။

**နန်းသားကန်တံခါး**

နန်းတော်ကုန်း၏အရှေ့ဘက် ဒုတိယဝင်းတော်၏အရှေ့ဘက်တွင် နန်းသားကန်ရှိသည်။ ဤကန်သို့ သွားလာရသောတံခါးမှာ ပထမဝင်းတော် အရှေ့ဘက်တံတိုင်း၌ရှိသည်။

**ပန်းခုံတော် (ဥယျာဉ်တော်)**

နန်းတော်ကုန်း၏တောင်ဘက်၌ရှိသော ဥယျာဉ်တော်သို့ ဝင်ထွက်သော တံခါးဖြစ်သည်။ ဒုတိယ ဝင်းတော်တောင်ဘက်ရှိ မြို့ရိုး၌ရှိသည်။

**စည်တော်တံခါး**

ဒုတိယဝင်းတော်၏အရှေ့တောင်ဘက်တွင်ရှိသည်။ ပဟိုရ်စည်တော်ရှိရာ စွန်းတောင်သို့ သွားသော တံခါးဖြစ်သည်။

**မြောက်ဘက်တစ်ခွင်ရှိ တံခါးများ**

နန်းတော်ကုန်း၏မြောက်ဘက်တစ်ခွင်ရှိ မြို့ရိုးတံတိုင်းများ၌ ဖောက်လုပ်ထားသော တံခါးပေါက်များမှာ (၁) မင်္ဂလာ (၂) ပျံ့ပျော့ (၃) ဘီလူးမ (ရေတံခါး) (၄) တေဇရာမ (၅) နတ်ဒုံ (ရေတံခါး) (၆) တစ်ပင်တိုင် (၇) ကန်သုံးဆင့် (၈) ခြင်ကိုက် (ချိန်ကိုက်) (၉) မင်းသမီး (၁၀) ရဲလှ (၁၁) ဝေခင်း (၁၂) ငါးမင်းဒုံ စသည်တို့ ဖြစ်ကြသည်။ ယင်းတို့ အနက်မှ ထင်ရှားသောတံခါးအချို့မှာ

## နတ်ဒိုတံခါး(ရေတံခါး)

မြို့တော်၏မြောက်ဘက်တွင် လေးမြို့မြစ်နှင့် ဆက်သွယ်ဖောက်လုပ်ထားသော ပန်းစီးမြောင်းချောင်းက ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ဤပန်းစီးမြောင်းချောင်းကို ကျုံးရှင် တစ်ခုအဖြစ် ဖန်တီးထားပြီး လိုအပ်လျှင် ဖွင့်နိုင်ပိတ်နိုင်သော ရေတံခါးတစ်ခုလည်း တပ်ဆင်ထား၏။ ယင်းရေတံခါးမှာ နတ်ဒိုဖြစ်သည်။ ဤတံခါးသည် နတ်ဒိုတံတိုင်း၏ အနောက်ဘက်နှင့် တစ်ပင်တိုင်တံခါး၏ အရှေ့ဘက်ကိုက် ၁၀၀ကျော်ခန့်အကွာ၌ရှိသည်။

## တစ်ပင်တိုင်တံခါး

မြောက်ဦးခေတ် တစ်လျှောက်လုံးတွင် ဘုရင်များသည် မိမိတို့၏ သမီးတော်များကို နန်းတော်၏ မြောက်ဘက်တစ်နေရာ၌ တစ်ပင်တိုင်နန်းဖြင့် တစ်သီးတစ်ခြားထားလေ့ရှိသည်။ ယင်းတစ်ပင်တိုင်နန်းသို့သွားရာ တံခါးမှာ သရီကုန်းဘောင် ကုန်းတန်း၏ အရှေ့ဘက်နှင့် နတ်ဒိုတံခါး အနောက်ဘက်၌ရှိသည်။

## မင်းသမီးတံခါး

သရီကုန်ဘောင် ကုန်းတန်း၏ အရှေ့တောင်ဘက်ယွန်းယွန်း၊ အမြင့်တောင်ခံတပ် မြို့ရိုး၏ တောင်ဘက် အစွန်းဆုံးနှင့် ရဲလှခံတပ်မြို့ရိုးအကြား၌ မင်းသမီးတံခါးရှိသည်။ ဤတံခါးကို ကျောက်ဖြင့် တည်ဆောက်ထားပြီး အမြင့် ၉ပေ၊ အကျယ် ၁၀ပေ၊ အရှည် ၃၃ပေခန့်ရှိသည်။ တံခါး၏တောင်ဘက်တွင် မြောက်ဦးခေတ် မင်းသမီးများ ရေကစားခဲ့ကြ သော မင်းသမီးကျုံးရှိသည်။ စစ်ရေးစစ်ရာအတွက် အသုံးပြုလိုသောအခါ ဤကျုံးမှရေကို ဤတံခါးမှတစ်ဆင့် မြောက်ဘက်သို့ ထုတ်လွှတ်ပြီး သရီကုန်ဘောင် ကျုံးခြောက်ကို ရေပြည့်စေသည်။ ရှေးဟောင်းသုတေသနဌာနမှ ပြုပြင်ထားသည်။

## အရှေ့ဘက်တစ်ခွင်ရှိ တံခါးပေါက်များ

နန်းတော်ကုန်း၏ အရှေ့ဘက်တစ်ခွင်ရှိ တံခါးပေါက်များမှာ (၁) မီးသမ (၂) ဘုန်းကြီးဒို (၃) ရန်နောင် (၄) ဝင်မနား (၅) ကြောင်လည်ဒို (ရေတံခါး) (၆) မကျား (၇) ပန်းဒရုံ ခေါ် ကျောက်ဆည် (ရေတံခါး) (၈) ကွမ်းစေ (၉) ဆင်ဖြူတော် (၁၀) နတ်ပေါက် (၁၁) လေသာတံခါးတို့ဖြစ်ကြသည်။ ယင်းတို့မှ ထင်ရှားသော တံခါးတစ်ချို့မှာ

## ဝင်းမနားတံခါး (ကျီတော်တံခါး)

ဝင်မနားကျီတော်သည် မြောက်ဦးမြို့တော်ရှိ ကျီတော် ၄၀ ကျီအနက် အကြီးဆုံး ကျီတော် တစ်ခုဖြစ် သည်။ ယင်းကျီတော်မှာ ဝန်းတီးနတ်တောင်၏အရှေ့ဘက်နိဗ္ဗူဇာစေတီ တည်ရှိရာတောင်တန်း၏ အနောက်ဘက်၊ မြောက်ဦး-ပိုးဖြူကျွန်းသွားလမ်း မြောက်ဘက်နံဘေး၌ရှိသည်။ ကျီတော်တံခါးကို တောင်ဘက်ရှိ ကျီတော်မြို့ရိုး၌ တပ်ဆင်ထားသည်။ တံခါးကောက်တစ်ခု ဖြစ်သည်။

## ဆင်ဖြူတော်တံခါး

မြောက်ဦးခေတ် ဆင်ဖြူရတနာများ ဝင်ထွက်သွားလာသောတံခါး ဖြစ်သည်။ ပုဏ္ဏားတောင်မြို့ရိုး၌ တည်ရှိသည်။ ကျမ်းစေတံခါးနှင့် နတ်ပေါက် တံခါးနှစ်ခုကြား၌ရှိသည်။ ကျောက်ဖြင့်တည်ဆောက်ထားပြီး အမြင့် ၂၀ပေ၊ အကျယ် ၁၀ပေ၊ အရှည် ၄၆ပေခန့် ရှိသည်။ ရှေးဟောင်းသုတေသနဌာနမှ ပြုပြင်လျှက်ရှိသည်။

## တောင်ဘက်တစ်ခွင်ရှိ တံခါးပေါက်များ

တောင်ဘက်တစ်ခွင်ရှိ တံခါးပေါက်များမှာ (၁) ကြခတ် (၂) ပေါက်ပင် (၃) လက်ဆည်ကန် (၄) ကျက်ပိတ် (၅) မောလိပ် (၆) စံကားတောင် (သံတမန်) (၇) မင်းထွက်ဆည် (ရေတံခါး) (၈) ဗားဘူတောင်(ရေတံခါး) စသည်တို့ဖြစ်ကြ သည်။ ထင်ရှားသော တံခါးအချို့မှာ

## ကြခတ်တံခါး

အနူမကန်၏မြောက်ဘက် အနူမမြို့ရိုးရှိသည်။ မင်းခမောင်းပုထိုး၏ တောင်ဘက်အနီးတွင် ရှိသည်။ ကျောက်ဖြင့်တည်ဆောက်ထားပြီး အကျယ် ၉ပေ၊ အမြင့် ၁၃ ပေ၊ အရှည် ၂၈ ပေခန့်ရှိသည်။ ကြခတ်စားအမတ် (အမ်းနှင့် တောင်ကုတ်အကြားရှိ နယ်တစ်နယ်မှ နယ်စား)က တာဝန်ယူ၍ မြို့တည်စဉ်က တည်ဆောက်ခဲ့သဖြင့် ကြခတ်တံခါးဟု တွင်သည်။

## လက်ဆည်ကန်တံခါး

လက်ဆည်ကန်၏မြောက်ဘက်မြို့ရိုး တံတိုင်းတွင် တံခါးနှစ်ပေါက်ရှိသည်။ အနောက်ဘက်ကျသော တံခါးသည် လက်ဆည်ကန်တံခါးဖြစ်သည်။ ကျောက်ဖြင့် တည်ဆောက်ထားပြီး အမြင့် ၁၈ပေ၊ အကျယ် ၉ပေ၊ အရှည် ၂၄ ပေခန့်ရှိသည်။ နန်းတော်၏တောင်ဘက်မှ ချဉ်းကပ်လာသော ရန်သူတို့ကို လက်ဆည်ကန်မှ ရေဖြင့် ဤတံခါးမှတစ်ဆင့် မြောက်ဘက်မြေနိမ့်ကျိုး (ခဝါသည်ကျိုး) ကို ရေဖြည့် ပြီးတိုက်ခိုက်ရန် စီမံခဲ့ခြင်းဖြစ်သည်။

## စံကားတောင်တံခါး (သံတမန်တံခါး)

မင်းထွက်ဆည်ရေတံခါး၏ တောင်ဘက်၊ မောလိပ်ကန်၏ အရှေ့ဘက်တွင် စံကားတောင်တံခါးရှိသည်။ ဤတံခါးကို သံတမန်များသာ အသုံးပြုရသဖြင့် သံတမန်တံခါးဟူ၍လည်း ခေါ်သည်။ ယခုအခါ အားလုံးပြိုပျက်နေလေပြီ။

## အနောက်ဘက်တစ်ခွင်ရှိ တံခါးပေါက်များ

နန်းတော်ကုန်း၏အနောက်ဘက်တစ်ခွင်၌ရှိသော တံခါးများမှာ (၁) စျီးကြီး (ရေတံခါး) (၂) ၎/နက် (၃) မောက်တော် (၄) တောင်ရွှီ (၅) ကဇိပတ် (ကမ်းစီပတ်) (၆) ငွေတောင် (ရေတံခါး) (၇) ဆင်ဝင် (၈) သဇင်တန်း (၉) မိုးလင်းဝ (တောင်ဖြူ) စသည်တို့ဖြစ်ကြသည်။ ထင်ရှားသောတံခါးအချို့ကို ဖော်ပြ ရလျှင်-

## မောက်တော်တံခါး

မြို့တော်မြို့ရိုးဖြစ်သော င/နက်မြို့ရိုးနှင့် ရသေ့တောင်မြို့ရိုးတို့ ဆုံရာ၌ရှိ သည်။ ရွှေကြာသိမ်ဘုရား၏ အရှေ့ဘက် ကိုက် ၅၀ခန့်အကွာ၌ ရှိသည်။ ဘစော ဖြူမင်း၏သမီးတော် မောက်တော် (စောရွှေကြာ) မင်းသမီးကို အစွဲပြု၍ ခေါ်တွင် ခြင်း ဖြစ်သည်။ ကျောက်ဖြင့်တည်ဆောက်ထားသည်။ အမြင့် ၁၃ပေ၊ အကျယ် ၉ပေ၊ အရှည် ၁၄ပေခန့်ရှိသည်။

## ကဇိပတ် (ကမ်းစီးပတ်)တံခါး

ကျောက်ရစ်မြို့ရိုးပေါ်၌ ဖောက်လုပ်ထားသည်။ ကမ်းစီပတ်ချောင်းဖျားအနီးတွင် ရှိ၍ ကမ်းစီပတ်တံခါးဟု ခေါ်တွင်လေသည်။ ငွေတောင်ခံတပ်၏ တောင်ဘက်တွင်ရှိသည်။ ဘုရင်မင်းဗာကြီးလက်ထက် တပင်ရွှေထီး၏တပ်မတော်အား လျောင်ထားသောရေတို့ဖြင့် ဤတံခါးမှတစ်ဆင့် ထုတ်လွှတ်ပြီး ရေအားဖြင့် တိုက်ခိုက်ခဲ့သည်ဟု သိရပေသည်။

## မိုးလင်း၀ (တောင်ဖြူ) တံခါး

မြို့တော်၏အပြင်မြို့ရိုးတစ်ခုဖြစ်သော တောင်ဖြူမြို့ရိုးပေါ်၌ ဖောက်လုပ်ထားသည်။ ဘုရင်မင်းဗာကြီး သည် ဝေသာလီမြို့တော်ဟောင်းမှ အာနန္ဒစန္ဒြားကျောက်စာတိုင်ကို စီးတော်ဆင် ဇီဝစိုးဖြင့် ဆွဲယူလာစဉ် ဤတံခါး အရောက်၌ မိုးလင်းသွား၍ မိုးလင်း၀ဟု ခေါ်တွင်လာသည်ဟု သိရပါသည်။

ဤတံခါးပေါက်များအနက် နန်းတော်၏ ဝင်းတော်တံတိုင်းတို့၌ရှိကြသော ဝင်းတော် တံခါးပေါက်များမှာ နန်းသူနန်းသား မှူးကြီးမတ်ရာ စစ်သေနာပတိတို့သာ ဝင်ထွက်သွား လာရသော တံခါးများ ဖြစ်ကြပါသည်။

တပင်တိုင်၊ မင်းသမီး၊ မောက်တော်၊ သဇင်တန် စသောတံခါးတို့မှာ ဘုရင့်သမီးတော် တို့နှင့်သာ သက်ဆိုင်သော မင်းသမီးတို့ကို အစွဲပြု၍ ခေါ်ဆိုသောတံခါးများ ဖြစ်ကြပါ သည်။

ထို့ပြင် မြို့ရိုးတံတိုင်းကို အစွဲပြု၍ ခေါ်ဆိုသော တံခါးများလည်း ရှိကြပါသည်။ ယင်းတို့မှာ မင်္ဂလာ၊ ခြင်ကိုက် (ချိန်ကိုက်) မကျား၊ လက်ဆည်ကန်၊ ဗားဘူတောင်၊ င/နက်၊ တောင်ဖြူ ဘီလူးမ၊ ကန်သုံးဆင့် စသည်တို့ဖြစ်ကြပါသည်။

ရွံ့ပျော့၊ မီးသမ၊ မင်းထွက်ဆည်၊ တောင်ရွှီ၊ ကမ်းစီးပတ်၊ မောလိပ်စသည်တို့ကဲ့သို့ ဆည်မြောင်း ချောင်းကန် တို့ကို အစွဲပြု၍ခေါ်ဆိုသော တံခါးပေါက်များလည်း ရှိကြပြန် သည်။

မြို့တော်ဟောင်းမြောက်ဦးတွင် နတ်ဒုံ၊ နားရင်းဒုံ၊ ငါးမန်းဒုံ၊ ဘုန်းကြီးဒုံ၊ ကြောင်လည်ဒုံ၊ ဂါရာဒုံ၊ ဒုံပေါက်၊ စပါးဒုံ၊ ဒုံတွေ စသည်ဖြင့် ဒုံများကို အစွဲပြု၍ ခေါ်ဆိုသော မြစ်ချောင်းအင်းအိုင် ဆည်မြောင်းများ ရှိကြ၏။ ရေနက်သော ချိုင့်ဝှမ်းဒေသကို ရခိုင်ဝေါဟာရဖြင့် ဒုံဟုခေါ်ပါသည်။ နတ်ဒုံ၊ ငါးမန်းဒုံ၊ ဘုန်းကြီးဒုံ၊ ကြောင်လည်ဒုံ စသော တံခါးများမှာ ဒုံကိုအစွဲပြု၍ ခေါ်ဆိုသောတံခါးများဖြစ်ကြ၏။

ရဲလှ၊ ရန်နောင်၊ ငွေတောင်၊ လေသာ စသည်တို့ကဲ့သို့ ခံတပ်မြို့ရံများကို အစွဲပြု၍ ခေါ်ဆိုသောတံခါး

ပေါက်များကိုလည်း တွေ့ရှိရပြန်သည်။

အခြားသောအကြောင်းအရာအဖြစ် တစ်ခုခုကို အစွဲပြု၍ ခေါ်ဆိုသောတံခါးများလည်း ရှိကြ၏။ ယင်းတို့မှာ မိုးလင်း၀၊ ကြခတ်၊ ဆင်ဖြူတော်၊ တေဇရာမ၊ ဝေခင်း၊ ဝင်းမနား၊ ကျက်ပိတ်၊ သံတမန်၊ ဆင်ဝင် စသောတံခါးပေါက်များ ဖြစ်ကြသည်။

ဤတံခါးပေါက်များကို ရခိုင်တို့က "ပေါင်း၀"ဟူ၍ခေါ်ကြ၏။ တံခါးပေါက်များ အားလုံးလိုလိုမှာ ကျောက်ဖြင့် တည်ဆောက်ထားပြီး သတ်စီပေါင်းခုံးစနစ်ကို သုံးပြုထားသည်ကို တွေ့ရှိရပါသည်။ ကျောက်တုံး ကျောက်ခဲတို့ကို လိုအပ်သလို ထုဆစ်လျက် တစ်ခုနှင့်တစ်ခု တစ်ဆက်တည်းဖြစ်အောင် အင်္ဂတေဖြင့် ပြုလုပ်ထား ပါသည်။ ရခိုင်အင်္ဂတေ စပ်နည်းမှာ အုံးတူသတ္တု၊ နဝကျွဲကော်၊ သုံးဖော်ဥသျှစ်၊ တစ်သဖန်းခါး၊ ပဥ္စတင်လဲ၊ ထုံးနှင့် သဲကို၊ အမျှရောလေ၊ ကျောက်ဖြစ်တေ"ဟူသော ပျို့လာအတိုင်းဖြစ်သည်။ ဤပေါင်း၀ တံခါးပေါက်တို့တွင် မြောက်ဦးဗိသုကာ လက်ရာစွမ်းပကားကို အထင်းသားမြင်တွေ့နိုင်ပါ သည်။

ဤတံခါးများအနက် မင်းသမီးတံခါး၊ ဆင်ဖြူတော်တံခါး၊ ကြခတ်တံခါး၊ လက်ဆည် ကန်တံခါး၊ မောက်တော်တံခါးများလောက်သာ အကောင်းပကတိ ကျန်ရှိပါတော့ပြီ။

ယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏အဓိကသော့ချက် ပင်မရေသောက်မြစ် ဖြစ်ရာ ယဉ်ကျေးမှုကို အပျောက်မခံသင့်ပေ။ ယဉ်ကျေးမှုပျောက်က လူမျိုးပါပျောက်ကွယ် နိုင်သည်" ဆိုသော ဆိုရိုးစကားကို အလေးဂရုမူကာ ရခိုင်တို့၏ရှေးအမွေအနှစ်များကို ရခိုင်လူမျိုးတို့ ထိန်းသိမ်းစောင့်ရှောက်သင့်လှပေသည်။

**စောမင်းနွယ်(မြောက်ဦး)**

**ကျမ်းကိုးစာရင်း**


၁။ ရခိုင်ရိုးရာ ယဉ်ကျေးမှုကော်မတီ (မြို့ဟောင်း) ထုတ်ဝေသော မြောက်ဦးမြို့ရှိ ထင်ရှားသောစေတီများနှင့် သိကောင်းစရာများ (၁၉၇၀ခု၊ ဖေဖော်ဝါရီလ)

၂။ မြောက်ဦးလမ်းညွှန် (၁၉၈၈ခု၊ ဖေဖော်ဝါရီလ)

၃။ ဦးစိုးတင့်၊ ပထဝီဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၊ ရန်ကုန်က ပြန်လည်ပြုပြင်ရေးဆွဲသော မြောက်ဦးမြို့ဟောင်း ဘုရားဖူးလမ်းညွှန်မြေပုံ (၁၉၇၉ခု)

၄။ ဦးထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ထုတ်ဝေသော မြောက်ဦးမြို့ရှိ မြို့ရိုး၊ ကျုံး၊ ရေတံခါးများ မြေပုံ (၁၉၉၂ခု၊ ဧပြီလ)။

# လေးမြို့ခေတ် ထီးတည်နန်းတည် မြို့တော်များ

ပဏ္ဍိတ် ဦးဦးသာထွန်း

## သပိတ်တောင်

ဝေသာလီ ကျောက်လှေကားမြို့၌ နောက်ဆုံး ပဲဖြူမင်း စိုးစံခဲ့သည်။ ထိုမင်းသည် ဝေသာလီမြို့ ကိန်းခန်း ကုန်လေပြီဟူ၍ မြောက်ဦးမြို့ကို တည်ထောင်ခဲ့လေသည်။ ထိုမြို့တွင် တစ်ဆယ့်နှစ်နှစ်အရောက် ရှမ်းသိုဟန်ဘွား ကြီးတိုက်လာလေသည်။ အင်အားမမျှ၍ ပဲဖြူသည် ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးချောင်းဖျား၊ သပိတ်တောင်သို့ ရှောင်တိမ်းခဲ့လေသည်။ ၎င်းသိုဟန်ဘွား တိုက်ခိုက်သည်မှစ၍ ၁၂နှစ်ပတ်လုံး ရခိုင်ပြည်ကို ရှမ်းရံခါပိုင်လေသည်။ ရံခါ ရှေးမြန်မာမင်းတို့ အပိုင်ခံရလေသတည်း။ ဒွါရာဝတီ သံတွဲမြို့ကိုကား မွန်မင်းတို့ အပိုင်ခံလေ၏ဟု ရာဇဝင်ဟောင်း၌ဆိုသည်။

ထိုစဉ် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် ဘုရားရှက်မည်းလမ်းကို ဖောက်၍ မဟာမုနိကို ပင့်ရန် ကြံစည်ခဲ့သည်။ အိပ်မက်အရ အကြံမမြောက်ခဲ့လေရကား ငါးလခန့်ကြာလေသည်။ သကျစိတော်ကို ပင့်ရန် တစ်ဖန် အားထုတ်သော်လည်း မအောင်မြင်။ ကောင်းကင်သို့ ပျံတက်၍ နေလေသဖြင့် ရောင်ခြည်တော်ကိုသာ ဖူးမြင်လျှက် နေခဲ့ရ၏။ နောက်ဆုံးတွင် သကျစိတော်ပွား တစ်ဆူကို ပင့်ဆောင်ယူသွားခဲ့လေသည်။

## လေးမြို့ခေတ် ထီးနန်းမြို့ပြများ

### ဓမ္မာစက်

ရခိုင်တွင် မင်းဆက်ပြတ်လျက်ရှိနေရာ ငမင်းငတုံးသည် စစ်တန်းတင်မှ ထွက်ချီလျက် မင်းပြုလေ၏။ စူဠစန္ဒရားမင်း ရေနစ်၍ စံလွန်စဉ် မိဖုရားစန္ဒာဒေဝီ ဝမ်း၌ သန္ဓေသုံးလနှင့် ကျန်ရစ်သော သားတော်ဖြစ်ချေသည်။ စစ်တန်းတင်အရပ်သက်တို့နေရာသို့ပြောင်းရွှေ့ထားရှိခဲ့ခြင်း ဖြစ်လေသည်။ ငတုံးမင်း (စောရွှေလူးမင်းလည်း ဆို၏) သည် ဓမ္မာစက်မြို့ကို တည်ထောင်ပြုစုခဲ့သည်။ မင်း ၁၆ဆက်တွင် မြို့သက်ကုန်ကြောင်းဖြင့် ရာဇဝင်ဟောင်း၌ဆိုသည်။ ရာဇဝင်လင်္ကာနှင့် တစ်ပါးသောရာဇဝင်တို့က ခေတ္တသင်မင်းတည်၍ မင်း ၁၅ဆက်တွင် မြို့သက်ကုန် ကြောင်းကို ဆိုသည်။ သက္ကရာဇ်နန်းစံ၊ အိမ်နိမ့်စံတို့မှာကား တူကြပေသည်။

### ပဥ္စာမြို့

ထိုငတုံမင်းကို ပုဂံပြည့်ရှင် ဗောဓိတေရီအမည်ရှိသော အလောင်းစည်သူကြီးက ချီလာ၍ တိုက်လေ သည်။ ထိုအခါ ငတုံမင်းလည်း စစ်ပွဲတွင်ကျ၍ ဓမ္မဝက်မြို့- နန်းအပ်ခဲ့လေသည်။ ထိုခေတ္တသင်မင်းကား စူဠစန္ဒရား မင်း၏တူတော် စန္ဒကူးမင်း၏သားတော်တည်း ခေတ္တသင်က အကြီး၊ စန္ဒသင်က အငယ်၊ နှမတော် သီရကုမ္မာရီပါ” သုံးယောက်ရှိခဲ့သည်။ သပိတ်တောင်မှ ခေါ်ယူ၍ အလောင်းစည်သူမင်းက ထီးနန်းကို အပ်နှင်း၍ မင်းမြှောက်ခဲ့ ခြင်း ဖြစ်လေသည်။ ခေတ္တသင်မင်းသည် ပဥ္စာမြို့ကိုတည်ထောင်စိုးစံနေခဲ့လေသည်။

**ပဥ္စာမြို့တော် မင်းဆက်၊ စမ္မဝက်မြို့တော်မင်းဆက်**

ခေတ္တသင်မင်းမှ မင်းပတိထိ ၁၅ဆက်၊ ၂၈၂နှစ်ဖြစ်သည်။ ထိုမင်း ၁၅ဆက်တွင် ၁၂ဆက်မြောက် မင်းဘီလူးကို အမတ်အသင်္ခယပုန်ကန်လေ၍ ထိုမင်း၏သား မင်းရဲဘာယနှင့် သမီးတော် စောပေါက်ညိုတို့ ပုဂံသို့ ထွက်ပြေးလျက် အလောင်းစည်သူငယ်ထံ ခစား၍ နေခဲ့ကြသည်။ ထိုတွင် သားတော်လက်ျာမင်းနန်နှင့် သမီးတော် ရွှေကူသာကို ဖွားမြင်ခဲ့လေသည်။ ခမည်းတော် မင်းရဲဘာယသည် သေခါနီး သားသမီးတို့ကို မှာထားခဲ့ချက်အရ အလောင်းစည်သူငယ်မင်းသည် မင်းပတိကို သတ်၍ လက်ျာမင်းနန်ကို ရခိုင်၌ နန်းတင်ပေးခဲ့ရလေသည်။

**ပထမပူရိန်မြို့**

လက်ျာမင်းနန်သည် ပဥ္စာမြို့မှပြောင်းလျက် ပူရိန်မြို့ကို တည်ထောင်စိုးစံခဲ့လေသည်။ မင်းဘီလူး၏မြေး မင်းရဲဘာယ၏သားတော် လက်ျာမင်းနန် ပူရိန်မြို့ကိုတည်၍ မင်း ၆-ဆက်မြောက်တွင် ကောလိယမင်း ဆက်ခံ လေသည်။ ထိုကောလိယမင်းလက်ထက် မင်းဆက်ပြုတ်သည်ဟူ၍ ရာဇဝင်ကြီးကဆို၏။ တစ်ပါးသော ရာဇဝင်တို့က လက်ျာမင်းနန်မှ အနန္တသီရိမင်းတိုင်အောင် မင်းရှစ်ဆက်မြောက်သာ ဖြစ်၏။ သက္ကရာဇ် အိမ်နိမ့် နန်းစံတို့မှာ အတူတူပင်ဖြစ်ကြ၏။

မဟာရာဇဝင်ဟောင်းတွင် ကောလိယမင်း၏သား ဒဿရာဇာမင်းသည် ဒုတိယပူရိန်မြို့ကို တည်သည်။ ဒဿရာဇာမင်းအစ ငနှလုံးမင်း အဆုံးမင်းပေါင်း ၂၂ ဆက်တိုင်အောင် ပြဆို၏။ သို့သော် သက္ကရာဇ် နှင့်အိမ်နိမ့် နန်းစံများ တူသည်။

**ပထမပူရိန်ခေတ်တွင်**

၆-ဆက်မြောက် ကောလိယမင်းသည် ဘုန်းလက်ရုံး ကြီးခဲ့သည်။ ၎င်းမင်းလက်ထက် နိုင်ငံအပိုင်အစိုး များခဲ့သည်။ နိုင်ငံလည်း ချဲ့ထွင်နိုင်ခဲ့ရကား သူရတန်ထိလည်းကောင်း၊ မြုံပြည်၊ ဟဇ်ရုံပြည်၊ ပုဂံမင်းနိုင်ငံနှင့် မွန်ဒေသများပါလည်းကောင်း ပိုင်စိုးနိုင်ခဲ့သည်ဆို၏။ စန္ဒပဗ္ဗတ (ငရကောက်တောင်) တောင်၌ မဟာထီးဘုရား ရုပ်တုတော်တစ်ဆူ တည်ထားခဲ့လေသည်။ ၎င်းသား ဒဿရာဇာမင်းလက်ထက် တန်ခိုး(ပုဏ္ဏားကျွန်း) ၌ အတောင် သုံးဆယ် ထက်ဝယ်ဖွဲ့ခွေသော ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း တည်ထားခဲ့သည်။ ထိုဘုရားမှာ မင်းစော မွန် သူရတန်သို့ ရှောင်တိမ်းနေခဲ့ရစဉ်က မင်းရဲကျော်စွာနှင့် ရာဇဓိရာဇ်တို့ လောင်းကြက်နေပြည်တွင် စစ်ခင်းခဲ့ ကြလေရာ ထိုကာလ၌ ပျက်စီးခဲ့ရလေသည်။

**ခြိတ်မြို့**

ဒသရာဇာမင်း၏ သားတော်ကြီးကား မင်းအနန္တသီရိဖြစ်သည်။ မင်းဖုန်းစားလက်ထက်၌ ခြိတ်မြို့တော်ကို သက္ကရာဇ် ၅၂၉ ခုတွင်တည်၍ မင်း ဆက်မှာ ပျက်စီးကြောင်း ရခိုင်ရာဇဝင်လင်္ကာက ဆို၏။ ရာဇဝင်ဟောင်းက ဒုတိယပူရိန်မြို့တော်ကို တည်တော်မူသော မင်းကောလိယ၏သားတော် ဒသရာဇာမင်းမှ သုံးဆက်မြောက်တွင် သားမင်းဖုန်းစားကို ဖော်ပြလေရာ ရာဇဝင်ချင်း အဆိုမညီကြသောကြောင့် အင်းဇယားပုံတွင် ဖော်ပြသော်လည်း

သက္ကရာဇ်နှင့် နန်းစံ၊ အိမ်နိမ့်နန်း အစရှိသည်တို့သာ မှန်ကန်စွာ တွေ့ရသည်။ မြို့တည်သက္ကရာဇ်နှင့် မင်းအမည်တို့မှာ ကွဲလွဲနေကြ၏။

**ခြိတ်မြို့မင်းဆက်၊ ဒုတိယပူရိန်မြို့တော်ခေါ်သော နေရဉ္စရာ တောင်ငူမင်းစေတီ**

မင်းဖုန်းစားအစ (သက္ကရာဇ် ၅၀၄ မှ) ငနှလုံးမင်းအဆုံး (သက္ကရာဇ် ၆၁၂ထိ) တိုင် ၂၀မင်း၊ မြို့သက် ၁၀၈နှစ်ဖြစ်လေ သည်။ မင်းဖုန်းစားလက်ထက် သျှမ်းတို့ စစ်ပြုလာသည်ကို တိုက်ခိုက်နိုင်ခဲ့သည်။ တိုက်ခိုက်ခဲ့ရာတောင်ကို သျှမ်းတောင်ဟုတွင်၍ အဥ္စနနဒီမြစ်ကမ်းတွင် ရှိလေသည်။ သျှမ်းတို့ကို ရွာတည်ပေးခဲ့ရာ သိဂ်ပါးမင်းမရွာမှာ မင်းပြားမြို့နယ်တွင် ရှိနေသေးသည်။ (သုံးဆက်မြောက် ဓနရူပေါမင်းလက်ထက် ခြိတ်မြို့မှ စမ္ဗာဝက်သို့ပြောင်းသည်။ ဓနရူပေါမင်းသားတော် ပဥ္စူသင်(တိုင်းချစ်) လက်ထက် စမ္ဗာဝက်မှတောင်ငူမြို့ကို တည်နေသည်ဟု ရခိုင်ရာဇဝင်သစ် ပအုပ်၊ စာ-၃၄၆၌ ရှိလာ၏။ )

**လောင်းကြက်မြို့**

မင်းငနှလုံးသား၊ အလောမာဖြူမင်းလက်ထက် သက္ကရာဇ် ၆၁၃တွင် လောင်းကြက်မြို့ကို တည်သည်။ မင်းစောမွန် (နရမိတ်လှ) လက်ထက် သက္ကရာဇ် ၇၆၈ခုနှစ်ပျက်၍ သူရတန်ပြည်သို့ ရှောင်နေခဲ့ရာ သက္ကရာဇ် ၇၉၀ မှ ပြန်ရောက်သည်။ ၂၁နှစ်နှင့် ၅လကြာသည်။ ထိုအတွင်း၌ မွန်၊ အင်းဝမင်းတို့ စစ်ခင်းခဲ့ကြလေသည်။ မင်းစောမွန်ရောက်၍ လောင်းကြက်တွင် တစ်နှစ်နေပြီးမှ ၇၉၂တွင် မြောက်ဦးမြို့ကို တည်လေသည်။ ၇၉၁တွင် သူရတန်မင်းက ပြန်၍နန်းတင်ပေးခဲ့လေခြင်း ဖြစ်သတည်း။

(ရခိုင်-မြန်မာပဏ္ဍိတ် ဦးဦးသာထွန်း၊ ၎င်း၏ ၁၃၁၃ ခုနှစ်ရေးပြီးသော ရခိုင်ရာဇဝင်အကျဉ်းချုပ်မှ)

**ဦးဦးသာထွန်း**

# လေးမြို့ခေတ်ပုံရိပ်ကို ပို့မို့ပီပြင်လာစေချင်ပါသည်

အောင်လှသိန်း

လေးမြို့ခေတ် (၈၁၈-၁၄၃၀)သည် ရခိုင်သမိုင်းတွင် လွန်ခဲ့သောအနှစ် ၅၀၀ကျော် မတိုင်မီကာလက ပုံရိပ်များဖြစ်၍ အချို့မှာ မပီမသဖြစ်နေခြင်းမှာ သဘာဝကျပါသည်။ ဝေးကွာလေလေ မြင်ကွင်းမှုန်လေလေဖြစ်ပါသည်။ ဤမှုန်ဝါးမှုရှိနေသော လေးမြို့ခေတ်အကြောင်းကို အထူးထုတ်အဖြစ် ရခိုင်မဂ္ဂဇင်းအမှတ် ၁၉ (၁၉၉၃)က ကြိုးစားထားခြင်းမှာ ကြိုဆိုစရာဖြစ်ပါသည်။ သို့ရာတွင် အချို့အကြောင်းအရာတို့သည် အယူကွဲပြားခြင်းမျိုး ဖြစ်လာသည်ကို တွေ့လာရပါသည်။ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေမှန်မဟုတ်သည့်တိုင်အောင် နီးစပ်မှုတစ်ခုတော့ ဖြစ်လာနိုင်ပေမည်။

## ခေတ်တည်နှစ်ပြဿနာ

လေးမြို့ခေတ်သည် ရခိုင်သမိုင်းတွင် တစ်ကြိမ်သာ ပေါ်ခဲ့ပါသည်။ ဝေသာလီခေတ်ကို ဆက်ခံခဲ့ပါသည်။ မြောက်ဦးခေတ်ကို အမွေပေးခဲ့ပါသည်။

ဤခေတ်တည်နှစ်ကို ရခိုင်မဂ္ဂဇင်း (၁၉)တစ်အုပ်တည်း၌ပင် အယူအဆသုံးမျိုး ပါနေပါသည်။ အချို့ရာ စမ္ပဝက်မြို့ကို အစပြုပြီး အေဒီ ၇၉၄တွင် စတင်သည်ဆိုသည်။ (၂)အချို့က ပဉ္စာမြို့တည်နှစ် ၈၁၈ဖြင့် စတင်ကြသည်။ (၃)အချို့က စမ္ပဝက် (သို့မဟုတ်) ပဉ္စာမြို့တည်နှစ်ဟုဆိုသော အေဒီ ၁၀၁၈ဖြင့်သာ စတင်ကြပါသည်။ ပထမနှင့် ဒုတိယအယူအဆတို့မှာ နှစ်အားဖြင့် ၂၄နှစ်သာ ကွာခြားပါသည်။ စမ္ပဝက်ကို ဝေသာလီခေတ်တွင် မထည့်ခြင်း၊ ထည့်ခြင်းကြောင့်သာ နှစ်ကွာခြားသွားခြင်းဖြစ်ပါသည်။ ပဉ္စာမြို့တည်နှစ်ကို ၁၀၁၈ဟု ဖော်ပြထားခြင်းမှာ ငမည်ရာဇဝင်ကိုမှီး၍ ရေးသားသော ဖေယာနှင့် ဟာဗေးတို့၏ အယူအဆအတိုင်း ဖြစ်ကြောင်း တွေ့ရပါသည်န။ ငမည်သည် ပဉ္စာမြို့မတိုင်မီ ဝေသာလီမြို့တည်နှစ်ကို ဖော်ပြရာတွင် အနှစ် ၂၀၀နောက်ဆုတ်သွားကြောင်း၊ အသျှင်စန္ဒမာလာက သူ၏ရခိုင်ရာဇဝင်သစ်ကျမ်း(၁၉၂၈)အတွဲ-၁၊ စာမျက်နှာ (၂၈၂-၂၈၅)တွင် အကျယ်တဝင့် ဆွေးနွေးထားပါသည်။ ရခိုင်ရာဇဝင်သစ်ကျမ်း၏ စိစစ်ချက်အရ ဝေသာလီသည် အေဒီ ၄-ရာစုတွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ တင်ပြချက်သည် အာနန္ဒစန္ဒြားမင်းကျောက်စာအရလည်းကောင်း၊ မှန်ကန်နေပါသည်။ သို့ဖြစ်၍ ပဉ္စာမြို့တည်နှစ်မှာ ရခိုင်ရာဇဝင်သစ်ပါအတိုင်း အေဒီ ၉-ရာစုဖြစ်သည်မှာ မှားယွင်းမှုနည်းနိုင်ပါသည်။

## ကောလိတသည်မင်း ဟုတ် မဟုတ်

လေးမြို့ခေတ် မင်းတစ်ပါးဖြစ်သော ကောလိတမင်းနန်းစံ (၁၁၁၈-၁၁၂၃) ကို ရခိုင်မဂ္ဂဇင်း ၁၉ ၌ ကောလိတမင်းဟု အချို့နေရာ၌ သုံးနှုန်းထားသည်ကို တွေ့ရပါသည်။ ဤမင်း၏ ဘွဲ့အမည်နှင့်ပတ်သက်၍ ကျောက်စာအထောက်အထားကို မတွေ့ရသေးပါ။ တွေ့ရှိပြီးသား ကျောက်စာတို့တွင် “ကောလိတဆရာ”ဟုသာ ပါရှိပါသည်။ တောင်ကုတ်မြို့ဟောင်းမှ ရရှိသောကျောက်စာ (ရခိုင်မဂ္ဂဇင်း-၁၉တွင် ရှုပါ)တွင်လည်း ကောလိတဆရာဟုသာ တွေ့ရပါသည်။ နှစ်အားဖြင့်ကြည့်လျှင် ကောလိယမင်းသည် အေဒီ ၁၂ရာစုမင်း ဖြစ်ပါသည်။ ကောလိတဆရာမှာ ၁၄ရာစုခေတ် မင်းထီး (၁၂၈၃-၁၃၈၉) လက်ထက်က ဆရာတစ်ဆူဖြစ်ပါသည်။ မင်းထီး၏ ဆရာလည်း ဖြစ်ခဲ့ပေမည်။ ကောလိတဆရာ၏ကောင်းမှု မိကျောင်းရုပ်ကျောက်စာမှာ သက္ကရာဇ် ၇၁၈ (အေဒီ

၁၃၅၆) စွဲဖြစ်ပါသည်။

ရုပ်ကြွင်းအထောက်အထားတွင် ကောလိယမင်းနန်းရာဟူ၍ ယခုတိုင် ပရိမ်မြို့ဟောင်းတွင် ကျန်ရှိနေပါသည်။ ကောလိယမင်းကို ကောလိတဟု အခိုင်အမာတွေ့ထားလျှင်ကား အကြောင်းမဟုတ်သော်လည်း မှန်းဆချက်သက်သက်ဖြစ်နေလျှင် သမိုင်းအတွက် ခက်ပေတော့မည်။ ကွယ်လွန်သူဆရာကြီး ဦးဦးသာထွန်းက အမှားကြာလျှင်အမှန်ဖြစ်သွားတတ်သည်ဟု ဆိုဆုံးမဖူးပါသည်။

## လေးမြို့ခေတ် ရခိုင်လူဦးရေ

လေးမြို့ခေတ် ရခိုင်ဒေသလူဦးရေကို ရခိုင်မဂ္ဂဇင်းအမှတ် ၁၉ က တစ်နေရာတွင် ၇၄သိန်းကျော်ဖြစ်သည်ဟု ဆိုထားပါသည်။ ထိုစာအုပ် စာမျက်နှာ ၁၁၇ ၌မူ ၇၄၆ သိန်းကျော် (ခုနစ်ကုဋေကျော်)ဟု ဖော်ပြထားပြီး ဘင်္ဂလားနယ်အပါအဝင်ဟု ရှင်းပြထားပါသည်။

ဒသရာဇာမင်း (၁၁၂၃-၁၁၃၉)လက်ထက် ရခိုင်လူဦးရေကို ဧချင်းသမိုင်းလာအတိုင်း စာအချိုးဖြင့် ဖော်ပြကြရာတွင် "နွားလားသင်းစု၊ ခုနစ်စုမွေး"ဟုဆိုခြင်းကို သင်္ချာနည်းဖြင့် ဖွင့်ဆိုကြသည့်အခါ ဤကဲ့သို့ ကွဲလွဲသွားကြောင်း တွေ့ရပါသည်။ ထိုစာချိုး၌ နောက်ဆုံးစာလုံး (မွေး) ကို ကာရန်ငဲ့သည့် သဘောသတ်မှတ်က လူဦးရေ (ခုနစ်ကုဋေကျော်) ရရှိသွားပါသည်။

ရခိုင်ရာဇဝင်တို့၌ ဒသရာဇာတွင် အမတ် ၁၆၀၀ (တစ်ထောင့်ခြောက်ရာ )မြောက်သည်ဟု ဆိုကြပါသည်။ ရှေးခေတ် ရခိုင်အုပ်ချုပ်ရေးတွင် အိမ်ခြေတစ်ထောင်ကို တစ်မြို့ (သို့မဟုတ်) ထောင်နယ်တစ်ခုဟု သတ်မှတ်ခဲ့ပါသည်။ ထိုနယ်ကို မြို့စား (သို့မဟုတ်) ထောင်ပိုင်မင်းက ဘုရင့်ကိုယ်စား အုပ်ချုပ်ရပါသည်။ ဘုရင့်အောက်ငယ်သူသည် အမတ် (ပါဠိလို အမစ္စ) ဖြစ်သည်။ မြို့ (သို့မဟုတ်) ထောင်နယ်တစ်ရာသည် တစ်တိုင်းနှင့်ညီမျှသည်။ အမတ်တစ်ရာသည် တစ်တိုင်းဖြစ်သည်။ ထိုတိုင်းကို ဘုရင်ငယ်တစ်ဦးက အုပ်ချုပ်ရသည်။ အမတ် ၁၆၀၀ သည် ဘုရင်ငယ် ၁၆ပါးနှင့် ညီမျှသည်။ ဆိုလိုသည်မှာ ဒသရာဇာတွင် လက်အောက်ခံနယ် (ဘုရင်) ၁၆နယ်ရှိခဲ့ခြင်းဖြစ်သည်။ မြောက်ဦးခေတ် (၁၄၃၀-၁၇၈၅)တွင်ပင် လက်အောက်ခံ ၁၂-ပါးရှိခဲ့ကြောင်း နိုင်ငံခြားသား ဘာဘိုစာ (၁၆-ရာစု) နှင့် မန်နရိတ် (၁၇-ရာစု)တို့၏ မှတ်တမ်းတို့ကလည်း ဖော်ပြထားကြပါသည်။

အမတ်တစ်ဦးအုပ်ချုပ်ရသော အိမ်ခြေတစ်ထောင်တွင် လူဦးရေ ငါးထောင်ခန့်သာ ရှိနိုင်ပါသည်။ အပိုအလျှော့မှာ လွန်စွာကွာခြားမှု ရှိမည်မဟုတ်ပါ။ အမတ်တစ်ထောင့်ခြောက်ရာတွင် သိန်းရှစ်ဆယ်ခန့်သာ လူဦးရေရှိနိုင်ပါသည်။ ထို့ကြောင့် လေးမြို့ခေတ်လူဦးရေကို ၇၄သိန်းကျော် (ခုနစ်သန်းကျော်)ဟု ဖော်ပြခြင်းက သဘာဝကျနိုင်ပါသည်။ ဘင်္ဂါ ၁၂မြို့ကို ဘုံညားကြီးတိုင်း ၁၂တိုင်းဟု သတ်မှတ်သည်ဆိုပါကလည်း သိန်း ၆၀ခန့်သာ ထပ်မံပိုလာပါမည်။ သို့ရာတွင် ဘင်္ဂါ ၁၂မြို့မှာ တိုင်းအဆင့်မဟုတ်ခဲ့ပါ။ ထိုဒေသတွင် ယခုခေတ် သန်းတစ်ရာကျော် နေထိုင်ရှိသည်ကိုတွက်ဆ၍လေးမြို့ခေတ် ရခိုင်လူဦးရေကို ခုနစ်ကုဋေကျော်ရှိသည်ဟု ဆို၍ရနိုင်မည်မဟုတ်ပေ။ ထိုစဉ်က ဘင်္ဂလားမြစ်ဝပိုင်းမှာ မြေနုကျွန်းပေါ်သည် ယခုခေတ်လောက်ထိ ကျယ်ပြန့်ခဲ့ခြင်း မရှိသေးပေ။

## ဦးရီးတော် အနန္တဘယ အသူနည်း

လေးမြို့ခေတ်တွင် တရားစောင့်သော မင်းအဖြစ် ထင်ရှားခဲ့သော မင်းထီး (၁၂၈၃-၁၃၈၉)၏ ဦးရီးတော်မှာ အနန္တဘယအမတ်ဖြစ်ကြောင်း ရာဇဝင်တို့က ဆိုကြပါသည်။ သူ၏မျိုးရိုးဇာတိကို ရာဇဝင်တို့က အတိအကျ

မဖော်ပြကြသော်လည်း မင်းထီးမယ်တော်၏ အစ်ကိုတော်ဟုသာ ဆိုရချေပါသည်။ ရခိုင်မဂ္ဂဇင်း အမှတ် ၁၉ စာမျက်နှာ ၃၇၃မှ အနန္တဘယအမတ်ကြီးသည် နန်းကျားကြီးကို ဖြုတ်ချခဲ့သူ ရှင်ငယ်စိတ္တရဖြစ်ကြောင်း၊ ညီငယ် နရဒမှာ ရန္တမိတ်အမတ်ဖြစ်ကြောင်း၊ သူတို့၏အမသည် မင်းထီး၏မယ်တော် သုဘဒ္ဒါဒေဝီဖြစ်သွားကြောင်းဖြင့် ဆိုထားပါသည်။ တင်ပြသူက ဤအချက်ကို ဝတ္ထုရေးဟန်အတွင်း ထည့်သွင်းထားသော်လည်း သမိုင်းဖြစ်ရပ်ဖြစ် ၍ ရဲရဲကြီးပြောထားသလို ဖြစ်နေပါသည်။

ရှေးရခိုင်တွင် ဘုရင်မင်းတို့သည် သာကီဝင်မင်းမျိုးဟု ယူဆခဲ့ကြပြီး သားတော်များကို မယ်တော်ကွဲ နှမတော်များနှင့်သာ လက်ဆက်စေခဲ့ပါသည်။ မျောက်သားတော်ဟု ခေါ်ပါသည်။ ဤသို့ အိမ်ရာချပြီးမှသာ နယ်စား မြို့စား စသည့်ရာထူးတာဝန်ကို ပေးအပ်လေ့ရှိခဲ့ပါသည်။ အသက်အရွယ်ငယ်သော်လည်း ထိမ်းမြားပေးရ လေ့ရှိပါသည်။ ဝေသာလီတိုင်းစန္ဒြားမင်းကြီးသည် လူပျိုအဖြစ် ကိုးနှစ်နေခဲ့ကြောင်း အိမ်ရှေ့မင်း ၂၃နှစ်နေကြောင်း ရာဇဝင်၌ ပါရှိပါသည်။

ဤသည်ကိုထောက်၍ မင်းထီး၏မယ်တော် သုဘဒ္ဒါဒေဝီသည် ခမည်းတော် မင်းဘီလူးနှင့်သာ ဘုရင်မျိုး ဘုရင်နွယ် တော်စပ်ခဲ့ပါမည်။ အနန္တဘယမှာလည်း မင်းဘီလူး၏ခမည်းတော် နန်းကျားကြီး၏ သားတော်တစ်ဦး သာ ဖြစ်တန်ရာသည်။ သို့သော် မိဖုရားခေါင်ကြီး (မျောက်သားတော်)၏သားမဟုတ်ဘဲ အခြားမိဖုရားတစ်ဦးဦး ၏ သားဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိဖုရားခေါင်ကြီး (မျောက်သားတော်)၏ သားသာလျှင် နန်းမွေဆက်ခံခွင့်ရှိ၍ဖြစ်ပါသည်။ အမတ်မျိုးမှလာသောဘုရင်မျိုးတို့၌မူ ဤစနစ်ကျင့်သုံးခြင်းမရှိ ကြောင်း မြောက်ဦးနှောင်းခေတ် (၁၈-ရာစု) သမိုင်းတွင် တွေ့မြင်နိုင်ပါသည်။ နန်းကျားကြီး၊ မင်းဘီလူးတို့မှာ အမတ်မျိုးမဟုတ်ကြောင်း ရာဇဝင်တို့က ဆိုပါသည်။

**လေးမြို့ခေတ် မြို့ပြများ**

လေးမြို့ခေတ်တွင် ပေါ်ထွန်းခဲ့သော မြို့တော်များမှာ ပဉ္စာ၊ ပရိမ်၊ စမ္ပဝက်၊ ခြိတ်၊ နေရဥ္စရာ တောင်ငူနှင့် လောင်းကြက်တို့ ဖြစ်ကြပါသည်။ ထိုအနက် ပရိမ်၊ ခြိတ်နှင့် လောင်းကြက်တို့၏ အရပ်စွဲအမည်များမှာ ယခု ထက်တိုင် ကျန်ရှိနေပါသေးသည်။

စမ္ပဝက်မှာ ဝေသာလီနှောင်းခေတ်၌ ၂၄နှစ်တိုင်တိုင် ထီးနန်းမြို့ပြဖြစ်ခဲ့ပါသေးသည်။ စမ္ပဝကို အချို့သမိုင်း တို့က မြောက်ဦးအရှေ့ဘက် နှစ်တိုင်(လေးမိုင်)ဟု ဖော်ပြကြပါသည်။ စမ္ပဝက်နှင့် တွဲဖက်သောအရပ်မှာ မိုးကြိုးကန် ဖြစ်ပါသည်။ ယခု ယင်းကန်မှာ အထင်အရှားရှိနေပါသည်။ မြောက်ဦးအရှေ့မြောက်ဘက် ခြောက်မိုင် အကွာတွင် ရှိနေပါသည်။ တောင်ချိုင့်ဝှမ်းငယ်ကို ပိတ်၍ ဆည်ထားပါသည်။ အရှေ့ဘက်အနီးတွင် လေညှင်းတောင်ရွာ ရှိပါသည်။ လေးမြို့မြစ်အနောက်ဘက်ကမ်းတွင် ဖြစ်ပါသည်။ ဤရွာအနီး၌ မြေဘောင်တန်း တစ်ခု၊ နဂါးတောင်၊ လေသာတောင်နှင့် ပေငါးဆယ်မျှ ကျယ်ပြီး တောင်မြောက် သုံးဖာလုံခန့်တန်းနေသော ကျုံးတန်းတစ်ခုရှိပါသည်။ နဂါးတောင်နှင့် လေသာတောင်တို့မှာ သီးခြားတောင်လွတ်များဖြစ်ပြီး ယင်းတို့၏ အနောက်ဘက်၌ မြေပြန့်အရပ်နှင့် တောင်တန်းကြီးရှိပါသည်။ ဤအတွင်းဘက်မြေပြန့်အရပ်မှာ အတော်အတန် လုံခြုံသောအရပ် ဖြစ်နိုင်ပါသည်။

မိုးကြိုးကန်သည် စမ္ပဝက်နှင့် တွဲဖက်လျှင် လေညှင်းတောင်အနီးတွင်သာ စမ္ပဝက်မြို့ဖြစ်နိုင်ပါသည်။ ရာဇဝင်အချုပ်(ယု-ဝမ်း- ၅)တွင်လည်း ခြိတ်နှင့် စမ္ပဝက်သည် နှစ်တိုင်(လေးမိုင်)ဝေးသည်ဟု ပါရှိပါသည်။ ခြိတ်၏တောင်ဘက် လေးမိုင်ဝေးသည့်အရပ်မှာ မိုးကြိုးကန်အရပ်သာ ဖြစ်ပါသည်။ မိုးကြိုးကန်နှင့် ဝေးသော စင်းပြွမ်းကိုင်း(လေးမြို့မြစ်အရှေ့ကမ်း)မှာ ဖြစ်နိုင်ချေမရှိပါ။ မင်းပြားအနီးတွင် စမ္ပဝက်မြို့ ရှိခဲ့မည်ဟု အချို့ယူဆ

ချက်မှာလည်း အမှန်ပင်ဝေးကွာပါမည်။ ပရိမ်မတည်မီ လောင်းကြက်အရပ်သည်ပင် ညွှံထူထပ်ခဲ့သည်ကို သမိုင်း၌ ဖော်ပြကြပါသည်။ ယင်းထက်တောင်ဘက်ကျသောအရပ်သည် ကုန်းတွင်းပိုင်းနှင့်အလွန်ဝေးကွာသွားပါမည်။ လေးမြို့အရှေ့ဘက်ကမ်း၌ စမ္ပဝက်ရွာရှိခဲ့သည်ဟု ကျောက်စာတစ်ချပ်၌ ပါရှိသော်လည်း ထိုအရပ်မှာ မိုးကြိုးကန်နှင့် ဝေးနေပြန်ပါသည်။

ပဋ္ဌာမြို့နှင့် ပတ်သက်၍ အချို့က စမ္ပဝက်နှင့် တစ်ထပ်တည်းယူဆကြသလို အချို့က စမ္ပဝက်၏ တောင်ဘက်အရပ်ဟု ဆိုကြသည်။ အချို့ကမူ တောင်ဘက်တွင်ရှိသည်ဟူ၏။ ရာဇဝင်တို့၌ စမ္ပဝက်ပြီးမှ ပဋ္ဌာ၊ ပဋ္ဌာပြီးမှ ပရိမ် ပေါ်ခဲ့ကြောင်းဆိုပါသည်။ (အချို့မှာ ကွဲလွဲပါသည်။) စမ္ပဝက်မှာ မိုးကြိုးကန်နှင့် ဆက်စပ်လျှင် တောင်ထူထပ်သည့်အရပ်ဖြစ်သည်။ ပရိမ်မှာ တောင်ကုန်းငယ်များ ထူသည်။ ယင်းနှစ်ခုကြားသည် မြေပြန့်ဖြစ်သည်။ ယခု မြောက်ဦးမြို့၏ အရှေ့ဘက်မကျားတောင်တန်းနှင့် လေးမြို့မြစ်အကြားဖြစ်ပါသည်။ ဤအရပ်ဝန်းကျင်သာ မြို့ကြီးပြကြီးထွန်းကားနိုင်သည့် အခြေအနေရှိပါသည်။ ကန်ပျက်ပေါင်းများစွာ ယခုတိုင်ကျန်ရှိနေပါသေးသည်။ ဤအရပ်မှာ လဂါသနီ(စေတီကုန်း) မောင်သာကုန်း၊ ပီပင်ကုန်းရွာ ပတ်ဝန်းကျင်ဖြစ်ပါသည်။ လဂါသနီရွာမှာ တောင်တန်းနှင့် မြစ်ကမ်းအလယ်လောက်တွင် ရှိပါသည်။

လဂါသနီရွာမှာ အနီးအနားရှိ လယ်ပြင်များထက် အနည်းငယ်မြင့်သည်။ ယင်းရွာ၏ အနောက်ဘက်တစ်မိုင်ခန့်တွင် အုတ်တောင်စေတီအရပ်ရှိသည်။ ပီပင်ကုန်းရွာဟောင်းအရပ်လည်း ဖြစ်သည်။ ဤအရပ်၌ တောင်ကုန်းငယ်ငါးလုံးမှာ ပစောက်ပုံတည်ရှိသည်။ အတွင်းဘက်ကျသော အရပ်သည် ပြည့်ညီဖြစ်ပြီး အခြားသောအရပ်တို့ထက် အနည်းငယ်မြင့်ပါသည်။ ပစောက်ပုံရှိသောတောင်ကုန်းများ၏ အပြင်ဘက်တစ်လျှောက်အနီးစပ်မှာ မြေနိမ့်ပြီး ကျုံးလိုလို ချိုင့်ဝှမ်းဖြစ်နေပါသည်။ ဤတောင်ကုန်းငယ်များကို သစ်ဝါးတို့ဖြင့် ဆက်စပ်လိုက်က အတွင်းပိုင်းဧက ၃၀ခန့်သည် အတော်အတန် လုံခြုံသည့် နန်းမြို့အရပ်ဖြစ်နိုင်ပါသည်။ တောင်ကုန်းငယ်တို့မှာ မျှော်စင်တမျှရှိနေပါမည်။ တောင်ကုန်း တောင်တန်းကို အခြေခံ၍ တည်သောမြို့ကို တောင်ထက်တွင်ရှိသည်ဟု ဆိုတတ်သည်မှာ သဘာဝကျပါသည်။ တပင်ရွှေထီး (၁၅၃၁- ၅၀) မြောက်ဦးကို လာရောက်တိုက်ခိုက်စဉ်က ရခိုင်မြို့သည် တောင်ထက်တွင်လည်း ရှိ၏။"ဟုဆိုထားသည်နှင့် နှိုင်းဆနိုင်ပါသည်။ တစ်ခုတော့ ရှိပါသည်။ မြောက်ဦးမှာ တောင်ထူထပ်ပါသည်။ မြို့ရိုးတံတိုင်းတို့ကို တောင်ပေါ်တွင်လည်း တည်ဆောက်ခဲ့ပါသည်။

ပဋ္ဌာမြို့မှာ ဓညဝတီ၊ ဝေသာလီ၊ ခြိတ်နှင့် မြောက်ဦးတို့ကဲ့သို့ မြို့ရိုးတံတိုင်းထားခဲ့သည့်မြို့ ဖြစ်ဟန်မတူပါ။ ထရံကာမြို့သာ ဖြစ်ခဲ့ချေမည်။ လောင်းကြက်တွင် နန်းတံတိုင်းရှိခဲ့သော်လည်း တစ်မြို့လုံးကို ထရံကာခဲ့သဖြင့် လောင်းကြက်ထရံကာမြို့ဟုသာ ရာဇဝင်၌သုံးနှုန်းပါသည်။ ပဋ္ဌာမြို့တော်တွင် သင်္ဂါယနာတင် ဓမ္မသဘင်ပွဲကြီးကို မင်းရင်ဖြူက ကျင်းပခဲ့ရာ ထိုအရပ်သည် နန်းမြို့အရှေ့အရပ်တွင် လဂါသနီလို မြေမြင့်အရပ်မျိုးသာ ဖြစ်တန်ခဲ့ပါမည်။

နေရဉ္စရာ တောင်ငူမြို့တော်၏တည်ရာနှင့်ပတ်သက်၍ ပရိမ်တစ်ဖက်ကမ်းတွင် နာဂရွာရှိသည်ကိုထောက်၍ ယင်းအရပ်ဟု ယူဆသူများ ရှိကြပါသည်။ အင်းစောက်ရာဇဝင် (ကေ-ကြော-၁-၂)၌ နေရဉ္စရာတောင်ငူသည် ပရိမ်အရှေ့တောင်ဘက် နှစ်တိုင် (လေးမိုင်)အကွာ တောတန်းကျွန်းတွင် ရှိသည်ဟု ဆိုထားပါသည်။ တောတန်းကျွန်းမှာလေးမြို့မြစ်အရှေ့ကမ်း နာဂရာ အပါအဝင် ပန်းမြောင်းလက်မ၊ အောင်တိုင် မင်းဖူးသောင်းခေါင်မော်၊ သတိုးစသည့်အရပ်ကို ခေါ်ပါသည်။ သို့သော် ပရိမ်အရှေ့တောင်ဘက် လေးမိုင်ဆိုသောကြောင့် လက်မရွာ၏ အရှေ့တောင်ဘက်မင်းဖူး၊ အသေကာလဝန်းကျင်လောက်တွင်သာ ဖြစ်တန်ရာသည်။ ဤရွာတို့မှာ ပန်းမြောင်းကြီးချောင်းတွင် ရှိပါသည်။ တောတန်းကျွန်း၏အဓိက နတ်ကွန်းဖြစ်သော ရွှေစပါယ်တောင်၏ မြောက်ဘက်တွင်

ကျရောက်ပါသည်။ (မှတ်ချက်- သုံးလံကို တစ်တာ (တစ်ဝါး) ဟု ယူဆလျှင် တစ်တိုင်၌ သုံးမိုင်ခန့်ရှိပြီး ခြေကျင် တစ်နာရီခရီးဖြစ်ပါသည်။ )

အသေကာလရွာ၌ အနောက်ဘက်တွင် ရွာဟောင်းအရပ်ဟူ၍ရှိပါသည်။ ဤအနီးဝန်းကျင်တောင်ကုန်း တောင်တန်းတို့၌ ရှေးဟောင်းစေတီပုထိုးများရှိပါသည်။ ရွာဟောင်းရွာ၏အနောက်ဘက်တွင် သင်ဖုန်းတော် စေ စေတီတောင်တန်း ရှိပါသည်။ ယင်းစေတီ၏အရှေ့ဘက်ခြေရင်းမှာ မြေပြန့်ပြီး ဧက ၄၀မျှကျယ်ပါသည်။ တောင်မြောက်ရှည်လျားသည်။ အရပ်လေးမျက်နှာတွင် တောင်တန်းငယ်များက တံတိုင်းသဖွယ်ငုံထားပါသည်။ ၁၉-ရာစု မြန်မာကျမ်းတစ်စောင်၌ တောင်ငူ(နေရဥ္စရာ)ဟု သုံးထားပါသည်။ တောင်ငုံနှင့် တောင်ငူမှာ အသံပြောင်း၍ ရနိုင်ကောင်းပါသည်။ ပရိမ်အရှေ့တောင်ဘက် လေးမိုင်အကွာ တောတန်းကျွန်းနှင့် တောင်ပတ်လည် ဝန်းရံထားသည်ကို ထောက်၍ နေရဥ္စရာနန်းမြို့နေရာကို အသေကာလအနောက်ဘက် သဖုန်းတော်စေတီ တောင်ခြေကိုသာ ခန့်မှန်းမိပါသည်။ အနောက်တခါးမှာ လေးမြို့မြစ်ကမ်းရှိ အောင်တိုင်ရွာ (မြောင်းဘွေတစ်ဖက်ကမ်း)ဖြစ်ပါသည်။ လူနေမြို့ပြမှာ မြေပြန့်အရပ် လက်မဝန်းကျင်သာ ဖြစ်တန်ပါသည်။

ဆိုခဲ့ပြီးသော စမ္ပဝက်၊ ပဥ္စာနှင့် နေရဥ္စရာ တောင်ငူမြို့ဟောင်းနေရာတို့နှင့်ပတ်သက်၍ ခိုင်မာသော အထောက်အထားများကို ထပ်မံရှာဖွေရပါဦးမည်။ တစ်စွန်းတစ်စလောက်နှင့် လုံလောက်မည်ကား မဟုတ်ချေ။ အဆိုပြိုင်များကို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေမှန်သည် ရလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

**အောင်လှသိန်း**

**မှီငြမ်း**


၁။ ရခိုင်မဂ္ဂဇင်း၊ အမှတ် ၁၉ (၁၉၉၆

၂။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ အသျှင်စန္ဒမာလာလင်္ကာရ

၃။ ကုန်းဘောင်ဆက်၊ မဟာရာဇဝင်တော်ကြီး ၊ ဦးမောင်မောင်တင်

၄။ History of Burma -Phayre

၅။ History of Burma -Phayre

၆။ ဦးဦးသာထွန်း၏မှတ်စုများ။

၇။ စာရေးသူ၏ကွင်းဆင်းမှတ်တမ်းများ။

# ရခိုင်အိုးစည်

**အနောက်သား(စစ်တွေ)**

ရခိုင်ပြည်၌ ဓညဝတီခေတ်ကပင် သုခုမအနုပညာထွန်းကားခဲ့ကြောင်း သိရှိရပါသည်။ ရခိုင်တို့၏ ဂီတ အနုပညာနှင့် သက်ဆိုင်သောတူရိယာပစ္စည်းများမှာလည်း အများအပြားပင် ရှိခဲ့ပါသည်။

ရခိုင်တို့၏တူရိယာပစ္စည်းများနှင့် ပတ်သက်သော မှတ်တမ်းများကို ရှေးစာဟောင်း ပေဟောင်းများတွင် တွေ့ရှိရပါသည်။

စန္ဒသူရိယလက်ထက် မဟာမုနိရုပ်တုတော်ကို သွန်းလုပ်သည့်အခါ ရခိုင်တူရိယာများ တီးမှုတ်ခဲ့ကြ ကြောင်းကို ရခိုင်ရာဇဝင်လင်္ကာ၌ “ထူးကဲသာယာ၊ များစွာပဥ္စင်၊ သဘင်ခြိမ့်ခြိမ့်၊ တသိမ့်သိမ့်လျှင်၊ ပျော်ရွှင်မှုတ်တီး၊ နားမငြီးသည်၊ ပွဲကြီးသဘင် ထူးဆန်းတည့်”ဟူ၍ ဖွဲ့ဆိုထားကြောင်း တွေ့ရှိရပါသည်။

ဥက္ကာပျံ၏တစ်ဆယ့်နှစ်ရာသီတွဲ့တွင်လည်း

“ဝိန်းပေါင်းခရာ၊ စည်ဒုပ္ပါသည်၊ ပတ်သာမြို့လုံးချုံးမျှ၊ ကခြီမူ ပတ္တလား၊ စောင်းညှင်းပြွေသာ၊ တူရိယာ သည်၊ လှူရွာသဘင်များနှင့်. . . ”ဟူ၍လည်းကောင်း၊

ဟံသာဝတီနိုင်မော်ကွန်းတွင်လည်း

“ဘောမှုတ်သားလည်း ဘောကိုသံဆင့် မှုတ်ရရေ. . . စည်တီးသားလည်း စည်ကိုသံဆင့် တီးရမေ” ဟူ၍ လည်းကောင်း၊

စန္ဒြားဘွဲ့၌လည်း

“. . . ကျင်သံတပြီး၊ စီးတော်လှီက၊ စည်လည်းတီးဗျာ။ အူအူလည်းသောင်းသောင်း၊ ဗုံမောင်းလည်း ခရာ၊ ပတ်သာလင်းခွက်၊ ဧသာခြင်းနှင့်. . . ” ဟူ၍လည်းကောင်း၊ ဖွဲ့ဆိုရေးသားထားခဲ့ကြသည်ကို တွေ့ရှိရပါသည်။

ထို့ပြင်တဝ ရခိုင်ရှေးဟောင်းသာခြင်းများ၊ တေးကဗျာများတွင်လည်း ရခိုင်တူရိယာအကြောင်း တစ်စွန်း တစ်စ ထင်ဟပ်လျက်ရှိနေပါသည်။ ရခိုင်ရှေးဟောင်းသာခြင်းတစ်ပုဒ်၌ မင်္ဂလာဆောင်တွင် တီးရသောတူရိယာ နှင့်ပတ်သက်၍

“ယပ်တောင်ကိုင်ကာ၊ ဒက်တန်းဆာကို၊ ကိုယ်မှာလည်းရစ်၊ စံပါယ်ပိုက်။ နောက်ကတသီး၊ တူရိယာလေ၊ ဗုံလင်းခွက်ကို လွှမ်းခြင်းတီးလို့ . . . ”ဟူ၍လည်းကောင်း၊

“စည်တော်တီးရေနာသားရေ၊ ဗုံရှည်တီးရေနာသားရေ၊ ပန်းတရားတီးရေနာသားရေ၊ အိုးစည်တီးရေနာ သားရေ၊ တေနာသားရေ၊ ဇူးဝေ . . . ဝေ . . . ဇူး. . . ဇူး”ဟူ၍တစ်ဖုံ တွေ့ရှိရပါသည်။

ထို့ပြင် ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်၊ မြုံထောင် စသည့်ရခိုင်ဒေသတို့၌ အလွန်ထင်ရှား သော ပင်းခူအက ပင်းခူခြင်းတစ်ပုဒ်တွင် “ဗုံခြင်းမှာ သုံးဆယ်ပေါ်လတ်တေ၊ စည်ခြင်းမှာ သုံးဆယ်ပေါ်လတ်တေ၊ စောင်းခြင်းမှာ အလိုပေါ်လတ်တေ၊ စောင်းကြိုးမှာ လေးပင်၊ တစ်ပင်လျှော့တင်း၊ မောင်ဒိုးအောင်မှာ ဖော်လတ် ခြင်း၊ ဖြိန်းလက်မဖြိန်းစောင်၊ ဖြိန်းမမောင်၊ ဖြိန်း. . . ဖြိန်း. . . ဖြိန်း. . . ဖြောင်”ဟူ၍ ဖွဲ့ဆိုထားပါသည်။

ယင်းအပြင် ယနေ့ ရခိုင်ပြည်အနှံ့အပြားတွေ့ရှိရသော ရုပ်လုံးရုပ်ကြွများတွင် ရခိုင်တို့၏

ကိုယ်ပိုင်တူရိယာပစ္စည်းများ သမိုင်းဦးကာလကပင် ရှိနေခဲ့ပြီးဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

"ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"ဟူ၍ ရခိုင်တူရိယာပစ္စည်းများကို အတိုနှင့်မှတ်တမ်းတင်ထားခဲ့ကြပါသည်။ "ကြေးဆိုသည်မှာ ကြေးဖြင့်ပြုလုပ်ထားသောတူရိယာပစ္စည်းများ၊ "ကြိုး"ဆိုသည်မှာ ကြိုးဖြင့်ပြုလုပ်ထားသော တူရိယာပစ္စည်းများ၊ "သားရေ"ဆိုသည်မှာ သားရေကြက်၍ ပြုလုပ်ရသောတူရိယာပစ္စည်းများ၊ "လေ" ဆိုသည်မှာ လေကိုအသုံးချရသော တူရိယာပစ္စည်းများဖြစ်ပြီး။ "လက်ခုပ်"ဆိုသည်မှာ လက်ခုပ်၊ ဝါးလက်ခုပ်၊ သစ်လက်ခုပ် စသည်တို့ဖြစ်ပါသည်။

ရခိုင်သားတို့၏တူရိယာထဲတွင် သားရေကြက်၍တီးရသော စည်အမျိုးပေါင်း များစွာရှိသည့်အနက် စည်အိုင်ခေါ် အိုးစည်တစ်မျိုးလည်း ပါဝင်ပေသည်။ အိုးစည်ကို ရခိုင်ရိုးရာရထားပွဲ၊ ဘုရားသံထီးတင်ပွဲ၊ ရှေးသူရုပ်ကြီးများကပွဲ၊ ရက္ခိတပူဇာပွဲနှင့် အခြားဘာသာရေးဆိုင်ရာပွဲများတွင် တီးလေ့ရှိပါသည်။ ဘုရားသံထီးတင်ပွဲ၌ အိုးစည်ကို ငြိမ်းထက်မှနေ၍ တီးရပါသည်။ ရှေးသူရုပ်ကြီးများကပွဲကို တန်ဆောင်တိုင်ပွဲ၌ ကျင်းပရာတွင် အကွေ့တစ်ထောင်ရှိသော ဝက်ဘာကို လှည့်ပတ်ကခုန်ကြပါသည်။

ယင်းအချိန်တွင် အိုးစည်ကို သံချပ်ကြီးများဆို၍ တီးမှုတ်ကခုန်ကြ၏။ ယင်းဝက်ဘာကွေ့မှာပင် မြတ်စွာဘုရားကို ကာလနဂါးဖူးဟန်ဖြင့် နဂါးအကတစ်မျိုးလည်း ပါဝင်ပါသည်။ နဂါးအကတွင် သံချပ်ကြီးများဆို၍ အိုးစည်တီးရပါသည်။ သံချပ်ကြီးများကြားတွင် သံချပ်တိုများကိုလည်း ညှပ်၍ဆိုရပါသည်။ ရှေးခေတ်က နဂါးအက၌ ဆိုရသောသံချပ်တိုတစ်ပုဒ်မှာ-

"ဘုရားပွင့်တိုင်း လက်ဦးမြင်
ရီနန်းဘုရင် ကာလနဂါး
စပွဲယ်ယ ခေါ် နဂါးကျော်
ဘုရားဓာတ်တော် ပင့်ကာဝှက်ထား။
ဝင်ရွှမကင်းသည့် အလောင်းတော်
ဘူရိဒတ် ခေါ် နဂါးမင်းကြီး။
ယမူနာအောက်စံဌာနီ
ဘောဂဝတီ ငါတို့ရှိနန်း။

ရခိုင်အိုးစည် တိမ်မြုပ်ပျောက်ကွယ်ခဲ့သည်မှာ ကြာမြင့်ခဲ့ချေပြီ။ တိမ်မြုပ်ခဲ့ပြီဖြစ်သော ရခိုင်အိုးစည်ကို ရခိုင်ယဉ်ကျေးမှု သုတေသီအချို့က ယခုအခါ ပြန်လည်ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ၁၉၆၉ခုနှစ်ဦးလောက်တွင် ဆရာကြီးဦးဦးသာထွန်း၏အကူအညီဖြင့် စစ်တွေမြို့ ရက္ခိတပူဇာ ဖြစ်မြောက်ရေးကော်မတီမှ ဖော်ထုတ်ခဲ့ကြပါသည်။

ရခိုင်အိုးစည်မှာ ဗမာအိုးစည်နှင့် ကွာခြား၏။ ရခိုင်အိုးစည်တွင် အရွယ်အစားအမျိုးမျိုး ရှိနိုင်သော်လည်း အချိုးအစား၊ အတိုင်းအတာ တညီတညာတည်း ရှိရပါသည်။ ဗမာအိုးစည်ဝိုင်း၌ ပုလီ(ပုလွေ၊ ပြီ) က ဦးဆောင်ရ၍ ရခိုင်အိုးစည်ဝိုင်း၌မူကား အိုးစည်ကပင် ဦးဆောင်ရပါသည်။ အိုးစည်ကို အစိမ်းရောင်တွင် အဖြူရစ်ပါသော အဝတ်စဖြင့် ပတ်ထားရပါသည်။ အိုးစည်ဝိုင်းတစ်ဝိုင်းတွင် ပါဝင်ရမည့် လူဦးရေကန့်သတ်ချက်မရှိချေ။ ငါးယောက်မှ ၁၅ယောက်ထိ ပါဝင်နိုင်ပေသည်။

ရခိုင်အိုးစည်တစ်ဝိုင်းတွင် အိုးစည်အပြင် လင်းခွက်၊ ပုလီ၊ ဝါးလက်ခုပ်တို့ ပါဝင်ရသည်။ ဝါးလက်ခုပ်ပြုလုပ်ရာ၌လည်း အများဆုံး ဝါးနှစ်ဆစ်ထက်မပိုရပါ။ အတတ်နိုင်ဆုံး အဆစ်တို ဝါးများကိုသာ သုံးလေ့ရှိပါသည်။

ရခိုင်အိုးစည် တီးခြင်းသင်္ကေတနှင့် အိုးစည်သံမာဂဠများမှာ

(၁) ပေါင်း. . . ဂျမ်း။ . . . လာကတ်။

(၂) ပေါင်း. . . ပေါင်း. . . ဂျမ်း။ . . . လာလတ်ကတ်။

(၃) ပေါင်း. . . ဂျမ်း. . . (ပေါင်း)၂ ဂျမ်း။ . . . လာကတ်။ လာလတ်ကတ်။

(၄) ပတ်. . . ပေါင်း. . . ပေါင်း ။ . . . ထွက်လာကတ်။

(၅) ပတ်ကေ. . . ပေါင်း. . . ပေါင်း. . . ပေါင်း။ ထွက်၊ ထွက် . . . ထွက်လာကတ်။

(၆) ပက်ပက်ကေ. . . ပေါင်း. . . ပေါင်း. . . ပေါင်း။

(၇) ပက်ပက်ကေ. . . လုံးပေါင်း. . . ပေါင်း. . . ပေါင်း။

(၈) ပက်ပက်ကေ. . . လုံးပေါင်း. . . ပေါင်း. . . ပေါင်း. . . ပေါင်း။

(၉) ပက်ပက်ကေ. . . လုံးပေါင်း. . . ပေါင်းပေါင်း. . . ပေါင်းပေါင်း။

စသည်တို့ဖြစ်သည်။ အိုးစည်တီးခြင်းသင်္ကေတနှင့် အိုးစည်သံမာဂဠများကို တိုးချဲ့လိုက တိုးချဲ့နိုင်သည်။ သို့သော် အထက်ပါသင်္ကေတများကို အခြေခံရပါမည်။ "ပေါင်း"မှာ အိုးစည်သံဖြစ်၍ "ဂျမ်း"မှာ လင်းခွက်သံဖြစ်သည်။

"လာကတ်၊ လာလတ်ကတ်၊ ထွက်လာကတ်"ဆိုသည်မှာ "လာကြ၊ လာခဲ့ကြ၊ ထွက်လာကြ"ဟူ၍အိုးစည်ဝိုင်းသားများက သံပြိုင်ညီညာဆိုရသောအသံ ဖြစ်ပါသည်။

အိုးစည်တီးသောအခါ အိုးစည်ချင်းကို သီဆိုကြရသည်။ အိုးစည်ချင်းမှာ ကိုယ့်ဒေသနှင့်ကိုယ် အများအပြားပင် ရှိပါသည်။ စစ်တွေမြို့ ရက္ခိတပူဇာ ဖြစ်မြောက်ရေးကော်မတီမှ ၁၉၆၉ခုနှစ် ရခိုင်သင်္ကြန် ရက္ခိတပူဇာ ပွဲ၌ သီဆိုခဲ့ကြသော အိုးစည်ခြင်းတစ်ပုဒ်မှာကား-


"ပုလဲမြိုင်မြိုင်၊ ရက္ခိုင်ကမ်း
ဖျက်ဆိုင်လှိုင်းပန်း၊ ယက်ခတ်သံ
ရိုးမတောင်ယံ- ပွဲတင်ထပ်လို့
လျှပ်ရောင်လျှပ်ပန်း-သွယ်သွယ်ဖြာ
သော်တာလစန်း-ထိန်ထိန်ပြိုင်
သာစွငွေခိုင်-ကုံ့ကော်ပန်းနန့်
ရင်ခတ်ကြိုင်လျှမ်း-မွှီးပေါင်းဖြာ
ပွဲတော်အတာ- သင်္ကြန်ကျ
ရက္ခမဏ္ဍလ-န္တိရခိုင်
ရိုးရာအစိုင်- ထုံးမပျက်
ရက္ခိုင်ရက္ခ-ပွဲမဟာ
ရက္ခိတပူဇာ-ပွဲတော်မြတ်
ငါးကြိမ်ငါးထပ်- ကျင်းပယာ
ပူဇာ့ပူဇာ-ဂါရဝနန့်
ဝယဝုဒ္ဓိ-ကျေးဇူးသျှင်
ဘိုးသျှင်ဘောင်သျှင် ပုဂ္ဂိုလ်မြတ်ကို
သဒ္ဓါညွှတ်ညွှတ် -ရှိဦးတင်
ကြည်ကြည်စင်စင်- လှူဝတ္ထုကို
ပူဇော်သမှု- ဆက်ကပ်လှူ
အများသျှင်လှူ- ပုဂ္ဂိုလ်ပေါင်း
သောင်းသောင်းသာခု-ခေါ်ကတ်လီ
သာခု-သာခု ခေါ်ကတ်လီ
သာခု သာခု သာခု


လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ တိမ်မြှုပ်နေသော ယဉ်ကျေးမှုကိုပြန်လည်ဖော်ထုတ်ခြင်းနှင့် အသစ်အသစ်ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ခြင်းသည် မလုပ်မဖြစ်သောလုပ်ရပ်များပင် ဖြစ်ပါသည်။ ရခိုင်အိုးစည်ကို ပြန်လည်အသက်သွင်းရင်း အခြားအခြားတိမ်မြှုပ်နေသော ရခိုင်ယဉ်ကျေးမှုများကိုလည်း စနစ်တကျ ဖော်ထုတ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**အနောက်သား (စစ်တွေ)**

## မြောက်ဦးခေတ် ပညာရှိကြီး သိုက်တတ်လေက်ရုံး၏ လျှောက်တင်ချက်များ အခန်း(၂)

**ဆရာချစ် (စစ်တွေ)**




| | |
|---|---|
| မင်းစနီဇာတာ စင်-၀-၁-၃ | နရပတိမင်းဇာတာ ၉၄၃ ခု၊ စင်-၂-၁-၄ |
| သကြစ်-၉၈၂ ခုဖွား၊ သကြစ်- ၁၀၀၀ | ၉-၁ |
| ဝါဆိုလဆန်း ၅-နိ-တက်နီ-၂-ပဟိုရ် | ၉-၁၆ |
| ၁-နာရီ၊ ဝါး-နန်းတက်သည်၊ ဒဂ်ါးမခတ် | ၁၃-၆ |
| ထီးမဆောင်း ၁၀-ရက်တွင် သီသည်။ | ၉-၃ |
| | ၄၂-၂၈ |

(ပီမူရင်းအတိုင်း ရေးကူးသည်။ )

လောင်းကြက်စားအမတ်ကြီး ကေုသလ၊ ယတြာပြုလုပ်သော စေည်အကကို ကြည့်ရှု၍ သီရိသုဓမ္မာမင်းကြီးသည် သက္ကရာဇ် တစ်ထောင်ပြည့်၊ နယုန်လဆုတ် ၂ ရက်၊ တနင်္လာနေ့တွင် နတ်ရွာစံလေလျှင် သားတော်မင်းစနေကို နန်းတက်မိဖုရားနှင့် မင်းပြုကြောင်း။ မင်းပြုစဉ်ရက် အတွင်းမှာပင် ကျောက်ရောဂါဖြစ်လတ်၍ မိဖုရားနတ်သျှင်မယ်သည် လောင်းကြက်စား ကေုသလနှင့် ဟူးရားတတ် ရဲထွင်ရှိတို့ကိုတိုင်ပင်၍ နန်းတော်အရှေ့မြောက်ထောင့် ကမ်းနားဝယ် ဝင်းစားမအရပ်သို့ ယာယီပြောင်း၍ ထားပြီး မယ်တော်နတ်သျှင်မယ်မိဖုရားသည် မိမိနှင့် ချစ်ကြိုးသွယ်နေသော ကေုသလလောင်းကြက်စားအမတ်ကို နန်းတင်လို၍ ကျောက်ပေါက်နေသောသားမင်းစနေအား အဆိပ်တက်ဆေး (အဆိပ်ဆေး) ခပ်၍ပေးသဖြင့် နန်းစံအရက်နှစ်ဆယ် သက္ကရာဇ် တစ်ထောင် ဝါဆိုလဆန်း ၆ရက် ကြာသပတေးနေ့ လွန်တော်မူကြောင်း။ နံတော်မှာ စနေသားဖြစ်ကြောင်း။ ရာဇဝင်တွင်ဖော်ပြထားလေသည်။ အချို့ရာဇဝင်များတွင် သက္ကရာဇ်တစ်ထောင်၊ ဝါဆိုလဆန်း ၅ရက်နေ့ မင်းစနေနန်းတက်ကြောင်းပါရှိလေသည်။ ပေမူတွင်ပါရှိသော မင်းစနေဇာတာတွင် ဝါဆိုလဆန်း ၅ရက်နေ့နန်းတက်ပြီး နန်းသက် ၁၀ရက်ကိုသာ ဖော်ပြထားလေသည်။ ရက်ပိုင်းမျှသာကွဲလွဲကြ၍ သင့်လျော်ရာကို ပညာရှင်များ ယူကြပါလေ။ ဇာတာနှစ်စောင်ကိုမူ မဟာမုနိဗုဒ္ဓဝိဟာရ ဆရာတော်ဦးပညာစာရ၏ စုတ်ပြတ်ပျက်စီးနေသော ပေမူမှရရှိ၍ သုတေသီများလေ့လာနိုင်ရန် ဖော်ပြလိုက်ရပေသည်။ ပညာပိုင်းအနေဖြင့် ဇာတာများအပေါ် သုံးသပ်ချက်ကိုမူ သီးခြားဖော်ပြမှ ပြည့်စုံမည်ဖြစ်၍ ချန်လှပ်ထားခဲ့ရလေသည်။ လောင်းကြက်စား ကေုသလအမတ်ကြီးသည် မင်းစနေလွန်ပြီးနောက် သက္ကရာဇ် တစ်ထောင်ပြည့် ဝါဆိုလပြည့်ကျော် ၂ရက်၊ စနေနေ့နံနက် တပိုကျော်တွင် မိဖုရားနတ်သျှင်မယ်နှင့် ဘိသိက်ခံ၍ မင်းပြုပြီး နရပတိဘွဲ့အမည်ကို ခံယူတော်မူလေသည်။ သီရိသုဓမ္မရာဇာမင်း၏ မင်းသား မင်းမြေး ဆွေမျိုးမှူးမတ်တို့ကို ညဦးအချိန်၌ခေါ်လျက် အဆုံးစီရင်သတ်ပစ်လေသည်။ ယင်းကဲ့သို့ အဆုံးစီရင်သတ်ပစ်ခြင်းမှာ လောင်းကြက်မြို့တွင် နန်းကျမင်းဖြစ်သောအခါ၌ စိတ္တရနှင့် နာရဒရှင်တယ်တို့ သတ်ခါနီးတွင် လက်ျာနားမှ ယိုကျသောသွေးကို လက်ျာလက်ဝါးဖြင့် ခံ၍ ဘုရား၏ရုပ်တုပေါင်ပေါ်တွင် လက်ဝါးစုံကပ်ပြီး အကျွန်ုပ် တစ်ဖန် ဤပြည်တွင် မင်းဖြစ်လျှင် အကျွန်ုပ်၏ရန်သူဆွေမျိုး စသောသူတို့ကို သတ်ရပြီးမှ အကျွန်ုပ်လိမ်းကျံခဲ့သော လက်ျာပေါင်တော်သွေးသည် ကြေပျက်ပါစေသတည်းဟု ဓိဋ္ဌာန်ခဲ့သည့်အတိုင်း သတ်ဖြတ်ခြင်းဖြစ်ရလေသည်။ ယင်းသို့သတ်ဖြတ်ပြီးမှ ဘုရားရုပ်တုတော်မှသွေးသည် ကြေပျက်လေသည်ဟူ၏။ ယင်းသို့ မင်းညီမင်းသားဆွေမျိုးများကို ညဦးအချိန် ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်လေသောအခါ၌ ပညာရှိသိုက်တတ် လေက်ရုံးနှင့် စစ်ကွပ်ဆရာတော်တို့သည် သီရိသုဓမ္မာမင်းလက်ထက် ကေုသလအမတ် မင်းမဖြစ်အောင် မိမိတို့လုပ်ဆောင်ခဲ့ချက်များကို သတိရလျက် အသက်ဘေးအန္တရာယ်မှ ကင်းဝေးရန် အနောက်ကုလားပြည်သို့ ထွက်ပြေးကြလေသည်။ ကေုသလ (နရပတိ)မင်းသည် ထိုပုဂ္ဂိုလ်နှစ်ဦးကို လိုက်လံရှာဖွေစေရာ ခြေမြန်တော်စစ်သည်များက ကံသာရေကြည်မြို့တွင် သိုက်တတ် လေက်ရုံးပညာရှိကို ရရှိခဲ့ကြပြီး စစ်ကွပ်ဆရာတော်ကိုမူ နယ်လွန်သွားသဖြင့် မရရှိခဲ့ကြလေ။

သိုက်တတ် လေက်ရုံးပညာရှိကို နန်းတော်သို့ ခေါ်ဆောင်၍ နရပတိမင်းထံ ခစားစေသောအခါ နရပတိမင်း က သစ်တတ်လေက်ရုံးကို "ဟယ် သိုက်တတ်လေက်ရုံး၊ မင်း အဘယ်ကြောင့် ထွက်ပြေးသနည်း"ဟု မေး၏။ အရှင်မင်းကြီး ကျွန်ုပ်သည် မင်းဟရီ သီရိသုဓမ္မာ ဘုရင်လက်ထက်က ဆိုခဲ့သောစကားကို နှလုံးထားသဖြင့်

အသက်ဘေးကို စိုးရိမ်သောကြောင့် ထွက်ပြေးပါသည်ဟု လျှောက်လေသည်။ နရပတိမင်းက “ဟယ်သိုက်တတ် လေက်ရုံး၊ ဤပြည်တွင် မင်းတစ်ယောက် ငါတစ်ယောက်တည်းသာ ရှိသည်။ ရဟန်းတွင်လည်း စစ်ကွပ်ဆရာတော် တစ်ပါးသာရှိသည်။ စစ်ကွပ်ဆရာတော်ကို ငါရှာစေသော်လည်း မရခဲ့။ အတတ်ပညာကို အဘယ်မင်းစိုးလျှင် သတ်အံ့နည်း။ သင်သည် သစ်ကျမ်းအရာမှာ ငမှန်ကန် သိကြားရသေ့အတတ် မသာပေ။ ဘားမဲ့သိုက် ဗျာဓိရ နတ်သား ဘီလူးသိုက်ကျမ်းတို့၌ အတုလွတ်တတ်သည်။ စစ်ကွပ်ဆရာတော်လည်း အတုလွတ်တတ်သည်ဟု မိန့်တော်မူ၍ ဟယ် သိုက်တတ်လေက်ရုံး၊ ‘ငါတရင်းနာလိုသည်ဟု မိန့်လေသည်။

## သိုက်တတ်လေက်ရုံး တရင်းနာထွက်ခြင်း

ဘုရင့်အမိန့်တော်အတိုင်း သိုက်တတ် လေက်ရုံးသည် မွန်းလွဲငါးနာရီတွင် တရင်းနာရန် နန်းတော်မှထွက် လေသော် ထွက်ခြင်းပင်လျှင် တရင်းကို မြင်လေ၏။

မိန်းမတစ်ယောက်သည် ဆံပင်ကို သုံးစုခွဲ၍ထုံးလျက် စံကောတစ်ချပ်တွင် ဖွဲတစ်စု ပြာတစ်စု ထမင်းတစ်စု ကျည်ထောက်တစ်လုံးတွင် ရေထက်ဝက်လောက်နှင့် လှေကားမှဆင်းသည်ကို မြင်၍ နန်းတော်တွင်းသို့ ပြန်ဝင်လာ ပြီး အရှင်မင်းကြီး တြင်းကို မြင်ခဲ့ရပါသည်။ တြင်းကိုဖတ်ပါက အရှင်မင်းကြီးဖတ်မည့်တြင်းနှင့်တူပါက ကောင်းပါ မည်၊ မတူပါမူ အမျက်တော်ခံရမည်လားဟု လျှောက်၏။ ဖတ်မည့်တြင်းကိုသာဖတ်ပါ၊ ငါနှလုံးတော်ဝင်ပါသည်ဟု မိန့်လေ၏။

## လေက်ရုံးပညာရှိ တရင်းဖတ်ခြင်း

အရှင်မင်းကြီး တြင်းအလို ဆံပင်ကို သုံးစုခွဲ၍ ထုံးထားသည်မှာ အရှင်မင်းကြီး၏အနွယ်တော်လက်ထက် တွင် သုံးစုခွဲ၍ သတ်ကြလိမ့်မည်။ ဖွဲတစ်စု၊ ပြာတစ်စု၊ ထမင်းတစ်စု အလိုအရ အနွယ်တော်လက်ထက်တွင် ဖွဲပြာကဲ့သို့ လွင့်ပြိုပျက်စီးလတ္တံ့။ ကျည်ထောက်တွင် ရေထက်ဝက်အလိုမှာ အနွယ်တော်လက်ထက်တွင် တိုင်းပြည် ချောက်ချားလတ္တံ့ဟု လျှောက်တင်လေ၏။ မင်းကြီးလည်း ငါလည်းယင်းသို့ပင် ထင်သည်ဟု မိန့်လေ၏။

## နရပတိမင်းကြီးအမေး

ဟူးရားအတတ်ပညာတို့ဖြင့် ငါ၏အနွယ်အဆက် မည်မျှရှိနိုင်သည်။ ပြည် ကိန်းခမ်းအနေဖြင့် တွက်ချက် ၍မည်မျှထိ ဖြစ်နိုင်သည်ကို ဖြေကြားပါဟု အမေးတော်ရှိလေသည်။

## လေက်ရုံးပညာရှိဖြေဆိုချက်

ပညာရှိအမတ်ကြီး လေက်ရုံးလည်း တွက်ချက်၍ကြည့်ပြီး အရှင်မင်းကြီး ပြည်ကိန်းခမ်းသည် တစ်ဆယ့် တစ်ထက်မြောက်ရပါသည်။ သက္ကရာဇ်တစ်ထောင်စေ့က စ၍ပျက်လတ်ပြီးလျှင် တစ်ထောင့်ငါးဆယ်ကိုးခုတွင် ဤမြောက်ဦးမြို့သည် ဖွဲပြာကဲ့သို့ ထောင်းထောင်းပျက်လိမ့်မည်။ တစ်ထောင်ခြောက်ဆယ်စေ့တွင် မုန်တိုင်းထန် လိမ့်မည်။ အရှင်မင်းကြီး အနွယ်တော်သည် တစ်ဆယ့်တစ်ဆက်မြောက်တွင် သောကြာသားဖြစ်လိမ့်မည်။ သင်းတို့အတွက် မျူးမတ်တို့ မင်းပြုလျက် သုံးစုသုံးဖြာကွဲ၍ သတ်ကြလိမ့်မည် စသည်ဖြင့် ဖြေဆိုလျှောက်တင်လေ သည်။

**နရပတိမင်းကြီးမေး**

ဆင်မဲ ဆင်ဖြူ ဖြစ်လတ်မူကား ဆင်ဖြူအမြီး ပြတ်လတ္တံ့ဟူသည် အဘယ်ကို ဆိုသတည်း။

**ငလက်ရုံးဖြေ**

အရှင်မင်းကြီးအနွယ်တွင် အရှင်မင်းကြီးနှင့်တကွ သုံးဆက်သာ အကောင်းဖြစ်လတ္တံ့။ အရှင်၏အနွယ်တော်သည် ဗုဒ္ဓဟူးသား သုံးဆက်ဖြစ်လတ္တံ့။ ဗုဒ္ဓဟူးသား သုံးခါလည်လျှင် တိုင်းပြည်ပျက်လတ္တံ့။ ပြတ်လေပြီးမှ သူတို့အတွက် ဆက်လတ်မည်။ တစ်ကြောင်းတုံသော်လည်း အစပထမမြောက်ဦးမြို့ကို တည်လာသော ဘေးတော်မင်းစောမွန် ကြာသပတေးသား အဆက်ပြတ်သောအခါလည်း မင်းခေါင်ရာဇာ ကြာသပတေးသားတွင် ပြတ်ပါသည်။ ဘိုးတော်မင်းပါကြီး စနေသား အဆက်ပြတ်သောအခါ၌လည်း စနေသား မင်းစနေ လက်ထက်တွင်သာ ရပတ်ပါသည်။ အရှင်မင်းကြီး၏အနွယ်တော်ကိုလည်း ဗုဒ္ဓဟူးသားတို့ပြတ်ပါလိမ့်မည်။ ထိုမင်းတို့အနွယ်ကို ဆက်ဖြတ်မည့် နေ့သားတို့မှာ ပဥ္စပွတ် ဆပွတ်သားတို့သာ ဖြစ်ပါလိမ့်မည်။ အရှင်မင်းကြီး တစ်နည်းတုံသော်ကား ဤပြည်တွင် အဆုံး၌ စနေသားဖြစ်လာမည်။ ယင်းစနေသား မင်းသည် ဤမြို့ကို အသိပညာဉာဏ်ဖြင့် ကိုင်တတ်လျှင် မင်းကောင်းတစ်ယောက် ဖြစ်ပါလိမ့်မည်။ နန်းသက်သုံးဆယ်နေရပါမည်။ အနွယ်နှစ်ခု ဆက်ပါလိမ့်မည်။ အစွန်းငါးခုဖြစ်လိမ့်မည်။ စနေသားကို ဗုဒ္ဓဟူးသားဖြတ်ပါမည်။ ဗုဒ္ဓဟူးသား အက္ခရာလေးခုနှင့် ပေါင်းသော် အစွန်းရှစ်ခု (သက္ကရာဇ်) ထက်တွင် ပျက်လိမ့်မည်ဟု အမေးတော်ကို ဖြေကြားလျှောက်ထားလေသည်။

**နရပတိမင်းကြီးအမေး**

ဖြားလည်းပုံးပုံး ပြည့်လတ်မည်။ တောင်သူအိမ်ပါး ချဉ်းလတ်မည်။ အတွင်းလူငယ် မိမယ်ရင်ခေါင်း ဆာလတ်မည်။ ထမင်းခဲ့ကို အုတ်ခဲဟူ၍ ပစ်လတ်မည်ဟူသော စကားသည် အဘယ်နည်းဟု မေးတော်မူ၏။

**ငလက်ရုံးပညာရှိဖြေ**

ဖြားလည်းပုံပုံပြည့်လတ်မည်ဆိုသည်မှာ သက္ကရာဇ်တစ်ထောင်ပြည့်လတ်မည်ကို ဆိုပါသည်။ တောင်သူအိမ်ပါချဉ်းလတ်မည်ဆိုသည်မှာ အရှင်မင်းကြီးသည် ဗုဒ္ဓဟူးသား ဆင်နံ့တောင်သူဖြစ်ပါသည်။ ဗုဒ္ဓဟူးသား ဆင်နံနေ့သား အရှင်မင်းကြီးသည် နန်းတော်အိမ်သို့တက်၍ မင်းဖြစ်မည်ကို ဆိုပါသည်။ အတွင်းလူငယ် မိမယ်ရင်ခေါင်း ဆာလတ်မည်ဆိုသည်မှာ အရှင်၏နှမတော်သည် အရှင်မင်း ဖြစ်မည်လော မဖြစ်မည်လောဟု တွေးတောပူပင် ဆာလောင်ခြင်းကို ဆိုပါသည်။ ထမင်းခဲကို အုတ်ခဲဟူ၍ ပစ်လတ်မည်ဆိုသည်မှာ မင်းသားမင်းမြေး မှူးကြီး အမတ်ကြီးတို့သည် ရေဝယ်ကျလိမ့်မည်ကို ဆိုပါသည်ဟု အမေးတော်ကို ဖြေကြားလျှောက်ထားလေသည်။

နရပတိမင်းလည်း ဟယ် သိုက်တတ် ငလက်ရုံး မင်းနှင့် စစ်ကွပ်ဆရာ ဘုန်းတော်ကြီးသည် ဂေါတမမြတ်စွာဘုရားကဲ့သို့ သိမြင်ပေသည်ဟု မိန့်တော်မူလေသည်။

**နရပတိမင်းကြီးအမေး**

ချောင်းရိုးကားတိမ်၊ ကျွန်ရိုးမတိမ်ဟူသော စကားကား အဘယ်နည်း။

**ငလက်ရုံးပညာရှိဖြေ**

ချောင်းရိုးကားတိမ်၊ ကျွန်ရိုးမတိမ်ဟူသော စကား၏ အလိုမှာ အရှင်မင်းကြီး၏ အနွယ်တော်သည် ချောင်းရိုးတိမ်သော်လည်း အနွယ်တော်မတိမ်ဟူသော အလိုအဓိပ္ပါယ်ဖြစ်ပါသည်။

**နရပတိမင်းမေး**

ဆဒ္ဒန်ဆင်မျိုး ဆယ်ဆက်စိုး အကျိုးပြည်မှာ မရှိပါဟူသောစကားသည် အဘယ်နည်း။

**လေက်ရုံးပညာရှိဖြေ**

အရှင်မင်းကြီး ဗုဒ္ဓဟူးဆင်နံ အနွယ်တော်သည် ဆယ်ဆက်တိုင် ပြည်ကိုအုပ်စိုးသော်လည်း တိုင်းသူပြည်သားတို့ အကျိုးစီးပွား ရှိမည်မဟုတ်ကြောင်း ပြဆိုခြင်းဖြစ်ပါသည်။

**နရပတိမင်းမေး**

ရွှေထီး အကယ်ဆောင်းလတ်မည်လည်း တစ်ဦးသာ ဟူသောစကားသည်ကား အဘယ်နည်း။

**လေက်ရုံးပညာရှိဖြေ**

အရှင်မင်းကြီး အနွယ်တော်သည် တစ်ဆယ့်တစ်ဆက် မြောက်ပါလိမ့်မည်။ တစ်ဆယ့်တစ်ဆက်တွင် တစ်ဆက်သာ ရွှေထီးဆောင်းရလိမ့်မည်ဟု လျှောက်တင်ဖြေကြားလေသည်။ မင်းကြီးက ဆက်၍ငါ၏အနွယ်တော်သည် အနှစ်ဘယ်မျှတိုင်အောင် ဖြစ်လိမ့်မည်နည်းဟု ထပ်၍မေးရာ လေက်ရုံးပညာရှိက အရှင်မင်းကြီး အနွယ်တော်သည် ၇၂ခုလောက်တိုင် ဖြစ်လိမ့်မည်။ ခုနစ်ဆယ့်သုံးခုလောက်တွင် ပြတ်လိမ့်မည်ဟု လျှောက်လေသည်။

**နရပတိမင်းမေး**

ကျွန်နှင့်မတန် တစ်ပွင့်ပန် တစ်သန်လုံးလုံး တကုန်းကျွန်နှင့် မလာလေ့ ဟူသည် အဘယ်ကို ဆိုသနည်း။

**လေက်ရုံးပညာရှိဖြေ**

ကျွန်နှင့်မတန် တစ်ပွင့်ပန်ဟူသည်မှာ အရှင်မင်းကြီး အနွယ်တော်သည် တစ်သန်လုံးလုံး ပြည့်ပါမည် မဟုတ်ပါ။ တစ်ကုန်းလည်း ပြည့်ပါမည် မဟုတ်ပါ။ တစ်ပွင့်ဟူသည်မှာ အရှင်မင်းကြီး၏အနွယ်တော် ၁၁ဆက်တို့တွင် ထီးတစ်ယောက်သာ ပြန့်ပါလိမ့်မည်။ ကြွင်းသော မြေးမြစ်တော်တို့သည် ထီးဆောင်းရလိမ့်မည် မဟုတ်ပါဟု အမေးစကားကို ဖြေကြားလျှောက်ထားလေသည်။ နရပတိမင်းလည်း ဘယ်. . . သိုက်တတ်လေက်ရုံး၊ ငါ့ကို မြေးတော်သီရိသုဓမ္မာရာဇာသည် ဟူးရားတတ် သိုက်တတ်တို့နှင့် တိုင်ပင်၍ ငါ့ကိုမင်းမဖြစ်ရလေအောင် အင်းအိုင်မန္တန်ယန္တရားတို့ဖြင့် ငါ့အိမ်ကြဌာန်းအောက်တွင် ပြုလာသည်။ ငါ ယခု မင်းဖြစ်လာသည်တကား။ မင်းဖြစ်အံ့သောသူကို အဘယ်နတ်လူဖျက်၍ ပျက်နိုင်အံ့နည်း။ အမှုကောင်းမှုကံသာ လိုရင်းတည်းဟု မိန့်တော်မူ၏။ ထိုအခါ လေက်ရုံးပညာရှိက အရှင်မင်းကြီး အမှုကောင်းကံနှင့်သာ နေတော်မမူဘဲ ပတ္တရာပေါ်ကြောင်းနှင့် အဘယ်ကြောင့် ကြံသနည်းဟု မေးလျှောက်လေ၏။ နရပတိမင်းကြီးလည်း ဟယ် သိုက်တတ်လေက်ရုံး "ယောကျ်ား ဝီရိယ ထွန်တုံးက"စကားရှိသောကြောင့် ငါလည်း လုံ့လဝီရိယပြုရသည်။ ဂေါတမမြတ်စွာဘုရားသည် လုံ့လအားထုတ်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ငါတုံ့သော်လည်း လုံ့လပြုပြီးမှ မင်းအဖြစ်သို့ရောက်လာသည်။ သို့ဖြစ်၍ လုံ့လဝီရိယသာ အရင်းဟု မိန့်တော်မူ၏။ လေက်ရုံးပညာရှိကလည်း အရှင်မင်းကြီး မြေးတော် သီရိသုဓမ္မရာဇာကို ငစည်အခြင်းအရာကိုဆိုသောကြောင့် လူပြည်ညီး၍ နတ်ပြည်စံရသည်။ အရှင်မင်းကြီးလည်း အလိုကုန်တန် အကြံလိုစမ်း ဟူသောစကားဖြင့် ဝီရိယလုံ့လ စကားသာ မှန်ပါ၏ဟုလျှောက်လေ၏။ နရပတိမင်းကြီးကလည်း မင်းတို့ စည်းစိမ်မပျက် အသက်ရှည် ရာရှည်ကြောင်း ကျင့်အပ်သောတရားများကို လျှောက်တင်လော့ဟု မိန့်လေရာ လေက်ရုံးပညာရှိက မင်းကျင့်တရားဆယ်ပါးနှင့် ရတနာသုံးပါးကို ကြည်ညိုရိုသေ ဆည်းကပ်ရခြင်း တစ်ပါး၊ ငါးပါးသီလ မြဲရခြင်းတစ်ပါး၊ ရတနာသုံးပါးတို့၏

အမှုကြီးငယ်ကို ဆောင်ရွက်၍ ကျေးကျွန်ပြုရခြင်း တစ်ပါး၊ ရတနာသုံးပါးတို့အား စွန့်ကြဲပေးကမ်းလှူဒါန်း ရခြင်း တစ်ပါး၊ ထိုရတနာသုံးပါးတို့၏ဝတ္ထုကို မသုံးဆောင်ဘဲ ရှောင်ကြဉ်ရခြင်းလည်း တစ်ပါးစသည်ဖြင့် လျှောက်တင်လေသည်။

### နရပတိမင်းအမေး

မင်းကား ကိုးနွယ်၊ ကိုးဆယ့်ကိုးဆက်၊ တစ်ထောင်ထက်တွင် မပျက်အကျန် ဖြစ်တုံပြန်အံ့ ဟူသည် အဘယ်နည်း။

### လေက်ရုံးပညာရှိအဖြေ

အရှင်မင်းကြီး ဤမြောက်ဦးမြို့ထက်တွင် မင်းစောမွန် တစ်ဆက်တစ်နွယ်၊ အလီဝင် တစ်ဆက်တစ်နွယ်၊ ဘစောညို၊ စလက်ာသူ၊ မင်းစောအို၊ မင်းခေါင်ရာဇာတို့ တစ်ဆယ့်တစ်နွယ်စီ မင်းဘာကြီး သုံးဆက်တစ်နွယ်၊ စကြာဝတေးမင်း တစ်ဆက်တစ်နွယ်၊ မင်းဖလောင်း ငါးဆက်တစ်နွယ် အားဖြင့် မင်းပေါင်းကိုးနွယ်အဆုံး ကိုးရာကိုးဆယ်ခုအဆက် တစ်ထောင်ထက်တွင် အရှင်မင်း၏အနွယ်တော် အကျန်မင်းတို့ဖြစ်လာမည်။ ထိုကိုးဆက်တို့သည် တည်ပြုခြင်းကြောင့် တစ်ထောင်ထက်တွင် ပျက်မည်ဟု ဆိုပါသည်။ (ကိုးဆယ့်ကိုးဆက် ဟူသည် မင်းဆက်မဟုတ်၊ သက္ကရာဇ်ကို ယူပါ။)

နရပတိမင်းလည်း ငါလည်း ၅၆နှစ်မှ မင်းဖြစ်လာသည်။ လေက်ရုံး အသက်အဘယ်မျှရှိပြီနည်း ဟုမေးရာ အရှင်မင်းကြီး ၇၇နှစ်ရှိပါပြီ။ ရက်သော်ကား တနင်္လာသား ဖြစ်ပါသည်ဟု လျှောက်၏။

### နရပတိမင်းအမေး

သိုက်ဟူသောစကားကို သိရပေပြီ။ နိဒါန်းဟူသည်ကား အဘယ်နည်း။

### လေက်ရုံးပညာရှိဖြေ

အရှင်မင်းကြီး၊ နိဒါန်းဟူသောစကားသည် သူငယ်တို့ ဝမ်း၌ နတ်တို့ ဝင်ပူးကပ်ပြီး ပြောဆိုသောစကားသည် နိဒါန်းမည်ပါသည်။ တစ်နည်းတုံသော်လည်း လူတို့၌ ပျို့ကဗျာလင်္ကာ အဲအန် စကားသည်လည်း နိဒါန်းမည်ပါသည်ဟု လျှောက်၏။

### နရပတိမင်းအမေး

နိဒါန်းစကားသည် မှန်လေသလော။

### လေက်ရုံးပညာရှိဖြေ

အရှင်မင်းကြီး၊ ဘုရားဟောတော်မူသော စကားလည်း မှန်ပါသည်။ သမ္မာဒေဝနတ်တို့ ဟောအပ်သော နိဒါန်းစကားသည်လည်း မှန်ပါသည်။ ရသေ့၊ ဆတ်မ၊ ဘီလူး၊ ဘားမဲ့၊ သိကြား၊ ငမှန်ကန်၊ ဂဝံပတိ၊ နတ်သမီး၊ နတ်သား၊ ဗျာဒိတ်ရ အစရှိသော သိုက်တို့သည်လည်း မှန်ပါသည်သာ။ ဤသုံးပါးသောစကားတို့သည် မှန်သည်ချည်းဟုလျှောက်၏။

**နရပတိမင်းအမေး**

ပါရာသခင်ကျမ်းတို့၌ဆိုအပ်သော စကားသည် မှန်သလော။

## လက်ရုံးပညာရှိဖြေ

ပါရာသခင်ကျမ်းတို့၌ ဆိုအပ်သောစကားတို့သည် အမှန်ဘဲ ရှိပါမည်လော၊ ကမ္ဘာသီးစားသည် မှန်ပါ၏ဟု လျှောက်ထားဖြေဆိုပြီး နရပတိမင်းက ပါရာသခင်ကျမ်းတို့တွင် အဘယ်နိမိတ်တြင်းတို့ကို ဆိုသနည်းဟု ထပ်၍ မေးပြန်လေဂှာ သိုက်တတ်လက်ရုံးပညာရှိအမတ်ကြီးက အရှင်မင်းကြီး အထက်အာကာသကောင်းကင်၌ ပြအပ်သော နိမိတ်တို့မှာ လစွန်ထိပ်ဖျားကြယ်များ ချဉ်းနင်းဖောက် ထွင်းကြမူ မင်းတို့ခန္ဓာ ပျက်စီးရာ၏။ လယ်မှာ၌ကား ကျေးငှက်များတို့ ပျံသွားသောင်းသဲ လူးလာဝဲသော် ခပဲသတ္တဝါ ပျက်စီးရာ၏။ မြေမှာသော်ကား ကျွဲနွားဆိတ်ဝက် ကြောင်ကွေးကြက်တို့ ခြေလက် ပွား၍ ဖြစ်တုံငြားမူ တိုင်းကားပြည်ရွာ ပျက်စီးရာ၏။ မင်းမှာ ဉပါဒ်ဖြစ်တုံတတ်သည်။ ကျမ်းမြတ်ပါရာ အထက်တည်းဟူသော စကားသည် ပါရာကျမ်း၌လာသော စကားဖြစ်ပါသည်ဟု ဖြေဆိုလျှောက်ထားလေ၏။ သိုက်တတ်လက်ရုံးပညာရှိကြီးသည် နရပတိမင်းလက်ထက်တွင် ပြည်စိုးကြီးနှင့်အတူ မင်းတိုင်ပင် အမတ်ကြီးရာထူးဖြင့် ချီးမြှင့်ခံရပြီး တိုင်းပြည်ရေးရာစသည်တို့ကို မိမိ၏ပညာစွမ်းဖြင့် ဖော်ထုတ်၍ နရပတိမင်းကြီး၏ နက် နဲခက်ခဲသော လောကီရေးရာ၊ သိုက်နိဒါန်း၊ တပေါင်တြင်း ပညာရပ် အမေတော်ပုံများကို ဖြေဆိုလျှောက်ထားနိုင်သော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ကြောင်း ရာဇဝင်သမိုင်းများက ယနေ့တိုင် အထောက်အထားသက်သေပြုလျက် ရှိပေသည်။

တိုင်းကျိုးပြည်ကျိုးစသည်များကို ဆောင်ရွက်လျက် အမှုတော်ထမ်းဆောင်နေစဉ် အသက် အရွယ်ကြီးမြင့်ပြီး ဇရာထောင်းနေပြီဖြစ်သော သိုက်တတ်လက်ရုံး ပညာရှိကြီးသည် သက်တော် ၈၂နှစ် သက္ကရာဇ် ၁၀၀၅ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့ မိုးထလေးဗဟိုရုပ် အချိန်တွင် အနိစ္စရောက်၍ လူ့ဘဝကို စွန့်ခွာလေသည်။ နရပတိမင်းလည်း ယင်းနေ့တွင် မဟာမုနိဘုရား သိမ်တော်တွင် သွားရောက်အလှူဒါန ပြုနေချိန်ဖြစ်ရာ လက်ရုံးပညာရှိကြီး အနိစ္စရောက်ကြောင်း ကြားသိလေလျှင် တားဆီးမနိုင် ငိုယိုတော်မူလျက် ငါသည် တိုင်းရေးပြည်ရေး၊ လောကီလောကုတ် ရေးရာများကို အဘယ်သူနှင့် တိုင်ပင်ဖော်ရလေဦးမည်နည်း။ အစားထိုးမရသော ဆုံးရှုံးမှုကြီးပါပေ တကားဟု ဆိုတော်မူလျက် နန်းတော်သို့ပြန်ခဲ့ပြီး မီးပေါက်ခုနစ်ချက် ပစ်ဖောက်စေလျက် မင်းဆွေ မင်းမျိုးတို့ကို ဖုတ်ကြဉ်းသင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်တော်မူလေသည်။ သားစဉ်မြေးဆက်တို့ကို စစ်ဆေးမေးမြန်းတော်မူ၍ အနီးအပါး၌ ခစားစေတော်မူလေသည်။ သိုက်တတ်လက်ရုံးကို အားကျတော်မူလျက် ဂေါတမဘုရားကဲ့သို့ မေးတိုင်းကို မယိုင်မယွင်း သမုဒ္ဒရာကဲ့သို့ အပြည့်ပင်ရှိသည်ဟု ချီးမွမ်းတသတော်မူလေသည်။

## သိုက်တတ်လက်ရုံး ပညာရှိကို ချီးမွမ်းခြင်း

ပညာရှိကြီး သိုက်တတ်လက်ရုံး ကွယ်လွန်ပြီးနောက် နရပတိမင်းကြီးသည် ပြည်စိုးကြီးနှင့် တိုင်းရေးပြည်ရွာရေးများကို တိုင်ပင်ဖော် တိုင်ပင်ဖက် ပြုရလေသည်။ တစ်ရံရောအခါ နရပတိမင်းကြီးသည် ဟယ်

ပြည်စိုးကြီး၊ သိုက်တတ်လေက်ရှုံးသည် ဂေါတမဘုရားကဲ့သို့ ငါ့လက်ကိုကိုင်၍ ပြနိုင်သည် မဟုတ်လောဟု မိန့်တော်မူ၏။ ပြည်စိုးကြီးလည်း အရှင်မင်းကြီး သိုက်တတ်လေက်ရှုံးသည် ဗေဒင်လေးပုံတွင် တစ်ပုံခန့် တတ်ပါသည်။ ပညာဉာဏ်လည်း အလွန်ကြီးကျယ်ပါသည်။ သိုက်တတ်လေက်ရှုံးကဲ့သို့ တစ်စုံတစ်ယောက်မျှ မရှိသေးပါ။ ရှေ့နောက် ဖြစ်ပေါ်ဖြစ်ပျက်များကို သကတ်ဒြပ်ကိုင်၍ ပြနိုင်ပါသည်။ အကျွန်ုပ်ကား ဗေဒင်လေးပုံ တွင် ပုံခွဲမျှသာတတ်ပါသည်။ အကျွန်သိုက်တတ်လေက်ရှုံးနှယ် မတတ်ပါ။ အရှင်မင်းကြီး သိုက်တတ် လေက်ရှုံးနှင့် စစ်ကွပ်ဆရာတော်တို့သည် ဂေါတမဘုရား ဟောတော်မူသကဲ့သို့ ပညာအမြော်အမြင် ကြီးကျယ်ပါသည်။ သမုဒ္ဒရာ၌ကျက်စားသော ငါးကြီးအာနန္ဒာနှင့်လည်း တူပါသည်။ အကျွန်ုပ်ကား ချောင်းတွင် ကျက်စားသော ငါးစလုံးနှင့်သာ တူပါသည်ဟု ဟုတ်တိုင်းမှန်ရာဝန်ခံပြီး ပညာရှိ သိုက်တတ်လေက်ရှုံးကို ချီးမွမ်းထောပနာပြုလေသည်။ ရှေ့ ရခိုင်ပြည်တွင် ဂဝံပတိသိုက်ကျမ်းစာ၊ မေှန်ကန်သိုက်၊ ဘုရားသိုက် စသောသိုက်ကျမ်း ၁၂မျိုးရှိရာ လေက်ရှုံးသိုက် လည်း ပါဝင်လေသည်။ လေက်ရှုံးသိုက်သည် သာကီဝင်မင်းဆက်ကုန်၍ အမတ်မျိုးနွယ်များမှ မင်းပြုလုပ်ကြသော တတိယမြောက်ဦးခေတ်တွင် အလွန်ထင်ပေါ်ကျော်ကြားသော သိုက်ကျမ်းတစ်ကျမ်းဖြစ်ပြီး လောကီပညာ အရာတွင် တိကျမှန်ကန်မှုရှိသဖြင့် ရခိုင်ဒေသနယ်ပယ်တွင် ယနေ့တိုင်အောင် ထင်ပေါ်ကျော်ကြားနေဆဲဖြစ်သော တော်ဝင်သစ်ကျမ်း တစ်ကျမ်းပင်ဖြစ်လျက် ရှိနေလေသည်။ နှောင်းခေတ်ဆရာများကပင် သိုက်တတ်လေက်ရှုံး ပညာရှိ၏ လေက်ရှုံးသိုက်ကို အတုယူ၍ လေက်ရှုံးသိုက်စာဟူသောအမည်ဖြင့် ရှေးဖြစ်နောက်ဖြစ်များကို ရေးသား ၍ ထားရှိခဲ့ကြသည်ကို အချို့နေရာ ဒေသတွင် တွေ့ရှိနေရပေသည်။ နရပတိမင်းကြီးနှင့် သိုက်တတ်လေက်ရှုံး ပညာရှိတို့ အမေးအဖြေသိုက်စာ များသည် ဤမျှသာမဟုတ်၊ အမြောက်အများပင် ရှိနေသေးကြောင်း တွေ့ရှိခဲ့ရ ပေသည်။ ထိုမျှများပြားလှသော သိုက်ကျမ်းစာများကို လက်လှမ်းမှီရာ ရှာဖွေစုဆောင်း၍ ဗဟုသုတ ဖြစ်ကြစေရန် ရန်သန်လျှက် အကျဉ်းချုံး၍ အခန်း(၂)အနေဖြင့် နိဂုံးကမွတ် အဆုံးသတ်လိုက်ရပေသတည်း။

**ဆရာချစ် (စစ်တွေ)**

**၁၉-၁၀-၉၆။**

## နရ အဘယ ရာဇာ၏ နှစ် ၂၀၀၀ ပက္ခဒိန်

**ညေဝတီနီမင်း**

မြောက်ဦးခေတ် နရအဘယရာဇာ ဘုရင်ပြုလုပ်ခဲ့သော ကောဇာသက္ကရာဇ် တစ်ခုနှစ်မှ ကောဇာသက္ကရာဇ် ၂၀၀၀နှစ်အထိ ရာဇဝင်ပေမူအရ ပက္ခဒိန်အကြောင်း တွေ့ရှိချက်ကို တင်ပြပါသည်။

ဤပက္ခဒိန်တော်ဖြစ်ပေါ်လာရခြင်းမှာ သက္ကရာဇ် ၁၁၀၄မှ ၁၁၂၃ထိ အဋ္ဌနနဒီမြစ်ကမ်းတစ်လျှောက် ပက္ခဒိန်ကိစ္စ အငြင်းပွားမှုကိစ္စရပ်တို့အား ဖြေရှင်းရန် ရခိုင်ပြည်ရှိ ညေဝတီ၊ ရမ္မဝတီ၊ ဒွါရာဝတီ၊ မေဃဝတီ၊ မောရဝတီ၊ ဇေယျဝတီ၊ သလ္လာဝတီ၊ ဝတီ (၇)ရပ်နှင့် ရခိုင်ပြည်တွင်းရှိ ပညာရှင်အပေါင်းတို့အား နရအဘယရာဇာ ရွှေနန်းတော်အတွင်းသို့ ဖိတ်ခေါ်ပြီး ပက္ခဒိန်ပညာရပ်တို့အား စစ်ဆေးမေးမြန်းတော်မူလေသည်။ ထိုအခါ ပညာရှိ ဗေဒင်၊ နက္ခတပညာရှင်တို့အား ညေဝတီခေတ်မှ ဝေသာလီခေတ်၊ လေးမြို့ခေတ်တို့မှာ ပက္ခဒိန်ပညာအသုံးပြုပုံကို ပညာရှိတို့က တင်ပြရှင်းလင်းကြပေသည်။

ထိုအခါ နရအဘယရာဇာက ဤကဲ့သို့ အငြင်းမပွားရအောင် နောင်လာနောက်သားတို့ နေ့ရက်သိစေရန် နှင့် ရဟန်းရှင်လူတို့မှာ ဝါဆိုဝါကပ်မှန်ကန်စေရန် နောင်အရှုပ်အထွေးမရှိစေရန် ကြိုတင်ပြီး နှစ်လ၊ လထပ်၊ ရက်ငင်တို့ပါ ရှင်းလင်းပြတ်သားစွာ ပြုလုပ်ပေးပါရန် ပညာရှိသုခမိန်တို့အား တောင်းဆိုတော်မူပေသည်။

ထိုအခါ ပညာရှင်တို့က နောင်အရှုပ်အထွေး မဖြစ်စေရအောင် ကောင်းကင် နေလ၊ သမယဥတု ထောက်ရှု၍ ကျမ်းဂန်စာပေအရ ဂေါတမဘုရားရှင်၏ ဘိုးတော်အဥ္စနမင်းလက်ထက် အဘိညဥ်ရ ဒေဝီလရသေ့ ဆရာ၏ ဖြိုသက္ကရာဇ် ၈၆၄၅ကို နှစ်ခုထားပြီး ခရစ်မပေါ်မီ ၆၉၁ခုနှစ်မှ စက်တင်ဘာ သက္ကရာဇ်အရပ်ရပ်ဖြိုခွင်းသော သက္ကရာဇ်အရပ်ရပ်တို့အား ထောက်ရှုပြီး တွက်ချက်ကာ သက္ကရာဇ် ၁မှ ၂၀၀၀အထိ ပြုလုပ်တော်မူကြလေသည်။ ခရစ်သက္ကရာဇ်အားဖြင့် ၆၃၉၊ ၂၆၃၈ ခုနှစ်ဆိုလေသည်။

ဤကဲ့သို့ပြုလုပ်ပြီး နရအဘယမင်းမြတ်အား တင်ဆက်တော်မူကြလေသည်။ ယင်းပက္ခဒိန်ကိန်းအယူအဆကို အောက်တွင် ရေးသွင်းတင်ပြပါသည်။

### ကိန်းစံ (၁) (၂)ကို အသုံးပြုရန် နည်းများ

### ကိန်းစံ (၁)

က။ အစဉ်အတိုင်းလာသော ဂဏန်းနှစ်လုံးသည် တူခဲ့လျှင် ဒုတိယဂဏန်းရအပ်သော နှစ်သည် အဓိမာသ် ကြုံသောနှစ်ဖြစ်သည်။ ၎င်းပြင် နယုန်လ၌လည်း ရက်ငင်၍ ရက်ပေါင်း ၃၀ရှိသည်။

ဥဒါဟရုဏ် ၁၂၆၃ ခုနှင့် ၁၂၆၄ ခုနှစ်တို့မှာ အစဉ်အတိုင်းလာသော ဂဏန်းများသည် သုည(၀)ဖြစ်သည်။ သို့နှင့် ၁၂၆၄ခုနှစ်သည် အဓိမာသ်ကြုံသောနှစ် ဖြစ်သည်။ ၎င်းပြင် နယုန်လ၌လည်း ရက်ငင်၍ ရက်ပေါင်း ၃၀ ရှိသည်။

၁၂၆၆နှင့် ၁၂၆၇ ခုနှစ်တို့မှာလည်း အစဉ်အတိုင်းလာသော ဂဏန်းများသည် တစ်(၁)ဖြစ်၍ တူကြသဖြင့် ၁၂၆၇ခုနှစ်သည် အဓိမာသ်ကြုံသောနှစ်ဖြစ်သည်။ ၎င်းပြင် နယုန်လ၌လည်း

ရက်ငင်၍ ရက်ပေါင်း ၃၀ ရှိသည်။

အစဉ်အတိုင်းလာသော ဂဏန်းနှစ်လုံးတွင် ပထမဂဏန်းသည် ဒုတိယဂဏန်းထက် တစ်(၁)ပို၍ ကြီးခဲ့လျှင် ဒုတိယဂဏန်းဖြင့် ရအပ်သော နှစ်သည် အဓိမာသ်ကြံုသောနှစ်ဖြစ်သည်။ သို့သော် နယုန်လ၌ ရက်ပေါင်း ၂၉သာရှိသည်။

ဥဒါဟရဏ် ၁၂၅၈ ခုနှင့် ၁၂၅၉ ခုနှစ်တို့မှာ အစဉ်အတိုင်းလာသော ဂဏန်းများသည် ၄နှင့် ၃ ဖြစ်သည်။ ၄ သည် ၃ထက် ၁ ပိုကြီးသောကြောင့် ၁၂၅၉နှစ်သည် သာမည အဓိမာသ်ကြံုသောနှစ် ဖြစ်သည်။ သို့ဖြစ်၍ နယုန်လမှာ ရက်ပေါင်း ၂၉သာရှိသည်။

၁၂၆၀ ခုနှင့် ၁၂၆၁ ခုနှစ်တို့မှာ အစဉ်အတိုင်းလာသော ဂဏန်းများသည် သုည(၀)သို့မဟုတ် ခုနစ် (၇) နှင့် (၆)ဖြစ်၍ ၁၂၆၁နှစ်သည် သာမည အဓိမာသ်ကြံုသောနှစ် ဖြစ်သည်။

## ကိန်းစံ (၂)

မည်သည့်နှစ် မည်သည့်လမှာမဆို လဆန်း ၁ရက်ကို ရှာရန်နည်း။ ကိန်းစံ(၁)၌ ဖော်ပြထားသည့် အတိုင်း ထိုနှစ်တွင် ဝါဆိုလပြည့်ကို ညွှန်ပြသောဂဏန်းနှင့် ကိန်းစံ(၂)ဇယား ၁၊ ၂၊ ၃ မှာ ရေးသား ပြပါသော ထိုလ၏ဂဏန်းနံပါတ်နှင့် ပေါင်း၊ ပေါင်းရသောဂဏန်းကို ခုနစ်(၇)နှင့်စား၊ ပေါင်းရသော ဂဏန်းသည် ခုနစ်(၇)ထက်ငယ်လျှင် ထိုဂဏန်းသည် လဆန်းတစ် (၁)ရက်ကို ညွှန်ပြသောဂဏန်း ဖြစ်သည်။

မှတ်ချက်။ ။ (က) လဆန်းတစ်(၁)ရက်နေ့နှင့် လပြည့်နေ့သည် အတူတူပင်ဖြစ်သည်။

(ခ) ဒုတိယတံကူး၌ ရက်ပေါင်း ၃၀ ရှိသည်။

(ဂ) ကိန်းစံ ၂တွင် ဇယား ၁သည် အဓိမာသ်ကြံုသောနှစ်များကို ပြသည်။

(ဃ) ဇယား ၂သည် အဓိမာသ်ကြံု၍ နယုန်လရက်ပေါင်း၂၉ရက်ရှိသောနှစ်များကို ပြသည်။

(င) ဇယား ၃သည် အဓိမာသ်ကြံု၍ နယုန်လမှာ ရက်ပေါင်း ၃၀ရှိသော နှစ်များကိုပြသည်။

(၁) ၁၂၆၆ခု ကဆုန်လဆန်း တစ်(၁)ရက်နေ့ကို ရှာနည်း။

ကိန်းစံ ၁၌ ၁၂၆၆ခုကို ညွှန်ပြသောဂဏန်းသည် တစ်(၁)ဖြစ်သည်။ ၁၂၆၆ခုသည် သာမညနှစ် ဖြစ်သည်။ ကိန်းစံ(၂)ဇယား-၁မှာ ပါဝင်သောဂဏန်း ၄သည် ကဆုန်လကို ညွှန်းပြသည်။ ၄နှင့် ၁ပေါင်းလျှင် ၅ရ၏။ သို့ဖြစ်၍ လဆန်း ၁ရက်သည် ကြာသပတေးနေ့ဖြစ်သည်။ (၁၉၀၄ခု ဧပြီလ ၁၄ရက်)

(၂) ၁၂၅၉ခု နယုန်လဆန်း တစ်(၁)ရက်နေ့ကို ရှာနည်း။

ကိန်းစံ(၁)၌ ၁၂၅၉ခုကို ညွှန်ပြသော ဂဏန်းသည် သုံး(၃)ဖြစ်သည်။ ၁၂၅၉ခုသည် သာမည အဓိမာသ်ကြံုသောနှစ်ဖြစ်၍ ကိန်းစံ(၂)ဇယား-၂မှာ ပါဝင်သောဂဏန်း ၆သည် နယုန်လကို ညွှန်ပြ သည်။ ၆နှင့် ၃ ပေါင်းသော် ၉ရ၍ ထို ၉ကို ၇နှင့်စားသော် ၂ကျန်၏။ သို့ဖြစ်၍ လဆန်း ၁ရက်

သည် တနင်္လာနေ့ဖြစ်သည်။ ၁၈၉၇ခု မေလ ၃၁ရက်။

(၃) ၁၂၆၄ခု နယုန်လဆန်း တစ်(၁)ရက်နေ့ကို ရှာနည်း။

ကိန်းစံ(၁)၌ ၁၂၆၄ကို ညွှန်ပြသော ဂဏန်းသည် သုည(၀)ဖြစ်သည်။ ၁၂၆၄ခုသည် အဓိမာသ်ကြံ့၍ နယုန်လမှာ ရက်ငင်သဖြင့် ထိုလ၌ရက်ပေါင်း ၃၀ရှိသည်ဖြစ်၍ ကိန်းစံ(၂)ဇယား-၃မှာ ပါဝင်သောဂဏန်း ၅သည် နယုန်လကို ညွှန်ပြသည်။ သုည(၀)နှင့် ၅ပေါင်းသော် ၅ရ၏။ သို့ဖြစ်၍ လဆန်း ၁ရက်သည် ကြာသပတေးနေ့ဖြစ်သည်။ (၁၉၀၂ ခု ဇွန်လ ၅ရက်။)

(၄) ၁၂၆၄ခု ဒုတိယတံကူးလဆန်း တစ်(၁)ရက်နေ့ကို ရှာနည်း။

ကိန်းစံ(၁)၌ ၁၂၆၄ကို ညွှန်ပြသော ဂဏန်းသည် သုည(၀)ဖြစ်သည်။ ၁၂၆၄ခုသည် နယုန်လမှာ ရက်ပေါင်း ၃၀ရှိသော အဓိမာသ်ကြံ့သောနှစ်ဖြစ်၍ ကိန်းစံ(၂)ဇယား-၂မှာ ပါဝင်သောဂဏန်း ၁သည် ဒုတိယတံကူးကို ညွှန်ပြသည်။ သုည(၀)နှင့် ၁ပေါင်းသော် ၁ရ၏။ သို့ဖြစ်၍ လဆန်း ၁ရက်သည် တနင်္ဂနွေနေ့ဖြစ်သည်။ (၁၉၀၂ ခု ဧပြီလ ၆ရက်)

ယင်းကဲ့သို့ မြောက်ဦးမြို့ ရွှေနန်းတော်သခင် နရအဘယရာဇာ ပက္ခဒိန် နောင်အရှုပ်အထွေး မဖြစ်စေရန် နန်းတွင်းနန်းပြင် ရခိုင်ပြည်ရှိ ပညာရှိတို့အား နောင်မမှားစေရန် သက္ကရာဇ် ၁မှ ၂၀၀၀နှစ်အထိ တန်ခူးလထပ် ပက္ခဒိန်ကို ပြုလုပ်ထားလေသည်။ ဤသို့ပြုလုပ်ထားသော ကိန်းဇယားမှ အတာသင်္ကြန် ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ဝါဆိုဝါကပ်တို့ကို သိရှိနိုင်လေသည်။ နှစ်၊ လ၊ ရက်တို့ ပြုလုပ်လျက် ရှိလေသည်ကို အမျိုးသားအပေါင်း ရဟန်းရှင်လူတို့ သိရှိစေရန်နှင့် မိမိတို့အစဉ်အလာရိုးရာ ယဉ်ကျေးမှုသည် ဘုရင်ခေတ်မှာ ရှိနေကြောင်း တင်ပြနိဂုံးချုပ်လိုက်ရပါ သည်။

**ညဝတီ နီမင်း**

**ကျမ်းကိုး**

(၁) နရအဘယရာဇာမင်း ပြုလုပ်ခဲ့သော ပေမူမှ ရေးကူးထားသောကျမ်း
(၂) ဦးထွန်းစံ၊ ရခိုင်ပက္ခဒိန်
(၃) ဦးထွန်းလှခိုင်၊ နှစ် ၁၀၀ ပက္ခဒိန်

# ကျောက်ဖြူမြို့ မှ ဝေသာလီခေတ် ကျောက်စာတစ်ချပ်

ကျော်မင်းထင်

ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှု အဆောက်အအုံကို စတင်ပန္နက်ရိုက် တည်ဆောက်ခဲ့ကြသည့် ဓညဝတီခေတ် ရခိုင်သားတို့သည် ဗြာဟ္မီအက္ခရာဖြင့် ရခိုင်စာပေအရေးအသားကို စတင်မျိုးစေ့ချခဲ့ကြ၏။ ဤခေတ်တွင် ရေးထိုးသည်ဟု ယူဆကြသော ဓညဝတီတောင်ပေါက်ကြီးကျောက်စာနှင့် "သစ္စကပရိဗ္ဗာကဇိန"စာတန်းပါ ဗိုက်ပူဘုရားကျောက်စာနှစ်ချပ်ကို တွေ့ရပေသည်။ ဓညဝတီခေတ်နောက်ပိုင်း အေဒီ လေးရာစုမှ ကိုးရာစုအထိ ထွန်းကားခဲ့သော ဝေသာလီခေတ်တွင်မူ များပြားလှစွာသော ကမ္ပည်းကျောက်စာများ၊ ခေါင်းလောင်းစာ၊ ကြေးနီပြားစာ၊ ဒင်္ဂါးစာများနှင့်အတူ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ ဓမ္မသတ်၊ လျှောက်ထုံးစသော ကျမ်းဂန်များ၊ လေ့တော်သံ၊ သျှန်းလိုက်ရတု၊ ကဗျာလင်္ကာ စသော ရသစာပေများ ထွန်းကားခဲ့လေသည်။ ဝေသာလီခေတ် ရခိုင်စာပေ ထွန်းကားမှုသည် ရခိုင်တို့၏ မြို့ပြဗဟိုဖြစ်သော (ဝေသာလီမြို့တော်အပြင်ဖက်) ပြည်ရခိုင် တောင်မြောက်နေရာဒေသအနှံ့သို့ ရောက်ရှိပြန့်ပွားခဲ့ပါသည်။ ဤဒေသများ၌ မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်အဆီအနှစ်ဖြစ်သည့် "ယေဓမ္မာဂါထာတော်များကို တွင်ကျယ်စွာရေးထိုးခဲ့ကြသည်ကို တွေ့ရသည်။ ဤသို့ ယေဓမ္မာဂါထာပါရှိသော ကျောက်စာများကို ပြည်ရခိုင်အနှံ့မှတွေ့ရှိရသဖြင့် ဝေသာလီခေတ် ပြည်ရခိုင်၌ ဗုဒ္ဓသာသနာမည်မျှပွင့်လင်းခဲ့သည်ကိုလည်းကောင်း၊ ရခိုင်စာပေအရေးအသား မည်မျှထွန်းကားပြန့်ပွားခဲ့သည်ကိုလည်းကောင်း၊ ခန့်မှန်းနိုင်ပေသည်။ ပြည်ရခိုင်အနှံ့ (ဝေသာလီမြို့တော်ပြင်ပ)မှ တွေ့ရှိရသော ကျောက်စာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျောက်ဖြူမြို့မှ ကျောက်စာ

၂။ ရမ်းဗြဲမြို့အနီးမှ ကျောက်စာ

၃။ မအီစကော်တော်ရာအနီးမှကျောက်စာ

၄။ သံတွဲခရိုင်တောင်ကုတ်မြို့နယ် ငလွမ်းမော်ကျောက်စာ

၅။ သံတွဲမြို့ ရွှေအံတော်စေတီကျောက်စာ

၆။ သံတွဲမြို့နယ် ပြည်ဝရွာမှ ကျောက်စာ

၇။ လမူးချောင်း အိုးထိမ်းခါတ်အနီးမှ ကျောက်စာ

၈။ ကျောက်တော်မှ ကျောက်စာ

၉။ မင်းပြားကျိန်းတောင်ဘုရား အောက်ခြေမှ ကျောက်စာ

၁၀။ ပေါက်တောမြို့နယ် သျှင်ရွာမှ ကျောက်စာ

ဖော်ပြပါ ကျောက်စာများအပြင် စစ်တွေခရိုင်ကျောက်တော်တောင်မှ ယေဓမ္မာဂါထာထိုး စတူပါတစ်ဆူ။ ကျောက်တော်မြို့နယ် မီးချောင်းဝရွာမှ ယေဓမ္မာဂါထာထိုး စတူပါနှစ်ဆူ၊ ကျောက်ဖြူခရိုင် အမ်းမြို့နယ် မြမာလာဘုရားမှ ယေဓမ္မာကျောက်စာရေးထိုးပါရှိသော စတူပါနှစ်ဆူနှင့် ယေဓမ္မာဂါထာထိုးထားသော သံတွဲမြို့ စန္ဒြားစေတီ

အုတ်ခွက်စာတို့ကို တွေ့ရှိရပေသည်။ အေဒီ (၆)ရာစု ဂုပ္တအက္ခရာဖြင့် ယေဓမ္မာဂါထာပါ ကျောက်စာ (၇၀)ကျော်ကို ရခိုင်ပြည်နယ်အနှံ့ တွေ့ရှိထားပြီးဖြစ်ရာ ဝေသာလီခေတ် ဗုဒ္ဓသာသနာသည် အဆိုပါကျောက်စာများ တွေ့ရှိရာ ဒေသများအပါအဝင် ရှေးခေတ်ရခိုင်ပြည်တစ်ခုလုံးသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း ရခိုင်စာပေအရေးအသားများစွာ တိုးတက်ထွန်းကားခဲ့ကြောင်း ကောက်ချက်ချနိုင်ပေသည်။




## ကျောက်ဖြူမြို့မှကျောက်စာ

ပြည်ရခိုင်အနှံ့မှတွေ့ရှိထားသော "ယေဓမ္မာ"ကျောက်စာများအနက်မှ "ကျောက်ဖြူမြို့ကျောက်စာ" အကြောင်းကို ဤဆောင်းပါး၌ တင်ပြဆွေးနွေးလိုပါသည်။ ဤကျောက်စာကို အထက်တန်းပညာဦးစီးဌာန ညွှန်ချုပ် ကွယ်လွန်သူ ပါမောက္ခ ဦးစံသာအောင်၏ အေဒီခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာ စာအုပ်၊ ဓါတ်ပုံနံပါတ်(၁၈)၊ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၈-၅၉နှစ်ချုပ်၊ အစီရင်ခံစာ ဓါတ်ပုံ (၄၁)၌ဖော်ပြထား၏။ နှစ်ချုပ်အစီရင်ခံစာ၌ ကျောက်ဖြူခရိုင်ဝန်ထံမှ ရရှိကြောင်း ဖော်ပြထားသည်။ ရခိုင် ဝေသာလီခေတ်ဆိုင်ရာဆောင်းပါးများ၌ မှတ်တမ်းတင်ခြင်းခံရသည့် ကျောက်စာလည်းဖြစ်သည်။ ဤကျောက်စာ မှာ "ကျောက်ဖြူခရိုင် ဂန့်ဂေါ်ရွာမမှ ကျောက်စာ"ပင်ဖြစ်သည်။ ဆရာကြီး ဦးစံသာအောင်၏ ရခိုင်ပြည်သုံး အက္ခရာ စာအုပ်၊ စာမျက်နှာ (၁၀၉)၌ "စာတစ်လုံးတစ်လေလောက်မျှသာ ဖတ်၍ရပါသည်။ ယင်းအစီရင်ခံစာ စာမျက်နှာ ၂၇တွင် ဖော်ပြထားချက်အရ ယေဓမ္မာဟေတုပြဘဝါ"ဂါထာပါသော ကျောက်စာဖြစ်ကြောင်း သိရ၏။ ပီပီသသမရှိ။ လက်ရေးလက်သားတို့မှာလည်း ကြမ်းတမ်း၍၊ လိုသောအက္ခရာစာလုံးများ ပြည့်ပြည့်စုံစုံမရှိပဲ တွေ့ရ၏"ဟူ၍ရေးသားဖော်ပြထားပါသည်။ အဆိုပါစာအုပ်၏ ဇယား(၂၁)နှင့် (၂၂)တို့တွင် ကျောက်စာပါ အချို့ သောအက္ခရာစာလုံးများ၊ ဇယား(၂၄)၌ ကျောက်စာ၏အလယ်သရများ၊ နှစ်လုံးဆင့်များကို ဖော်ပြထားသည်ကို တွေ့ရပါသည်။ သို့ရာတွင် ထိုစာအုပ်ပါ အခြားသောကျောက်စာများကဲ့သို့ မူရင်းအက္ခရာကို ယခုခေတ် မြန်မာ

အက္ခရာသို့ ပြန်ဆိုဖော်ပြခြင်း မပြုခဲ့သည်ကို တွေ့ရပါသည်။ သို့ဖြစ်၍စာရေးသူသည် ဤကျောက်စာပါမူရင်း အရေးအသားကို  ယခုခေတ် မြန်မာအက္ခရာသို့ ပြန်ဆိုနိုင်ရန် ကြိုးပမ်းထားပါသည်။ ထိုသို့ကြိုးပမ်းရာတွင် ဆရာကြီးဦးစံသာအောင်၏ စာအုပ်များကို လေ့လာဖတ်ရှုလျက် ကြိုးပမ်းထားခြင်းသာလျှင် ဖြစ်ပါသည်။

## ယေဓမ္မာ

ကျောက်စာကို ဖတ်လျှင်ဖတ်ချင်း ယေဓမ္မာဂါထာတော်ကို ဦးစွာတွေ့ရပါသည်။ စာကြောင်းရေ (၁)မှ (၃)အထိ ဤဂါထားကို ရေးထိုးထားသည်။ ယေဓမ္မာဂါထာပါ အခြားကျောက်စာများကဲ့သို့ "တထာဂတော အာဟ" "တထာဂတောဟျဝေါဒတ်" စသည်ဖြင့် မရေးပဲ "တထာဂတောဝါဒိ"ဟူ၍ရေးထိုးထားသည်ကို ထူးခြားစွာတွေ့ရသည်။ ထို့အပြင် ယေဓမ္မာဂါထာတော် စာသား "တေသဉ္စယေနိရောဓ"နေရာတွင်လည်း "တေသဉ္စ"မပါပဲ "ယောနိရောဓ"ဟူ၍သာ ဤကျောက်စာ၌ ရေးထိုးထားပါသည်။ ယေဓမ္မာဂါထာ၏အစ "ယေ"စာလုံးနှင့် ဒုတိယစာကြောင်း"တထာဂတော"ရှေ့တွင်ရှိမည်ဖြစ်သော "တေသံ"စာလုံးတို့မှာ ကျိုးပဲ့သောအပိုင်းတွင် ပါရှိသွားပြီဟု ယူဆရသည်။ ယေဓမ္မာဂါထာများကို ဝေသာလီခေတ်ကျောက်စာများ၊ စတူပါများနှင့် ဘာသာရေးအထိမ်းအမှတ်များတွင် အများဆုံးတွေ့ရလေ့ရှိသည်။ ဤဂါထားတော်သည် ဝေသာလီခေတ် ဗုဒ္ဓသာသနာ၏ ဆောင်ပုဒ်ဖြစ်ဟန်တူပါသည်။ ယေဓမ္မာတရားတော်မှာ မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို ဟောကြားအပြီး ရှင်အဿဇိ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံထွက်တော်မူစဉ် ရှင်သာရိပုတ္တရာ အလောင်းလျာဖြစ်သော ဥပတိဿပရိဗိုဇ်အား ဟောကြားတော်မူသော တရားတော်အကျဉ်းချုပ်ပင်ဖြစ်၏။ စာကြောင်းရေသိပ်သည်း၍ မြတ်စွာဘုရား၏ တရားတော်ကို ထိထိမိမိသိစေခြင်း၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလန်တို့ကို အကျွတ်တရားရစေနိုင်ခြင်း၊ ဤဂါထာတော်ကို ရေးထိုးလှူဒါန်းခြင်းဖြင့် တရားဓမ္မမြောက်သည်၏ စွဲမြဲစွာ ယုံကြည်ခြင်း၊ ပညာပါရမီရင့်သူများက ဤဂါထာတော်ကို နောင်ကာလ၌တွေ့မြင်ရ၍ အဓိပ္ပါယ်ကို သိလျှင် အကျွတ်တရားရစေနိုင်လိမ့်မည်ဟု ယုံကြည်ကြခြင်း စသည့်အကြောင်းများကြောင့်၊ ဝေသာလီခေတ် ရခိုင်ပြည်သူအပေါင်းတို့ ဤဂါထာကို တွင်ကျယ်စွာ ရေးထိုးခဲ့ကြသည်ဟု သိရပေသည်။



**ကျောက်စာမူရင်းအက္ခရာ**

ကျောက်စာ, စာကိုယ်

၁။ (ယေ) ဓမ္မာဟေတုပြဘဝါဟေတုံ

၂။ တထာဂတတောဝါဒိယောနိရောဓ

၃။ ဧဝံ (ဝါ) ဒိမဟာဂ္ဝဂတ

၄။ ဘူတနယ (--)

၅။ ဒိဌဗုဒ္ဓပြတိမ

ဝေါဟာရအဖွင့်

ယေဓမ္မ=အကြင်တရား

ဟေတု=အကြောင်းတရား

ပြဘဝါ=(ပြဘဝါ) အမွန်အစ

ဟေတုံ=အကြောင်းတရားကြောင့် အကျိုးဖြစ်ခြင်း

တထာဂတတော=(တထာဂတ(သို့) တထာဂတတော)မြတ်စွာဘုရား

ဝါဒိ=အယူရှိသည်

ယော=အကြင်

နိရောဓ=ချုပ်ငြိမ်းခြင်း

ဧဝံ=ဤသို့

မဟာ=ကြီးမြတ်သော

ဂဝဏ*=(ဂမဏ)ရဟန်း

(ပရိ)= ထက်ဝန်းကျင်အပိုင်းအခြား ပူဇော်ခြင်း

ဘူတ=ဖြစ်ပြီးသော

နယ(-)=ပြည့်နှန်တတ်သော။ ပြည့်နှန်တတ်သူ။

(နယန)=မျက်စိ

ဒိဌ=ပြည့်နှန်အပ်သော

ဗုဒ္ဓ=သစ္စာလေးပါးကို ဆရာမရှိ မိမိအလိုလိုသိသော ပုဂ္ဂိုလ်မြတ်

ပြတိမ=ဆင်းတုတော်

*မှတ်ချက်။ “ဂမဏ”ဟူ၍သာ တွေ့ဖူးပါသည်။ ကျောက်စာရေးထိုးသူ၏ မှားယွင်းချက်ဟု ယူဆရပါသည်။

မြန်မာပြန်

(စာကြောင်းရေ ၁-၃) အကြင်တရားတို့တွင် အကြောင်းတရားသည် အမွန်အစဖြစ်၏။ ထိုအကြောင်းတရားတို့ကြောင့် အကျိုးတရားဖြစ်ခြင်းကို မြတ်စွာဘုရားသည် ယူဆသိမြင်တော်မူ၏။ ထိုအလုံးစုံသောတရားတို့၏ ချုပ်ငြိမ်းခြင်းဖြစ်သော နိရောဓသစ္စာကိုလည်း ဘုရားသခင်သည် ယူဆသိမြင်တော်မူ၏။ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် ဤသို့အယူရှိလေသည်။

(စာကြောင်းရေ ၄-၅)ယခု မျက်မြင် ဒိဌပြည့်ဖွန်အပ်သော ဗုဒ္ဓဆင်းတုတော်ကို လှူဒါန်းပူဇော်ခြင်း ဖြစ်ပေသတည်း။

## ရေးထိုးသက္ကရာဇ် ဘာသာနှင့် လက်ရေးလက်သား

ကျောက်စာ၌ရေးထိုးထားသောလက်ရေးလက်သားအရ ရေးထိုးသက္ကရာဇ်မှာ အေဒီ(၆)ရာစုဝန်းကျင်ဟု ယူဆရပါသည်။ ဆရာကြီးဦးစံသာအောင်၏ "ရခိုင်ပြည်သုံးအက္ခရာ"စာအုပ်၌ ဤကျောက်စာကို "အေဒီ (၄)ရာစုမှ (၆)ရာစုအတွင်း ရခိုင်ပြည်မှစာ"တွင် ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ရေးထိုးထားသောဘာသာမှာ ပါဠိရော သက္ကတဘာသာဖြစ်သည်။

ကျောက်စာ၌ စာကြောင်းရေ စုစုပေါင်း (၅)ကြောင်း ပါရှိပြီး အပေါ်(၃)ကြောင်းမှာ ယေဓမ္မာဂါထာတော်ဖြစ်ပါသည်။ ဂါထာ၏အောက်တွင် ဤကျောက်စာအတွက် အရေးပါသောစာနှစ်ကြောင်း ရေးထိုးပါရှိသည်။ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ကုသိုလ်ပြုကြောင်း ရေးထိုးထားချက်ဖြစ်၏။ အပေါ်စာကြောင်းများလောက် ထင်ရှားမှုမရှိပေ။ ကျောက်စာတစ်ခုလုံးကို ခြုံ၍ကြည့်လျှင် လက်ရေးလက်သားမှာ လွန်စွာကြမ်းတမ်းလှပါသည်။ လိုအပ်သောအချို့အက္ခရာစာလုံးများ ကျကျန်လျက်ရှိပြီး စာလုံးအရွယ်အစားညီညာမှုလည်း မရှိပေ။ ကျောက်စာ၏အောက်ဆုံးစာကြောင်းတွင် "ဗုဒ္ဓပြတိမ"ဟူသောစာတန်းကို တွေ့ရမည်ဖြစ်ပေသည်။ ဗုဒ္ဓဆင်းတုတော်ဟူ၍ အဓိပ္ပါယ်ရသည်။ ကျောက်ဖြူဒေသအတွင်း အေဒီ (၆)ရာစုဝန်းကျင်၌ ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှု ရှိနေပြီဖြစ်ကြောင်း သိရှိရသည့် ခိုင်မာသော ကျောက်စာအထောက်အထား တစ်ရပ်ပင်ဖြစ်ပါသည်။ ဤကျောက်စာအရ အေဒီ (၆)ရာစုဝန်းကျင်ကာလ၌ ကျောက်ဖြူဒေသအတွင်း

(၁) စာပေအရေးအသားထွန်းကားခဲ့ပြီး

(၂) ဗုဒ္ဓသာသနာထွန်းကားကာ

(၃) ဗုဒ္ဓဆင်းတုရုပ်ပွားတော်များ ကိုးကွယ်ဆည်းကပ်နေကြပြီဟူ၍ ကောက်ချက်ချနိုင်ပေသည်။

ကျမ်းကိုး


၁။ ဦးစံသာအောင်-အေဒီ(၆)ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာကို ပဏာမ လေ့လာချက်။ (မိတ္တူပွားမူ)

၂။ ဦးစံသာအောင်-အေဒီ(၆)ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ

၃။ ဦးစံသာအောင်-အာနန္ဒစန္ဒြရှစ်ရာစု ရခိုင်ဝေသာလီမင်း

၄။ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)-ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ

၅။ အရှင်ကောသလ္လ(ဂဝေသီ)-ရွှေအံတော်စေတီသမိုင်းနှင့် သံတွဲမြို့ရှိ စေတီပုထိုးများသမိုင်း

၆။ မောင်ဗသိန်း-မှတ်တမ်းတင်ကြသမျှ ဝေသာလီခေတ်အထောက်အထားများ (ရခိုင်ယဉ်ကျေးမှု မဂ္ဂဇင်း)


၇။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း (ပဥ္စမတွဲ) (မိတ္တူပွားမူ)

၈။ ရခိုင်ညွှန့်ဖူး (အမှတ်-၂)

၉။ ရခိုင်ညွှန့်ဖူး (အမှတ်-၄)

# ရှာရှုဂျာ၏ ရခိုင်ပြည်ခရီး

မောင်ပြုး (သံတွဲ)



ရခိုင်ရာဇဝင်ကို အတော်အသင့်လေ့လာဖူးသူတိုင်း "ရှာရှုဂျာ"ကို သိကြပါသည်။ ရခိုင်ရာဇဝင်များတွင် ရှာရှုဂျာအား "သက်သူဇာ"ဟုဖော်ပြလေ့ရှိပါသည်။ အချို့ရာဇဝင်များက "သက်သူဇာမင်းသမီး"ဟုပင် ဖော်ပြကြပါသည်။ သက်သူဇာမင်းသမီး၏အလှကို ဖွဲ့ဆိုသောလင်္ကာများလည်း ထင်ရှားပါသည်။ သို့သော် သမိုင်းပညာရှင်များ၏လေ့လာချက်အရ သက်သူဇာဆိုသည်မှာ မင်းသမီးမဟုတ်ဘဲ မြောက်ဦးခေတ် စန္ဒသုဓမ္မရာဇာမင်းကြီးလက်ထက်၌ ရခိုင်ပြည်သို့ရောက်ရှိလာသော မဂိုအင်ပါယာမှ စစ်ပြေးမင်းသားတစ်ဦးဖြစ်ကြောင်း သိလာကြရပါသည်။ သူသည် ၁၆၅၉ခုနှစ် ဇန္နဝါရီလတွင် အိန္ဒိယနိုင်ငံ "ခတ်ဂျ်ဝါး"အရပ်မှဖြစ်ပွားသောစစ်ပွဲ၌ ရှုံးနိမ့်ပြီး အရှေ့ဘင်္ဂလားမှတစ်ဆင့် ထွက်ပြေးခိုလှုံလာသူဖြစ်ပါသည်။ မြောက်ဦးမြို့တော်တွင် စန္ဒသုဓမ္မမင်းနန်းစံသော ၁၆၅၂ မှ ၁၆၇၄အတွင်း ရခိုင်ပြည်သို့ ပြည်ပမှ စစ်ပြေးနှစ်ဦး ရောက်ရှိခဲ့ဖူးပါသည်။ ရှာရှုဂျာအပြင် အခြားစစ်ပြေးတစ်ဦးမှာ တြိပူရပြည့်ရှင်ဘုရင် "ဂိုဗင်ဒါမင်နိကျ"ဖြစ်ပါသည်။ သူသည် ထီးနန်းလုခံရပြီး ဖမ်းဆီးရန်လိုက်ခံရသဖြင့် ညီဖြစ်သူနှင့်အတူ စစ်တကောင်းမှတဆင့် မြောက်ဦးမြို့တော်သို့ ရှောင်တိမ်းလာခဲ့သူဖြစ်ပါသည်။ သူသည်နောက်ပိုင်းတွင် တြိပူရပြည်သို့ပြန်ခွင့်ရပြီး ဘုရင်အဖြစ် ပြန်လည်စိုးစံခဲ့ရပါသည်။ မြောက်ဦးမြို့တော်သို့ ရှာရှုဂျာလာခဲ့သည့် ခရီးလမ်းနှင့်ပတ်သက်၍ ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျမပြောနိုင်ပေ။ သမိုင်းမှတ်တမ်းအသီးသီးတို့က အမျိုးမျိုးဖော်ပြထားကြပါသည်။ ဤတွင် မြောက်ဦးမြို့တော်သို့ ရှာရှုဂျာရောက်ရှိလာပုံ သမိုင်းမှတ်တမ်းအဆိုများကို မဖော်ပြမီ ရှာရှုဂျာ၏နောက်ကြောင်းရာဇဝင်ကို အနည်းငယ်ဖော်ပြပါမည်။

အိန္ဒိယနိုင်ငံသမိုင်းတွင် မဂိုတို့အုပ်စိုးခဲ့သောကာလတစ်လျှောက်၌ အေဒီ ၁၆၂၇မှ ၁၆၅၈ထိ အုပ်စိုးခဲ့သော ရှာဂျဟန်ဘုရင်ကြီးလက်ထက်ကာလသည် အကြွယ်ဝဆုံးဖြစ်ပါသည်။ သူသည် အိန္ဒိယပြည်တွင် ထင်ရှားသော အဆောက်အဦးများစွာကို တည်ဆောက်ထားခဲ့သည်။ ကမ္ဘာကျော်တပ်ချ်မဟာ အဆောက်အဦးကြီးမှာ ရှာဂျပန်ဘုရင်ကြီးက မိမိ၏ချစ်လှစွာသော မိဖုရား "မန်တပ်ဇ်မဟာ"အား သဂြိုဟ်သောဂူကို လွှမ်းခြုံ၍ တည်ဆောက်ခဲ့သော အဆောက်အဦးကြီးဖြစ်ပါသည်။

ရှာဂျဟန်ဘုရင်ကြီးတွင် သားတော်(၄)ပါးရှိသည်။ အေဒီ ၁၆၅၇ခုနှစ်တွင် ရှာဂျဟန်ဘုရင်ကြီး သက်တော် (၇၀)ပြည့်သောအခါ သားတော်ကြီး "ဒါရာရှီကိုး"မှာ (၄၃)နှစ်၊ ဒုတိယသားတော် "ရှာရှူဂျာ"မှာ (၄၁)နှစ်၊ တတိယ သားတော် "အော်ရန်ဇစ်"မှာ (၃၉)နှစ်၊ အငယ်ဆုံးသားတော် "မူရတ်ဘတ်"မှာ (၃၃)နှစ်အသီးသီးဖြစ်ကြသည်။ သားတော်ကြီး ဒါရာရှီကိုးမှာ ပန်ဂျပ်နှင့် ကာဘူးနယ်ဘုရင်ခံဖြစ်သော်လည်း ဖခင်ဘုရင်ကြီးနှင့် တိုင်းရေးပြည်ရေး ဆောင်ရွက်ရင်း ဒေလီတွင်အနေများသည်။ သူသည် ပညာတတ်ပြီး ဘာသာရေးကိုင်းရှိုင်းသော်လည်း မာန ခက်ထန်၍ နှုတ်ကြမ်း လျှာကြမ်းပြောဆိုတတ်သူဖြစ်သည်။ ရှာရှူဂျာမှာ ဘင်္ဂလား၊ ဩရိသ၊ မူရတ်နယ်များ၏ ဘုရင်ခံဖြစ်သည်။ သဘောကောင်း၍ ရဲရင့်သော်လည်း စည်းစိမ်ဥစ္စာအလွန်မက်မောသူ ဖြစ်သည်။ အော်ရန်ဇစ်မှာ ဒက္ကန်ပြည်ဘုရင်ခံဖြစ်၍ လိမ္မာပါးနပ်သည်။ ရဲရင့်၍ စွမ်းရည်သတ္တိရှိသူဖြစ်သည်။ အငယ်ဆုံးသားတော် မူရတ်ဘတ်မှာ သောက်စားမူးယစ်ခြင်းကို ခုံမင်သော မိုက်ရူးရဲဖြစ်သည်။ သူတို့(၄)ဦးစလုံးသည် အရိုက်ရာကို မျှော်မှန်းထားကြသူများ ဖြစ်ကြသည်။

အေဒီ ၁၆၅၇တွင် ရှာဂျဟန်ဘုရင်ကြီး အပြင်းအထန် နာမကျန်းဖြစ်သည်။ အခြေအနေကို ရိပ်မိသည်နှင့် သားတော်ကြီး ဒါရာရှီကိုးသည် ဒေလီနန်းတော်ကို သိမ်းပိုက်သည်။ တစ်ချိန်တည်းမှာပင် ရှာရှူဂျာသည် ရာဇ်မဟာ တွင် ထီးနန်းတက်၍ မိမိအမည်ဖြင့် ဒင်္ဂါးသွန်းထုတ်ဝေလေသည်။ ညီအငယ်ဆုံး မူရတ်ဘတ်ကလည်း မိမိပိုင် နယ်မြေကို လွတ်လပ်သောနယ်မြေအဖြစ် ကြေငြာကာ ဒင်္ဂါးသွန်းလုပ်သည်။ အော်ရန်ဇစ်ကမူ တစ်စုံတစ်ရာမလှုပ် ရှားပဲ ဒက္ကန်ပြည်နယ်မှ ငြိမ်သက်စွာ စောင့်ကြည့်နေခဲ့သည်။

ရှာရှူဂျာသည် မိမိ၏စစ်တပ်ဖြင့် ဒေလီကိုသိမ်းပိုက်ရန် ချီတက်ခဲ့သော်လည်း ဒါရာချီကိုး၏သား သူလီမန်ရှီကိုး ဦးစီးသော ဒေလီစစ်တပ်၏နှိမ်နင်းမှုကို ခံရသည်။ နောက်ပိုင်းတွင် ဒါရာချီကိုးသည်လည်း အော်ရန် ဇစ်နှင့် မူရတ်ဘတ်တပ်များ၏ နှိမ်နင်းမှုကို ခံရသည်။ ယင်းနောက် မူရတ်ဘတ်သည် နောင်တော်အော်ရန်ဇစ် အား ပုန်ကန်ခြားနားသော်လည်း အော်ရန်ဇစ်က နှိမ်နင်းပြီး မူရတ်ဘတ်အား ဖမ်းဆီးလိုက်လေသည်။ ထိုအခါ အော်ရန်ဇစ်သည် မဂိုအင်ပါယာ၏ ဧကရာဇ်အဖြစ် ရောက်ရှိခဲ့လေသည်။

ရှာရှူဂျာသည် နောက်တစ်ကြိမ် အင်အားစုစည်း၍ အော်ရန်ဇစ်အား တိုက်ခိုက်ပြန်ရာ ၁၆၉၇ ဇန္နဝါရီလ တွင် စစ်ရှုံးပြီး ဘင်္ဂလားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုမှတစ်ဆင့် မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ အော်ရန်ဇစ်သည် စစ်ဗိုလ်ချုပ်ကြီး ဂျမ္မလာအား ရှာရှူဂျာကို လိုက်လံဖမ်းဆီးရန် ဖြစ်နိုင်လျှင် ရခိုင်ပိုင်နက်အထိ ဝင်၍ ဖမ်းဆီးရန် ညွှန်ကြားထားခဲ့လေသည်။ ဂျမ္မလာသည် ရခိုင်ပိုင် အရှေ့ဘင်္ဂလားနှင့် ရခိုင်နယ်မြေထဲအထိ ဝင်ရောက်တိုက်ခိုက်ရန် စီမံချက်ရှိသော်လည်း ဂျမ္မလာရုတ်တရက်ကွယ်လွန်သွားသဖြင့် စီမံချက်အကောင်အထည်မပေါ်ခဲ့ပေ။ ဂျမ္မလာကွယ်လွန်သောအခါ မဂိုဧကရာဇ်အော်ရန်ဇစ်သည် သူ၏မိခင် ဘက်မှ ဦးလေးတော်စပ်သူ "ရှစ္စတာခန်"အား ဘင်္ဂလားနယ်၏ဘုရင်ခံအဖြစ် ခန့်အပ်ခဲ့လေသည်။

ရှာရှူဂျာသည် ဘင်္ဂလားမှမြောက်ဦးမြို့တော်သို့ မည်သို့မည်ပုံရောက်ရှိလာခဲ့သည်ကို မည်သူမျှ ကျေနပ် အောင် ဖော်မပြနိုင်ကြသော်လည်း ခေတ်ပြိုင်မှတ်တမ်းများကမူ ဒါဂါမှသင်္ဘောဖြင့် ထွက်ခွာခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြကြပါသည်။ အဗ္ဗဒူဆလမ်အလိုအားဖြင့် ရှာရှူဂျာနှင့် နောက်လိုက်များသည် ဒါဂါမှစတင်ထွက်ခွာခဲ့ပြီး

နောက်လမ်းခရီး၌ တစ်နေ့တွင် ရခိုင်ပေါ်တူဂီစစ်သင်္ဘောများနှင့် တွေ့ရ၏။ ယင်းစစ်သင်္ဘောများမှာ ရခိုင်ဘုရင် စစ်တကောင်းစားအား ရှာရှုဂျာနှင့် နောက်လိုက်များကို ကူညီခေါ်ဆောင်ရန် စေလွှတ်ခိုင်း၍ စစ်တကောင်းစား က စေလွှတ်လိုက်သော စစ်သင်္ဘောများဖြစ်ကြောင်း ရေးသားထားခဲ့၏။ ခါပီခန်ကမူ ရှာရှုဂျာသည် သင်္ဘော နှစ်စင်းဖြင့် ကိုယ်ပိုင်ပစ္စည်းများ၊ အခြားသောရွှေငွေကျောက်သံပတ္တမြားတို့ကို သယ်ဆောင်ခဲ့သည်ဟုဆိုပါသည်။ ဘန်နီယာနှင့် မန်နုစီတို့ကမူ ရှာရှုဂျာတို့အား ပေါ်တူဂီများ လှော်ခတ်သည့်သင်္ဘောဖြင့် တင်ဆောင်ခဲ့သည်ဟု ရေးသားထားခဲ့ကြပါသည်။ မန်နုစီက ရှာရှုဂျာတွင် ပါသည့်ရတနာပစ္စည်းများကို ရခိုင်ပိုင်စစ်တကောင်းကမ်းခြေ တွင် ပေါ်တူဂီပင်လယ်ဓားပြများက တိုက်ခိုက်လုယက်ခဲ့ကြသည်ဟု ဖော်ပြပါသည်။ ယင်းအချိန်က ရခိုင်ပိုင် စစ်တကောင်း ကမ်းခြေတစ်လျှောက်တွင် ပေါ်တူဂီဓားပြများ ကြီးစိုးနေချိန် ဖြစ်ပေရာ မန်နုစီ၏ရေးသားချက်မှာ အတော်ပင် ယုတ္တိတန်နေပေသည်။ ခေတ်ပြိုင်အင်္ဂလိပ်ကုန်သည် တစ်ဦး၏မှတ်တမ်းတွင်မူ ရှာရှုဂျာသည် ဩဂုတ်လကုန်လောက်တွင် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီးနောက် ရခိုင်ဘုရင်၏နယ်ခြားတပ်စခန်းတစ်ခုသို့ ရောက်လာခဲ့သည်ဟုဆိုသည်။ ယင်းစခန်းမှာ ဒီယင်းဂါး သို့မဟုတ် စစ်တကောင်းပင်ဖြစ်ပေမည်။ ဒတ်ချ်နှင့် အင်္ဂလိပ်ကုန်သည်အချို့၏ မှတ်တမ်းများတွင်မူ ရှာရှုဂျာအား ဘင်္ဂလားမှ ဒီယင်းဂါးသို့ ရခိုင်ဘုရင်၏ ရေတပ်မတော်မှ သင်္ဘောဖြင့် တင်ဆောင်ခဲ့သည်ဟု အတိအလင်းရေးသားထားခဲ့ကြပါသည်။

သို့သော် ဖြစ်နိုင်ဖွယ်ရှိသော အခြားတစ်ချက်မှာ ရှာရှုဂျာနှင့် နောက်လိုက်များသည် အာသံစစ်တကောင်း ဒေသဘက်မှ တောတောင်များကို ဖြတ်ကျော်၍ ကုန်းလမ်းခရီးဖြင့် တိမ်းရှောင်လာခဲ့သည်ဟူသော ဖော်ပြချက် ဖြစ်ပါသည်။ RIYAZ US SALATIN စာအုပ်ရေးသားသူက စူလ်တန်ရှာရှုဂျာနှင့် နောက်လိုက်များသည် အာသံသို့ ကုန်းလမ်းခရီးဖြင့် တိမ်းရှောင်ခဲ့ကြပြီး ယင်းမှတဆင့် ရခိုင်ပြည်သို့ ခရီးဆက်ကြခြင်းဖြစ်သည်ဟု ဆိုပါသည်။ ချားလ်စတီးဝပ်ကလည်း သူတို့သည် အာသံပြည်မှာ ကြမ်းတမ်းခက်ထန်လှသော တောင်ကုန်းတောင်တန်းများကို ဖြတ်ကျော်ပြီး ငြီးငွေ့ဖွယ်ကောင်းလှသော ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ပြီးနောက် စစ်တကောင်းသို့ ဆိုက်ရောက်ခဲ့ သည်ဟု ဆိုပါသည်။ အလာဇန်ဒိုးကလည်း ရှာရှုဂျာနှင့် နောက်လိုက်များသည် အာသံပြည်မှ ကြမ်းတမ်းခက်ထန် လှသော တောတောင်များကို မိုင်(၅၀၀)ခန့် လှည့်ပတ်ကျော်ဖြတ်ပြီး နောက်ပါအနည်းငယ်ဖြင့်သာ ပြည်ရခိုင်သို့ ရောက်ရှိခဲ့တော့သည်ဟု ရေးသားထားပါသည်။ ဤအချက်ကို ဖေယာနှင့် ဟာဗေးတို့ကဲ့သို့သော ပုဂ္ဂိုလ်များက လည်း ထောက်ခံထားပေသည်။

ရှာရှုဂျာသည် စစ်တကောင်းတွင် စခန်းတစ်ထောက်နား၍ နေထိုင်ခဲ့သေးသည်ဟူသောအချက်နှင့် ပတ်သက်၍မူ မှတ်တမ်းအားလုံး တစ်သံတည်း ထွက်ဆိုကြပါသည်။ သို့သော် ရှာရှုဂျာသည် စစ်တကောင်းတွင် မည်မျှကြာကြာ နေထိုင်ခဲ့သည်၊ မည်သို့ လှုပ်ရှားခဲ့သည်၊ မည်သည့်အကြံအစည်နှင့် အစီအမံများ ချမှတ်ခဲ့သည် ဟူသောအချက်များနှင့် ပတ်သက်၍မူ အထောက်အထားမရှိသလောက် ရှားပါးလှ၏။ အဗ္ဗဒူဆလမ်က သူတို့သည် ရခိုင်နယ်စပ်စခန်းသို့ ရောက်ရှိပြီးနောက် ခက်ထန်ကြမ်းတမ်းသောခရီးကို ဖြတ်သန်းခဲ့ရသေးသည်ဟူသော အချက် မှတပါး စစ်တကောင်းတွင် နေထိုင်ခဲ့မှု အခြေအနေများကို မဖော်ပြခဲ့ပေ။

၁၆၆၁ခုနှစ်က မြောက်ဦးတွင် နေထိုင်ခဲ့သော ဒတ်ချ်အရှေ့အိန္ဒိယကုန်သွယ်ရေးကိုယ်စားလှယ် လီဗူးဆာ့ခ်က ရေးပို့လိုက်သော စာရှည်(၃)စောင်တွင် သူသည် ဟိုတစ်စ သည်တစ်စ ကောက်ယူရရှိသည့်

အကြောင်းအရာများကို ဖော်ပြရာတွင် ရှာရှုဂျာအား ဘင်္ဂလားမှ ဒီယင်းဂါးသို့ ရခိုင်ဘုရင်၏ရေတပ်မတော်မှ စစ်သင်္ဘောဖြင့် တင်ဆောင်ခဲ့ကြသည်ဟု ဖော်ပြထားပါသည်။ ရှာရှုဂျာသည် ဒီယင်းဂါးသို့ ၁၆၆၀ခုနှစ်၊ ဂျွန်လ (၃)ရက်နေ့တွင် ရောက်ရှိသည်။ ဒတ်ချ်တို့၏မှတ်တမ်းကလည်း စစ်တကောင်းတွင် ရှာရှုဂျာ၏လှုပ်ရှားမှုများကို ဖော်ပြမထားပေ။ ဖော်ပြသမျှမှာလည်း အဗ္ဗဒူဆလမ်၊ ဘန်နီယာ၊ မန်နုစီတို့၏ ဖော်ပြချက်များနှင့် မကွာခြားလှပေ။

ဒါဖိခန်ကမူ ရှာရှုဂျာသည် စစ်တကောင်းတွင် နေထိုင်စဉ်ကာလ၌ ရခိုင်နယ်စပ်၌၊ ရခိုင်နယ်စပ်မှ ရခိုင်ဘုရင်၏စစ်စခန်းတစ်ခုကို တိုက်ခိုက်သိမ်းပိုက်ရန်ပင် စီစဉ်ခဲ့သေးသည်ဟုဆိုသည်။ သူ၏ရေးသားချက်အရ ရှာရှုဂျာသည် စစ်တကောင်းနယ်မြေကို ရခိုင်ဘုရင်လက်မှသိမ်းယူ၍ မဂိုအင်ပါယာအား ပြန်တိုက်ခိုက်မည့် စစ်အခြေခံစခန်းရည်ရွယ်ခဲ့သည်ဟု ယူဆရပေသည်။ အဗ္ဗဒူဆလမ်၏ အရေးအသားအရလည်း သူသည် ရခိုင်ပိုင်နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့သည့်အချိန်ကပင် "ဘလုဝါ"စစ်စခန်းကို သိမ်းပိုက်ရန် ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ဟု သိရသည်။ ဤအချက်ကို ထောက်ဆလျှင် ဒါဖိခန်၏အရေးအသားမှာ အခြေအမြစ်မရှိဟု မဆိုသာချေ။ သို့သော် ရှာရှုဂျာသည် ဤရည်မှန်းချက်ကို မည်သို့မျှ အကောင်အထည်မဖော်နိုင်ခဲ့ပေ။

အခြေအနေအရ ရှာရှုဂျာသည် စစ်တကောင်းမှ မြောက်ဦးမြို့တော်သို့ ရှာရှုဂျာခရီးဆက်ခဲ့ရသည့် အကြောင်း(၃)ခုရှိသည်ဟု ဒေါက်တာကနန်ဂိုက ရေးပါသည်။ ပထမအချက်မှာ စစ်တကောင်းဒေသသည် မဂိုအင်ပါယာကို အံတုရန် စစ်အခြေခံစခန်းတည်ဆောက်ရန် မသင့်တော်ခြင်း၊ ဒုတိယအချက်မှာ ဂျုမ္မလာ၏စစ်တပ်မှာ အင်အားကြီးမားပြီး မိမိအားလိုက်လံရှာဖွေနေသည့် သတင်းကို ရရှိပြီးဖြစ်ခြင်းနှင့် တတိယအချက်မှာ ထိုအချိန်သည် မိုးရာသီဖြစ်၍ အာရပ်သို့ သွားမည့်သင်္ဘောများ စစ်တကောင်းတွင် မရှိခြင်း၊ သို့မဟုတ် မုတ်သုံလေနှင့် ဆိုင်ကလုန်းလေပြင်းတို့ကြောင့် ဖြစ်သည်ဟု ရေးသားထားပါသည်။

ကနန်ဂို၏ဖော်ပြချက်အရဆိုလျှင် ရှာရှုဂျာသည် ထွက်ပြေးလွတ်မြောက်လာကတည်းက ရည်မှန်းချက် (၂)ခုသာ ရှိခဲ့ရမည်ဖြစ်သည်။ ပထမအချက်မှာ စစ်အခြေခံစခန်း တစ်ခုရလျှင် ယင်းနယ်မြေကို တစ်နည်းနည်းဖြင့် သိမ်းပိုက်၍ အခြေခံခြေကုပ်စခန်းတစ်ခု ပြုလုပ်ပြီး အင်အားစုဆောင်းကာ ဒေလီကိုပြန်တိုက်၍ မဂိုဧကရာဇ်အဖြစ်ရရှိအောင် ကြိုးစားမည်ဟူသော အချက်ဖြစ်ပေသည်။ ဤရည်မှန်းချက်ကြောင့်ပင် ခါဖီဆန်ရေးသားသကဲ့သို့ ရခိုင်နယ်စပ် စစ်စခန်းတစ်ခုကို သိမ်းပိုက်ရန်နှင့် စစ်တကောင်းဒေသကို စစ်အခြေခံစခန်း ပြုလုပ်ရန် ကြံစည်ခဲ့ခြင်း ဖြစ်ပေသည်။ ဒုတိယရည်မှန်းချက်မှာ ရှာရှုဂျာအနေဖြင့် မဂိုဧကရာဇ်ဖြစ်ရန် နည်းလမ်းမရှိပါက စစ်တကောင်းမှ မက္ကာသို့ ခရီးဆက်ရန်ဖြစ်သည်။ ထို့ကြောင့်ပင် အထက်က "ကနန်ဂို"ဖော်ပြခဲ့သည့် အကြောင်းများကြောင့် မြောက်ဦးသို့ ခရီးဆက်ခဲ့ရသော်လည်း မြောက်ဦးသို့ ရောက်ရှိသည့်တိုင် ရခိုင်ဘုရင်ထံတွင် မိမိအား မက္ကာသို့ပို့ရန် တောင်းဆိုခဲ့ခြင်းဖြစ်ပေသည်။

ရှာရှုဂျာသည် ထွက်ပြေးလွတ်မြောက်လာကတည်းက မြောက်ဦးသို့ရောက်အောင်သွားမည်ဟူသော ရည်မှန်းချက် ပါရှိခဲ့ဟန်မတူပေ။ ဤသို့ဆိုလျှင် သူသည် စစ်တကောင်း၌ မိုးရာသီကုန်ဆုံးအောင်နေပြီး ဆောင်းဦးရာသီတွင် စစ်တကောင်းမှ ခရီးဆက်နိုင်သည်မဟုတ်လောဟု တွေးဆဖွယ်ရှိပါသည်။ သို့သော် သူသည် (၁)မိမိရောက်ရှိနေသော စစ်တကောင်းသည် ရခိုင်ပိုင်နယ်မြေဖြစ်နေခြင်း၊ (၂) အော်ရန်ဇစ်က ဂျုမ္မလာအား လိုအပ်လျှင်

ရခိုင်နယ်မြေအထိ တိုက်ခိုက်ရှာဖွေရန် အမိန့်ပေးထားသဖြင့် ဂျမ္ဗလာ၏အန္တရာယ်ကို စိုးရိမ်နေရခြင်း၊ (၃)မိုးရာသီကုန်ဆုံးအောင် နောက်ထပ် (၄)လတိုင်အောင် စစ်တကောင်းတွင် နေရဦးမည်ဖြစ်ခြင်း စသည်အကြောင်းများကြောင့် မြောက်ဦးမြို့တော်ထိ ခရီးဆက်၍ စန္ဒသုဓမ္မရာဇာမင်းကြီးထံတွင် ခိုလှုံခဲ့ခြင်းဖြစ်ပါသည်။

စစ်တကောင်းဒေသ ကျေးလက်တေးတစ်ပုဒ်တွင် ရှာရှူဂျာ မြောက်ဦးသို့ ထွက်ခွာရာတွင် ဇနီးဖြစ်သူ "ပါရီဆန်ဒူး"နှင့်အတူ သမီးနှစ်ဦးလိုက်ပါလာကြောင်း ပါရှိသည်။ ရှာရှူဂျာတွင် သမီး(၃)ဦးရှိရာ "ဂုလ်ရုခ်ဘန်ဒူး" *(သူသည် ရခိုင်သို့လာရာတွင် ပါလာဟန်မတူပေ)။* "ရောရှန်အာရ်ဘီဂန်"နှင့် "အမီနာဘန်ဒူး" တို့ဖြစ်ပေသည်။ မှတ်တမ်းတစ်စောင်ကမူ "ရှိတ်ဘီ"အမည်ရှိ နှမတစ်ဦးလည်း ပါလာသည်ဟုဖော်ပြပါသည်။ ရှာရှူဂျာနှင့်အတူပါလာသောသားများနှင့်အမည်များကို ဖော်ပြရာတွင် မှတ်တမ်းတစ်စောင်နှင့်တစ်စောင် မတူညီ ကြပေ။ အဗ္ဗဒူဆလမ်က ရှာရှူဂျာ၏သားသုံးဦးကို "ဇာအင်ဥဒင်"၊ "ဘူလန်အက္ခတာ"၊ "ဇာနီယဲအဂ္ဂဒင်"ဟုဖော်ပြသော်လည်း ရခိုင်ပြည်သို့ တိမ်းရှောင်လာရာတွင် ပါဝင်ခဲ့သည်ဟု ဆိုကြပါသည်။ မြောက်ဦးမြို့နေ ဒတ်ချ်ကုန်သွယ်ရေးကိုယ်စားလှယ် ဗူးဘာ့ခ်ကမူ ရှာရှူဂျာ၏သားအကြီးဆုံးအမည်ကို "ဘွန်ဟူလ်တန်"ဟု ဖော်ပြထားပါသည်။

ဥရောပခရီးသွားများ၏မှတ်တမ်းအရ ယင်းခေတ်က စစ်တကောင်းမှ မြောက်ဦးမြို့တော်သို့သွားရန် လူအများအသုံးပြုနေခဲ့သည့် လမ်းမကြီးတစ်ခု ရှိခဲ့ကြောင်း သိရသည်။ ရှာရှူဂျာသည် ဤလမ်းအတိုင်းပင် လာခဲ့ခြင်းဖြစ်ပေမည်။ ကနာမူလီမြစ်ကမ်းမှ လူများက ယင်းလမ်းကို "ရှာရှူဂျာလမ်း"ဟုခေါ်ကြ၏။ ယင်းလမ်းသည် "ဆာကားနီးယား"အနီးတွင် ရခိုင်လမ်းမကြီးနှင့်ဆုံသည်။ ရယ်နဲလ်၏ ၁၇၈၃ခုနှစ်က ရေးဆွဲခဲ့သော ဘင်္ဂလားမြေပုံစာအုပ်တွင် ဤလမ်းဆုံမှ ရာမူးသို့သွားရာ လမ်းကြောင်းတစ်ခု ပါရှိသည်။ သူဖော်ပြခဲ့သောလမ်းမှာ ယခုအခါ စစ်တကောင်းမှ ကော့ပဇားသို့သွားသော လမ်းမကြီးနေရာနှင့် ကိုက်ညီနေပါသည်။ ဘင်္ဂလားရာဇဝင်ကျမ်းပြုဆရာ ချားလ်စတီးဝပ်နှင့် ဆာအာသာဖေယာတို့က ရှာရှူဂျာနှင့် နောက်လိုက်များသည် မြောက်ဦးသို့ ခရီးထွက်ရာတွင် နတ်မြစ်ကို ဖြတ်ကူးခဲ့ရသည်ဟုဆိုသော်လည်း မည်သည့်နေရာက ဖြတ်ကျော်ခဲ့ရသည်ဆိုသည်ကိုမူ ဖော်မပြခဲ့ကြပေ။ ဒေသအတွင်း ရိုးရာသီချင်းတစ်ပုဒ်တွင် သူတို့သည် မြစ်ဆိပ်ကမ်းသို့ရောက်အောင် (၁၃)ရက် (၁၃)ညဥ့်တိုင် ခရီးပြင်းနှင်ခဲ့ရကြောင်း သီဖွဲ့ထားပါသည်။ သူတို့သည် နတ်မြစ်ဆိပ်ကမ်းတွင် (၃)ရက်ကြာ အနားယူအပန်းဖြေခဲ့ကြ၏။ သူတို့သည် မြောက်ဦးမြို့တော်သို့ ၁၆၆၀ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်နေ့တွင် ရောက်ရှိခဲ့ကြပေသည်။

ရခိုင်ရာဇဝင်တွင် ရှာရှူဂျာသည် စန္ဒသုဓမ္မရာဇာမင်းထံ နှမတော်ကိုဆက်သ၍ စစ်ကူတောင်းရာ ရခိုင်မင်းစစ်ကူပေးသော်လည်း မဂိုစစ်တပ်ကို မနိုင်ကြောင်း နောက်တွင် ရှာရှူဂျာသည် မဟာမေဒင်များကို စည်းရုံး၍ ရခိုင်ဘုရင်ကို ပုန်ကန်ကြောင်း၊ ထို့ကြောင့် ရခိုင်ဘုရင်က ကွပ်မျက်လိုက်ကြောင်းတို့ကို ဖော်ပြထားပါသည်။ ဟာဗီးကမူ ရခိုင်ဘုရင်က ရှာရှူဂျာအား အာရေဗျသို့သွားရန် သင်္ဘောစီမံပေးမည်ဟု ကတိပြုခဲ့သော်လည်း ရှစ်လကြာသည်အထိ စီမံမပေးပဲ ရှာရှူဂျာ၏သမီးအကြီးအား ဆက်သရန်တောင်းသဖြင့် ရှာရှူဂျာသည် ဒေါသပြင်းစွာထွက်ခဲ့ကြောင်း ခိုကိုးရာမဲ့ဖြစ်၍ မြောက်ဦးမှထွက်ခွာရန်လည်း မဖြစ်နိုင်တော့သဖြင့် ရခိုင်ဘုရင်အား ပုန်ကန်ရန်ဆုံးဖြတ်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဆက်လက်၍ ရှာရှူဂျာတွင် နောက်လိုက် (၂၀၀)ရှိသည်။ သူသည် မဟာမေဒင်များကို တိတ်တဆိတ်စည်းရုံးထားသည်။ ထိုသတင်းသည် ရခိုင်ဘုရင့်နားသို့ ပေါက်ကြားသွားသည်။ နောက်လိုက်များသည် နန်းတော်ကို မီးရှို့ကြသည်။ ရှာရှူဂျာသည် သီတင်းတစ်ပတ်ခန့်လွတ်မြောက်နေပြီး

နောက်တွင်ပြန်လည်အဖမ်းခံရကာ ကွပ်မျက်ခံရသည်ဟု ရေးသားထားပါသည်။

ဒီဂျီအီးဟောကမူ မဂိုအစိုးရက ရှာရှုဂျာအား ပြန်အပ်ရန် ရခိုင်ဘုရင်ထံတွင် တောင်းထားစဉ် ရှာရှုဂျာ၏ နောက်လိုက်များသည် နန်းတော်ကို မီးရှို့သဖြင့် ရှာရှုဂျာအား ချုပ်နှောင်ထားကာ နောက်လိုက်များကို ကွပ်မျက်လိုက်သည်။ နောက်ထပ်၍ ဖေဖော်ဝါရီလတွင် ကွပ်မျက်မှုထပ်မံဖြစ်ပွားပြီး ရှာရှုဂျာလည်း ပျောက်ကွယ်သွားသည်ဟုဆိုပါသည်။ ဂျီဘူးဘာ၏အဆိုအရမူ ရှာရှုဂျာသည် အချုပ်နှောင်မှလွတ်မြောက်ရန် ကြိုးစားစဉ် ကျဆုံးသွားသည်ဟု သိရပါသည်။

ရှာရှုဂျာ၏မြောက်ဦးမြို့တော်တွင် နေထိုင်စဉ် အဖြစ်အပျက်များကိုဖော်ပြရာ၌ မှတ်တမ်းတစ်စောင်နှင့် တစ်စောင် တူညီကြသည်မဟုတ်သော်လည်း အရပ်ရပ်အထောက်အထားများအရ ရှာရှုဂျာသည် မြောက်ဦးမြို့တော်တွင် နေစဉ်၌ နောက်ပါအင်အားနှင့်အတူ မြောက်ဦးမြို့နယ်အတွင်းရှိ မဟာမေဒင်များကို လျှို့ဝှက်စည်းရုံးကာ ရခိုင်ဘုရင်အား ဆန့်ကျင်နန်းချကာ မြောက်ဦးနန်းကို သိမ်းပိုက်ရန် ကြံစည်ခဲ့သည်ကိုလည်းကောင်း၊ ရှာရှုဂျာ၏ ကြိုးပမ်းချက်မအောင်မြင်သည်ကိုလည်းကောင်း၊ ရှာရှုဂျာသည် မြောက်ဦးမြို့တွင်ပင် ကွယ်လွန်ခဲ့သည်ကိုလည်းကောင်း၊ ဖော်ပြရာတွင် အတူတူပင်ဖြစ်ကြပါသည်။

ရှာရှုဂျာသည် ရခိုင်ပြည်မြောက်ဦးမြို့တွင် ကွယ်လွန်ခဲ့ရသည်ကို အကြောင်းပြု၍ ၁၆၆၆ခုနှစ်တွင် မဂိုအင်ပါယာ၏ ဘင်္ဂလားဘုရင်ခံသည် ရခိုင်မင်းလက်အောက်မှ စစ်တကောင်းနယ်မြေကို တိုက်ခိုက်သိမ်းပိုက်ခဲ့၏ဟု သမိုင်းဆရာများက ဆိုကြပါသည်။ ဒီဂျီအီးဟောလ်က ဘင်္ဂလားဘုရင်ခံသည် ရခိုင်ဘုရင်ထံသို့ ရှာရှုဂျာအား မဂိုဘုရင်လက်သို့ပြန်ပေးရန် သဝဏ်လွှာပို့ခဲ့ကြသော်လည်း ရခိုင်ဘုရင်သည် သဝဏ်လွှာကို ဂရုမစိုက်ခဲ့သည့်အပြင် မဂိုသံတမန်ကိုလည်း ချုပ်နှောင်ထား၏ဟုဆိုသည်။ ယင်းအချိန်တွင် ရှာရှုဂျာသည် ရခိုင်တို့လက်တွင်း၌ ကျဆုံးသွားသည်။ ယင်းအချိန်တွင် ဒီယင်းဂါးရှိ ပေါ်တူဂီရခိုင်စစ်တပ်များသည် ဒါဂါထိ ဆန်တက်၍ မဂိုစစ်သင်္ဘော (၂၄၀)ကို ကစဉ့်ကလျားဖြစ်အောင် ပြုလုပ်ခဲ့သည်။ ဘင်္ဂလားဘုရင် ခံရှစ်စတာခန်သည် သောင်းတီး (ဆင်းဒွစ်)ကျွန်းပေါ်မှ ပေါ်တူဂီကင်းစခန်းများကို ဦးစွာတိုက်ခိုက်ဖျက်ဆီးပြီးနောက် စစ်တကောင်းဆိပ်ကမ်းကိုလည်း သိမ်းပိုက်လိုက်သည်ဟုဆိုပါသည်။

ဟာဗီးလည်း ရှစ်စတာခန်သည် ၁၆၆၅ခုနှစ်တွင် သောင်းတီးကျွန်းမှ ပေါ်တူဂီစစ်စခန်းများကို တိုက်ခိုက်ဖျက်ဆီးလိုက်ပြီး ၁၆၆၆ခုနှစ်တွင် စစ်တကောင်းကို (၃၆)နာရီကြာ ပိတ်ဆို့တိုက်ခိုက်ပြီး ရာမူးအထိ သိမ်းယူခဲ့ကြောင်း ဖော်ပြသည်။ မောရစ်ကောလစ်ကမူ ရခိုင်-မဂိုစစ်ပွဲသည် ရခိုင်ပေါ်တူဂီပင်လယ်ဓားပြများက အရှေ့ဘင်္ဂလားတွင် စိတ်ကြိုက်ထကြွနေကြပြီး ရခိုင်ပိုင်နက် အရှေ့ဘင်္ဂလားကို အခြေခံ၍ မူရှီဒါဘက်ထိ နယ်ကျော်၍ ကျွန်ဖမ်းခြင်း၊ လုယက်ခြင်းများကြောင့် မဂိုဧကရာဇ်အော်ရန်ဇစ်သည် အနောက်ဘင်္ဂလားလုံခြုံရေးကို စိုးရိမ်မကင်းဖြစ်ကာ ပင်လယ်ဓားပြများကို ရှင်းလင်းရာမှ ပေါ်ပေါက်လာရသည်ဟု သုံးသပ်ပါသည်။

စစ်တကောင်းနယ်မြေကို မဂိုတို့သိမ်းပိုက်နိုင်မှုသည် အော်ရန်ဇစ်လက်ထက်၌ ဂုဏ်ယူစရာအောင်ပွဲတစ်ရပ်အဖြစ် မဂိုတို့ယူဆခဲ့ကြသည်။ ဘင်္ဂလားနယ်မြေကို မဂိုတို့သိမ်းပိုက်မှုသည် မဂိုဧကရာဇ် အက္ကဘာဘုရင်ကြီး ၁၅၇၆ခုတွင် ရာဇ်မဟာကို သိမ်းပိုက်မှုက အစပြုခဲ့သည်။ မဂိုဧကရာဇ် ဂျမင်ဂျီလက်ထက်တွင် စစ်တကောင်းကို ရခိုင်တို့လက်မှ တိုက်ယူရန် စီမံခဲ့ဖူး၏။ ရှာဂျဟန်ဘုရင်ကြီးလက်ထက်တွင် ရခိုင်ပြည်နှင့် မကျူးကျော်ရေး၊ သဘောတူညီမှုထားရှိခဲ့၏။ အော်ရန်ဇစ်လက်ထက်သို့ ရောက်သောအခါ မဂိုများသည် အရှေ့ဖျားနယ်များကို ကျူးကျော်စစ်ဆင်နွှဲမည့် စီမံချက်များ ပြန်လည်ရေးဆွဲခဲ့သည်။

အကြောင်းကြောင်းကို ထောက်ဆကြည့်လျှင်

(၁) စစ်တကောင်းနှင့် ရခိုင်ကမ်းခြေကို အမှီပြု၍ ပေါ်တူဂီရေတပ်အင်အား တစ်နေ့တစ်ခြားကြီးထွားလာနေခြင်းကြောင့် မဂိုအင်ပါယာအတွက် စိုးရိမ်နေရခြင်း။

(၂) မဂိုအင်ပါယာကို အရှေ့ဘက်ရခိုင်ဒေသအထိ တိုးချဲ့လိုခြင်း။

(၃) မဂိုမင်းသား ရှာရှူဂျာသည် ရခိုင်တို့လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်း။

ဟူသောအကြောင်းများကြောင့် အော်ရစ်ဇစ်သည် ရှစ်စတာခန်အား စစ်တကောင်းကို တိုက်ခိုက်သိမ်းပိုက်စေခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ဘန်နီယာကမူ မဂိုတို့စစ်တကောင်းကို သိမ်းပိုက်ခြင်းမှာ ရှာရှူဂျာအား ရခိုင်တို့ ကွပ်မျက်လိုက်သည်ဟု ယူဆသော မဂိုဧကရာဇ် အော်ရစ်ဇစ်၏ ပြင်းထန်သော လက်စားချေ တုန့်ပြန်မှုဖြစ်သည်ဟု ဖော်ပြခဲ့သေး၏။ သို့သော် မဂိုတို့သည် ရခိုင်နယ်မြေ၏အစိပ်အပိုင်းဖြစ်သော စစ်တကောင်းဒေသကို သိမ်းပိုက်နိုင်ခဲ့သော်လည်း ရခိုင်စစ်တပ်၏ပြင်းထန်စွာ ခုခံတိုက်ခိုက်မှုကြောင့် ယင်းတို့၏ရည်ရွယ်ချက်ရှိခဲ့သည့် မြောက်ဦးမြို့တော်အနီးသို့ မကပ်ရောက်နိုင်ခဲ့ကြောင်း မောရစ်ကောလစ်က ရေးသားခဲ့လေသည်။

မောင်ပြုံး (သံတွဲ)

ရည်ညွှန်းကိုးကားကျမ်းများ


(၁) ရခိုင်ရာဇဝင်ကြီး-ဆရာမေည် (စစ်တွေမြို့ကြား ကျောင်းပေမူ)
(ထူ-(ဝမ်း)၊ တေ(ဝမ်း) ၊ တေ(ကြော))

(၂) ရခိုင်ဒင်္ဂါးများ -ဦးစံသာအောင် (စာ-၅၂)

(၃) The Story of Indo-Pakistan by S.F. Mahmud (Karachi-1696) (p-152. 154. 155. 157)

(၄) A History of Chittagong by S.BQ. Aanungo (Chittagong -1988) (p 300 to 360)

(၅) History of Burma by G.E. nHarvey (London-1925) (p-147, 148)

(၆) A History of South East Asia by D.G.E. Hall (London -1968) (အုန်းမောင်(ပြန်) စာ-၁၄၀ မှ ၁၄၂)

(၇) Arakan's Place in the Civllization of the Bay by M. Collis. (B.R.S. F.A.P No-2, 1960. Rangoon)

# ကဗျာလင်္ကာများက ဖော်ညွှန်းပြသော /မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုများ


စောမင်းနွယ်(မြောက်ဦး)

လူမျိုးတိုင်းတွင် မိမိတို့၏ ရိုးရာဓလေ့အရ ဝတ်စားဆင်ယင်မှုများ ရှိကြပါသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုးမှာ ရေမြေဒေသကွဲပြားခြားနားသည်နှင့်အမျှ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ကွဲပြားခြားနားသကဲ့သို့ ဝတ်စားဆင်ယင်မှုအသွင်လည်း ကွဲပြားခြားနားလေသည်။ တစ်ခေတ်သို့ ကူးပြောင်းလာသည်နှင့်အညီ ဆင်ယင်ထုံးဖွဲ့မှုအသွင်သည်လည်း တဖြည်းဖြည်းပြောင်းလဲလာခဲ့ပါသည်၊ ထို့အတူ ရှေးရခိုင်လူမျိုးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လည်း ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးစသောခေတ်များ၌ ခေတ်အလိုက်ပြောင်းလဲလာခဲ့သည်ကို တွေ့ရပေသည်။

ထိုခေတ်တို့၌ ရခိုင်လူမျိုးများ၏ ဆင်ယင်ထုံးဖွဲ့မှုများကို ဗုဒ္ဓကြေးဆင်းတုတော်များ၊ ကြေးဆီမီးခွက်များ၊ သာသနိကအဆောက်အအုံများရှိ ပလ္လင်များ၊ နံရံများ၊ အခင်းစဉ့်ရေသုတ်အုတ်ခွက်၊ အုပ်ချပ်များ၊ ကျောက်ရုပ်မော်ကွန်းများနှင့် နတ်ရုပ်များစသည်တို့၌ အထင်အရှား တွေ့ရှိနိုင်ပါသည်။ ထို့ပြင် ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများကို ကဗျာလင်္ကာတို့ဖြင့် တန်ဆာဆင်၍ ခြယ်မှုန်းမှတ်တမ်းတင်ခဲ့ကြသည်များလည်း ရှိကြပါသည်။ ထိုသို့မှတ်တမ်းတင်ခဲ့ကြသော ကဗျာ၊ လင်္ကာများအနက်မှ မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုကို ဖော်ညွှန်းပြနေသော ကဗျာလင်္ကာတစ်ချို့ကို ဖော်ပြလိုပါသည်။

## ဆင်ယင်ဝတ်စား၊ ရှိပြားတန်တန်၊ နန်းတွင်းဟန်

အကျွန်ုပ်ဦးစွာဖော်ပြမည်လင်္ကာမှာ မြောက်ဦးပထမခေတ်၌ နန်းတွင်းညီလာခံသဘင်သို့ တက်ရောက်ခွင့်ရကြသော မင်း၊ မိဖုရား၊ အိမ်ရှေ့ဥပရာဇာ၊ ဘုရင့်သားတော် သမီးတော်များ၊ ပညာရှိသုခမိန်၊ မှူးကြီးမတ်ရာ၊ စစ်သေနာပတိစသော ပုဂ္ဂိုလ်များ၏ ဘွဲ့ထူး၊ ဂုဏ်ထူးအလိုက် ဝတ်စားဆင်ယင်ကြရသော ဖောင်းတော်များ၊ စလွယ်တော်များ၊ ခါးစည်း၊ ခါးကြိုးများ၊ ပုတီး၊ ဘယက်၊ လက်စွပ်၊ လက်ကောက်များ၊ ရွှေပန်းကုံး၊ မြပန်းကုံး၊ ရွှေဆံထိုး၊ ရွှေဆံညှပ်၊ ခြေစွပ်၊ ကိုယ်လွှား၊ ကိုယ်ရုံ၊ တဘက်စသည်တို့ကို ဖော်ညွှန်းပြနေသော ရက္ခိုင်မဟာနိဒါန်းကျမ်း၊ ပထမတွဲလင်္ကာမှ ကောက်နှုတ်ချက်ဖြစ်ပါသည်။ “. . . . ဖောင်းတော်လေးဆယ်၊ စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ်ရှစ်ဆယ့်တစ်၊ လည်ရပ်ကိုးသွယ်၊ နဗေကိုးဆင့်၊ ကြယ်ပွင့်ခြောက်ဆယ်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းစံရှစ်ချပ်၊ ခြေစွပ်ခုနစ်ပါး၊ ကိုယ်လွှားငါးမျိုး. . . ”စသည်ဖြင့် ကဗျာလှဖြင့်စာသ၍ ရေးဖွဲ့သီကုံးထားပါသည်။ ယင်းဖောင်းတော်၊ စလွယ်တော်၊ ခါးကြိုးတို့မှာ မြောက်ဦးခေတ်လယ်မှစ၍ ပိုမိုများပြားလာခဲ့သည်ကို တွေ့ရပါသည်။ ဤနေရာ၌ အလျဉ်းသင့်၍ နန်းတွင်းညီလာခံသို့ တက်ရောက်ခွင့်ရကြသော ရခိုင်ဘွဲ့ထူး၊ ဂုဏ်ထူးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် တာဝန်ဝတ္တရားများကို အကျွန်ုပ်သိသမျှ ဖော်ပြပါမည်။ သို့သော် အာလုံးပြီးပြည့်စုံ မှန်ကန်သည်ဟု မဆိုလိုပါ။ ချို့ယွင်းချက်များ၊ လိုအပ်ချက်များ ရှိကောင်းရှိပါလိမ့်မည်။ လိုတိုးပိုလျော့သဘောမျိုးဖြင့် ဖတ်ရှုကြစေလိုပါသည်။


ခရုပတ်

နရာဓိပတိ ။ ။ ရခိုင်ဘုရင်

ဥပ္ပရာဇာ ။ ။ အိမ်ရှေ့မင်းသား

သေနာပတိတပ်မင်း ။ ။ စစ်ဘုရင် (သို့မဟုတ်) စစ်ဗိုလ်ချုပ်

ပြည်စိုးကြီးနရီ ။ ။ ဘုရင်မင်းမြတ် အခြားအရပ်တစ်ပါးသို့ သွားနေစဉ်ကာလတွင် တိုင်းပြည်ကို ဘုရင်ကိုယ်စား အုပ်ချုပ်ရသူဖြစ်၏။ ထို့ပြင် နိုင်ငံ၏ ဆန်စပါးကူးသန်း ရောင်းဝယ်ရေးကိစ္စရပ်များကိုလည်း ဘုရင် က အာဏာကုန်လွှဲအပ်ထားသူ ဖြစ်၍ ဗားပူစာရပြည်စိုးကြီးအမတ်ဟူ၍လည်း ခေါ်တွင်သေးသည်။ တဖန် သာသနာရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရသေးသည်ဟု သိရပါ သည်။

ကိုယ်ရံကြီးလက်ပန် ။ ။ သူသည် ဘုရင်မင်းမြတ်၏ လုံခြုံရေးတာဝန်ကို အနီးကပ်စောင့်ရှောက်ရပြီး ထုံးဟောင်း၊ သက်သေ၊ ဇာတက၊ ဝတ္ထု၊ ဥပဒေစကားရပ်များကို မင်းအနီး နေ၍ လျှောက်ထားရသော မင်းတိုင်ပင် အမတ်တစ်ဦး။

ဆင်ကဲကြီးအမတ် ။ ။ ဘုရင်၏စီးတော်ဆင်နှင့် ဆင်ထိန်းပေါက်ထိန်းတို့ကို ကြီးကြပ်ရပြီး ဘုရင့် ဆင်တပ်တစ်ခုလုံးကို အုပ်ချုပ်ကွပ်ကဲရသော ပြည်ထိန်းမင်းတိုင်ပင်အမတ်။

ဟဇရားကြီး ။ ။ တိုင်းပြည်၏အခင်းအရာ အရေးကိစ္စရပ်များအတွက် မင်းမှအစ နန်းသူ နန်းသားတစ်ရပ်လုံးအား အကြံပေးတိုင်ပင် နှီးနှောပြောဆိုရသည့် မင်းတိုင်ပင် အမတ်ကြီး။

ယွန်းမိဇုန္ဒာကြီး ။ ။ ရေတပ်မတော်၊ ကြည်းတပ်မတော်တို့ကို ကွပ်ကဲအုပ်ချုပ်ရသော စစ်ဦးစီး ချုပ်ကြီး။

ဒါးပိုင်ကြီးတာနော ။ ။ ဘုရင့်တပ်မတော်၌ စစ်ဗျူဟာအခင်းအကျင်း စီမံပြုလုပ်ရသော စစ်အရာ ရှိကြီး ဖြစ်ပြီး မင်းတိုင်ပင်အမတ်တစ်ဦးလည်း ဖြစ်သည်။

ဇုန္ဒတ်လက်ျာပျံချီ ။ ။ စစ်ပညာ၌ သူမတူအောင် စွမ်းရည်ပြနိုင်သော စစ်သူကြီး၊ (ကြည်းတပ် မတော်၊ ရေတပ်မတော်၌ တစ်ဖက်ကမ်းခတ်အောင် ထူးချွန်သူများကို ဤဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်လေ့ရှိသည်)

မုဇုန္ဒာကြီး ။ ။ ဇုန္ဒတ်လက်ျာပျံချီ အောက်စစ်သူကြီး


စလင်ကသူ ။ ။ ရေကြောင်းကျွမ်းကျင်သော ရေတပ်မတော်မှ အရာရှိကြီး။

လောသကွပ်ဦးစီး ။ ။ ဘုရင့်တပ်မတော်၌ ရာထူးများ ခန့်ထားရေးနှင့် မြင်းခင်းသဘင်၌ ထူးချွန် သောသူရဲကောင်းကို ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ရန် စီစစ်ရွေးချယ် အကဲဖြတ်ရသော ပုဂ္ဂိုလ်။

တုရင်ကသိန် ။ ။ မြင်းတပ်မတော်ကို ဦးစီးကွပ်ကဲရသော စစ်သူကြီး။

ကုလားအတွင်းစစ်ချီ ။ ။ ကုလားပြည်သို့ စစ်ချီရာ၌ ပါဝင်ရသော စစ်သူကြီး။

## ရခိုင်အမျိုးသမီးများ၏ ဆံထုံးထုံးပုံများ



ယျောယဲ့ဆံထုံး        ဦးစွန်းဆံထုံး        မြိတ်တံရှေ

| | | |
|---|---|---|
| ဝင်းဟုန်(မှူး) | ။ ။ | နေပြည်တော်တစ်ဝှန်း၌ ရန်စူး ရန်ငြောင့် မပေါ်ပေါက်ရအောင် နှိမ်နင်းရသော စစ်သူကြီး။ |
| ဦးစီးကြီးနောက်သရောခင် | ။ | အောင်ပွဲအလီလီဆွတ်ခူးပေးသော ရဲစွမ်သတ္တိနှင့်ပြည့်စုံသည့် စစ်သူကြီး။ |
| လက်ျာမြန် | ။ ။ | လက်ျာဘက်သန်သော စစ်သူကြီး။ |
| လက်ဝဲမြန် | ။ ။ | လက်ဝဲဘက်သန်သော စစ်သူကြီး။ |
| ဆင်ခွန်အဇီခံမြက္ကတုံး | ။ ။ | ဆင်တပ်မြင်းတပ်အတွက် စားနပ်ရိက္ခာများ ဖြည့်ဆည်းပေးရသော ပုဂ္ဂိုလ်။ |
| ဒေါလောဦးစီး | ။ ။ | အမှားအမှန်ကို ဝေဖန်ပိုင်းခြား အဆုံးအဖြတ်ပေးရသော တရားစီရင်ရေးနာယက အဖွဲ့ဝင်ပုဂ္ဂိုလ်။ |
| ဆတ္တာခတ် | ။ ။ | တရားသူကြီးချုပ် |
| နန္ဒာစူးထိုး | ။ ။ | သေစားသေစေပေးနိုင်သော တရားသူကြီး |
| လက်သမားသွီးဖျိုင်းတောင် | ။ | ဆောက်လုပ်ရေးကိစ္စရပ်များကို စီမံခန့်ခွဲရသော ဗိသုကာပညာရှင်ကြီး |
| လက်သမားသူကြီး | ။ ။ | နေအိမ်တိုက်တာအဆောက်အအုံများကို ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ဆောင်လုပ်ရသော ပုဂ္ဂိုလ် |
| သခ်ယာ | ။ ။ | မြို့ရွာစည်ပင်သာယာရေးအတွက် အကြံပေး၊ ဉာဏ်ပေး စီမံချက်များရေးဆွဲရသော ပုဂ္ဂိုလ်။ |
| မတ်တော်မုဒိန် | ။ ။ | မုဒိန္တာကြီး-စည်နှင့်တူရိယာပစ္စည်းများကို တီးမှုတ်ရန်တာဝန်ယူရသောသဘင်အမတ်ကြီး။ |
| ရေသကြ်န် | ။ ။ | ပွဲလမ်းသဘင်တို့ကို စီမံကျင်းပရသောပုဂ္ဂိုလ်။ |
| မတ်တော်မနုဟာ | ။ ။ | ပြည်ထဲရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ရသော အမတ်။ |

| | | | |
|---|---|---|---|
| ဒိုင်းဝန်လမိုင်းဝန် | ။ | ။ | အလုပ်သမား လက်သမားတို့ကို ကြီးကြပ်ရသောဝန်ကြီး။ |
| အဇီခံအမတ် | ။ | ။ | မင်း၏အခိုင်းအစေ မင်းမှုထမ်းတို့အား ကြီးကြပ်ကွပ်ကဲရသောအမတ်။ |
| နာရီပိုင်အမတ် | ။ | ။ | ရွှေနန်းတော်အတွင်း ရာထူးခန့်ထားရေး၌ တာဝန်ယူဆောင်ရွက်ရသော အမတ်။ |
| ရှေ့တော်ခံ | ။ | ။ | တိုင်းသူပြည်သားတို့၏ အမှုကိစ္စအဝဝတို့ကို ပေါက်မြောက်အောင် ဘုရင့်ရှေ့တော်တွင် တင်လျှောက်ရသောပုဂ္ဂိုလ်။ (ဤဘွဲ့ထူး၊ ဂုဏ်ထူးကို အသက်ကြီးရင့်သောအခါ စစ်မတိုက်ရပဲ ဘုရင့်ရှေ့တော်၌သာ ထမ်းရွက်ရန် ပေးလေ့ရှိသည်။) |
| ဝင်းစားမီးကာ | ။ | ။ | ရှေ့တော်ဝင်းအတွင်း မီးလောင်မှုမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ရသောပုဂ္ဂိုလ်။ |
| မော်စလိပ် | ။ | ။ | နိုင်ငံတော်အတွင်း မီးလောင်မှုမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ရသော ပုဂ္ဂိုလ်။ |
| ကတ္တော် | ။ | ။ | ဘဏ္ဍာရေးအရာရှိ။ |
| တံခါးမင်း | ။ | ။ | အကောက်အခွန်နှင့် လှုဝင်လှုထွက်ကြီးကြပ်ရသောအရာရှိကြီး။ |
| တံခါးရွေးသံခံ | ။ | ။ | အကောက်အခွန်နှင့် လှုဝင်လှုထွက်ကိစ္စရပ်များကို တံခါးမင်း လက်အောက်မှ ဆောင်ရွက်ရသောပုဂ္ဂိုလ်။ |
| စာကိုင်တော် | ။ | ။ | နိုင်ငံခြားသင်္ဘောများ အဝင်အထွက်ကိစ္စရပ်များကို စာရင်းပြုစုကောက်ခံရသူ။ |
| တံခါးသူကြီး | ။ | ။ | အကောက်အခွန်သူကြီး။ |
| သင်းတော်ဆွေ | ။ | ။ | အသင်းအဖွဲ့ (အစု) တို့၏ အကြီးအကဲပုဂ္ဂိုလ်။ |
| မင်းကိုယ်လုပ် | ။ | ။ | ဘုရင် မိဖုရား သားတော် သမီးတော်တို့၏ အဝတ်အစားဆင်ယင်ထုံးဖွဲ့မှုကို တာဝန်ယူရသောပုဂ္ဂိုလ်။ |
| သူငယ်တော်ရွေးစေ | ။ | ။ | မင်းမျိုးမင်းဆွေထဲမှ ယုံကြည်စိတ်ချချစ်ခင်သော ခလေးသူငယ်များကို ရွေးချယ်ပြီး လူယုံတော်အဖြစ် ဘုရင်မင်းမြတ်ထံ အနီးကပ်ခစားမှုထမ်းရသူ။ |
| ရှီစာတော်ဖတ် | ။ | ။ | ဘုရင့်ရှေ့တော်တွင် ရွှေပေလွှာများနှင့် ကဗျာလင်္ကာ စာပေကျမ်းဂန်များကို ဖတ်ကြားရသောပုဂ္ဂိုလ်။ |
| ဟူးရားသွေး | ။ | ။ | ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော် ဆွေတော် မျိုးတော်တို့အတွက် အတိတ်နိမိတ်ဖတ်ကြား လျှောက်ထားရသောပုဂ္ဂိုလ်။ |

အထက်ဖော်ပြပါ ဂုဏ်ထူး ဘွဲ့ထူးရပုဂ္ဂိုလ်တို့အား ဘုရင်မင်းတရားကြီးသည် ထိုက်တန်သောဇောင်းတော်

များ၊ စလွယ်တော်များ၊ ချီးမြှင့်ပေးသနားလေ့ရှိသည်။ တဖန် ယင်းဘောင်းတော်များ၊ စလွယ်တော်များနှင့် သင့်တင့်လျောက်ပတ်သော ပုတီး၊ ဘယက်၊ နားဒွေါင်း၊ နားပန်၊ လက်ကောက်၊ လက်စွပ်၊ ခြေချင်း၊ ခါးစည်း၊ ခါးကြိုး၊ ဒွါဒရာ၊ အင်္ကျီ၊ ပုဆိုး၊ ပါလည်ကွေ့၊ မောင်းကွတ်၊ ရွှေပန်းကုံး၊ မြပန်းကုံး၊ ပတ္တမြား၊ ဆံထိုး၊ ရွှေဆံထိုး၊ ရွှေဆံညှပ်၊ ကိုယ်လွှားကိုယ်ရုံ၊ တဘက်စသည်တို့ကို ရတနာမျိုးစုံစီခြယ်၍ ချီးမြှင့်လေ့ရှိကြောင်း ထိုလင်္ကာက ဖော်ပြနေ၏။

ထိုလင်္ကာကို ထောက်ရှု၍ နန်းတွင်းညီလာခံသို့ တက်ရောက်ကြရသော ရခိုင်ဘွဲ့ထူး ဂုဏ်ထူးပုဂ္ဂိုလ်တို့ ဝတ်စားဆင်ယင်ကြရာ၌ ဗောင်းတော်(၄၀)၊ စလွယ်တော်(၉)မျိုး၊ ခါးကြိုးခါးစည်း (၅)မျိုး၊ လက်စွပ်အမျိုးအစား (၈၁)မျိုး၊ လည်ဆွဲပုတီးဘယက် (၉)မျိုး၊ အင်္ကျီလုံချည်စသော အဝတ်အစားများ၌ ချုပ်လုပ်တတ်ဆင်ရသော “နဗေ”ခေါ် အထပ် (၉)ထပ် (ဆင့်) ဆုတံဆိပ်တစ်မျိုးဖြစ်သော ကြယ်ပွင့် (၁၆)မျိုး၊ လက်ကောက်အမျိုးအစား (၂၀)၊ ရွှေပန်းကုံး၊ မြပန်းကုံး (၅)မျိုး၊ ဆုံကျင်ခေါ် ပတ္တမြားဆံထိုး၊ ရွှေဆံထိုး (၈)မျိုး၊ ရတနာမျိုးစုံစီခြယ်ထားသော ရွှေဆံညှပ် (၈)မျိုး၊ ပိုးဖဲကတ္တီပါတို့ဖြင့် ပြုလုပ်ထားသော ခြေစွပ် (၇)မျိုးနှင့် ကမ္ဗလာခေါ် ကိုယ်လွှား (၅)မျိုးရှိကြောင်း သိရှိရပါသည်။

## မပျက်ဥသျှောင်၊ ဆောင်ယောင်ဖွဲ့စည်း၊ ဆံုထုံးနည်း

သျှစ်သောင်းပုထိုးတော်ကြီးမှာ ရခိုင်တို့၏ယဉ်ကျေးမှု သုတရတနာသိုက်”ဟုဆိုနိုင်သကဲ့သို့ ထုက္ကန့်သိမ်ပုထိုးတော်ကြီးမှာလည်း “ရခိုင့်ဆင်ယင်ထုံးဖွဲ့မှုကြေးမုံ”ပမာ ဖြစ်ချေတော့သည်။ ထိုထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ လှိုဏ်ပတ်လမ်းနံရံတစ်လျှောက်တွင်ရှိသော ဂူကျောင်းငယ် (၁၄၆)ကျောင်း၏ မျက်နှာစာများတွင် ဂူကျောင်းငယ်တစ်ခုစီ၏ ကုသိုလ်ရှင်ဇနီးမောင်နှံ စုံတွဲများမှ ကြာပန်းများဖြင့် ပူဇော်နေဟန် ကျောက်ဆစ်လက်ရာများ ထုဆစ်ထားလေသည်။ ယင်းကျောက်ဆစ်ရုပ်လုံးရုပ်ကြွများကို ဒုတိယမြောက်ဦးခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြင့် ယင်းခေတ်ရှိ ရာထူးအဆင့်အတန်းအလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ကွဲပြားခြားနားကြပုံကို ပေါ်လွင်အောင် ထုဆစ်ထားလေသည်။ အဆိုပါကုသိုလ်ရှင်များ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဗောင်းတော်များ၊ စလွယ်တော်များ အပြင် ဇနီးအမျိုးသမီးများ၏ ထုံးဖွဲ့ဆင်ယင်ကြသော ဆံထုံး, ထုံးနည်း (၆၄)မျိုးကိုပါ ဂဃနဏထုဆစ် မှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဤရုပ်လုံးရုပ်ကြွများအပြင် ရခိုင်အမျိုးသမီးများ၏ ဆံထုံး,ထုံးနည်းများကို ကဗျာလင်္ကာများဖြင့် မှတ်တမ်းတင်ထားခဲ့သည်များလည်း ရှိပါသည်။ ယင်းဆံထုံး,ထုံးနည်းလင်္ကာမှ ကောက်နုတ်ဖော်ပြရသော်-

*“. . . ဆံထုံးထုံးနည်း၊ နိသျှည်းကို၊ ကမ္ဘည်းတင်ပြန်၊ ကျမ်းဂျန်အရ၊ ဖော်ထုတ်ကြအံ့၊ ပထမမှာ၊ မြအိုးလုံး၊ လမုံးသီး၊ တသီးတလီ၊ တပတ်ခွီ၊ နှစ်ပတ်ခွီ၊ သုံးပတ်ခွီ၊ မြိတ်စို့၊ တချိုမြိတ်လွတ်၊ မချွတ်တလည်၊ မြီးတံရှည်က၊ စသည်တစ်မျိုး၊ စူးထိုးပတ္တမြား၊ မမှားတမှုံ၊ ကျစ်ထုံးကတုံး၊ တစုံကယင်၊ ထို့ပြင်ဘီးစိုက်၊ အလိုက်သင့်စွာ၊ ထုံးရာဒီးတုတ်၊ ဦးစွန်းပုတ်နှင့်၊ အသုတ်နောက်ဆွဲ၊ မလွဲထိပ်တင်၊ ထို့ပြင်တသျှောင်း၊ ယောင်စောင်းမြိတ်စောက်၊ သွယ်သွယ်မြှောက်မှ၊ မြိတ်ခေါက်ပန်းစိုက်၊ တဖြစ်တလဲ၊ လျော့ယဲကြာဝတ်ဆံ၊ တဖန်ပုလဲကုံး၊ တုန်းခရုပတ်၊ မလွတ်မြိတ်ရစ်၊ စနစ်မရွတ်၊ နဂါးပတ်ကျော့ကွင်း၊ မယွင်းလလယ်ယုန်၊ တူစုံမလွဲ၊ မုတ္တာရွဲနှင့်၊ ဆင့်ကဲနဂါးလိမ်၊*

*နှိုင်းယဉ်သမာ၊ ဂမုန်းအာငုံ၊ လုံးစုံမရွတ်၊ တမျည်းခတ်လျက်၊ ရစ်သတ်ထုံးခွေ၊ တင်ကြပေသည်။ ဤမြေရက္ခ၊ ရွှေပြည်တည်း"*ဟူ၍ ရှေးရခိုင်ကြီးများက နှောင်းလူများအတွက် အမြော်အမြင်ကြီးစွာဖြင့် ရေးဖွဲ့ထားခဲ့ပါလေသည်။

ဤကဗျာမှ ရခိုင်အမျိုးသမီးများ၏ ဆံထုံး ထုံးနည်းများဖြစ်ကြသော မြအိုးလုံး၊ လမုံးသီး၊ နှစ်ပတ်ခွေ၊ သုံးပတ်ခွေ၊ မြိတ်စို့၊ မြိတ်လွတ်၊ မီးတံရှည်၊ ပတ္တမြားစူးထိုး၊ ကျစ်ထုံး၊ ကတုံး၊ ကယင်၊ ဘီးစိုက်၊ ဒီးတုတ်၊ ဦးစွန်းပုတ်၊ နောက်ဆွဲ၊ ထိပ်တင်၊ ယောင်စောင်း၊ မြိတ်စောက်၊ မြိတ်ခေါက်၊ ပန်းစိုက်၊ လျှော့ယဲ၊ ကြာဝတ်ဆံ၊ ပုလဲကုံး၊ ခရုပတ်၊ မြိတ်ရစ်၊ နဂါးပတ်ကျော့ကွင်း၊ လလယ်ယုန်၊ မုတ္တာရွဲ၊ နဂါးလိမ်၊ ဂမုန်းငုံအာ စသော ဆံထုံးအမည်နာမများကို သိရှိရပါသည်။

## ထုံးဖွဲ့ဆင်ယင်-ရှေးယခင်၊ မထေရ်မြတ်လှ-တာပသ

တဖန် မြောက်ဦး ဒုတိယခေတ် ဘုရင်မင်းဗာကြီး (အေဒီ ၁၅၃၁-၁၅၅၃)လက်ထက်၌ ရသေ့ယောဂီတစ်ဦး၏ ဆင်ယင်ထုံးဖွဲ့မှုကို သရုပ်ဖော်ပြသော လင်္ကာတစ်ပုဒ်ကို ကောက်နှုတ်ဖော်ပြပါမည်။ ယင်းရသေ့ယောဂီမှာ ရခိုင်သမိုင်း၌ သျှမ်းသျှမ်းတောက်ကျော်ကြားလှသော သျှင်မြဝါဆိုသည့် အာဇာနည်ပုဂ္ဂိုလ်ထူးပင် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်၏ဦးခေါင်းတွင် "ထောက်ကျာသရပတ်"ခေါ် ရသေ့ဆောင်းသည့်ဦးထုပ်ကို ဆောင်းထားပါသည်။ ကိုယ်ခန္ဓာတွင်လည်း နက်ပြာရောင်ရှိသော ဖန်ရည်ဆိုးသင်္ကန်း၊ သင်းပိုင်များကို ဝတ်ဆင်ထားပြီး လက်တွင် စိပ်ပုတီးကိုင်ထားပါသည်။ ထို့ပြင် ဆံကျစ်မြီးကို ဦးထိပ်တွင် ညာရစ်ပြီး တင်ထားပြန်ပါသည်။ မုတ်ဆိတ်ပါးသိုင်းမွေးတို့မှာလည်း ရှည်ပွွန်းပွွန်းရှိပြီး လည်တွင်လည်း စိပ်ပုတီးဆွဲထားပြန်ပါသည်။ ခြေတွင် ပိုးပြာပိုးမဲတို့ဖြင့် ရက်လုပ်ထားသော ခြေအိပ်၊ ဖိနပ်တို့ကို စီးထားပုံတို့အား သရုပ်ဖော်ရေးစပ်ထားပုံမှာ

*"ဦးထုပ်သရပတ်၊ ထောက်ကျာစွပ်၍၊ ကိုယ်ဝတ်သင်းပိုင်၊ ပုတီးကိုင်လျက်၊ ဖီးခိုင်ဥာဏ၊ ပညာအစွန်း၊ လွှမ်းထက်လွှမ်း၍၊ ရဟန်းအသွင်၊ ကြည့်ပြန်လျှင်ကား၊ ဖားရားဆံကျစ်၊ ညာရစ်ထိပ်တင်၊ လိုင်တွင်ပုတီး၊ မဆိုးမရမ်း၊ ရှည်ပွွန်းပွွန်းဖြင့်၊ တခန်းတဖုံ၊ မြင်ရတုံချင့်၊ ခြေခံ့ဖဝါး၊ စီးထားဖိနပ်၊ ရှုပ်ကရပ်လျှင်၊ အထပ်ခုနစ်လွှာ၊ ပိုးပြာပိုးမဲ၊ ခြည်စရွဲဖြင့်၊ ရစ်မြဲသုံးခေါက်၊ ဝတ်တုံမြောက်၏၊ ကိုယ်ယောင်ပုဆိုး၊ သင်္ကန်းမျိုးကား၊ နက်ပြာတိမ်ရောင်၊ စွမ်းဆောင်ဖန်ရည်၊ လွှမ်းလျှပ်ပေတည်း၊ မထေရ်မြတ်လှ၊ တာပသသည် . . . . "ဟု မြောက်ဦးခေတ်လယ် ရသေ့ယောဂီတစ်ဦး၏ ဝတ်စားဆင်ယင်ပုံကို ဖွဲ့နွဲ့သီကုံးထားပါသည်။*

## ရှုပါတင့်ဆန်း-ရွှေပုံသွန်း၊ ဖော့ါယမင်းသဏ္ဍာန်၊ ထုံးဖွဲ့ဟန်

ဤကဗျာလင်္ကာများအပြင် ရခိုင်နန်းတွင်းသူ မင်းသမီးတစ်ဦး၏ ဆင်ယင်ထုံးဖွဲ့မှုကို စာသခြယ်မှုန်းထားသော ကဗျာတစ်ပိုဒ်ကို ဖော်ပြပါမည်။ ယင်းကဗျာမှ "ပိုးဝါတွဲ့"မှ ကောက်နှုတ်ထားချက်ဖြစ်ပါသည်။ ပိုးဝါတွဲ့ဆိုသည်မှာ မြောက်ဦးခေတ်လယ်၌ စိုးစံခဲ့သော ဘုရင်မင်းဗာကြီးနှင့် သံတွဲမိဖုရားတို့၏ သမီးတော် ပိုးဝါမင်းသမီး၏ ဆင်ယင်ထုံးဖွဲ့မှုကို သရုပ်ဖော်ထားသော ကဗျာလင်္ကာဖြစ်လေသည်။ ပိုးဝါမင်းသမီးမှာ ရွှေနန်းတော်၏ မြောက်ဘက် စံအိမ်တော်၌ စံမြန်းခဲ့ရသည်။ (ယခု မြောက်ဦးဟိုတယ် ဆောက်လုပ်ထားသော နေရာအနီးဖြစ်

သည်။) ဤသို့စံနေစဉ် သူမသည် ရှေးက ရခိုင်အမျိုးသမီးတိုင်း မတတ်မဖြစ်သည့် လက်မှုလုပ်ငန်းတစ်ခုဖြစ်သော ရက္ကန်းရက်လုပ်ရန်အတွက် ညနေတိုင်း သန်းခေါင်ယံအချိန်ထိ ဗိုင်းငင်လေ့ရှိ၏။ ယင်းသို့ဗိုင်းငင်နေသော ညတစ်ညတွင် စံအိမ်တော်မြောက်ဘက် သျှစ်သောင်းကျောင်းတိုက်အနီးမှ သာယာသောစောင်းသံကို ကြားရ၍ ဗိုင်းငင်မဖြောင့်နိုင်အောင်ထိ ခံစားခဲ့ရသည်။ သို့နှင့် နံနက်မိုးလင်းသောအခါ စောင်းသံရှင်မှာ မည်သူမည်ဝါဆိုသည်ကို ရှာဖွေရင်း အပျိုတော်အထိန်းတော်များနှင့် သျှစ်သောင်းဘုရားသို့ အဖူးအမျှော် သွားကြလေသည်။ ယင်းသို့သွားရာ၌ ပိုးဝါမင်းသမီးကလေး၏ ဆင်ယင်ထုံးဖွဲ့မှုကို ဖွဲ့နွဲ့သီကုံးထားကြခြင်း ဖြစ်လေသည်။

ပိုးဝါမင်းသမီးကလေးသည် "ဗောင်းနက်ကေ" ခေါ် ထပိန်ကို တစ်ပတ်နှစ်ပတ်ရစ်ပတ်ပြီး အစွန်စကို နောက်မှချထားရသော နောက်စထပိန်ကို ဝတ်ဆင်ထားလေသည်။ အဆိုပါထပိန်မှာ သုံးနှစ်ပင် ဝတ်သော်ငြားလည်း မစုတ်ပြတ်နိုင်သည်အထိ ခိုင်မာလှသည်။ ထိုထပိန်၏အောက်ခြေတွင်လည်း မကျည်းပွင့်သဏ္ဌာန် ပန်းပွင့်များ ပုံဖော်ပြီး ရက်လုပ်ထားပါသည်။ ကတ္တီပါခါးစည်းကြိုးမှာလည်း လက်ရာမြောက်လှသော ပန်းခက်ပန်းနွယ်များ ထိုးထားပါသည်။ ခါးစည်းကြိုးမှ တွဲလွဲစလွယ်သိုင်းချထားသော "ဒွါဒရာသော့ကြိုး"မှာ ကျောက်မျက်ရတနာများစီခြယ်ထားလေသည်။ ရင်သားလုံအောင် ဝတ်ဆင်ထားသော ရင်စည်းစ (ရင်ကနို့ပိုင်း)မှလည်း ကန်စွန်းရွက်အရောင်အဆင်းရှိသော ကတ္တီပါကို အသုံးပြုပြီး ယင်းအပေါ်တွင် ပန်းမျိုးစုံ ခြယ်လှယ်ထားပါသည်။ ပိုးဖဲကတ္တီပါတို့ဖြင့် ချုပ်လုပ်ထားသော "ဘာဇူ"ခေါ် အပျိုဝတ်အင်္ကျီတွင် ပန်းနွယ်ပန်းခက်များကို ရွှေခြည်ငွေခြည်တို့ဖြင့် ထိုးထားပြန်သေးသည်။ ထို့ပြင် ချိုး၊ ဆက်ရက်၊ သာလိကာနှင့် ဘာသာဘာဝလည်ယုက်ပြီး မြူးတူး ပျော်ပါးနေသော ဥဒေါင်းငှက်မောင်နှံစသော ငှက်ရုပ်မျိုးစုံတို့ကိုလည်း ပုံဖော်ပြုလုပ်ထားပြန်သည်။ အင်္ကျီ၏ ထောင့်လေးထောင့်မှ စတုလောကပါလ နတ်လေးပါးတို့မှာလည်း ရောင်စုံခြယ်ထားသောကြိမ်လုံးများဖြင့် ထောက်၍ကြည့်ရှုနေဟန်နှင့် ခြသေ့်ရုပ်များကိုလည်း ဝန်းရံ၍ သရုပ်ဖော်ထားသေးသည်။ သူမ၏ခေါင်းမှာ "မြအိုးလုံး"ခေါ် ဆံထုံး ထုံးထားပြီး ကြက်ခြေခတ်သဏ္ဌာန်ပန်ဆင်ထားသော ရွှေပေါ်မြစီထားသည့် မြပန်းကုံးများမှာလည်း လက်ရာမြောက်လှဘိသည်။ လက်ဆယ်ချောင်းတွင် နှစ်ချောင်းသော လက်များကိုပယ်ပြီး ကျန်ရှစ်ချောင်းသော လက်တို့တွင် "နဝရတ်မျက်ရံ"ခေါ် လက်စွပ်များကို ဝတ်ဆင်ထားသည်။ သူမ၏နားဋ္ဌောင်းမှာလည်း ကိုယ့်ရိပ်ကိုပင် မြင်နိုင်စွမ်းရှိသော အဖိုးအနဂ္ဃထိုက်လှသည့် စိန်နားဋ္ဌောင်းဖြစ်ပေသည်။ အဆိုပါ ပိုးဝါမင်းသမီးကလေး၏ ထပိန်၊ အင်္ကျီ၊ ရင်စည်းစ၊ ခါးစည်း၊ ဒွါဒရာသော့ကြိုး၊ မြပန်းကုံး၊ လက်စွပ်များနှင့် နားဋ္ဌောင်းများမှာ ဖခမည်းတော်ဘုရင်မင်းမြတ်မှ ပေးသနားချီးမြှင့်ထားသည့် တန်ဖိုးသိန်းသောင်းထိုက်တန်သော ပစ္စည်းရတနာများဖြစ်ကြောင်း ရေးဖွဲ့စပ်ဆိုထားပုံမှာ -

*"အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လတ်ပါကေ၊ ဗောင်းနက်ကေထပိန်၊ သုံးနှစ်လုံးပင်၊ ဝတ်မကြီကေ၊ အောက်ခြီတဆင့်၊ လှပိုးဝါမှာ၊ မကျည်းပွင့်နှင့်၊ လှတင့်ဆင်ယင်၊ မေပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ခါးတွင်ကြည့်လည်း၊ ခါးကြိုးဒွါဒရာ၊ မျက်ငါးဖြာကေ၊ စုံစွာသေသပ်၊ လှပိုးဝါမှာ၊ နောက်စချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ ဝတ်လတ်တေလေ၊ ရင်မှာမယေ၊ ရင်မှာကြည့်လည်း၊ ကင်းဇွန်းရွက်ရောင်၊ ပန်းပွင့်ရောင်နှင့်၊ ခြင်းရာသေသပ်၊ မမယ်ရင်မှာ၊ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ ဝတ်လတ်တေလေ၊ ကိုယ်မှာမယေ၊ ကိုယ်မှာကြည့်*

*လည်း၊ ရွှေတူပန်းခက်၊ မေ့ဘာဇူမှာ၊ ဂြိုးဇရက်နှင့်၊ လိုင်ယှက်ဥဒေါင်း၊ ရုပ်ပေါင်းများစွာ၊ မယ့်ဘာဇူမှာ၊ သာလိကာနှင့်၊ စတုပါလ၊ နတ်သားလေးယောက်၊ ကတ်တုံပြီးကော၊ ကြိမ်လုံးပြောက်နှင့်၊ ထောက်လို့ကြည့်ဟန်၊ မေ့ဘာဇူမှာ၊ ခြသေ့်ရုံလို့၊ အထောင့်လေးထောင့်၊ မေ့ဘာဇူမှာ၊ နတ်သားစောင့်လို့၊ ရုပ်ပုံသဏ္ဍာန်၊ အဘာပီးကော၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းသခြေ၊ ဝတ်လတ်တေလေ၊ ခေါင်းမှာမယေ၊ ခေါင်းမှာကြည့်လည်း၊ ခေါင်းမှာကြက်ချိ၊ မြပန်းကုံးမှာ၊ ရွှိပွင့်စီလို့၊ ဦးရစ်ကေဆံထုံး၊ မြအိုးလုံးကို၊ ပိုးဝါခေါင်းမှာ၊ တင်မိရေလေ၊ လက်မှာမယေ၊ လက်မှာကြည့်လည်း၊ နဝတ်မျက်ရုံ၊ လှပိုးဝါမှာ၊ အဘာပီးကော၊ သိန်းသောင်းတန်ကို၊ နှစ်ချောင်းကိုရွတ်၊ ရှစ်ချောင်းလက်မှာ၊ အပြည့်စွပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဆင်လတ်တေလေ၊ နားမှာမယေ၊ နားမှာကြည်လည်း၊ ကိုယ့်ရိပ်လည်းမြင်၊ စိန်ရှင်ဒေလိပ်လက်၊ အဘာပီးကော၊ မြနဘက်ကို၊ တင့်ကြောင်းသခြေ၊ ပိုးဝါနားမှာ၊ ဆင်လတ်တေလေ"* ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဤကဗျာလင်္ကာများသည် မြောက်ဦးခေတ် နန်းတွင်းညီလာခံသို့ တက်ရောက်ကြရသော ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်တို့၏ ဆင်ယင်ဝတ်စားပုံ၊ မြောက်ဦးခေတ်အမျိုးသမီးများ၏ ရာထူးအဆင့်အတန်းအလိုက် ဆံထုံး,ထုံးနည်းများ၊ မြောက်ဦးခေတ်ရသေ့တစ်ပါး၏ ဝတ်စားဆင်ယင်ပုံနှင့် မြောက်ဦးခေတ်နန်းတွင်းသူ မင်းသမီးတစ်ဦး၏ ဆင်ယင်ထုံးဖွဲ့ပုံတို့ကို ကွက်ကွက်ကွင်းကွင်းမြင်လာအောင် သရုပ်ဖော်ရေးဖွဲ့စပ်ဆိုထားသည်ကို ပြန်လည်မြင်ယောင်မိစေပါသည်။ သို့ဖြစ်၍ အဆိုပါကဗျာလင်္ကာများသည် နှောင်းအတိတ်မှ ရွှေမြောက်ဦး၏ ဆင်ယင်ထုံးဖွဲ့မှု "နှောင်းရိပ်ကြေးမုံ"တစ်ချပ်ပမာ ဖြစ်ချေတော့သည်။ တစ်နည်းဆိုရသော် အမျိုးသားရေးလက္ခဏာများကို မပျောက်ပျက်ရအောင် ပြန်လည်ထိန်းသိမ်းဖော်ထုတ်ပေးသော ကမ္ပည်းမှတ်တမ်းလွှာဆိုကလည်း မှားအံ့မထင်ပါတည်း။

**စောမင်းနွယ်(မြောက်ဦး)**

**ကျမ်းကိုးစာရင်း**


၁။ ဦးဦးသာထွန်း (ရခိုင်-မြန်မာပဏ္ဍိတ်) ရေး "ဗောင်းတော်လေးသွယ် စလွယ်တော်ကိုးပါး (ရခိုင်တန်ဆောင်မဂ္ဂဇင်း ၁၉၆၀-၆၁)

၂။ နတ်မြစ်ညိုဇံမောင်ကျော်ရှိရေး"ရခိုင်ဇာတိဝံသမော်ကွန်းစာ"(ရခိုင်ညွန့်ဖူး ၁၉၆၈၊ ဇူလိုင်)

၃။ တက်ထွန်းနီ (မြောက်ဦး) ရေး "ကျောက်စာက ပြောသော ရခိုင်ဘွဲ့ထူးဂုဏ်ထူးများ"(စစ်တွေကောလိပ်မဂ္ဂဇင်း၊ ၁၉၈၁-၈၂)

၄။ မောင်ဒေဝ(မြောက်ဦး)ရေး "မြောက်ဦးခေတ် နန်းတွင်းညီလာခံသဘင်မှ ရခိုင်ဘွဲ့ထူးများ"(ရခိုင်ညွန့်ဖူး)

၅။ ရှေးရေး "ပိုးဝါဘွဲ့" (ရခိုင်ညွန့်ဖူး-၂၊ ၁၉၉၄)

၆။ ဆရာဦးကျော်ကျော်လှ၏ သမိုင်းမှတ်စုများ

# ရခိုင်ဝေသာလီသားတို့၏ သင်္ဂါယနာကို ဆန်းစစ်ချက်

**စောမင်းနွယ်(မြောက်ဦး)**

အကျွန်ုပ်သည် ၁၉၉၈-ခုနှိုဝင်ဘာလထုတ် ရခိုင်ရိုးမ မဂ္ဂဇင်းအမှတ်(၂)တွင် မောင်ပြူး(သံတွဲ)၏ 'ဝေသာလီခေတ် အမြင်သစ်'ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။ ထိုအခါ အကျွန်ုပ်မှာ ဘဝင်မကျဖြစ်မိပါသည်။ ဤဆောင်းပါးနှင့်ပတ်သက်၍ အကျွန်ုပ်နည်းတူ အချို့သောပုဂ္ဂိုလ်များသည်လည်း ကသိကအောင့်ခံစားရလိမ့် မည်ဟု မျှော်လင့်မိပါသည်။ ဆရာသည် ဤဆောင်းပါးစာမူကို ရခိုင်မဂ္ဂဇင်းအမှတ်(၁၇) ဝေသာလီအထူးထုတ်သို့ ပေးပို့ခဲ့သော်လည်း ရခိုင်မဂ္ဂဇင်းသည် 'ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုကို အဓိကထားဖော်ပြနေသော မဂ္ဂဇင်းဖြစ်သည်' ဆိုသော ခံယူချက်မူဝါဒနှင့်အညီ 'ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသောသဘော သက်ရောက် သော စာမူမျိုး'ကို ရှောင်ရှားပါကြောင်း ရခိုင်မဂ္ဂဇင်းက ပြန်ကြားလိုက်သည်ဟု တဆင့်ကြားသိရပါသည်။ ထိုအခါ 'တစ်လမ်းသွားမဟုတ်'ဆိုသောမူဝါဒကို လက်ကိုင်ထားသည့် ရခိုင်ရိုးမ မဂ္ဂဇင်းပေါ်၌ ယခုလို နေရာယူလိုက်သည်ကို တွေ့ရပါသည်။

အကျွန်ုပ်မှာ ဆရာရေးသားသော ဆောင်းပါးတိုင်းလိုလို ဖတ်ရှုဖူးပါ၏။ ဆရာ၏ ဆောင်းပါးတိုင်းလိုလိုမှာ ဝေသာလီ မပါလျှင်မပြီး။ ထေရဝါဒ၊မဟာယနဆိုသည်မှာလည်း ပါစမြဲ။ အာနန္ဒစန္ဒြကျောက်စာဆိုသည်မှာလည်း ရံဖန်ရံခါ တွေ့ရ၏။ သက္ကတဘာသာဆိုသည်ကား အဓိကဇာတ်ကောင်။ သို့အတွက် ဆရာအား ဝေသာလီ 'ရှယ်ဆောင်းပါးရှင်တစ်ဦး'ဟု ဆိုလောက်ပါပေသည်။ မည်သို့ဆိုစေ ဆရာတင်ပြရေးသား ချက်များကိုထောက်ရှုကာ ဆရာသည် စာပေလေ့လာမှုအလွန် အားကောင်းပြီး အရေးအသားပိုင်းအနေဖြင့်လည်း ရေပက်မ ဝင်အောင် အံဝင်ဂွင်ကျ ပိရိကျစ်လျစ်စွာ ရေးသားတင်ပြနိုင်စွမ်းရှိသည်ကို အလွန်ချီးကျူးထိုက်ပါသည်။ယင်းနှင့် တဆက်တည်းမှာပင် ဆရာ၏အရေးအသားကို ထောက်ရှုခြင်းအားဖြင့် စာရေးသူ၏အတွင်းအဇ္ဈတ္တသဏ္ဍာန်ကိုလည်း ယင်းစာပေအပေါ်၌ ကွင်းကွင်းကွက်ကွက် ထင်ဟပ်မြင်ယောင်လာစေပါသည်။

ဤ'ဝေသာလီအမြင်သစ်'ဆောင်းပါးနှင့်ပတ်သက်၍ ဆောင်းပါးရှင်၏ဆိုလိုချက်များကို -ခြုံငုံသုံးသပ်ရလျှင် (၁)၌ စန္ဒြမင်းသည် မဟာတိုင်းစန္ဒြမဟုတ်သည့်အပြင် ဝေသာလီ ခေတ်တွင် ကျောက်စာပါမင်းများစိုးစံပြီးမှ ရာဇဝင်လာမင်းများစိုးစံခဲ့သည်။ (၂)ကျောက်စာပါ သီရိဓမ္မဝိဇယမင်းလက်ထက် ဝေသာလီ၌သင်္ဂါယနာတင်ခဲ့သည် ဆိုသည်မှာ မဖြစ် နိုင်။ (၃)သိင်္ဂစန္ဒြမင်းနှင့် သိင်္ဃဂဏ္ဍာသူရစန္ဒြမင်းမှာ တစ်ဦး တည်းသာဖြစ်သည်။ (၄)အေဒီ(၈)ရာစုတွင် ရက္ခဝဏ္ဏအက္ခရာ ပေါ်ပေါက်အသုံးပြုခဲ့သည်ဆိုခြင်းမှာ မဖြစ်နိုင်၊ စသည်ဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။

ဆရာတင်ပြချက်များအနက်မှ 'ကျောက်စာပါ သီရိဓမ္မ ဝိဇယမင်းလက်ထက် ဝေသာလီ၌ သင်္ဂါယနာတင်ခဲ့သည်ဆို ခြင်းမှာ မဖြစ်နိုင်'ဆိုသောအချက်နှင့် ပတ်သက်၍ ဆွေးနွေး လိုပါသည်။

ဆရာ၏ဝေသာလီခေတ်အမြင်သစ်ဆောင်းပါး၌ ဝေသာ လီသင်္ဂါယနာနှင့်ပတ်သက်၍ဖော်ပြထားချက်မှ အချို့ကို ကောက်နှုတ်ဖော်ပြရသော် '. . . . သီရိစန္ဒြမင်းနန့် သီရိဓမ္မဝိဇ ယမင်းကို အတူတူပင်ဖြစ်တေလို့

ဆိုထားရေကိစ္စပါ။ ရာဇဝင်မှာ သီရိစန္ဒြမင်းစွာ ကျောက်စာမှာပါဟိရေ သီရိဓမ္မဝိဇယမင်းရာ ဖြစ်နိုင်ဖို့ဆိုကေ ကျောက်စာထဲမှာ အဂုမြင်တွိရရေပိုင် ရတနာသုံးပါးကို အစိုဥ်အောက်မေ့ခြင်းကုသိုလ်နန့်ယှဉ်သောကြောင့် ဆိုရေလောက်ရာ ဖော်ပြဖို့မဟုတ်ပါ။ အဂုဖော်ပြထားစွာထက် ပိုပြီးကေ သင်္ဂါယနာတင်ရေအကြောင်းကို တစ်စွန်းတစ်စသျှေလောက်တော့ ရီးထိုးခပါဖို့'ဟူ၍ ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

အကျွန်က ရာဇဝင်ထဲက သီရိစန္ဒြမင်းနှင့်ဒဂ်ါးစာ၊ ကျောက်စာတို့ထဲမှ ဓမ္မဝိဇယမင်းသည် အတူတူပင် ဖြစ်ကြောင်း ဦးစွာတင်ပြဆွေးနွေးလိုပါသည်။ ရခိုင်တို့၏အစဉ်အလာတွက်ချက်လက်ခံလာသော ဂေါတမပူရာဏ်ကျမ်း၊ ပညာမေဓမော်ကွန်းစာ၊ ဦးမောင်စံလှ၏ နိဂုဏ်းရွာများသမိုင်း လင်္ကာ၊ ရမ်းပြည့်တောင်ကျောင်းဆရာတော် ဦးစန္ဒမာလာလင်္ကာရ၏ ရာဇက္ကမသဒေ်ပကျမ်း၊ သုတေသီဦးချန်ထွန်း၊ သုတေသီဆရာကြီး ဦးအောင်သာဦး၊ ဦးဦးသာထွန်း(ရခိုင်မြန်မာ ပဏ္ဍိတ်)၊ သုတေသီဦးရွှေဇံ၊ သျှင်ကောသလ္လ(ဂဝေသီ)၊ရွှေခိုင် ကျော်(မြောက်ဦး)တို့က လည်း သီရိစန္ဒြမင်းနှင့် ဓမ္မဝိဇယမင်းကို အတူတူပင်ဖြစ်သည်ဟု လက်ခံထားကြပါသည်။

နိုင်ငံခြားသုတေသီများဖြစ်ကြသော ဒေါက်တာဂျွန်စတင်နှင့် အိန္ဒိယကျောက်စာဝန်ဟောင်း ဒေါက်တာ ဒီစီဆာကားတို့က ဓမ္မဝိဇယမင်း၏ ခန့်မှန်းနန်းစံနှစ်ကို အေဒီ(၆၄၅ -၆၈၁)နှင့် (၆၆၅-၇၈၁)ဟု ခန့်မှန်းထားကြ၏။ ဤနေရာ၌ 'ခန့်မှန်း'ဆိုသောစကားကို အထူးသတိပြုဖို့လိုပါသည်။ သုတေသီဆရာကြီးဦးအောင်သာဦးက ဓမ္မဝိဇယမင်းသည် အေဒီ ၅၉၅ မှ၆၆၇-ခုထိစိုးစံခဲ့သည်ဟု တွက်ချက်၍ သက်သေပြခဲ့ပါသည်။ ယင်းကို ဆရာကြီး၏ 'သာသနာသက္ကရာဇ်နှင့်ပတ် သက်၍ သုတေသီတို့၏အယူအဆများ'ဆောင်းပါးမှ ကောက် နှုတ်ဖော်ပြပါမည်။ 'သီရိစန္ဒြမင်းသည် နန်းစံ(၄၃)နှစ်သို့ ရောက်သောအခါ ဥ-တ္တ-မကိန်းအရ သက္ကရာဇ်(၅၆၀)ကို-ဖြိုခဲ့ပါသည်။ ယင်းဖြိုသောနှစ်မှာ သာသနာနှစ်(ဓ-န-ဥ္ဆကိန်း ၆၀၉+ဥ-တ္တ-မကိန်း ၅၆၀)=၁၁၆၉ ဖြစ်ပြီး ခရစ်အေဒီ (သာသနာနှစ် ၁၁၆၉-ဘုရားပရိနိဗ္ဗာန်ပြုသော ဘီစီ ၅၃၁)=၆၃၈ ဖြစ်လေသည်။ ထို့ကြောင့် သီရိစန္ဒြမင်းနန်းတက် သက္ကရာဇ် ခရစ်အေဒီမှာ (၆၃၈-၄၃)=၅၉၅-ခုဖြစ်၏။ ယင်းမင်းသည် သက္ကရာဇ်ဖြို၍(၂၉)နှစ်ကြာမှာ နတ်ရွာစံခြင်းကြောင့် ယင်းနှစ်သည် ကောဇာ(၂၉)ခု၊ သာသနာနှစ်(၁၁၆၉+၂၉)=၁၁၉၈ခု၊ အေဒီ(၂၉+၆၃၈) =၆၆၇-ခုဖြစ်လေသည် . . . . 'ဟု ရေးသား ဖော်ပြထားလေသည်။ (ရခိုင်မဂ္ဂဇင်း အမှတ်(၁၇)၊ စာ-၁၂၀ ကိုရှု) ထို့ကြောင့် သီရိစန္ဒြမင်း၏နန်းစံနှစ်မှာ အေဒီ(၅၉၅- မှ ၆၆၇)ထိဖြစ်လေသည်။

အနောက်နိုင်ငံသားသုတေသီ ဒေါက်တာဖော်ချန်မာက ဓညဝတီရာဇဝင်သစ်ကောဇာအရ သီရိစန္ဒြမင်းသည် အေဒီ (၂၅၅+၆၃၈)=၈၉၃ မှ အေဒီ(၂၉၇+၆၃၈)=၉၃၅ ခုထိ စိုးစံခဲ့ သည်ဟုဆို၏။ ဤသည်မှာ 'အရင်းစစ် အမြစ်မြေက'ဆိုသလို အနောက်နိုင်ငံသားသုတေသီတို့သည် မှားယွင်းနေသော ဓညဝတီရာဇဝင်သစ်ကို လက်ကိုင်ပြု၍ ရခိုင်ကောဇာနှစ်မှ ခရစ်နှစ်သို့ပြောင်းလဲရာ၌ ပုံသေကိန်း(၆၃၈)ကို ဝေသာလီခေတ် အစမှအဆုံးတိုင် လွဲမှားစွာသုံးစွဲထား၍ဖြစ်သည်။ အမှန်မှာ သီရိစန္ဒြမင်းလက်ထက် ဥ-တ္တ-မကိန်းအရ ကောဇာ(၆၅၀)ကို-ဖြိုပြီး နောက်မှ ခရစ်နှစ်သို့ပြောင်းလဲလိုသော် ကောဇာသက္ကရာဇ်၌ ပုံသေကိန်း(၆၃၈)ကို ပေါင်းထည့်ရသည်ကို သတိမမူ၍ ဖြစ်မည်။

ဆရာ့အနေဖြင့် ဤကဲ့သို့ ရခိုင်သုတေသီတို့လက်ခံထားသော သီရိစန္ဒြမင်းသည် ဓမ္မဝိဇယမင်းမဖြစ်နိုင်ဟု ယူဆဟန်တူပါသည်။ ဒေါက်တာဖော်ချန်မာ၏ တွက်ချက်မှုမှားယွင်းပုံကိုတော့ အထက်၌ဖော်ပြခဲ့ပြီ။

ဒေါက်တာဂျွန်စတင်နှင့်ဆာကားတို့နှင့် ရခိုင်သုတေသီတို့ မည်သည့်အတွက် သက္ကရာဇ်ကွာဟပုံကို ခြေရာကောက်ကြည့်လိုက်ပါက အောက်ပါအတိုင်းတွေ့ရှိရပါသည်။

'အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီမင်း'စာအုပ်၌ ဒေါက်တာဆာကားက အာနန္ဒစန္ဒြမင်းနန်းစံနှစ်မှာ (၉)နှစ်ဟူ၍ ဖော်ပြပါရှိသည်။ (စာ-၁၂၉၊ တတိယခေတ်မင်းဆက်ဇ ယားကို ရှု) အဆိုပါကျောက်စာ၌ ဒွင်စန္ဒြမင်းထိ နန်းစံနှစ်များ ကို အတိအကျဖော်ပြပါရှိသော်လည်း ကျောက်စာရေးထိုးခိုင်း သူ အာနန္ဒစန္ဒြမင်း၏နန်းစံနှစ်ကို အတိအကျဖော်ပြခြင်းမရှိပါ။ ဂါထာ(၄၅)၌ '. . . . မင်းဖြစ်သည့်ပထမနှစ်မှစ၍ နဝမမြောက်သည်အထိ မိမိဥစ္စာဖြင့် ကိုယ်တိုင်ပြုလုပ်အပ်သော ကောင်းမှု၊ သူတပါးတို့အား-ပြုလုပ်စေ၍ အနုမောဒနာခေါ် တော်မူအပ်သော ကောင်းမှုတို့ကိုပြဆိုအပ်ပေသည် . . . 'ဟူ၍ပါ ရှိရာ ယင်း(၉)နှစ်မှာ နန်းစံနှစ်မဟုတ်ပါ။ (ရှစ်ရာစု ရခိုင်ဝေသာလီမင်း၊ စာ-၁၃၃ ကိုရှု) မင်းဖြစ်ပြီး (၉)နှစ်မြောက်မှာ အလှူမှတ်တမ်း ဩဘာစာရေးထိုးနှစ်သာလျှင် ဖြစ်သည်ကို သတိမူသင့်ပါသည်။

တဖန် အဆိုပါစာအုပ်၌ပင် 'အာနန္ဒစန္ဒြကျောက်စာရေး ထိုးသောသက္ကရာဇ်ကို ခန့်မှန်းခြင်းဆိုသော ခေါင်းစဉ်ငယ်အောက်၌ ဒေါက်တာဂျွန်စတင်က ဓမ္မဝိဇယဒင်္ဂါးပါ အက္ခရာဗေဒအရ '. . . ကျောက်စာထိုး သက္ကရာဇ်သည် ၆၅၀+၆၄=၇၁၄ ခုနှစ်အတွင်းသာဖြစ်ပေမည်။ . . . 'ဟု ခန့်မှန်းထားသည်။ ဒေါက်တာဆာကားကလည်း ဒေါက်တာဂျွန်စတင်ခန့်မှန်း ချက်အပေါ် အခြေခံပြီး 'အာနန္ဒစန္ဒြကျောက်စာအတွက် အေဒီ ၇၂၉ကို ရေးထိုးသက္ကရာဇ်ဟုယူဆလျှင် မယုတ်မလွန်ဖြစ် မည်။ အကယ်၍ အာနန္ဒစန္ဒြကျောက်စာကို ယင်းနှစ်၌ပင်ရေးထိုးသည်ဟု ယူဆပါက အာနန္ဒစန္ဒြမင်း၏နန်းတက်သက္ကရာဇ်ကို အေဒီ. ၇၂၀-ဟုအခိုက်အတန့်အားဖြင့် သတ်မှတ်နိုင်ပေသည်။ . . . 'ဟု ခန့်မှန်းထားပါသည်။ (ရှစ်ရာစု ရခိုင်ဝေသာလီမင်း၊ စာ- ၄၂၊၄၃၊၄၄ ရှု) သို့ဖြစ်၍ ယင်း၇၂၀ နှင့် ၇၂၉တို့မှာ အာနန္ဒစန္ဒြမင်း၏ တိကျခိုင်လုံသော နန်းတက်သက္ကရာဇ်၊ ကျောက်စာရေးထိုး သက္ကရာဇ်များမဟုတ်ပဲ ခန့်မှန်းသက္ကရာဇ်များသာဖြစ်သည်ကို တွေ့ရှိရပေမည်။ ထိုသို့အာနန္ဒစန္ဒြမင်း၏ခန့်မှန်း နန်းတက်သက္ကရာဇ်ကို ရရှိသောအခါ ယင်းကိုသက္ကရာဇ်ကိုအခြေခံပြီး ဓမ္မစန္ဒြမင်းနန်းစံ(၁၆)နှစ် နရေန္ဒြဝိဇယနန်းစံ (၃)နှစ်၊ ဓမ္မဝိဇယနန်းစံ(၃၆)နှစ်စသည်ဖြင့် ဒွင်စန္ဒြမင်းနန်းစံ(၅၅)နှစ်ထိ အောက်မှအထက်သို့ (အာနန္ဒစန္ဒြမင်းမှ ဒွင်စန္ဒြမင်းနန်းစံနှစ်ထိ) ပြောင်းပြန်လှန်၍နှုတ်ယူ သွားခြင်းဖြင့် ဒွင်စန္ဒြမင်းနန်းတက်သက္ကရာဇ်ကို တွက်ယူထားခြင်းဖြစ်ကြောင်း တွေ့ရှိပါသည်။

ယင်းကြောင့် ဒေါက်တာဂျွန်စတင်နှင့် ဒေါက်တာဆာ ကားတို့၏ ဓမ္မဝိဇယမင်း နန်းစံနှစ်အေဒီ ၆၄၅-၆၈၁၊ ၆၆၅- ၇၀၁ တို့မှာ အပိုအလိုမရှိ တိကျမှန်ကန်သောနန်းစံနှစ်များဟု မဆိုနိုင်ပါ။ လက်ရေးလက်သား အက္ခရာဗေဒအရ ခန့်မှန်းထားသော သက္ကရာဇ်များသာဖြစ်ပါသည်။ ရခိုင်တို့အစဉ်အလာအားဖြင့် တွက်ချက် လက်ခံလာကြသော အေဒီ. ၅၉၅-၆၆၇. လောက် တိကျမှန်ကန်မည်မဟုတ်ပါ။ တဖန် ဒေါက်တာဂျွန်စတင် နှင့်ဒေါက်တာဆာကားတို့၏ တတိယခေတ် မင်းဆက်ဇယား(၃)ပါ မင်းဆက်များကို စီစစ်ကြည့်ပြန်က လည်း အေဒီ(၆၆၇)ထိစိုးစံခဲ့သောမင်းသည် ဓမ္မဝိဇယမင်း မှလွဲ၍ အခြားမည်သည့်မင်းမှမရှိတော့ပါ။ ဒေါက်တာဂျွန်စတင်၏ ခန့်မှန်းနန်စံနှစ် (ဓမ္မဝိဇယမင်းကွယ်လွန်နှစ်)အရဆိုလျှင် (၁၄)နှစ်သာ ကွာဟပါသည်။ အလွန်နီးစပ်မှု ရှိပါ၏။ ဤသို့(၁၄)နှစ်ကွာဝေးခြင်းမှာလည်း ဒေါက်တာဂျွန်စတင်သည် ကျောက်စာရေးထိုးနှစ်ကို အက္ခရာဗေဒ

အရ ခန့်မှန်းထား၍သာ ဖြစ်ပေမည်။

ထို့ကြောင့် ရာဇဝင်လာ သီရိစန္ဒြမင်းသည် ကျောက်စာ ပါ ဓမ္မဝိဇယမင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သီရိစန္ဒြမင်းနှင့် ဓမ္မဝိဇယမင်းသည် အတူတူဖြစ်ခဲ့လျှင် အာနန္ဒစန္ဒြကျောက်စာ၌ ဓမ္မဝိဇယမင်းသည် '. . . အဂုဖော်ပြထားစွာ ထက်ပိုပြီးကေ သင်္ဂါယနာတင်ရေအကြောင်းကို တစ်စွန်းတစ် စသျှေလောက်တော့ ရီးထိုးခပါဖို့ . . .'ဟူ၍ ဆရာအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုပါသည်။ အာနန္ဒစန္ဒြကျောက်စာ၌ ဓမ္မဝိဇယမင်းမှာ ဝေသာလီ၌ သင်္ဂါယနာတင်သည့်အကြောင်းကို တစ်စွန်းတစ်စမျှ မရေးထိုးခဲ့ရုံနှင့် ထိုမင်းသည် သင်္ဂါယနာ မတင်ခဲ့ဟု တရားသေမမှတ်ယူသင့်ပါ။ ဥပမာအားဖြင့်ပြောရလျှင် အလွန်အလှမ်းမကွာသေးသည့် မြောက်ဦးခေတ်ကာလ၌ ဘုရင်မင်းဗာကြီးသည် သျှစ်သောင်းပုထိုးတော်ကြီးကို ရန် အောင်သည့်အထိမ်းအမှတ်အဖြစ် တည်ဆောက်လှူဒါန်းခဲ့သည်ကို ရခိုင်လူမျိုး သက်ကြီးရွယ်အိုမှအစ ကလေးသူငယ်အဆုံး သိကြပါသည်။ သို့သော် ဘုရင်မင်းဗာကြီးမှာ သျှစ်သောင်းပုထိုးတော်ကြီး၏ ဒါယိကာဖြစ်ကြောင်း ယခုတွေ့ရှိသမျှသော မည်သည့်ကျောက်စာတွင်မှ ရေးထိုးမပါရှိပါ။ ဆရာယူဆသလို ကျောက်စာ၌ရေးထိုးမပါရှိတိုင်း သင်္ဂါယနာ မတင်ခဲ့ဟုဆိုလျှင် ဘုရင်မင်းဗာကြီးလည်း သျှစ်သောင်းပု ထိုးတော်ကြီး၏ အလှူဒါယိကာမဟုတ်ဟု ဆိုရပါမည်လော။ စကားအစဉ်အလာများနှင့် ပေထက်အက္ခရာများသည်လည်း ရံဖန်ရံခါလစ်ဟာနေသော ရခိုင်သမိုင်းကွက်လပ်များကို ဖြည့်ဆည်းပေးသည်များလည်း ရှိတတ်ပါသည်။

'. . . တခြားအကြောင်းတစ်ခုကလည်း သီရိဓမ္မသိဇမင်း မှာ ထေရဝါဒပိဋကတ်တော်ကို ပါဠိဘာသာနန့် သင်္ဂါယနာ တင်ခစွာအမှန်ဆိုကေ အာနန္ဒစန္ဒြမင်းစွာ ကျောက်စာကို သက္ကတဘာသာနန့် ရီးထိုးခဖို့ မဟုတ်ပါ။ ပါဠိဘာသာနန့်ရာ ရီးထိုးခဖို့ အကြောင်းဟိပါရေ . . .'လို့ ဆရာက ဆိုထားပြန် သေးသည်။ ဆရာ၏အဆိုကို ထောက်ခြင်းဖြင့် အာနန္ဒစန္ဒြ ကျောက်စာကို မဟာယနသုံး သက္ကတဘာသာနှင့်ရေးထိုးခဲ့၍ ဓမ္မဝိဇယမင်း လက်ထက်၌ ထေရဝါဒသုံး ပါဠိဘာသာဖြင့် သင်္ဂါယနာတင်ခဲ့သည်ဆိုခြင်းမှာ လုံးဝမဖြစ်နိုင်ဟု ဆိုလိုသည့်သဘော သက်ရောက်၏။

ဤအဆိုကို ဝေသာလီခေတ် စာပေယဉ်ကျေးမှုနှင့် ဆက်စပ်နှီးနွယ်၍ လေ့လာရပါလိမ့်မည်။ ယင်း ဝေသာလီခေတ်ရေစီးကြောင်းနှင့်ပတ်သက်၍ ဝေသာလီခေတ်၏သမိုင်းမှတ်တိုင် များဖြစ်ကြသော ကျောက်စာမော်ကွန်းများကို လေ့လာကြည့် ရှုသောအခါ '. . . ဝေသာလီ၌ အေဒီ(၄)ရာစုမှ (၇)ရာစုပထမ ပိုင်းထိ (ဒွင်စန္ဒြမှ သီရိဓမ္မစန္ဒြထိ)တွင် ဂုပ္ပတအက္ခရာဖြင့် ပါဠိဘာသာကိုသုံးစွဲပြီး သက္ကတတစ်လုံးစနှစ်လုံးစ ရောထွေး ပါဝင်ခဲ့ပြီး အာနန္ဒစန္ဒြမင်းနှင့် နောက်ပိုင်းခေတ်တွင် သက္ကတ ဘာသာ နေရာယူခဲ့ပြီးလျှင် ရက္ခဝဏ္ဏအက္ခရာသို့ တဖြည်းဖြည်း ပြောင်းလဲသုံးစွဲခဲ့ကြသည် . . .'ဟု သျှင်ကောသလ္လ(ဂ ဝေသီ)က ရေးသားထားပါသည်။ (ရခိုင်စာပေခရီး၊ စာ-၄၈၊ ၉၄)သျှင်ကောသလ္လ(ဂဝေသီ)ပြောသလို ကျောက်စာများကို လေ့လာကြည့်ပါက သူ့ခေတ်နှင့်သူ ပြောင်းလဲသုံးစွဲလာသည်ကို တွေ့ရပါသည်။ အေဒီ(၄)ရာစုမှ (၇)ရာစု ပထမပိုင်းထိ ပါဠိဘာသာကိုသုံးစွဲပြီး အာနန္ဒစန္ဒြနှင့် နောက်ပိုင်းမင်းများလက်ထက်တွင် သက္ကတဘာသာကို သုံးစွဲလာသည်ကို တွေ့ ရပါမည်။ သို့ဖြစ်၍ အာနန္ဒစန္ဒြ ကျောက်စာကို သက္ကတဘာသာနှင့်ရေးထိုးခဲ့တိုင်း ဓမ္မဝိဇယမင်းသည် သင်္ဂါယနာတော်ကို ပါဠိဘာသာ ဖြင့် မတင်နိုင်ဟု ဆိုခြင်းမှာ 'ပေါက္ကံပြည်မှ ကမ်းပြိုကျ၍ စမွဲနဂိုရ်ပြည်မှာ နွားပေါင်ကျိုးသည်'ဆိုသော အဖြစ်မျိုးလို

မဆီမဆိုင်ဖြစ်သွားပေမည်။

'. . . သာသနာ့သမိုင်းမှာ ထေရဝါဒဂိုဏ်းစွာ သက္ကတဘာသာကို ဗာသင်္ဂါယနာတင်ပွဲမှာလဲး အသုံးမပြုပါ။ သာသနာ့သမိုင်းမာ ထေရဝါဒဂိုဏ်းစွာ တစ်ခုတည်းသော ပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်ပါရေ။ သီဟို (သီရိလင်္ကာ)က ရဟန်းတော်ရို့က တော့ ထေရဝါဒပိဋကတ်တော်ကို သက္ကတဘာသာနန့်တင် စွာကို လက်ခံပါဖို့ လား။ သင်္ဂါယနာပွဲမှာ ဦးစီးနာယကပုဂ္ဂိုလ် ဖြစ်တေ အရှင်မဟာစူလရေဝထေရ်ကတော့ အေဒီ(၅)ရာစု အတွင်းက ရှင်မဟာဗုဒ္ဓဃောသ ပါဠိဘာသာနန့်ရီးသားရေ ဝိသုဒ္ဓိမဂ်ကျမ်းကို သက္ကတဘာသာကိုပြောင်းပနာ ရီးသားပါ ဖို့လားဆိုစွာကို တွက်ဆကြည့်ဖို့လိုပါရေ . . .'ဆိုသော ဆရာ့အဆိုကို ပြန်လည်ဆွေးနွေးလိုပါသည်။ ဆရာဆိုလို သည်မှာ ထေရဝါဒဂိုဏ်းဖြစ်သော သီဟိုဠ်နိုင်ငံတွင် ပါဠိဘာသာဖြင့် သင်္ဂါယနာတင်ခဲ့သည်ဟု ကောက်ချက်ချနိုင် သည်။ ယင်းနှင့်ပတ်သက်၍ သျှင်ကောသလ္လ(ဂဝေသီ)က 'သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း (ဘီစီ. ၁၀၁-၇၇) လက်ထက် စတုတ္ထသင်္ဂါယနာကို သီဟိုဠ်ဘာသာဖြင့်တင်ခဲ့ကြောင်းကို ဓမ္မပဒအဋ္ဌကထာ နိဒါနကထာတွင် '. . ယာတမ္ပ ပဏ္ဏိဒီပမှိ၊ ဒီပဘာသာယသဏ္ဍိတာ . . 'ဟူ၍ပါရှိကြောင်း၊ သာသနာနှစ်(၅)ရာစုမှစ၍ သာဂလီ မြို့တော်ရှင် မိလိန္ဒမင်းကြီး၏အမေးကို ရဟန္တာအရှင်နာဂသိန်ဖြေဆိုသော 'မိလိန္ဒာပဉှာ'ပါဠိတော်ကျမ်းကြီး ပေါ်ထွက်လာခဲ့ပြီး သာသနာနှစ်(၁၀)ရာစု၌ အရှင်မဟာဗုဒ္ဓဃောသ သမထေရ်သည် သီဟိုဠ်သို့ကြွရောက်ခဲ့ပြီး သီဟိုဠ်ဘာသာ နှင့်ရှိသော ပိဋကတ်တော်များကို ပါဠိဘာသာသို့ ပြန်ဆိုရေး သားခဲ့ကြောင်း၊ ပါဠိဘာသာဖြင့် အဋ္ဌကထာဋီကာကျမ်းများကိုလည်း ပြုစုရေးသားခဲ့ကြောင်း ဗုဒ္ဓတရားတော် အထက် တန်းအဆင့်ကျမ်းနှင့် သာသနာ(၂၅၀၀)ခရီးကျမ်းမှာ ရေးသား ပါရှိကြောင်း . . .'ဟု ရေးသားထားပါသည်။ (ရခိုင်စာပေခရီး၊ စာ-၂၃။ ရခိုင်ညွှန့်ဖူးအမှတ်(၄)၊ စာ-၉၂၊၉၃)

ဤအကြောင်းနှင့်ပတ်သက်၍ သီဟိုဠ်နိုင်ငံ၌ပင် စတုတ္ထသင်္ဂါယနာကို ပါဠိဘာသာဖြင့်မတင်ပဲ မိမိတို့ သီဟိုဠ်ဘာသာဖြင့်သာတင်ခဲ့လျှင် သီဟိုဠ်ရဟန်းတော်များသည်လည်း ဝေသာလီသင်္ဂါယနာတင်ရာ၌ မည်သည့် ဘာသာဖြစ်ဖြစ်၊ မိမိတို့ ကြိုက်နှစ်သက်ရာဘာသာဖြင့် တင်ခွင့်ပြုလိမ့်မည်သာ။ အဆိုပါသင်္ဂါယနာတင်ပွဲ၌ ဦးစီး နာယကဖြစ်သော အရှင်မဟာစူလ ရေဝမထေရ်မြတ်ကလည်း အေဒီ(၅)ရာစုအတွင်းက ရှင်မ ဟာ ဗုဒ္ဓဃောသ မထေရ်သည် သီဟိုဠ်ဘာသာနှင့်သာရှိသော သင်္ဂါယနာကျမ်းတို့ကို ပါဠိဘာသာဖြင့် ပြန်ဆိုရေးသားခဲ့ သည်ကို သိရှိ၍ မည်သို့မျှမဆိုပဲ 'တုံဏှီဘာဝေ'ဆိတ်ဆိတ် သာ နေခဲ့ပေလိမ့်မည်။

အာနန္ဒစန္ဒြမင်းသည် ကျောက်စာကို မည်သည့်အတွက် ကြောင့် သက္ကတဘာသာဖြင့်ရေးထိုးခဲ့သည်ကို ဆန်းစစ်ကြည့်ဖို့ လိုပါမည်။ အေဒီ(၇)ရာစုနှောင်းပိုင်းမှစ၍ သက္ကတဘာသာသည် အိန္ဒိယမြောက်ပိုင်း၊ ဘင်္ဂါ(၁၂)မြို့ အိန္ဒိယတောင်ပိုင်း၊ ရခိုင်ဝေသာလီနိုင်ငံ၊ ပျူနိုင်ငံတော်တို့၌ ယခုခေတ်၌ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သည် ကမ္ဘာသုံးစာပေ၊ ကမ္ဘာသုံးစကားဖြစ်နေသကဲ့သို့ အထူးတလည် ရေပန်းစားနေခဲ့ပေမည်။ သို့နှင့် အာနန္ဒစန္ဒြမင်း သည်လည်း ခေတ်အလိုက် 'လှေကိုလိုက်၍ ပေါင်းဆင်'ခြင်းသာ ဖြစ်ပေလိမ့်မည်။ သို့သော် မိမိတို့ရခိုင်လူမျိုး၏ မိရိုးဖလာအစဉ်အဆက်ကိုးကွယ် လာခဲ့ကြသော ထေရဝါဒဗုဒ္ဓသာသနာတော်ကိုကား လက် လွှတ်ခံမည်မဟုတ်ပါ။ တဖန် အာနန္ဒစန္ဒြမင်းအနေဖြင့် ကျောက်စာရေးထိုးရာ၌ ရည်ရွယ်ချက်များရှိပါသည်။ သက္ကတဘာသာကို တတ်ကျွမ်းကြသော နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေးအရဆက်သွယ်ရာ၌ အဆင်ပြေချောမွေ့စေရန်

နိုင်ငံရေးအရ သံတမန်ဆက်သွယ်ရာ၌ အဆင်ပြေစေရန်၊ နိုင်ငံစည်းလုံးညီညွတ်မှုရှိစေရန်နှင့်၊ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးရရှိစေရန်စသော ရည်ရွယ်ချက်များကြောင့် မိမိနှင့်တကွ ရခိုင်လူမျိုးများသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ကြသူများ ဖြစ်ကြသော်လည်း မဟာယနဂိုဏ်းသုံးသက္ကတဘာသာကိုပင် ကျောက်စာ၌ ရေးထိုးခဲ့ဟန်တူပါသည်။

နောက်တကြောင်းကလည်း နရနု(အလီခင်)၊ မင်းဒေါ လျာ(မောခုသျှာ)၊ ဘစောညို(မဟာမောက်သျှာ)၊ မင်းရန် အောင်(နောရီသျှာ)၊ စလက်သူ(သီကွန်ဒါသျှာ)၊ မင်းရာဇာ (က္ကလီသျှာ)၊ မင်းစောအို(ဇလသျှာ)၊ သဇတ (အလီသျှာ)၊ မင်း ဗာကြီး(ဇဘောက်သျှာ)၊ မင်းဖလောင်း(သီကွန်ဒါသျှာ)၊ မင်းရာဇာကြီး(ဆောလိမ်သျှာ)၊ မင်းခမောင်း(ဥသျောင်သျှာ)စသည်ဖြင့် မြောက်ဦးခေတ်မင်းများသည် ကုလားဘွဲ့ခံယူကြပြီး ယင်းမင်းများ ထုတ်ဝေခဲ့ကြသော ဒင်္ဂါးများ၌ ကုလားစာ (ပါရှင်ကူဖစ်)ဖြင့် ရေးထိုးခဲ့ကြသည်ကိုတွေ့ရှိရသည်။ ဤသို့ ကုလားဘွဲ့ခံယူကြပြီး ဒင်္ဂါးများ၌ကုလားစာများရေးထိုးတိုင်းလည်း မြောက်ဦးခေတ်ဘုရင်များသည် ရခိုင်လူမျိုးများ မဟုတ်ကြ။ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြဟု မဆိုနိုင်သကဲ့သို့ မဟာယနဂိုဏ်းသုံးသက္ကတဘာသာကို ရေးထိုးအသုံးပြုတိုင်း ထေရဝါဒဗုဒ္ဓဘာသာဝင်များမဟုတ်၊ သင်္ဂါယနာမတင်ခဲ့ဟု မဆိုနိုင်ပါ။ အဆိုပါ ပါရှင်ကူဖစ်အက္ခရာသုံးနိုင်ငံများနှင့် စီးပွားရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း နိုင်ငံစည်းလုံးရေးအရလည်းကောင်း၊ နိုင်ငံငြိမ်းချမ်းသာယာ ရေးအရလည်းကောင်း၊ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း လေ့လာဆန်းစစ်လို့ရပါသည်။

ဤဝေသာလီ၌ သင်္ဂါယနာတင်ခဲ့သော ပိဋကတ်ကျမ်း ဂန်များ (ကြေးဝါချပ် ၅၀၀၀)ကို မြောက်ဦးခေတ်၌ နန်းတော် နှင့်အနီးကပ်ဆုံး၊ အလုံခြုံဆုံးဖြစ်သော 'ရွှေဂူတောင်ပိဋကတ်တိုက်'၌ သိမ်းဆည်းထားခဲ့ဟု တဆင့်စကားကြားဖူးပါသည်။ သို့သော် 'သက္ကရာဇ်-၁၁၄၆-ခုနှစ်တွင် ရခိုင်ပြည်ကို ဘိုးတော်ဘုရားသိမ်းပိုက်သောအခါ မဟာမြတ်မုနိရုပ်ရှင်တော်နှင့်တကွ မင်း၊ မိဖုရား၊ မင်းညီ၊ မင်းသား၊ ရဟန်းပညာရှိ လူပညာရှိ လက်မှုပညာရှင်များ၊ ပုရောဟိတ်ပုဏ္ဏား၊ ဗေဒင်တတ်၊ ဆေးသမားများ၊ စာပေကျမ်းဂန်များ၊ ပိဋကတ်ကျမ်း(၆၄)ကျမ်း၊ ဗေဒင်ကျမ်း(၅၆) ကျမ်း၊ ဆင်၊မြင်း၊ပြောင်းအမြောက်များစသည်တို့ကို သိမ်းဆည်းယူဆောင်သွားလေသည် . . . 'ဟု ဆိုပါသည်။ (ရခိုင်ရာဇဝင်သစ်ကျမ်း ဆဋ္ဌမတွဲ၊ စာ-၃၁၁ နှင့် သတ္တမတွဲ၊ စာ-၃၄၂)သို့နှင့် ဝေသာလီသင်္ဂါယနာတင် ပိဋကတ်ကျမ်းဂန်များသည် ၁၁၄၆-ခုနှစ်က အမရပူရသို့ပါသွားသော ပိဋကတ်ကျမ်း(၆၄)ကျမ်းတွင်မပါဝင်ဟု မဆိုနိုင်ပါ။ ယင်းပိဋကတ်ကျမ်းဂန်များကို ရုပ်ဝတ္ထုမျက်မြင်သက်သေအဖြစ် မပြနိုင်စေကာမူလည်း ရွှေတောင်ခေါ် သရက်ချိုတောင်(သင်္ဂါယနာကုန်းတော်)၌ သင်္ဂါယနာတင်ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ဆောက်လုပ်လှူဒါန်းပေးခဲ့သော ကျောင်းတော်ရာများနှင့် ယင်းကုန်းတော်၏အရှေ့ဖက်၌ အဆိုပါရဟန်းတော် များသောက်သုံးရန်အတွက် တူးဖော်ပေးခဲ့သော ဧက(၂၀)ရှိ သောက်ရေကန်ကြီး 'ပန်းချင်းမြောင်'ကို ရုပ်ဝတ္ထု သက်သေအဖြစ် ယနေ့တိုင်လေ့လာနိုင်ပါသေးသည်။

အကြောင်းကြောင်းကိုထောက်၍ သီရိစန္ဒြမင်းနှင့်ဓမ္မဝိ ဇယမင်းသည် အတူတူဖြစ်သည်။ ယင်းမင်းသည် ဝေသာလီ ၌ သင်္ဂါယနာတော်တင်ခဲ့သည်။ ဓမ္မဝိဇယမင်း၏ သင်္ဂါယနာ တင်သည့်အကြောင်း၊ ယင်းကျောက်စာ၌ တစ်စွန်းတစ်စမျှ ရေးထိုးမပါရှိတိုင်း သင်္ဂါယနာမတင်ခဲ့ဟုမဆိုနိုင်။ အာနန္ဒစန္ဒြကျောက်စာကို သက္ကတ

ဘာသာဖြင့်ရေးထိုးခဲ့တိုင်း သီရိစန္ဒြ(ဓမ္မဝိဇယမင်း)သည် သင်္ဂါယနာကို ပါဠိဘာသာဖြင့်မ တင်နိုင်ဟု မဆိုနိုင်ပါ။ သီဟိုဠ်၌ သီဟိုဠ်ဘာသာဖြင့်သာတင်ခဲ့ကြ၍ ဝေသာလီ၌လည်း မိမိတို့နှစ်သက်ရာဘာသာဖြင့် တင်ခွင့်ပြုမည်သာ။ မည်သို့ဆိုစေ ဝေသာလီ၌ သင်္ဂါယနာကို ပါဠိဘာသာဖြင့်တင်ခဲ့ကြောင်းကို 'ပညာမေဓ' မော်ကွန်းစာနှင့် ဦးမောင်စံလှရေး 'နိဂုဏ်းရွာများသမိုင်းလင်္ကာ(၁၁၁၉-ခု)'က ပြောပြနေပါသည်။

**စောမင်းနွယ်၊မြောက်ဦး၊**

## <u>ကျမ်းကိုးစာရင်း</u>


၁။ ပဲခူးမင်းကျောင်းဆရာတော် ဦးပဏ္ဍိရေး 'ဓညဝတီရာဇဝင်သစ်'၊ (၁၂၇၈-ခု၊တန်ခူးလ)

၂။ ဦးစန္ဒမာလာလင်္ကာရရေး 'ရခိုင်ရာဇဝင်သစ်' (၁၂၉၃-ခု၊ တပို့တွဲလ)

၃။ ဦးစန္ဒမာလာလင်္ကာရရေး 'ရာဇက္ကမသခင်ပကျမ်း'

၄။ ဦးစံသာအောင်ရေး'အာနန္ဒစန္ဒြရှစ်ရာစု ရခိုင်ဝေသာလီမင်း' (၁၉၇၅-ခု၊မတ်လ)

၅။ ဦးစံသာအောင်ရေး'ရခိုင်ဒင်္ဂါးများ'စာအုပ်၊ (၁၉၇၉-ခု၊ဇွန်လ)

၆။ ဦးအောင်သာဦးရေး 'သာသနာတော်သက္ကရာဇ်နှင့်ပတ်သက်၍ သုတေသီတို့၏ အယူအဆများ' (ရခိုင်မဂ္ဂဇင်း အမှတ်-၁၄)

၇။ ဦးရွှေဇံရေး 'ဝေသာလီကျောက်လှေကားခေတ် ပဟေဠိပုစ္ဆာများနှင့် အဖြေ'ဆောင်းပါး၊ (ရခိုင်သဟာယ အမှတ်-၄)

၈။ သျှင်ကောသလ္လ(ဂဝေသီ)ရေး 'ရခိုင်စာပေခရီး'

၉။ မောင်ပြုံး(သံတွဲ)ရေး 'ဝေသာလီခေတ်အမြင်သစ်' ရခိုင်ရိုးမမဂ္ဂဇင်းအမှတ်(၂)

၁၄၁

# ကျွန်ုပ်နှင့်စာပေနိဒါန်း

**အသျှင်စက္ကိန္ဒ**



**အသျှင်စက္ကိန္ဒ**

ကျွန်ုပ်၏စာပေနှင့်ဆိုင်ရာလုပ်ငန်းများမှာ လေ့ကျင့်ဆည်းပူးမှု၊ ရှာဖွေမှု၊ စမ်းသပ်ရေးသားမှုများဖြင့် ရှေးပိုင်းတွင် မှုံတဝါးဝါးနှင့်ရှိလာခဲ့ပေသည်။

ကောဇာ ၁၂၉၈ ခုနှစ်၊ ပြာသိုလဆုတ် ၃-ရက်၊ အင်္ဂါနေ့၊ ညနေမွေးဖွားသဖြင့် ဗေဒင်အရ ဘင်္ဂဖွားသူဟု ဆိုသည်။ ခရစ် ၁၉၃၆ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျရောက်သည်။ မွေးဖွားချင်း တစ်အူတူဆင်း၆ဦးတွင် စတုတ္ထမြောက်ဖြစ်၍ သားသုံးဦးတွင်ဆိုလျှင် အထွေးဆုံးဟုဆိုရမည်ဖြစ်သည်။ ငယ်စဉ်ရောဂါများ၍ ချူချာလှပြီး လူတကာပြုစုမှုကို ခံယူခဲ့ရသည်ဆို၏။

ဘေးဘိုးစဉ်ဆက် လယ်မြေဖြင့် အရင်းအနှီးပြုကာ စားသောက်လာခဲ့သည်။ မိဘများလည်း လယ်ယာလုပ်ငန်းဖြင့်ပင် သက်မွေးမှုပြုခဲ့သည်။ စစ်အတွင်း ကျွန်ုပ်မှာ ငယ်သေး၍ လယ်ယာကိစ္စကို ဝေးစွ။ စာပင်သင်ရေး မပြုရသေးပါ။ ငါးနှစ်ရွယ်(သက္ကရာဇ် ၁၃၀၃ ခုနှစ်)က စစ်ဘေးကပ်ရောက်လာသဖြင့် မောင်တောမြို့နယ်မှ လူများမှာ နီးစပ်ရာ အနောက်ဖက်ကမ်းသို့ ပြေးရှောင်လာခဲ့ကြသည်။ အနောက်ဖက်ကမ်းရှိ ရခိုင်များကလည်း လောင်းလှေကြီးများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ကြလေသည်။

ထိုဒေသကား အင်္ဂလိပ်ပိုင်နယ်ဖြစ်နေ၍ အေးချမ်းသောနယ်ပယ်ဟု ဆိုနိုင်ပါသည်။ ထိုအချိန် ရခိုင်စစ်ပြေးများကြောင့် စာသင်မှုမပြုကြရ။ စာသင်ကျောင်းတို့၌ ဒုက္ခသည်များခိုလှုံနေခဲ့ကြသည်။ စစ်၏အနိဋ္ဌာရုံကို ကား ကြီးငယ်မခြား ခံစားခဲ့ရသည်။ မီးခိုးတလူလူ ထလောင်နေသော မောင်တောကမ်းခြေကိုပင် ညောင်ပင်ရင်းမှ ကြည့်မြင်နေရလေသည်။

မတတ်သာပြီ၊ အိမ်တွင် ညအိပ်ရာဝင်တိုင်း၊ ကကြီး, ခငယ်ကို နှုတ်တက်ဆိုရသည်။ လက်ဦးဆရာမှာ အဘောင်မ(အဖွားမ)ပင်ဖြစ်၍ ရခိုင်ဆိုရိုး ကမချနည်းကို ချပေးသည်။ ဤသို့ဖြင့် သင်ပုန်းကြီးကို အကြမ်းဖြင်း သင်ယူနေရဘိသည်။

မွေးရပ်တွင် ကျွန်ုပ်၏အဘေး(လှကျော်ဘခင်-မောင်မဲ)သည် အရပ်စာပြစာသင်ဆရာဖြစ်ခဲ့သည်။

ထိုနောက် အဘိုး(မောင်မဲသား-လှကျော်)လည်း အရပ်ဆရာလုပ်ခဲ့သည်။ ဆရာတော် ဦးနာဂိတ(ကောဇာ ၁၂၄၂-၁၃၂၅) ကျောင်းစထိုင်စဉ်၊ ဘခင်မှာ ဘုန်းကြီးကျောင်းတွင် သင်လာရသည်။ ကျွန်ုပ်တို့လက်ထက်ကား ဆရာတော်မှာ ခြံချောင်းရွာကျောင်းမှထ၍ နခေါင်းချောင်းကျောင်းတောင်တောရသို့ နေရာပြောင်းကြွလေသဖြင့် မမှီလိုက်ရတော့ပြီ။ ချောင်းခြား၍ ဥပုသ်ဆွမ်းပို့လာရင်းသာ အခါအားလျော်စွာရောက်ခဲ့ရ၊ ဖူးမြင်ဦးတင်ခဲ့ရ လေသည်။ ခြံချောင်းရွာကား ရခိုင်စစ်ပြေးများ ခိုမှီးရာနေရာဖြစ်လေသည်။ ချင်းပုံ၍လက်ရုံးဗိုလ်ဘချစ်ရည်က နေရာချပေးထားခြင်းလည်း ဖြစ်လေသည်။

ဆရာတော်နှင့် မသင်လိုက်ရသော်လည်း အရပ်ဆရာနှင့်ကား သင်ခဲ့ရသည်။ အရပ်ဆရာလည်း ဆရာတော်၏ တပည့်ဖြစ်၍ ဒီသာပါမောက်ဆိုလောက်သည်။ ချစ်ကြောက်ရိုသေရသောဆရာတည်း။ ထိုဆရာမှာ မိမိနေအိမ်တွင်ပင် ကျောင်းဖွင့်၍ စာသင်ပြမှုကိုပြုထားရှိလေသည်။ ကျွန်ုပ်မှာဆိုလျှင် အိမ်တွင်စာသင်ပြစဉ်က၊ စာသင်ရခြင်း မပြုရသေးပါ။ ၉ နှစ်သားအရွယ်လောက်မှသာ ကျောင်းစတင်နေခဲ့သည်။ ထိုအခါ စာသင်ကျောင်းလည်း ဖွင့်လေပြီ။ လူသူများလည်း အိမ်ရာကိုယ်စီမှီခိုရရှိခဲ့ကြလေပြီ။ စစ်ပြေးအများကား ဒိန္နါစပူရ်စခန်းသို့ ရောက်ရှိသွားခဲ့ကြလေသည်။

ဆရာသည် စစ်ပြီးခါနီးနီးမှပင် စာသင်ကျောင်းကို ပြုပြင်၍ ကောဇာ-၁၃၀၇ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့တွင် ကျောင်းစတင်ဖွင့်လေသည်။ ထိုနေ့ကပင်အစဝင်ရောက်၍ တစ်လလျှင် ငွေတစ်ကျပ်ကျ (ဆင်းရဲ သားများမှာ တနှစ်ဆန်တစ်တောင်းကျဖြင့်)ကျောင်းလခပေးကာ သင်ကြားခဲ့ရလေသည်။ ဆရာ၏မှတ်တမ်း၌ကျောင်းသားများစာရင်းတွင် ညိုမောင်အမည်ဖြင့်ရှိရာ ကျွန်ုပ်ပင်ဖြစ်၏။ ဆရာကား သူစိမ်းပြင်ပလူမဟုတ်ချေ။အဘေး(မောင်မဲ)၏ ညီဖလောင်းဆိုသူ၏မြေးပင်တည်း။ ကျွန်ုပ်၏ဘခင်နှင့်ဆိုလျှင် မောင်သားနှမသားကျ၍ ရခိုင်လို သမီးယောက်ဖ တော်လေသည်။ အရပ်ကဆိုလျှင် ဆရာထက်သက်ရွယ်ကြီးသူ များက ကျောင်းဆရာဇောသာဟု ခေါ်ကြသည်။ ရွယ်တူ၊ ငယ်သူများက ဆရာဇောသာ၊ ဆရာ-ဆရာဟူ၍ ခေါ်ကြသည်။ ဆရာမှာထိုစဉ် လူပျိုကြီးဘ၀ဖြင့် ရှိနေသည်။

ဆရာထံ မြန်မာဘတ်စာ(ဒေါင်းတံဆိပ်)များကိုလည်းကောင်း၊ ဘင်္ဂလားနှင့် အခြေခံအင်္ဂလိပ်စာ များကိုလည်းကောင်း၊ သင်ခဲ့ရသည်။ ကျောင်းသားကြီးအဆင့်ရောက်စဉ် အောက်လက်သားများကို လက်ထောက်စာသင်ပြ၊ စာကူးပေးရနှင့်ကူညီရသည်။ သူများအကျိုးဆောင်ခဲ့ရ၍၊ လက်ရေးလက်သား အနည်းငယ်ကောင်းလာခဲ့ရသည်။ရပ်ရွာတွင် လည်း မင်္ဂလာဘိတ်စာများ၊ ကမ္ဘဋ္ဌါန်းသံပေါက်များကို မကြာခဏ ရေးပေးကူးပေးရသည့် ကျေးဇူးလည်း မကင်းခဲ့ပေ။

စစ်ပြီးနောက်ပိုင်းတွင် လယ်ယာလုပ်ငန်းခွင်တွင်ဝင်၍ ကူလာခဲ့ရသည်။ ကျွဲနွားများ အကူကျောင်းရ။ ထမင်းပို့ကစ၍၊ လယ်ထွန်သင်ခဲ့ရသည်။ ဒိန္နါစပူရ်ရောက်၊ စစ်ပြေးများပြန်လာ၍ ပြန်လည်ထူထောင်ရေး စတင်လေလျှင်၊ ကျွန်ုပ်လည်း တစ်ဦးအပါဝင်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် မောင်တောမြို့နယ်၊ ကြိန်ချောင်း(ယခင်ဘော်လီဈေး)လောင်းဒုံ စခန်းတွင် လယ်တဲချ၍နေခဲ့ပေသည်။ မူဂျာဟိန်းသူပုန်ဘေးကြောင့် လုပ်စားပျက်ခဲ့ရသည်။

ကျွန်ုပ်မှာ အသက် ၁၄ နှစ်ရွယ်တွင် ရှင်ပြုရန်အကြောင်းဆုံလာသည်။ အဖွားမ(အဘောင်မ)က သူမသေမှီ မျက်နှာမြင်သွားချင်သည်ဟု မကြာခဏ အရေးဆိုလာခဲ့သည်။ ထို့ကြောင့်ဆရာတော်ရင်းချာထံ၌ပင် ကောဇာ ၁၃၁၂-ခုနှစ် (ခရစ်-၁၉၅၀ ခုနှစ်ခန့်)ရှင်ပြုလေ၍ သာသနာဘောင်သို့ရောက်သွားခဲ့ရလေသည်။ ထိုနှစ်တွင်ပင် အဖေါ် ကိုရင်များပါ လေးပါးရှိရာ၊ ဆရာတော်ထံ သဒ္ဒါလိပ်စာဝါကို လိုက်ရသည်။ ဝါကျွတ်လျှင်

တပိုးတွဲလဆုတ် ၄ ရက် ကြာသပတေးနေ့ နံနက် ရှစ်နာရီမှစ၍ အနက်ဥာဏ်အားကောင်းရင့်သန်ရန်ဆိုကာ အဘိဓါန်စာဝါကို သင်ရသည်။ ပရိတ်ကြီးကိုကား မိမိဘာသာကျက်မှတ်ရလေသည်။

နောက်တစ်နှစ်တွင် ဆရာတော်ဦးဖြဟ္မိန္ဒကြွလာ၍ သဒ္ဒါ၊ ဝိနည်းတို့ကိုသင်ခဲ့ရသည်။ ဆရာတော်သည် ဦးနာ ဂိတ၏တပည့်ဖြစ်ပြီး အထက်ပြူးမတွင် ကျောင်းထိုင်ခဲ့လေသည်။ တိုင်းပြည်ပျက်သောအခါ နခေါင်းချောင်း ကျောင်းသို့ပြေးလာ၍ ခိုမှီးနေခဲ့လေသည်။ ထိုမှနီးစပ်ရာဒေသတို့၌ ကျောင်းထိုင်လျှက်၊ ရခိုင်ပြည်၊ ရသေ့တောင် မြို့နယ်၊ ပြိန်းတောကျောင်းတွင် တစ်ဝါဆိုနေခဲ့လေသည်။ ထိုက ပြန်ခဲ့ပြီးနောက် မိမိတို့နှင့် နခေါင်းချောင်း ကျောင်းတွင် အတူ သီတင်းသုံးနေခဲ့ကြခြင်း ဖြစ်လေသည်။

နောက်တစ်နှစ်တွင် ရှင်အသစ်များလည်း တိုးလာသည်။ အဖော်ညိကာ ရန်ကုန်မြို့သို့တက်ရောက်၍ ကောဇာ ၁၃၁၄ ခုနှစ်(ခရစ်-၁၉၅၃ ခုနှစ်)သင်္ကြန်မကျမှီရောက်သွားလေသည်။ သင်္ကြန်ပွဲဆင်နွှဲနေကြသည်များ ကိုလည်း မြင်တွေ့ခဲ့ရလေသည်။ ထိုတွင် ဦးလေးဘုန်းကြီးက ဓမ္မာစရိယတန်းကို သင်ယူရှိသည်။ သင်္ကြန်လွန် (၁၃၁၅-ခုနှစ်)ချင်း၊ ဖြေဆိုအောင်ပန်းဆွတ်ခူးလေသည်။ ထိုကြောင့် တစ်ဝါတွင်းသာ ဦးလေးဘုန်းကြီး နှင့်အတူ နေလိုက်ရသည်။ သို့သော် လည်း အမှီအခိုဆရာများ၊ အပေါင်းအဖော်များကား ရရှိထားလေပြီ

မိမိလည်း ထိုနှစ် မိုးတွင်း စာဝါများကို မင်္ဂလသုခတိုက်မှာပင် သင်ယူခဲ့လေသည်။ ကောဇာ ၁၃၁၅ (ခရစ် ၁၉၅၄ မတ်လ)ခုနှစ်၊ တပေါင်းလတွင် ပထမငယ်တန်း၊ ၁၃၁၆ (၁၉၅၅ ခုနှစ်)ခုနှစ်၊ တန်းခူးလဆန်း ၉ ရက်နေ့တွင် ပထမလတ်တန်းတို့ကို ဆက်တိုက်ဖြေဆို အောင်မြင်ခဲ့လေသည်။ ထိုအတွင်း စာကြည့် စာရေး လေ့ကျက်၊ ဗဟုသုတလိုက်စားမှုများကို ပြုခဲ့လေသည်။ ကျောင်းတွင် ဗုဒ္ဓိဝေပုလ္လစာဖတ်အသင်း စာအုပ်များကို ကြည့်ရသည်။ ထို့ကြောင့် အပျံသင်စ ငှက်ပမာ၊ စာရေးသင်စဖြစ်လာရသည်။

ကြိုးကြားကြိုးကြား ဆရာတော်ကလည်း မာရယုနှင့် ဗေဓါရာဇဝင်ရှင်းတမ်း၊ ရခိုင်သုခစာအုပ်ငယ်များကို ၁၃၁၇ (၁၉၅၅)ခုနှစ်က ရေးကူးစေသည်။ နှုတ်တိုက်ဆိုပေးသည်များကို လိုက်လံ၍ရေးမှတ်ခဲ့သည်။ ပေးစာများ၊ ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ရေးမှတ်ရ၊ အချောကူးရလေသည်။ ဆရာတော်မှာ ထိုစဉ်ခရိုင်ဝိနည်းဓိုရ်တစ်ပါးလည်း ဖြစ်နေသည်။ မိမိကိုကား ဆရာတော်ကား စာရေးကြီးဟူသောဘွဲ့ကို အလိုလိုခန့်အပ်ခဲ့လေသည်။

ကျွန်ုပ်မှာ ကိုရင်ဘဝအတွေ့အကြုံဟူ၍ ဆွမ်းအုပ်ယူ၊ ဆရာတော်စေခိုင်းချက်များနှင့် မော်တော်ကား၊ မီးရထား စီးရအခက်အခဲတို့ကို အကြိမ်များစွာ ခံလာခဲ့ရဘူးသည်။ ထို့ကြောင့် ကားဆရာများထံပေးရန်စာများ၊ တိုးတက်ကြီးပွားရေးဆိုင်ရာစာစီစာကုံးများ၊ မိဘဆရာသမားများထံပေးစာများကို ရေးတတ်စပြုလာသည်။ စာမေးပွဲအငယ်အောင်စဉ်နှင့် ဆုတော်များခံယူရပုံ၊ ရှေးနှစ် ဆက်လက်ဖြေဆိုနိုင်ရန် ကြိုးစားနေပုံ၊ ဦးဥာဏ (ညီလေး)မြောက်ဦးမြို့တွင် ဝါဆိုနေပုံ သတင်းများကို (ကောဇာ ၁၃၁၆/၁၃၁၈ ခုနှစ်)ရေးသား၍ ဆရာတော် ထံပေးခဲ့ဘူးသည်။

အလယ်တန်းစာမေးပွဲ (၁၃၁၆ ခုနှစ်)မဖြေမီ မိဘများထံစာတစ်စောင်ပေးဘူးသည်။ ထိုစာတွင် ရှေးနှစ်ပြာသို လ(၁၃၁၇)ခုနှစ်တွင် ၁၉နှစ်စေ့မည်။ ရဟန်းခံရန် ကြိုတင်ပြင်ဆင်စရာများကို အသိပေးထားသည်။ အကြီးတန်းအတွက် (၁၉၅၆-ခုနှစ်)တစ်နှစ်အနားယူသည်။ ထိုနှစ်ရဟန်းခံရန် ရခိုင်ရိုးမကို ကျော်ဖြတ်၍ ဌါနေသို့ပြန်ခဲ့သည်။ ဆရာရင်းက အသက်၂၀မပြည့်ဘဲ၊ ဝမ်းတွင်း ၁၀ လ ပဋိသန္ဓေကိုပါယူ၍ အသက်၂၀ပြည့်ရုံ နှင့် ရဟန်းမခံရန် တားမြစ်လေသည်။ ထိုစဉ်မိမိမှာ အသက် ၁၉ နှစ်နှင့် နှစ်လရောက်ပြီးရာကား၊ ပဋိသန္ဓေ၁၀လကို ရောလျှင် အသက်နှစ်ဆယ်ပြည့်ပြီးဖြစ် လေသည်။ ထိုကြောင့် ရဟန်းခံမဖြစ်ခဲ့ရဘဲ ဆိုင်းငံ့ခဲ့ရလေသည်။ ထိုစဉ် အတူနေဖက် ဦးရာဇိဉကိုယ်တော်လည်း ပျံလွန်ရှိနေသည်နှင့် ဈာပနသင်္ဂြိုဟ်ပွဲကို ကြုံခဲ့ရလေသည်။

သံဖြူကျောင်းဆရာတော်ကြီး နတ်မြစ်ဂိုဏ်းချုပ်ဆရာတော် ကြီးလည်း မိမိရောက်၍မကြာခင် ပျံလွန်ခဲ့လေသည်။ ဆရာတော်ကြီးကို မပျံမှီဖူးမြင်ခဲ့ရပါသေး၏။ ထိုကအပြန် မိုးလရာသီ နီးလာသဖြင့် သင်္ဘောခရီးဖြင့် လှိုင်းလေဒဏ်ကို အလူးအလိမ့်ခံပေးခဲ့ရလေသည်။

ကောဇာ ၁၃၁၈ ခုနှစ် (ခရစ် ၁၉၅၆)မိုးတွင်း မင်္ဂလသုခဆရာတော်ကြီးထံ ပဌါန်းသင်ယူရသည်။ ညတိုင်းမှတ်စုပြု၍စာချပြီးနောက်တွင် ဆရာတော်ကြီးနှင့် ပြုပြင်၍ အချောကိုင်ကြသည်။ ဤသို့ဖြင့် စာပေလုပ်ငန်းနှင့် တစ်ဖက်က ရင်းနှီးစဖြစ်လာခဲ့သည်။ စာမေးပွဲဖြေရန်လည်း အဆင်သင့်ဖြစ်နေ၍ ၁၃၁၈ခုနှစ် အကြီးတန်းကိုဖြေရန် လက်မှတ်ရေးထိုးရှိလေသည်။ သို့ရာတွင် သပိတ်မှောက်မှုပြဿနာပေါ်လာ၍ မဖြေဖြစ်ခဲ့ရချေ။ ဖြေဆိုသူများမှာ အအောင်ရကြသဖြင့် အတူနေရှင်စန္ဒမှာ ဖြေဆိုမှုအရ အငယ်တန်းကို အောင်မြင်လေသည်။ ထိုကဌါနေပြန်၍ ရဟန်းခံရန်မှာ မိုးခေါင်ရေရှား၍ စောင့်ဆိုင်းနေခဲ့ရသည်။ ကောဇာ ၁၃၁၉ ခုနှစ် နယုန်လပြည့်(၁၂-၆-၅၇)နေ့တွင်မှ ရဟန်းဖြစ်ခဲ့ ရသည်။ ဘုရင်မင်းများသည် မိမိအဘိသိက်ခံရာ ဌာနကို မမေ့ကောင်းဆို၏။ ထို့အတူ ရဟန်းဖြစ်သော မိမိမှာလည်း ရဟန်းဖြစ်သောနေရာဌါနကို မမေ့လှပေ။

ရဟန်းဘဝဖြင့် ဥပဇ္ဈာယ်ဆရာထံနေစဉ်၊ ရခိုင်ဇာတိဝံသခေ်ပကျမ်း(ရခိုင်ရာဇဝင်အကျဉ်းပြ)ကို ဆရာတော်နှင့် ညှိ၍ရေးခဲ့ကြသည်။ ရဟန်းမဖြစ်မှီ မိမိထံဆက်သွယ်ရောက်လာကြသော ဆရာတူတပည့်များ နေထိုင်ရေးကိစ္စ။ ၎င်းတို့ပညာရေး၊ စာမေးပွဲအောင်မြင်မှုကိစ္စနှင့်ပတ်သက်၍ ရှင်စန္ဒထံမှ ဥပဇ္ဈာယ်ဆရာတော်ထံသို့ (၇-၈-၅၇)နေ့က ပေးစာတစ်စောင်ရောက်လေသည်။ ထို့ပြင် ပညာသင်ရန် လာလိုကြသော မိတ်ဆွေသင်္ဂဟများထံလည်းကောင်း၊ အဘောင်မ, အဘိုးရှင်, များထံလည်းကောင်း။ အစ်ကိုမယား(မရီး) တို့ထံလည်းကောင်း၊ မိမိပေးခဲ့ဘူးသော ပေးစာများကို ပြန်ပြောင်းဖတ်ရှုရလေသည်။

ရဟန်းခံပြီး၍ ဌါနေတွင် တစ်ဝါဆိုပြီး ဝါကျွတ်စဉ် ပင်းဝါ(ရာမု)သို့လိုက်ပါခဲ့သည်။ ကောက်ဦးစား၊ ကောက် သစ်စားပွဲများနှင့်ကြုံ၍လိုက်နေရသဖြင့်၊ အချိန်ကြာပြီး ဂှက်ဖျားမိခံခဲ့ရသည်။ ထိုနှစ်မိုးတွင်း ဦးလေးဦးနရိန္ဒထံစာပေး၍ တန်ဆောင်မုန်းလကြွလာသည်။ ၁၃၁၉ ခုနှစ်၊ ဦးဥာဏလည်း မြောက်ဦးမြို့က၊ မောင်တောမြို့နယ်၊ ငခူရမြို့သစ်ကျေးရွာတွင် ကျောင်းထိုင်နေသည်။ ဦးနရိန္ဒကြွလာခိုက် မြေတူးဖြိုထားသော မြို့သစ်ကျောင်းရာတွင် မဏ္ဍပ်ထိုး၍ ကထိန်ပွဲကျင်းပနေသည်ကို မှီလာသည်။ ဦးနရိန္ဒရောက်လျှင် မိမိလည်း ရန်ကုန်ပြန်ကာ မကြာခဏဖျားနေသောငှက်ဖျားရောဂါကို ကုသနေခဲ့ရလေသည်။ အကြီးတန်းကိုမူ ၁၃၂၀ ခုနှစ် (ခရစ်၁၉၅၉ မတ်လ)တပေါင်းလတွင်မှ ဖြေဆိုအောင် မြင်လေတော့သည်။

ကောဇာ ၁၃၂၁ ခုနှစ် ဆရာတော်မှာ ကင်ဆာ(မှိုနာ)စွဲကပ်လာ၍၊ ကျန်းမာရေး မကောင်းတော့ချေ။ ပဌါန်း ချနည်းလည်း နိဿယပစ္စည်းထိသာ ပြီးစီးလိုက်သည်။ မူလရည်ရွယ်ရင်းက ယမိုက်၊ မာတိကာတို့ပါ ချနည်းမှတ်ရန်ပြောရှိ၏။ မိမိမှာလည်း ရခိုင်ရာဇဝင်စာပေသမိုင်း၌ စိတ်ဝင်စားနေ၍ (၂၉-၇-၅၉)နေ့က နှိုးဆော်ချက် ဆောင်းပါးတစ်စောင်ပင် ရေးဖြစ်မိခဲ့လေသည်။ (ရှည်၍နောင်မှဖော်ပြနိုင်မည်)ဝါလကျွတ်လျှင် နတ်တော်လဆုတ်၅ ရက်(၁၉-၁၂-၅၉)နေ့က ဦးကဝိန္ဒ(မေဃဝတီကျော်ဇင်အောင်)နှင့်အတူ မြောက်ဦးမြို့သို့ လေ့လာရေး ခရီးထွက်ခဲ့ကြသည်။ ဆရာတော်က "ငါ့ကိုထားခဲ့၍ သွားကြမည်လား"ဟူသော နောက်ဆုံး ပြောကြားချက်ကို နားထဲ၌စွဲမှတ်ရှိနေပါသေး၏။ မြောက်ဦးမြို့ခရီးတွင် ဝေသာလီသို့လည်းကောင်း မင်းပြားမြို့သို့ လည်းကောင်း ရောက်ခဲ့ကြသည်။ ထိုတွင် တစ်သကြ်န်နေ၍ ဦးဦးသာထွန်း(ပဏ္ဍိတ်)၏ လက်နှိပ်စက်မူ၊ ရခိုင် ရာဇဝင်စာတွဲကို တည်းဖြတ်ပြင်ဆင်ကူညီခဲ့သည်။

ရခိုင်တွင်ရောက်နေစဉ် ၂၂-၁-၆၀ နေ့ဆရာတော် ဦးကေသရ ပျံလွန်တော်မူသည်။ ကျေးဇူးရှင်ကြီးတစ်ဆူ တောင်ကြီးမြင့်မိုရ်ပြိုခဲ့လေပြီ။ မြောက်ဦးမြို့တွင် လေ့လာနေစဉ်က ရခိုင်ပုံပြင်များ၊ ရခိုင်ပန်းဝှက်၊

စကာထာဇမ်းတို့ကို စုဆောင်းခဲ့ရသည်။ ထို့ကြောင့် ရခိုင်ယဉ်ကျေးမှုများ ထိန်းသိမ်းရေးခေါင်းစဉ် ဖြင့်(၂၄-၂-၆၀)နေ့က နှီးဆော်ချက်ဆောင်းပါးတစ်စောင်ရေးဖြစ်ခဲ့သည်။ ရခိုင်အစို့-အစု-အသင်း-အဖွဲ့စာတမ်းကိုမှတ်စုယူနိုင်ခဲ့၍ ရန်ကုန်ရောက်လျှင် ရခိုင်ရာဇဝင်နှင့်စာပေအဖွဲ့စာတမ်းဖတ်ပွဲတွင် (၂၄-၉-၆၀နေ့) ဖတ်ကြားနိုင်ခဲ့သည်။ ထိုအခါမှစ၍ ထိုအသင်း၏နာယကဖြစ်လာရလေသည်။ အသင်း၏စည်းမျဉ်းကိုမူ (၁၆-၈-၆၁)နေ့က ပေးအပ်ခြင်းခံလာရသည်။ အသင်းအတွက် ရခိုင်သဘာဝတေးကဗျာများ(၁၉၆၀)၊ ရခိုင်လက်ရွေးစင်ပုံဝတ္ထုများကို (၁၉၆၆) စီစဉ်ပေးခဲ့သည်။

ထိုအဖွဲ့ကလည်း (၂၇-၁၂-၆၀)နေ့က ကဗျာကို ရိုက်နှိပ်ခဲ့ကြောင်း။ မိမိဒေသသို့အသိပေးခဲ့လေသေးသည်။ ရခိုင်ဝေါဟာရအဘိဓါန်အတွက် ၁၃၂၁-ခုနှစ်(၁၉၅၉)ခုနှစ်က စတင်စုဆောင်းခဲ့သည်။ တေးကဗျာအုပ်ရေတစ်ထောင်ကို ပုံနှိပ်တိုက်မှ (၂၆-၁၀-၆၁)နေ့ သုံးဘီးကားဖြင့် ၂ါပေး၍ ယူလာပြီး ၂ါ စီဖြန့်ချီခဲ့လေသည်။

ကျွန်ုပ်၏စာရေးတတ်မှုတွင် ရခိုင်အမျိုးသားများ၊ အသင်းအဖွဲ့များ၊ ပဥ္စင်းကိုရင်များ အကျိုးပြုခဲ့ကြသည်။ ရန်ကုန် ရောက်လျှင် ငါးထပ်ကြီးဘုရားလမ်းရှိ ရွှေနံ့သာကျောင်းတွင် အစည်းဝေးတစ်ခုပြုကြသည်။ ပရိယတ္တိစာသင်သားများ အတွက် စာအုပ်စာတမ်း ငှါးရမ်းကူညီနိုင်ရေးကို ပြုရန်ဖြစ်သည်။ ထို့ပြင် ရခိုင်ဒေသတို့၌ မူဂျာဟိန်း အန္တရာယ်များ ဖြစ်ပေါ်လာနေခြင်းကြောင့် ရခိုင်သံဃာအဖွဲ့အစည်းတစ်ခုဖြင့် လှုံ့ဆော်ရန်ဖြစ်သည်။ ထို့ကြောင့် ရခိုင်သောတုဇန သံဃအဖွဲ့(၁၉၅၅/၁၃၁၆)ဖြစ်လာပြီး မိမိလည်းဘဏ္ဍာရေးမှူးမှသည် အတွင်းရေးမှူးထိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုအဖွဲ့၏ဘဏ္ဍာရေးရှင်းတမ်းများ၊ အဖွဲ့ဆိုင်ရာကြေငြာ ထုတ်ပြန် ချက်များ လှုပ်ရှားမှုတင်ပြမှုများ၊ ထောက်ခံမှုများ၊ ရခိုင်သံဃာသမဂ္ဂီအဖွဲ့(စစ်တွေမြို့)သို့ တင်ပြအစီရင်ခံချက်များ စသည်တို့ကို အခါအားလျော်စွာ ရေးခဲ့ရသည်။ ဗမာနိုင်ငံရေးအဖွဲ့အစည်းသို့လည်း အနောက်မြောက်တံခါး (ရခိုင်တံခါးပေါက်)စာတမ်းကို ရေးသားဖြန့်ဝေခဲ့ပါသည်။ ရခိုင်ဇာနည်တွင် တစ်ပိုင်းတစသာ ဖော်ပြနိုင်ခဲ့လေသည်။

မိမိ၏စာပေလိုက်စားနေစဉ်မှာ၊ ရခိုင်အသံ(၁၉၅၅)သတင်းစာကစ၍ ရခိုင်အလင်းသတင်းစာများ၊ ရခိုင်ဇာနည် ဂျာနယ်တို့ထုတ်ဝေလာသဖြင့် တအားဖြစ်ခဲ့ရသည်။ အလျှိုလျှိုရခိုင်စာအုပ်များလည်း ပေါ်ထွက်လာခဲ့ကြ သည်။ ဦးလှထွန်းဖြူ ဦးစိန်ညိုထွန်း၊ မောင်ဝဏ္ဏ၊ ဦးကေသရဆရာတော်တို့၏ ရခိုင်ပြည်နယ်ရေးရာစာအုပ်များသည် လည်းကောင်း ရန်ကုန်ထုတ် ရခိုင်တန်ဆောင် (၁၉၅၁-မှ)နှင့် ရခိုင်မှ ထွက်ပေါ်ခဲ့ကြသော လမ်းမှန်သတင်းစာ(၁၉၅၆)၊ ညေစာစောင်များ၊ ရခိုင်သာခြင်း(ဆရာထွန်း)၊ လကၤာများ၊ တက်နေသစ်စာစောင်(၁၉၅၈)၊ ရခိုင်ပြည်သူ့စာစောင် (၁၉၅၉)၊ ခေတ်ရွှေ့ဆောင်(၁၉၆၁)စာစောင်များသည် စာပေလက်နက် ဖြစ်လာရသည်။

မိမိမှာ ပင်ကိုယ်စာအုပ်စာတမ်းများ မရိုက်နှိပ်နိုင်မီ၊ လေ့လာရင်း၊ အစမ်းရေးရင်းနှင့်၊ သောတုရောင်ခြည် လက်ရေးမူစာစောင်တွင် ဝတ္ထုတိုထိ ကလောင်စမ်းခဲ့လေသည်။ ထိုစာစောင်၏ စာတည်းချုပ်။ အပြင်အဆင်၊ စာစောင် ထုတ်ဝေရာ ဗုဒ္ဓိဝေပုလ္လစာဖတ်အသင်း စာကြည့်တိုက်မှူးတာဝန်ယူခဲ့ရသည်။ ထို့ပြင် စကားပြောပွဲများနှင့် ရုပ်ရှင်ပြသ ခြင်းများ၊ ကြည့်ရှုစရာဂျာနယ်၊ မဂ္ဂဇင်းများကို ဦးဆောင်၍ အသင်းလစဉ်ငွေဖြင့် ဝယ်ယူခဲ့ရသည်။ သံရုံးများမှလည်း တောင်းခံရရှိခဲ့လေသည်။ သောတုရောင်ခြည်စာစောင်များကား၊ ပြန့်ကြဲခံသွားရပြီရာကား၊ မိမိ၏လက်ရာများမှာ ငယ်ကအစွမ်းအစများ ဖြစ်ခဲ့ကြသည်။

မိမိမှာ ၁၉၅၅ (၁၃၁၆ ခုနှစ်)ကိုရင်ဘဝကပင် စာပေဝါသနာထုံလာသည်။ ဗဟုသုတအဖြစ် စာပေလိုက်စားရင်း၊ စာအုပ်စာတမ်းပြင်ဆင်ပေးရခြင်း၊ တည်းဖြတ်ပေးရခြင်း၊ နိဒါန်းရေးရခြင်း၊ ထိ တာဝန်ထမ်းခဲ့ရသည်။ မှတ်မိသလောက်ဆိုလျှင်-

(၁)ဦးကေသရဆရာတော်၏ မာရယုရှင်းတမ်း(၁၃၁၇)။ (၂)ရခိုင်သုခစာအုပ်။ (၃)ပဏ္ဍိတ်ဦးဦးသာထွန်း၏ ရခိုင်ရာဇဝင်။ (၄)ရွှေနေဦးဘိုးလူ၏ ရခိုင်ရာဇဝင်စာမူ။ (၅)ဦးဘအုန်း၏ရခိုင်သတ္တိ (ရခိုင်တို့၏ ယဉ်ကျေးမှုများ) တို့ကိုပြင်ဆင်ပေးခဲ့ရသည်။ ဦးဘိုးလူစာအုပ်မှာ ဆရာတော် ဦးကေသရက ပြုပြင်ခိုင်းခြင်းတည်း။


ဦးဘအုန်းစာတွင် နိဒါန်းပါရေးခဲ့ရရာ၊ ထုတ်ဝေလိုသူ ရန်ကုန်တက္ကသိုလ်၊ ဒုဆေးသိပ္ပံ အထက်တန်းကျောင်းသား၊ ဦးကျော်ခိုင်ဖြစ်သည်။ ၁၃၁၈ ခုနှစ်ပြာသိုလရိုက်နှိပ် အုပ်ရေ ၅၀၀၀ ထိခန့်မှန်းထားပြီး မအောင်မြင်ခဲ့သဖြင့်၊ မိမိ၏တည်းဖြတ်သူ နိဒါန်းရေးသူအဖြစ် မတွေ့မြင်လိုက်ရချေ။ မိမိမှာ ရဟန်းခံရန် ရခိုင်သို့ဆင်းလာခဲ့ရရာ ၁၃၁၉ ခုနှစ်၊ နယုန်လတွင် ရဟန်းဖြစ်ခဲ့ရသည်။ ဖော်ပြပါ နိဒါန်းစာအုပ်သာ ထွက်ဖြစ်က၊ ပထမပုံနှိပ်ကလောင်ဖြစ်ချေရာ မည် သို့သော် ပုံနှိပ်မူ ပထမဆုံးဆောင်းပါးဆိုလျှင်၊ ရခိုင်အလင်းသတင်းစာပါ (၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ)ထုတ် (၁၃၁၈ တပို့တွဲလ၊ ငစည်ကြန်စုံဆောင်းပါးတည်း။ ထိုနှစ်မူစုံလုံးသည် တနှစ်တည်းဖွားဖက်တူသာဖြစ်ကြပေ၏။

၂၉. ၇. ၅၉ နေ့ နှိုးဆော်စာလည်း ၁၉၈၆ မျက်မှောက်ကာလဝယ် သက်သေတစ်ခုနှင့် ဆင်တူပေ၏။

ထိုငစည်ဆောင်းပါးသည် ရခိုင်ယဉ်ကျေးမှုများ အမှတ်(၄)နှင့် အမှတ်(၃)၊ ၁၉၉၄ မတ်လထုတ်တွင် ဖော်ပြ ထားရှိပေ၏။ ၎င်းအမှတ်(၃)တွင် မိမိစာပေကိစ္စများကို အခန်း(၁)၌လည်း ဖော်ပြထားပေ၏။ ထိုကစ၍ ရခိုင်တန် ဆောင်မဂ္ဂဇင်းအမှတ်(၈) ၁၉၅၉/၆၀ ခုနှစ်၊ မူမှန်သော လေ့တော်ပျို့ဖြစ်ရေးနှင့်၊ မဂ္ဂဇင်းအမှတ်(၉)မှစ၍ ယနေ့ထိ ဆောင်းပါးများရေးသားလာခဲ့ရလေသည်။ သောတုရောင်ခြည်လက်ရေးမူစာစောင်မှ စတင်ရလျှင်ကားကောဇာ ၁၃၁၆/၁၇ ခုနှစ်လောက်က ဖြစ်ချေရာ၏။ ယခုဆောင်းပါးသည် မိမိ၏စာပေဆိုင်ရာနိဒါန်းအဖြစ် ခန့်မှန်းသိသာနိုင်ပါ လိမ့်မည်သာတည်း။

ဦးစက္ကိန္ဒ
၂၀-၆-၈၆

# "ကိုးသောင်းပုထိုးတော်ကြီးနှင့်ပတ်သက်၍"



မုနိမြေမဂ္ဂဇင်းအမှတ်(၆)တွင် ရေးသားထားသော နီမင်းသျှင်၏ "ကိုးသောင်းပုထိုးမှ အုတ်ကြွပ်မိုးများ ဆောင်းပါး"၌ မင်းတိက္ခာသည် ကောဇာ ၉၁၇ ခုနှစ်တွင် နန်းတက်သည်။ နန်းတက်ဘုရားအဖြစ် ကိုးသောင်းကို တည်သည်။ ၉၁၈ ခုနှစ်တွင် နတ်ရွာကြွသည်။ တည်ဆောက်ချိန်တစ်နှစ်မျှသာရှိ၍ ဤမျှကြီးမားသော အဆောက်အဦးကို ပြီးစီးအောင်တည်ဆောက်နိုင်ခဲ့ဟန် မတူဟူ၍ ရေးသားထားပါသည်။ ဤအဆိုနှင့်ပတ်သက်၍ ကျမ်းကိုးကျမ်း Foot Note များဖြင့် ဖော်ပြထားခြင်း တစုံတရာမျှ မပါရှိသည်ကို သတိပြုမိပါသည်။

မြောက်ဦးခေတ်ရေး ရခိုင်ရာဇဝင် ပုရပိုဒ်တစ်ဆူ၏ (စာ ၃၀၇-၃၀၉) ရခိုင်ရာဇဝင်ပေမူ (ငွေ၁-၀မ်း)၊ ဦးသာထွန်းအောင်၏ ရခိုင်မဟာရာဇဝင်တော်ကြီး (စာ ၁၃၀-၁၃၁)ရမ်ပြဲတောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်ကျမ်း ပဥ္စမတွဲ(စာ-၇၇-၇၈)စသည့် ရခိုင်သမိုင်းအစောင်စောင်တို့တွင် မင်းတိက္ခာသည် ၉၁၅-ခုနှစ်တွင် နန်းတက်သည်။ ၉၁၈ ခုနှစ် တပေါင်းလဆုတ်(၁၀)ရက် သောကြာနေ့တွင် ကျောက်ရောဂါဖြင့် နတ်ရွာစံသည်။ အိမ်နိမ့် ၃၉-နှစ်၊ စည်းစိမ် ၂ နှစ်ခွဲ နှစ်စုသက်တော်လေးဆယ့်တစ်နှစ်ခွဲဟူ၍ တွေ့ရသည်။

ကိုးသောင်းပုထိုးသည် မင်းတိက္ခာ၏နန်းတက်ဘုရားဖြစ်ပါသည်။ သူနန်းတက်သည့် ၉၁၅ ခုနှစ်တွင်ပင် စတည်ခဲ့ပါသည်။ နှစ်နှစ်ခွဲဆိုသောကာလမှာ ဘုရားတည်ရန် လုံလောက်သော အချိန်ကာလဖြစ်ပါသည်။

နီမင်းသျှင်သည် ကိုးသောင်းပုထိုးတော်ကြီး၏ မြောက်ဘက်အထက် လှိုင်ပတ်လမ်း၀င်ပေါက် ဆင်းထုတော်များ၏ ပလ္လင်ကျောက်ခုံတန်းပေါ်တွင် အထပ်လိုက်တင်လျှက်တွေ့ရသော အုတ်ကြွပ်ခေါင်မိုးပြား (Roof tiles) များကို လက်ညှိုးထိုးပြီး အောက်ဖော်ပြပါ သုတေသနပြုချက်ပေါင်းများစွာတို့ကို အဖြေထုတ်တင်ပြထားပါသည်။


ဤအမိုးပြားများသည် မမိုးရသေးမီ ယာယီစုဆောင်းထားသော အမိုးပြားများဖြစ်သည်။ အမိုးမိုးရန် အုတ်ကြွပ်မိုးအရေအတွက် အလုံအလောက်မရောက်ရှိသေး၍ အချို့တ၀က်သာစုဆောင်းထားနိုင်သေးသည်။

အုတ်ကြွပ်မိုးအဖြစ် စီမံထားသော ဗိသုကာပုံစံမျိုးသည် မြောက်ဦးခေတ်၏ ထူးခြားသော ဗိသုကာပုံစံဖြစ်ပြီး ကိုးသောင်းမှလွဲ၍အခြားနေရာများတွင် တွေ့ရှိခြင်းမရှိ၊ ဘခင်မင်းဗါကြီး၏ သျှစ်သောင်းတွင် အုတ်ကြွပ် အစအနကို မတွေ့ရ။ ထို့ကြောင့် မင်းဗာကြီး လက်ထက်တွင် အုတ်ကြွပ်မိုးမပေါ်သေး၊ မင်းတိက္ခာလက်ထက်တွင်မှ အုတ်ကြွပ်မိုးနည်းပညာပေါ်ပေါက်လာသည်။ မင်းတိက္ခာသည် ပညာရှင်များ ပုံစံထုတ်ပေးသော အုတ်ကြွပ်မိုး ဗိသုကာ အဆောက်အအုံကို တည်ဆောက်ခဲ့သော်လည်း အဆောက်အအုံမှာ ကြီးမားလှသဖြင့် မင်းတိက္ခာ ကွယ်လွန်ချိန်ထိ ပြီးစီးခဲ့ဟန်မတူ-သူ့လက်ထက်၌ စတင်အသုံးပြုသော အုတ်ကြွပ်ခေါင်မိုးကို ပြီးစီးအောင် မိုးနိုင်ခဲ့ဟန်မတူ၊ နည်းပညာအသစ်ဖြစ်သော ဧရာမ ဂန္ဓကုဋိတိုက်ခေါင်မိုးအုတ်ကြွပ် မိုးရန်ကိစ္စမှာကား အခက် အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရပုံပေါ်သည်။ အုတ်ကြွပ်အမိုးပြားပုံစံ ဒီဇိုင်းထုတ်လုပ်မှု၊ ရွံ့စေး အုပ်ကြွပ်ပြားထုတ်လုပ်မှု မီးဖုတ်ရမှု ခေါင်းမိုးတန်းတပ်ဆင်ရမှုစသည်တို့မှာ နည်းပညာအသစ်များချည်းပင်ဖြစ်နေသည်။ အုတ်ကြွပ်မိုး တစ်ချပ်၏အလေးချိန်အပေါ်မူတည်ပြီး ခေါင်မိုးတစ်ခုလုံး၏အလေးချိန်ကို ခံနိုင်စေရန် ထုတ်ယောက် ခြင်ကန်များ တည်ဆောက်ရေးမှာလည်း များစွာခက်ခဲသော ပြဿနာဖြစ်သည်။ အတွေ့အကြုံမရှိသေးသဖြင့် တည်ဆောက်လိုက် ပြုပြင်လိုက်နှင့် အချိန်များစွာ ကြန့်ကြာဘွယ်ရာရှိသည်။ ယခုလက်ရှိတူးဖော်ရာမှ ရရှိသော မီးဖုတ်ပြီးအုတ်ကြွပ်အမိုးပြားအရေအတွက်မှာ ဂန္ဓကုဋိတိုက်တခုလုံးမိုးနိုင်လောက်အောင် များပြားခြင်းမရှိ၊ ထို့ကြောင့် အချို့သုတေသီများယူဆသကဲ့သို့ အဆောက်အဦးတည်ဆောက်မှုအားလုံးပြီးစီးပြီးမှ ငလျှင်ဘေး၊ မုန်တိုင်းဘေး စသည်ဖြင့် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြုံ၍ ကိုးသောင်းပုထိုးတော်ကြီး ပျက်စီးရသည် ဆိုသော အယူအဆမှာ ဖြစ်နိုင်ဖွယ်မရှိ၊ မင်းတိက္ခာတည်ဆောက်၍လည်းမပြီးခဲ့၊ နောက်ဘုရင်များကလည်း ဆက်မတည်သဖြင့် ဤအခြေအနေသို့ ယိုယွင်းသွားခဲ့ရခြင်းသာဖြစ်သည်။ တဆင့်တက်၍ ဤအုတ်ကြွပ် မိုးမှုနည်းကို မိမိတို့ပြည်တွင်း၌ စတင်တည်ထွင်ခြင်းလား သို့မဟုတ် နိုင်ငံခြားမှ တင်သွင်းလာခြင်းလား ဆက်လက်သုတေသနပြုသင့်သည် စသည်စသည်ဖြင့် အုတ်ကြွပ်ခေါင်မိုးပြား ပုံတစ်ပုံကိုကြည့်ပြီး အကြားအမြင် ရသူတစ်ဦးပမာ မျက်စိစုံမှိတ်လျှက် စိတ်ထင်ရာမြင်ရာ သုတေသနပြု အဖြေထွက်ဆိုချက်ပေါင်းများစွာတို့ကို မရပ်မနားပြောဆိုတင်ပြထားသည်များကို တွေ့ရပါသည်။

ကိုးသောင်းပုထိုးတော်ကြီးကို ကျွန်တော်ကိုယ်တိုင် တာဝန်ခံဦးစီးဦးဆောင်ပြုပြီး ၁၉၉၆ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲများကို ရခိုင်မှ ဗရော်ဗုဒ္ဓါဟူ၍ ကျွန်တော်ခေါ်ယူပြသခဲ့စဉ်က ကိုးသောင်းမှာ တောကြီးမျက်မဲအတွင်း ကျရောက်နေသည့်တောင်ကြီးတစ်တောင် အဆင့်တွင်သာ ရှိပါသည်။ ခြုံနွယ်ပိတ်ပေါင်းကျောက် တုံးကျောက်ခဲအပြိုအပျက်များ၊ ပိတ်ဆို့ပြီး မည်သို့ပုံစံရှိမည်ကိုပင် မမှန်းဆနိုင် လောက်အောင် ပျက်စီးယိုယွင်းနေပါသည်။ ထိုစဉ်က ကျွန်တော်သည် လူကြီးများ (Excavation) တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ပါက ပေါ်ထွက်လာမည့် အဆောက်အအုံပုံစံကို(Conjectural Design)စိတ်ဖြင့် မှန်းဆရေးဆွဲသည့် ပုံကိုရေးဆွဲတင်ပြခဲ့ပါသည်။(ပုံ-၁)(က-ခ) တူးဖော်လိုက်သည့်အခါတွင်လည်း ကျွန်တော်ရေးဆွဲတင်ပြခဲ့သည့် Conjectural Design ပုံစံအတိုင်းပင် ပေါ်ထွက်ခဲ့ပါသည်။

တူးဖေါ်မှုပြုလုပ်ခဲ့စဉ်က လေ့လာခွင့်ရရှိခဲ့သည့် ပြိုပျက်မှုပုံစံအမျိုးမျိုး အပျက်အစီးများ စုပုံနေမှု ပြန့်ကြဲနေမှု မြေလွှာများ ပို့ချမှုအခြေအနေ-အုတ်ကျိုး-အုတ်ခဲများ ကျောက်တုံးကျောက်ခဲများ အုတ်ကြွတ်


ခေါင်မိုးပြား အကျိုးအပဲ့၊ ရုပ်လုံးရုပ်ကြွများ အစရှိသည့် သမိုင်းရုပ်ကြွင်းများ ပြိုပျက်ပြန့်ကြဲ တည်ရှိနေမှု အနေအထား စသည့်သုတေသနပြုလုပ်သည့်အခါများစွာအထောက်အကူပြု အဓိကကျသည့်အချက်အလက်ပေါင်းများစွာတို့ကို လေ့လာသိရှိမှတ်သားခွင့် ရရှိခဲ့ပါသည်။ ဤအချက်အလက်များမှာ ခိုင်မာတိကျပြီး တန်ဖိုးမဖြတ်နိုင်သည့် Primary Source များပင်ဖြစ်ကြပါသည်။



လှိုဏ်ဂူပတ်လမ်းတလျှောက် ပြိုပျက်နေသော ကျောက်တုံးကျောက်ခဲများတွင် သက်ကျောက် (Key Stone) များနှင့် မိုးချောခေါင်မိုးကျောက် (Stone Roof Tiles) များကို တွေ့ရပါသည်။ ဤသမိုင်းရုပ်ကြွင်းများ ဤလှိုဏ်ပတ်လမ်းကို သတ်စီခုံး (True Arch)ပုံစံမျိုးပေါင်းကူးခဲ့သည်။ ယင်းပေါင်းကူးထက်တွင် မိုးချော ခေါင်မိုးကျောက်များကို အပြီးသတ်မိုးထားခဲ့သည်ဟု ပြောပြနေကြပါသည်။ သို့နှင့် လှိုင်ဂူပတ်လမ်းနှင့် ခေါင်မိုးများသည် အပြီးသို့ရောက်ရှိခဲ့သည်ဟု ပြောနိုင်ပါသည်။ ကိုးသောင်းပုထိုးတော်၏ အရှေ့မြောက်ထောင့်ခေါင်မိုးတွင် မူလပုံစံအတိုင်း မပြိုမပျက်ဘဲ ကျန်နေသေးသည့် အစိတ်အပိုင်းကို ယခုတိုင်လေ့လာနိုင်ပါသေးသည်။


အရှေ့ဘက်အာရုံခံသိမ်နှင့် ပင်မအာရုံခံသိမ်များတွင်လည်း တိုင်ရာများနှင့် အမိုးအုတ်ကြွပ်ပြားများ (Roof Tiles) ကိုတွေ့ရ၍ ဤအာရုံခံသိမ်နှစ်ခုလုံးကို သစ်သားတိုင်ကြီးများ သစ်သားထုတ်ယောက်ဒိုင်းများ အုတ်ကြွပ်ခေါင်မိုးများဖြင့် အပြီးအစီးထိ တည်ဆောက်နိုင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

အာရုံခံသိမ်အတွင်းရှိ ဒုချွန်းပုံ (Conical) ကျောက်စေတီတော်မှာလည်း ကျွန်တော်တို့ မတူးဖော်မီကာလက ခေါင်းလောင်းမှောက် အထက်ပိုင်းပတီးရစ် အစပိုင်းထိသာ ကျန်ရှိနေပါသည်။ စေတီတော်ပတ်လည်ရှိ ပြိုကျနေသော ကျောက်ပုံများကို တူးဖော်ရှင်းလင်းလိုက်သောအခါတွင်မူ စေတီတော်၏ပတီးရစ်ကျောက်များ



ကြာဆုံကျောက်များ ငှက်ပျောဖူးကျောက်များ ထီးဖုံတော်မှ ကျောက်များအပြင် ထီးတော်တွင် ချိပ်ဆွဲခဲ့သည့် ကြေးခေါင်းလောင်းသီးငယ်နှစ်လုံးကိုပင် တူးဖော်တွေ့ရှိခဲ့ပါသေးသည်။ စေတီပြီးစီး၍ ထီးတော်ပင်တင်ခဲ့သည်ဆိုသော အချက်ကို သက်သေထူနေပါသည်။

ပုထိုးတော်ကြီး၏အစိတ်အပိုင်းများအားလုံးမှာ အပြီးအစီးသို့ရောက်ရှိခဲ့ကြောင်းကို သမိုင်းရုပ်ကြွင်းများက အသီးသီးသက်သေထွက်ဆိုနေကြပါသည်။ ဤပုထိုးတော်ကြီး ပြီးစီးခဲ့သည့် မပြီးစီးခဲ့ဟူသော အဆိုနှင့်ပတ်သက်၍ ကျွန်တော်အနေဖြင့် ပြည်တွင်းပြည်ပသုတေသီများ၊ ပညာရှင်များနှင့် များစွာဆွေးနွေးခဲ့ဖူးပါသည်။





မင်းတိက္ခာသည် ကိုးသောင်းပုထိုးတော်ကြီးကို အပြီးတိုင်တည်ဆောက်နိုင်ခဲ့သည်ဟူသော ကျွန်တော်၏ အဆိုကို သမိုင်းပညာရှင် Dr Pamela Gutman က မင်းအဆိုကို အတည်ပြုရန် စောနေသေးသည် အထောက်အထားရှာရဦးမည်ဟု ပြောခဲ့ဖူးပါသည်။ ကျွန်တော်အလုပ်က နုတ်ထွက်ပြီးနောက် ၁၉၉၁ ခုနှစ်တွင် Dr Pamela Gutmanသည် ကျွန်တော်၏နေအိမ်သို့ ရောက်ရှိလာပါသည်။ ကိုးသောင်းနှင့်ပတ်သက်သည့် မင်းအဆို မှန်ကန်သည် သီရိလင်္ကာနိုင်ငံတွင် မင်းအဆိုကို ကျားကန်ပေးမည့် အထောက်အထားတစ်ခုကို ငါတွေ့ထားပြီ၊ ယင်းအဆောက်အအုံမှာ Polonaruva မှ The Vatadage Stupa ပင်ဖြစ်သည်ဆိုပြီး vatadage Stupaပုံကို စာရွက်တစ်ရွက်ပေါ်တွင် ရေးဆွဲပြပါသည်။(ပုံ-၂) သူ Copy ကူးလာသော Memoirs of the Archaeoloaical Survey of Reylon Volume V. "The stupa in Reylon. By S. Paranavitama (Printed at the Reylon Goverment Press. Colombo 1946 စာအုပ်ကို ကျွန်တော်အား ထုတ်ပေးပါသည်။ The vatadage Stupa (ပုံ၃-၄)မှာ အဝိုင်းပုံဖြစ်ပြီး ကိုးသောင်းမှာမူ လေးထောင့်ပုံစံဖြစ်ပါသည်။ အဝိုင်းနှင့်လေးထောင့်ပုံ ကွာခြားသည်မှအပ တည်ဆောက်ပုံနည်းစံနစ်များမှာ အလွန်တူညီနေပါသည်။

နီမင်းသျှင်တင်ပြသော ကိုးသောင်းမြောက်ဘက် အထက်လှိုဏ်ပတ်လမ်းဝင်ပေါက် ဘုရားပလ္လင်ခုံတန်းပေါ်တွင် အထပ်လိုက်တွေ့ရသော အုတ်ကြွပ်ခေါ်မိုးပြားများမှာ ကျွန်တော်အလုပ်မှ နုတ်ထွက်ပြီးမှ ၂၀၀၀ ပြည့်နှစ် ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရှင်းလင်းစဉ်တွေ့ရသော ခေါင်မိုးပြားများသာ ဖြစ်ကြပါသည်။ ဤမျှလောက် အရေအတွက်နှင့် အာရုံခံသိမ်တော်ကို မိုးရန်မလုံလောက်သည်မှာ မှန်ကန်ပါသည်။ သို့သော် ကျွန်တော်တူးဖော်စဉ်က ပြတိုက်သို့ သယ်ဆောင်ထိန်းသိမ်းခဲ့သော ခေါင်မိုးပြားများ၊ အစဉ်အဆက် အာရုံခံရင်ပြင်ပေါ်တွင် ယာခင်းစိုက်ပျိုး တောင်သူများ၏တူးဖြိုဖျက်စီးခဲ့သည့် ခေါင်မိုးပြားများ ရှည်လျားလှသည့် သမိုင်းစဉ်ကာလတလျှောက် မသမာသောနည်းဖြင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ခေါင်မိုးပြားများတူးဖော်စဉ်က မြေစာနှင့် အတူ စွန့်ပစ်ခဲ့ရသော ခေါင်မိုးပြားများကို ထည့်တွက်ရန် လိုအပ်မည် ထင်ပါသည်။

အမှန်က ဤခေါင်မိုးပြားများမှာ နီမင်းသျှင်တွေးဆသလို မမိုးရသေးမီ ဤနေရာ၌ သိုလှောင်ထားခဲ့ခြင်းမျိုး

မဟုတ်ပါ။ တူးဖော်မှုပြုလုပ်စဉ်က တွေ့ကြုံခဲ့ရသော မြေလွှာပို့ချမှုအနေအထားများ၊ အဆောက်အအုံပြိုပျက်မှု အပျက် အစီးအလွှာများတည်ရှိနေမှုများကို လေ့လာသိရှိရသလောက် ပြောရမည်ဆိုလျှင် သစ်သားတိုင် အုတ်ကြွပ် ခေါင်မိုးဖြင့် တည်ဆောက်ခဲ့သော အာရုံခံသိမ်များမှာ ကျောက်ဖြင့်တည်ဆောက်ထားသော လှိုဏ်ဂူတော်များထက် ရှေးဦးစွာစော၍ ပြိုပျက်ခဲ့ကြောင်း တွေ့ရပါသည်။




The Vatadāgē Stūpa ground plan

အဘယ်ကြောင့်ဆိုသော် အာရုံခံသိမ်ပြိုပျက်ရာမှ ထွက်ကျလာသော အုတ်ကြွပ်ခေါင်မိုးပြားများကို ကိုးသောင်း၏မူလကြမ်းခင်းပြင်ပေါ်တွင်လည်းကောင်း၊ လှိုဏ်ဂူတော်အတွင်း ကြမ်းခင်းပြင်များပေါ်တွင် လည်းကောင်း တွေ့ရခြင်းကြောင့် ဖြစ်ပါသည်။ နိမင်းသျှင်တင်ပြသော ဤအုတ်ကြွပ်ပြားများကို ဤလှိုဏ်ဂူတော် ပလ္လင်ပေါ်မှအထပ်လိုက်စီ၍ တွေ့ရှိရခြင်းမှာလည်း အာရုံခံသိဏ်သည် လှိုင်ဂူတော်ထက် ရှေးဦးစွာစော၍ ပြိုပျက်ခဲ့ သည်ဆိုသောအချက်ကို ထောက်ခံနေသော အချက်တစ်ချက်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အာရုံခံ သိမ်ပြိုပျက်၍ ပြန့်ကြဲပျက်စီးနေသော အုတ်ကြွပ်ခေါင်မိုးပြားများအထဲမှ ကောင်းနိုးရာရာအုတ်ကြွပ်ပြားများကို မြတ်နိုးသူတစ်ဦးက အစီလိုက် ဤနေရာလှိုဏ်ဂူတော်ပလ္လင်တန်းထက်တွင် ထိန်းသိမ်းထားရှိခဲ့ပြီးနောက်မှ ဤလှိုင်ဂူတော်ခေါင်မိုးပြိုကျသောအခါ ယခုပုံစံအတိုင်း အတွင်းတွင် ပိတ်မိပါသွားခြင်းမှာ ထင်ရှားလှပါသည်။

မြောက်ဦးနန်းတော်ကုန်း ပထမဆင့်ကို ကျွန်တော်သည် ၁၉၉၆ ခုနှစ်တွင်ပင် စတင်တူးဖော်ခဲ့ပါသည်။ ယင်းနန်းတော်ကုန်းတွင်လည်း ကိုးသောင်းမှ အုတ်ကြွပ်ခေါင်မိုးပြားများကဲ့သို့ အုတ်ကြွပ်ခေါင်မိုးပြား အကျိုးအပဲ့ပေါင်း မြောက်များစွာ ပေါ်ထွက်လာခဲ့ပါသည်။ ဤခေါင်မိုးအုတ်ကြွပ်ပြားများက နန်းတော်ခေါင်မိုး များကို အုတ်ကြွပ်ပြားများ မိုးခဲ့သည်ဆိုသောအချက်ကို ဖော်ညွှန်းပြောပြနေပါသည်။ မြောက်ဦးနန်းတော်ကို

အဓိကတည်ဆောက်ခဲ့ကြသူ မင်းနှစ်ပါးလုံးမှာ မင်းစောမွန်နှင့် မင်းဗာကြီးသာ ဖြစ်ကြပါသည်။ မင်းနှစ်ပါးလုံးမှာလည်း မင်းတိက္ခာထက်စောကြပါသည်။




Pamela Gutman ရေးဆွဲပြသော The Vatadage Stupa ပုံ

ပုံ (၂)

အလားတူ မြောက်ဦးမြို့မြောက်ဘက် ဆင်ဝင်ဘုရားကြီးအနီး ဆွမ်းစားကုန်းတွင်လည်း အုတ်ကြွပ်ခေါင်မိုးပြား များ စဥ့်ကြမ်းခင်းပြားများ စဥ့်ပုဂံခွက်ယောက်အကျိုးအပဲ့များကို ယနေ့တိုင်တွေ့နိုင်ပါ သေးသည်။ ဤနေရာသည် မင်းစောမွန်လက်ထက်မှ မဟာသမတမင်းအဆုံးထိ မြောက်ဦးခေတ်မင်း အဆက်ဆက်တို့ သံဃာတစ်ထောင်စီကို ပင့်ဖိတ်ဆွမ်းကျွေးခဲ့သော ဆွမ်းစားဆောင်ကြီးဖြစ်သည်ဟု အဆိုရှိပါသည်။ အခြားအခြား အုတ်ကြွပ်ပြားမိုး အဆောက်အအုံပေါင်းလည်း မြောက်ဦးဧရိယာအနှံ့တွင် မြောက်များစွာ ရှိနေပါသေးသည်။

ဤအချက်များကို ထောက်ပါက အုတ်ကြွပ်မိုးဗိသုကာစံနစ်မှာ ထူးခြားပြီး ကိုးသောင်းမှလွဲ၍ အခြားနေရာများတွင် တွေ့ရှိရခြင်းမရှိ-မင်းဗာကြီးလက်ထက်တွင်လည်း အုတ်ကြွပ်မိုးမပေါ်သေး။ မင်းတိက္ခာ လက်ထက်တွင်မှ အုတ်ကြွပ်မိုး နည်းပညာပေါ်ပေါက်လာသည်ဆိုသော နီမင်းသျှင်၏မိုက်မိုက်ကန်းကန်း ရေးသားချက်များမှာ အခြေအမြစ်မရှိလှပေ။ သူ၏လေ့လာသုတေသနပြုမှု အားနည်းချက်များသာ ဖြစ်ကြပါသည်။ ရခိုင်တို့သည် မြောက်ဦးခေတ်ကို အစပြုတ ည်ထောင်ခဲ့သော မင်းစောမွန်လက်ထက်မတိုင်မီကပင် အုတ်ကြွပ်အမိုးပြား ထုတ်လုပ်သုံးစွဲမှုအတတ်နှင့် ရောင်စုံစဥ့်ကြမ်း ခင်းကျောက်ပြား မြေမီးဖုတ်ပြားများနှင့် အိုးခွက်ပုဂံ ခွက်ယောက်များ ထုတ်လုပ်သုံးစွဲမှု အတတ်ပညာကို တွင်ကျယ်စွာ တတ်မြောက်နေကြပြီဖြစ်ပါသည်။

ကိုးသောင်းဂန္ဓကုဋီတိုက်ခန်းသည် အလွန်ကြီးမားလှသဖြင့် မင်းတိက္ခာသည် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ မင်းတိက္ခာလက်ထက်တွင် ပြီးစီးအောင် လုံးဝမဆောင်ရွက်နိုင်ခဲ့ဟူသော အချက်မှာလည်း နီမင်းသျှင် အဖို့စဥ်းစား၍မရနိုင်လောက်အောင် ခဲယဥ်းနေခြင်းသာဖြစ်ပါလိမ့်မည်။ မင်းတိက္ခာအဖို့မှာကား ဘိုးတော်ဘေးတော်များ လက်ထက်ကပင် ကိုးသောင်းထက်ကြီးကျယ်ခန်းနားသော နန်းတော်ကြီးများ ဆွမ်းစားဆောင်ကြီးများ ဘုန်းတော်ကြီး ကျောင်းများကို တည်ဆောက်နိုင်စွမ်းရှိသည့် ဗိသုကာပညာရှင်များ ရှိနေခဲ့ပြီးဖြစ်၍

အလွယ်တကူပင် တည်ဆောက်နိုင်ခဲ့ပါလိမ့်မည်။ ပျင်းတောင် ပျင်းပါလေဦးမည်။

အုတ်ကြွပ်မိုးမှုနည်းပညာကို မိမိတို့ပြည်တွင်း၌ စတင်တီထွင်ခြင်းလား (သို့မဟုတ်)နိုင်ငံခြားမှ တင်သွင်းလာခြင်းလား ဆက်လက်သုတေသနပြုသင့်သည်ဆိုသော နီမင်းသျှင်၏နောက်ဆုံးသံသယ ဖြစ်မှုမှာလည်း ရခိုင်လူမျိုးတစ်မျိုးလုံး၏အမျိုးဂုဏ်ဇာတိဂုဏ်ထိပါးစော်ကားရာ ရောက်နေပါသည်။

အုတ်ကြွပ်မိုးထုတ်လုပ်မှုနည်းပညာကို ယခုတိုင် ကျွန်တော်တို့ ကိုယ်တိုင်တတ်စွမ်းပါသည်။ အချိန်မရွေး လာရောက်လေ့လာပြီး လက်တွေ့စမ်းသပ်ထုတ်လုပ်နိုင်ပါသည်။ နိုင်ငံခြားမှလည်း တစ်ချပ်ကိုမျှ မှာယူနေစရာ မလိုခဲ့ပါ။ ကြည့်သောသူသည်မြင်၏။ မသိသူကျော်သွား သိသူဖော်စား ဆိုသည့်ရှေးလူကြီးများအဆိုအမိန့် စကားများကို နီမင်းသျှင်ကြားဖူးနားဝရှိမည်ထင်ပါသည်။ ကိုးသောင်းပတ်ဝန်းကျင်ရှိ ယခုတိုင် မတိမ်ကောသေးသည့် ကန်ကြီးကန်ငယ် ပေါင်းများစွာတို့မှာ ကိုးသောင်းပုထိုးအတွက် လိုအပ်သော ခေါင်မိုးအုပ်ကြွပ်ပြားများနှင့် အုတ်ချပ်များထုတ်လုပ်ရာ ရတနာသိုက်တွင်းများပင် ဖြစ်ကြပါသည်။

ရိုးရိုးအုတ်ကြွပ်ပြားများသာမက အဆင့်အတန်းမြင့်မားလှသည့် ရောင်စုံစဥ့်သုတ်ကျောက်ပြားများကိုပင် ကိုးသောင်းပုထိုးတော်ကြီး အာရုံခံရင်ပြင်ပါတ်လည်၌ ဘုရင်မင်းတိကၡာခင်းထားခဲ့သည်များကို ယနေ့တိုင် သွားရောက် ကြည့်ရှုနိုင်ပါသေးသည်။ အပြီးအစီးသို့ရောက်ရှိ၍ အလှအပအဆင်တန်ဆာများပင် ဆင်ယင် ခင်းကျင်းခဲ့ကြောင်း သက်သေထူနေပါသည်။ ကျောက်နံရံများကိုလည်း ဘိလပ်မြေသရွတ် အချောကိုင်ထားသည်များကို တွေ့ရပေသည်။

သစ်ပင်သစ်မြစ်ထိုး၍ကွဲအက်ပျက်စီးနေသော စေတီတော်နှင့် အဆောက်အအုံနံရံများ ခြစားထားသည့် သစ်သားတိုင်ငုတ်တိုများ၊ တောမီးလောင်ကျွမ်းထားသည့် သစ်သားတိုင်ငုတ်တိုများ မီးသွေးများ၊ ပြာပုံများ မုန်တိုင်းဒါဏ်ကြောင့်လဲပြိုသွားသည့် သစ်သားတိုင်များကြောင့် ပြိုကွဲပျက်စီးနေသည့် တိုင်တွင်းရာများ၊ ငလျှင်ဒါဏ်ကြောင့် အဆက်(Join)ပြုတ်ပြီး ကျွံကျနေသည့် လှိုဏ်ဂူပေါင်းကူးခေါင်မိုးများ၊ အနောက်မြောက်ဘက်သို့ တိမ်းစောင်း ရှည်ထွက်သွားသည့် ကိုးသောင်းပုထိုးတော်ကြီး၏အောက်ခံဘိနပ်ခုံ စသည်စသည်တို့မှာ သဘာဝ ဘေး အန္တရာယ်ကြောင့် ပျက်စီးယိုယွင်းခဲ့ရသည်များဖြစ်ကြောင်းကို နီမင်းသျှင်သတိမမူ၍ ဂူမမြင်ခဲ့ဟန်တူပါသည်။

သုတေသနသည် သိပ္ပံပညာဖြစ်သည်။ ယုတ္တိဗေဒပညာဖြင့်ကြောင်းကျိုးဆက်စပ်ပြီး အဖြေမှန်ကို ထုတ်ယူသောဆင်ခြင်တုံတရားလည်း မည်ပေသည်။ ခိုင်လုံသော အထောက်အထားများအပေါ် အခြေခံ၍သာ သုတေသနပြုကြ ကြရသည့် သမိုင်းရုပ်လုံးရုပ်ကြွင်း ဝတ္ထုပစ္စည်း အဆောက်အအုံတကယ့် Primary Source များကို အခြေခံပြီး သုတေသနပြုလုပ်နိုင်ပါက ပိုကောင်းသည်။ သုတေသနပြုကြရာဝယ် သုတေသနပြုသမျှကိုလည်း သုတေသနပြုသူက တာဝန်ယူရပေသည်။ သုတေသနနယ်ပါယ်ကား အလွန်ပင် နက်ရှိုင်းကျယ်ဝန်းလှပါပေသည်။

**တက်ထွန်းနီ (မြောက်ဦး)**

# ဝေသာလီအကုန် လေးမြို့အကူး သမိုင်းဖြစ်ရပ်များ

**(နီမင်းသျှင်)**

**စာရေးသူအမှာ။** ။ဝေသာလီကို သျှမ်းဖျက်၍ အပြီးအပိုင်ပျက်သွားခဲ့သည်ဟူသောအသိသည် အစဉ်အလာ တာရှည်တာများ မှတ်သားလာကြသောအသိဖြစ်သည်။ ဝေသာလီပျက်သည်နှင့် လေးမြို့ခေတ် စသည်ဟုလည်း ယုံကြည်လာကြသည်။ ရခိုင်ရာဇဝင်ကိုဖတ်လျှင် ယုတ္တိတန်သောအချက်များ ပါရှိသကဲ့သို့ ယုတ္တိမတန်သည်များလည်း တွေ့ရသည်။ ခေတ်ပြိုင်သမိုင်းများနှင့် မကိုက်ညီသော သက္ကရာဇ်များကိုလည်း တွေ့ရသည်။ အာနန္ဒစန္ဒြကျောက်စာသည် ခိုင်မာသော်လည်း နန်းစိုက်ရာမြို့အမည်တစ်ခုမျှမပါ၍ ဟာကွက်များရှိပါသည်။ ရခိုင်ရာဇဝင်က အေဒီ-၇၉၃တွင် ဝေသာလီအား သျှမ်းဖျက်ပြီး အေဒီ ၈၁၈တွင် လေးမြို့ခေတ် စသည်ဟုဆိုသည်။ ရခိုင်ရာဇဝင်က အေဒီ ၇၉၃တွင် ဝေသာလီပျက်သည်ဆိုသော်လည်း ခေတ်ပြိုင်တရုတ်မှတ်တမ်းများအရ အေဒီ ၈၅၆ ကပို၍ဖြစ်နိုင်ခြေရှိ ပါသည်။[၁]

ဝေသာလီခေတ်ကုန်ပြီးမှ လေးမြို့ခေတ် စသည်ဆိုသော်လည်း အာနန္ဒစန္ဒြကျောက်စာ မြောက်ဘက်မျက်နှာက အေဒီ ၁၀ရာစုအကုန်ပိုင်းအထိ ဝေသာလီမင်းဆက်များ ရှိနေသေးကြောင်း ဖော်ထုတ်လာသောအခါ ရာဇဝင်ပါအချက်များကို ဆန်းစစ်ဝေဖန်ရန် လိုအပ်လာသည်ဟု ယူဆမိပါသည်။ ကျောက်စာက ၁၀-ရာစုအကုန်ပိုင်းဟု ဖော်ထုတ်လိုက် သည်နှင့် ရာဇဝင်တစ်အုပ်လုံးကို ဘေးဖယ်ထားလိုက်ရန်မှာလည်း မဖြစ်စကောင်းချေ။ ထို့ကြောင့် တိကျမှန်ကန်သော ရခိုင်သမိုင်းကိုရရှိရန် ရာဇဝင်နှင့်လည်းမပြီး ကျောက်စာနှင့်လည်း မလုံလောက်ဟုဆိုရပေမည်။ ထို့ကြောင့် ရာဇဝင် RS ယုတ္တိတန်မည်ထင်သည်များကိုယူပြီး ကျောက်စာမှဟာကွက်များကို ဖြည့်ပါသည်။ ဤသို့ဖြင့် ဝေသာလီအကုန် လေးမြို့အကူး သမိုင်းအတွက် အဓိကကျသောသက္ကရာဇ် ၄-ခုကို ရရှိပါသည်။ ၎င်းတို့မှာ-

(က) အာနန္ဒစန္ဒြကျောက်စာရေးထိုးနှစ်(ယသောဝါရမီကျောက်စာမှ) အေဒီ ၇၂၉

(ခ) လေးမြို့ခေတ်အစ(ရခိုင်ရာဇဝင်မှ)အေဒီ ၈၁၈

(ဂ) ဝေသာလီခေတ်ကိုသျှမ်းဖျက်သောနှစ်(ခေတ်ပြိုင်တရုတ်မှတ်တမ်းမှ) အေဒီ ၈၅၆

(ဃ) ဝေသာလီခေတ်အမှန်တကယ်ကုန်ဆုံးချိန်(အာနန္ဒစန္ဒြမြောက်ဘက်မျက်နှာမှ)အေဒီ ၁၀ရာစု အကုန်ပိုင်း

ဤသက္ကရာဇ် ၄-ခုကို အခြေခံ၍ ယခုဆောင်းပါးကို ရေးသားလိုက်ပါသည်။ လိုတိုးပိုလျှော့လုပ်လွန်းသည်ဟုဆိုလျှင် ရနိုင်ပါသည်။ ဤဆောင်းပါးသည် စာရေးသူ၏စိတ်ကူးပုံဖော်ချက်သာဖြစ်၍ အမှားကင်းနိုင်ဘွယ်မရှိပါ။ သို့သော် အချို့အချက်အလက်များမှာ စဉ်းစားဘွယ်ကိစ္စများဖြစ်သဖြင့် သမိုင်းသုတေသီတို့အတွက် အကျိုးရှိအံ့ဟု ထင်မြင်မိပါသည်။ ရခိုင်သမိုင်းအတွက် အချက်အလက် တစုံတရာပေးနိုင်သည်ဆိုငြားအံ့။ ကျွန်တော် ရေးရကျိုးနပ်ပြီဟု မှတ်ယူပါမည်။

**သမိုင်းကြောင်းအကျဉ်း။** ။ရခိုင်သမိုင်းစချိန်ကပင် ရခိုင်မြေထက်၌ ဒရာဗီဒီယန်နှင့် မွန်ဂိုလွိုက်ဟူ၍ အနွယ်ကြီး နှစ်ခု အားပြိုင်နေထိုင်ခဲ့ကြကြောင်း ယခင်ဆောင်းပါးများ၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤအနွယ်နှစ်ခုသည် ကိုးကွယ်ရာ ဘာသာတူသည့်အလျောက်၊ ယှဉ်တွဲနေထိုင်လာသည့်အလျောက် တစတစသွေးနှောလာခဲ့ကြသည်။

သို့သော် အသားအရောင်ကွဲပြားမှု၊ ဘာသာစကားကွဲပြားမှု၊ ယဉ်ကျေးမှုဓလေ့ကွဲပြားမှုစသော အချိန်တိုအတွင်း ညှိမရနိုင်သည့်အပြဿနာများစွာနှင့် ခရီးကြမ်းနှင်လာခဲ့ကြရသည်။ ဧည၀တီ၊ ဝေသာလီစသည်ဖြင့် သမိုင်းခေတ်များစွာကို ရာစုနှင့်ချီ၍ဖြတ် သန်းပြီးအချိန်တွင်ကား အထက်ယဉ်ကျေးမှုချင်းတိုးတက်မှုမှသည် ပေါင်းစည်းမှုသို့ ကူးပြောင်းပြီး ယဉ်ကျေးမှုအဆင့် သစ်တစ်ခုသို့ပင် ရောက်ရှိခဲ့ကြသည်။ ညှိမရနိုင်သည်များ တသားတည်း ကျလာခဲ့ကြသည်။ အဓိကကျန်ရှိနေခဲ့သော ပြဿနာမှာ အုပ်ချုပ်မှုအာဏာပြဿနာသာဖြစ်သည်။ ဝေသာလီ အကုန် လေးမြို့အကူး သမိုင်းဖြစ်ရပ်များသည် ဤပြဿနာ၏အကျိုးဆက်များပင်ဖြစ်သည်။

<u>**သမိုင်းဖြစ်စဉ်အဆင့်(၁)**</u>။ ။ဝေသာလီကို သျှမ်းမဖျက်မှီအချိန်ကပင် လေးမြို့မြစ်ကမ်းတလျှောက်၌ ဝေသာ လီထီးနန်းအား အာခံသော ဒေသစစ်ဘုရင်ငယ်များ ပေါ်ပေါက်လာကြသည်။ တချိန်က ပရိန်ဒေသမှ မဟာဝီရကဲ့သို့သော ဘုရင်ငယ်များဖြစ်ပေမည်။ စစ်ဘုရင်အများစုမှာ မွန်ဂိုလွိုက်နွယ်ဝင်များဖြစ်ပြီး သကျ(သက်) လူမျိုး၊ မြိုလူမျိုး အုပ်စုများပါဝင်ကြသည်။ ဤမွန်ဂိုလွိုက်နွယ်ဝင်ဒေသ စစ်ဘုရင်များထဲမှ တစ်ဦးမှာ အင်အား ကြီးမားလာခဲ့ပြီး ဝေသာလီနှင့်ဝေးရာ လေးမြို့မြစ်ကမ်းတစ်နေရာ၌ ပဥ္စာမြို့ကိုတည်ကာ မင်းဆက်တစ်ခု ထူထောင် ခဲ့သည်။ ဤမင်းဆက်မှာ ဝေသာလီမင်းဆက်နှင့် ခေတ်ပြိုင်ဖြစ်ပြီး ရခိုင်ရာဇဝင်၌ လေးမြို့ခေတ်ဟု သတ်မှတ် ခေါ်ဝေါ်ခဲ့ကြသည်။

ပဥ္စာမင်းဆက်ကို စတင်ထူထောင်သူ ခေတ္တသင်၊ စန္ဒသင်ညီအစ်ကိုများကို စန္ဒြမင်းဆက်အနွယ်များလိုလို ဖော်ပြသော်လည်း သက္ကတအမည်များ ဟုတ်ဟန်မတူချေ။ မွန်ဂိုလွိုက်တို့တွင် အကြီးအကဲကို သင်းကြီးဟု အခေါ်အဝေါ် ရှိပါသည်။ မွန်ဂိုလွိုက်အမည်ဖြစ်တန်ရာသည်။ ရခိုင်ရာဇဝင်က လေးမြို့ခေတ်အစကို အေဒီ ၈၁၈ ဟုဆိုပါသည်။ သမိုင်းဖြစ်စဉ်အရ အေဒီ ၈၁၈ တွင် လေးမြို့ခေတ်စနေပြီဖြစ်သော်လည်း ဝေသာလီခေတ်ကား မကုန်သေးချေ။ ရခိုင်ရာဇဝင်က ဤသို့ခေတ်နှစ်ခေတ်ထပ်နေခြင်းကို ရှင်းပြထားခြင်းမရှိခဲ့ချေ။

<u>သမိုင်းဖြစ်စဉ်အဆင့်(၂)</u>။ ။ဝေသာလီကို သျှမ်းဖျက်လုဆဲအချိန်တွင်လည်း ဝေသာလီထီးနန်းသည် မွန်ဂို လွိုက်အနွယ်ဖြစ်သည့် မြိုလူမျိုးအမြတူ၊ ပဲဖြူတို့လက်သို့ ကျရောက်သွားခဲ့ဘူးပါသည်။ ဤအချက်က ဝေသာလီကို သျှမ်းတို့ဖျက်လုဆဲကာလကပင် ဒရာဗီဒီယန်အနွယ်များ အင်အားချိနဲ့ကာ မွန်ဂိုလွိုက်နွယ်များ အားကြီးလာ နေကြောင်း ပြနေပါသည်။ ဝေသာလီဘုရင်များက ဒေသစစ်ဘုရင်များကို တိုက်ခိုက်နှိမ်နှင်းသော်လည်း ချေမှုန်း ပစ်နိုင်ခြင်း မရှိတော့ချေ။

## ဝေသာလီ-လေးမြို့ခေတ်ပြိုင်မင်းဆက်ဇယား

| ဝေသာလီခေတ် | အေဒီ | ပဉ္စာခေတ် |
|---|---|---|
| အာနန္ဒစန္ဒြ | ------၇၂၉----- | (ယသောဝါရိမ်ကျောက်စာမှ) |
| (ရခိုင်ရာဇဝင်မှ) | ------၈၁၈----- | လေးမြို့ခေတ်အစ (ပဉ္စာ)ခေတ္တသင်မင်း |
| (ရခိုင်ရာဇဝင်မှ) | ------၈၄၃----- | မင်းယင်ဖြူ(အေဒီ ၈၄၃-၈၇၅) |
| ဝေသာလီသျှမ်း ဖျက် | ------၈၅၆------ | (ခေတ်ပြိုင်တရုတ်မှတ်တမ်းမှ) |
| သျှမ်းများပြန်ထွက်ခွာ | ------၈၅၇------ | |
| [illegible] | | |
| အကြွင်းအကျန်ဝေသာလီပျက် | ---- ၉၉၇-၁၀၃၀ ---- | အာနန္ဒစန္ဒြကျောက်စာမြောက်ဘက်မျက်နှာမှ) |

<u>သမိုင်းဖြစ်စဉ်အဆင့်(၃)</u>။ ။ဝေသာလီကို သျှမ်းဖျက်ချိန်တွင်ကား ရခိုင်၌ ဝေသာလီထီးနန်းနှင့် ပဉ္စာထီးနန်းဟူ၍ အုပ်ချုပ်မှုနှစ်နေရာရှိနေပြီး အုပ်ချုပ်သူများမှာ မွန်ဂိုလွိုက်ချည်းပင်ဖြစ်သည်။ သျှမ်းတို့သည် အုတ်မြို့ရိုးနှင့်အခိုင် အမာဖြစ်သော ဝေသာလီကိုသာ အဓိကထား၍တိုက်ခဲ့ကြပြီး ပဉ္စာကိုမူ ချန်ထားခဲ့ကြဟန် တူသည်။ ဝေသာလီထီးနန်းမှ မြို့ဘုရင်နှင့် နန်းသူနန်းသားတို့မှာ ဝေသာလီကိုခွာပြီး၊ ပဉ္စာသို့ခိုလှုံခဲ့ကြရဟန် တူသည်။ တရုတ်မှတ်တမ်းများအရ ဝေသာလီပျက်ချိန်သည် အေဒီ ၈၅၆ဖြစ်နိုင်ပြီး ပဉ္စာ၌ မင်းယင်ဖြူ (အေဒီ၈၄၃-၈၇၃)အုပ်စိုးချိန်ဖြစ်သည်။ မင်းယင်ဖြူသည် ဝေသာလီမှသမိုင်းအမွေအနှစ်များစွာကို လက်ခံရရှိခဲ့ဘွယ်ရာ ရှိပါသည်။

<u>သမိုင်းဖြစ်စဉ်အဆင့်(၄)</u>။ ။ဝေသာလီကို သျှမ်းဖျက်၍ ၁-နှစ်နေပြီး၊ အေဒီ ၈၅၇ တွင် ပြန်ထွက်ခွာသွားကြသည်။ သျှမ်းများထွက်ခွာသွားပြီးနောက် ဝေသာလီပတ်ဝန်းကျင်၌ အခြေစိုက်နေထိုင်သော ဒရာဗီဒီယန် အနွယ်များက မင်းဆက်သစ်တစ်ခုထပ်မံ ထူထောင်ခဲ့ကြဟန်တူပါသည်။ ဤမင်းဆက်သည် ဝေသာလီ အမှန်တကယ် ကုန်ဆုံးချိန်အထိ အုပ်ချုပ်သွားခဲ့သော နောက်ဆုံးအသုတ် မင်းဆက်ပင်ဖြစ်သည်။ ဤမင်းဆက်ထဲမှ မင်းတပါးက အေဒီ ၁၀ ရာစုအတွင်း အာနန္ဒာစန္ဒြကျောက်စာတိုင်မှ လစ်လပ်နေသော မြောက်ဘက်မျက်နှာတွင် ကျောက်စာဖြည့်ထိုးခဲ့ပြန်သည်။ ဤသို့ဖြည့်ထိုးချက်ကို ကြည့်ရခြင်းဖြင့် ဤမင်းဆက်သည် အာနန္ဒစန္ဒြမင်း၏ သားမြေးအဆက်အနွယ်များဖြစ်ကြောင်း ထင်ရှားနေပါသည်။

<u>သမိုင်းဖြစ်စဉ်အဆင့်(၅)</u>။ ။ရခိုင်ရာဇဝင်၌ ဖော်ပြသည့်ဝေသာလီစန္ဒရားမင်း ၉ဆက်မှ မင်းအမည် အများစုမှာ အာနန္ဒစန္ဒြကျောက်စာ၌ပါဝင်ခြင်းမရှိချေ။ ဤစန္ဒရား၉ ဆက်သည် အာနန္ဒစန္ဒြခေတ် (အေဒီ ၇၂၉)မှ

ဝေသာလီကို သျှမ်းဖျက်ချိန်(အေဒီ ၈၅၆)အထိ စုစုပေါင်း နှစ်ပေါင်း ၁၂၇ နှစ်ခန့်အတွင်း စိုးစံခဲ့သော မင်းများ ဖြစ်နိုင်သလို ဝေသာလီကို သျှမ်းဖျက်ပြီးချိန်(အေဒီ ၈၅၇)မှ အေဒီ ၁၀ ရာစုအကုန်ပိုင်းအထိ နှစ်ပေါင်း ၁၅၀ကျော် အတွင်း စိုးစံသောမင်းများလည်း ဖြစ်နိုင်ပါသည်။ သို့သော် ရခိုင်ရာဇဝင်က စန္ဒရား၉ဆက်ပြီးနောက်၊ နောက်ထပ် စန္ဒရားမင်းဆက် မရှိတော့ဟုဆိုသဖြင့် အေဒီ ၈၅၇ မှ အေဒီ ၁၀ ရာစုအကုန်ပိုင်းအထိ နောက်ဆုံးအသုတ် စိုးစံသော မင်းများသာ ဖြစ်ဘွယ်ရှိပါတော့သည်။ ရာဇဝင်က စန္ဒရား ၉ ဆက်၏နန်းစံနှစ်မှာ ၄၄၂-နှစ်ဟုဆိုသဖြင့် ဝေသာလီ အမှန်တကယ် ကုန်ဆုံးချိန်သည် အေဒီ ၁၂၉၈ အထိ ရောက်သွားနိုင်ပါသည်။ ပုဂံရာဇဝင်များတွင် ဝေသာလီထီးနန်းနှင့်ပတ်သက်၍ ခေတ်ပြိုင်အထောက်အထားများ မပါရှိသဖြင့် အနော်ရထာနန်းတက်ချိန် အေဒီ ၁၀၄၄ ထက်နောက်ကျနိုင်ဘွယ်ရာ မရှိချေ။

ရခိုင်ရာဇဝင်ပါ သီရိစန္ဒရား(သိင်္ဂစန္ဒရား၏ဖခင်)သည် အိန္ဒိယစူလတန်(သူရတန်)ပဆာမင်းနှင့် ခေတ်ပြိုင်ဟု ဆိုပါသည်။[၂] အိန္ဒိယ၏အစောဆုံး စူလတန်ဘွဲ့ခံမင်းမှာ မိုဟာမက် (Mahmud) ဖြစ်ပြီး၊ အေဒီ ၉၉၇ တွင် နန်းတက်ကာ နယ်ပယ်များစွာ ချဲ့ထွင်နိုင်ခဲ့သည်။ မိုဟာမက်သည် အေဒီ ၁၀၃၀ တွင် ကွယ်လွန် သွားခဲ့သဖြင့် စူလတန်ဩဇာအထိုက်အလျောက် ကျဆင်းသွားခဲ့သည့်သဘောရှိပါသည်။[၃] သီရိစန္ဒရား၊ သိင်္ဂစန္ဒရား ခေတ်သည် ဤပတ်ဝန်းကျင်ကာလ ဖြစ်နိုင်ပါသည်။ ဝေသာလီခေတ်ကုန်ဆုံးချိန်သည် အေဒီ ၁၀-ရာစုအကုန်ပိုင်း ဖြစ်သဖြင့် သီရိစန္ဒရားခေတ်သည် ဤထက်နောက်ကျနိုင်ဘွယ်ရာမရှိချေ။ ဝေသာလီခေတ်အမှန်တကယ် ကုန်ဆုံး ချိန်ကို အနီးစပ်ဆုံးခန့်မှန်းမည်ဆိုလျှင် အေဒီ ၉၉၇ မှ အေဒီ ၁၀၃၀ အတွင်းသာဖြစ်ဘွယ်ရှိပါသည်။

**<u>နိဂုံးကောက်ချက်။</u>** ။ဤစန္ဒရား ၉ဆက်သည် ထီးသုံးနန်းသုံးအဖြစ် သက္ကတဘာသာကိုပင် ဆက်လက်သုံးစွဲလျှက်ရှိကြောင်း တွေ့ရသည်။ အာနန္ဒစန္ဒြကျောက်စာတိုင် မြောက်ဘက်မျက်နှာကို အသေးစိတ် ဖတ်ရှုနိုင်ခြင်းမရှိသေးသဖြင့် အသေးစိတ်မသိရှိရသေးသော်လည်း ရာဇဝင်ပါ "သိင်္ဂစန္ဒရား"ဟု ယူဆရသည့် "သိံဃဂဏ္ဍစန္ဒြား" အမည်ကိုတွေ့ရသည်။ အမည်ကို "စန္ဒြ"ဟု အသုံးမသတ်ဘဲ ရာဇဝင်ပါ "စန္ဒရား"နှင့် နီးစပ်စွာ "စန္ဒြား"ဟု စာလုံးပေါင်းထားသည်မှာ စိတ်ဝင်စားဘွယ်ဖြစ်သည်။ ဤစန္ဒရား ၉ဆက်မည်သို့ အဆုံးသတ် သွားကြောင်း ခေတ်ပြိုင်အထောက်အထား မတွေ့ရသေးသော်လည်း ခေတ်ပြိုင်ပဋ္ဌာမင်းများ၏တိုက်ခိုက် ချေမှုန်းမှုကြောင့်ဟု ယူဆရပါသည်။ စန္ဒရား ၉ဆက်မဆုံးမီအချိန်မှာပင် ရခိုင်ဒေသအတွင်း အနွယ်နှစ်ခုကြား ယဉ်ကျေးမှု (Civilization) ရောနှောပေါင်းစည်းမှု ပြီးပြည့်စုံသည့်အခြေအနေသို့ ရောက်ရှိသွားခဲ့ပြီး ရခိုင် (အာရက္ခ) ဟူသော လူမျိုးအသွင်သစ်တစ်ရပ်အဖြစ်သို့ ထွန်းကားလာခဲ့ပါတော့သည်။ အာနန္ဒစန္ဒြ ကျောက်စာတိုင် မြောက်ဘက်မျက်နှာ၌ "အာရက္ခ"ဟူသော အသုံးအနှုန်းကို စတင်တွေ့ရှိရပါသည်။

ဤလေးမြို့မြစ်ကမ်း ပဋ္ဌာမင်ဆက်သည် အခိုင်အမာအုတ်မြို့ရိုးဖြင့် မြို့တော်တည်ဆောက်နိုင်စွမ်းမရှိဘဲ သစ်တပ်မြို့ရိုးဖြင့်သာ နေထိုင်ခဲ့ကြရသည်။ ဝေသာလီထီးနန်းမှာ စန္ဒရားမင်းများ လာရောက်တိုက်ခိုက်နေမှုကြောင့် လည်း မြို့တော်အတည်တကျဖြစ်မလာနိုင်ဘဲ မကြာခဏပြောင်းရွှေ့ခဲ့ကြရသည်။ ပဋ္ဌာမြို့မှာ လေးမြို့မြစ် အရှေ့ဘက်ကမ်း၌ ရှိသဖြင့် ဝေသာလီမင်းများ၏ အန္တရာယ်မှ အထိုက်အလျောက်အကာအကွယ် ရရှိစေခဲ့သည်။ တချိန်တည်းတွင် ဝေသာလီထီးနန်းမှာလည်း ဤစစ်ဘုရင်များ၏ နှောက်ယှက်မှုကြောင့် တည်ငြိမ်မှုပျက်ပြား

ခဲ့ရသည်။ ယင်းသို့ တည်ငြိမ် မှုမရှိသဖြင့် ခေတ်ပြိုင်မင်းဆက် ၂-ခုလုံးမှာပင် လူမှုရေး၊ စီးပွားရေးတိုးတက်မှုမရှိဘဲ ယဉ်ကျေးမှုအနုပညာများလည်း လွန်စွာဖွံ့ဖြိုးနိုင်စွမ်းမရှိခဲ့ချေ။

ပဥ္စာ၏အနုပညာလက်ရာများသည် ဝေသာလီကို အခြေခံ၍ဖြစ်ပေါ်ခဲ့ရသော်လည်း နည်းစနစ်နှင့် လက်ရာဟန်ပန်များ အထိုက်အလျောက်ကွဲပြားမှု ရှိလာကာ ကိုယ်ပိုင်ဟန်ဖြစ်လာကြောင်း တွေ့ရသည်။

ဝေသာလီထီးနန်းသည် ဒရာဗိဒီယန်အနွယ်များလက်၌ရှိပြီး၊ ပဥ္စာထီးနန်းမှာ မွန်ဂိုလွိုက်အနွယ်များလက်၌ ရှိသော်လည်း နန်းတွင်းအမတ်၊ မင်းမှုထမ်းခန့်ထားရာတွင်ကား လူမျိုးခွဲခြားမှုရှိဟန်မတူချေ။ ပဥ္စာနန်းတွင်း ပုန်ကန် မှုအချို့၌ သက္ကတစကားပြော ဒရာဗိဒီယန်အမတ်အချို့ပါဝင်ခဲ့ကြဟန်တူသည်။ အေဒီ ၉၈၄ တွင် ပုန်ကန်၍ နန်းတက်သော စည်သဘင်အမတ်သည်လည်းကောင်း၊ အေဒီ ၁၀၆၈ တွင် မင်းဘီလူးအား ပုန်ကန်၍ နန်းတက်သောအသင်္ခယာအမတ်သည်လည်းကောင်း၊ ဒရာဗိဒီယန်နွယ်သူများ ဖြစ်နိုင်ပါသည်။ ပုန်ကန်ခံရသော မင်းဘီလူးအနေဖြင့် ရခိုင်ဒေသ၌ ခိုအောင်းမနေနိုင်ဘဲ မွန်ဂိုလွိုက်အနွယ်ပင်ဖြစ်သည့် ပုဂံသို့ထွက်ပြေး ခိုလှုံခဲ့ရသည်။

ပဥ္စာမင်းဆက် ထူထောင်စ၌ သက္ကတဘာသာအရေးအသားကို သုံးစွဲခဲ့ကြမည်ဖြစ်သော်လည်း ပြည်သူ အများစု နားမလည်နိုင်သဖြင့် တိုင်းရင်းရခိုင်ဘာသာ အရေးအသားကို တစတစတီထွင်ခဲ့ကြဟန်တူသည်။ ဝေသာလီခေတ်တလျှောက် သက္ကတစာပေသုံးဗျည်း၊ သရနှင့် အသံထုတ်ပုံစနစ်များကို ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် အလျှောက် တိုက်ရိုက်မှီးကာ တီထွင်ခြင်းဖြစ်နိုင်သည်။ သက္ကတစာပေမှ ဝေါဟာရများ၊ "ရ"နှင့် "ယ"အသံကွဲပြား ပုံစနစ်များ၊ သက္ကတ"သ" သုံးလုံးသုံးစွဲပုံစနစ်များကို တိုက်ရိုက်ရယူထားကြသည်။ ဤမင်းဆက်မှ ထင်ရှားသော မင်းယင်ဖြူ ကောင်းမှုဘုရား စမ္ဗခံတွင် ရက္ခဝဏ္ဏအက္ခရာ ရခိုင်ဘာသာဖြင့် စာထိုးပါရှိသည်ဟု ဆိုပါသည်။ နန်းကျားမတ်ရပ်တော်ဘုရား ပလ္လင်တော်စာ(သကြစ် ၄၅၁ အေဒီ ၁၀၈၉)နှင့် မာန်အောင် ဘူးတောင်ကွဲဘုရား ကျောက်စာ (သကြစ် ၄၅၂ အေဒီ ၁၀၉၀)တို့တွင်လည်း ရက္ခဝဏ္ဏအက္ခရာ၊ ရခိုင်ဘာသာဖြင့် အရေးအသားများကို တွေ့ရသည်။ ကျောက်စာသမားများ ရှင်းလင်းတင်ပြရမည့်ကိစ္စဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရခိုင်စာပေအရေး အသား အစသည် ဝေသာလီထီးနန်းမှ မဟုတ်ဘဲ ပဥ္စာထီးနန်းမှ စခဲ့ခြင်းသာဖြစ်သည်။ သို့သော် ဝေသာလီသက္ကတ စာပေ၏ ဩဇာလွှမ်းမိုးမှုကား ကင်းနိုင်စွမ်းမရှိချေ။ ပဥ္စာခေတ်တွင် "ရခိုင်"ဟူ၍ လူမျိုး ဖြစ်တည်မှု အခိုင်အမာ ဖြစ်ထွန်းခဲ့သကဲ့သို့ "ရခိုင်စာအရေးအသား"ကိုလည်း စတင်နိုင်ခဲ့ပြီ ဖြစ်သည်။

**နီမင်းသျှင်(စစ်တွေ)**


**<u>ကျမ်းကိုးစာရင်း</u>**

၁။ The Oxford History of India by V.A. Smith, 1928

၂။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပဌမအုပ်၊ ရမ်းဗြဲတောင်ကျောင်းဆရာတော်

၃။ ပါးတော်ကျောက်တုံးပန်းချီများက ပြောသော ရခိုင်သမိုင်းအဖြစ်အပျက်များ၊ ကစ္ဆပမဂ္ဂဇင်းအမှတ်(၃)

# ရခိုင်ရာမာယဏ ခေါ်ရာခံ

**မောင်ပြုံး(သံတွဲ)**

အလောင်းတော်ရာမဟုဆိုသည်နှင့် ၅၅၀ နိပါတ်ထွက် ဒသရဋ္ဌဝတ္ထုကို သတိရကြပါမည်။ အကြောင်းမှာ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ နိပါတ်ထွက် ဒသရဋ္ဌဝတ္ထုမှ ရာမသည် ဂေါတမဗုဒ္ဓလောင်းလျာ ဘုရားလောင်းဖြစ်သောကြောင် ဖြစ်ပါသည်။ အလောင်းတော်ရာမသာခြင်းဟု အမည်ပေးထားသော်လည်း ဆရာထွန်း၏ရာမသာခြင်းသည် နိပါတ်ထွက်ရာမကို ဖွဲ့ဆိုထားသည်မဟုတ်။ ဗုဒ္ဓဘာသာအလောင်းတော်ရာမ နှင့်မပတ်သက်ပဲ ဘီစီ ၆ ရာစုနှင့် ဘီစီ ၃ ရာစုကြားကာလက အိန္ဒိယပြည်တွင် သက္ကတဘာသာဖြင့် ရေးဖွဲ့ခဲ့သော ဝါလမိကိရသေ့၏ ရာမာယဏဇာတ်လမ်းကို ရေးဖွဲ့ထားခြင်းသာဖြစ်ပါသည်။

သက္ကတရာမနှင့် နိပါတ်ထွက်ရာမကို နှိုင်းယှဉ်ကြည့်လျှင် သက္ကတရာမသည် ဗြဟ္မဏဝါဒကို ကိုယ်စားပြုပြီး နိပါတ်ထွက်ရာမသည် ဗုဒ္ဓဝါဒကို ကိုယ်စားပြုခြင်း၊ သက္ကတရာမဝတ္ထုသည် ဓမ္မနှင့်အဓမ္မကိုဖော်ပြပြီး နိပါတ်ထွက်ရာမဝတ္ထုသည် အနိစ္စတရားကိုဖော်ပြခြင်း၊ သက္ကတရာမဝတ္ထုတွင် ဘီလူးများ မျောက်များပါဝင်၍ နိပါတ်ထွက်ရာမဝတ္ထုတွင် ဘီလူးများ မျောက်များမပါဝင်ခြင်း၊ သက္ကတရာမဝတ္ထုမှ ဒသရဋ္ဌမင်းကြီးသည် အယောဇ္ဈာပြည်ကဖြစ်၍ နိပါတ်ထွက် ဝတ္ထုမှ ဒသရဋ္ဌမင်းကြီးသည် ဗာရာဏသီပြည်ကဖြစ်ခြင်း၊ သက္ကတဝတ္ထုလာ ရာမမင်းသားသည် ဗိဿနိုးဝင်စားသူ အဝတာရဖြစ်၍ နိပါတ်ထွက်ရာမသည် ဘုရားလောင်းဖြစ်ခြင်း၊ စသည်ဖြင့် တွေ့ရှိရသောကြောင့်လည်းကောင်း၊ တန်းခိုးဆရာထွန်း၏ ရာမသာခြင်းသည် သက္ကတရာမဝတ္ထုဇာတ်လမ်း ဇာတ်ကွက်များအတိုင်း သီကုံးထားခြင်းဖြစ်သောကြောင့်လည်းကောင်း၊ ဆရာထွန်း၏ရာမသာခြင်းပါ ရာမမင်းသားသည် အလောင်းတော်ရာမ မဟုတ်ဟုဆိုရပါမည်။ သို့သော် ဆရာထွန်းက မိမိသာခြင်းနိဒါန်း၌ "ရာမလောင်းတော်၊ လှသီတာနှင့် ညီတော်လက္ခဏ"ဟုလည်းကောင်း၊ "ရာမလောင်းတော်၊ ဖြစ်ကြောင်းရာကို၊ ကဗျာမော်ကွန်း"ဟုလည်းကောင်း၊ သာခြင်း၏နိဂုံးပိုဒ်တွင်"ဤသည်နိပါတ်၊ ရာမဇာတ်ကို"ဟုလည်းကောင်း၊ "အရင့်အနု၊ ရာမဇာတ်တော်၊ နိပါတ်လာကို၊ ထောက်မျှော်ရှုကေ"ဟုလည်းကောင်း၊ "ဤသည်ဝတ္ထု၊ နိပါတ်နုကို" ဟုလည်းကောင်း ရေးသားခဲ့ပြီး၊ ဓမ္မနှင့်အဓမ္မကို ခွဲခြားဖော်ပြရုံမျှမက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၏ သဘောလက္ခဏာ များကိုပါ ပေါ်လွင်အောင်ရေးသားသီဖွဲ့ခဲ့သဖြင့် ဟိန္ဒူဗြဟ္မဏရာမကို အခြေခံ၍ အလောင်းတော်ရာမကို ဦးတည်၍ရေးဖွဲ့သောသာခြင်းဖြစ်သည်ဟု ဆိုရပါမည်။ သို့သော် တန်းခိုးဆရာထွန်း၏သာခြင်းကို အလောင်းတော် ရာမသာခြင်းဟု ခေါ်ဆိုသည်ထက်"ရခိုင်ရာမယဏသာခြင်း"ဟု ခေါ်ဆိုခြင်းက ပိုမိုသင့်လျော်မည်ဟု ယူဆပါ သည်။

ရခိုင်တွင် ရခိုင်ဘာသာဖြင့် ရေးဖွဲ့ထားသော ရာမဝတ္ထုအဖြစ် ဆရာထွန်း၏လက်ရာတစ်ခုတည်းကိုသာ တွေ့ရပါသည်။ ကျောက်တော်မြို့နယ် မဟာမုနိကုန်းတော်ပေါ်တွင် အေဒီ ၆-ရာစု ဂုပ္ပတလက်ရာဟန်ဖြင့် ပန်းနုရောင် သဲကျောက်များဖြင့် ထုလုပ်ထားခဲ့သော ရုပ်ကြွများဟု Pamela Gutman ဖော်ပြခဲ့သော ရုပ်ကြွ များအနက် ဟနူမာန်မျောက်၏ ရုပ်ကြွကိုတွေ့ရခြင်း၊ မြောက်ဦးမြို့ပြတိုက်အတွင်း၌ မျောက်ဦးခေါင်းနှင့် ငါးခန္ဓာ ကိုယ်ပါသော ပစ္ဆမက္ကမှအရုပ်ကိုတွေ့ရခြင်း၊ ရှေးရခိုင်မင်းများလက်ထက်ကပင် ရာမဇာတ်တော်ကို နန်းတွင်း၌

ကပြလေ့ရှိခဲ့ခြင်း၊ ရခိုင်တို့သည် ရှေးခေတ်ကပင် ရာမဇာတ်တော်ကို လေးစားမြတ်နိုးခဲ့ကြခြင်းတို့ကြောင့် တန်းခိုးဆရာထွန်းမတိုင်မီကပင် ရခိုင်ပြည်တွင် ရာမဇာတ်ဝတ္ထုရှိခဲ့မည်ဟု ယူဆရပါသည်။ သို့သော် ထိုမူကို ယနေ့တိုင်ရှာမတွေ့နိုင်သေးပေ။ ရခိုင်တို့၏ ရှေးဟောင်းအမွေ စာပေတို့ကား ပျက်စီးပျောက်ကွယ်ခဲ့ပါချေပြီ။ မည်သို့ပင်ဖြစ်စေ ရခိုင်ဒေသတွင် ရှေးခေတ်ကပင် ဆင်းသက်လာခဲ့သော ရာမဇာတ်တော်ကို လေးစားမြတ်နိုး ခဲ့ကြခြင်းတို့ကြောင့် တန်းခိုးဆရာထွန်းမတိုင်မီကပင် ရခိုင်ပြည်တွင် ရာမ ဇာတ်ဝတ္ထုရှိခဲ့မည်ဟု ယူဆရပါသည်။ သို့သော် ထိုမူကို ယနေ့တိုင် ရှာမတွေ့နိုင်သေးပေ။ ရခိုင်တို့၏ရှေးဟောင်းအမွေစာပေတို့ကား ပျက်စီးပျောက်ကွယ် ခဲ့ပါချေပြီ။ မည်သို့ပင်ဖြစ်စေ ရခိုင်ဒေသတွင် ရှေးခေတ်ကပင် ဆင်းသက်လာခဲ့သော ရာမဝတ္ထုသည် တန်းခိုး ဆရာထွန်း၏ခေတ်သို့ရောက်သောအခါ ရခိုင့်အကြိုက်၊ ရခိုင့်စရိုက်၊ ရခိုင့်ဓလေ့နှင့်လျော်ညီသော၊ သာခြင်းမူ ဇာတ်လမ်းဇာတ်ကွက်အဖြစ် ထွက်ပေါ်လာသည်မှာ မငြင်းသာသောအချက်ဖြစ်ပါသည်။

ယင်းအပြင် ရခိုင်ရာမသာခြင်းဝတ္ထုကြောင်း သီဖွဲ့ရာတွင် အထောက်အကူဖြစ်နိုင်သော ရခိုင်ဘာသာ စကားနှင့် အနီးစပ်ဆုံးဖြစ်သော မြန်မာရာမမူများကို မလွဲမသွေလေ့လာသင့်သည်ဟု ယူဆပါသည်။ မြန်မာပြည် တွင် ပုဂံခေတ်နန်းတွင်း၌ ရာမဇာတ်ကို ကပြလေ့ရှိကြောင်း၊ သက္ကတရာမာယဏဇာတ်တော်ကြီးသည် ပုဂံတွင် ကျယ်ပြန့်စွာ ထွန်းကားခဲ့ကြောင်း၊ ကျန်စစ်သားမင်းကြီးသည် ရာမာယဏဇတ်တော်ကြီးကို အလွန်နှစ်သက် ကြောင်း ကျောက်စာအထောက်အထားများ ရှိပါသည်။ ရာမာယဏဇာတ်တော်ကြီးသည် နှစ်ပေါင်းများစွာ မြန်မာ အကြိုက်၊ မြန်မာစရိုက်၊ မြန်မာဓလေ့ဖြင့် ပြုပြင်ပြောင်းလဲခြင်းခံခဲ့ရရာ အင်းဝဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာမစံမီ တစ်နှစ်အလို ၁၇၇၅-ခုနှစ်တွင် ရေးသားခဲ့သော ဦးအောင်ဖြိုး၏ ရာမသာခြင်းတွင် မြန်မာဟန်စစ်စစ် ရရှိခဲ့ပါသည်။

ယင်းနောက်ဘိုးတော်ဘုရားလက်ထက် ၁၇၈၄-ခုနှစ်တွင် ဦးတိုးရေးသည့် ရာမရကန်သည် ထင်ရှားပါ သည်။ ၁၇၈၉ ခုနှစ်တွင် မြန်မာရာမပြဇာတ်ဟူ၍ ပေါ်ပေါက်ခဲ့သော်လည်း ထိုမူကို ရှာမတွေ့ရသေးပါ။ ယင်းနောက်ပေါ်ပေါက်ခဲ့သော မြန်မာရာမမူများမှာ ၁၈၀၀ ပြည့်နှစ်တွင် မြေထဲမင်းကြီး တမီလ်(ဒမိလ)ဘာသာမှ ပြန်ဆိုရေးသားခဲ့သော ကလယ်ရာမဝတ္ထု၊ ၁၉-ရာစုနောက်ပိုင်းက အမည်မသိသူတစ်ဦးရေးသားခဲ့သော မဟာရာမ ဝတ္ထု၊ ၁၈၄၉ -ခုနှစ်တွင် နေမျိုးနန္ဒကကျော်ခေါင်ရေးသားခဲ့သော သီရိရာမပြဇာတ်၊ ၁၈၈၀ တွင် ပုံနှိပ်ထုတ်ဝေ ခဲ့သော ဦးကူးရေးသည့် ပုံတော်ရာမပြဇာတ်၊ ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် ဆရာထွေး၏ရာမ သုံးမျိုးဇာတ်တော်ကြီးဝတ္ထုတို့ကား ဆရာထွန်း မတိုင်မီပေါ်ပေါက်ခဲ့ကြသော မြန်မာရာမမူများဖြစ်ကြပါသည်။ ဆရာထွန်းမတိုင်မီ ပေါ်ပေါက်ခဲ့သော မြန်မာရာမမူများ တွင်လည်း အပြည့်အစုံတွေ့ရသောမူများမှာ ရာမသာချင်း၊ မဟာရာမဝတ္ထု၊ သီရိရာမပြဇာတ်၊ ပုံတော်ရာမပြဇာတ်နှင့် ရာမသုံးမျိုးဇာတ်တော်ကြီးဝတ္ထုတို့ဖြစ်ကြပါသည်။ ကျန်မူများမှာ ဇာတ်လမ်းအစမှ အဆုံးတိုင်မရေးဖွဲ့ခြင်း(သို့မဟုတ်) မတွေ့ရခြင်းဖြစ်သည်ဟု သိရပါသည်။

ပါမောက္ခအိုးနိုတိုးရုသည် ရခိုင်အလောင်းတော်ရာမသာခြင်းကို မြန်မာရာမမူဟူသော နယ်အတွင်းသို့ ဆွဲသွင်းကာ ရာမသာခြင်းနှင့် မြန်မာရာမမူများကို အသေးစိတ်နှိုင်းယှဉ်မှုမပြုခဲ့သည့်အပြင်၊ ရာမသာခြင်းမှ ထူးခြားသော ဇာတ်ကွက်နှင့် အနုစိပ်ကွဲလွဲမှုများကို ဖော်မပြခဲ့ပေ။ အမှန်ဆိုလျှင် တန်းခိုးဆရာထွန်း၏ ရခိုင် ရာမသာခြင်းလာ ဇာတ်လမ်းဇာတ်ကွက်များသည် ဆရာဇော်ဂျီသုတေသနပြု ရေးသားခဲ့သကဲ့သို့ ရာမသာချင်းနှင့် တူသည့်အခါတူ၍၊ မဟာရာမဝတ္ထုနှင့်တူသည့်အခါတူ၍ ပုံတော်ရာမပြဇာတ်နှင့် တူသည့်အခါတူ၍

ရာမသုံးမျိုးဇာတ်တော်ကြီးဝတ္ထုနှင့် တူသည့်အခါ တူသည်ဟုဆိုရပါမည်။ သို့သော် ထိုမူများနှင့်မတူသော ဇာတ်ကွက်များ၊ အနုစိပ်ကွဲလွဲချက်များလည်း ရှိပါသည်။ တစ်ခါတရံမွန်ရာမဇာတ်ကွက်နှင့်တူညီ၍ တစ်ခါတစ်ရံတွင် ဘင်္ဂလီရာမနှင့်လည်းကောင်း ဟိန္ဒီရာမမူနှင့်လည်းကောင်း တူသည့်အနုစိပ်တူညီချက်များ ရှိသည်ကို တွေ့ရပါသည်။

ဦးအောင်ဖြိုး၏ရာမသာချင်းတွင် ဗာလကဏ္ဍမှ ယုဒ္ဓကဏ္ဍအထိ (ဒသဂီရိကျဆုံးသည်အထိ) ၆ ပိုင်း ပါဝင်ပါသည်။ ဆရာထွန်း၏ ရခိုင်သာချင်းတွင် မာလကဏ္ဍမှ ဥတ္တရကဏ္ဍအထိ ၇ ပိုင်းအပြည့်အစုံ တွေ့ရပါသည်။ ဦးအောင်ဖြိုး၏ မြန်မာရာမသာချင်း ၆ ကဏ္ဍကို ဆရာထွန်း၏ ရခိုင်ရာမသာခြင်းကို နှိုင်းယှဉ်ကြည့်သောအခါ ပထမဗာလကဏ္ဍတွင် သိယိုကျွန်းရှင် ဘီလူးမင်း ဣရန္တက၏သမီးတော် နိဂုမ္ဘိသည် တောထွက်၍ အနှစ်ရှစ်သောင်း ကမ္ဘဋ္ဌါန်းစီးဖြန်းပုံ၊ ပြဟ္မာမင်းလာ၍ သားဆုပေးပုံ၊ ပြဟ္မာမင်းက ဒသဂီရိထံသို့လာ၍ဆုပေးပုံ၊ ဒသဂီရိသိယံပြည်ထီးနန်းရရှိပုံ၊ အသူရာ နတ်မင်း၏ သမီးမန္ဒောဒရီနှင့်ရ၍ မေဃနာဒ(ဣန္ဒာဇိတ)ကိုဖွားမြင်ပုံ၊ ဒသဂီရိက နတ်သမီးတစ်ပါးအား မတရားပြုကျင့်၍ ထိုနတ်သမီးသည် မီးပုံထဲခုန်ဆင်းပုံ မိတ္ထီလာပြည့်ရှင် မဟာဇနကမင်းကြီး လယ်ထွန်မင်္ဂလာပြုရာတွင် သီတာလောင်းလျာဖြစ်သော မိန်းကလေးကိုရရှိပုံ၊ အယုဒ္ဓယ (အယောဈာ)ပြည့်ရှင် ဒသရဌမင်းကြီး တောကစားစဉ် ရသေ့ငယ်တစ်ပါးအား မြားဖြင့်ပစ်မိပုံ၊ တိခ္ခုလရသေ့ထံ ရောက်၍ သားဆုပန်ပုံ၊ ရသေ့ပေးလိုက်သော ငှက်ပျောသီးနှစ်လုံးကိုစားရ ၍ မိဖုရာသုံးပါးတို့က ရာမ၊ လက္ခဏာ၊ ဘဒရနှင့်ပရုဏ္ဏညီနောင်လေးဦးကို ဖွားမြင်ပုံ၊ မဟေသရနတ်မင်းက မိတ္ထီလာပြည့်ရှင် ဇနကမင်းကြီး အား လေးတင်ပွဲကျင်းပခိုင်းပုံ၊ ဒသဂီရိလည်း လေးတင်ပွဲသို့ ရောက်လာပုံ၊ လေးတင်ပွဲတွင် ရာမမင်းသားအနိုင်ရပုံ၊ ပသျှူးရာမနှင့် စစ်တိုက်၍ အောင်မြင်ခဲ့ပုံ၊ ဇာတ်များမှာ မြန်မာရာမသာချင်းနှင့် ရခိုင်ရာမသာချင်းတို့ တူညီကြပါသည်။ ဇာတ်ကွက်၂၃ကွက်ဖြစ်ပါသည်။ မတူညီသော ဇာတ်ကွက် ၇ ကွက်ကိုလည်း တွေ့ရပါသည်။ ၎င်းတို့မှာ မြန်မာရာမသာချင်းတွင် သရက်သီး ၃-ခိုင်ကို နိဂုမ္ဘီက ပြဟ္မာအား လျှုဒါန်းခြင်းဖြစ်၍ ရခိုင်ရာမသာခြင်းတွင် နိဂုမ္ဘီ အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ ရသေ့အားလျှုဒါန်းခြင်း၊ မြန်မာရာမသာချင်းတွင် ဒသဂီရိသည် အာသာဝတီ နွယ်နီသီးကိုစားရာမှ အကျင့်ဖောက်ပြားရမ်းကားလာသည်ဟုဆို၍၊ ရခိုင်ရာမသာချင်း တွင် မန္ဒောဒရီက အသူရာ ပြည်က အရက်မျိုးကိုစားရာမှ အကျင့်ဖောက်ပြားရမ်းကားလာသည် ဟုဆို၍ ရခိုင်ရာမသာခြင်းတွင် မန္ဒောဒရီက အသူရာပြည်က အရက်မျိုးကိုချက်၍တိုက်ရာမှ အရက်စွဲသွားကာ အကျင့်ဖောက်ပြားလာသည်ဟုဆိုခြင်း၊ မြန်မာရာမသာချင်းတွင် နတ်သမီးခုန်ချသော မီးပုံထဲမှ လူသားမိန်းကလေး မွေးလာသည်ဆိုခြင်း၊ ရခိုင်ရာမသာခြင်းတွင် မီးပုံပြာပုံမှပေါ်လာသောကြာဖူး၌ သန္ဓေတည်၍ မိန်းကလေးမွေးလာသည်ဆိုခြင်း၊ မြန်မာရာမ သာချင်းတွင် လက္ခဏမင်းသားသည် ဘဒရ(ဘာရတ)မင်းသားနှင့် မိဖုရားကေကေယီမှ မွေးဖွားသော ညီအစ်ကိုအရင်းဖြစ်၍ ရခိုင်ရာမသာခြင်းတွင် လက္ခဏမင်းသားသည် ပရုဏ္ဏ(သတ္တရုဃန) မင်းသားနှင့် သုမိတ္တာမိဖုရားမှ မွေးဖွားလာသော ညီအစ်ကိုအရင်းဟုဖော်ပြခြင်း၊ မြန်မာရာမသာချင်းတွင် ကာကဝဏ္ဏကျီးကို နှိမ်နင်းရန် ရာမမင်းသားတစ်ဦးတည်း ရသေ့နှင့်လိုက်ပါသွားသည်ဆို၍ ရခိုင်ရာမသာချင်းတွင် ညီတော်လက္ခဏမင်းသားလည်း လိုက်ပါခဲ့ရသည်ဟုဆိုခြင်း မြန်မာရာမသာချင်းတွင် လေးတင်ပွဲသို့ ဆရာရသေ့နှင့်အတူ ရာမမင်းသားတစ်ဦးသာ ပါလာသည်ဟုဖော်ပြပြီး ရခိုင်ရာမသာချင်းတွင် ဆရာရသေ့

နောင်တော်ရာမတို့နှင့် ညီတော် လက္ခဏလည်း ပါသည်ဟုဆိုခြင်း၊ မြန်မာရာမသာချင်းတွင် လေးတင်ပွဲအပြီးတွင် ဒသဂီရိသည် ကြောက်လန့်၍ ကမန်းကတန်းထွက်ပြေးသွားပြီး ရခိုင်ရာမသာခြင်းတွင် ရာမနှင့်မိမိသည် တစ်နေ့နေ့တွင် တွေ့ကြဦးမည်ဟု ကြိမ်းဝါးကာ အေးအေးဆေးဆေးထွက်သွားခြင်း ဇာတ်ကွက်များမှာ ကွဲလွဲသော ဇာတ်ကွက်များပင် ဖြစ်ပါသည်။ ဤကဏ္ဍ၌ အခြားထူးခြားချက်တစ်ခုမှာ မြန်မာရာမသာချင်းတွင် လေးတင်ပွဲအပြီး၌ ရာမမင်းသားက မြားတွင် စာရွက်တပ်၍ အယုဒ္ဓယပြည်သို့ပစ်လိုက်ရာ ညီတော်သုံးပါး ထိုမြားမှစာကိုရရှိပြီး၊ မိတ္ထီလာသို့လိုက်လာကြကြောင်း ရာမမင်း၏ညီတော်သုံးပါးကိုလည်း ဇနကမင်း၏ညီတော် သုံးပါး၏ သမီးတော်သုံးပါးနှင့် အသီးသီးလက်ထပ် ကြကြောင်း ဆိုထားပါသည်။ ရခိုင်သာခြင်းဆရာ ဆရာထွန်းကမူ ယင်းဇာတ်ကွက်သည် "ရာမဝတ္ထုနိပါတ်နုကို၊ စပ်ပြုစီရင်၊ ပညာရှင်တို့၊ ပြစ်တင်စကား၊ တချို့ သူလေ၊ လူဗိုလ်များတို့၊ ပြောဆိုလိမ့်မည်၊ သို့ဖြစ်ပေ၍"သာလျှင် ဤဇာတ်ကွက် ဖော်ပြရခြင်းဖြစ်ကြောင်း ညီနောင် လေးပါးနှင့် မင်းသမီးလေးပါး တပြိုင်တည်းလက်ထပ်ခြင်းမှာ အစဉ်အလာအရသာ ဖော်ပြရခြင်းဖြစ်ကြောင်း ဤသို့တပြိုင်တည်း လက်ထပ်ကြသည်ဟု "နိပါတ်ရာဇဝင်၊ ရှိပါကျင်လည်း၊ဆင်ခြင်တုံမြောက်၊ ကျွန်ုပ်ဆရာ၊ အဖြာဖြာကို၊ စာနာထောက်က၊ ရှေ့နောက်စကား၊ ကွေ့ကောက်ငြားလို့"ဟု ဇာတ်လမ်းရှေ့နောက်မညီ သော ကြောင့် ချန်ထားခဲ့ကြောင်းကို သာခြင်းပိုဒ်ရေ ၆၉ တွင် ဖော်ပြခဲ့ပါသည်။

ဒုတိယပိုင်းဖြစ်သော အယုဒ္ဓယကဏ္ဍတွင် မိဖုရားကေကေယီ၏ တောင်းဆိုမှုကြောင့် ရာမ၊ သီတာဒေဝီ နှင့် လက္ခဏတို့တောသို့ အနှင်ခံရသည်မှစ၍ ဘာရတမင်းသားတို့ ရာမမင်းအားလာ၍ ပြန်ခေါ်ပုံ၊ ရာမမင်းက ခြေနင်းစကြာကိုပေးလိုက်ပုံအထိ ဇာတ်ကွက်များအားလုံးမှာ မြန်မာသာချင်းနှင့် ရခိုင်သာခြင်းတို့တွင် အတူတူပင် ဖြစ်ပါသည်။ ရခိုင်ရာမသာခြင်းတွင် ထူးခြားသည်မှာ မှူးမတ်များ၊ မယ်တော်များနှင့်အတူ ပြန်သည့်အခါ၊ သေလာ ဂီရိတောင်ခြေသို့ ရောက်သောအခါ ဘာရတနှင့် ဝရုဏ္ဏမင်းသားတို့ ရသေ့ပြု၍ ကျန်နေခဲ့ကြသည်ဟု ဖော်ပြခြင်း ပင်ဖြစ်ပါသည်။

တတိယပိုင်းဖြစ်သော အရညကဏ္ဍတွင် တောတွင်း၌ ရာမနှင့်လက္ခဏာတို့ ဒုသနှင့်ခရဘီလူးရန်ကို နှိမ်နင်းရ ပုံ၊ ဂမ္ဘီဘီလူးမ သမင်ယောင်ဆောင်၍ ဖျားယောင်းပုံ၊ ဒသဂီရိက ရသေ့ဟန်ဆောင်၍ သီတာကိုခိုးယူပုံ၊ ရာမနှင့် လက္ခဏာတို့ သီတာကိုလိုက်ရှာကြပုံတို့ကို ရေးဖွဲ့ထားသောအကြောင်းအရာများတွင် ဦးအောင်ဖြိုးနှင့် ဆရာထွန်းတို့ ကွဲလွဲမှုမရှိပါ။

စတုတ္ထပိုင်းဖြစ်သော ကိဿကိန္ဓာကဏ္ဍတွင် ရာမနှင့်လက္ခဏာတို့ သုဂြိပ်မျောက်နှင့်တွေ့ကြပုံ၊ ဗာလီမျောက်ကို နှိမ်နင်းပုံ၊ မျောက်စစ်သည်များနှင့် သမုဒ္ဒရာကမ်းခြေသို့ ချီတက်ကြပုံ၊ ဟနူမာန်ကိုရှာပြီး ရာမမင်းက ကျောပြင်ကိုလက်ဖြင့် သုံးကြိမ်သုံးသပ်မှ ဟနူမာန်နဂိုရ်အတိုင်း ပြန်ဖြစ်ပုံ၊ ရာမမင်းက မိမိ၏ နဝရတ် လက်စွပ်ကိုပေး၍ ဟနူမာန်အား သီဟိုဠ်ပြည်သို့ ခုန်ကူး၍ သီတာကို ရှာဖွေခိုင်းပုံတို့တွင် မြန်မာရာမ သာချင်းနှင့် ရခိုင်ရာမသာခြင်းတို့ ဇာတ်လမ်းတူညီကြပါသည်။ သို့သော် ဤကဏ္ဍတွင် မြန်မာသာချင်း၌ ဟနူမာန်သည် နေကို ကင်းပုံသီးထင်မှတ်၍ ခုန်ဆွတ်မိခြင်း၊ဟု ရေးဖွဲ့ကပြီး ရခိုင်သာခြင်းတွင်မူ ဟနူမာန်သည် နေနှင့်လကို ဘောလုံးကဲ့သို့ ပုတ်ခတ်ကစားခြင်းဖြစ်သည်ဟုဆိုခြင်း၊ မြန်မာသာချင်း၌ ဟနူမာန်သည် သီဟိုဠ်ကျွန်းသို့ ခုန်ကူး သည့်အခါ လမ်းတွင် မေခလာနတ်သမီးနှင့် တွေ့ခဲ့ရသည်ဆို သည့်အချက်များမှာ မြန်မာသာချင်းနှင့် ရခိုင်သာခြင်း

တို့၏ ကွဲလွဲချက်ဖြစ်ပါသည်။

ပဥ္စမပိုင်းဖြစ်သော သုန္ဒရကဏ္ဍတွင် ဟနုမာန်သည် ညဉ့်အချိန်၌ သီတာဒေဝီကို ရှာဖွေပုံ၊ မတွေ့ရသဖြင့် အိပ်ပုံမိုးသောက်သောအခါ လိုက်ရှာ၍သီတာကိုတွေ့ရပုံ၊ သော်ကဉယျာဉ်ကို ဟနုမာန်ဖျက်ဆီးပုံ၊ ပရိယာယ်ဖြင့် ဟနုမာန်အဖမ်းခံပုံ၊ သိဃ်ပြည်ကို မီးလောင်အောင်ဖန်တီးပုံတို့မှာ မြန်မာသာချင်းနှင့် ရခိုင်သာခြင်းတို့ ဇာတ်လမ်းအတူ တူပင်ဖြစ်ပါသည်။ သို့သော် ဤကဏ္ဍတွင် မြန်မာမှု၌ ဟနုမာန်သည် သီတာဒေဝီကို စမြင်သော အခါ ဒသဂီရိနှင့် မန္ဒောဒရီတို့ သီတာဒေဝီကို ဖျားယောင်းသွေးဆောင်၍ မရသောအခါ ဂုမ္ဘိဘီလူးကို အစောင့်ထားခဲ့၍ ပြန်ကြသည်ဟု တွေ့ရသော်လည်း ရခိုင်ရာမသာခြင်းတွင် သီတာဒေဝီကို ဟနုမာန်မြင်သော အခါ သုစိတ္တဘီလူးက သီတာဒေဝီအား ဒသဂီရိ၏အချစ်ကို လက်ခံရန် တိုက်တွန်းနေသည်ဟု လာရှိပါသည်။ ယင်းအပြင် ဒသဂီရိ၏ ရှေ့၌ ဟနုမာန်၏လှုပ် ရှားမှုကို မြန်မာသာချင်းဆရာက မည်သို့မျှ ဖော်မပြသော်လည်း တန်းခိုးဆရာထွန်းကမူ ဟနုမာန်သည် ဒသဂီရိရှေ့တွင် မိမိအမြီးကိုရစ်ခွေပြီး ထပ်လိုက်သောအခါ ဒသဂီရိ ပလ္လင်ထက် တစ်တောင်ခန့်ပို၍ မြင့်သွားပြီး၊ ယင်းအပေါ်တက်ထိုင်ကာ ရာမမင်း၏စေတမန်ဖြစ်ကြောင်း ပြောသည်ဟု ရေးဖွဲ့ပါသည်။ အခြားကွာခြားချက်များမှာ မြန်မာသာချင်း၌ ဟနုမာန်သည် ရာမထံသို့အပြန်ခရီးတွင် သီတာဒေဝီထံမှ ဆံပင်၇ ပင်ကို ယူ၍သပြေပန်းပန်လျှက် ပြန်ခဲ့သည်ဟု ဆိုသော်လည်း ရခိုင်ရာမသာခြင်း၌မူ ဆံပင် ၁၀ ချောင်းကို ယူ၍သာပြန်ခဲ့ပြီး သပြေပန်းပန်လျှက်လာသည်ဟု မတွေ့ရပါ။

ဆဌမပိုင်းဖြစ်သော ယုဒ္ဓကဏ္ဍတွင် ကျောက်တန်းဆည်ပြီး သိဃ်သို့ စစ်ချီကြပုံ၊ ငအောင်ကွတ်မျောက်ကို သံတမန်စေလွှတ်ပုံ၊ ဘီလူးများက ရာမကို စစ်ထိုးရန် ဒသဂီရိအား လျှောက်ထားပုံ၊ ဗိဘိသနက သီတာကို ရာမအား ပြန်ပေးရန် တိုက်တွန်းသဖြင့် ဒသဂီရိက ဗိဘိသနအား ခြေဖြင့်ကျောက်ကန်၍၊ ဘိနပ်ဖြင့် ရိုက်သဖြင့် ဗိဘိသနသည် ရာမဘက်သို့ခိုဝင်ပုံ၊ ဒသဂီရိ၏သားတော် ဣန္ဒဇိတစစ်ထွက်တိုက်ပုံ၊ ဣန္ဒာဇိတပစ်သော လက်နက်မှန်၍ ရာမမင်းမေ့ လူးပုံ၊ ဟနုမာန်ဆေးပင်ရှာ၍ ကုသ၍ ရာမမင်းသက်သာလာပုံ၊ မိန်းမမျက်နှာကို ၁၂ နှစ်မမြင်ဖူးသူမှ ဣန္ဒာဇိတကို မြင်နိုင်ပုံ၊ လက္ခဏာညွှန်ပြရာသို့ ရာမကမြားဖြင့်ပစ်၍ ဣဒ္ဒဇိတကျဆုံးရပုံ၊ ဒသဂီရိ၏ညီတော် ဂုမ္ဘိကဏ္ဏကျဆုံးပုံ၊ ဒသဂီရိယာဇ်ပူဇော်ပွဲပြုလုပ်၍ ယာဇ်ပူဇော်ပွဲကိုဖျက်ဆီးပုံ၊ ဒသဂီရိ၏လက်နက်ထိမှန်၍ ရာမမူးမေ့ပုံ၊ ဆေးမြစ်ဖြင့် ကုသ၍ ရာမမင်း ပြန်လည်သတိရပုံမှ ဒသဂီရိ ကျဆုံးပုံအထိ တူညီသည်ကိုတွေ့ရသည်။ ဦးအောင်ဖြိုးသည် ဒသဂီရိ ကျဆုံးသည်အထိ ရေးဖွဲ့ကာ သာချင်းကို အဆုံးသတ်ခဲ့လေသည်။ ဥတ္တရကဏ္ဍကို ရေးဖွဲ့ခြင်းမပြုခဲ့ချေ။ ဤယုဒ္ဓကဏ္ဍတွင် ကွဲလွဲချက်များမှာ မြန်မာသာချင်းတွင် ငအောင်ကွတ်သည် ဒသဂီရိရှေ့တွင် မိမိအမြီးကို ရစ်ခွေ၍တပ်လိုက်ပြီး ဒသဂီရိပလ္လင်ထက် တစ်ထွာခန့်ပိုပြီးသောအခါမှ ယင်းအပေါ်တက်ထိုင်ပြီး ရာဇသံကိုဖတ်ကြားပါသည်။ ရခိုင်ရာမ သာခြင်းတွင် ယင်းသို့မိမိအမြီးခွေပေါ်တွင် ထိုင်သည်မှာ ဟနုမာန်ကို ပထမအကြိမ်စေတမန်စေလွှတ်ကတည်းကပင် ဟနုမာန်၏ လှုပ်ရှားမှုအဖြစ် ဖော်ပြခဲ့ပါသည်။ ယင်းသို့မိမိအမြီးကို ပလ္လင်ပြု၍ ငအောင်ကွတ် ယင်းသို့တိုင်သည်ကို ဦးအောင်ဖြိုးသည် ဘင်္ဂလီရာမာယဏမှ ရယူခဲ့ခြင်းဖြစ်၍ ဟနုမာန်က ယင်းသို့တိုင်သည်ဆိုသည်ကို တန်းခိုး ဆရာထွန်းသည် လိက်သွိုင်ရာမ်မွန်ရာမယဏမှ ယူသည်ဟု ယူဆရပါသည်။ မြန်မာရာမသာချင်းတွင် ဣန္ဒာဇိတ သည် ကိုယ်ရောင် ဖျောက်တတ်သည်ဆိုသော်လည်း ဆရာထွန်း၏ ရခိုင်ရာမသာခြင်းတွင် ဣန္ဒာဇိတသည်

ကိုယ်ရောင်ပျောက်သည်ဟူ၍ တစ်လုံးတစ်ပါဒမျှ မရေးသားခဲ့ပဲ၊ ကောင်းကင်တွင် မိုးတိမ်ကြား၌ ပုန်းကွယ်နေသည် ဟုသာ တွေ့ရပါသည်။ မြန်မာရာမတွင် ဒသဂီရိ၏ယာဇ်ပူဇော်ပွဲကို ဝင်ရောက်ဖျက်ဆီးသူမှာ ငအောင်ကွတ် ဖြစ်သော်လည်း ရခိုင်ရာမသာခြင်းတွင် ဟနုမာန်ဟုတွေ့ရပါသည်။

ဤကဏ္ဍ၌ ဦးအောင်ဖြိုးနှင့်ဆရာထွန်းတို့၏ အကြီးမားဆုံးကွဲပြားချက်မှာ မြန်မာရာမသာချင်း၌ ရာမမင်းက အဋ္ဌစန္ဒာလက်နက်ဖြင့် ပြစ်မည်ပြုရာ ဒသဂီရိသည် ကြောက်လန့်ပြီး ကောင်းကင်မှ ရထားပျံဖြင့် ဆင်းလာပြီး အသက်ချမ်းသာပေးပါရန် ရာမအားတောင်းပန်ပါသည်။ ရာမမင်းက မကောင်းသူပယ်၊ ကောင်းသူ ကယ်ရန် ဆိုရိုးစကားရှိသည်ကို ပြောသောအခါ ဒသဂီရိသည် ကြောက်လန့်၍ ရထားပေါ်ပြေးတက်သွားစဉ် မြားမှန်၍ သေဆုံးသွားသည်ဟု ရေးဖွဲ့ခဲ့ပါသည်။ ဤမျှဖြင့် ဦးအောင်ဖြိုးသည် မိမိ၏ရာမသာချင်းကို နိဂုံးချုပ်ခဲ့ပါသည်။ ဥတ္တရကဏ္ဍကိုဆက်၍ မရေးဖွဲ့ခဲ့တော့ချေ။ ရခိုင်ရာမသာချင်းတွင်မူ ညီတော်လက္ခဏ ညွှန်ပြရာ သို့ ရာမမင်းသည် ဟနုမာန်၏ကျောပေါ်သို့တက်၍ အဋ္ဌစန္ဒာလက်နက်ဖြင့်ပစ်ရာ ဒသဂီရိကို ထိမှန်လေသည်။ ဒသဂီရိ၏ဦးခေါင်းသည် ထန်းသီးကြွေသကဲ့သို့ ကြွေကျလေရာ ညီတော် ဗိဘီသနက အဝတ်ဖြူဖြင့်ခံယူလေ သည်။ ဒသဂီရိ၏ခန္ဓာကိုယ်မြေသို့ကျလာသောအခါ ဗိဘီသနက နောင်တော် ဒသဂီရိကို သဂြိုဟ်ခွင့်ပြုပါရန် ရာမမင်းထံ ခွင့်တောင်းပါသည်။ ရာမမင်းက ခွင့်ပြုသည်။ ယင်းနောက် သိဃိုပြည်တွင် ဗိဘီသနအား ထီးနန်း တင်ခဲ့ပြီး ရာမ၊ သီတာ၊ လက္ခဏာနှင့် မျောက်စစ်သည်များ ပြန်ခဲ့ကြလေသည်။ သီတာမင်းသမီးသည် မိမိသည် သစ္စာရှင်တစ်ဦးဖြစ်ကြောင်း မီးပုံတွင်းသို့ခုန်ဆင်း၍ သက်သေပြခဲ့ လေသည်။

ဤသို့ဖြင့် စာရေးသူ၏ နှိုင်းယှဉ်ချက်အရ မြန်မာရာမသာချင်းနှင့် ရခိုင်ရာမသာခြင်းတို့တွင် ဗာလကဏ္ဍမှ ယုဒ္ဓကဏ္ဍအထိ ဇာတ်ကွက်ပေါင်း ၇၆ ကွက်အနက် တူညီသောဇာတ်ကွက်ပေါင်း ၅၆ ကွက်တွေ့ရ၍ ဇာတ်ကွက် ၂၀ မှာ ကွဲပြားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ တန်ခိုးဆရာထွန်း၏ ရခိုင်ရာမသာခြင်းမူကို မြန်မာမဟာရာမဝတ္ထုနှင့် နှိုင်းယှဉ်လေ့လာရန် လိုအပ်ပါသည်။ မြန်မာမဟာရာမဝတ္ထုကို လေ့လာလျှင် ရခိုင်ရာမသာခြင်းတွင်ကဲ့သို့ ဗာလကဏ္ဍမှ ဥတ္တရကဏ္ဍတိ ကဏ္ဍ ၇ ခုလုံးပါဝင်သည်ကို တွေ့ရပါသည်။ မဟာရာမဝတ္ထုတွင် ပထမ ၆ ကဏ္ဍတွင်ပါဝင်သော ဇာတ်လမ်း ဇာတ်ကွက်များမှာ ဦးအောင်ဖြိုး၏ မြန်မာ့ရာမသားချင်ပါ ဇာတ်လမ်းဇာတ်ကွက်အတိုင်းပင် ဖြစ်ပါသည်။ အချို့သော အမည်နာမများ၊ အချို့သောအနုစိပ်ကိစ္စများတွင် ပွတ်ကာသီကာလွဲပါသည်။ ထို့ကြောင့် မဟာရာမ ဝတ္ထု၏ ရှေ့ပိုင်း၆ကဏ္ဍပါ ဇာတ်ကွက်များနှင့် ရခိုင်ရာမသာခြင်းနှင့် တူညီကွဲလွဲမှုသည် ဦးအောင်ဖြိုး၏ရာမ သာချင်းနှင့် တူညီကွဲလွဲမှုအတိုင်းပင် ဖြစ်သည်။ သို့သော် မဟာရာမဝတ္ထု၏ ရှေ့ပိုင်း ၆ကဏ္ဍအတွင်း ပါဝင်သော သီတာဒေဝီသည် ကြာဖူးမှမွေးဖွားလာခြင်း၊ ဟနုမာန်သည် သပြေပန်းမပန်ပဲ ပြန်လာခြင်းစသည့် ဇာတ်ကွက် များမှာ ဦးအောင်ဖြိုး၏ရာမသာချင်းနှင့် ကွဲလွဲ၍ ရခိုင်ရာမသာခြင်းမူနှင့်တူပါသည်။ သို့သော် မဟာရာမဝတ္ထုတွင် ပါဝင်သောရာမနှင့် ဒသဂီရိတို့စစ်ပွဲမှ သူရာဂုမ္ဘာန် ဘီလူးနှင့်တိုက်ပွဲ၊ မှန်ပြဘီလူးနှင့်တိုက်ပွဲ၊ ယက္ခနီဘီလူးနှင့် တိုက်ပွဲ၊ ဂုမ္ဘဒီပဘီလူးနှင့်တိုက်ပွဲတို့မှာ မြန်မာသာချင်းနှင့် ရခိုင်သာခြင်းတို့တွင် မပါရှိချေ။

ဥတ္တရရာမကဏ္ဍတွင် သီတာဒေဝီမီးပုံအတွင်း ခုန်ဆင်းပုံ၊ သီတာဒေဝီ၌ ပဋိသန္ဓေရှိလာပုံ၊ ရာမမင်းက သီတာဒေဝီအား အထင်မှား၍ ပြည်မှနှင်ပုံ၊ သီတာဒေဝီ ဗာလမိဂ (ဝါလမိဂ္ဂိ) ရသေ့ကျောင်းသို့ ရောက်ပုံတိုးမှာ

မဟာရာမဝတ္ထုတွင် သီတာဒေဝီသည် သက္ကတရာမာယဏမှာကဲ့သို့ အမွှာညီနောင်မွေးသည်ဟုဆိုပါသည်။ ရခိုင်ရာမသာခြင်းတွင်မူ တစ်ဦးကိုမွေး၍ တစ်ဦးကို ရသေ့ကမန္တာန်ဖြင့် စီရင်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ဤသို့ သီတာဒေဝီ၏ သားတော်တစ်ပါးကို ရသေ့ကမန္တာန်ဖြင့် မန်းမှုတ်၍ စီရင်သည်ဟုဆိုခြင်းကို မြန်မာရာမ မူများအနက် ရာမသုံးမျိုးဇာတ် တော်ကြီး ဝတ္ထုတစ်ခုတွင်သာ တွေ့ရပါသည်။ အခြားမြန်မာမူများတွင် မတွေ့ရပါ။ ဝါလမိကီ၏ မူလသက္ကတရာမမူတွင် သီတာဒေဝီသည် အမွှာညီနောင်ကို မွေး၍၊ ဤကဲ့သို့ တစ်ဦးကိုမွေးပြီး တစ်ဦးကိုရသေ့မန္တာန်ဖြင့် စီရင်သည်ဟုစတင် ရေးသားသည်မှာ ကသ္မီရမှ "အတ္တိကာဗျ"မူမှ စတင်ခဲ့ပြီး ဂျားဗားမှ ကာကဝင်ရာမာယဏမူ၊ ယိုးဒယားရာမကီယင်မူ၊ မွန်ဘာသာလိက်သွိုင်ရာမ် မူများသို့ ပျံ့နှံ့သွားပြီး မြန်မာရာမ သုံးမျိုးဇာတ်တော်ကြီးဝတ္ထုနှင့် ရခိုင်ရာမသာခြင်းမူများသို့ ဝင်ရောက်ခဲ့ပါသည်။

ယင်းအပြင် ရာမမင်းက အတိုင်းတိုင်းအပြည်ပြည်သို့ ရာဇသံဖြင့် စေလွှတ်သောမြင်းဖြူကို သီတာဒေဝီ၏ သားနှစ်ဦးဖမ်းဆီးကြပုံ ယင်းညီနောင်နှစ်ဦးနှင့် ရာမလက္ခဏာတို့ တိုက်ခိုက်ကြပုံတို့သည် တူညီကြပါသည်။ ယင်းနောက်ပိုင်းတွင် မဟာရာမဝတ္ထုတွင် ပြဆိုသော အမွှာညီနောင်လက်ချက်ဖြင့် လက္ခဏာမူးမေ့ပုံ၊ ဟနူမာန်သည် အမွှာညီနောင်၏အဖမ်းကိုခံရပြီး သူတို့ခေါ်ရာကိုလိုက်သွားရာ သီတာနှင့်တွေ့ပုံ၊ ဘိုးတော်ရသေ့ရေစင်ဖျန်း၍ လက္ခဏာသတိရရလာပုံတို့ မှာ ရခိုင်ရာမသာခြင်းနှင့်မတူညီပါ။ ရခိုင်ရာမသာခြင်းတွင် ညီနောင်နှစ်ဦးနှင့် ရာမ၊ လက္ခဏာတို့တိုက်ပွဲ၌ လက္ခဏာမူး မေ့ခန်းမပါဝင်ပါ။ သီတာက မွေးဖွားသောသူငယ်က ပစ်လိုက်သော လက်နက် သည် ရာမမင်းထံ ပန်းမန်ပေါက်ပေါက် ဖြစ်သွား၍၊ ရာမမင်းက ပစ်လိုက်သောလက်နက်သည် ထိုသူငယ် ရှေ့တွင် စားစရာမုန့်များဖြစ်သွားပါသည်။ သို့သော် မန္တာန်ဖြင့် ဖန်ဆင်းသော သားပစ်သောလက်နက်သည် ရာမကိုထိမှန်၍ ရာမမင်းဒဏ်ရာဖြင့် မူးမေ့လေသည်။ ကုသရန် ဆေးမြစ်မှာ တိုင်းပြည်မှအနှင်ခံရသော မရီးတော် သီတာဒေဝီထံ၌ ပါသွားသည်ကို လက္ခဏာကသိသည်။ ထိုသူငယ်နှစ်ဦး၏ ဇာတိမျိုးနွယ်ကို ထုတ်ဖော်ကြိမ်းဝါးမှုကြောင့် လက္ခဏာ သည် နောင်တော်ရာမမင်း၏ သားတော်များဖြစ်ကြောင်း သိသောအခါ ထိုသူငယ်တို့အား အကြောင်းစုံကို ပြောပြလေသည်။ လက္ခဏာသည် သူငယ်နှစ်ဦးခေါ်ရာသို့ လိုက်သွားသောအခါ မရီးတော်သီတာဒေဝီနှင့် တွေ့ပြီးဆေးမြစ်ကို တောင်းလေသည်။ ဆေးမြစ်ဖြင့်ကုသရာ ရာမမင်းပြန်လည် ကျန်းမာလာသော်လည်း စိတ်နာနေသော သီတာကို ခေါ်၍မရတော့ချေ။ နောက်ဆုံးတွင် ရသေ့က ရာမနှင့် သီတာတို့ အား ဆုံးမစကား ပြောဆို၍ ပြန်လည်ပေါင်းသင်းပေးလိုက်လေသည်။ ဤသို့ဖြင့် မဟာရာမဝတ္ထုနှင့် ရခိုင်ရာမသာခြင်းတို့ကို နှိုင်းယှဉ်လေ့လာသောအခါ (မာလကဏ္ဍမှ ဥတ္တရကဏ္ဍအထိ)ဇာတ်ကွက်ပေါင်း ၈၇ ကွက်တွင် တူညီသောဇာတ် ကွက် ၆၂ ကွက်တွေ့ရှိရပြီး ကွဲလွဲသောဇာတ်ကွက် ၂၅ ကွက်ပါဝင်သည်ကို တွေ့ရပါသည်။

ဆရာကူး၏ပုံတော်ရာမပြဇာတ်သည် ပြဇာတ်ဖြစ်သည့်အားလျော်စွာ ရာမနှင့်ညီတော်များကို မွေးဖွားခန်းမှ စ၍ကေကေယီမိဖုရားက သားတော်ဘာရတမင်းအား ထီးနန်းလွှဲအပ်ပေးရန် တောင်းဆိုသော အခန်းအထိကို ပြည်တည် ထောင်သည့်အမတ်များက အပြန်အလှန် စကားပြောဟန်ဖြင့် ရေးသားထားကာ၊ ရာမမင်းသားအား မှော်ရုံတောသို့ နှင်သည့်ညီလာခံကျင်းပပုံမှစ၍ ဇာတ်ကွက်ကိုစတင်ပြီး၊ သီတာဒေဝီကို ရထားပျံဖြင့် ဒဿဂီရိ ခိုးယူသယ်ဆောင်သွားသည့်အခန်းအထိ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ပုံတော်ရာမ ပြဇာတ်လာ ဇာတ်ကွက် ၇ ကွက်မျှကိုသာ ရခိုင်ရာမ သာခြင်းနှင့် နှိုင်းယှဉ်ရပါသည်။ ရာမ၊ သီတာ၊ လက္ခဏာတို့

တောထွက်ခန်း၊ ဒသရဋ္ဌမင်းကြီးနတ်ရွာစံ၍ ဘာရတမင်းသား က မှော်ရုံတောသို့ လိုက်၍ခေါ်ခန်း၊ ရာမတို့နှင့် ဒုသခရဘီလူးညီနောင် စစ်ထိုးခန်း၊ ဂမ္ဘီဘီလူးမက အစ်ကိုဒသဂီရိအား တိုင်ကြားခန်း၊ ဂမ္ဘီရွှေသမင် ယောင်ဆောင်ခန်း၊ ဒသဂီရိရသေ့ယောင်ဆောင်၍ သီတာဒေဝီကို ခိုးပြေးခန်းတို့မှာ ဦးအောင်ဖြိုး၏သာချင်း အစဉ်အလာကိုလိုက်၍ ရခိုင်ရာမသာခြင်းနှင့် တူညီပါသည်။ သို့သော် ပုံတော်ရာမပြဇာတ်တွင် လာသော ရာမ၊ သီတာ၊ လက္ခဏတို့ မှော်ရုံတောသို့ ထွက်သည့်အခါ သံပထဗျာပြည့်ရှင် ပသျှူးရာမက ထီးနန်းအပ်သည့်အခန်း ကိုကား ရခိုင်ရာမသာခြင်းတွင် မတွေ့ရပါ။ ရခိုင်ရာမသာခြင်းတွင် လေးတင်ပွဲပြီး၍ သီတာ မင်းသမီးကိုခေါ်ကာ အယုဒ္ဓယသို့ ပြန်သည့်အခါကပင်၊ သံပထဗျာပြည်မှ ပသျှူးရာမက သီတာကိုလိုချင်၍ ထွက်တိုက် ပါသည်။ ပသျှူးရာမ စစ်ရှုံးသောအခါမှ ထီးနန်းကိုအပ်ပါသည်။ သို့သော် ရာမက လက်မခံခဲ့ချေ။ ပုံတော်ရာမပြဇာတ် လာဇာတ်ကွက် ၇ ကွက်တွင် ဤတစ်ကွက်သာလျှင် ရခိုင်ရာမသာခြင်း၌ မပါရှိချေ။ မြန်မာမူများအနက် သံပထဗျာ ဟူသော အမည်ကို ပုံတော်ရာမပြဇာတ်၌သာ တွေ့ရပြီး ဤပြဇာတ်သည် ရခိုင်ရာမသာခြင်းမူထက် ၂၅ နှစ် ရှေးကျသဖြင့် ဆရာထွန်းသည် သံပတဗျာဟူသောအမည်ကို ဤပြဇာတ်မှ ရယူခဲ့ခြင်းဖြစ်ပေမည်။ ယင်းအပြင် ကေကေယီမိဖုရားက ဒသရဋ္ဌမင်းကြီး၏လက်မှ ခူနာကို အာခံတွင်း၌ငုံ၍ ကုသခဲ့သည်ဟူသော ဇာတ်ကွက်မှာ လည်း၊ ဆရာထွန်းသည် ဆရာကူး၏ပြဇာတ်မှ ရယူခဲ့ခြင်းဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ပြဇာတ်လာ မှူးမတ်တို့ စကားပြောခန်း၌ ယင်းဇာတ်ကွက်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။

ဆရာထွေး၏ရာမသုံးမျိုးဇာတ်တော်ကြီး စကားပြေဝတ္ထုတွင် ရခိုင်ရာမသာခြင်းမှာကဲ့သို့ ဗာလကဏ္ဍမှ ဥတ္တရကဏ္ဍထိ ၇ ကဏ္ဍပါဝင်ပါသည်။ နိဂုံးချုပ်ပုံမှာ မဟာဝတ္ထုနှင့်တူပါသည်။ ဆရာထွန်း၏ ရခိုင်ရာမ သာခြင်းတွင် သက္ကတမူ၊ အခြားမြန်မာမူများနှင့် အမည်နာမကွဲပြားမှုကို တွေ့ရသော်လည်း၊ ဆရာထွေး၏ ဝတ္ထုလာအခြားမြန်မာမူများနှင့်မတူညီသော အမည်နာမများကို ရခိုင်ရာမသာခြင်းတွင်လည်း မတွေ့ရပေ။ ဆရာထွေး၏ဝတ္ထုတွင် အယုဒ္ဓယကို အယုတ္တမ၊ ကောသလ္လာမိဖုရားကို ပဒုမသဓ်ါမိဖုရား၊ ကေကေယီမိဖုရားကို ကက္ကရုဝတီမိဖုရား၊ ဇနကမင်းကြီးကို မဟာဇနပဒမင်း ဘရတမင်းသားကို ဥဒရာဘရ၊ ဂုမ္ဘဒီပကို ဘုမ္မလေခ၊ စသည်ဖြင့် အမည်များကို ရခိုင်ရာမသာခြင်းတွင် မတွေ့ရသည့်အပြင်၊ သုမိတ္တာမိဖုရားနှင့် သားတော်ဝရုဏ္ဏ (သတ္တရုဃန)လုံးဝမပါဝင်ခြင်း၊ သုပြိပ်က အစ်ကိုဖြစ်၍ ဗာလီကညီဖြစ်နေခြင်း၊ ဒသဂီရိ၏သားတော် ဣန္ဒဇိဇာ မပါရှိခြင်းတို့မှာ ရာမသုံးမျိုးဇာတ်တော်ကြီး ဝတ္ထု၏ထူးခြား သော ကွဲလွဲချက်များပင် ဖြစ်ပါသည်။

ဆရာထွေး၏ ရာမဝတ္ထုနှင့် ဆရာထွန်း၏ ရခိုင်ရာမသာခြင်းလာ ဇာတ်ကွက်များကို နှိုင်းယှဉ်လျှင်၊ လက္ခဏ ညွှန်ပြရာသို့ ရာမက လေးဖြင့်ပစ်၍ ဒသဂီရိကျဆုံးပုံ၊ သီတာတွင် သားတစ်ဦးမွေး၍ တစ်ဦးကို ရသေ့ကမန္တာန်ဖြင့် စီရင်ပုံ၊ ရာမနှင့်သူငယ်နှစ်ဦးတို့ စစ်ခင်းကြပုံ၊ ဟနူမာန်ဆေးမြစ်ကို ရှာဖွေရပုံ ဇာတ်ကွက် အနည်းငယ်မျှသာ တူညီသည်ကို တွေ့ရပါသည်။

ဆရာထွေး၏ ဝတ္ထုတွင် ရခိုင်ရာမသာခြင်းအပါအဝင် အခြားရာမမူများနှင့် မတူပဲ ထူးခြားသော ဇာတ်ကွက်များမှာ မဟာဇနပဒမင်းကြီး ကြာပွင့်ချပ်ကို ခွာသောအခါမှ သီတာကိုတွေ့ရှိခြင်း၊ လေးတင်ပွဲဖိတ်စာကို ရသေ့ယူလာ၍ ရာမအားပေးရာ၊ ရာမက အမှတ်တမဲ့ချထားမိရာမှ လေပြင်းမုန်တိုင်းဖြင့် လွင့်သွားကာ ဒသဂီရိထံ ရောက်သွားခြင်း၊ မက္ကဋ္ဌကိန္နရီက ဟနူမာန်ကိုချောက်ထဲသို့ မွေးချလိုက်ခြင်း၊ ငအောင်ကွတ် မျောက်အခန်း

မပါဝင်ခြင်း၊ ဟနုမာန်နှင့် ကဏ္ဍမတို့ပေါင်းဖော်ရာမှ မစ္ဆမက္ကငှကို မွေးဖွားခြင်း၊ ကျောက်တန်းဆည်ပြီးမှ ဟနုမာန်သည် သိဃ်ိဳပြည်သို့ ခုန်ကူး၍ မီးရှို့ပြီးနောက် သီတာဒေဝီကို တပါတည်းခေါ်ဆောင်ခဲ့ခြင်း၊ ရာမမင်းတိုင်းပြည်သို့ ပြန်ရောက်သောအခါ ညီတော်ဥဒရဘရက ထီးနန်းအပ်၍ တောထွက်သွားခြင်း၊ သီတာဒေဝီပြည်နှင်ခံရသောအခါ မတ်တော်မောင်ရသေ့ ဥဒရဘရ၏ ကျောင်းသခ်မ်းသို့ ရောက်သွားခြင်း၊ သီတာဒေဝီမီးပုံတွင်းသို့ ဆင်းပြခန်းမပါခြင်း၊ ဣန္ဒရိဠ်ဖမ်းသွားသော ရာမမင်းကိုကယ်ရန် ဟနုမာန်သည် ရေခပ်သူ၏အိုးတွင်း၌ ဖားလောင်းငယ်အသွင်ဖြင့် လိုက်သွားပြီး သိဃ်ိဳမြို့တွင်းသို့ဝင်ခြင်း၊ ဒသဂိရိသည် ဝေပုလ္လတောင်မှနေ၍ ရာမမင်းထံ ဘွဲ့ဖြူလက်နက်လွှတ်ခြင်း စသည့်ဇာတ်ကွက်များ ဖြစ်ပါသည်။ ဆရာထွေး၏ ဝတ္ထုမူနှင့်တူညီသော ရခိုင်ရာမသာခြင်းလာ ဇာတ်ကွက်များမှ အခြားအထက်ဖော်ပြခဲ့သော ရာမသာချင်း၊ မဟာရာမဝတ္ထု၊ ပုံတော်ရာမပြဇာတ်တို့နှင့်လည်း တူညီသော ဇာတ်ကွက်များကို ပယ်လိုက်လျှင်၊ ရခိုင်ရာမသာခြင်းတွင် ရာမသုံးမျိုးဇာတ်တော်ကြီးဝတ္ထုနှင့်တူသော ဇာတ်ကွက်မှာ ဇာတ်ကွက်ပေါင်း ၇၆ ကွက်အနက် ၅ ကွက်မျှသာ တူညီသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခြုံငုံ၍လေ့လာလျှင် မဟာရာမဝတ္ထုနှင့်ပုံတော်ရာမပြဇာတ်တို့သည် ဦးအောင်ဖြိုး၏ ရာမသာချင်းကို အခြေခံ ၍ ရေးသားခဲ့သည်ဟုဆိုနိုင်သော်လည်း ရာမသုံးမျိုးဇာတ်တော်ကြီးဝတ္ထုသည် အထက်ဖေါ်ပြပါမူတစ်ခုခုကို အခြေခံ၍ ရေးသားခဲ့သည့်အသွင် မတွေ့ရပေ။ သို့သော် ရခိုင်ရာမသာခြင်း ဆရာတန်းခိုး ဆရာထွန်းသည် ရာမသာချင်း၊ မဟာ ရာမဝတ္ထု၊ ပုံတော်ရာမဝတ္ထုတို့ကို အဓိကအခြေခံ၍ ရာမသုံးမျိုး ဇာတ်တော်ကြီးဝတ္ထုမှ ဇာတ်ကွက်အနည်းငယ်သာ ရယူခဲ့သည်ကို တွေ့ရပေသည်။

သို့သော် မြန်မာရခိုင် ရာမမူများတွင်တွေ့ရသော ဒသရဌမင်းကြီး ငှက်ပျောသီးနှစ်လုံး ရခဲ့ခြင်းဇာတ်ကွက်သည် မူလအားဖြင့် ဘင်္ဂလီရာမမူမှ စတင်ခဲ့ခြင်း၊ ပုံတော်ရာမနှင့် ရခိုင်ရာမသာခြင်းတို့တွင် တွေ့ရသော ပဿျူးရာမမင်းက ရာမမင်းအား ထီးနန်းလွှဲအပ်သော ဇာတ်ကွက်သည် ဘင်္ဂလီမူ၊ ဟိန္ဒီမူတို့တွင် သိန်ဂဗေရပြည့်ရှင်၊ ဂုဟမင်းက ရာမမင်းအား ထီးနန်းလွှဲအပ်သောဇာတ်ကွက်မှ စတင်ခဲ့ခြင်း၊ ဦးတိုး၏ ရာမရကန်နှင့် ရခိုင်သာခြင်းတို့တွင် လေးတင်ပွဲသို့ လက္ခဏမင်းသားလည်း ရောက်ရှိလာခဲ့သည်ဆိုခြင်းမှာ မူလသက္ကတရာမဇာတ်တော်နှင့်တူညီနေခြင်း၊ သုဂြိပ်သည် အစ်ကိုဖြစ်၍ ဗာလီသည် ညီဖြစ်သည်ဟု ရာမသုံးမျိုးဇာတ်ဝတ္ထုနှင့် ရခိုင်သာခြင်းတို့တွင် တွေ့ရခြင်း၊ မူလသက္ကတရာမ ဇာတ်တော်မှ အင်္ဂဒမျောက်ကို ငအောင်ကွတ်ဟု စတင်ခေါ်ဝေါ်ခဲ့သည်မှာ၊ ကမ္ဘောဒီးယားရာမမူနှင့် ယိုးဒယား ရာမကီယင်မူတို့ဖြစ်ခြင်း၊ ဒသဂီရိနန်းတော်၌ ဟနုမာန်က မန္ဒောဒရီနတ်သမီးကို သီတာဒေဝီဟု ရုတ်တရက် အထင်မှားပုံ ဘင်္ဂလီရာမမူမှ စတင်ခြင်း၊ ဒသဂီရိရုပ်ပုံကို ရေးဆွဲမိ၍ သီတာဒေဝီ ပြည်နှင်ခံရသောဇာတ်ကွက်သည် ၁၀ ရာစု ကသ္မီရမူမှစတင်၍ ဘင်္ဂလီရာမမူသို့ ဝင်ရောက်ခဲ့ခြင်း၊ စသည့်အကြောင်းများကြောင့် တန်းခိုးဆရာထွန်း၏ ရခိုင်ရာမသာခြင်းလာ ဇာတ်ကွက်များကို ခြေရာခံ၍၊ ဦးအောင်ဖြိုး၏ ရာမသာချင်း၊ မဟာရာမဝတ္ထု၊ ပုံတော်ရာမ ပြဇာတ်နှင့် ရာမသုံးမျိုးဇာတ်တော်ကြီးဝတ္ထုများအပြင် ဦးတိုး၏ ရာမရကန်၊ နေမျိုးနာဋ္ဌကကျော်ခေါင်၏ သီရိရာမပြဇာတ် စသော မြန်မာမူများနှင့် နှိုင်းယှဉ်လေ့လာမှသာလျှင် ပိုမိုပြည့်စုံနိုင်မည်ဖြစ်သည့်အပြင် အချို့သော ဇာတ်ကွက်တူများ၊ အနုစိပ်တူညီချက်များ ပါရှိသော၊ ဝါလမိကီ၏မူလ သက္ကတရာမမူအပါအဝင် ၁၀ ရာစုအတွင်းရေးသော ကသ္မီရမူဖြစ်သော “ရာမယဏမဥ္စရီ”မူ

ဟိန္ဒီရာမမူ၊ ဘင်္ဂလီရာမမူတို့ကိုလည်း အမှန်ပင်လေ့လာ ညှိနှိုင်းရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

မောင်ပြုံး(သံတွဲ)

<u>ကိုးကားစာအုပ်စာတမ်းများ</u>

(၁) တန်းခိုးဆရာထွန်း ရခိုင်သာခြင်းများ (၂၀၀၁) ရခိုင်သားကြီးစာပေ၊ ရန်ကုန်
(၂) ဆရာဇော်ဂျီ စာပေါင်းချုပ်၊ အတွဲ(၁)(၁၉၉၃)စာပေနှင့်စာနယ်ဇင်းအဖွဲ့။
(၃) မောင်ခင်မင်(ဓနုဖြူ) ရာမာယဏကိုခြေရာခံခြင်း(၂၀၀၀)၊ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလထုတ် ကလျာမဂ္ဂဇင်းများ။
(၄) အိုးနိုတိုးရု လိက်သို့င်ရာမ်(မွန်ရာမာယဏ)လူထုဦးလှ၊ နှစ် ၉၀ ပြည့်။
(၅) မြန်မာစာဌာန မဟာရာမဝတ္ထု ဒုနှစ်မြန်မာစာအထူးပြုပို့ချချက်။(၁၉၉၃)
(၆) ဦးဖိုးစိန် ရာမသုံးမျိုးဇာတ်ဝတ္ထု(၁၉၃၅)ရန်ကုန်။
(၇) ငြိမ်းကျော် ငွေတောင် (၁၉၇၀)ရန်ကုန်။
(၈) မြန်စာဂုဏ်ကျော်မြင့် စာပေရိပ်မွန် (၁၉၆၉)ရန်ကုန်။
(၉) ကိုယ်ပိုင်ရေးကူးထားသောမှတ်စုများ
(၁၀) ရွှေသာခိုင် ရွှေလေးရှင်၏ သေနာပတိ( )ရခိုင်မဂ္ဂဇင်း(၂၆)

# စောမင်းနွယ် သို့ ပြန်ကြားချက်

**မောင်ပြူး(သံတွဲ)**

ကျွန်တော်သမိုင်းရေးရာ ဆောင်းပါးတွေ ရေးပါတယ်။ ဒါပေမယ့် တစ်ခါတလေ ဖတ်သူတချို့ အတွက်တော့ ကျွဲပါးစောင်းတီး ဖြစ်ရပါတယ်။ ဆန်းစစ်ကြည့်တော့ နားမလည်သူတွေက ရာဇဝင်စွဲ၊ ဆရာစွဲနဲ့ အစဉ်အလာဉခ္ခံထဲက မထွက်နိုင်တဲ့သူတွေ ပဲ ဖြစ်နေတာ တွေ့ရပါတယ်။ ဟိုး . . . ပဝေဏီကာလက အကြောင်းတွေကို အထောက်အထားမရှိပဲ မနေ့တနေ့ကမှ ဆန္ဒစွဲနဲ့ရေးထား တဲ့ စာအုပ်တွေကို ကိုးကားအကြောင်းပြလို့ မရနိုင်ပါ။ တစ်ဦးတစ်ယောက်ရဲ့အပြောကို သုတေသနအထောက်အထားမရှိပဲ အခိုင်အမာမယူပါ။ ဉပမာ ကျောက်စာတစ်ချပ်ဆိုပါစို့။ ကျောက်စာကို ပြနိုင်ရမယ်။ ဒါမှမဟုတ် မင်းကူမှုရှိရမယ်။ ဒါမှမဟုတ် အနည်းဆုံး ဓါတ်ပုံရှိရပါမယ်။ နားမလည်တဲ့လူကို နားလည်အောင်၊ အရိပ်မြင်မလားလို့ အကောင်ပြလိုက်ရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းထာမျိုး ဖြစ်မှာစိုးလို့ ဆင်ခြင်ရေးရတာရှိပါတယ်။

တစ်ခါတလေ စာတည်းတွေကတောင် ရာဇဝင်နဲ့မကိုက်ရင် မရွေးချယ်ကြဘူး။ စာမူကောင်းတွေ အမှိုက ပုံးထဲ ရောက်သွားတတ်တယ်။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အသိဉာဏ်၊ ဆင်ခြင်တုံတရား တိုးတက်ရေးမှာ စာရေးဆရာတွေ စာတည်းတွေဟာ အရေးအကြီးဆုံးကဏ္ဍမှာပါတယ်။ လူ့သမိုင်းမှာ နှစ်တစ်ထောင် လောက်ကြာခဲ့တဲ့ ဉဂ္ဂောပအလယ်ခေတ်ကို သမိုင်းပညာရှင်တွေ က ဘာကြောင့်အမှောင်ခေတ်လို့ သတ်မှတ်ခဲ့သလဲဆိုတာကို သမိုင်းနည်းကျကျ သိထားသင့်ကြပါတယ်။ တချို့စာတည်းတွေ ကျတော့ တစ်ယောက်က အခြားစာမူတစ်ခုခုကို ဝေဖန်တာမျိုးကို ဖော်ပြပြီး စာမူရှင်ရဲ့ပြန်လည် ချေပချက်ကိုကျတော့ မရွေးချယ်တတ်ကြဘူး။ စာတည်းတွေ စောင့်စည်းရမဲ့ တရားမှာ ဘက်လိုက်မှုမရှိဘို့လိုပါတယ်။ အားလုံးသူဟာ ပန်းတိုင်တစ်ခုကို သွား နေကြတာပါ။ အမြင်ကွဲပြားမှုတော့ရှိမှာပေ့ါ။ ဒါပေမဲ့ အစဉ်အလာ ဉခ္ခံထဲက မထွက်တဲ့ ဒဿနတွေကိုသာ လက်ကိုင်ပြုနေကြမယ်ဆိုရင်တော့ ဉရောပအမှောင်ခေတ်ကို နဲနဲပါးပါးငဲ့စောင်းပြီး ကြည့်ကြဘို့ တိုက်တွန်းချင်ပါတယ်။

ရာဇဝင်က သီရိစန္ဒြမင်းနဲ့ ကျောက်စာက သီရိဓမ္မဝိဇယမင်းဟာ မင်းတစ်ပါးတည်း ဟုတ်မဟုတ်ဆိုတဲ့ ကိစ္စဟာ ကျောက်စာလာ စန္ဒြမင်းဆက်ဟာ ရာဇဝင်လာ စန္ဒြမင်းဆက် ဟုတ်မဟုတ်ဆိုတဲ့ ပြဿရဲ့ အစိပ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါတယ်။ ဒီမင်း နှစ်ပါးကို တစ်ပါးတည်း ဖြစ်စေချင်တဲ့ဆန္ဒနဲ့ ဆရာစောမင်းနွယ်က ရာဇဝင်မှာလဲ စပါးကျောက်စာရှာလဲမတွေ့ရတဲ့ "သီရိဓမ္မစန္ဒြ"ဆိုပြီးလုပ်တဲ့၊ ဒဿနမျိုးရှိမယ်ဆိုရင်တော့ ကျွန်တော့် ရေးသားချက်တွေကို နားလည်မှာ မဟုတ်ဘူး။

ဦးရာဇ်မြေမဂ္ဂဇင်း၊ အမှတ်-၇-မှာ ဆရာစောမင်းနွယ်ရဲ့ 'ဝေသာလီသင်္ဂါယနာဆန်းစစ်ချက်'ကို ဖတ်ရပါတယ်။ ရခိုင်ရိုးမ -၂-မှာ ကျွန်တော်ရေးခဲ့တဲ့ ဝေသာလီခေတ်အမြင်သစ်ဆောင်းပါးက၊ သီရိဓမ္မဝိဇယနဲ့ သီရိစန္ဒြမင်းကိစ္စကို၊ ကျွန်တော့်အမြင်မှားတယ်လို့ ရေးထားတာပါ။ အခုသူရဲ့ဝေဖန်ချက်ကို ပြန်ရှင်းတာပါ။ ဒီနေရာမှာ ကျွန်တော်ကြိုတင်ပြောလိုတာက (၁)ကျွန်တော်ရေးတာကို နားလည်အောင်ဖတ်ဖို့ (၂) ဒီဆောင်းပါးနဲ့ပတ်သက်ပြီး ရမ်းပြည့်တောင်ကျောင်းဆရာတော်ကြီးကိုနဲ့၊ ဆရာကြီးဦးအောင်သာဦးကို ဦးထိပ်ပန်ဆင်ထားတယ်ဆိုတာ သိထားဖို့ လိုအပ်ပါတယ်။

ဆရာစောမင်းနွယ်က ခုလိုရေးထားပါတယ်။ "ဆရာသည် ဤစာမူကို ရခိုင်မဂ္ဂဇင်း ဝေသာလီအထူးထုတ်

သို့ ပေးပို့ခဲ့သော်လည်း ရခိုင်မဂ္ဂဇင်းသည် ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုကို အဓိကထားဖော်ပြနေသော မဂ္ဂဇင်း ဖြစ်သည်ဆိုသော မူဝါဒနှင့်အညီ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသော သဘောသက်ရောက်သော စာမူမျိုးကို ရှောင်ရှားပါကြောင်း၊ ရခိုင်မဂ္ဂဇင်းကတဆင့် ကြားသိရ ပါသည်။ ထိုအခါ တစ်လမ်းသွားမဟုတ်ဆိုသော မူဝါဒကို လက်ကိုင်ထားသည့် ရခိုင်ရိုးမမဂ္ဂဇင်းပေါ်၌ ယခုလိုနေရာယူလိုက် သည်ကို တွေ့ရပါသည်”တဲ့။

ကျွန်တော်ဟာ စာမူပို့ရင်၊ ရက်၊လ၊ ခုနှစ်၊ ပို့တဲ့မဂ္ဂဇင်း၊ ပို့တဲ့စာမူကို မှတ်တမ်းတင်ထားပါတယ်။ အဲဒီဆောင်းပါးကို ရခိုင် မဂ္ဂဇင်းကို ကျွန်တော်မပို့ခဲ့ပါ။ ကျွန်တော်ဂဲ့ဆောင်းပါးဟာ သုတေသီ ဦးစံရွှေပုရဲ့ “မဟာတိုင်း စန္ဒြမင်းသည် အေဒီ ၇၈၉-တွင် ဝေသာလီတွင် နန်းတက်သည်” (ကိုး-၇။ စာ-၅) ဆိုတဲ့အချက်နဲ့ သုတေသီဦးစံသာအောင်ရဲ့ “ဤ(ရာဇဝင်လာ) မင်းများသည် ဝေသာလီနှောင်းခေတ်မင်းများ ဖြစ်တန်ရာသည်။ ဒင်္ဂါးများက ဤမင်းများမတိုင်မီ စန္ဒြမင်းဆက်ရှိခဲ့သည်ကို ဖော်ပြနေ၏။” (ကိုး-၄၊ စာ-၇) ဆိုတဲ့ ရေးသားချက်တွေကို မှန်ကန်ကြောင်းနဲ့ မျက်မှောက်ခေတ်ရာဇဝင် ဆရာအချို့ မှားယွင်းနေကြတာကို ထောက်ပြပြီး ရာဇဝင်လာ စန္ဒြမင်းဆက်ဟာ၊ ကျောက်စာလာ စန္ဒြမင်းဆက်အဆုံးသတ်ပြီးနောက်မှ ဝေသာလီမှာနန်းစံခဲ့တဲ့ မင်းဆက် ဖြစ်တယ်လို့ ရေးသားထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆောင်းပါးဟာ ကိုယ့်ပေါင်ကိုလှန်ထောင်းတဲ့ ဆောင်း ပါးမဟုတ်ပါ။ ကျွန်တော်က ဦးစံရွှေပုနဲ့ ဦးစံသာအောင်ကို ရေးသားခြင်းနဲ့အတူတူပဲ ဖြစ်ပါတယ်။ မြေပုံမြို့နယ် စာပေကော်မတီ ဥက္ကဌကတော့ ၃-၁၂-၉၈ နေ့စွဲနဲ့ ကျွန်တော့်ထံကို ရေးခဲ့တဲ့စာမှာ “ဝေသာလီခေတ် အမြင်သစ်ဆောင်းပါးဟာ အလွန်အားရစရာ ကောင်းပါတယ်”လို့ စာရေးသားခဲ့ ဘူးပါတယ်။ ဆရာစောမင်းနွယ် တို့က “ဉခွံထဲက ခေါင်းမပြူဝံ့တဲ့ရာဇဝင်ဆရာ” ဘဝက ဘယ်တော့လွတ်မြောက်မယ်တော့ မပြောတတ်ပါ။ ဦးစံရွှေပု၊ ဦးစံသာအောင်တို့ လက်ဆင့်ကမ်းခဲ့တဲ့ မီးရှူးတိုင်ကို ကျွန်တော်ကတော့ သယ်ယူဦးမှာပါ။ ဆက်ပြီးပြောပါ ဦးမယ်။

ရခိုင်ရိုးမ ၂-မှာ ကျွန်တော့်ဆောင်းပါး ပါလာပြီးနောက် ဆရာစောမင်းနွယ်က ကိုယ့်ဆောင်းပါးကို ရခိုင်မဂ္ဂဇင်းကို သွားပို့ပါတယ်။ ရခိုင်မဂ္ဂဇင်းက“မောင်ပြူးက ပိဿာလေးနဲ့ဖိထားတာ၊ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာလို့ရပ့ါမလား၊ ရခိုင်ရိုးမက စာမူကို ဝေဖန်တာ ရခိုင်ရိုးမကို ပို့ပါ”လို့ပြောလိုက်တဲ့အတွက် ဆရာ စောမင်းနွယ်ဟာ ဦးရာဇ်မြေမဂ္ဂဇင်းကို ပို့ခဲ့တယ်။ ရတနာမြေပုံ မဂ္ဂဇင်းကိုလဲ ပို့ခဲ့တယ် မဟုတ်လား။

ဆရာစောမင်းနွယ်ရေးလို့ ကျွန်တော်ရေးရတာပါ။ တစ်ခုတော့ အထူးသတိပေးချင်ပါတယ်။ စာရေးသူ တို့ရဲ့ကျင့်ဝတ်။ စောင့်စည်းရမဲ့တရား။

ဆရာစောမင်းနွယ်ဝေဖန်တာမှာ “ဆရာမောင်ပြူးဆောင်း ပါးနဲ့ပတ်သက်၍ အကျွန့်နည်းတူ အချို့သော ပုဂ္ဂိုလ်များသည်လည်း ကသိကအောင့် ခံစားရလိမ့်မည်ဟု မျှော်လင့်ပါသည်” လို့ ရေးတာမှန်ပါတယ်။ သုတေသနအမြင်နဲ့ ရေးရင် ရာဇဝင်ဆရာတွေ ကသိကအောင့် ခံစားရတယ်ဆိုတာ ဖြစ်ရိုးဖြစ်စဉ် သဘောမျှသာ ဖြစ်ပါတယ်။

ဆရာစောမင်းနွယ်က “ရခိုင်တို့၏အစဉ်အလာ ဂေါတမ ပူရာမ်းကျမ်း၊ မေဓပညာမော်ကွန်းစာ၊ နိဂုံးရွှာ များသမိုင်း၊ ရာဇက္က မသင်္ဂပ္ပကျမ်းတို့မှာ သီရိစန္ဒြမင်းနဲ့ သီရစမ္မဝိဇယမင်းအတူတူလို့ ဖော်ပြထားပါတယ်”လို့ ရေးပါတယ်။ ကျွန်တော်ကြည့်ပါတယ်။ ဘယ်ကျမ်းမှာမှမတွေ့ပါ။ ဆရာစောမင်းနွယ် တရားလက်လွတ်ပြောခြင်း

သာ ဖြစ်ပါတယ်။ ဒီကျမ်းတွေမှာ အဲဒီလိုအဓိပ္ပါယ်ပါတဲ့ ဖော်ပြချက်တွေပါရင်ညွှန်းပေးပါ။ သီရိဓမ္မဝိဇယဆိုတာ အာနန္ဒစန္ဒြ ကျောက်စာကို ဂွန်စတင်ဖတ်လို့ သူစာတမ်းကို ပုံနှိပ်ခဲ့တဲ့နောက်မှ သုတေသီတွေသိလာတာပါ။ ၁၉၄၂-ခုနှစ်နောက်မှပါ။ ဆရာ စောမင်းနွယ်ဖော်ပြတဲ့ ကျမ်းတွေကို ပြုစုတဲ့ ကျမ်းဆရာတွေ ဒီ သီရိဓမ္မဝိဇယ နာမည်ကို ကြားတောင်မကြားခဲ့ဘူးပါ။ သုတေသနလုပ်ငန်းဆိုတာ ရာဇဝင်လို မျက်ရမ်းမှန်းဆရေးလို့ မရနိုင်ပါ။ ကျွန်တော်ရေးခဲ့ပါပြီ။ စာရေးသူတွေရဲ့ကျင့်ဝတ်။ စောင့်စည်းအပ် တဲ့တရား။

ဆရာစောမင်းနွယ်နောက်ဖော်ပြထားတဲ့ ပုဂ္ဂိုလ်တွေကတော့ အရင်းစစ်၊ အမြစ်မြေကဆိုသလို ‘ဒွင်စန္ဒြနဲ့ မဟာတိုင်းစန္ဒြဟာ ဘာသာဗေဒအရ နီးစပ်တယ်ဆိုတဲ့(ကိုး ၈၊ စာ-၃၇၀) ဂွန်စတင်ရဲ့အမြင်၊ “ရာဇဝင်မှာ မင်း ၉-ပါးဆိုတဲ့ စကားဟာ ဘုန်းတန်ခိုးကြီးတဲ့မင်း ၉-ပါးကို ဆိုလိုတာဖြစ်တယ်” ဆိုတဲ့ဆရာကြီး ဦးအောင်သာဦး ရဲ့ အတွေးတွေကို နောက်ကလိုက်ပြီး ရေးကြရင်းက ဒီကို ဆိုက်လာကြတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒီကိစ္စမှာ သီရိစန္ဒြမင်းဟာ သီရိဓမ္မ ဝိဇယဟုတ်မဟုတ် ပြဿနာမှာ ဒီပုဂ္ဂိုလ်၂-ဦးကို ချန်ထားခဲ့တာ သိပ်မှန်ပါတယ်။ ဒီပုဂ္ဂိုလ်-၂-ဦးက သူတို့အရေးအသားတွေကိုထောက်ရင် သီရိစန္ဒြမင်းဟာ သီရိဓမ္မဝိဇယဆိုတာကို လက်မခံကြပါဘူး။ ကျွန်တော်နဲ့ အယူအဆတူတယ်။

ဆရာစောမင်းနွယ်က ရေးပါတယ်။ “ဂွန်စတင်နှင့် ဆာကားတို့အလိုအရ ဓမ္မဝိဇယမင်းနန်းစံနှစ်ကို အေဒီ(၆၄၅-၆၈၁)နှင့်(၆၆၅-၇၀၁)ဟု ခန့်မှန်းထားကြ၏။ခန့်မှန်းဟူသောစကားကို သတိပြုဖို့လိုပါသည်။ သုတေသီ ဆရာကြီး ဦးအောင်သာဦးက ဓမ္မဝိဇယမင်းသည် အေဒီ ၅၉၅-မှ-၆၆၇-ထိ နန်းစံသည်ဟု တွက်ချက်သက်သေ ပြခဲ့၏။”လို့ဆိုပါတယ်။

ကျောက်စာအရ ဓမ္မဝိဇယနန်းစံနှစ်ဟာ ၃၆-နှစ်ပါ။ ဆရာကြီး ဦးအောင်သာဦးက ၅၉၅-၆၆၇ ထိဆိုတော့ ဓမ္မဝိဇယ နန်းစံနှစ် ၇၂-နှစ်ဖြစ်သွားပါတယ်။ ၇၂-နှစ်ဆိုတာ ရာဇဝင်လာ သီရိစန္ဒြမင်းနန်းစံနှစ်ပါ။ ဦးအောင်သာဦး တို့ မတိုင်မီက ဒီမင်း၂ပါး ကို တူစေချင်ဦးတော့။ ဆရာစောမင်းနွယ်သေသေချာချာတွက်ဆ ကြည့်ပါ။ အေဒီ- ၇-ရာစုက မင်းတပါးရဲ့နန်းစံနှစ်ကို ဖော်ပြရာမှာ အေဒီ ၈-ရာစုက ရေးထိုးခဲ့တဲ့ ကျောက်စာနဲ့ ၁၅-ရာစုနောက်ပိုင်း ရာဇဝင်အဆိုတို့မှာ ဘယ်ဖော်ပြချက်မှန်မှာလဲ။

တောင်ကျောင်းဆရာတော်ကြီးက သီရိစန္ဒြကို သီရဓမ္မ ဝိဇယလို့ မပြောပါ။ ရာဇက္ကမသင်္ပဂ္ဂကျမ်းမှာလဲ မပါရှိပါ။ ဒါကို ဆရာတော်ကြီး ဂုဏ်ကိုမှမထောက်။ သိက္ခာတော်ကိုမှ မလေးစား ပဲ သူတို့ပြောချင်တဲ့စကားကို ဆရာတော်ကြီးက ပြောတယ်လို့ ရေးကြပါတယ်။ အခုကြည့်ပါ။ သီရိစန္ဒြနဲ့သီရိဓမ္မဝိဇယအတူတူလို့ ရာဇက္ကမသင်္ပ ကျမ်းမှာပါသတဲ့။ သီရိဓမ္မဝိဇယရဲ့နန့်ဆက် သက္ကရာဇ်ကို အေဒီ ၅၉၅-ထားပါဦး။ ဒီမင်းနန်းတက်နှစ်က ကျောက်စာရေးထိုးတဲ့နှစ်အထိ ကျောက်စာအရ ၆၄-နှစ်ကြာပါတယ်။ ဒီအတိုင်းဆိုရင် ကျောက်စာရေးထိုး သက္ကရာဇ်ဟာ ၅၉၅+၆၄=၆၅၄ ဖြစ်နေပါတယ်။ ပြီးတော့ ဦးအောင်သာဦး ဖေါ်ပြသလို သီရိဓမ္မဝိဇယနန်းစံနှစ်ဟာ အေဒီ ၆၆၇-ထိဆိုတော့၊ ဒီကျောက်စာရေးထိုးတာဟာ သီရိဓမ္မဝိဇယမင်း နန်းစံကာလမှာ ရေးထိုးတာ ဖြစ်နေပါတယ်။

ဂွန်စတင်အလိုအရ နာလန္ဒာကျောက်စာကို အေဒီ၈-ရာစု ပထမပိုင်းမှာရေးထိုးတယ်(ကိုး-၅။ စာ၄၂)။ ဆာကား အလိုအရ အေဒီ၇၂၅-၇၃၃မှာ ရေးထိုးတယ်။ (ကိုး-၅။စာ-၄၃)။ အိန္ဒိယသမိုင်းဆရာ ဗီအေစမစ်

ကတော့ ယသောဝါမံမင်းဟာ အေဒီ ၇၄၀-မှာ နတ်ရွာစံခဲ့တယ်။ ယသောဝါမံမင်းဟာ အေဒီ -၈-ရာစုရဲ့ ဒုတိယ ၂၅-နှစ်အတွင်းမှာ နန်းစံခဲ့တယ်လို့ သုတေသီတွေ လက်ခံကြတယ်။ ဒီတော့ ယသောဝါမံမင်းဟာ ကျောက်စာကို အေဒီ ၇၂၅-ထက်စောပြီး ရေးထိုးတာမဟုတ်ဘူးဆိုတာ သေချာတယ်။ ဆရာစောမင်းနွယ်တို့ပြောသလိုဆိုရင် အာနန္ဒစန္ဒြကျောက်စာကို အေဒီ ၆၅၄-မှာဖြစ်နေတော့ ယသောဝါမံကျောက်စာထက် နှစ်၇၀-ကျော် ရှေးကျမနေပေဘူးလား။ ဒါကြောင့် ဆရာစောမင်းနွယ်ဖော်ပြသူတွေဟာ သမိုင်းအမှားကို ကျူးလွန်နေကြသူတွေဖြစ်ကြပါတယ်။

ပြီးတော့ ဆရာစောမင်းနွယ်က "အနောက်တိုင်းသာ သုတေသီတို့သည် မှားယွင်းနေသော ဓညဝတီရာဇဝင်သစ်ကို လက်ကိုင်ပြု၍ ရခိုင်ကောဇာနှစ်မှ ခရစ်နှစ်သို့ပြောင်းလဲရာ၌ ပုံသေကိန်း ၆၃၈-ကို ဝေသာလီခေတ်အစမှ အဆုံးတိုင်အောင် လွဲမှားစွာသုံးစွဲထား၍ဖြစ်ပါသည်။"လို့ရေးပါတယ်။

"မှားယွင်းနေသော ဓညဝတီရာဇဝင်သစ်"ဆိုတော့ ကျွန်တော်မေးချင်ပါတယ်။ အမှားကင်းတဲ့ ရခိုင်ရာဇဝင်ကျမ်းတစ်စောင်လောက် ရွေးချယ်ပြပေါ။ အခုအခါ အမှန်ဆုံးလို့ လက်ကိုင်ပြုနေကြတဲ့ ရခိုင်ရာဇဝင်သစ်ကျမ်းမှာလဲ အမှားတွေမကင်းပါ။ ဓညဝတီခေတ်မှာ မာရကင်မင်းနတ်ရွာစံပြီးမှ သားတော် ဒေါလစန္ဒြကို ကိုယ်ဝန်ရှိတာ တွေ့ရပါတယ်။ လေးမြို့ခေတ်မှာ လက်ျာမင်းနန်းက ကောလိယအထိ အဖတွေဟာ သားထက် ၇-နှစ်ပဲကြီးတယ်။ ဒဿရာဇကနယ်သိမ်းအထိ အဖတွေဟာ သားထက် ၆-နှစ်ပဲကြီးတယ်။ ပြီးတော့ အလောမာဖြူက မင်းထီးအထိ အဖတွေဟာ သားထက်၆-နှစ်ပဲ ကြီးကြတာတွေ့ရတယ်။ ပြီးတော့ သက်သူဇာမင်းသမီးဟာ နရပတိကြီးလက်ထက် ၁၀၀၁-ခုမှာ ရောက်လာတယ်ဆိုတာကို ထောက်ခံထားတယ်။ အမှန်က အိန္ဒိယ၊ ဘင်္ဂလားမှတ်တမ်းတွေအရ သက်သူဇာခေါ်တဲ့ ရှာရှုဂျာမင်းသားဟာ စန္ဒသုဓမ္မရာဇာလက်ထက် ၁၆၆၀ ခု ကြဂုတ်လ-၂၆-ရက်နေ့မှာ ရောက်လာတာဖြစ်ပါတယ်(ကိုး-၄၊ စာ -၅၂)⮘

ဖေယာနဲ့ဟာဗေးတို့ဟာ ရခိုင်သက္ကရာဇ်မှာ ၆၃၈-ထည့် ပေါင်းခဲ့တာမဟုတ်ပါ။ ဆရာငမည်းရဲ့ ရခိုင်ရာဇဝင်အရ သက္ကရာဇ် တွေရေးသားခဲ့တာပါ။ ရခိုင်ရာဇဝင်သစ်နဲ့ ငမည်းရာဇဝင်ကို ယှဉ် ပြလိုပါတယ်။

| ရာဇဝင် | မင်းဆက် | မှ | ထိ | နှစ်ပေါင်း |
|---|---|---|---|---|
| ရခိုင်ရာဇဝင်သစ် | ပထမဓညဝတီ | ဘီစီ၃၃၂၅ | ဘီစီ၁၅၀၇ | ၁၈၁၈ |
| | ဒုတိယဓညဝတီ | ဘီစီ၁၅၀၇ | ဘီစီ၅၈၀ | ၉၂၇ |
| | တတိယဓညဝတီ | ဘီစီ၅၈၀ | အေဒီ၃၂၇ | ၉၀၆ |
| | ဝေသာလီ | အေဒီ၃၂၇ | အေဒီ၈၁၈ | ၄၉၁ |
| | ပဥ္စာ | အေဒီ၈၁၈ | အေဒီ၁၁၀၃ | ၂၈၅ |
| ငမည်း/ | ပထမဓညဝတီ | ဘီစီ၂၆၆၆ | ဘီစီ၈၂၅ | ၁၈၅၃ |
| ရခိုင်ရာဇဝင်ကြီး | ဒုတိယဓညဝတီ | ဘီစီ၈၂၅ | အေဒီ၁၄၆ | ၉၇၁ |
| | တတိယဓညဝတီ | အေဒီ၁၄၆ | အေဒီ၇၈၈ | ၆၄၂ |
| | ဝေသာလီ | အေဒီ၇၈၈ | အေဒီ၁၀၁၈ | ၂၃၀ |
| | ပဥ္စာ | အေဒီ၁၀၁၈ | အေဒီ၁၁၀၃ | ၈၅ |

ဝေသာလီနန်းစံနှစ်တွေကွာခြားပုံကို လေ့လာကြည့်တော့

မဟာတိုင်းစန္ဒြနန်းစံကာလကို ရာဇဝင်သစ်က ၅၇-နှစ်၊ မေဃည်းရာဇဝင် က ၂၂-နှစ်။ သူရိယစန္ဒြမင်းကို ရာဇဝင်သစ်က ၄၉-နှစ်၊ ဆရာမေဃည်းက ၂၀-နှစ်၊ မောလစန္ဒြကို ရာဇဝင်သစ်က -၄၈-နှစ်၊ မေဃည်းက ၁၉-နှစ်၊ ပေါလစန္ဒြ ကို ရာဇဝင်သစ်က ၄၆-နှစ်၊ မေဃည်းက-၂၆-နှစ်၊ ကာလစန္ဒြကို ရာဇဝင်သစ်က -၄၉နှစ်၊ မေဃည်းက ၉-နှစ်၊ စူလစန္ဒြကို ရာဇဝင်သစ်က ၁၉-နှစ်၊ မေဃည်းက-၁၉နှစ်၊ သီရိစန္ဒြကို ရာဇဝင်သစ်က ၇၂-နှစ်၊ မေဃည်းက ၃၂-နှစ်၊ သိဃာစန္ဒြကို ရာဇဝင်သစ်က ၆၆-နှစ်၊ မေဃည်းက -၁၆-နှစ်၊ စူလစန္ဒြကို ရာဇဝင်သစ်က ၃၆-နှစ်၊ မေဃည်းက -၆-နှစ်၊ အမြတ္တူမင်းကို ရာဇဝင်သစ်က -၇-နှစ်၊ မေဃည်းက -၇-နှစ်၊ ပဲဖြူမင်းကို တောင်ကျောင်း ရာဇဝင်သစ်က ၁၇-နှစ်၊ မေဃည်းက ၃၀-နှစ်၊ တေ့ာမင်းကို ရာဇဝင်သစ်က ၂၄-နှစ်၊ မေဃည်းက-၂၄-နှစ်လို့ တွေ့ရပါ တယ်။

ဒီတော့ဒီရာဇဝင်တွေအတိုင်း ဝေသာလီကုန်ဆုံးချိန်က သီရိစန္ဒြမင်းနန်း တက်ချိန်ကိုပြန်ပြီး ရေတွက်ရင် ရခိုင်ရာဇဝင်သစ်အရ အေဒီ ၅၉၅-ဖြစ်ပြီး၊ ဆရာ မေဃည်းရာဇဝင်အရ အေဒီ ၉၀၃-ဖြစ်ပါတယ်။ ဖေယာတို့ ဟာဖေးတို့ ဟာ ဆရာ မေဃည်းရာဇဝင်သက္ကရာဇ်အတိုင်း ရေတွက်ခဲ့ကြတာဖြစ်တယ်လို့ ဆန်းစစ်တွေ့ရှိ ရပါတယ်။

ဦးစံရွှေပုနဲ့ ဦးစံသာအောင်တို့ဟာ ရာဇဝင်လာ မင်းဆက်ကို အာနန္ဒစ စန္ဒြနောက်၊ ၈-ရာစုက ၁၀-ရာစုအထိ ဝေသာလီမှာ နန်းစံခဲ့ကြတယ်လို့ ယူဆခဲ့ ကြပါတယ်။ ဦးစံသာအောင်က သီရိမ္ဗဝိဇယမင်းနန်းစံ ကာလကို အေဒီ ၆၆၅-၆၈၁ လို့ရေးသားခဲ့ပါတယ်။ (ကိုး -၅၊ စာ-၁၇၁)။ ဦးစံသာအောင်ဟာ ရာဇဝင်လာ စန္ဒြမင်းဆက်ကို၊ အာနန္ဒစန္ဒြနောက်မှ ဝေသာလီမှာ စိုးစံခဲ့တဲ့ မင်းဆက် ဖြစ်တယ်လို့ ပထမဆုံးမှန်မှန်ကန်ကန် တွေးဆနိုင်ခဲ့တဲ့သမိုင်း သုတေသီဖြစ်ပြီး၊ ကျွန်တော်က ဆရာကြီးဦးစံသာအောင်ရဲ့စာအိုကို အကျယ်ချဲ့ ထောက်ခံ ရေးသားတဲ့ နောက်လိုက်မျှသာဖြစ်ပါတယ်။

ဆရာစောမင်းနွယ်က အရှင်ကောသလ္လရဲ့စာအုပ်ထဲက ကောက်နုတ်ချက် ကိုးကားရာမှာ "ဝေသာလီ၌ အေဒီ(၄)ရာစုမှ (၇)ရာစုပထမပိုင်းအထိ (ဒွင်စန္ဒြ မှ သီရိဓမ္မစန္ဒြအထိ)တွင် ဂုပ္ပတအက္ခရာဖြင့် ပါဠိဘာသာကို သုံးစွဲပြီး၊ သက္ကဋ္ဌ တစ်လုံးစ၊ နှစ်လုံးစ ရောထွေးပါဝင်ခဲ့ပြီး၊ အာနန္ဒစန္ဒြမင်းနောက်ပိုင်းတွင် သက္ကဋ္ဌဘာသာ နေရာယူခဲ့ပြီးလျှင်" လို့ကိုးကားထားပါတယ်။ ဒီအရေးအသားမှာ ရာဇဝင် စွဲနဲ့ရေးထားတဲ့ ငါစွဲနဲ့ရေးထားတဲ့ အမှားနှစ်ချက်ပါတယ်။ ပထမအချက်က "သီရိဓမ္မစန္ဒြ"ဆိုတာပါ။ ဒီနာမည်က ရာဇဝင်မှာလဲမပါ။ ကျောက်စာ မှာလဲ မပါရှိပါ။ ပြီးတော့ ရှင်ကောသလ္လရဲ့ စာအုပ်မှာလဲ မတွေ့မိပါ။ စောမင်းနွယ်က သီရိစန္ဒြနဲ့ ဓမ္မဝိဇယကို မင်းတစ်ပါးထဲ ဖြစ်စေချင်လို့ 'သီရိဓမ္မစန္ဒြ'လို့လုပ်တယ်။ ပြီးတော့ ကိုယ်ရေးတာကို ရှင်ကောသလ္လရေးတယ်လို့ လုပ်ပါတယ်။ အဲဒီနှစ်ချက်မှာ တစ်ချက်မှ မကျူးလွန်သင့်ဘူး။ ကျွန်တော်ပြောခဲ့ပါပြီ။ စာရေးသူတွေရဲ့ ကျင့်ဝတ်၊ စောင့်စည်းအပ်တဲ့တရား။ ပြီးတော့ သုတေသနဆိုတာ ရာဇဝင်လို တိမ်းစောင်းလို့ မရဘူး။ ရမ်းပြီး ကိုယ်လိုချင်တာ ရေးလို့ မရဘူး။ ရှိတဲ့အတိုင်း မြင်တဲ့အတိုင်း တင်ပြရတာပါ။

ဒုတိယအချက်ကတော့ အရှင်ကောသလ္လရဲ့အမှားပါ။ ၄-ရာစုကနေပြီး ၇-ရာစုပထမပိုင်းထိ သက္ကဋ္ဌ တစ်လုံးစ နှစ်လုံးစတွေးနေတဲ့ ပါဠိဘာသာကို သုံးစွဲလာတယ် ဆိုတာပါ။ ဒါက ရှင်ကောသလ္လက အရှိအတိုင်း မရေးပဲ ၊ ကိုယ့်ဆန္ဒစွဲနဲ့ ဖြစ်စေချင်တာကို အဓမ္မရေးတာပါ။ ဆရာစောမင်းနွယ်ကြည့်ပါ။ ဦးရစ်မြေမဂ္ဂဇင်း

(အမှတ်-၇)မှာပဲ ဆရာနီမင်းသျှင်(စစ်တွေ)ရဲ့ "ယသောဝါမံ"ဆောင်းပါးမှာ "ရခိုင်တွင် အေဒီ ၄-ရာစုကပင် သက္ကဋအရေးအသားကို စဉ်ဆက်မပြတ်သုံးစွဲလာကြသဖြင့် သက္ကဋရေးဖွဲ့ရာတွင် အသားကျနေပြီဟု ဆိုနိုင်ပါသည်။" (ဦးရစ်မြေ-(၇)။ စာ-၁၁၉)။ လို့ရေးထားတယ်။ ကျွန်တော်လက်လှမ်း မီသလောက်တော့ ၄-ရာစုက ၇-ရာစု အထိ အတွင်း ဝေသာလီဘုရားကြီးကုန်း ကျောက်စကလွဲရင် သက္ကဋကျောက်စာချည်းပါပဲ။ ပါဠိတစ်လုံးစ နှစ်လုံးစရောနေတာပါ။ ဒေါက်တာ ဂျွန်စတင်၊ ဒေါက်တာဆာကား၊ ဒေါက်တာပင်မလာဂတ္တမင်၊ ရှေးဟောင်း သုတေသန ဌာနနဲ့အခြားပညာရှင်တွေက အေဒီ ၄-ရာစုက ၇-ရာစု အစပိုင်းထိ ရခိုင်ကျောက် စာတွေကို သက္ကဋလို့ သတ်မှတ်ခဲ့ကြပါတယ်။ အဲဒါကို ရာဇဝင်စွဲ၊ ဆန္ဒစွဲမျက်မှန် တပ်ပြီး ကြည့်လိုက်တော့ အားလုံးပါဠိ ဖြစ်သွားရော။ ဆရာနီမင်းသျှင်ရဲ့ ရေးသားချက်အမှန်ဖြစ်ပါတယ်။ ဒါကြောင့် ရာဇဝင်ဆရာနဲ့ သမိုင်း သုတေသီ မတူဘူးလို့ ကျွန်တော်ပြောခဲ့တာပါ။

ဆရာစောမင်းနွယ်ရဲ့ ရေးသားချက်မှာ "သီဟိုဠ်မှာစတုတ္ထသင်္ဂါယနာကို ပါဠိဘာသာနှင့်မတင်ပဲ သီဟိုဠ်ဘာသာနှင့်တင်ခဲ့လျှင် သီဟိုဠ်ရဟန်းများကလည်း ဝေသာလီ၌ မိမိတို့နှစ်သက်ရာဘာသာဖြင့် တင်ခွင့်ပြုမည်သာ။ ရှင်မဟာစူဒုရေဝထေရ်သည် ရှင်ဗုဒ္ဓဃောသသီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ခဲ့မည်ကိုသိ၍ (ဝေသာလီတွင် သက္ကဋဘာသာဖြင့် သင်္ဂါယနာတင်မည်ဆိုလျှင်လည်း) တုံဏှိဘာဝေ ဆိတ်ဆိတ် နေခဲ့မည်"လို့ သက္ကတနဲ့တင်ရင်လဲ ခွင့်ပြုတော်မူမှာပဲလို့ ယူဆထားပါတယ်။ ကျွန်တော့်အမြင်ကတော့ ရခိုင်၊ သီဟိုဠ်ရဟန်းတွေဟာ ထေရဝါဒပိဋကတ်တော်ကို သက္ကဋဘာသာနဲ့ သင်္ဂါယနာတင်ဖို့ စိတ်ကူးမိမှာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ရှင်မဟာစူဠရေဝထေရ်ကလဲ ခွင့်ပြုတော်မူလိမ့်မယ် မဟုတ်ဘူးလို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ "ဘုရားသခင်လက်ထက်တော်က ယမေဠုနဲ့ ကေကုဋဆိုတဲ့ ဖြဟ္မနွယ်ဖွား ရဟန်း ၂-ပါးက ဘုရားရှင်ရဲ့ ဒေသနာတော် ကို သက္ကတဘာသာသို့ ပြောင်းလဲထားရန် လျှောက်ထားကြပါ တယ်။ ဒီတော့မြတ်စွာဘုရားက "ငါဘုရား၏ ဒေသနာတော်ကို သက္ကတဘာသာသို့ ပြောင်းလဲသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" လို့သိက္ခာပုဒ် ပညတ်တော် မူခဲ့လို့ပါ(ကိုး-၃။ စာ-၈၀)။

ဒ့ါကြောင့် နိဂုံးအနေနဲ့ ကျွန်တော်ပြောလိုတာက၊ ကျောက်စာလာ ဒွင်စန္ဒြမင်းဆက်နဲ့ ရာဇဝင်လာ မဟာတိုင်းစန္ဒြမင်းဆက်ကို အတူတူပဲ၊ ကျောက်စာလာ သီရိဓမ္မဝိဇယဟာ ရာဇဝင်လာ သီရိစန္ဒြမင်းဖြစ်တယ်လို့ ဆရာစောမင်းနွယ်တို့ ယုံကြည်ကြတာကို မယုံကြည်ရဘူးလို့ ကျွန်တော်မပြောလိုပါ။ သမိုင်းသုတေသန အမြင်အရ မမှန်ကန်ဘူးလို့သာ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။

ယုံကြည်မှုကို သုတေသနပေတံနဲ့ တိုင်းတာမျိုးမဟုတ်ပါ။ သုတေသန တွေ့ရှိချက်အရ၊ မှန်မမှန် ဖြစ်နိုင်မဖြစ်နိုင်ကိုပဲ တင်ပြခြင်းဖြစ်ပါတယ်။ ဆရာစော မင်းနွယ်ကို ယုံကြည်ပိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့ သမိုင်းအဖြစ်အပျက်ကိစ္စဖြစ်နေ တော့ သမိုင်းအထောက်အထားကင်းမဲ့ပြီး ဆင်ခြင်တုံတရားကင်းတဲ့ သက်ဝင်ယုံကြည်မှုမျိုးတော့ မဖြစ်စေချင်တာ ကျွန်တော့်စေတနာပါ။ ဥရောပနိုင်ငံတွေ ဘာကြောင့်နှစ် ၁၀၀၀-ကျော် အမှောင်ခေတ်ထဲမှာ နေခဲ့ကြရသလဲ ဆိုတာကို သတိထားကြစေချင်ပါတယ်။

**မောင်ပြုံး(သံတွဲ)**

**ကိုးကားစာအုပ်များ**


(၁) ရခိုင်ရာဇဝင်သစ်ကျမ်း(ဒု-အုပ်) ရှင်စန္ဒမာလာ

(၂) ရာဇက္ကမသင်္ခပကျမ်း ရှင်စန္ဒမာလာ

(၃) သာသနာ-၂၅၀၀ ခရီး မောင်အုံ့

(၄) ရခိုင်ဒင်္ဂါးများ ဦးစံသာအောင်

(၅) အာနန္ဒစန္ဒြ ဦးစံသာအောင်


(၆) ယသောဝါမံ(ဦးရာဇ်မြေ-၇) နီမင်းသျှင်(စစ်တွေ)

(၇) A Brief Note on the Old Capitals U San Shwe Buof Arakan

(၈) Some Sanskrit Inscriptions E.H. Johnston of Arakan

# ဥသဘ

ကျော်ထွန်းအောင်



ဥသဘဆိုသောစကားသည် ပါဠိဘာသာစကားဖြစ်သည်။ နွားလား၊ နွားသိုး၊ တီးမှုတ်မျိုးအသံတို့တွင် ဒုတိယအသံ၊ ကြက်တက်၊ ကြက်တက်ပင်ဟူ၍ အဓိပ္ပါယ်ရသည်။ နွားလားဥသဘဟူ၍ မြန်မာနှင့် ပါဠိစကား နှစ်မျိုးကို တွဲ၍လည်း ပြောဆိုရေးသားတတ်ကြသည်။

နွားလားဥသဘဆိုသောစကားကို ကြားလိုက်ရုံ၊ နွားရုပ်ကိုမြင်လိုက်ရုံနှင့် တချို့သောသုတေသီတို့က ဟိန္ဒူနတ်ဘုရား၊ နဋရာဇာ (ခေါ်)ပရမေသွာရ (ခေါ်) သီဝ၏စီးတော်ယာဉ် နန္ဒီနွားလား (Bull Nandi)ဟူ၍ ပြောဆိုတတ်ကြသည်။ နွားလားဥသဘ စီးတော်ယာဉ်ကို စီးသော အခြားအခြားသောနတ်များလည်း ရှိနေသည်ကို သတိမူသင့်ပေသည်။ ဥပမာ ဣသာနနတ်နှင့် မလာသူရနတ်တို့သည်လည်း နွားလားဥသဘယာဉ်ကို စီးနင်းကြပေသည်။

ဟိန္ဒူလူမျိုးတို့၏အယူအဆတွင် နွားလားဥသဘ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၌ နတ်ဒေဝတာများ ပျော်စံလျက် ရှိကြသည်။ နွားသတ္တဝါသည် မွေးကင်းစအရွယ်မှစ၍ သေသည်အထိ လူတို့ကိုအကျိုးပြုသည်။ နို့ချိုတိုက်ကျွေးသောမိခင်အဖြစ်လည်းကောင်း၊ ရှာဖွေလုပ်ကိုင်ကျွေးမွေးသော ဘခင်အဖြစ်လည်းကောင်း ကျေးဇူးတရားကြီးမားလှသည်ဟု ယူဆကြသည်။

ဘုရားရှင်၏နုစဉ်ဘဝတွင် ကျင်လည်ခဲ့ပုံများကို ဖော်ညွှန်းထားသည့် ငါးရာငါးဆယ်နိပါတ်တော်ထဲတွင် နွားလားဥသဘနှင့် ပတ်သက်၍ နန္ဒိဝိသာလဇာတ်၊ ကဏှာဇာတ်စသည်တို့ကို တွေ့ရသည်။ ဇာတ်နိပါတ်တော်ထဲတွင် ဘုရားရှင်သည် ဝိပါတ်တော်ကင်းပြီး အန္တရာယ်မငြိ ဘေးမရှိသည့်ဘဝများကို ရည်ညွှန်း၍ သီကုံးရေးဖွဲ့ထားသော သဗ္ဗသိဒ္ဓိနဝဂ်မဟာမင်္ဂလဘုရားရှိခိုး(အစပြိုးဂြာ ဖြစ်တော်စဉ် ဘုရားရှိခိုး) တွင်လည်း နွားအဖြစ်တစ်ဆယ့်လေးဘဝရှိခဲ့ကြောင်း သိရသည်။

မြတ်စွာဘုရားရှင်၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးကို ဖော်ညွှန်းရာတွင် နွားငယ်၏မျက်ကွင်းကဲ့သို့ ပွင့်လင်းကြည်လင်သော မျက်မှောင်တော်ရှိခြင်းဆိုသော လက္ခဏာတော်တစ်ပါးကို တွေ့ရသည်။ လက္ခဏာတော်ငယ် ရှစ်ဆယ်တွင်လည်း ဥသဘနွားမင်းကဲ့သို့ တင့်တယ်သော သွားလာဟန်ရှိခြင်းဆိုသော လက္ခဏာတော်တစ်ပါး ပါဝင်သည်။



လက်စွပ်ကျောက်မှ ဝေသာလီနွားလား

ဝေသာလီ ရှင်ကြီးတောင်နှင့် အင်းရည်ကျုံးအနီးရှိ စတုပါအောက်ခံမှ နွားလား

ဘုရားရှင်၏ခြေတော်ရာတွင် ပါဝင်သော တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်လက္ခဏာတော်တွင် "မကွဲတူကွ၊ ဥသဘမကျန်"ဟုဆိုသော ဥသဘရာဇာ နွားလားဥသဘပုံနှင့် "နွားသားမိစစ် အဖြစ်များစွာ"ဟုဆိုသော သဝစ္ဆရဓေနု၊ နွားငယ်နှင့်တကွသော နွားမပုံတို့ကို တွေ့ရပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ဘုရားရှင်အား ရည်မှန်း၍ ဆင်၊ မြင်း၊ နွားလား၊ ခြသေ့်တည်းဟူသော သတ္တဝါလေးမျိုးတို့ကို လေးခန်းဗုဒ္ဓဝင်အဖြစ် ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ဤလေးခန်းဗုဒ္ဓဝင်တွင် ပါဝင်သော နွားလားဥသဘရုပ်သည် ကဆုန်လပြိဿရာသီ (Visa) ၏ရုပ်ဖြစ်သော နွားလားဥသဘရုပ်ကို ထုလုပ်ကိုးကွယ်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်သည် ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သမ္မာသမ္ဗုဒ္ဓ သပ္ပညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့သည်။ ထို့ကြောင့် ကဆုန်လ၏ အထိမ်းအမှတ်အဖြစ် ကဆုန်လပြိဿရာသီ ၏ ရာသီရုပ် နွားလားဥသဘရုပ်ကို ထုလုပ်ကိုးကွယ်ခြင်းပင်ဖြစ်သည်။

သီဝ၏စီးတော်ယာဉ် နန္ဒီနွားလားမှအပ ယနေ့ထိ ရခိုင်တွင် တွေ့ရှိရသော နွားသတ္တဝါနှင့်ပတ်သက်သော အကြောင်းအရာ ရုပ်လုံးရုပ်ကြွများကို အောက်ပါအတိုင်း လေ့လာသိရှိရပေသည်။

မဟာပညာကျော်၏ ၁၂-လရာသီဘွဲ့ ဧကပိုဒ်ရတုပေမူတွင် "ရာသီပြိဿ၊ ကဆုန်လဝယ်၊ မာဃနေငြိန်၊ ပျော်ရှိန်သဲသဲ၊ ညောင်ရေပွဲဟု၊ ပွင့်မြဲစံကား၊ နှစ်ဖဝါးတိ၊ နွားလားဥသဘ၊ တံငှတာရာ"ဟူ၍ ကဆုန်လပြိဿရာသီ ၏ ရာသီရုပ်အဖြစ် နွားလားဥသဘရုပ်ကို တွေ့ရသည်။

ကျောက်တော်မြို့ မြင်းကပ်ဘုရားအနီးမှ တွေ့ရှိရသော ဓညဝတီခေတ် ၁၂-လရာသီ စက်လက္ခဏာပါရှိသည့် ကျောက်ပြားငယ်နှင့် မြောက်ဦးမြို့၊ ဝေသာလီဘုရား နတ်ကုန်းမှတွေ့ရှိရသော ဝေသာလီခေတ် ၁၂-လ ရာသီစက်လက္ခဏာပါရှိသည့် ကျောက်ပြားငယ်တို့တွင်လည်း ပြိဿရာသီ၏ ရာသီရုပ်အဖြစ် နွားလားဥသဘရုပ် တို့ကို တွေ့ရသည်။

ပထမမြောက်ဦးခေတ် ဘစောဖြူမင်းလက်ထက်တွင် တည်ထားကိုးကွယ်ခဲ့သော ဗောဓိရွှေဂူပုထိုးဂူနံရံတွင် ထွင်းထုထားသည့် နွားသတ္တဝါများနှင့် ဒုတိယမြောက်ဦးခေတ် ဘုရင်မင်းဗာကြီးလက်ထက် တည်ထားကိုးကွယ်ခဲ့သော သျှစ်သောင်းပုထိုးတော်ကြီး ဂူနံရံများတွင် ထွင်းထုထားသည့် နွားသတ္တဝါများကို ဇာတ်နိပါတ်တော်လာ နွားများအဖြစ် တွေ့ရသည်။

ဝေသာလီခေတ်ပြည်သုံး ဒင်္ဂါးကျပ်စေ့၊ မူးစေ့၊ မတ်စေ့များတွင် ထုလုပ်ခတ်နှိပ်ထားသော နွားလားဥသဘရုပ်များ ဝေသာလီအမှတ် (၃)ကုန်းမှ တူးဖော်တွေ့ရှိရသော နွားရုပ်ပိုင်း၊ ဝေသာလီမှတွေ့ရှိရသော ကြေးခေါင်းလောင်းပေါ်တွင် ထုလုပ်ထားသော နွားလားဥသဘ၊ ဝေသာလီမှရရှိသော သန္တာလက်စွပ်ကျောက်ပေါ်တွင် ထုလုပ်ထားသော နွားလားဥသဘရုပ်၊ ဝေသာလီအင်းရှည်ကျုံးနှင့် ရှင်ကြီးတောင်ဘုရားအနီးတွင် တွေ့ရသော ကျောက်စေတီငယ် (stupa)၏ အောက်ခြေတွင် ထုလုပ်ထားသော နွားလားဥသဘရုပ် စသည်တို့မှာ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာတို့နှင့် ပတ်သက်သော နွားသတ္တဝါများ၏ ရုပ်တုများဖြစ်ကြသည်။

လက်ရှိရခိုင်တွင် တွေ့ရှိထားသော နွားလားဥသဘရုပ်များကို လေ့လာဆန်းစစ်ကြည့်ပါက အောက်ပါအတိုင်းတွေ့ရပေမည်။

သျှစ်သောင်ပုထိုးတော်ကြီး ဂူနံရံနှင့် ဗောဓိရွှေဂူပုထိုးကြီး ဂူနံရံများတွင် ထွင်းထုထားသော နွားသတ္တဝါများနှင့် ၁၀၈-ကွက် ဗုဒ္ဓခြေတော်စက်အစုံတွင် ပါရှိသော နွားသတ္တဝါများမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော နွားရုပ်များဖြစ်ကြသည်ကို သံသယဖြစ်စရာ မရှိနိုင်ပေ။

ဓညဝတီခေတ်နှင့် ဝေသာလီခေတ်တို့မှ ထုလုပ်ခဲ့သော ၁၂လရာသီစက် လက္ခဏာပါ ပြိဿရာသီရုပ် နွားလားဥသဘရုပ်ကိုမူ နက္ခတ်ဗေဒင်အယူအဆအရ ထုလုပ်ထားသော နွားလားဥသဘရုပ်များ ဖြစ်ကြောင်းကိုလည်း မည်သူမျှ မငြင်းနိုင်ပေ။

ဝေသာလီဒင်္ဂါးပါ နွားလားဥသဘ၊ ဝေသာလီတူးဖော်မှုကုန်းအမှတ် (၃)မှ ပေါ်ထွက်ခဲ့သော နွားလားဥသဘ၊ သန္တာလက်စွပ်ကျောက်ပေါ်မှ နွားလားဥသဘရုပ်များကိုမူ ဗုဒ္ဓဘာသာအယူအဆအရ ထုလုပ်ခဲ့ခြင်းလော၊ ဟိန္ဒူဗုဒ္ဓဘာသာဝင်တို့၏ နန္ဒီနွားလားလော၊ ကွဲကွဲပြားပြား အတိအကျ ပြောဆိုရန်မှာ ခဲယဉ်းနေပေသည်။

သို့သော် ဝေသာလီအင်းရှည်ကျုံးအနီးနှင့် ရှင်ကြီးတောင်ဘုရားအနီးတွင် တွေ့ရသော ကျောက်စေတီငယ် (stupa)၏ အောက်ခြေတွင်ထုလုပ်ထားသော နွားလားဥသဘရုပ်မှာ လေးခန်းဗုဒ္ဓဝင်လာ ပြိဿရာသီ၏ရာသီရုပ်နွားလားဥသဘရုပ်ဖြစ်နေသည်ကိုမူ လက်ခံရပေလိမ့်မည်။ ဤနွားလားဥသဘရုပ်က ရခိုင်တွင် တွေ့ရသမျှသော နွားလားဥသဘရုပ်များသည် သီဝနတ်ဘုရား၏ နန္ဒီနွားလားဥသဘရုပ်မဟုတ်ကြောင်းကို သက်သေထွက်ဆိုနေကြောင်း တွေ့ရပေသည်။

အဘယ်ကြောင့်ဆိုသော် ဤ(stupa)အောက်ခံတွင် ထုလုပ်ထားသော ဝပ်နေသော နွားလားဥသဘရုပ်သည် ဝေသာလီခေတ် ဒင်္ဂါးများတွင် ထုလုပ်ထားသော ဝပ်နေသော နွားလားဥသဘ၊ ဝေသာလီခေါင်းလောင်းပေါ်မှ ဝပ်နေသော နွားလားဥသဘ၊ သန္တာလက်စွပ်ကျောက်ပေါ်တွင် ထုလုပ်ထားသော ဝပ်နေသော နွားလားဥသဘ၊ ဝေသာလီအမှတ် (၃)ကုန်းပေါ်မှထွက်လာသော ဝပ်နေသည့် နွားလားဥသဘ၊ ဓညဝတီ ၁၂-လရာသီစက်နှင့် ဝေသာလီ ၁၂-လရာသီစက်များတွင် ပါရှိသော ဝပ်နေသည့် နွားလားဥသဘရုပ်များနှင့် တထည်ရာတည်း တပုံစံတည်း တူညီနေခြင်းကြောင့်ပင် ဖြစ်သည်။ ဝပ်နေသော နွားလားဥသဘရုပ်သည် ရခိုင်၏တံဆိပ်ပင် ဆိုနိုင်ပေသည်။

သို့နှင့် ရခိုင်တွင် တွေ့ရှိရသော နွားသတ္တဝါ၊ နွားလားဥသဘရုပ်များသည် ဟိန္ဒူဘာသာသီဝနတ်ဘုရား၏ နန္ဒီနွားလားမဟုတ်၊ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးတို့၏ နိပါတ်တော်လာ နွားလား၊ သဗ္ဗညုတသမ္မာသမ္ဗုဒ္ဓဘုရားရှင်၏

ဖွားတော်မူသော ဘုရားဖြစ်တော်မူသော ပရိနိဗ္ဗာန်စံတော်မူသော ရာသီရုပ်၊ လေးခန်းဗုဒ္ဓဝင်လာ နွားလားဥသဘ၊ ဧည့ဝတီအမည်နှင့်အညီ စပါးဆန်ရေတို့၏ အဓိကကျေးဇူးရှင်ဖြစ်သော မိခင်ဘခင်နှင့်တူသော နွားလားဥသဘ၊ ရခိုင်လူမျိုးတို့၏ အတွေးအခေါ် အသိဉာဏ်မှ ပေါက်ဖွားလာသော ရခိုင်၏တံဆိပ်၊ အထွဋ်အမြတ်သင်္ကေတ များသာ ဖြစ်ကြောင်း လေ့လာဖော်ထုတ် တင်ပြလိုက်ရပေသည်။

**ကျော်ထွန်းအောင် (မြောက်ဦး)**

# ရခိုင်ဆင်ယင်ထုံးဖွဲ့မှု ဇာတိဝံသ

နတ်မြစ်စန်းအောင်

လူမျိုးတိုင်းတွင် ဇာတိဝံသအလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ရှိကြလေသည်။ ထိုသည်မှာ လူမျိုး တစ်မျိုး နှင့်တစ်မျိုး အမူအဟန်သဏ္ဍာန်ကို ကွဲပြားစေခြင်းနှင့် ကိုယ့်လူမျိုးတို့၏အတင့်အတယ် ဇာတိဝံသကိုလည်း ဖော်ပြရာရောက်ပေသည်။ ယင်းသည့် ဆင်ယင်ထုံးဖွဲ့မှုကိုပင် လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုအဖြစ် မှတ်တမ်းတင်ခြင်း ခံလာရပေသည်။

ရခိုင်လူမျိုးတို့၏ ဆင်ယင်ထုံးဖွဲ့မှုမှာ ယခုခေတ်အမြင်အားဖြင့် ယောကျ်ားများနှင့် ကာလသမီး အပျို အရွယ်တို့မှာ ရှေးရိုးဆိတ်သုဉ်းပြီးရာကား ခေတ်ပေါ်ဝတ်စားဆင်ယင်မှု အခြေသို့ရောက်ရှိနေပြီးကြောင်း ထင်ရှားနေသည်။ မိန်းမအိုများ၊ တောကျေသောတောင်ပေါ်တောင်ခွင်ပိုင်းမှ မိန်းမများအချို့အဝက်လောက်သာ ရှေးဆန်ဆန်ဝတ်ဆင်မှုနွယ်ရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။

သို့သော်လည်း ဇာတိဝံသအလိုက် ဆင်ယင်ထုံးဖွဲ့မှုကား မရှိခဲ့၍လားဟု အချို့ထင်ကောင်းပေသည်။ ယင်းသို့ ဓလေ့ယဉ်ကျေးမှု ကင်းမဲ့ခဲ့သည်ကား မဟုတ်ချေ။ ခေတ်အဆက်ဆက်ဆင်ယင်ထုံးဖွဲ့မှုမှာ ရှိခဲ့သည်သာ ဖြစ်ပေသည်။ ထိုဆင်ယင်မှုကို သုတေသနပြု၍ စာပေမှတ်တမ်းတင်မှု ပြုနိုင်ပေသည်။ ရခိုင်တို့၏ကျောက်လက်ရာ၊ ပေ၊ ပုရပိုက်၊ ဆေးရေးပန်းချီ၊ နံရံကပ်၊ ရုပ်လုံးရုပ်ပုံတို့မှ သုတေသနပြု၍ စာပေနှင့် ညှိနှိုင်းလေ့လာရပေမည်။

မဟာမုနိရှိ နတ်ရုပ်များ၏ဆင်ယင်မှု၊ မြောက်ဦးတွင် ရှေးရိုးသရုပ်ဖော်ထားသော မဟာဗောဓိစေတီ၊ ထုက္ကန်သိမ်၊ ရန်အောင်ဇေယျရှစ်သောင်းသိမ် စသည်တို့၌ဆင်ယင်ထုံးဖွဲ့မှုနှင့် ကျောက်ဆစ်လက်ရာပုံများ၊ ရုပ်လုံးရုပ်ပုံများကိုလည်း အထင်အရှား သာဓကပြလျက် ရှိနေပေသေးသည်။ ထိုသို့ စနစ်တကျသုတေသနပြုလိုသော ပြုနေသူများအတွက် တစ်စိတ်တစ်ဒေသ အထောက်အကူရစေရန်နှင့် ရခိုင်ဆင်ယင်ထုံးဖွဲ့မှုကို လေ့လာနိုင်စေရန် ကျွန်ုပ်တို့ တွေ့ရှိသမျှကို စာပေလင်္ကာ၊ ရာဇဝင်စသည်များမှ ထုတ်နုတ်ဖော်ပြရန်လည်း အရေးကြီးပေသည်။

ယခု ရက္ခိုင်နိဒါန်းကျမ်းမှ ရခိုင်တို့တင့်အပ်ဆင်ရာ ပြုခဲ့ကြသော ဆင်ယင်ပေါင်းကို ဖွဲ့ဆိုသည့် လင်္ကာတစ်ပိုဒ်ကို ဦးစွာတင်ပြလိုပါသည်။ ဤလင်္ကာတွင် အမျိုးအစားအလိုက်ကို ရေတွက်ပြထားခြင်းသာ ဖြစ်သည်။ ပုံပန်းသဏ္ဍာန်ကိုကား ဖော်ပြပါ ရုပ်လုံးရုပ်ပု ကျောက်ဆစ်လက်ရာ၊ နံရံဆေးပန်းချီ၊ ပေပုရပိုက် စသည်တို့မှသာလျှင်လည်းကောင်း၊ မြို့တော်ဟောင်း ဘုရားစာတီဌာပနာတို့မှ မြုပ်နှံတူးဖော်ရရှိခြင်း သာဓကပစ္စည်းတို့ဖြင့် ညှိနှိုင်းလေ့လာရယူအပ်သည်။

မိန်းမတို့ဆံထုံးထုံးနည်းမှာလည်း ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် စသည့် ခေတ်အလိုက် ထုံးဖွဲ့မှုရှိခဲ့ရာ ဓညဝတီခေတ်တွင် ဆုံထုံး, ထုံးနည်း သုံးဆယ့်သုံးမျိုးရှိခဲ့ကြောင်းဖြင့် ရှေးဟောင်းပေစာများတွင် တွေ့ရသည်။ သို့သော် ပေစာအပြည့်အစုံ မရှိပြီးရာကား (၁၆)မျိုးခန့်သာ ဖတ်ရှုရပေသည်။ မြောက်ဦးခေတ်တွင်ဆိုလျှင် ယောင်သုံးဆယ်ဆိုသည့်အတိုင်း ဆံထုံး,ထုံးနည်း သုံးဆယ်ရှိခဲ့သည်ဟု ဖော်ပြပါအတိုင်း စာတွေ့နှင့် ရုပ်ဝတ္ထုပစ္စည်းနှစ်ရပ်တို့ ပေါင်းစပ်ညှိပြီးလျှင် သုတေသနပြုနိုင်ရန် ဖြစ်ပေသည်။ ဆံထုံး,ထုံးဟန် အပြည့်အစုံဆိုလျှင် (၆၃)မျိုး ရှိသည်ဟုဆိုကြ၏။

## ရခိုင်ဆင်ယင်ပေါင်း

ရက္ခိုင်နိဒါန်း ကျမ်း၌ညွှန်းသား၊ ဥဒါန်းစဉ်လာ၊ မဟာသမ္မတ၊ မင်းမှစ၍၊ ရက္ခမဏ္ဍလ၊ ပြည်ဓညဝယ်၊ ဝံသအပြား၊ မျိုးလေးပါးတို့၊ ဝတ်စားဆင်ယင်၊ ထုံးဖွဲ့အင်ကို၊ ပြင်ဆင်သမှု၊ စဉ်ဆက်ပြု၍၊ ညဂရုဂါရဝ၊ ပြုကြကုန်သျှောင်း၊ ဆင်ယင်ပေါင်းကား-

| | | |
|---|---|---|
| ၁။ | ဖောင်းတော်လေးဆယ် | ၄၀ |
| ၂။ | စလွယ်တော်ကိုးပါး | ၉ |
| ၃။ | ခါးကြိုးငါးရပ် | ၅ |
| ၄။ | လက်စွပ်ရှစ်ဆယ့်တစ် | ၈၁ |
| ၅။ | လိုင်ရစ်ကိုးခွီ | ၉ |
| ၆။ | နဗီကိုးဆင့် | ၉ |
| ၇။ | ကြယ်ပွင့်တစ်ဆယ့်ခြောက် | ၁၆ |
| ၈။ | လက်ကောက်နှစ်ဆယ် | ၂၀ |
| ၉။ | ပန်းသွယ်ငါးမျိုး | ၅ |
| ၁၀။ | ဆံထိုးရှစ်ခု | ၈ |
| ၁၁။ | ပန်းဖုရှစ်ချပ် | ၈ |
| ၁၂။ | ခြီစွပ်ခုနှစ်ပါး | ၇ |
| ၁၃။ | ကိုယ်လွှားငါးမျိုး | ၈ |

အဘိုးအနဂ္ဃ၊ ထိုက်တန်လှသည်၊ ရာဇ,အမစ္စ၊ ဒလိဒ္ဒါ,ဥပရာ၊ သေဋ္ဌိယနှင့်၊ ပြဟ္မဏပုရောဟိတ်၊ နမိတ်ဖတ်၊ ဟူးရားသွေး၊ ရှေးပြေးသံတော်ဆင့်၊ မျိုးမြင့်မျိုးမြတ်၊ တင့်အပ်ဆင်ရာ၊ အဖြာဖြာကို၊ လက်ာ၍သို့ ကုံးသတည်း။

## ဓညဝတီခေတ် ဆံုးထုံး,ထုံးနည်း

(သုံးဆယ့်သုံးမျိုးအနက်မှ)

၁။ ဆံမြိတ်စည်း

၂။ ဆိတ်သမီး

၃။ စန္ဒရာ

၄။ ရှုပ

၅။ သူရိယ

၆။ မောရရာဇာ

၇။ ကျေးမြီးစွပ်

၈။ ဆံမျဉ်း

၉။ ပေါက်ကျပ်
၁၀။ ခရုချောင်
၁၁။ ဆံကွင်း
၁၂။ ကြက်တောင်စည်း
၁၃။ စုလေး
၁၄။ မြိတ်လွတ်
၁၅။ ဆံမြီးသတ်
၁၆။ ဦးလုံးရစ်ပတ်
(ဘုရားသမိုင်းလက်ာကြီးမှ)

## မြောက်ဦးခေတ် ဆံထုံးများ အမည်

(ိယောင်သုံးဆယ်)

၁။ မြအိုးလုံး
၂။ လမုသီး
၃။ တပတ်ခွီ
၄။ နှစ်ပတ်ခွီ
၅။ သုံးပတ်ခွီ
၆။ မြိတ်စို့
၇။ မြိတ်လွတ်
၈။ မြီးတန်ရှည် (မြိတ်တန်ရှည်)
၉။ ပတ္တမြားစူးထိုး
၁၀။ ကျစ်ထုံး
၁၁။ ကတုံ
၁၂။ ကယင်
၁၃။ ဘီးစိုက်
၁၄။ ဒီးဒုတ်
၁၅။ ဦးစွန်း
၁၆။ နောက်ဆွဲ
၁၇။ ထိပ်တင်
၁၈။ ယောင်စောင်း
၁၉။ မြိတ်စောက်

၂၀။ ပန်းစိုက်

၂၁။ လျှော့လျဲ (ယောယဲ)

၂၂။ ကြာဝတ်ဆံ

၂၃။ ပုလဲကုံး

၂၄။ ခရုပတ်

၂၅။ မြိတ်ယစ်(မိတ်ရစ်)

၂၆။ နဂါးပတ်ကျော့ကွင်း

၂၇။ လလယ်ယုန်

၂၈။ မုတ္တာရွဲ

၂၉။ နဂါးလိမ်

၃၀။ ဂမုံးငုံအာ

ယခုခေတ်တွင် ဆံထုံးအသုံးပြုနေကြသော တရုပ်မဆံထုံးခေါ် ဆံထုံးပုံမှာ မြောက်ဦးခေတ် ကျစ်ထုံးမျိုး၊ ဘီးဆံပတ်ခေါ် ဆံထုံးနည်းမှာ ဘီးစိုက်မျိုး၊ ထိပ်ထက်ထုံးနည်းမှာ ထိပ်တင်ထုံးမျိုး စသည်နှင့် ဆင်တူ နွယ်ယှက်နိုင်ကောင်းရာသည်။ ယင်းသို့လည်း ယခုခေါ်ဝေါ်ထုံးဖွဲ့နေမှုကို ရှေးခေတ်ထုံးဖွဲ့မှုနှင့် စံနှိုင်းထောက်ချင့်၍လည်း သုတေသနပြုသင့်ပေသည်။ ထို့ပြင် ရခိုင်ဒေသန္တရအရပ်ရပ်ရှိ ယခုခေတ်နှစ်တစ်ရာ ပတ်ဝန်းကျင်အတွင်း ဆံထုံး, ထုံးပုံစနစ်၊ ဆံထုံး, ထုံးနည်းအမည် ဝေါဟာရတို့ကိုလည်း လေ့လာမှတ်တမ်းတင်နိုင်ပေသည်။ ယခုဆင်ယင်ထုံးဖွဲ့မှု၏ နိဒါန်းသဘောမျှသာ တင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

## ကေသာဖွဲ့ဝယ် နည်းသုံးဆယ်

ဇမ္ဗူတခွန်၊ မင်းမွန်စိုးမြတ်၊ လောကနတ်တို့၊ ကျင့်အပ်တရား၊ စောင့်ထိန်းငြားသည်၊ မမှားအမှန်၊ မြတ်မွန်သီလ၊ မြတ်ဓမ္မဖြင့်၊ စိုးကြသောခါ၊ ပြည်ဧညာဝယ်၊ နေပါတုံကျင်၊ သူတော်စင်တို့၊ ဆင်ယင်ဝတ်စား၊ ရှိငြားတန်တန်၊ ထုံးနည်းမှန်မှာ၊ ထုတ်ပြန်တစ်ချက်၊ မပျက်ဥသျှောင်၊ ဆောင်ယောင်ဖွဲ့စည်း၊ ဆံထုံးနည်းကို၊ ကမ္ဘည်းဤသို့ခတ်ခဲ့သည်။

ဆံထုံး,ထုံးနည်း၊ နိဿရည်းကို၊ ကမ္ဘည်းတင်ပြန်၊ ကျမ်းဂန်အရ၊ ဖော်ထုတ်ကြအံ့၊ ပဌမမှာ၊ မြအိုးလုံး၊ လမုံးသီး၊ တသီးတလီ၊ တပတ်ခွီ၊ နှစ်ပတ်ခွီ၊ သုံးပတ်ခွီ၊ မိတ်စို့၊ တချို့မိတ်လွတ်၊ မချွတ်တလည်၊ မြီးတန်ရှည်က၊ စသည်တစ်မျိုး၊ စူးထိုးပတ္တမြား၊ အမှားတမ့်း၊ ကျစ်ထုံးကတံ၊ တစ်စုံကယင်၊ ထို့ပြင်ဘီးစိုက်၊ အလိုက်သင့်စွာ၊ ထုံးရာဒီးဒုတ်၊ ဦးစွန်းပုတ်နှင့်၊ တသုတ်နောက်ဆွဲ၊ မလှဲထိပ်တင်၊ ထို့ပြင်တသျှောင်း၊ ယောင်စောင်း၊ မိတ်စောက်၊ သွယ်သွယ်မြောက်မှု၊ မိတ်ခေါက်ပန်းစိုက်၊ တဖြစ်တလဲ၊ လျှော့သဲကြာဝတ်ဆံ၊ တဖန်ပုလဲကုံး၊ တူနှုံးခရုပတ်၊ မလွတ်မြိတ်ရစ်၊ စံနစ်မရွတ်၊ နဂါးပတ်ကျော့ကွင်း၊ မယွင်လလယ်ယုန်၊ တူစုံမလှဲ၊ မုတ္တာရွဲနှင့်၊ ဆင့်ကဲနဂါးလိမ်၊ နှိုင်းချိန်သမာ၊ ဂမုန်းအာနှင့်၊ လုံးစုံမရွတ်၊ တမျည်းခတ်လျက်၊ ရစ်သတ်သုံးခွေ၊ တင်ကြပေသည်။ ဤမြေရကျွ ရွှေပြည်တည်း။

(စောခင်တင့်၏ ရခိုင်တန်ဆောင်မဂ္ဂဇင်းအမှတ် (၁၂) ၁၉၇၁-၇၂ထုတ်မှ)

**နတ်မြစ် စန်းအောင်**

# ရှေးဦးရခိုင်လူမျိုးဖြစ်စဉ်များ

ရခိုင်ဒေသ၌ လွန်ခဲ့သော နှစ်တသန်းခန့်ဖြစ်သော ကျောက်ခေတ်ဦး (Paledithic Age) လွန်ခဲ့သော နှစ်ပေါင်း ၁၈,၀၀၀ မှ ၇,၀၀၀ခန့်ကြားဖြစ်သော ကျောက်ခေတ်လယ်(Mesolithic Age)များနှင့်ပတ်သက်သော လူနေထိုင်မှု အထောက်အထားများကို မတွေ့ရသေးပေ။

ကျောက်ခေတ်နှောင်း (Neolithic)ကာလမှဖြစ်သော မိုးကြိုးသွားနှင့် အခြားကျောက်လက်နက်ပစ္စည်းများကို ရခိုင်ဒေသမြောက်ပိုင်း[၁] နှင့် တောင်ပိုင်း သံတွဲပတ်ဝန်းကျင်[၂]၌ တွေ့ရှိရပြီးဖြစ်သည်။

ဂေဟဗေဒ၊ ဝံသဗေဒနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာမှုများအရ လက်ရှိအိန္ဒိယနိုင်ငံ (Nagalard, Meghlaya, Manipur, Kachar, Mugoram, Tripura) ဒေသများ၊ လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ (Sylhet, Chittagorcg) ဒေသများနှင့် ရခိုင်ဒေသကို တပြေးညီတည်းသဘောထားရမည်ဖြစ်ပေသည်၊ ၁၈၃၆ ခုတွင် Sitakunda တောင်တန်းများ၌ တူးဖော်တွေ့ရှိ ရသော ကျောက်လက်နက်ပစ္စည်းများကို စစ်ဆေး၍ Dr. A.H. Dani က ခရာဇ်မပေါ်မီ နှစ်ပေါင်း နှစ်ထောင်ထက် နောက်မကျနိုင်ကြောင်း ယူဆသတ်မှတ်ခဲ့သည်။[၃] သို့ဖြစ်ရာ ရခိုင်ဒေသတွင်လည်း ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုထွန်း ကားခဲ့ကာ ရှေးဦးလူများသည် ခရာဇ်မပေါ်မီ နှစ်ပေါင်းနှစ်ထောင်ခန့်က ရှိနေခဲ့လိမ့်မည်ဟု ယူဆရပါသည်။

သမိုင်းမတင်မီခေတ် ရှေးဦးရခိုင်လူမျိုးများနှင့် ပတ်သက်၍ Dr.S.K. Chatterjee က ဩစကြို-အေရှတစ် (Austro-asiatic)နွယ်ဖွားရခိုင်များနှင့် တရုပ်၊ တိဗက် (Sirno-TiBet) နွယ်ဝင်များသည် ရခိုင်နှင့် ဘင်္ဂလားဒေသ၏ အစောဆုံးအခြေချနေထိုင်သူများဖြစ်သည်ဟု ဆိုထား၏။ သို့ရာတွင် ခေတ်သစ်သုတေသီများကမူ ဩစကြို-အေရှတစ် ရခိုင်များနှင့် တရုတ်၊ တိဗက်နွယ်ဝင်တို့ ပေါင်းစည်းခဲ့ခြင်းမရှိနိုင်ဟု တွေးတောစပြုလာကြသည်။ မည်သို့ဆိုစေကာမူ ရခိုင်လူမျိုးတို့၌ ဩစတြစ် (Austric) သွေးနှောနေမှုကိုကား ငြင်းပယ်၍ မရကြောင်း တွေ့ရှိရသည်။[၄]

သမိုင်းမတင်မီခေတ်၊ အိန္ဒိယမြေ၌ နေထိုင်ကြသူများအနက် နီဂရိတို (Negrito) တို့သည် ရှေးအကျဆုံးဖြစ်သည်။ ယင်းတို့သည် နောက်မှဝင်လာသော ပရိုတိုဩစတြိုလွိုက်(Proto-Austroloid)တို့၏ ဝါးမျိုခြင်းကို ခံကြရဟန်တူသည်။ ယခုအခါ ပရိုတိုဩစတြိုလွိုက်များမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်း Kashmir မှသည် ပစိဖိတ် သမုဒ္ဒရာတောင်ပိုင်း။ Easter ကျွန်းများတိုင်အောင် ပျံ့နှံ့နေထိုင်လျှက် ရှိကြသည်။[၅]၊ သို့ဖြစ်ရာ ရခိုင်ဒေသသည်လည်း ယင်းလူဦးရေဖြန့်ကြက်မှုမှ ကင်းလွတ်ခဲ့လိမ့်မည်မဟုတ်ကြောင်း ယူဆရသည်။

ရခိုင်ဒေသတွင် သမိုင်းမတင်မီခေတ်က မြန်မာနိုင်ငံအခြားသောဒေသများမှာကဲ့သို့ပင် ဘီလူးဟုသိကြ သည့် ဩစတြိုလွိုက်နွယ်ဝင်များ နေထိုင်ခဲ့ကြဟန်တူသည်။[၆] မြန်မာနိုင်ငံတွင်လည်း အစောဆုံးအခြေချ တည်ထောင်သူ များကို ခန့်မှန်းရာ၌ အချို့ပညာရှင်များက ပထမတွင် နီဂရစ်တိုအမျိုးတို့ နေကြသည်ဟု ယူဆကြသည်။ ထိုနောက် မြန်မာနိုင်ငံတောင်ပိုင်းတွင် တောင်အာရှကုန်းပိုင်းနှင့် ကျွန်းများအပါအဝင် ဩစတြေလျှတိုက်အထိ ပျံ့နှံ့နေထိုင်ကြသော ဩစတြစ်စကားပြော သူများ နေလာကြဟန်တူကြောင်းဖြင့် တွေ့ရသည်။[၇]

သို့ဖြစ်ရာ သမိုင်းမတင်မီခေတ် ရခိုင်ရှေးဦးလူများသည် ဩစတြစ် သို့မဟုတ် ဩစတြိုအေရှာတစ်နွယ်ဖွားများဖြစ်ကြောင်း ယေဘူယအားဖြင့် ယူဆရသည်။ ရခိုင်ရာဇဝင်များက သားစိမ်းငါးစိမ်းစားသော ရက္ခိုက်ဘီလူးတို့၏ ရုပ်ရည်သွင်ပြင်လက္ခဏာများကလည်း ယင်းအချက်တို့ကို ထောက်ခံသကဲ့သို့ဖြစ်နေ၏။

အစောဆုံးရှေးဦးရခိုင်လူမျိုးများကို ခန့်မှန်းသုံးသပ်ရာတွင် အခက်အခဲရှိသကဲ့သို့နောက်ပိုင်းဝင်ရောက်လာသူများ၏ ဖြစ်စဉ်များသည်လည်း ရှုပ်ထွေးမှုများနှင့် ပြည့်နှက်နေကြောင်း လေ့လာတွေ့ရှိရသည်။

ရခိုင်ဒေသနှင့် ရေကြောမြေကြောတဆက်တည်းဖြစ်၍ ရှေးလူ့ယဉ်ကျေးမှုထွန်းကားရာ ဗဟိုဌာနတစ်ခုဖြစ်သော အိန္ဒိယနိုင်ငံသမိုင်းကို လေ့လာကြည့်လျှင် အာရီယန်(Aryan) တို့သည် ၁၅၀၀ ဘီစီခန့်က မြောက်ဖက်(သို့) အနောက်မြောက်ဖက်မှ ဟိန္ဒူကွတ်တောင်တန်းကို ဖြတ်ကျော်ပြီး အိန္ဒိယမြေပြင်ကို ဝင်ရောက်လာကြရာ ပြင်ပမှ ဝင်ရောက်လာသော လူမျိုးများတွင် အားအကောင်းဆုံးဖြစ်ကြောင်း တွေ့ရသည်။[၈] အချို့ကမူ ၃၀၀၀ ဘီစီခန့်ကပင် ဝင်ရောက်မှုစတင်ခဲ့ကြောင်း ယူဆထားကြသည်။[၉] အာရီယန်တို့ အခြေစိုက်ရသောဒေသသည် အိန္ဒိယအနောက်ဖက် အာရေဗျပင်လယ်မှသည် အရှေ့ဖက် ဘင်္ဂလားပင်လယ်အော်ထိလည်းကောင်း၊ မြောက်ဖက်ဟိမဝန္တာတောင်တန်းများမှသည် တောင်ဖက်ဗန္ဓျတောင်တန်းထိ ကျယ်ကြောင်း တွေ့ရသည်။[၁၀] သို့ဖြစ်ရာ ရခိုင်ဒေသသည်လည်း အဆိုပါအာရီယန် ရပ်ဝန်းတွင် အကျုံးဝင်နေကြောင်း တွေ့ရမည်ဖြစ်သည်။

အိန္ဒိယသို့ဝင်လာသော အာရီယန်တို့သည် အစပိုင်းတွင် သွေးနှောမှုမရှိခဲ့သော်လည်း ကြာလာသောအခါ ယူပီနှင့် ဘီဟာနယ်တို့တွင် ဒြာဝိဒီယန်(Dravidiam)များနှင့် ရောနှော၍ Aryo-Dravidian များအဖြစ် ပေါ်ထွန်းလာသည်[၁၁] ဤသည်ပင် နောင်တွင် အင်ဒိုအာရီယန် (Indo-Aryan)များ ဖြစ်ပေါ်မှုကို စတင်စေခဲ့သည်ဟု ယူဆရသည်။

မြန်မာပြည်တွင်းသို့ မွန်ဂိုလိုက်မျိုးနွယ်အုပ်စုများ မဝင်ရောက်မီ ဘီဝေသဏီကပင် အာရီယန်တို့သည် အနောက်မြောက်နယ်ခြားများမှ တဆင့် အိန္ဒိယသို့ စတင်ဝင်ရောက်ခဲ့သည်။ ခရာဇ်မပေါ်မီနှစ် ၇၅၀ တဝိုက်တွင် အိန္ဒိယတဝှမ်းလုံး ပျံ့နှံ့သွားခဲ့သည်။ ထီးနန်းလုပွဲများ သာယာစိုပြေကြသော ဒေသများကို ပိုင်ဆိုင်မှုအတွက် တိုက်ပွဲများအတွင်းတွင် ခေါင်းဆောင်များနှင့် နောက်လိုက်နောက်ပါများသည် ရေကြောင်း၊ ကုန်းကြောင်းဖြင့် သီဟိုဠ်နှင့် မြန်မာနိုင်ငံတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြပြီး ထီးနန်းမြို့ပြတည်ထောင်ခဲ့ကြ၏။ ရှေးဟောင်းခေတ် မြန်မာနိုင်ငံနေရာ အနှံ့အပြားသို့ လာရောက်မြို့ပြနိုင်ငံတည်ထောင်ကြသော အင်သိုအာရီယန်များ၊ မဇ္ဈိမတိုင်းသားရာဇာများနှင့် နောက်လိုက်များ၏ ယဉ်ကျေးမှုနှင့် လူမှုဘဝ စသည်များကို ရေးသားဖော်ပြထားသော ရှေးအကျဆုံး အိန္ဒိယစာပေများ အလုံအလောက်ရှိပါသည်[၁၂]ဟု Porf Desai ကဆိုထား၏။ ရာဇဝင်များလာ သကျသာကီဝင်များ ထီးနန်းမြို့ပြတည်ထောင်သူများကို ရည်ညွှန်းထားဟန်တူသည်။

သို့ရာတွင် ဝေသာလီမှ လိစ္ဆဝီများနှင့် သာကီဝင်များသည်ပင်လဆင် အာရီယန်ဘာသာစကားကို ပြောလိုကြသော်လည်း တိဗက်၊ မြန်မာများနှင့် အာရီယန် ဒြာဗိဒီယန်၊ ဩစတြစ်သွေးနှောသူများဖြစ်ကောင်းဖြစ်မည်၊ လွန်ခဲ့သော နှစ် ၂၅၀၀ ခန့်ကပင် နီပေါနှင့် တာရိုင်းဒေသများတွင် မွန်ဂိုလွိုက်များ နေထိုင်ခဲ့ကြပြီးဖြစ်သည်။[၁၃] ဟုလည်း လေ့လာတွေ့ရှိရာ သမိုင်းမတင်မီခေတ်နှောင်းပိုင်း ရှေးဦးရခိုင်လူမျိုးများ၏ အဆက်အနွယ်များသည် အင်ဆိုအာရီယန်များဟု ဆိုခြင်းထက် အင်ဒိုမွန်ဂိုလွိုက်များ (Indo-Mongoloids) ဟုဆိုခြင်းက ပိုမိုသဘာဝကျလိမ့်မည်ဖြစ်သည်၊ ပြင်သစ်နိုင်ငံ၊ ဆော်ဘွန်းတက္ကသိုလ်မှ မနုဿဗေဒပညာရှင် (Modame Lucien Bernot) ကလည်း ရခိုင်လူမျိုးများမှ အင်ဒိုမွန်ဂိုလွိုက်များဖြစ် ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။[၁၄] ရှေးဦးရခိုင်တို့ကို ရည်ညွှန်းသုံးနှုန်းကြသော ရက္ခသျှ (Raksh) သည် အိန္ဒိယရှိ အာရီယန်များက ဒြာဗိဒီယံများနှင့် မွန်ဂိုလွိုက်အနွယ်ဝင်များ၊ ဗုဒ္ဓဘာသာမဖြစ်မီကာလတွင် ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။[၁၅] ဟု A.P. Phayre ၏ တင်ပြချက်မှာလည်း ဆက်စပ်စဉ်စားဖွယ်ရာဖြစ်၏။

ရှေးဦးရခိုင်လူမျိုးတို့သည် ရခိုင်ဒေသနှင့် နယ်နမိတ်ချင်းဆက်စပ်သော အိန္ဒိယအရှေ့မြောက်ဒေသမှ ဝင်လာသူများ ဖြစ်မည်။ အိန္ဒိယပြည်အတွင်းသို့ အာရီယန်များသည်လည်းကောင်း၊ မွန်ဂိုလွိုက်များသည်လည်းကောင်း၊ တသုတ်ပြီးတသုတ် ဝင်ရောက်နေထိုင်ခဲ့ကြသည်။ ထိုအုပ်စုများသည် အိန္ဒိယပြည်အတွင်းသို့ မည်သည့်အချိန်မှစ၍ ဝင်ရောက်နေထိုင်ခဲ့ကြသည် ကို အတိအကျ ပြောရန်ခဲယဉ်းလှသည်၊ အချို့ပညာရှင်များက ခရာဇ်မပေါ်မီ ၂၀၀၀ ခန့်သို့မဟုတ် ထိုထက်စောသောအချိန် ဟုဆိုကြသည်။[၁၆] သို့ဖြစ်ရာ ရှေးဦးရခိုင်လူမျိုးများနှင့် ဆက်စပ်နေသော အာရီယန်များနှင့် မွန်ဂိုလွိုက်တို့၏ ဝင်ရောက်မှု ဖြစ်စဉ်များကို ချိန်းဆိုသုံးသပ်ရဦးမည်ဖြစ်သည်။

အမှန်မှာ အာရီယန်၊ ဒြာဝိဒီယန်နှင့် မွန်ဂိုလွိုက်များသာမက အခြားသွေးရောမှုများလည်း ရှိနိုင်ကြောင်း လေ့လာသိရှိရသည်၊ ကမ္ဘာ့လူမျိုးကြီးများ ပျံ့နှံ့ရာတွင် လူဖြူမျိုးရင်း (Europoid EG,f0ifaumhau;qyf Caucasus) တို့ သည် အိန္ဒိယနှင့် အရှေ့တောင်အာရှတစ်ခုလုံးတွင် ပြန့်နှံ့ရောက်ရှိကြောင်းလည်း တွေ့ရမည်ဖြစ်သည်။[၁၇]

ရှေးဦးရခိုင်လူမျိုးများနှင့် ဆက်နွယ်နေသည့် မွန်ဂိုလွိုက်အုပ်စုဝင်များ ဝင်ရောက်မှုကို လေ့လာရာတွင် မည်သည့်အချိန် ဟု အတိအကျမပြောနိုင်သော်လည်း ၁၅၀၀ ဘီစီတွင် တရုတ်ပြည်မြောက်ပိုင်းမှ ဟန်လူမျိုးများ တောင်ဖက်သို့ဆင်းလာမှု ကြောင့် ပိုမိုမြင့်မားလာသည်ဟု ဆိုနိုင်၏။ အချို့မွန်ဂိုလွိုက်အုပ်စုများသည် တြိပူရ၊ လူရှိုင်းနှင့် ရခိုင်တောင်တန်းဒေသများ သို့ ဝင်ရောက်ခဲ့ကြသည်[၁၈]ဟု လေ့လာသိရှိရ၏။

မွန်ဂိုလွိုက်တို့သည် အာရီယန်တို့ဝင်ရောက်ခဲ့ပြီးမှ အိန္ဒိယအရှေ့မြောက်ပိုင်း အာသံ(ကာမရူပ)နှင့် ဟိမဝန္တာတောင် ပုငိုင်းဒေသဖျားသို့ မွန်ဂိုလီးယား ကုန်းမြင့်ဒေသမှ ဝင်ရောက်ခဲ့ကြ၏။[၁၉] မွန်ဂိုလွိုက်တို့သည် အိန္ဒိယမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ တောင်ခြေများတွင် နေထိုင်ကြသည်။ အာရီယန်တို့က တီရာတဟု ခေါ်ဆိုကြသော မွန်ဂိုလီယန် ဘာသာစကားပြောဆိုကြသူတို့ကား အိန္ဒိယယဉ်ကျေးမှုကို ထောက်ကူခြင်းမရှိသလောက်ပင် ဖြစ်သည်။ ယင်းတို့၏ ယဉ်ကျေး မှုသည် ၅၀၀ ဘီစီခန့်က ရောက်လာရာ ထိုစဉ်က အိန္ဒိယနိုင်ငံတွင် ဩစတြစ်ဒြာဗီဒီယန်တည်းဟူသော အာရီယန်မဟုတ်သူ လူမျိုးများနှင့် အာရီယန်တို့သည် အိန္ဒိယအမျိုးသားများအဖြစ် အိန္ဒိယယဉ်ကျေးမှုကို တည်ဆောက်ပြီးဖြစ်နေသည်။[၂၀]ဟု လေ့လာတွေ့ရှိရရာ သမိုင်းမတင်မီ ခေတ်ဟောင်းပိုင်း ရှေးဦးရခိုင်လူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းပိုမိုမြင့်မားကာ ပိုမိုရှေးကျစွာ ဝင်ရောက်လာကြသော အင်ဒိုအာရီယန်များနှင့် ပိုမိုထိတွေ့ ဆက်ဆံခဲ့လိမ့်မည်ဟု ယူဆရသည်။ ရှေးဦးရခိုင် မြို့ပြနိုင်ငံတစ်ခုဖြစ်သော ဝေသာလီကို တည်ထောင်နေထိုင် ခဲ့ကြသူများမှာ အင်ဒိုအာရီယန်နွယ်ဝင် အိန္ဒိယမြောက်ပိုင်း သားတို့ဖြစ်သည်။[၂၀]ဟု လေ့လာသိရှိရသည်။

ခရာဇ်မပေါ်မီ သုံးရာစုကတည်းကပင် မောရိယအင်ပါယာမှတဆင့် ဗုဒ္ဓသာသနာကို လက်ခံရရှိ၍ ယင်းနှင့် ဆက်နွယ်နေသည့် ပါဠိနှင့် သက္ကတဘာသာစကားတို့ကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြခြင်း[၂၂]၊ အင်ဒိုအာရီယန်အမည်နာမ တို့ကို လက်ခံသုံးစွဲခဲ့ကြခြင်း၊ နိပါတ်တော်အခြေခံရာဇဝင်လာ ဝါသုဒေဝ၊ ဗလဒေဝ၊ ညီနောင်များနှင့် ရာဇဝင်လာ ဓညဝတီကို စတင်တည်ထောင်သူ မာရယုတို့၏ ရင်းမြစ်သည် သကျသာကီဝင်များနေထိုင်ရာ အိန္ဒိယအရှေ့မြောက် ဒေသများနှင့် ဆက်စပ်နေခြင်း၊ အစဉ်အလာစကားအရ ဘီဟာနယ်တောင်ပိုင်းမဂဓမှ ရခိုင်တို့လာခဲ့သည်ဆိုခြင်း[၂၃] စသည့်အချက်အလက် တို့က အထက်ဖော်ပြပါ ယူဆချက်ကို အထောက်အကူ ပြုနေကြသည်။

သို့ရာတွင် အာနန္ဒစန္ဒြားကျောက်စာတိုင် အနောက်ဖက်မျက်နှာအရ ခရာဇ်မပေါ်မီ ၆၉၀ က ရခိုင်တွင် စိုးစံခဲ့ကြ သည့်အမည်များသည် အိန္ဒိယအမည်များမဟုတ်ကြောင်း သိရ၏။ သို့သော်လည်း နောက်ပိုင်းကာလ ခရာဇ်၇၈၀-၁၀၁၈

ရှိ ဝေသာလီမင်းဆက်မှာမူ သက္ကတအမည်များ ဖြစ်နေသည်ဟု(Dr. Pamela Gutman)က ဆိုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ရာ များစွာစဉ်းစားဖွယ်ရာပင်ဖြစ်၏။

မည်သို့ ဆိုစေကာမူ ခြောက်ရာစုမတိုင်မီကပင် စာရေး၊ စာဖတ်တတ်ပြီး ယဉ်ကျေး၍ ဗုဒ္ဓဝါဒီများ ရှိနေကြကာ လေးရာစုခန့်ကပင် ထင်ရှားသော မင်းဆက်နှင့် ယဉ်ကျေးပြီး တိုင်းနိုင်ငံတစ်ခုရှိနေပြီဟု သိရခြင်း[၂၅] လေးရာစုခန့်ကပင် အိန္ဒိယ၊ တရုတ်၊ ကုန်းလမ်းအားဖြင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် ရေလမ်းအားဖြင့်လည်းကောင်း၊ အိန္ဒိယမြောက်ပိုင်းနှင့် အနောက်ပိုင်းသို့ ဆက်သွယ်မှုများ ရှိနေကြပြီဟု သိရခြင်း[၂၆] ၁၀-ရာစု(သို့မဟုတ်) ၁၁-ရာစု သီချင်းတပုဒ်အရ ဘင်္ဂလားနှင့် မာဂဓမှ ရခိုင်များသည် ၁၀ ရာစုမတိုင်မီက ရခိုင်ပြည်သို့ ဝင်ရောက်ခဲ့သည်ဟု ဆိုသော ခန့်မှန်းချက်များနှင့် ကိုက်ညီနေခြင်း[၂၇]၊ စသည့်အချက်အလက်များအရ "ရှေးဦးရခိုင်လူမျိုးများသည် အာရီယန်နှင့် မွန်ဂိုလွိုက်တို့၏ လွှမ်းမိုးမှုကို အိန္ဒိယပြည်မှတဆင့် ရရှိခဲ့ကြပြီးမိမိတို့၏ကိုယ်ပိုင်ဖြစ်တည်မှုကို တည်ဆောက်ခဲ့ကြောင်း ယေဘုယျအားဖြင့် သုံးသပ်နိုင်သည်။"

နောက်ပိုင်းကာလများ၌မူ မွန်ဂိုလွိုက်နွယ်ဝင်တို့၏ လွှမ်းမိုးမှုပိုမိုအားကောင်းလာခဲ့ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။ ရခိုင်ဒေသနှင့် ထိစပ်နေသော ဒေသများတွင် မွန်ဂိုလွိုက်တို့ အလုံးအရင်းဖြင့် ဝင်ရောက်မှုက အထက်ပါအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း ယူဆရသည်။

ခရာဇ် ၇၆၂-၆၃ တွင် Nanchao bk&if Ko-Lo-Feng ၏ စစ်ဆင်မှုနှင့် ခရာဇ် ၇၉၄ တွင် သူ၏မြေး (Hi-mo-yun)၏ စစ်ဆင်မှုများသည် သံလွင်နှင့် ဧရာဝတီကြားရှိ ရှမ်းတို့အား မြန်မာနိုင်ငံအလယ်ပိုင်းသို့ တွန်းပို့သလိုဖြစ်သွား၏။ များမကြာမီ သူတို့သည် ချင်းတွင်းကို ကျော်၍အာသံနယ်ထဲသို့ ထိုးဖေါက်ဝင်ရောက်ကြ၏။[၂၈]

ခရာဇ် ၇၇၇ တွင် ရှမ်းအကြီးအကဲ (Sao-Long-Pha) သည် (Kachar, Tripura, Manipur ESihf Assan) တို့ကို တိုက်ခိုက်အောင်မြင်ခဲ့သည် ယင်းမှ အာသံရှိအာဟုမ်မင်းဆက် (Ahorn Dynesty) ဆင်းသက်လာသည်ဟုဆို၏။[၂၉]

ခရာဇ် ၉ ရာစုတွင် ဗမာပြည်မသည် သုံးနိုင်ငံကွဲပြားသွားခဲ့၏။ မန်ရှူကျမ်းအရ ယင်းနိုင်ငံများသည် Narchao တို့၏ ကျူးကျော်မှုကြောင့် ခရာဇ် ၈၃၂-၃၅ တွင် ပျက်သုံးသွားခဲ့ကြသည်။[၃၀]

အထက်ပါအချက်အလက်များက ရခိုင်နှင့် အနီးအနားဒေသများတွင် မွန်ဂိုလွိုက်တို့ အလုံးအရင်းဖြင့် ဝင်ရောက်မှုကို ညွှန်ပြနေကြသည်၊ မွန်ဂိုလွိုက်များ မည်သည့်လမ်းကြောင်းမှနေ၍ ရခိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြသည်ဆိုခြင်းမှာမူ ရှုပ်ထွေးမှုများကြောင့် အမြင်ကွဲပြားမှုများကို လေ့လာတွေ့ရှိရသည်။

၇-ရာစုနောက်ပိုင်းတွင် မြန်မာတို့သည် အုပ်စုနှစ်စုကွဲသွား၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆင်းလာသူများထဲမှ အချို့မှာ ရခိုင်ဖက်သို့ ကူးသွားကြသည်။[၃၁] ခရာဇ် ၉ ရာစုအစောပိုင်းမှစ၍ မြန်မာတို့သည် ရိုးမတောင်ကို ဖြတ်ကျော်၍ ရခိုင်ဒေသ၌ မင်းဆက်တည်ထောင်ခဲ့ကြလိမ့်မည်၊[၃၂] ကိုးရာစုနောက်ပိုင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း ပူအိုက်ခြောက်သွေ့သော ဒေသသို့ဆင်းရာ၌ မပါသူ(သို့မဟုတ်) ထိုမှတဆင့် ထွက်ခွာသွားသူများတွင် ရခိုင်ပါဝင်ကြောင်း တွေ့ရ၏။[၃၃]

ရခိုင်ရာဇဝင်များက မည်သို့ဆိုစေကာမူ ခရာဇ် ၉၅၇ နောက်ပိုင်း ရခိုင်ဒေသသို့ ဝင်ရောက်လာကြသည့် "ရှမ်း" ဟု ခေါ်ကြသူများသည် အမှန်စင်စစ်အားဖြင့် ရှေးဦးမြန်မာမျိုးကွဲတစ်ခုဖြစ်သော မြစ်သား၊ ယောနယ် အထက်မုန်းချောင်းနှင့် မန်းချောင်းတို့မှ လေးမြို့မြစ်ဝှမ်း ထိုမှတဆင့် ရခိုင်မြောက်ပိုင်းတစ်ခုလုံးသို့ ပျံ့နှံ့သွားသည့် ရခိုင်များဖြစ်သည်ဟု ယူဆလိုသည်။[၃၄]

ဘာသာဗေဒအမြင်အားဖြင့်လည်း တရုတ်၊ တိဗက်၊ ပင်မဘာသာစကားကြီးတစ်ခုတည်းမှ ဖြစ်နေ၍ တူညီမှုများရှိနေ ခြင်းကြောင့် ရခိုင်နှင့် ဗမာတို့သည် လွန်ခဲ့သော နှစ်ပေါင်းတထောင်ခန့်က လမ်းခွဲလာခဲ့ခြင်းဖြစ်ပါကြောင်း (L.F Taylar)က ဆိုားသည်။[၃၅]

အထက်ပါအချက်အလက်များက ရခိုင်ရိုးမကို ဖြတ်ကျော်၍ မွန်ဂိုလွိုက်နွယ်ဝင်အုပ်စုများ ရခိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြောင်း ညွှန်ပြရေးသားထားကြသည်ကို တွေ့ရ၏။

သို့ရာတွင် အခြားလမ်းကြောင်းများဖြင့် ဝင်ရောက်မှုများ ရှိခဲ့ကြောင်း တင်ပြမှုများကိုလည်း လေ့လာတွေ့ရှိရသည်။

ရခိုင်တို့သည် အေဒီ ၉-ရာစုနောက်ပိုင်းမှ မြန်မာနိုင်ငံအလယ်ပိုင်းမှတဆင့် ရခိုင်ပြည်သို့ ကူးသန်းလာသည့် အထောက်အထားအစနမျှပင်မရှိပေ။ အေဒီကိုးရာစုနောက်ပိုင်းမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများထဲတွင် မြို့နှင့် ရခိုင်တို့မပါပဲ ယင်းတို့သည် အေဒီ ၉ ရာစုမတိုင်မီကပင် ခွဲထွက်ပြီးနောက် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းမှဖြတ်၍ ပုတ္တရမြစ်ကြောင်းအတိုင်း ဆင်းသက်ခဲ့ပြီး စစ်တကောင်းတောင်တန်းဒေသကို ဖြတ်ကျော်ကာ ရခိုင်ပြည်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ သို့မဟုတ် နောက်ဆုံးအသုတ်ကျန်ရှိနေသော ရခိုင်များမှာ အာသံ၊ မဏိပူရနှင့် စစ်တကောင်း ဒေသသို့ ရောက်နှင့်အပြီး ဖြစ်ပေမည်။ ထို့ကြောင့် ရခိုင်နှင့်မြို့တို့သည် မြန်မာများ အေဒီ ၉-ရာစုတွင် မြန်မာနိုင်ငံအတွင်း သို့ ရှမ်းပြည်မြောက်ပိုင်းမှတဆင့် မဝင်ရောက်မီကပင် နန်ကျောင်းတို့အန္တရာယ်မှ ရှောင်ကြည်၍ ရခိုင်ပြည်တွင်းသို့ အေဒီ ၈-ရာစုအစောပိုင်းကပင် ဝင်ရောက်ခဲ့ကြသည်ဟု မှတ်ယူရပေမည်။[၃၆]

ယင်းတင်ပြချက်သည် မွန်ဂိုလွိုက်အနွယ်ဝင်အုပ်စုများ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းမှ တဆင့် အာသံ၊ ထိုမှတဆင့် ဘင်္ဂလားနှင့် ရခိုင်ဒေသသတို့သို့ စိမ့်ဝင်ပျံ့နှံ့ခဲ့ကြောင်း ဆိုထားသည့် အိန္ဒိယသမိုင်း ပညာရှင်အချို့၏ ထင်မြင်ယူဆချက်များ နှင့် ကိုက်ညီနေကြောင်း တွေ့ရမည်ဖြစ်သည်။[၃၇]

စစ်တကောင်းတောင်တန်းဒေသရှိ ရခိုင်မျိုးနွယ်စုများသည် နောက်မှ ဝင်လာသူများဖြစ်ဟန်ရှိပြီး မြောက်ဖက်ကုလား တန်ညာပိုင်းမှ ဝင်ရောက်ခဲ့သည်။[၃၈] ပထဝီအနေအထားအရဆိုလျှင် ရခိုင်ဒေသမြောက်ပိုင်းရှိ အဓိကမြစ်များဖြစ်သော ကုလားတန်နှင့် လေးမြို့မြစ်တို့သည် အိန္ဒိယနိုင်ငံအာသံနှင့် မဏိပူရဒေသတို့တွင် မြစ်ဖျားခံကြသည်။ ယင်းမြစ်ကြောင်းများ မှတဆင့် (သို့မဟုတ်) အနီးအနားရှိ တောင်တန်းများမှာ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်ဟု မှန်းဆရသည်။

သို့ဖြစ်ရာ အထက်တွင် ဖော်ပြခဲ့သည့် အရှေ့ဖက်နှင့် အနောက်ဖက်လမ်းကြောင်း နှစ်ခုလုံးမှ တဆင့် မွန်ဂိုလွိုက်အုပ်စု နွယ်ဝင်များ ရခိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြောင်း ယေဘူယျသုံးသပ်နိုင်သည်။ မည်သည့်လမ်းကြောင်းက အားသာမှုရှိသည် ဆိုခြင်းကိုမူ ရှုပ်ထွေးမှုများ ရှိနေ၍ ဆက်လက်လေ့လာရန် လိုအပ်နေသေးသည်။

မည်သို့ဆိုစေကာမူ ရခိုင်ရာဇဝင်များအရ ဒုတိယဓညဝတီခေတ်မှ ဝေသာလီခေတ်သို့ အကူးအပြောင်း ခရာဇ် ၇၄၆ မှ ၇၈၈ကြား ၄၂-နှစ်၊ ဝေသာလီခေတ်မှ ပဥ္စာခေတ်သို့ အကူးအပြောင်း ခရာဇ် ၉၉၃-၁၀၁၈ ကြား ၂၄ နှစ်၊ ဖြတ် တောက်မှုများ[၃၉] ခရာဇ် ၇၈၈ တွင် ဝေသာလီကို တည်ထောင်သော စန္ဒြားမင်းဆက်သည် ခရာဇ် ၉၅၇ တွင် မွန်ဂိုလွိုက် အနွယ်ဝင်တို့၏ ကျူးကျော်မှုကြောင့် ပျက်သုံးခဲ့ရခြင်း[၄၀] တို့က မွန်ဂိုလွိုက်မျိုးနွယ်အုပ်စု၏ အင်အားကြီးမားစွာ ဝင်ရောက်မှု ကို ရည်ညွှန်းထောက်ခံနေကြသည်။

အဆိုပါနောက်မှ ဝင်ရောက်လာကြသူများသည် ဒေသခံရှေးဦးရခိုင်လူမျိုးများနှင့် သွေးနှောမှုများဖြစ်ပေါ်ခဲ့မည်ဟု မှန်းဆရသည်။ သို့ဖြစ်ရာ ရှေးဦးရခိုင်လူမျိုးများအပေါ် အာရီယန်တို့နှင့် ဖက်ပြိုင်လွှမ်းမိုးရာတွင် မွန်ဂိုလွိုက်တို့သည်

ခရာဇ် ကိုးရာစုနောက်ပိုင်းတွင် အသာစီးရသွားကြောင်း လေ့လာသုံးသပ်နိုင်သည်။

စစ်တကောင်းတောင်တန်းဒေသရှိ ရခိုင်လူမျိုးများ၏ မျက်နှာသွင်ပြင်လက္ခဏာဖွဲ့စည်းပုံကို လေ့လာခြင်းအားဖြင့် ရခိုင်တို့တွင် ၈၄. ၅%သည် မွန်ဂိုလွိုက်ကြန်အင်လက္ခဏာရှိကြောင်း H.H. Risley က တင်ပြခဲ့သည်။[၉၀] သို့သော် စစ်တကောင်း တောင်တန်းဒေသမှ ရခိုင်မျိုးနွယ်စုများမှာ ယခုရခိုင်ပြည်နယ်ရှိ ရခိုင်လူမျိုးများထက် နောက်မှရောက်လာပုံရကြောင်း၊ မွန်ဂိုလွိုက်ပိုနွယ်ကြောင့် တောင်ပေါ်နေဖြစ်၍ သွေးနှောမှုကင်းဟန်တူကြောင်းဖြင့် နြမ္မညသအ၏ပြောကြားချက်[၉၁] အရ ရာခိုင်နှုန်းကို အနည်းငယ်လျှော့၍ ခန့်မှန်းရမည်ဖြစ်သည်။

သို့သော်လည်း အင်ဒိုအာရီယန် စသည့်အခြားသွေးနှောမှုများ ရှိနေကြောင်းကိုလည်း ဤသို့လေ့လာ တွေ့ရှိရမည်ဖြစ်သည်။ ယနေ့ရခိုင်များသည် အခြေခံအားဖြင့် အိန္ဒိယသွေးနှောမှု အခိုင်အမာ ရှိနေသည်။[၉၂] ရခိုင်တို့သည် အင်ဒိုမွန်ဂိုလွိုက် ဖြစ်သော်လည်း သွေးနှောမှုမှာ တယောက်နှင့်တယောက်မတူညီကြောင်း (Bernot)က ဥပမာပေးရှင်းပြခဲ့သည်။[၉၃]

သို့ဖြစ်ရာ ယေဘူယျအားဖြင့် ရှေးဦးရခိုင်လူမျိုးများသည် နီဂရိုက်၊ ဩစတြစ်၊ အာရီယံ၊ ဒြာဗီဒီယန်နှင့် မွန်ဂိုလွိုက် စသော မနုသဗေဒမျိုးကွဲအုပ်စုများမှ အဆင့်ဆင့်ဖြစ်တည်ဆင်းသက်လာကြောင်း လေ့လာသုံးသပ်ရရှိပေသည်။ ထိုဖြစ်စဉ်များသည် နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီး မျိုးကွဲအုပ်စုတစ်စုစီ၏ အကျိုးသက်ရောက်မှုသည် အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း သတ်သတ်မှတ်မှတ်ဖြစ်ပေါ်ခဲ့ခြင်းမျိုး မဟုတ်ပဲ ခေတ်ကာလအခြေအနေများအပေါ်တွင် မူတည်ပြီး ဝင်ရောက်လာမှု၊ သွေးနှောမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် တိကျခိုင်မာစွာ ရှင်းလင်းနိုင်ရန် ထပ်မံလေ့လာကြရဦးမည်ဖြစ်သည်။

## ရည်ညွှန်းချက်စာအုပ်စာတမ်းများ


၁။ ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ပထမတွဲ၊ သမိုင်းကဏ္ဍ၊ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ ၁၉၈၄-စာ-၅၄၊ နောင်တွင် ဤစာအုပ်ကို ပြည်နယ်ဖြစ်စဉ်ပထမတွဲဟု ရေးသားကြပြီး ကိုးကားပါမည်)

၂။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဌာနချုပ်။ ၁၉၇၀-စာ-၇၀။ (နောင်တွင် ဤစာအုပ်ကို အခြေပြပထမတွဲဟု ရေးသားဖော်ပြပြီး ကိုးကားပါမည်)

၃။ Aanungo, S.B; A History of Ch: Hagong Vol I, Chittagonf, Signet Library, 1 st Editior, 1988, PP. 31-32. (Hereafter this work will be referred to as History of Chittagong)

၄။ Ibid P-32

၅။ တင့်လွင်၊ဦး၊ ရှေးဟောင်းအိန္ဒိယသမိုင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ် ပညာပဒေသာစာစောင် (ဝိဇ္ဇာ)အတွဲ(၅) အပိုင်း ၄ ၁၉၇၀၊ စာ-၇၈-၇၉ (နောင်တွင် ဤဆောင်းပါးကို ရှေးဟောင်း အိန္ဒိယသမိုင်းနှင့် ယဉ်ကျေးမှုဟု ရေးသားဖော်ပြပြီး ကိုးကားသွားပါမည်)

၆။ Gurini, G.E; Researches on Ptolemy's Geography of Eastern Asia, Royal Asiatic Society, London, 1904, PP. 37-92.

၇။ သန်းထွန်းဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ ၁၉၆၄၊ စာ-၂၀။ နောင်တွင် ဤစာအုပ်ကို ခေတ်ဟောင်းမြန်မာရာဇဝင်ဟု ရေးသားဖော်ပြပြီး ကိုးကားထားပါမည်။

၈။ ရှေးဟောင်းအိန္ဒိယသမိုင်းနှင့် ယဉ်ကျေးမှုစာ ၈၁။

၉။ Howel, E.B; The History of Aryan Rule in India, George Harrap Co., Lrd, London , P. 34.

၁၀။ ခင်ဝင်းကြည်၊ ခေါ် ပါဠိဘာသာနိဒါန်း၊ တက္ကသိုလ်များပုံနှိပ်တိုက်။ ၁၉၇၂-စာ ၂၄။

၁၁။ Weech, W.N; History of the workd, Old Hans Press Co., London, 1960, 2nd Edition, P.33.

၁၂။ Desai, W.S; A Pageant of Burmese History, Orient Longmars, Bombay, 1957, PP. 2-3.

၁၃။ Chatterji, S.K and Others; The Calculta, 1953, P. 88.

၁၄။ ထွန်းရွှေခိုင်(စစ်တွေကောလိပ်) ရခိုင့်ရှေးဟောင်းမြို့တော်များ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၅၊ စာ-၁၉ (နောင်တွင် ဤစာအုပ်ကို ရခိုင်ရှေးဟောင်းမြို့တော်များဟု ရေးသားဖော်ပြပြီး ကိုးကားပါမည်။)

၁၅။ Phayre, A.P; History of Burma, Susil Gupta, London, 2nd Editor, 1967, P. 41. (Hereafter this work will be referred to as History of Burma (P(hayre)

၁၆။ Latourette, K.S; A Short History of Far East, Maenillan, New York, 3rd Edition, 1957, PP. 42-48. Chereafter this work will be referred to as A Short History of For East)

၁၇။ Johnstrn, E.H, Pioneers its India, Oxford, 1937, P. 62.

၁၈။ A Histroy of Chittagong P. 36.

၁၉။ A Short History of Far East, P. 42.

၂၀။ ရှေးဟောင်းအိန္ဒိယသမိုင်းနှင့် ယဉ်ကျေးမှုစာ ၈၇။

၂၁။ ဘရှင်၊ ဗိုလ်မှူး၊ အနော်ရထာ အရင်က မြန်မာနိုင်ငံ၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန် ၁၉၇၁-စာ၇၂။

၂၂။ History of Chittagong, P. 42.

၂၃။ History of Burma (Pheyre), P. 48.

၂၄။ Gustman, Pamela; Avciert Arakan Vol. I, Ph.D Thesis Submitted to Australian National University, Camberra, 1976, PP. 40-42 (Hereafter this work will be referred to as Ancient Arakan)

၂၅။ ခေတ်ဟောင်းမြန်မာရာဇဝင်၊ စာ-၆၅။

၂၆။ Aacient Arakan, P. 318

၂၇။ Gosh, J.M. Magh Raiclers Bengal, Bookland Private Ltd., Calcutta, 1960, P. 10.

၂၈။ ရည်စိန်ဦး၊ မြန်မာတိုင်းရင်းသားများ ရွှေ့ပြောင်းဝင်ရောက်မှုပဏ္ဏာမလေ့လာချက်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ၁၉၈၂-စာ-၂၂။

၂၉။ Histroy of Burma (Phayre) PP. 12-13.

၃၀။ Ancient Arakan P. 320

၃၁။ ပဏ္ဏာမလေ့လာချက် စာ-၁၁။

၃၂။ Ancient Arakan, P. 320.

၃၃။ ခေတ်ဟောင်းမြန်မာရာဇဝင် စာ-၂၅။

၃၄။ Thin Kyi, Dr. Daw; Arakanese Capitals: A Preliminary Survey of Their Geographical Siing, Note 4, JBRS Vol. L III, Part II, Dec 1970, P. 12.

၃၅။ Taylor, L.F. Diatects of Burmese I, JBRS Vol II 1921 PII 1921, PP 89-87.

၃၆။ မောင်ပြုး(သံတွဲ)အမြင်သစ်ရခိုင်နိဒါန်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း အမှတ် (၁၉)ရန်ကုန်၊ ၁၉၉၆၊ စာ-၂၉-

၃၇။ History of Chittagong PP. 31-41.

၃၈။ ရခိုင်ရှေးဟောင်းမြို့တော်များ၊ စာ-၁၈။

၃၉။ History of Burma (Phayre) PP. 298-299.

၄၀။ Collis, M.S., in Collaburation with S.S. Bu; Arakans Place in the Ciulization of the Bay, BRSFAP, No. 2, 1960, P. 486.

၄၁။ (က)Risky, H.H, Tribes and Castes of Bergal Vol I, Calcutta, 1891, P 179

(ခ)Sattar, Abclus, In the Sylvan Shadows, Dacea, 1971, P. 197.

၄၂။ ရခိုင်ရှေးဟောင်းမြို့တော်များ စာ ၁၈။

၄၃။ Hall, D.G.E; A History of South East Asia, Macmillan Co., Ltd. London, ht Edition, 1955, P. 328.

၄၄။ ရခိုင်ရှေးဟောင်းမြို့တော်များ၊ စာ-၄၄

# မောဂ်နှင့် ရှားရှူဂျာ

(အောက်ပါအကြောင်းအရာများသည် ဦးစံရွှေဘု၏ Report of the Honorary Archarological Officer, Arakan (For the year Ending 31st March 1921) မှ ကောက်နုတ် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။)

## ''မောဂ်''ဟူသောအမည်၏ဇစ်မြစ်

မြန်မာနိုင်ငံသမိုင်းစာအုပ် စာမျက်နှာ (၄၇)တွင် ''ဘင်္ဂလားသားများက ရခိုင်လူမျိုးတို့အပေါ် ခေါ်ဝေါ် သုံးစွဲသော မဂ် (Mag) သို့မဟုတ် မေ့ဂျ် (Mage)ဟူသောဝေါဟာရ'' ခေါင်းစဉ်အောက်၌ ဆာအာ သာ ဖယ်ယာက အောက်ပါအတိုင်း တင်ပြထားပါသည်။

''မွန်ဂိုလွိုက်အနွယ်ဝင် ရခိုင်သားတို့သည် ဤအသုံးအနှုန်းကို မသိကြပါ။ ဤအသုံးအနှုံးမှာ ဘင်္ဂလား သားတို့က ရခိုင်သားတို့အား ပေးထားသော အမည်ဝေါဟာရဖြစ်သည်။ စစ်တကောင်းခရိုင်အတွင်း အများအပြား နေထိုင်ကြပြီး မိမိတို့ကိုယ်ကို ''ရာဂျ်ဘန်စီ''ဟုခေါ်သော သူတို့အားလည်း ဘင်္ဂလား သားတို့က ဤအမည်ဖြင့်ပင် ခေါ်ဝေါ်သုံးစွဲကြ ပါသည်။ မိမိတို့သည် ရခိုင်မင်းဆက်တစ်ခုနှင့် လူမျိုးချင်းအတူတူပင် ဖြစ်သောကြောင့် ဤအမည်ကို ခံယူခြင်းဖြစ်သည်ဟု ရာဂျ်ဘန်စီတို့က ဆိုပါသည်။ သူတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြပါသည်။ စစ်တကောင်းဒေသိယစကားကိုသုံးသော ဘင်္ဂါလီဘာသာစကားကို ပြောဆိုကြပါသည်။ ထူးခြား သော မျက်နှာပေါက်ရှိသော်လည်း မွန်ဂိုလီယန်များ မဟုတ်ကြပါ။ ဤစစ်တကောင်းခရိုင်ရှိ ရာဂျ်ဘန်စီ ဦးရေမှာ ၁၈၇၀–၇၁ ခုနှစ် သန်းခေါင်စာရင်းအရ ၁၀၈၂၅ဦးဖြစ်ပါ သည်။ ('ဟန်တား'၏ ဘင်္ဂလား' အတွဲ၃၊ စာ ၅၂၀)။ စစ်တွေခရိုင်တွင် အနည်းအကျဉ်းတွေ့ရှိရပါသည်။ ဤသူတို့သည် သွေးနှောလူမျိုးတစ်စု ဖြစ်ရမည်။ ၁၇– ရာစုအတွင်း ရခိုင်ဘုရင်များ စစ်တကောင်းကို သိမ်းပိုက်အုပ်စိုးကြသောအခါ ဘင်္ဂါလီအမျိုးသမီးများအား မိဖုရားမြှောက်ကြခြင်းဖြင့် ဤသို့ဆင်းသက်ပေါက်ဖွားလာခြင်းဖြစ်မည်ဟု ယခင်က ကျွန်ုပ်ယူဆခဲ့ပါသည်။ နောက်ထပ်လေ့လာဆင်ခြင်ကြည့်လိုက်သောအခါ ယခင်ကနှင့် ကွဲပြားခြားနားသော နိဂုံးချုပ်ချက်တစ်ခုကို ရရှိလာ ခဲ့ပါသည်။ သီးခြားကိုယ်ပိုင်ဟန်ရှိသော ရာဂျ်ဘန်စီတို့သည် မာဂဒါမှ ရခိုင်ပြည်တွင်းသို့ ပြောင်းရွှေ့ဝင်ရောက် လာသူများထံမှ ဆင်းသက်လာသူများဖြစ်ပေမည်။ ဘင်္ဂါလီများက ခေါ်ဝေါ်သော အမည်မှာလည်း သူတို့ ဆင်းသက်လာသော လူမျိုး၊ သူတို့ထွက်ခွာ လာခဲ့သည့်တိုင်းပြည်ကို အစွဲပြု၍ မှည့်ခေါ်ခြင်းဖြစ်မည်ဟု ယခု အချိန်တွင် ကျွန်ုပ်ယူဆထားပါသည်။ ရခိုင်ပြည်တွင်း စိုးစံခဲ့သော နိုင်ငံခြားမင်းဆက် တစ်ခုသည် ဘီဟာနယ် တောင်ပိုင်းမှ ဖြစ်သည်မှာ သေချာသလောက် ဖြစ်ပါသည်။ လူမျိုးခြားတို့ မင်းပြုခဲ့သည့်အဖြစ်ကို ယခုခေတ်တွင် သိပ်ပြီး ခံတွင်းမတွေ့ကြစေကာမူ ရခိုင်ရာဇဝင်ဆရာတို့က ဤအချက်မှန်ကန်ကြောင်း ဖော်ထုတ်ပြောဆို ခဲ့ကြပြီး ဖြစ်ပါသည်။

ဘီဟာနယ်တောင်ပိုင်း၌ ယခင်အုပ်စိုးခဲ့သော မင်းများ၌ ''မဂ္ဂါ(Maga)''ဟူသော လူမျိုးအမည် ရှိကြသည် ဆိုခြင်းမှာ မငြင်းနိုင်သော အချက်တစ်ခုပင်ဖြစ်ပါသည်။ ဒေါက်တာဖရန်စစ်ဘူချာနန်၏ သုတေသနာပြုချက်၊ ဒေါက်တာ ဒဗလျူ ဒဗလျူဟန်းတား၏ နောက်ပိုင်း လေ့လာတွေ့ရှိချက်တို့က ယခုခေတ် ပတ္တနာခရိုင် အတွင်းရှိ

ရာဇပြိုဟ်တွင် မဂဒါမင်းများ အုပ်စိုးခဲ့ကြကြောင်း ပြသထားပါသည်။ ဤမင်းများသည် ဗုဒ္ဓဘာသာ ဝင်များ ဖြစ်ကြပါသည်။ ဤလူမျိုးထဲမှ မင်းဆက် တစ်ခု ရခိုင်ပြည်ကို အုပ်စိုးခဲ့သည်ဟူသော အဆိုမှန်ကန်ကြောင်း မှတ်ယူနိုင်ပါသည်။ ဤမျိုးနွယ်စု အကြွင်းအကျန်တို့က နောက်ပိုင်းကာလများတွင် ရာဂျဘန်စီဟူ သော အမည်ကို ခံယူခဲ့ကြသည့် ရည်ရွယ်ချက်မှာ သူတို့သည် ရခိုင်မင်းများနှင့် မျိုးနွယ်တစ်စုတည်းဖြစ်သည့်အနေဖြင့် သူတို့၏ အရေးပါမှုကို ခိုင်မာစေလိုခြင်းပင်ဖြစ်ပါသည်။ ဤဝေါဟာရကို ရန်ဂပူခရိုင် နေ'ချန္ဒလာ(စန္ဒာလ)'များနှင့် အခြား သော ဇာတ်နိမ့်တို့ကလည်း ခံယူသုံးစွဲဖူးကြပါသည်။ ယခုဆွေးနွေးနေသော လူမျိုးထဲတွင် သူတို့လည်း ပါဝင်သည် ဟူ၍ ခိုင်ခိုင်မာမာမတင်ပြ နိုင်ပါ။ မွန်ဂိုလွိုက် အနွယ်ဖြစ်သော ရခိုင်ပြည်သူလူထု တစ်ရပ်လုံးကို ''မဂ္ဂါ''ဟူသော အမည်ဖြင့် ခေါ်ဝေါ်နိုင်သည်ဆိုခြင်းမှာ မျိုးနွယ်ဗေဒအမှားတစ်ရပ် ဖြစ်ပါသည်။ ဤအမှားသည် ဥရောပသား စာရေးသူများအကြား အရှုပ်အထွေး ဖြစ်ပေါ်စေခဲ့ပါသည်။ သို့ရာတွင် ရခိုင်ပြည်နှင့် စစ်တကောင်း ခရိုင်တို့တွင် ယနေ့အထိရှိနေကြဆဲဖြစ်ပြီး ဘီဟာနယ်မှ ရွှေ့ပြောင်းနေထိုင်လာကြသည့် 'မဂ္ဂါ'ခေါ် အာရိယန်မျိုးနွယ်မှ ဆင်း သက်လာသူများဖြစ်သည်ဟူသော အမှန်တရားကမူ ဤအမှားကြောင့် မှေးမှိန်ပျောက်ကွယ်သွားခြင်း မရှိပါ။''

အထက်ပါအကြောင်းအရာတို့သည် လက်ခံယုံကြည်နိုင်လောက်သော ဆွေးနွေးတင်ပြချက်များ ဖြစ်ဟန် မရှိသော်လည်း ၁၈၈၃-ခုနှစ် ကတည်းကပင် မည်သူကမျှ တုံ့ပြန်ဆွေးနွေးမှု မပြုလုပ်ခဲ့ကြပါ။

အထက်ဖော်ပြပါ စာတမ်းကို ပုံနှိပ်ထုတ်ဝေသည့် ၁၈၈၃-ခုနှစ်မှစ၍ ယနေ့ထက်တိုင် ဤစာတမ်းပါ အချက်အလက်တို့သည် ပြန်လည်ဝေဖန်ဆွေးနွေးမည့်သူမရှိဘဲ ရပ်တည်နေနိုင်ခဲ့ပါသည်။ နောက်ပိုင်းသုတေသန ပြုချက်များ၊ လေ့လာစုံစမ်းချက်များမှာ ရရှိလာသော အချက်အလက်များက စာတမ်းပါအကြောင်း အရာ အားလုံးကို ငြင်းဆိုပယ်ချလိုက်ပါသည်။

''မောဂ်''သို့မဟုတ် ''မဂ္ဂါ''ဟူသော ဝေါဟာရသည် ဖယ်ယာပြောသကဲ့သို့ တောင်ပိုင်းဘီဟာနယ်မှ လာသည် ဟု ယူဆကြသော မဂ္ဂါလူမျိုးတို့နှင့် တစ်စုံတရာဆက်စပ်မှု မရှိပါ။ ရှီဟာဘု ဒင်တာလစ်ရှ်၏ ခေတ်ပြိုင်ပါရှန် မှတ်တမ်း၊ ဘိုဒလီးယန်လက်ရေး စာမူ၊ စာမျက်နှာ ၅၈၉ တွင် အတိအကျ ဖော်ပြထားသည်မှာ ''မောဂ်''သည် ''မူဟာမိလ်-အီ-ဆဂ်'ဟူသော စကား၏အတိုကောက်ဖြစ်ပြီး ''စက်ဆုပ်ဖွယ်ကောင်းသောခွေး''ဟု အဓိပ္ပါယ် ဆောင်သည်ဟု ဆိုပါသည်။ ဘင်္ဂလားအရှေ့ပိုင်းတွင် နေထိုင်လျက်ရှိပြီး ပင်လယ်ဓားပြလုပ်ငန်းနှင့် အခြားသော ဒုစရိုက် လုပ်ငန်းတို့ဖြင့် ခေတ်ပြိုင်မိုဟာမေဒင် တို့အား အရှက်တကွဲဖြစ်စေ ခဲ့သော၊ ဂုဏ်သိက္ခာချခေါ်ဝေါ်သော ဝေါဟာရဖြစ်ပါသည်။ (မဂို အိန္ဒိယလေ့လာချက် ဆာကား၊ စာ-၁၁၈)။

ဤယူဆချက်ကို ထောက်ခံသည့် အခြေအနေများစွာ ရှိ သဖြင့် အထက်ပါရှင်းလင်းချက်၏ မှန်ကန်မှုကို အနည်းငယ်မျှ သံသယဖြစ်စရာမရှိပါ။ ''မောဂ်''ဟူသော ဝေါဟာရဖြစ်တည်လာအောင် အဓိကလှုံ့ဆော် ပေးသော အရာမှာ စစ်တကောင်း ပင်လယ်ဓားပြများ၏ အရှေ့ဘင်္ဂလားမြစ်ဝကျွန်းပေါ်ဒေသတစ်ခွင် လုပ်ရှား မှုများ ဖြစ်ပါလိမ့်မည်။ ထိုခေတ် မိုဟာမေဒင် စာရေးဆရာများသည် ပင်လယ်ဓားပြတို့ ကျူးလွန်သော ဒုစရိုက်လုပ်ငန်း များကို ဖတ်ချင့်စဖွယ်လည်းဖြစ်၊ ယုံကြည်အားထား၍လည်း ရနိုင်လောက်အောင် စာပေဖြင့် မှတ်တမ်းတင် ထားခဲ့ကြပါသည်။

ဤပင်လယ်ဓားပြတို့ (ပေါ်တူဂီနှင့် ရခိုင်လူမျိုးများ) ၏ဖျက်ဆီးမှုများ မည်မျှအကွက်စိပ်သလဲဆိုလျှင်

စစ်တကောင်းမှသည် ဒက္ကာအထိ  မြစ်ကမ်းဝဲယာရှိ တစ်အိမ်မှမလွတ်ဟု ဆိုပါသည်။ ဓားပြတို့သည် ဟိန္ဒူနှင့် မူဆလင်တို့အား ဇာတ်နိမ့်ဇာတ်မြင့်မရွေး၊ ယောက်ျားမိန်းမ မရှောင် သိမ်းကျုံးလျက် လက်ဝါးကိုဖောက်၍ ကြိမ်နှင့် တွဲသီကာ ဖမ်းဆီးယူသွားကြပါသည်။ ပေါ်တူဂီတို့လက်သို့ ရောက်ရှိသွားသူများမှာ ဈေးတင်အရောင်း ခံကြရ ပါသည်။ ရခိုင်တို့ကမူ ဖမ်းမိသူတို့အား ရခိုင်လယ်ယာလုပ်ငန်း၌ ခိုင်းစေရန် ခေါ်ယူသွားကြပါသည်။

နာမည်ကြီး ပင်လယ်ဓားပြ ဒီလားလ်ခန်၏ စွန့်စားခန်းတို့ကို ဆင်းဒဝစ်ကျွန်းတွင် ယနေ့အထိ အမှတ်တရ ရှိနေကြဆဲ၊ သူ့ အကြောင်းကို ပုံပြင်သဖွယ် ပြောဆိုနေကြဆဲ ဖြစ်ပါသည်။ တောပုန်းကြီးရော်ဘင်ဟု ကဲ့သို့ပင် သူသည် ဆင်းရဲသားများအား အကူအညီပေးသည်။ အကာအကွယ်ပေးသည်။ လူချမ်းသာများကိုသာ တိုက်ခိုက် လုယက်သူ ဖြစ်ပါသည်။ (ဘင်္ဂလားရောက် ပေါ်တူဂီသမိုင်း၊ ကမ်းပေါ့စ်၊ စာ–၁၅၇။ ဂျေ–အီး–ဝက်ဘ်စတာ၏ နိုဝါခါလီဂေဇက်တီးယား၊ စာ–၁၉နှင့် ၂ဝလည်းရှု။)(စတီးဝပ်၏ ဘင်္ဂလားသမိုင်း စာ–၁၆၂လည်းရှု။)

အင်္ဂလိပ်ဘုရင်လက်ထက်မှစ၍ ဘင်္ဂလားပင်လယ်ဓားပြလုပ်ငန်းသည် ရှိရိုးရှိစဉ်လုပ်ငန်းတစ်ရပ် ဖြစ်ခဲ့ပါသည်။ အေဒီ ၁၆၆၆ခုနှစ်၊ ဇန္နဝါရီလ၊ ရှားအီစတာခန်လက်ထက်ကျမှ ပင်လယ်ဓားပြလုပ်ငန်း နိဂုံးချုပ် သွားခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ အရှေ့ဘင်္ဂလားသားများအနေဖြင့် မိမိတို့၏ အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ဖျက်ဆီး လုယက်ခဲ့ကြသော ရခိုင်သားတို့အား မုန်းတီးခြင်းမှာ လျော်ကန်သင့်မြတ်သည်ဟု မှတ်ယူနိုင်ပါသည်။ ရခိုင်သား တို့အား ''မောဂ်''ဟူ၍ ခေါ်ဝေါ်ကြခြင်း မှာလည်း သူတို့၏ အခဲမကျေနိုင်သော ရန်သူများအပေါ် ထားရှိသည့် ပြင်းပြသော အမုန်းတရားကို ဖော်ပြချက် သက်သက်သာ ဖြစ်ပါသည်။

## ရခိုင်ရောက်ရှားရှုဂျာ

မဂိုထီးနန်း ဆက်ခံရေး သွေးချောင်းစီးစစ်ပွဲများတွင် ရှားရှုဂျာပါဝင် ပတ်သက်မှု၊ နောက်ပိုင်းတွင် သူနှင့် သူ့မိသားစု အတွက် ဖန်တီးလာသည့် ကံကြမ္မာ စသည့် အစောဆုံး ပြန်ပြောင်း ပြောပြချက်များကို ဘာနီယာ၏ ''မဂိုအင်ပါယာတစ်ခွင် ခရီးစဉ်''စာအုပ်တွင် တွေ့ရပါသည်။ စာအုပ်ပြုစုသူသည် ဤစိတ်လှုပ်ရှားဖွယ် အဖြစ် အပျက်များ ပေါ်ပေါက်နေခဲ့သောအချိန် အိန္ဒိယပြည်တွင် အမှန်တကယ် ရောက်ရှိနေခဲ့ပါသည်။ တမူထူးခြား သော သူ၏စွမ်းဆောင်ချက်ကြောင့် ဦးဦးဖျားဖျား သတင်းများ ရရှိခဲ့သော်လည်း သူ၏ရေးသားချက်များသည် ရာနှုန်းပြည့်ခိုင်လုံမှု မရှိဟု သူကဆိုပါသည်။ အကြောင်းမှာ မင်းသား၏ကံကြမ္မာနှင့်ပတ်သက်၍ မျက်မြင် ကိုယ်တွေ့ကြုံခဲ့ရသူတို့၏ တစ်ခုနှင့်တစ်ခု လုံးဝကွဲပြားခြားနားသော ပြောပြချက်တို့ကို သူကြားခဲ့ရသောကြောင့် ဖြစ်ပါသည်။ ရရှိသမျှ သတင်းအချက်အလက်များထဲမှ အသေအချာ ဂရုတစိုက် စစ်ထုတ်ယူလိုက်သောအခါ မှန်ကန်သော နိဂုံးချုပ်ချက်ကို သူရရှိလာပါသည်။ မင်းသားသည် သူ၏ဆွေတော်မျိုးတော်၊ နောက်လိုက် နောက်ပါ များနှင့်အတူ ရခိုင်ပြည်သို့ သွားရောက်ခိုလှုံခဲ့ပြီး ဘုရင်စန္ဒသုဓမ္မရာဇာက သူ့အားဖော်ရွေ ပျူငှာစွာ လက်ခံကြိုဆိုခဲ့သည် ဆိုသောအချက်ဖြစ်ပါသည်။ ရခိုင်တို့က ''ချန်းဘီဘီ'' ဟု ခေါ်ကြသော သူ၏အကြီးဆုံး သမီးတော်ကို ဘုရင်ကြီးနှင့် လက်ဆက်စေခဲ့ပါသည်။ အချိန်အတန်ကြာပြီးနောက် မအောင်မြင်သော ပုန်ကန်မှု တစ်ခုတွင် ပါဝင်ပတ်သက်ခဲ့မှုကြောင့် ရှုဂျာသည် တောင်တန်းများဆီသို့ ထွက်ပြေးခဲ့ရပါသည်။ သို့သော် ချက်ချင်း ပင် ပြန်အဖမ်းခံရပြီး သေဒဏ်စီရင်ခံရပါသည်။ သားနှစ်ယောက်တို့အားလည်း ခေါင်းဖြတ်ကွပ်မျက်ပစ်လိုက်ပါ

သည်။ ဆွေမျိုးများထဲမှ အမျိုးသမီးတို့မှာ အခန်း တစ်ခန်းထဲတွင် ပိတ်လှောင်ထားခံရပြီး အစာငတ်ရေငတ်ဖြင့် သေဆုံးသွားကြရပါသည်။ ဤသည်တို့မှာ ဘာနီယာ၏ခိုင်ခံ့သော တင်ပြချက်ဖြစ်ပါသည်။ သို့သော် တစ်ချိန်တည်း မှာပင် သူကြားသိခဲ့ရသောဇာတ်လမ်း ထောင်ပေါင်း များစွာထဲမှ အသေးစိပ်အချက်အလက်များကိုလည်း မမေ့ မလျော့ ထည့်သွင်းဖြည့်စွက် ပြောပြထားပါသည်။

ဥရောပသား စာရေးဆရာများသည် အရှေ့တိုင်းမှ ဘုရင်များအား အာဏာရှင်ဆန်သည်၊ ရက်စက် ကြမ်းကြုတ်သည်။ ရိုင်းစိုင်းသည် စသည်ဖြင့် အစဉ်အမြဲ ထင်မြင်လေ့ရှိကြပါသည်။ ထိုစာရေးဆရာ များ၏အယူ အဆနှင့် ကိုက်ညီစေရန်အတွက် ဖယ်ယာသည် မူလဇာတ်လမ်းတွင် သူ၏တီထွင်ဖန်တီးချက်များကိုပါ ပေါင်းထည့် ပေးထားကြောင်း ထင်ရှားပါသည်။ ဖယ်ယာသည် ဇာတ်လမ်းကို ဤသို့ဖွဲ့ပါသည်။ မင်းသားရှုဂျာ မက္ကာသို့ သွားရောက်လိုသောဆန္ဒရှိ (ဤအချက်ကို သူဘယ်ကရလာမှန်း ကျွန်ုပ်မပြောတတ်ပါ) ဘုရင်ကငြင်းပယ်–ရှုဂျာ၏ သမီးတော်တစ်ပါးကို ဆက်သရန်တောင်း–သမီးတော်အား မိန်းမဆောင်သို့ အတင်းခေါ်သွင်း –သောက ဖိစီးလျက် သမီးတော်သေ–ကျန်ညီမတော်နှစ်ဦးတို့ မိမိ ကိုယ်ကိုသတ်သေ။ အားလုံးသည် အရှေ့တိုင်းဘုရင်တို့၏ မတရား အုပ်ချုပ်မှု၊ ရက်စက်ယုတ်မာမှုတို့ကို သာသာထိုးထိုးပြသလိုသဖြင့် တကယ်ဖြစ်ခဲ့လေဟန် မျက်နှာ ပြောင်တိုက်၍ ရေးသားထားမှုများသာဖြစ်ပါသည်။

ရခိုင်ဘုရင်၏ ရက်စက်သောအပြုအမူဆိုသည်ကို ဘာနီယာနှင့်ဖယ်ယာတို့က တစ်နည်းတစ်ဖုံစီ ကျိုးကြောင်း ဆက်စပ်ရေးသားတင်ပြခဲ့ကြသော်လည်း စဖီးယားမင်းကမူ ဘုရင်၏ယုတ်မာမှုများ ပိုမိုထင်ရှားလာစေရန်အတွက် ယင်းကိစ္စကို ချန်လှပ်ထားခဲ့သင့်သည်ဟု ယူဆပါသည်။ သမီးတော်အား ဘုရင်စန္ဒ သုဓမ္မရာဇာနှင့် လက်ထပ် ပေးရန် ငြင်းဆန်သဖြင့် ရှုဂျာအား ရခိုင် ပြည်မှ ထွက်ခွာသွားရန် အမိန့်ထုတ်ပါသည်။ ပြင်ဆင်မှုများ မပြီး စီးသေးမီမှာပင် ရှုဂျာအား ဖမ်းဆီးပြီး ရေနှစ်သတ်ပစ်လိုက်ပါသည်။ ''အမျိုးသမီးများအား မြို့တော်သို့ ခေါ်ယူသွားသည်။ ဘုရင်၏ရမ္မက်စိတ်ကို ကြောက်ရွံ့ထိတ်လန့်သွားသော သမီးတော်သည် ဘုရင့် ရှေ့တော် မှောက်၌ပင် မိမိကိုယ်ကို ဓားဖြင့်ထိုး၍ အဆုံးစီရင်သွားသည်။ ကျန်သမီးတော်နှစ်ဦးတို့ အဆိပ်သောက်၍ သတ်သေသွားကြသည်။ အငယ်ဆုံးသမီးတော်ကို ဘုရင်က အဓမ္မသိမ်းပိုက် လိုက်သည်။ သို့သော် မကြာမီမှာပင် သေဆုံးသွားခဲ့သည်။''

ဤပုဂ္ဂိုလ်သုံးဦးတို့၏ တင်ပြချက်သုံးခုအနက် ဘာနီယာ၏ ချဉ်းကပ်မှုမှာ အမှန်နှင့် အနီးစပ်ဆုံးဖြစ်ပါသည်။ ယုတ်စွအဆုံး ဤအကြောင်းနှင့် ပတ်သက်၍ အားလုံးတိုက်ဆိုင်ညီညွတ်ကြသော ရခိုင်သမိုင်း ပညာရှင်များ၏ တင်ပြချက်နှင့် အနီးစပ်ဆုံးဖြစ်ပါသည်။ ရခိုင်သမိုင်းပညာရှင်များ ပြောပြသောဇာတ်လမ်းမှာ ဤသို့ဖြစ်ပါ သည်။

''၁၆၆၀–ခုနှစ်၊ စက်တင်ဘာလ၏တစ်ခုသော နေ့ရက်တွင် ရှားရှုဂျာသည် ဆွေတော်မျိုးတော် နောက်လိုက် နောက်ပါများနှင့်တကွ ရခိုင်ပြည်မြို့တော်မြောက်ဦး (ယခုမြို့ဟောင်းမြို့) သို့ ထိုစဉ်က ရခိုင်ဘုရင် သီရိသုဓမ္မရာဇာ ၏လက်အောက်ခံများဖြစ်သော ပေါ်တူဂီလူမျိုးတို့၏ သင်္ဘောတစ်စီးဖြင့် ဆိုက်ရောက်လာခဲ့လေသည်။ ဒုက္ခရောက်လာသောသူတို့အား ကောင်းစွာကြိုဆို ဧည့်ခံလျက် မင်းညီမင်းသားတို့ရအပ်သော အဆောင် အယောင်တို့ဖြင့် ချီးမြှင့်မြှောက်စားလေ၏။ ရှုဂျာသည် မိမိခံစားနေသော အခြေအနေဆိုးကို လျှောက်ထားလျက် ဘုရင်မင်းမြတ်ထံ စစ်ပန်လေသည်။ မင်းကြီးသည် ရှုဂျာအား သနားကရုဏာ ရှိတော်မူ သဖြင့် ရေတပ်မတော်

အပါအဝင် ကြီးမားသော စစ်အင်အားကို ဘင်္ဂလားသို့ ချီတက်စေလေသည်။ ရှုဂျာသည် ဘုရင်မင်းမြတ်နှင့် မိမိတို့နှစ်ဦးကြားရှိ အဆွေခင်ပွန်းအဖြစ်ကို ပိုမိုခိုင်မာစေလိုရကား အကြီးဆုံးသမီးတော်အား ဆက်သလေသည်။ မင်းကြီးသည် မင်္ဂလာပွဲသဘင်ကို တေးကဗျာ အဲအန်သာခြင်းများ သီဆိုတီးမှုတ် စေလျက် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော်မူလေ သည်။ ဤတေးကဗျာ ဂီတတို့သည်ကား ယနေ့ခေတ် ရခိုင်အနု စာပေနယ်တွင် အကောင်းမွန်ဆုံးသော စံနမူနာအဖြစ် ရပ်တည် လျက် ရှိလေ၏။

ဘင်္ဂလားပြည်ဘက်သို့ ကြည့်ကြဦးစို့။ ရခိုင်စစ်တပ်သည် ညတိုက်ပွဲတစ်ခု၌ အငိုက်မိသွားလေသဖြင့် မားဂျမ္ဗလာ ဦးစီးသောတပ်တို့၏ နှိမ်နင်းတိုက်ခိုက်မှုတို့ ခံရလေသည်။ ရခိုင်စစ်သေနာ ပတိနှင့် စစ်သည်ရာပေါင်း များစွာ ကျဆုံးသွားရလေသည်။ ကြွင်းကျန်သော စစ်သည်တို့သည် စစ်ရှုံးသတင်းကို ဆောင်ကြဉ်းလျက် ပြန်ခဲ့ကြလေ၏။ မဂိုထီးနန်းကို ပြန်ရရေးမျှော်လင့်ချက်မှာ ဆုံးခန်းတိုင်ခဲ့ရလေပြီ။ ရှုဂျာအား ကြီးစွာသော ဝမ်းနည်းအားငယ်မှုသည် ဖိစီးနှိပ်စက်၏။ အရေးနိမ့်ရခြင်း၊ ကျဆုံးပျက်စီးရခြင်းနှင့် ကြုံတွေ့ ရသည့်အခိုက် အတုံ့တွင် တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ဝံ့သည့် နောင် တော်ဒါရာ၏ကြံ့ခိုင်မှုမျိုး ရှုဂျာ၌မရှိချေတကား။ သို့ဖြစ်လေရာ မိမိ၏ကျေးဇူးရှင် ရခိုင်ဘုရင်ကိုသာ နန်းမှချလျက် ရခိုင်ထီးနန်းကို သိမ်းပိုက်အုပ်စိုးတော့အံ့ဟု ပက်စက်သော အကြံကို ကြံမိလေ၏။ ထိုအချိန်က ရခိုင်ပြည်တွင် မိုဟာမေဒင်များစွာတို့ အခြေစိုက် နေထိုင်လျက်ရှိလေသည်။ ရှုဂျာသည် ထိုသူတို့အား မိမိ၏အကြံယုတ်အတွက် စည်းရုံးသိမ်းသွင်းနိုင်ခဲ့၏။ အထွေထွေပုန်ကန်မှု ကြီးပြုလုပ်ရန် အတွက် ပြင်ဆင်မှုတို့ကို အလျင်အမြန်စီမံ လုပ်ကိုင်ကြသည်။ သို့သော် ၁၆၆၁–ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘုရင့်ရှေ့နားတော် ပေါက်ကြားသွားခဲ့လေရာ ရှုဂျာနှင့်အပေါင်းပါတို့သည် ရခိုင်ပြည်မြောက်ပိုင်းရှိ တောင်တန်းများရှိရာသို့ တိမ်းရှောင် ထွက်ပြေးသွားခဲ့ရလေသည်။

ရှုဂျာ၏ကျေးဇူးသစ္စာဖောက်ဖျက်သော ရောမအကြံ ပက်စက်မှုကြီးကို ကြားသိတော်မူသော ဘုရင်စန္ဒသုဓမ္မရာဇာမှာ အကြီးအကျယ်အံ့သြထိတ်လန့်ခြင်း ဖြစ်ရလေသည်။ မင်းကြီးသည် ခဏတာမျှ စိတ်လက်မသက်မသာဖြစ်တော်မူ၏။ သို့သော် ခံစားချက်ကို ရင်တွင်း၌ သိုဝှက်တော်မူလျက် ရှုဂျာ၊ သားတော်များနှင့် ရှုဂျာ၏အရေးပါသော အရာရှိကြီးတို့အား ခဏချင်းကွပ်မျက်စေရန် မိန့်တော်မူလေသည်။ မင်းကြီး၏အမိန့်ကို အမတ်ပညာရှိတို့၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လေသည်။ တရားခံတို့အား အသက်ချမ်းသာခွင့်ပေးလိုက်သည်ရှိသော် တိုင်းပြည်နစ်နာဘွယ်ရာရှိသည်ဟု အမတ်ပညာရှိတို့ သဘောရကြသည်။ မင်းကြီးသည် ရှုဂျာ၏မယားနှင့်သမီးနှစ်ဦးတို့အား ချမ်းသာ ပေးပြီး မိမိ–မိဖုရားမြှောက်ထားသော မင်းသမီးနှင့် အတူနေထိုင်စေလေသည်။ ရှုဂျာ၏နောက်လိုက်နောက်ပါ အကြွင်းအကျန်တို့ ကိုမူကား ကျေးကျွန်တို့ဟူသည်မှာ သခင်၏အမိန့်ကို နာခံရမြဲဖြစ်ပေသည်ဟု မြင့်မြတ်သောနှလုံးဖြင့် ခွင့်လွှတ်တော်မူလေသည်။ နောင်တွင် ဤကျေးကျွန်တို့ကိုစုစည်းလျက် လေးသည်တော်အစုအဖြစ် ဖွဲ့စည်းလေသည်။ ထိုသူတို့ကား ''ကမံ''ဟူ၍ ရခိုင် လူမျိုးတို့အစဉ်အဆက်ခေါ်ဝေါ်ကြလေ၏။ လေးသည်တော်တို့၏ တာဝန်မှာ နန်းတော်ကို စောင့်ကြပ်ကြည့်ရှုရန် မင်းကြီးထွက်တော် မူသောအခါ ကိုယ်ရံတော် သက်တော်စောင့်အဖြစ် လိုက်ပါရန်တို့ ဖြစ်လေသည်။

ဤသို့ဖြစ်ပျက်ပြီး၍ နှစ်နှစ်ခန့်ကြာမြင့်သည်အထိ ရခိုင်ပြည် သည် ရေမလှုပ်၊ ကြာမစုတ် အေးချမ်းငြိမ်သက်

စွာ ရှိနေခဲ့လေသည်။ အေဒီ ၁၆၆၃–တွင် ရှားရှုဂျာ၏ နောက်လိုက်များ ဆူပူ ထကြွကြပြန်ပါသည်။ တိုင်းပြည်ကို သိမ်းပိုက်လို၍လော၊ ကွပ်မျက်ခံသခင်အတွက် လက်စားချေလို၍လောမသိ၊ တစ်ခု သော ညအချိန်၌ နန်းတော်ကို မီးတင်ရှို့လိုက်ကြလေသည်။ ဘုရင် မင်းမြတ်နှင့် ဆွေတော်မျိုးတော် တစ်သိုက်မှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရလေသည်။ ဤကဲ့သို့သော သစ္စာဖောက်ဖျက်မှုကြီးကြောင့် အိန္ဒိယမင်းသားနှင့် ဆက်စပ်ယှက် နွယ်နေသော သူအားလုံးတို့အပေါ်ရှိ မင်းကြီး၏ယုံကြည်မှု အကြွင်းအကျန်ကလေးမှာ တစ်စမကျန် ပျောက်ကွယ် သွားခဲ့ရလေသည်။ မင်းကြီးသည် မိမိရင်တွင်း၌ တရားသဖြင့် ဖြစ်တည်လာသော ဒေါသအမျက်ကို အသင့်အတင့် နှလုံးသွင်းလျက် ပထမဦးစွာ မဂိုလေးသည်တော်တို့အား ဖမ်းဆီးကွပ်မက်စေလေသည်။ တဖန် ရှားရှုဂျာ၏ မယားနှင့် သမီးတော်တို့အား ကွပ်မျက်လေသည်။ ကိုယ်ဝန်အရင့်အမာရှိနေပြီဖြစ်သော မိမိ၏မိဖုရားကိုသော်မှ ခြွင်းချန် မထားခဲ့တော့ပေ။

မင်းကြီး၏ပြုတ်သားရက်စက်လှသော ပြစ်ဒဏ်ချမှတ်မှုကို တရားမျှတခြင်းမရှိ၊ လျော်ကန်သင့်မြတ်မှုမရှိဟူ၍ သတ်မှတ်ယူဆ မည်ဆိုပါလျှင် သစ္စာတရားကို စောင့်သိရိုသေတတ်သော၊ ဖြူစင်ရိုး သားသော လူ့အဖွဲ့အစည်း တစ်ခုအတွင်း၌ ကျေးဇူးရှင်ကို ကျေးစွပ်တတ်သူတို့အားနေထိုင်ရှင်သန်ခွင့်ပြုလိုက်ကြရုံသာ ရှိပါတော့သည်။

ဘုရင်စန္ဒသုဓမ္မရာဇာသည် မြောက်ဦးမင်းဆက်များအနက် ဥာဏ်အမြော်အမြင်အပြည့်စုံဆုံး မင်းတစ်ပါး ဖြစ်ပါသည်။ ဤမင်း သည် (၃၂)နှစ်တိုင် နန်းသက်အရှည်ဆုံး အုပ်စိုးနိုင်ခဲ့ပါသည်။ ဤ မင်းလက်ထက်တွင် တိုင်းပြည်သည် အချမ်းသာအကြွယ်ဝဆုံး ဖြစ်ခဲ့ပါသည်။ မင်းကြီးသည် နိုင်ငံခြားသာသနာပြုအဖွဲ့များကိုလည်း အားပေးခွင့်ပြုခဲ့ပါသည်။ ဤမင်းသည် ဘုရင်ရှားဂျဟန်ကဲ့သို့ပင် တည်ဆောက်ရေး သမားကြီးတစ်ဦးဖြစ်ပြီး၊ အလှပအခံ့ညားဆုံးသော ဘာသာရေးအဆောက်အဦးကြီးတချို့ကို တည်ဆောက် လှူဒါန်းခဲ့သူဖြစ်ပါသည်။ ဤမင်း၏ အကျင့်စရိုက်ကို အကဲဖြတ်ရာတွင် ယနေ့ခေတ်၏စံများနှင့် တင်းတင်းကြပ်ကြပ် တိုင်းတာချိန်ထိုး ကြည့်ခြင်းသည် မှန်ကန်မျှတလိမ့်မည် မဟုတ်ပါ။ ဤမင်းနှင့် ခေတ်ပြိုင်အရှေ့အနောက်တစ်ခွင် စိုးစံလျက် ရှိကြသည့် အခြားသော မင်းတို့ပြုမြဲထုံးစံ၊ အလေ့အလာတို့နှင့်နှိုင်းယှဉ်အကဲဖြတ်မှသာ သင့်လျော် မှန်ကန်သော အဖြေကို ရှိလာနိုင်လိမ့်မည်ဖြစ်ပါသည်။

**ဘာသာပြန်ဆိုသူ**

**ဝေသာ**

မာတိကာ


| | | |
|---|---|---|
| ၁။ | ဦးရာဇ်တော်ဓါတ်စေတီတော် | ဦးဦးသာထွန်(ရခိုင်မြန်မာပဏ္ဍိတ်) |
| ၂။ | ရခိုင်ပြည်ရောက်ယိုးဒယားသီချင်း | မောင်ကျော်ဇံ(မင်းပြား) |
| ၃။ | ကိုလိုနီခေတ်ဦး လွတ်လပ်ရေးလှုပ်ရှားမှု | စိန်သာလှ |
| ၄။ | ဦးရာဇ်မြေမှ ကွယ်ပျောက်နေသောကျောက်စာ | ဆရာချစ် (စစ်တွေ) |
| ၅။ | ကျမ်းသစ္စာကျိန်ဆိုမှုဓလေ့နှင့် ကျမ်းသစ္စာကျိန်ဆိုမြဲကျမ်းစာ | မဟာပညာကျော် |
| ၆။ | ဦးရာဇ်တော်မြတ်စေတီအား နိုင်ငံခြားသုတေသီတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း | အောင်သူရကျော်(ရခိုင်) |
| ၇။ | တန်ခိုးဆရာထွန်း၏ ဦးရာဇ်တော်ဘုရားပူဇာ | မင်းရွှေ(ပုဏ္ဏားကျွန်း) |
| ၈။ | မင်းဟရိ၏ဘိသိက်ဒင်္ဂါး | ကိုသာခိုင် (ဝေသာလီ) |
| ၉။ | အကျိုးမျှော်ကိုး ဗျဉ်းအင်းရှိခိုး | နတ်မြစ်-ဝါသဝ |
| ၁၀။ | သိပ္ပလိနှင့် ဘုမ္မိဒေဝ နတ်သျှစ်သောင်းတို့ အမွန်ပူဇော်ရာ စကြာပုထိုး | ရွှေသာခိုင် |
| ၁၁။ | ဆရာထွန်း၏ဆုံးမစာ | နတ်မြစ် စန်းအောင် |
| ၁၂။ | ရခိုင်ရွှေခွက်အုပ် အဟော | မဟာပညာကျော်(ရခိုင်မြို့) |
| ၁၃။ | ဦးရာဇ်တော်စေတီ၏ အတိတ်မှပုံရိပ်များ | ဒေါက်တာစောထွန်းအောင် |
| ၁၄။ | သံတွဲမြို့ အံတော်စေတီမှ စန္ဒြသူရိယမိဖုရားကျောက်စာ | အရှင်ကောသလ္လ(ဂဝေသီ) |
| ၁၅။ | မြောက်ဦးခေတ် ပညာရှိကြီး သိုက်တတ်ငလက်ရုံး၏ လျှောက်တင်ချက်များ(အခန်း၁) | ဆရာချစ် |
| ၁၆။ | ရခိုင်ဝါးတောနှင့် အလားအလာ | ရွှေဇံ |
| ၁၇။ | မြောက်ဦးမြို့ရှိ ရှေးဟောင်းတံခါးများ | စောမင်းနွယ်(မြောက်ဦး) |
| ၁၈။ | လေးမြို့ခေတ် ထီးတည်နန်းတည်မြို့တော်များ | ပဏ္ဍိတ် ဦးဦးသာထွန်း |
| ၁၉။ | လေးမြို့ခေတ်ပုံရိပ်ကို ပိုမိုပီပြင်လာစေချင်သည် | အောင်လှသိန်း |
| ၂၀။ | ရခိုင်အိုးစည် | အနောက်သား (စစ်တွေ) |
| ၂၁။ | မြောက်ဦးခေတ် ပညာရှိကြီး သိုက်တတ်ငလက်ရုံး၏ လျှောက်တင်ချက်များ(အခန်း ၂) | ဆရာချစ် |
| ၂၂။ | နရအဘယရာဇာ၏ နှစ် ၂၀၀၀ ပက္ခဒိန် | ညောဝတီနီမင်း |
| ၂၃။ | ကျောက်ဖြူမြို့မှ ဝေသာလီခေတ် ကျောက်စာတစ်ချပ် | ကျော်မင်းထင် |
| ၂၄။ | ရှာရှူဂျာ၏ရခိုင်ပြည်ခရီး | မောင်ပြုံး(သံတွဲ) |
| ၂၅။ | ရခိုင်ကဗျာများက ဖော်ညွှန်းပြသော မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုများ | စောမင်းနွယ်(မြောက်ဦး) |

| | | |
|---|---|---|
| ၂၆။ | ရခိုင်ဝေသာလီသားတို့၏ သင်္ဂါယနာကို ဆန်းစစ်ချက် | စောမင်းနွယ်(မြောက်ဦး) |
| ၂၇။ | ကျွန်ုပ်နှင့် စာပေနိဒါန်း | အသျှင်စက္ကိန္ဒ |
| ၂၈။ | ကိုးသောင်းပုထိုးတော်ကြီးနှင့်ပတ်သက်၍ | တက်ထွန်းနီ (မြောက်ဦး) |
| ၂၉။ | ဝေသာလီအကုန် လေးမြို့အကူး သမိုင်းဖြစ်ရပ်များ | နီမင်းသျှင် |
| ၃၀။ | ရခိုင်ရာမာယဏအခြေခံ | မောင်ပြုံး (သံတွဲ) |
| ၃၁။ | စောမင်းနွယ်သို့ပြန်ကြားချက် | မောင်ပြုံး(သံတွဲ) |
| ၃၂။ | ဥဿဘ | ကျော်ထွန်းအောင် |
| ၃၃။ | ရခိုင်ဆင်ယင်ထုံးဖွဲ့မှု ဇာတိဝံသ | နတ်မြစ်စန်းအောင် |
| ၃၄။ | ရှေးဦးရခိုင်လူမျိုးများ ဖြစ်စဉ် | ဇော်ထွီး |
| ၃၅။ | မောဂ်နှင့် ရှားရှုဂျာ | ဝေသာ |